www.burmeseclassic.com


# ဂျူး

# ချစ်သူလာ
# စကားတစ်ပွင့် ပွင့်ခဲ့တယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



I Shall pass through this life but once
Any good, therefore, that I can do
Or any kindness I can show to any
fellow creature,
Let me do it now.
Let me not defer or neglect it.
For I shall not pass this way again.

(Etienne de grellet)

သည်ဘဝကို တစ်ကြိမ်သာ ငါ ဖြတ်သန်းရပေမည်။
ဒါကြောင့် ငါနဲ့ ဘဝတူ လူသတ္တဝါတွေအတွက်
ငါလုပ်နိုင်တဲ့ ကောင်းမှုမှန်သမျှ
ငါပေးနိုင်တဲ့ ကြင်နာယုယမှုမှန်သမျှ ယခုငါလုပ်ပါရစေ။
အချိန်မရွှေ့မိပါစေနဲ့၊ မျက်ကွယ်မပြုမိပါစေနဲ့။
သည်လမ်းကို နောက်တစ်ဖန်
ငါမလျှောက်လှမ်းတော့ပြီ ဖြစ်သောကြောင့်ပင်...။

(အေးတီးယန်း ဒီ ဂရဲလေး)

www.burmeseclassic.com

www.burmeseclassic.com

ဂျူးစာပေ

BURMESE CLASSIC .com

ဂျူးစာပေ စာအုပ်အမှတ် (၂၁)

အမှတ် (၇၅)၊ အခန်း (၉)၊ အထက်ကြည့်မြင်တိုင်လမ်း
ရန်ကုန်မြို့။ ဖုန်း - ၇၀၄၆၅၆

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ် ၂၀၀၃ ခုနှစ် ဇူလိုင်လ
စာမူခွင့်ပြုချက်အမှတ် - ၅၂၀/၂၀၀၃(၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၁၇/၂၀၀၃(၆)

တန်ဖိုး
၁၂၀၀ ကျပ်

အုပ်ရေ
၁၀၀၀

အဖုံးဒီဇိုင်း
ဝိုဝို

အတွင်းဒီဇိုင်း
ဇော်ဝင်း

အတွင်းဖလင်
ကိုဦး

ထုတ်ဝေသူ
ဒေါ်မိုးကောင်း ချိုတေးသံစာပေ ရွှေနံ့သာကျေးရွာ ပုလဲမြို့(၃)၊ မင်္ဂလာဒုံ

မျက်နှာဖုံးပုံနှိပ်
ဦးတိုးဝင်း နေလရောင်အော့ဖ်ဆက်၊ အမှတ်(၉၆)၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်
ဒေါ်ခင်ခင်ဝင်း ကလျာပုံနှိပ်တိုက်၊ ၁၅၂ ကုန်းရွှေမြင်လမ်း၊ သုဝဏ္ဏမြို့၊ ရန်ကုန်။

စာအုပ်ချုပ်
ကိုမြင့်

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော် တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက်လေးရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်လာရေး
- ပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်လေးရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်လေးရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဂျူး

## ချစ်သူလား . . .
## စကားတစ်ပွင့် ပွင့်ခဲ့တယ်

( လုံးချင်းဝတ္ထု )

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကို ထိုနေရာသို့ရောက်အောင် ဆွဲဆောင်လိုက်သည်မှာ ဖွန်လေ၏ မိုးသက်လေတွင် ထုံအီ မွှေးပျံ့သော ပန်းရနံ့လား။ သို့မဟုတ် နှင်းဆုပ်တွေလို ဆွတ်ဆွတ်ဖြူလျက် ပင်လုံးကျွတ် ခမ်းနားစွာ ပွင့်နေကြသော ပန်းပွင့်တွေ၏ အလှလား။ ကျွန်မ မခွဲခြားနိုင်ခဲ့။ အပင်ခြေရင်းသို့ ကျွန်မရောက်သွားသောအချိန်တွင် ပတ်ဝန်းကျင် တစ်ခုလုံး စံကားဖြူပွင့်များဖြင့် လွှမ်းခြုံလျက်ရှိသည်။

အဖြူရောင်ပွင့်ချပ်ရှည်များ ကားစွင့်လျက် ပွင့်နေသော ပန်းတို့သည် အရွက်မရှိသလောက် နည်းပါးသော ရိုးတံကျဲကျဲ အကိုင်းများတွင် ဆွတ်ဆွတ်ဖြူ ပြန့်ကြဲနေသဖြင့် အလှပဆုံးသော မြင်ကွင်းကို ပေးလေသည်။ စံကားဖြူပွင့်သည် ကမ္ဘာပေါ်တွင် ရနံ့အမွှေးဆုံးပန်းထဲ၌ ပါဝင်၏။

ဂျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေရင်းသို့ ကျွန်မရောက်သွားသော အချိန်သည် မှောင်ရိပ်ပျိုးစ ညနေခင်း ဖြစ်သည်။ မျက်စိတစ်ဆုံး စိမ်းမှောင်သောသစ်ပင်များအပြည့် သစ်တောအုပ်ထဲမှာ ရောက်နေသဖြင့် ကောင်းကင်ကို အပြည့် မမြင်ရသော်လည်း မြင်ရသမျှ ကွက်ကွက်လေးမှာ တိမ်တွေ လီမွှော်ရောင် တောက်နေသည်။ သူ့ခြေရင်းမှာ ရပ်လိုက်သောအချိန်၌ ကျွန်မကို အာရုံလေးခုက ညို့ယူထားလိုက်သည်။ တစ်ခုက နက်ရှိုင်းသောကမ်းပါးဖြင့် ကွေ့ကောက်စွာစီးဆင်းလာသော မြစ်တစ်စင်း၏ရေသံ၊ နောက်တစ်ခုက ထုံရီမွှေးပျံ့လှသည့်ပန်းရနံ့၊ နောက်တစ်ခုက ပင်လုံးကျွတ် ပြန့်ကြဲစွာ ပွင့်နေသည့် အဖြူရောင် ပွင့်ချပ်ရှည် စံကားပွင့်များ၊ နောက်တစ်ခုက ကျွန်မ၏ ပါးပြင်ဆီသို့ နူးညံ့စွာထိတို့ ပွတ်တိုက်သွားသော ဝတ်မှုန်များ။

ကျွန်မ၏ဖိနပ်ကို ချွတ်လိုက်သည်။ ပန်းပွင့်ကြွေများကို ရှောင်လို့ မရတော့လို့ နင်းရတော့မည်ဆိုလျှင် ဖိနပ်မပါ ဗလာခြေဖဝါးဖြင့်သာ နင်းလိုပါသည်။ မိုးဖွဲဖွဲဖြင့် အနည်းငယ်စိုစွတ်အေးမြသော နူးညံ့သော ပွင့်ချပ်များသည် ထိလိုက်သည့် ကျွန်မခြေဖဝါးအား မွှမွှညင်သာ ခံစားမှုကို ပေးလေသည်။ ကျွန်မ သူတို့ကို လက်ဖြင့် ထိကိုင်လို၍ ထိုင်ချလိုက်သည်။

မြို့ကြီးအသံများဖြင့်သာ ရင်းနှီးခဲ့သော ကျွန်မသည် တောတောင်၏ တိတ်ဆိတ်စွာ လှပသည့် ညို့ယူမှုကို ပထမဆုံးအကြိမ် ခံစားရသည်၌ ထိုအရသာကို စွဲမက်သွားလေသည်။

အုံ့ညြစရာကောင်းလောက်အောင်ပင် ကျွန်မ ထိုနေရာမှာ လဲလျောင်းပစ်လိုက်ချင်စိတ်တွေ ဖြစ်ပေါ်လာခဲ့သည်။ ထို့နောက် တကယ်ပင် လှဲအိပ်ချလိုက်သည်။ လူတစ်ယောက်ကို အိပ်ပျော်အောင် အိပ်မွေ့ချသည့် အတတ်ပညာအကြောင်း ကျွန်မ ကြားဖူးပါသည်။





ဒါပေမယ့် ကျွန်မကို အဲသည်နေရာမှာ အိပ်ပျော်အောင် ညို့ယူ ဖမ်းစားလိုက်တာ ဖြူဆွတ်လှပသော စံကားပွင့်တွေလား၊ လေထု တစ်ခုလုံး လွှမ်းခြုံထားသော မွှေးရနံ့လား၊ ကျွန်မ မသိပါ။

ဘုရားရေ... ပန်းပွင့်ကြွေတွေကြဲပြန့်ရာ မြေပြင်မှာ လှဲအိပ် လိုက်ရသည့်အရသာ သည်လောက်သာယာမှန်း အဲသည်တော့မှ ကျွန်မ သိသည်။ ထိုအချိန်မှာ ကျွန်မတစ်ကိုယ်လုံး ပါးလျား ပျော့ပျောင်းသည့် ချည်စတစ်ခုပမာ ပေါ့ပါးလွင့်မျောသွားသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မြင့်မားဖြောင့်တန်းလှသော အရိပ်အခက် စိပ်စိပ် သစ်ပင်များ စိမ်းမှောင်ထူထပ်စွာ ပေါက်ရောက်နေသည့် မြေပေါ်မှာ ကျွန်မ လဲလျောင်းနေချိန်တွင် ကျွန်မသည် ကိုယ်တိုင်၏ ဖြစ်တည်မှုကို မေ့လျော့သွား၏။ ကျွန်မ ဘာကြောင့် ဤနေရာသို့ ရောက်လာရသည်ဟူသော အကြောင်းရင်းကိုမေ့လျော့သွား၏။ ရန်ကုန်မှာ ကျန်ခဲ့သော၊ ကျွန်မ စိတ်တိုရလောက်အောင် အလုပ်ကို လေးစား ဘတ်လွန်းသော သူ့ကို စိတ်ထဲကမျှော်နေမိသည့် အဖြစ်ကိုပါ မေ့လျော့ သွား၏။ ရာနှင့်ချီ၍ စနစ်တကျစိုက်ပျိုးထားသော စံကားပင် အစုအဝေးက ကျွန်မကို မိန်းမောသွားအောင် ညို့ယူထားလိုက်ပြီထင်သည်။

ထိုအချိန်မှာ ပထမဆုံးသောပုံပြင်စခဲ့သည်။

''တစ်ခါတုန်းက ရထားတစ်စင်းဟာ အပူပိုင်းဒေသထဲက တောင်ပေါ်ရွာလေး တစ်ရွာကိုရောက်တော့ စက်ချို့ယွင်းသွားတာနဲ့ ခဏရပ်သွားတယ်။ ရထားရပ်နေတုန်း လူငယ်လေးတစ်ယောက် ရထားပေါ်က ဆင်းလာတယ်''

အသံသည် အသက် သိပ်မကြီးသေးသော ယောကျ်ားငယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏ အသံဖြစ်သည်။ ကျွန်မ အိပ်နေရာ စံကားဖြူပင်၏ နောက်မှ လာသည်။ အသံက တိုးတိုး၊ မွမွညက်ညက်၊ နူးညံ့သိမ်မွေ့သည်၊ စိတ်ရှည်ရှည်ချော့တတ်မည့် အသံမျိုးဖြစ်သည်။ ဘယ်သူပါလိမ့်၊ သစ်ပင်ရိပ်မှာ ခဏနားတဲ့ ခရီးသွားတစ်ယောက်လား။ ကျွန်မ ရှိနေမှန်းသိလို့ ပြောနေတာလား၊ သို့မဟုတ် ကျွန်မရှိမှန်းမသိဘဲ သူ့ဟာသူ ပြောနေတာလား။ ကျွန်မကို ရန်ပြုမည့်သူ တစ်ယောက်တော့ ဟုတ်ဟန်မတူပါ။

''ဆင်းတုန်းကတော့ ထိုင်ရတာညောင်းလို့ အညောင်းပြေလမ်းလျှောက်ဖို့ပဲ။ ဒါပေမဲ့ မြေပြင်ပေါ်ရောက်လို့ ဟိုနားဒီနား လမ်းလျှောက်နေတုန်းမှာပဲ ရထားလမ်းဘေးက ချုံပင်တစ်ပင်မှာ နားနေတဲ့ အဝါရောင် ငှက်လေးတစ်ကောင်ကို မြင်သွားတယ်။ ငှက်လေးက လှလွန်းတော့ သူလည်း အနားကိုကပ်သွားပြီး ကြည့်မိတယ်။ ငှက်ရဲ့ တစ်ကိုယ်လုံးက အမွေးအတောင်တွေက ငုဝါရောင်၊ လည်ပင်းမှာတော့ လည်ပတ်လိုပဲ မီးခိုးရောင်အရစ်လေး တစ်ခုပါတယ်။ သူက အသာလေးချော့ပြီး ကိုင်ဖို့ပြင်တဲ့အခါ ငှက်လေးက ဖျတ်ခနဲတော့ အတောင်ပံခတ်ပျံလိုက်သေးတယ်။ ဒါပေမယ့် အဝေးကို မပျံပြေးဘဲ လှုငယ်လေးနားမှာ ဝဲနေသတဲ့။ ဒီတော့ သူကလည်း လက်ဖဝါးဖြန့်ပေးလိုက်တာပေါ့။ သူဖြစ်စေချင်သလို ငှက်ကလေးက သူ့လက်ဖဝါးပေါ်တော့ မနားဘူး။ ဒါပေမယ့် လက်ဖဝါးထဲကို သူချီထားတဲ့ အစေ့လေးတစ်စေ့ ချပေးလိုက်တယ်။''

ပတ်ဝန်းကျင်တွင် တဖြည်းဖြည်း အလင်းရောင် နည်းလာသည်။ မွှေးရနံ့တွေကတော့ ယစ်မူးရီဝေလောက်အောင် ထုံသင်းဆဲ။ ကျွန်မ အိပ်ပျော်နေလိုသေးသည်။ သည် အရသာမှ လွှဲဖယ်မပစ်ချင်သေးပါ။





''အဲဒီ သစ်စေ့လေးက ပဲစေ့လေးလို ညိုဝါဝါအရောင်မို့ လှုငယ်လေးရဲ့ လက်ဖဝါးပေါ်မှာ အညိုရောင် အမှတ်လေးတစ်ခုလိုပဲ ထင်းနေတယ်။ အဲဒီ သစ်စေ့လေးကို ချပေးပြီးတော့ ငှက်ကလေးက အဝေးကြီးကို ပျံပြေးသွားလိုက်တာ ကောင်းကင်ပြာပြာထဲမှာ အစက်လေးတစ်စက်အဖြစ်တောင် မမြင်ရတော့တဲ့ အထိပဲ။ ကောင်လေးက သစ်စေ့လေးကို ငေးပြီးကြည့်နေမိတာပေါ့။''

ကျွန်မသည် ကြားဖူးသောပုံပြင်တစ်ပုဒ်ထဲမှ တန်ခိုးရှင် ငှက်ကလေးကို သတိရသွားသဖြင့် ပြုံးမိသည်။ အဲသည်ပုံပြင်ထဲမှာတော့ မြင့်မြတ်ကြင်နာသော အဘိုးအိုကို ငှက်ကလေးက ရွှေတွေအပြည့်ပါသည့် ဖရုံသီး သီးလာမည့် ဖရုံစေ့လေးပေးခဲ့သည်။ ကောက်ကျစ်ဉာဏ်များပြီး လောဘကြီးသော အဘိုးအိုကိုတော့ မြွေအကောင်ပေါင်းတစ်သိန်းလောက်ပါသည့် ဖရုံသီး သီးလာမည့် ဖရုံစေ့လေးပေးခဲ့သည်။

''တကယ်တော့ အဲဒီသစ်စေ့လေးက ရိုးရိုးသစ်စေ့လေးပါ။ ဆင်းရဲသူကို ချမ်းသာလာစေဖို့ ရွှေပေးမယ့် အစေ့လည်းမဟုတ်ဘူး။ ဒါပေမယ့် ကောင်လေးရဲ့ ဘဝကိုတော့ လုံးဝ ပြောင်းပေးလိုက်နိုင်တဲ့ သစ်စေ့လေးပါ။ သူက ဒီအစေ့လေးကို လွှတ်ချခဲ့ရမလား၊ ယူသွားရမလား ဝေခွဲရခက်နေတုန်း ရထားကြီးရဲ့ ဥသြမှုတ်သံကို ကြားလိုက်ရတယ်။ ရထားကြီး ထွက်တော့မယ်။ သူ ပထမတော့ ရထားဆီကို ပြေးသွားတော့မလို့ပဲ။ ဒါပေမယ့် သူချက်ချင်းပဲ စိတ်ပြောင်းသွားတယ်။ နေရာမှာရပ်ပြီး သူ ရထားကြီးကို ငေးကြည့်နေလိုက်တယ်။ အဲဒီ ရထားကြီးရဲ့ ခရီးဆုံး တစ်နေရာမှာ သူရှေ့ဆက်ရမယ့် သူ့ဘဝရှိနေတယ်။ အဲဒီမှာ သူလက်ထပ်ရမယ့် ဇနီးလောင်းက သူ့ရထားအခန်းကို စောင့်နေမှာ သေချာတယ်၊ ဒါပေမယ့် သူ အဲဒီမိန်းကလေးကို လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်ရဲ့လားဆိုတာတော့ မသေချာဘူး''

သူ့ပုံပြင်ကို ကျွန်မ စိတ်ဝင်စားစပြုလာသည်။ သူသည် ပုံပြောနေကျ လူတစ်ယောက်လိုပင် ဘယ်နေရာမှာ ခဏဖြတ်ထားရမလဲ ဟု သိနေပုံမျိုးဖြင့် ခဏရပ်သွားသည်။ အသံသည် ကျွန်မ၏အထက် တည့်တည့်မှလာသလား၊ စံကားပြုံပင်၏ နောက်တည့်တည့်မှ လာသလား။ ကျွန်မ မသိပါ။ ထိုစကားသံကလွဲလျှင် သူ့ဆီက ဘာသံမှ မကြားရ။ အဝတ်စချင်း ပွတ်တိုက်သံ၊ သစ်ပင် ပင်စည်နှင့် သူ ထိကပ် လှုပ်ရှားသံ၊ သစ်ရွက်များ ပန်းပွင့်များကို နင်းမိသံ၊ ဘာဆိုဘာမှ မကြား ရ။ သူ၏ တိုးတိတ်သော စကားသံများနှင့်အတူ တစ်ချက်တစ်ချက် ကျွန်မထံ ရောက်လာသည်က မြစ်၏ရေစီးသံသဲ့သဲ့သာ ဖြစ်သည်။ တိတ်ဆိတ်သော သစ်တောအုပ်ထဲက မွှေးပျံ့လှသော ပန်းကြွေတွေ ပေါ်မှာ လှဲအိပ်ရင်း တိုးတိုးဖွဖွ ရေစီးသံဂီတနှင့်အတူ ပုံပြင်တစ်ပုဒ် နားထောင်ရတာ ဘယ်လောက်များ မိန်းမူးဖွယ် ကောင်းလိုက်ပါသလဲ။ ကျွန်မသည် ကလေးဘဝသို့ ပြန်ရောက်သွားလေသည်။

''ရထားကြီး သူ့မျက်စိအောက်မှာပဲ မီးခိုးတလူလူနဲ့ ဆက် ထွက်သွားတယ်။ သူလည်း ရထားနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ရွာထဲကို ဆက်လျှောက်လာခဲ့တယ်။ ရွာက သိပ်မကြီးဘူး။ အိမ်ခြေ တစ်ရာတောင် မရှိဘူး။ ရွာမှာက လူတိုင်းက လူတိုင်းကို သိနေတာဆိုတော့ သူစိမ်း တစ်ယောက်ရောက်လာရင် သူစိမ်းမှန်း သိတယ်။ အာဂန္တုလား၊ ဒီမှာ နေဖို့ပြောင်းရွှေ့လာတာလား၊ မေးမြန်းပြီး အကူအညီပေးသင့်ရင် ပေးတာ ထုံးစံပါပဲ။

''ကောင်လေးက သူဟာ လက်သမားအတတ်နဲ့ အသက်မွေး ဝမ်းကျောင်းသူတစ်ဦးဖြစ်ကြောင်း ပြောပြတယ်။ ဒီရွာမှာ နေထိုင်ဖို့





လာတာလို့ပြောတော့ မြန်မာဆေးဆရာတစ်ယောက်က သူ့ကို အလုပ် ခန့်ကြည့်လိုက်တယ်။ အဲဒီလူက မကြာခင်မှာ လက်ထပ်တော့မှာမို့ အိမ်တစ်လုံး မြန်မြန်ဆောက်ချင်တယ်။ သူ့မှာ ကေနှစ်ဆယ်လောက် ကျယ်တဲ့ မြေရှိုင်း အလွတ်ကြီးတစ်ခု ရှိတယ်။ အဲဒီမှာ အိမ်ဆောက် ပေးရမယ်ပေါ့''

နေရောင်သည် လုံးဝပျောက်ကွယ်လျက် အမှောင်လွှမ်းခဲ့ပြီ။ ကျွန်မ၏ မျက်နှာမူရာ အထက်တည့်တည့်တွင်တော့ ကြီးမားလှသည့် အဖြူရောင်ကြယ်တွေ ပြိုးပြက်ဝင်းလက်နေသလိုပဲ။ အဲဒါ စံကားဖြူ ပွင့်တွေပေါ့။ ပတ်ပတ်လည်ကို ကြည့်လိုက်တော့ တစ်ခုပေါ်တစ်ခုဆင့် ထိုးနေသော အစိမ်း၊ ပထမအစိမ်းပြီးတော့ ပို၍မှောင်သောအစိမ်း၊ ထိုအစိမ်းပြီးတော့ နောက်ထပ်ပို၍စိမ်းမှောင်သော အစိမ်း၊ အစိမ်းသည် ညအမှောင်နှင့် ပေါင်းစပ်လိုက်သောအခါ ပိန်းပိတ်သော အနက်စိမ်း ဖြစ်သွားသည်။ ကျွန်မအိပ်ရာမှ ထရတော့မည်။ အိမ်ထဲသို့ ပြန်ဝင်မှ ဖြစ်တော့မည်။ ကျွန်မသိပါသည်။ နေရာစိမ်းတစ်ခုတွင် ကိုယ်မသိသော လူစိမ်းတစ်ယောက်ဘေး၌ ညမှောင်သည်အထိ နေရဲလောက်အောင် ကျွန်မ ဘယ်တုန်းကများ သတ္တိတွေ ရခဲ့ပါလိမ့်။ ဒါမှမဟုတ် တစ် ယောက်ယောက်က ကျွန်မကို ညို့ယူထားလေသလား။

''တကယ်တော့ ကောင်လေးက အလုပ်သင် လက်သမား လေးပဲ။ သူတစ်ယောက်တည်းနဲ့ အိမ်ကြီးကြီး တစ်အိမ်မှ မဆောက် ဖူး သေးပါဘူး။ ဒါပေမယ့် သူ့ကိုယ်သူယုံတယ်။ ဒါကြောင့် အဲဒီလူ နဲ့ ကုန်းမြင့်လွင်ပြင်ကို လိုက်သွားတယ်။ အဲဒီတောင်ကုန်းက အဲဒီရွာမှာ အမြင့်ဆုံးပဲ။ ထူးဆန်းတာက ကုန်းမြင့်ကို မြစ်ငယ်လေးတစ်ခု ဖြတ် စီးသင်းနေတယ်။ မြေနေရာကတော့ အကျယ်ကြီးပါပဲ။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးကြီးမားမားရယ်လို့ စိမ်းစိမ်းစိုစိုမရှိတဲ့ အရိုင်းသက်သက် ကုန်းမြေတစ်ခုပဲ။ ကောင်လေးက အဲဒီမြေမှာ အိမ်အကြီးကြီး ဆောက်လိုက်တော့တယ်။ သူ့ဘဝမှာ သူ့ဆရာ မပါဘဲ ပထမဆုံးအကြိမ် သူကိုယ်တိုင်ဆောက်ခဲ့တဲ့ အိမ်ပါပဲ။ အခန်းသုံးခန်း ပါတယ်။ သူ အိမ်ဆောက်ပြီးတဲ့အခါ အိမ်ရှင်က ဇနီးကိုခေါ်ဖို့ ခရီးထွက်သွားတယ်။ အဲဒီအချိန်မှာ သူက လက်သမားသာ မကတော့ဘဲ အိမ်စောင့်ပါ ဖြစ်သွားတယ်။ သူက သူ့အလုပ်ရှင်ရဲ့အိမ်ကို သစ္စာရှိရှိစောင့်ရှောက်ပါတယ်။ အိမ်စောင့်ရင်း အိမ်ကို လှသည်ထက်လှအောင် မွမ်းမံပြင်ဆင်နေတော့တယ်။ အိမ်ရှင်နဲ့ သူ့ဇနီးပြန်လာတော့ သူလည်း လက်ခရတဲ့ ပိုက်ဆံနဲ့ ရွာထဲမှာ မြေတစ်ကွက်ဝယ်လိုက်ပြီး အိမ်သေးသေးတစ်လုံး ဆောက်နေလိုက်တယ်။ လက်သမားအဖြစ်ပဲ သူ့ဘဝကို ဆက်သွား ဖြစ်တယ်။

"သူ့ကို ဆေးဆရာက ဆောက်လုပ်ရေးမှန်သမျှ အားလုံးနိုင်းတယ်၊ ခြံဘေးမှာ စီးဆင်းနေတဲ့ မြစ်ကိုကူးဖို့ ကြိုးတံတား ဆောက်နိုင်းတယ်"

ကျွန်မ၏ ခေါင်းရင်းဆီတွင် မြစ်ကူးကြိုးတံတားသည် ဖြတ်ကူးမည့်သူမရှိဘဲ အမှောင်ထဲမှာ တိတ်ဆိတ်ငြိမ်သက်စွာ ရပ်တန့်နေ၏။ ထိုကြိုးတံတားကို ဆောက်လုပ်သူမှာ တော်တော် စနစ်ကျပါသည်။ မြစ်၏ဟိုဘက်သည်ဘက် ကမ်းပါးစွန်းနှစ်ခုရှိ သစ်ပင်မြင့်ကြီးများကို သံမဏိကြိုးတန်းလေးခု ပစ်တန်းလျက် အောက်ကသံမဏိကြိုးမှာ ပျဉ်ခင်း တံတားတစ်ခု တွဲချိတ်နှောင် ဆောက်လုပ်ထားခြင်း ဖြစ်သည်။ သူ့အောက်က မြစ်ရေသည် တီးတိုးသံသဲ့သဲ့ဖြင့် ခြံကို ပတ်ကွေ့ဝိုက်ကာ စီးဆင်းနေလေသည်။





"မြစ်က စောက်နက်တယ်၊ မြစ်ကို လှေနဲ့ ဟိုဘက်ဒီဘက် ကူးမယ်ဆိုရင်တောင် မြစ်ရိုးရာကိုဆင်းရတာ မလွယ်ဘူး။ တစ်ခါတုန်းက ဆရာရဲ့ဇနီး ရွာထဲသွားဖို့ မြစ်ဆိပ်ကိုဆင်းတာ ကမ်းပါးက စောက်လွန်းလို့ လိမ့်လျှောကျသွားခဲ့ဖူးတယ်။ ကံကောင်းလို့ ကိုယ်ဝန်ပျက်မကျတာလို့ ဆေးဆရာက တဖွဖွပြောနေတော့တာပေါ့။ ဒါနဲ့ လူငယ်လေးလည်း သူတတ်တဲ့ပညာအပြင် တံတားဆောက်တဲ့ပညာကိုပါ လူကြီးတွေဆီကနေ လေ့လာသင်ယူပြီး ကြိုးတံတား ဆောက်ရတော့တာပါပဲ၊ ကြိုးတံတား ဆောက်အပြီးမှာ တံတားပြီးတဲ့ အထိမ်းအမှတ်နဲ့ တစ်ရွာလုံး သူတို့ခြံထဲမှာ စုရုံးစားသောက်ကြတယ်။ အဲဒီညမှာ ဆရာကတော် မျက်နှာမြင်တယ်လေ"

ကျွန်မသည် ပုံပြင်ကို နားထောင်နေရင်းက စကားပင်ကို လက်ဖြင့် ကိုင်လိုက်၏။ စကားပင်၏အခေါက်သည် အက်ကွဲကြောင်း ကျဲကျဲကြမ်းတမ်း ညိုမှောင်နေသည်။ ကျွန်မ နောက်ဘက်သို့ ခေါင်း ငုံ့စောင်းကြည့်လိုက်မိသည်။

ကျွန်မထင်သလို ပုံပြင်ဆရာသည် စကားပင်၏နောက်မှာ မရှိ။ နောက်ဘက်မှာက မြက်ပင်ရှည်များ၊ ကိုင်းပင်များသာ ရှိသည်။

"ရှင်က အခု ဘယ်မှာလဲ၊ ရှင့်နာမည်က ဘယ်သူလဲ၊ ဒီရွာသားလား"

အသံရှင်သည် ခပ်တိုးတိုးရယ်မောလိုက်သည်။ စကားသံခဏရပ်သွားပြီးနောက် သူ့ပုံပြင်ကိုသာ ဆက်ပြောနေ၏။

"ဆေးဆရာ့ဇနီး သမီးလေးမွေးတယ်။ သူ့ဘဝမှာ မွေးကင်းစကလေးလေးကို ပထမဆုံးအကြိမ်မြင်ဖူးတာပဲ။ အဲဒီကလေးလေးရဲ့ အချင်းကို မြေမှာမြှုပ်ရမယ်ဆိုတော့ သူပဲ တွင်းတူးပေးတယ်၊ တွင်း



www.burmeseclassic.com

www.burmeseclassic.com



တူးရင်းနဲ့ သူ ကာလတော်တော်ကြာ မေ့နေခဲ့တဲ့ သစ်စေ့လေးကို သတိရသွားတယ်။ ငှက်ကလေးဆီကရခဲ့တဲ့ အစေ့ကလေးလေ။ ဒီအစေ့ဟာ သစ်မာပင်တစ်ပင်ရဲ့ အစေ့နဲ့တူတယ်လို့တော့ သူသိတယ်။ ဘာပင်မှန်းတော့ သူလည်း မသိဘူးပေါ့။ ဘာပင်ဖြစ်မလဲလို့ သူ စိတ်ဝင်စားနေတယ်။ နောက်ဆုံးတော့ မြစ်ကမ်းဘေးက ကလေး အချင်းမြှုပ်တဲ့ နေရာဘေးမှာပဲ စိုက်ပျိုးလိုက်တယ်။

"အားတဲ့အချိန်မှာ အစေ့လေးကို သူ ရေမှန်မှန်လောင်းတယ်။ ဒီလိုနဲ့ ကလေးလေးကလည်း တဖြည်းဖြည်းကြီးလာ၊ အစေ့လေး ကလည်း အပင်ပေါက်ကလေး ဖြစ်လာတယ်။ အရွက်လေးတွေ ဝိုပြင် လာတဲ့ အခါမှာတော့ အဲဒီအပင်ဟာ စံကားမျိုးရင်းအပင်တစ်ပင် ဖြစ် လိမ့်မယ်လို့ သူ ခန့်မှန်းလိုက်တယ်"

ကျွန်မ အိမ်ထဲပြန်သွားမှ ဖြစ်မည်။ သစ်တောထဲမှာ ပိုးမွှား တွေက ထူထပ်ပါဘိသနဲ့။ သို့သော် ကျွန်မ ဆက်အိပ်နေချင်သေး သည်။

"ဆရာမ"

အဝေးဆီမှ အိမ်စောင့် အဒေါ်ကြီး၏ ခေါ်သံသဲ့သဲ့ကို ကြား လိုက်ရသည်။

ကျွန်မ မျက်လုံးတွေကို ဖွင့်လို့မရ။ သူ ကျွန်မကို စိတ်ပူနေ ရောပေါ့။ ညနေကတည်းက ဥယျာဉ်ခြံထဲဆင်းသွားတာ၊ မြေတော ပေါင်းများစွာ ကျယ်ဝန်းသောသစ်တောထဲမှာ ကျွန်မပျောက်နေခဲ့လျှင် သုံးလေးရက်နဲ့တောင် သူရှာလို့တွေ့မှာ မဟုတ်။ ဖွ၊ မပြောကောင်း ပြောကောင်း အလောင်းပုပ်ပွနေလို့ နံတော့မှ သူ ရှာလို့တွေ့သွား နိုင်သည်။





"ဆရာမ"

"ဒေါ်တင်ရေ ကျွန်မ ဒီမှာ"

ကျွန်မ လှမ်းအသံပြုလိုက်သော်လည်း အသံမထွက်။ ကျွန်မ အံ့ညြသွားသည်။ ကျွန်မ အိပ်ပျော်နေဆဲလား။

ဆက်ပြောပါဦး ရှင့်ပုံပြင်ကို။

သို့သော် အသံသည် ရုတ်တရက် တိတ်ဆိတ်သွားသည်။ မြစ်ရေစီးသံနှင့် လေတိုက်ခတ်သံကိုတော့ ကြားနေရဆဲ။ သူ ဘာလို့ ဆက် မပြောတော့တာလဲ။

ခဏလေး။ ကျွန်မ အသံတစ်ခုခု ကြားလိုက်ရသလိုပဲ။

သစ်ရွက်ခြောက်တွေပေါ် တစ်ယောက်ယောက် နင်းလာနေ သည်။ ကျွန်မ၏ လက်ဝဲဘက်ဆီမှ ဖြစ်သည်။ စံကားပင်၏ ဆန့် ကျင်ဘက်အရပ်မှ ဖြစ်သည်။ အသံလာရာသို့ ကျွန်မ လှမ်းကြည့် လိုက်သည်။ ဘာကိုမှ မမြင်ရ။

အို… တော်တော်တောင် မှောင်နေပြီပဲ။ အရိပ်သဏ္ဌာန်တွေ လှုပ်ခတ်နေသလိုပဲ။

"ဟောတော် ဆရာမလေး။ ဘာဖြစ်သလဲ"

ဒေါ်တင်၊ ကျွန်မ ကမန်းကတန်း ထထိုင်ဖို့ ကြိုးစားသော်လည်း မအောင်မြင်။ သူ ကျွန်မအနားမှာ ထိုင်ချလိုက်တာကို ကျွန်မ သိသည်။ သူ စိုးရိမ်တကြီး ဖြစ်သွားဟန်တူ၏။

ကျွန်မ၏ လက်မောင်းကို တအားဆုပ်ကိုင်ဖျစ်ညှစ် ခံလိုက် ရသည်။

"အိပ် နေ တာ" ကျွန်မအသံက ဖြည်းလေးစွာ ထွက်လာ၏။

"အမယ်လေးတော် ကြံကြီးစီရာ၊ ဒီနေရာကြီးမှာ ဒီလိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ အိပ်ရတယ်လို့၊ ထ ထ ဆရာမ၊ အိမ်ထဲဝင်ကြမယ်''

''ပန်းရနံ့မွှေးမွှေးအောက်မှာ အခုလိုအိပ်ရတာ ဘယ်လောက် အရသာ ရှိသလဲ ဒေါ်တင်သိရဲ့လား''

ကျွန်မ၏ကိုယ်ခန္ဓာသည် ခပ်လေးလေးသစ်တုံးတစ်တုံးလို ဒေါ်တင် ဆွဲထူရာသို့ပါလာသည်။ ထိုအခါကျမှ ပုံပြောသူကို ကျွန်မ သတိရသွားသည်။ အိမ်ထဲခေါ်လိုက်ရမလား။ လဘက်ရည်ကြမ်းလေး ဘာလေး တိုက်ရတာပေါ့။ ဒေါ်တင် ရှိနေတာပဲ။

ဟင် မဟုတ်သေးပါဘူး၊ ခုမှ သိရတဲ့ သူစိမ်းတစ်ယောက်ကို၊ ခုလို ညအချိန် မှာ...၊ နောက်ပြီး ကျွန်မ သူ့ မျက်နှာကိုတောင် မြင်ဖူးသေးတာ မဟုတ်ဘူးလေ။

ကျွန်မ မတ်တပ်ရပ်လိုက်ရင်း စံကားပင်၏ နောက်ဘက်သို့ မသိမသာကြည့်လိုက်၏။ ဘယ်သူမှ မရှိ။

ဘယ်ရောက်သွားပါလိမ့်။

ဖြောင့်စင်းမြင့်မတ်သော စံကားပင်တွေ၏နောက်မှာ အသာ ကွယ်နေလို့လည်း ရတာပဲ၊ ကျွန်မတစ်ယောက်တည်းတုန်းက အနားမှာ ရှိနေပြီး ဒေါ်တင်ရောက်လာမှ ပုန်းကွယ်သွားသည်ဆိုလျှင်တော့ သူ သည် ရိုးသားသူတစ်ဦး မဟုတ်တော့ဘူးပေါ့။

ဒေါ်တင့် အသံကို ကြားကတည်းက သူပြန်ထွက်သွားတာ များလား။ ဤဥယျာဉ်ခြံမြေသည် ဧကပေါင်းများစွာ ကျယ်ဝန်းသဖြင့် ဘယ်သူမှ ခြံစည်းရိုးကို ဝန်းခတ်နိုင်မှာ မဟုတ်။ စည်းရိုးအဖြစ် ရှားစောင်းလက်ပတ်ပင်များကို ရွာဓလေ့ထုံးစံအတိုင်း တန်းစီ စိုက်ပျိုး ထားတာမို့ ထိုအပင်တွေကိုကျော်ကာ ဝင်လို့ထွက်လို့ ရလေသည်။

ကျွန်မသည် ပုံပြောသူကို နောက်ဆံတငင်ငင်နှင့်ပင် အိမ်ရှိရာ





သို့ ပြန်လာခဲ့ရသည်။ အိမ်ကိုရောက်ဖို့ ကျွန်မတို့သည် ပင်စည် လုံး ပတ်ကြီးမားသော စံကားပင်တန်းတွေကို တစ်ခုပြီးတစ်ခု ဖြတ်သန်း ခဲ့ရသည်။

ညအမှောင်အောက်မှာမို့ အပင်တွေသည် တစ်ပင်နှင့်တစ်ပင် ပိုတူနေသည်။ တွေ့ပြီးသားလူတစ်ယောက်တည်းကိုပဲ ထပ်ခါထပ်ခါ တွေ့ပြီး နှုတ်ဆက်နေရသည့် ခံစားချက်မျိုးကို ရ၏။ ခြေလှမ်းတွေ ဘယ်လှမ်းလောက် လှမ်းပြီးတော့လည်း ပြန်တွေ့တော့ ဒီအပင်ပဲ။ ဒီပင်စည်လုံးပတ်နှင့် ဒီအခေါက်ပဲ၊ ကျွန်မသည် အခေါက်တွေကို လက်ဖျားဖြင့် တစ်ပင်ချင်းထိကိုင်ပြီး ဒေါ်တင့်နောက်က လိုက်လာခဲ့ မိသည်။ တစ်ပင်ချင်းကို နှုတ်ဆက်နေခဲ့သလိုပေါ့။ တစ်ခါတစ်ခါ မြေပြင်ပေါ်မှာ ကန့်လန့်ကြွေပြုတ်ကျနေသော ကိုင်းဖျားတစ်ခုခုကို ခလုတ်တိုက်မိသည့်အခါလည်း ရှိသည်။ ခြေသလုံးထိ မြင့်သော မြက် အမျိုးအစား ပန်းပင်လေးတွေနှင့် ခြေထောက် ငြိမိ နင်းမိသည့်အခါ တွေလည်း ရှိသည်။

''ညမိုးချုပ်ရင် အိမ်အပြင်ကို မထွက်နဲ့ဆရာမရဲ့'' ကျွန်မအား လက်နှိပ်ဓါတ်မီးဖြင့် လမ်းပြရင်း ဒေါ်တင်က သတိပေးသည်။

''လူဆိုး သူခိုးရှိသလား''

''ဒီရွာမှာတော့ လူဆိုးသူခိုးရယ်လို့ ဘယ်ရှိမလဲ၊ ဒါပေမယ့် ဒီခြံက စည်းရိုးမရှိ အကျယ်ကြီးဆိုတော့ မြစ်ကမ်းပါးလည်း ဖြစ်နေတော့ မြစ်ထဲကနေ သူစိမ်းတွေဘာတွေ တက်လာနိုင်တာပဲ၊ လူဆိုး သူခိုး ဆိုတာကလည်း ချိုပေါက်နေတာမှ မဟုတ်ဘဲ။ သူလိုငါလိုပဲ။ မတော် ဝင်ပြုလာပြီး ဆရာမကို တစ်ခုခုလုပ်သွားရင် ကျွန်မ ရင်ကျိုး[illegible]

သူပြောမှပဲ ရဲတင်းမိသော ကိုယ့်ကိုယ်ကို အပြစ်တင်မိသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

စောစောက လူဟာ လူကောင်းမဟုတ်ခဲ့ရင် အခုချိန်ဆို၊ အို ကျွန်မ ပခုံးတွန့်လိုက်မိသည်။

"ဆရာမကလည်း အဖော်လေး ဘာလေး ခေါ်လာခဲ့ရောပေါ့။ တစ်ယောက်တည်း စွတ်စွတ်ရွတ်ရွတ်"

ဒေါ်တင့်စကားအဆုံးတွင် ကျွန်မသည် သူ့ကို မျက်ခုံး မြင် ယောင် တမ်းတမိသွားလေသည်။

အော် ဒေါ်ချင်တာပေါ့ ဒေါ်တင်ရယ်၊ ဘယ့်နှယ်ပြောလိုက်ပါ လိမ့်။ ကျွန်မဘေးမှာ အတူ လိုက်ပါနိုင်မည့်အဖော်ဟူ၍ ကျွန်မအစ်မနှင့် သူ နှစ်ယောက်တည်း ရှိသည်။

"အစ်မက မေမေ့ ဝေယျာဝစ္စနဲ့ ကျန်းမာရေးကို မျက်ခြည် မပြတ် စောင့်ကြည့်ပြုစုနေရတာ၊ သူငယ်ချင်းကျပြန်တော့ သူ့အလုပ် ကနေ သုံးရက်တောင် ဆက်တိုက်ပျက်လို့ မရတဲ့သူ ဖြစ်နေတယ်။ ဘယ့်နှယ်လုပ်မလဲ"

ကျွန်မကတော့ သူ့ကို လိုက်လာစေချင်တာပေါ့။ ကျွန်မနဲ့အတူ မလိုက်နိုင်ခဲ့တာတောင် ကျွန်မ စိတ်မလျှော့သေးဘူး။ တစ်နေ့နေ့မှာ များ မနက်မိုးလင်းလို့ အိမ်အပြင်ကို ထွက်လိုက်ရင် ကျောပိုးအိတ်ကို ပိုးလွယ်ထားတဲ့ သူ့ကိုများ စံကားပင် ပင်စည်တွေအကြားမှာ မမျှော်လင့် ဘဲ မြင်တွေ့လိုက်ရလေမလားလို့ မျှော်လင့်မိတဲ့နေ့တွေ အများကြီးပါပဲ။ သူ့ရုပ်သွင်ကို အောက်မေ့ မှန်းဆလိုက်သောအခါ ရင်ထဲမှာနွမ်းလျ သွားရလောက်အောင် သူ့ကို ကျွန်မလွမ်းသွားမိပါသည်။

✤ ✤ ✤



သူက ဤကိစ္စကို အစကတည်းက သဘောတူခဲ့တာမဟုတ်။

"အထုပ္ပတ္တိ ဟုတ်လား။ နင်လုပ်ရတာ စာစုစာရင်းဆို"

သူက မျက်မှောင်ကြုတ်လျက် မေးလာခဲ့ဖူးသည်။

"စာစုစာရင်း ဟုတ်ပါတယ်။ အဲဒါက စာကြည့်တိုက်ပညာ ဒီပလိုမာအတွက်ပဲလေ၊ အခုဟာက ငါ့အတွက်ငါလုပ်မှာ၊ မထူး တော့ ဘူး။ စာစုစာရင်း လုပ်ရင်းကနေ နည်းနည်းလေးပဲ ပိုအားစိုက် လိုက်ရ မှာ"

"မဖြစ်နိုင်ပါဘူး မေဖော်ရာ"

သူက ကျွန်မကို အားမပေးသည့်အပြင် ခါးခါးသီးသီး ငြင်းပယ် ဆိုက်သောအခါ ကျွန်မ ဝမ်းနည်းသွားသည်။

"အထုပ္ပတ္တိပြုစုတယ်ဆိုတာ လွယ်တာမှ မဟုတ်ဘဲ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာရဲ့ မွေးတဲ့အချိန်ကနေ သေတဲ့အချိန်အထိ ဘဝဇာတ်ကြောင်းတစ်ခုလုံးကို လိုက်ယူရမှာ၊ သူ့ဘဝနဲ့ သူ့စာတွေတင်မက၊ သူနဲ့ ဆက်သွယ်ပေါင်းစပ် ပတ်သက်မိတဲ့လူတွေပါ ကိုယ်က မေးမြန်းပြီး စာရေးဆရာရဲ့ ရုပ်ပုံလွှာကို ဖော်ရမှာ။ အချက်အလက်တင် လိုသာမဟုတ်ဘူး၊ အနုပညာလည်း လိုတယ်၊ နင့်မှာ အဲဒီအနုပညာအာရုံ လုံလုံလောက်လောက် ရှိမယ်လို့ ငါမထင်ဘူး''

ကြည့်စမ်း၊ သူ ကျွန်မကို အထင်သေးလိုက်လေခြင်း။

''ငါ ကြိုးစားမှာပေါ့''

''နောက်ပြီး ငါက နင့်ကို ခန့်ခန့်ထည်ထည်နဲ့ စာကြည့်တိုက်ကြီး တစ်ခုလုံးကို အုပ်ချုပ်နေတဲ့ ပညာရှင် ဖြစ်စေချင်တာ၊ ဒီပညာကို ဆုံးခန်းတိုင် ရတဲ့သူလည်း ဖြစ်စေချင်တာ၊ နိုင်ငံခြားတက္ကသိုလ်တွေက စာကြည့်တိုက်မှူးတွေရဲ့ ပညာကိုလည်း အပြည့်အဝ ရစေချင်တာ။ အို ငါပြောမယ်ဟာ နင့်ကို မြန်မာနိုင်ငံမှာ အတော်ဆုံး စာကြည့်တိုက်ပညာရှင် ဖြစ်စေချင်တာ။ ဟိုဟာစိတ်ဝင်စား ဒီဟာစိတ်ဝင်စားနဲ့ မဝေဝါးစေချင်ဘူးလေ၊ ငါက တစ်နေ့ကျရင် စာကြည့်တိုက်ကြီးတစ်ခု တည်ထောင်မှာဟ။ အဲဒီစာကြည့်တိုက်ကို အုပ်ချုပ်တဲ့သူက နင်ပဲ ဖြစ်ရမယ်။ ဒီတော့ စိတ်ကူးမလွဲစမ်းပါနဲ့''

''ဟင့်အင်း မရဘူး။ လုပ်မှာပဲ နင်ငါ့ကို မတားနဲ့''

သူ ကျွန်မကို အပြောရခက်သည့် ကလေးတစ်ယောက်အား စိတ်ရှည်ရှည် ချော့မော့တော့မည့် မျက်နှာထားဖြင့် ပြုံးကြည့်လိုက်ပါသည်။

''နင်ဘာဖြစ်လို့ တဇွတ်ထိုးလုပ်ချင်ရတာလဲ၊ နင် သူများအကြောင်း လိုက်ရှာရေးရတဲ့အလုပ်မှာ ပျော်မယ်ထင်လို့လား။ အလွန်





ပျင်းစရာကောင်းတဲ့ အလုပ်ဟ၊ နင်မကြာခင်မှာ ငြီးငွေ့သွားလိမ့်မယ် အဲဒီကျမှ နင့်အလုပ် မပြီးမပြတ် တန်းလန်းကြီး ဖြစ်နေမယ်နော''

သူက ကျွန်မကို တစ်ခုခုမလုပ်အောင် တားမြစ်ရာတွင် နည်းမျိုးစုံကို သုံးတတ်၏။ ချော့မော့ဖျောင်းဖျသည့်နည်း၊ ကျိုးကြောင်း ဆင်ခြင်ဉာဏ်ဖြင့် ရှင်းပြသည့်နည်း၊ နောက်ဆုံးနည်းကတော့ အခုနည်းပေါ့၊ ခြိမ်းခြောက်သည့်နည်းလေ။

''တန်းလန်းမဖြစ်ပါဘူး။ ငါစိတ်ဝင်စားတဲ့အလုပ်ပဲ၊ ဘာလို့ တန်းလန်း ဖြစ်ရမှာလဲ၊''

''ဘာလို့ တန်းလန်းဖြစ်ရမှာလဲဆိုတော့ မြဦးမေက လျှို့ဝှက်ချက်တွေအပြည့်နဲ့ စာရေးဆရာမကြီးဖြစ်နေခဲ့လို့ပေါ့ဟာ၊ နင်လိုက်ရမယ့် အဖြစ်အပျက်တွေက အများကြီး''

''ဘာဖြစ်သေးလဲ၊ အဲဒါ ငါ့အတွက် ချဲလင့်ချ်တစ်ခုပေါ့။ ငါကြိုက်တယ်''

ကျွန်မကို တားလို့မရမှန်းသိသွားသောအခါ စာအုပ်စာတမ်းရှာသည့် ကိစ္စများတွင် သူကိုယ်တိုင် ကူညီပေးခဲ့ပြန်လေသည်။

''မင်းညိုရယ် နင်ကလေ သိပ်ချစ်စရာကောင်းတာပဲ သိလား''

သူ ကျွန်မအား မျက်မှောင်ကြုတ်ပြ၏။

မင်းညိုစင် ဟူသော လူတစ်ယောက်ကို ကျွန်မဘဝထဲမှာ အစ်သက်လုံး ခေါ်ထားလို့ရလျှင် သိပ်ကောင်းမှာပဲ။ ကျွန်မ ခဏခဏ တမ်းတမိသည်။ သူ့ကိုများ အဲသည်အကြောင်းပြောမိလျှင် ကျွန်မ၏ ရွယ်တာ အားကိုးမှုကို သူ ဘယ်လို ကောက်ချက်ချမလဲ၊ ကျွန်မ သိချင်လိုက်တာ၊

မိန်းမတွေများ သိပ်အညာလွယ်တာပဲနော်ဟု ရယ်သလို မော



www.burmeseclassic.com

www.burmeseclassic.com



သလိုနှင့် ကျွန်မအား အနိုင်ယူရက်လေမလား။ ဒါမှမဟုတ် ကျွန်မအား သူကြည့်နေကျ ကြင်နာသော နှစ်သိမ့်ပြုံးဖြင့် ကြည့်ကာ

"အခုလည်း နင့်ဘေးမှာ ငါ အမြဲရှိနေတာပဲ မဟုတ်လား။ ဒါကို နင်က အထူးအဆန်းလုပ်ပြီး ထပ်လိုချင်နေသေးတယ်"

ထိုစကားမျိုးဖြင့် မသိကျိုးကျွံပြုရင်း လွှဲဖယ်တိမ်းရှောင် သွားလေမလား။

ကျွန်မ မသိပါ။

မင်းညိုစင်အကြောင်း စဉ်းစားရသည်မှာ ကြည့်နူးစရာလည်း ကောင်းပြီး အားငယ်စရာလည်း ကောင်းသည်။

ကြည်နူးရသည်က သူ ကျွန်မအပေါ်မှာ ဘာမဆို၊ ဘယ်တော့မဆို အလေးတယူ ဂရုစိုက် ဖြည့်ဆည်းပေးနေကျ ပုံရိပ်များကို ဖျတ်ခနဲ ဖျတ်ခနဲ မြင်ယောင် ကျေနပ်မိရင်း ဖြစ်သည်။ အားငယ်ရသည်ကတော့ သူ ကျွန်မထက်ပိုပြီး တွယ်တာရမည့် ၊ချစ်သူအဖြစ် သူ လက်တွဲမည့် မိန်းမတစ်ယောက်ယောက်ကို တွေ့လာခဲ့လျှင် (တွေ့လည်း တွေ့မှာပါ) ကျွန်မကို သူ ယခုလို ကြင်နာကူညီနိုင်တော့မှာ မဟုတ်တော့ဘူးဟု တွေးမိရင်း ဖြစ်သည်။

သူ ကျွန်မကို မချစ်ဘူးလား။

အဲသည် မေးခွန်းမျိုးကို ကာယကံရှင်မသိအောင် ကိုယ်စားတိတ်တဆိတ် မေးကြည့် ခန့်မှန်းရတာ နာကျင်ပင်ပန်းလှပါသည်။

တကယ်တော့လည်း ကျွန်မ လောဘကြီးမိတာပဲ ဖြစ်မှာပါ။ သူ့ကို သူငယ်ချင်းအဖြစ် ရရုံသာမက ချစ်သူအဖြစ်ပါ ရယူချင်တာ ဖြစ်လိမ့်မည်။ သူ့အား တခြား မိန်းကလေးတစ်ယောက်ယောက်ကို ချစ်ခွင့် မပေးချင်တော့တာ ဖြစ်လိမ့်မည်။ သူငယ်ချင်းအဖြစ်လည်း





ကျွန်မပဲ၊ ချစ်သူအဖြစ်လည်း ကျွန်မပဲ ဖြစ်ချင်နေခဲ့တာလေ။

သူ့ကို သူငယ်ချင်းအဖြစ် ရခဲ့တာ ငါးနှစ်ခြောက်နှစ်တောင် မကတော့ဘူး ထင်ပါရဲ့။ အရင်ကတော့ ကျွန်မ၏ သူငယ်ချင်းစံတစ်ခုက တော်တော်ပြတ်သားခဲ့၏။

သူငယ်ချင်းဟာ သူငယ်ချင်းပဲဖြစ်ရမယ်။ ချစ်သူအဖြစ် စိတ်ပြောင်းရင် ဘယ်ကောင်းမလဲ၊ ပြောင်းချင်ရင် သူငယ်ချင်းစစ်စစ် မဖြစ်ခင်က ပြောင်းထား၊ သူငယ်ချင်းစစ်စစ်အဖြစ် တွဲကြပြီးရင် စိတ်ထား မပြောင်းမှ ဖြစ်မယ်။

ဘယ်လောက်များ ကြောင်လိုက်သည့် အတွေးတစ်ခုပါလိမ့်။ အဲသည်အတွေး အကောင်အထည်ပေါ်နိုင်ပါ့မလား။ လူ့စိတ်ဆိုတာလည်း အမြဲတမ်း ပြောင်းလဲနေတတ်တာပဲ ဥစ္စာ။

သူ့စိတ်ကော မပြောင်းလဲဘူးလား။

သူ့မျက်လုံးတွေကို ကျွန်မ မသိမသာ အကဲခတ်ကြည့်မိသလောက်တော့ သူ ကျွန်မကို ချစ်မြတ်နိုးပုံရပါသည်။

တစ်ခုပဲရှိ၏။ မင်းညိုစင်သည် ကျွန်မကို အကြာကြီးငေးစိုက်ပြီး ကြည့်လေ့မရှိ၊ ယောကျ်ားတွေ သူတို့ချစ်သည့် မိန်းမတစ်ယောက်ကို အမှုးအမူး ငေးမော ကြည့်သလိုမျိုးလေ၊ ဘယ်တော့မှ မကြည့်။ ကြင်ကြင်နာနာ စကားပြောနေရင်း ဖျတ်ခနဲ မသိမသာ ကြည့်ချင်ကြည့်မည်။ ခဏပဲ၊ ခဏဆို ခဏလေးပါပဲ။ အဲသည် ခဏလေးနှင့်တော့ ဘာမှ မသေချာပါ။ ဒါပေမယ့် အဲသည်လို တစ်ခဏလေး ရပြီးလျှင် ကျွန်မဖြင့် ရက်ပေါင်းများစွာ ပြန်လည်တွေးတော ကြည်နူးလို့ မဆုံးတော့ချေ။

တစ်ခါတစ်ခါတော့ ကျွန်မ သူ့ကို အတိအကျ သိချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝမှာ မိန်းကလေးတစ်ယောက်ယောက် ရှိနေသလား။ အဲဒီမိန်းကလေးဟာ ကျွန်မလား။ ကျွန်မကို ဖွင့်ဟ မပြောအပ်ဘူးလို့ ယူဆပြီး မြိုသိပ်ထိန်းချုပ် နေခဲ့တာလား၊ သည်လိုတော့လည်း ကျွန်မ စိတ်ကူးမယဉ်ဝံ့။ သူသာ ကျွန်မကို တကယ်ချစ်နေခဲ့မည်ဆိုလျှင် ကျွန်မ သိအောင် ဖွင့်ပြောဖို့ ဘာများ မသင့်တော်စရာရှိလို့လဲ။

ဒါပေမယ့် ကျွန်မ၏ပြဿနာမှန်သမျှ ကျွန်မဘောင်. ဘာမှ မသိလိုက်ရခင် သူကချည်း ဒိုင်ခံဖြေရှင်းပေးသွားတာတွေ ကျတော့ရော၊ ကျွန်မ ထည့်စဉ်းစားဖို့ မသင့်ဘူးလား၊ အဲဒါ သူငယ်ချင်းမှန်သမျှ လုပ်ပေးမယ့် အပြုအမူတွေလား။ နှလုံးသားဖြင့် နင့်သည်းစွာချစ်မိရသူ တစ်ယောက်ကိုမှ ဖြည့်စွမ်းပေးသည့် အပြုအမူတွေ မဟုတ်ဘူးလား။ ကျွန်မအတွက်ဆိုလျှင် သူ အလုပ်မအားသည့်ကြားထဲက ရသမျှ အချိန်ကို ရှာကြံပြီး စာအုပ်တွေ လိုက်ရှာပေးခဲ့သည်။

"နင်လိုချင်တာ ဆူဆန်ဆွန်တက်ဂ် ရဲ့ အင်တာဗျူးတွေနော်"

"အေး၊ နင်ရှာချိန်ရမလား"

"ငါ ကြည့်ဦးမယ်လေ၊ မရရင် ရတဲ့နည်းနဲ့ ဝယ်ခဲ့မှာပေါ့။ အရေးကြီးတာက ငါပြန်လာရင် နင်လိုချင်တာတွေ ပါလာဖို့ပဲ မဟုတ်လား"

"အေး"

ကျွန်မ လိုချင်တာတွေက သိပ်များခဲ့ပါသည်။

လိုချင်သမျှကလည်း စာအုပ်တွေ ချည်းပါပဲ။ Colette အကြောင်း နောက်ဆုံးထုတ်ဝေသည့် အထုပ္ပတ္တိစာအုပ် Secrets of Flesh ကို လိုချင်သည်။ ပြင်သစ်စာရေးဆရာကြီး Andre Gide ၏ မှတ်စုစာအုပ် The Journals of Andre Gide ကို လိုချင်သည်။





နောက်ပြီး Virginia Woolf ၏ မသေဆုံးမီ အချိန်အထိ ရေးခဲ့သော မှတ်စုစာအုပ်ကို လိုချင်သည်။ ရရင်ဝယ်ခဲ့မယ်ဟု သူမပြောခဲ့၊ ရအောင် ဝယ်ခဲ့မယ်ဟုသာ သူပြောသည်။

"အဲဒီမှာ မရခဲ့ရင်ကော"

ကျွန်မက သူ့ကို မေးမိတော့ သူက လူကြီးတစ်ယောက်က ကလေးကို နှစ်သိမ့်သလို ပြုံးလျက်

"ရတဲ့ နေရာက ဝယ်ပေးမယ်ဆို ပြီးရောပေါ့၊ ဘာမှ မေးမနေနဲ့တော့လေ" ကျွန်မဆိုသည့်ကျွန်မကလည်း အူတူတူပါပဲ၊ ဘန်ကောက်က စာအုပ်ဆိုင်တွေက သိပ်စုံလှတာတော့ မဟုတ်ဘူးဟု စိတ်ပူမိလို့ မေးမိခြင်းဖြစ်သည်။ သူက အင်တာနက်မှ မှာပြီး ဝယ်ပေးခဲ့တာတဲ့။ နောက်မှ သူပြောပြပါသည်။

"နေပါဦး အင်တာနက်က မှာတယ်ဆိုရင် ခရက်ဒစ်ကဒ်နံပါတ် ပေးရတာမဟုတ်လား၊ နင့်မှာ အဲဒီသွားတုန်းက ခရက်ဒစ်ကဒ် ရှိလို့လား"

"ဟော အဲဒါကြောင့်နင့်ကို အ တယ်လို့ပြောတာ။ ငါ့မှာ မရှိရင်တောင် ငါ့ဆရာတွေမှာ၊ အဲဒီက ငါ့သူငယ်ချင်းတွေမှာ ရှိတာပေါ့ ခမဗော်ရဲ့။ ဘာပဲဖြစ်ဖြစ် နင်လိုချင်တဲ့စာအုပ် ရပြီလေ"

ကျွန်မ လိုချင်သည့်စာအုပ်ပါမက ကျွန်မ မမှာသည့် အလှပြင်ပစ္စည်းပါ ဝယ်လာသည်။ Estée Lauder ကုမ္ပဏီက ထုတ်လုပ်သော ရေမွှေးပုလင်းနှင့် Powder Puff ဖြစ်သည်။

"ဒီတံဆိပ်က ကောင်းတယ်တဲ့"

"ဟယ် ကြည့်စမ်း"

ကျွန်မ သူ့ကို အလွန်ကျေးဇူးတင်ပြီး ကြည်နူးသွားမိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် သံသယတစ်ခု ဝင်သွား၏။

"ကောင်းတယ်လို့ နင့်ကို ဘယ်သူပြောလဲ"

"ကောင်မလေး တစ်ယောက်က ပြောတာ"

သူ စနောက်တာ ဖြစ်မလား။ သူ့စကားကြောင့် ကျွန်မ ရင်ထဲမှာ ရှုးခနဲ ဖြစ်သွားတာတော့ အမှန်ပဲ။

"နင်နဲ့ သိပ်ခင်လို့ သူပြောတာပေါ့နော်"

သူက လှုလည်ပါ၏။ ကျွန်မ ဘာဖြစ်သွားသည်ဆိုတာ သူမသိတဲ့နေမှာ မဟုတ်ပါဘူး။ သူပြုံးလိုက်ပုံကို ကျွန်မ သိပါသည်။ ထိုမေးခွန်းကို မေးမိသောကြောင့် ကျွန်မ သူ့ကို နည်းနည်းတော့ ရှက်သွားမိပါသည်။ ဒါပေမယ့်လည်း မတတ်နိုင်၊ ထိန်းချုပ်ဖို့က နောက်ကျသွားခဲ့ပြီကို။

"သိပ်ခင်တာတော့ မဟုတ်ပါဘူး။ သူ့ဖြေချင်အောင်တော့ မေးလို့လိုတာပေါ့။ ငါ မေးကြည့်တယ်လေ၊ မိတ်ကပ် ဘာသုံးသလဲ၊ မင်းမျက်နှာက သိပ်ကြည့်ကောင်းတာပဲလို့ ပြောလိုက်တာပေါ့ဟ"

ကျွန်မ သိပ်စိတ်မချနိုင်သေး။

"အဲဒီတော့ သူ ပြောရောလား"

မင်းညိုစင်သည် ကျွန်မအား မကြည့်ဘဲ သူ့လက်ထဲက စာအုပ်တစ်အုပ်ကို ဟိုလှန်သည်လှန်လုပ်ရင်း ဖြေ၏။

"အင်း... သူက တစ်ခုတော့မေးသေးတယ်၊ အဲဒီမိတ်ကပ်ကို သိရတော့ ဘာလုပ်မှာလဲတဲ့"

ထို့နောက် လှုလည်ကျစွာပင် ချက်ချင်း စကားမဆက်သေး ပြုံးနေသေးသည်။ တွေ့လား။ ကျွန်မ အသည်းယားအောင် သူ လုပ်နေတာမဟုတ်ဘူးလား။

"အဲဒီတော့..."





မငြိုသိပ်နိုင်သော ကျွန်မက မေးမိသည်။

"အဲဒီတော့ ငါ့သူငယ်ချင်း ကောင်မလေး တစ်ယောက်က မှာလိုက်လို့ လို့ ဖြေလိုက်တယ်။"

"နင့်ကို ငါမှ မမှာဘဲနဲ့"

"အေးလေ၊ မမှာပေမယ့် အဲလို ဖြေမှ သင့်တော်မှာကိုး"

ကျွန်မ မျက်နှာနည်းနည်း မှုန်သွားမှာပါ။

"သူ ယုံလား"

"ငါ မသိဘူးလေ၊ ပြောတော့ပြောပြလိုက်တာပဲ၊ အသားအရောင်က ဘယ်လိုလဲ၊ ဖြူသလား၊ ညိုသလား မေးသေးတယ်၊ နင်တို့ မိတ်ကပ်ကိစ္စ ဒါလောက်ရှုပ်မှန်း ငါ ခုမှသိတယ်။ ဖြူတဲ့လူအတွက် မိတ်ကပ်၊ ညိုတဲ့လူအတွက် မိတ်ကပ်"

ကျွန်မက ကျွန်မလိုချင်တာကို မရရအောင် မေးဖို့ ကြိုးစားမိသည်။

"အဲဒီတော့ရော နင်ဘယ်လို ဖြေလိုက်လဲ ဟင် မင်းညို"

"ငါမသိဘူးလို့ ဖြေခဲ့တယ်၊ နင့်အသား ဖြူသလား ညိုသလား ပါမှ မပြောတတ်ဘဲ၊ မင်းလောက်ပါပဲလို့ ဖြေခဲ့တယ်လေ"

"ဟင်..."

ကျွန်မ သူ့အဖြေကို မကြိုက်လိုက်တာ၊ ကျွန်မအသားအရောင်ကို သူ မပြောတတ်ဘူး တဲ့။

"ဒီအတိုင်းဆို ကောင်းအုံးတော့မှာပဲ"

ကျွန်မ မကျေမနပ်ဖြင့် ပွစိပွစိ လုပ်မိသည်။

"ကောင်းလား မကောင်းလား နင်လိမ်းကြည့်လေ၊ ကောင်းနိုင်ပါခန့်မှန်းတာ တော်လို့ပေါ့၊ တကယ်ပြောတာ-မေဇော်ရဲ့ သူ့အသား



www.burmeseclassic.com

www.burmeseclassic.com



ရောင်းက နှင့်အသားရောင် အဝတ်င်းပဲ''

''တော်ပြီ''

အဲသည်တုန်းက ကျွန်မ သူ့ကို တော်တော်ဒေါသထွက်မိ၏။

''အဲဒီ မင်းညိုစင် ဆိုတဲ့လူက အလကားပဲ၊ သူစိတ်ဝင်စားတာက ဆက်ဒမ်ဟူစိန်ရယ်၊ ဘုရှ်ရယ်၊ ကိုဖီအာနန်ရယ်''

သူ့ဂျာနယ်တွေမှာ ပါဝင်နေကျ နာမည်တွေကို ကျွန်မ လိုက်ရေရွတ်မိတော့ သူ ဟက်ဟက်ပက်ပက် ရယ်သည်။ ဘာမှတော့ ပြန်မငြင်းပါ။

သို့သော် သူ ခန့်မှန်းတာတော်ပါသည်။ ထိုမိတ်ကပ်ပေါင်ဒါဘူးဗိုင်းကလေးမှာ အလွန်သုံးလို့ကောင်းသည်။

အဲသည် ပေါင်ဒါပတ်ဖ်ဘူးကို ပထမဆုံးအကြိမ် လိမ်းသည့်နေ့က ကျွန်မနှင့်သူ ညှော်ခံပွဲတစ်ခုသို့ အတူသွားကြရသည့်နေ့။ ကျွန်မ သူပေးသည့် မိတ်ကပ်ကို လိမ်းလာကြောင်း သူ့ကို ပြောသင့်လား မပြောသင့်ဘူးလား။ ကျွန်မ စဉ်းစားကြည့်သည်။

ပြောလိုက်မယ်လေ၊ သူ ကျေနပ်သွားမှာပေါ့။

''မင်းညို... ငါလိမ်းထားတာ လှလား''

သူ ကျွန်မမျက်နှာကို တခြားအချိန်ဆို စေ့စေ့ကြည့်ပြီး စကားပြောချင်ပြောမည်။ အဲသည်လို မေးလိုက်သည့်အခါမှာတော့ စေ့စေ့ မကြည့်တော့ပေ။ တစ်ချက်သာ ဝတ်ကျေတန်းကျေကြည့်ပြီး

''အင်း အဆင်ပြေပါတယ်'' ဟု ဖြေသည်။ တကယ်ဆို ဘာဖြစ်လို့လဲဟု မေးရမှာ၊ သူ မမေးပေ။ သူ မမေးတော့ ကျွန်မပြောရမှာ ခက်သွား၏။ သို့သော် တခြားသူမှမဟုတ်ဘဲ၊ မေဇော်နုပဲ၊ ပြောချင်ရာကို မရရအောင် ပြောပစ်တတ်သည့်အကျင့်ရှိပါသည်။





''အဲဒါ နင်လက်ဆောင်ပေးတဲ့ မိတ်ကပ်ဘူး...ဟ''

''အော...''

သူ့အနည်းငယ် ပြုံးမယောင်ယောင် ဖြစ်သွားသည်။

''လိမ်းလို့ကောင်းလား''

''အဲဒါကို အခုငါမေးနေတာပဲ၊ ငါ့မျက်နှာလှသလား။ လှရင် လိမ်းလို့ကောင်းတယ်ပေါ့၊ မလှရင် လိမ်းလို့မကောင်းလို့ပေါ့''

ကျွန်မ၏မေးခွန်းကို သူမကြိုက်ပါ။ သူ မကြိုက်တာကို ချက်ချင်း တည်တန့်သွားသည့် သူ့မျက်နှာဖြင့် သိသာစေသည်သာမက စကားဖြင့်ပါ အသိပေး၏။

''မေဇော် ငါကနင့်ကို သာမန်မိန်းမ မဖြစ်စေချင်ဘူး။ နင်လိုတဲ့ အချိန်မှာ အလှအပကို စိတ်ဝင်စားနိုင်အောင် ငါ အလှပြင်ပစ္စည်း ပေးတယ်၊ တော်ပြီပေါ့၊ ဒီထက်ပိုပြီး နင်စိတ်ပါမသွားနဲ့လေဟာ။ ငါ့ကိုလည်း ဒီထက်ပိုပြီး စိတ်မဝင်စား ခိုင်းနဲ့...''

ထို့နောက် ကျွန်မအား ထိုစကားမှ လွှဲဖယ်ပေးသည်။

''ဒါနဲ့ နင့်ကို သတိပေးရအုံးမယ်၊ နင်လုပ်ထားတဲ့ ဝတ္ထုတိုစာရင်းထဲက 'တံတား'မှာ နင့်ထင်မြင်ချက်တွေ အများကြီး ပါနေတယ်၊ အဲဒါ မပါရဘူးလေ၊ ဘာအကြောင်း ရေးထားတာလဲ၊ ဘယ်ရှုဒေါင့်က ရေးထားတာလဲ၊ ဒါပဲပြောရမှာ။ နင်က မလိုတာတွေ လျှောက်ထည့်ထားတယ်၊ ကိုယ်က စာစုစာရင်းပြုစုတာ၊ မြဦးမေကို ဝေဖန် ချီးကျူးလုပ်နေတာမှ မဟုတ်ဘဲ''

သူက အဲသည်လိုပဲ။ စကားတစ်ခွန်းကို အလုပ်နှင့် ဆက်စပ်မှ ပြောချင်သည်။ သူ့ ဦးနှောက်ထဲမှာ အလုပ်ကလွဲလို့ ဘာမှ မရှိတော့ဘူးလား။ ဒါမှမဟုတ် ကျွန်မတစ်ယောက်တည်းကပဲ အချစ်တွေ ပြည့်



www.burmeseclassic.com

www.burmeseclassic.com



လှုံ့ပြီး စိတ်ကစားချင်နေတာလား။

သူ ကျွန်မကို အရိပ်တကြည့်ကြည့်နှင့် ဂရုစိုက်တာက ကျွန်မ လိုတာကို ဖြည့်ပေးဖို့ ဖြစ်သည်။ ကျွန်မ မပင်ပန်းရအောင် သူ ကူညီ နိုင်သမျှကို အားတက်သရော ကူညီပေးဖို့ ဖြစ်သည်။ ကျွန်မနှင့် လမ်းခွဲခါနီးတိုင်း သူမေးလေ့ရှိသည့် မေးခွန်းတစ်ခု ရှိသည်။

'နင် ဘာလိုသေးလဲ၊ ငါ ဘာလုပ် ပေးရမလဲ'တဲ့။

ကျွန်မကလည်း သူ့ကို အရိပ်တကြည့်ကြည့်နှင့် ဂရုစိုက်တာ ပါပဲ။ သို့သော် သူ ကျွန်မကို ဘာများ မကျေနပ်ဖြစ်သွားသလဲ၊ ကျွန်မ ဘာစကားများ မှားပြောလိုက်မိသလဲ၊ သူ မျက်နှာညိုသွားခဲ့သလား။ ကျွန်မကို သူချစ်မှချစ်ပါရဲ့လား။ သူ ကျွန်မကို မနေ့ကလောက် ဟက် ဟက်ပက်ပက် မရှိဘူး ထင်ပါရဲ့ စသည့် သူ့စိတ်ခံစားမှုကို အလေး ထားသည့် ဂရုစိုက်နည်းမျိုး ဖြစ်သည်။

သူနှင့်ကျွန်မ ဘယ်သူက ပိုပြီး သံယောဇဉ်ကြီးသလဲ။ ဘယ် သံယောဇဉ်က တစ်ဘက်လူအတွက် ပိုပြီး အကျိုးရှိ အသုံးတည့်သလဲ။ ကျွန်မ မသိ။

နှိုင်းယှဉ်ကောင်းသည့် အရာမဟုတ်ဘူး ထင်ပါရဲ့လေ။

ကျွန်မ ခရီးထွက်ခါနီး လေးရက်လောက်အလိုမှာ သူ့ကြောင့် ကျွန်မ မျက်ရည်ကျခဲ့ရသည်။

အဲသည်နေ့က ကျွန်မ သူ့ကို ဖုန်းဆက်မရသဖြင့် သူ့ဂျာနယ် တိုက်သို့ လိုက်သွားမိသည်။ ခရီးအတွက် လိုအပ်သည့် ပစ္စည်းများ ဝယ်နိုင်ရန် ဘဏ်မှ ငွေလာထုတ်ရင်း ဘဏ်၏ လမ်းတစ်ဘက်မှာ ရှိသည့် သူ့ဂျာနယ်တိုက်ကို လမ်းကြုံဝင်မိခြင်း ဖြစ်ပါသည်။ သူ ကျွန်မ





အတွက် ရထားလက်မှတ် ဝယ်ပြီးလောက်ပြီ၊ သူ ကျွန်မဆီ လာပေး နေရအောင်ဟု ကျွန်မ တစ်လက်စတည်း ဝင်သွားခြင်းဖြစ်သည်။ နောက်ပြီး သူ သိပ်အလုပ်မရှုပ်ရသည့်နေ့ဟု သိထားလို့လည်း သွား ခဲ့တာပါ။ သူ အလုပ်ရှုပ်ရသည့်နေ့တွေမှာ တနင်္လာ၊ ဗုဒ္ဓဟူး၊ စနေ၊ တနင်္ဂနွေဟု ကျွန်မ မှတ်မိသည်။ အဲသည်နေ့က ကြာသာပတေးနေ့ပါ။

ကျွန်မ စိတ်ထဲမှာ နည်းနည်းတော့ မျှော်လင့်ထားခဲ့သည်၊ ရထားလက်မှတ်ပေးရင်း 'နင်တစ်ယောက်တည်း မသွားနဲ့။ ငါ အဖော် လိုက်ပေးမယ်' ဟု သူ့အတွက်ဝယ်ထားသည့် လက်မှတ်ကိုပါ ကျွန်မ အား ပြလေမလား ဆိုတာမျိုး။

ကျွန်မ ရောက်သွားတော့ သူအလုပ်ရှုပ်ရမယ့်နေ့ မဟုတ်ဘဲ အလုပ် ရှုပ်နေသည်ထင်ပါရဲ့။ သွားခေါ်သည့် အမျိုးသမီးက 'ခဏလေး စောင့်ပါနော်'ဟု လာပြောသည်။ သူ တော်တော်နှင့် ထွက်မလာပါ။ တစ်ယောက်ယောက်ကို ဆူပူနေသည့် သူ့အသံကိုတော့ ခပ်သဲ့သဲ့ ကြားနေရသည်။

''ငါတစ်ရက်လေးပဲ ရန်ကုန်မှာ မရှိလိုက်တယ်။ အဲဒီတစ်ရက် လေးမှာ ပြဿနာဖြစ်အောင် လုပ်တယ်။ ပုံနှိပ်စက်အလုပ်သမားတွေ အလုပ်နားတာ၊ လပြည့်နေ့ဖြစ်တာ ဒါတွေကိုအကြောင်းပြလို့ ရမလား။ မင်းတို့ အကြောင်းပြချက်တွေကို ရုံးကို သွားပြောလို့ရမလား။ ဒါ ကလေးကစားတဲ့ ကိစ္စမဟုတ်ဘူး။ အခုတစ်ကြိမ် အသနားခံစာ တင် ခဲ့ရတယ်ထား၊ နောက်တစ်ကြိမ် ဒါမျိုးဖြစ်လို့မရဘူး။ ကြားလား။ ဒီလောက်လေးမှ ငါ လက်မလွှတ်ရရင် လက်ထောက်အယ်ဒီတာ ဘဝကနေ မင်း ဘယ်တော့မှ တက်မှာမဟုတ်ဘူး''

ဘုရားရေ... ကျွန်မ သူ့ဒေါသစကားသံကို တစ်ခါမှ မကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သဖြင့် အထူးအဆန်းဖြစ်ကာ နေရာမှာပဲ ဆက်ထိုင်နေရမလား။ အခန်းပြင်ပဲ ထွက်သွားလိုက်ရမလား ဝေခွဲမရဖြစ်နေ၏။ ရင်တလှပ်လှပ် ခုန်လာသည်။ ဧည့်ခန်းက ရုပ်မြင်သံကြားမှာ မြင်နေရသော CNN သတင်းရုပ်ပုံများကို ငေးစိုက်ကြည့်လျက် အာရုံထဲလည်း မရောက်လာ။ ဟင့်အင်း အဲဒီလို ဒေါသစကားသံတွေကို သူ့ထံမှ ကျွန်မ မကြားချင်ပါဘူး။

"အေးလေ၊ ဒါက မင်းအပြစ်ချည်းတော့လည်း မဟုတ်ပါဘူး။ ကျော်ဇင်ထွန်း အဲဒါ ရုံးကို မင်း တစ်နေကုန် တစ်ညလုံး ရောက်မလာတဲ့ အပြစ်လည်းပါတယ်။ ငါကလည်း မင်းတို့ နှစ်ယောက်ရှိတယ်လို့ စိတ်ချလက်ချ တစ်ရက် ပျောက်သွားတယ်၊ မင်းကလည်း ပေါ်မလာဘူးဆိုတော့ အောင်အောင်တစ်ယောက်တည်း ဘယ်နိုင်ပါ့မလဲ။ အောင်အောင်.. ဒီအတိုင်းဆိုရင် မင်းကို ကူဖို့ နောက်တစ်ယောက် ရှာတော့။"

"အဲဒီနေ့က ကျွန်တော် ဖျားနေလို့ ကိုမင်းညို"

သူ့အသံကို တော်တော်နှင့် မကြားရ။ ထိုအခန်းထဲမှာ တိတ်ဆိတ်သွားတာ အကြာကြီးပါပဲ။

ကျွန်မ စိတ်ထဲမှာ သူ့ကို တာဝန်ကြီးလှသော အယ်ဒီတာတစ်ဦးအဖြစ် တစ်ခါမှ စဉ်းစားမကြည့်မိခဲ့။ သူက ကျွန်မထက်တောင် အသက် သုံးလေးလ ငယ်သေးသည်။ ကျွန်မက အိမ်က ကားဂိတ်လုပ်ငန်းကို ဟိုဝင်ကူ သည်ဝင်ကူ လုပ်ရင်း ရှိသမျှ သင်တန်းတွေကို လိုက်တက်ရင်း အသက်၂၇နှစ်သို့ ရောက်လာသည်အထိ ကျွန်မ မရှိလို့ လုပ်ငန်းတစ်ခုခုမှာ ကမောက်ကမ ဖြစ်ရတယ်ဆိုတာမျိုး တစ်ခါမှ မကြုံခဲ့ဖူးပေ။





"ကဲကဲ ထားလိုက်တော့၊ ငါပြောတာက မင်းတို့ရဲ့တာဝန် ဘယ်လောက်ကြီးတယ်ဆိုတာ မမေ့နေမှာစိုးလို့ပါ။ အောင်အောင် သွား။ နောက်ဆက်တွဲတင်မယ့်စာမူတွေ ကွန်ပျူတာပရု(ဖ်)တစ်ချက် သွားစစ်။ ကျော်ဇင်ထွန်းက ကိုဗီအာနန်ရဲ့ ပုံ သွားရှာထား"

"ကိုမင်းညို ရှေ့မှာ ဧည့်သည်ရောက်နေတယ်နော်"

မိန်းကလေးသံတစ်သံ..။ ခပ်တိုးတိုး သတိပေးသည့်အသံ။

"အော် ဟုတ်ကဲ့။"

ဧည့်ခန်းသို့ ထွက်လာသည့် သူ့မျက်နှာတည်တည်က ကျွန်မကို မြင်တော့ အနည်းငယ်ပြေလျော့ကာ နူးညံ့သွားသည်ဟု ထင်သည်။

"မဇော် ဘာအရေးကြီးလို့လဲ၊ ငါ ညနေကျ နင့်ဆီလာမှာလေ"

"လမ်းကြုံတာနဲ့ပဲ"

ကျွန်မကို ဧည့်ခန်းမှာ ထိုင်ခိုင်းထားပြီး အယ်ဒီတာ အခန်းထဲသို့ သူ ခဏ ပြန်ဝင်သွားသည်။ စာရွက်ခေါက်တစ်ခုကိုင်လျက် ပြန်ထွက်လာသည်။ ကျွန်မဘေးက ဆိုဖာမှာ ဝင်ထိုင်၏။

"အရေးတကြီးကိစ္စ မရှိရင် နင် ဒီကို မလာရဘူး။ နော်"

တစ်ခါတုန်းက ပြောဖူးသောစကားအတိုင်း ခပ်တည်တည် မျက်နှာထားဖြင့် ကျွန်မကို ထပ်ပြောလေသည်။ ကျွန်မ အနေရ ခက်သွား၏။ သူက ကျွန်မ စိတ်ထိခိုက်သွားသည်ကို သတိထားမိသောအခါ ချော့မော့သည့်အပြုံးဖြင့် ကျွန်မအား ပြုံးကြည့်လေသည်။ ထို့နောက် သူ့လက်ထဲမှာ ကိုင်ထားသော စာရွက်တစ်ရွက်ကို ကျွန်မအား ပေးသည်။

ကျွန်မ လိုအပ်သည့်ပစ္စည်းများကို သူစာရင်းလုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



စာရွက်ဖြစ်သည်။ ယူသွားရမည့် စာရွက်စာတမ်းများ၊ အရေးပေါ် အသုံးအဆောင်များ၊ ဆေးဝါးများ၊ ကင်မရာနှင့် ဖလင်လိပ်များ၊ ကျွန်မ ဆီမှာရှိပြီးသော အချက်အလက်များ၊ ကျွန်မ ဆက်လက်ရှာဖွေဖို့ လို အပ်သည့် အချက်အလက်များ၊ မြဦးမေ၏ဆွေမျိုးထဲမှ ကျွန်မ တွေ့ရ မည့် သူများ၊

ကျွန်မ ရင်ထဲမှာ ဟာသွားသည်။ သူ ကျွန်မနှင့်အတူ မလိုက် နိုင်ဘူးဆိုတဲ့ သဘောလား။

မန္တလေးမှာ အရေးပေါ် ကျွန်မ နေမကောင်းဖြစ်ခဲ့လျှင် ဆက် သွယ်ရန် သို့မဟုတ် လိုအပ်လျှင် တည်းခိုနိုင်ရန် သူ့သူငယ်ချင်း တစ်ယောက်၏ ဖခင်ဆရာဝန်၏ လိပ်စာနှင့် ဖုန်းနံပါတ်၊ သူ့ထံမှ အကူအညီလိုလျှင် လှမ်းဆက်သွယ်နိုင်ရန် (ကျွန်မ အလွတ်ရပြီးသား) သူ့ အိမ်ဖုန်းနံပါတ်၊ ဂျာနယ်တိုက် ဖုန်းနံပါတ်နှင့် E-mail လိပ်စာ။ သူပေးသည့်စာရင်းကို ကြည့်ပြီး ကျွန်မ ရင်ထဲမှာနင့်သွားရင်း ရယ် မောမိ၏။ ဒါဖြင့် သူ ကျွန်မကို လိုက်မပို့နိုင်ဘူး။ သေချာသည်။ စောစောက ကျွန်မ ကြားလိုက်ရသည့် သူတို့ပြဿနာကြောင့် ပို၍ပင် သေချာသွားသည်။ သူ မျက်မှောင်ကြုတ်ပြီးနောက် ကျွန်မနှင့်အတူ လိုက်ရယ်ပါသည်။

''ငါတစ်ယောက်တည်း သွားရမှာပေါ့''

သူ စိတ်မကောင်းဖြစ်အောင် ကျွန်မ လွှတ်ခနဲရေရွတ်မိခဲ့သည်။

''အဲဒီလိုမပြောနဲ့လေ မေဖော်၊ မပြောရဘူး၊ ငါက ဘယ်လိုမှ ရက်ရှည် ခရီးထွက်လို့မရတဲ့ဥစ္စာ။ နင်ပြောတော့ ငါဘယ် စိတ်ကောင်း ပါ့မလဲ၊ တခြားလိုတာမှန်သမျှ ငါ ဒီကနေ လုပ်ပေးမှာပေါ့၊ နင်လိုတဲ့ စာအုပ်တွေ မှတ်စုတွေ ငါ ရှာပေးခဲ့တာပဲ။ နင့်အတွက် လိုအပ်ရင်





တစ်နေ့လုံး အချိန်ပေးခဲ့ပြီး ညကျမှ အိပ်ပျက်ခံ အလုပ်အစား ပြန်လုပ်လို့ ရရင် လုပ်ပေးခဲ့တာပဲ မဟုတ်လား''

သူက ကျွန်မကို စိတ်ရှည်လက်ရှည် ချော့မော့ခဲ့လေသည်။ ကျွန်မ လောဘ သိပ်ကြီးသွားခဲ့မိပြန်ပြီ။

''ငါသိပါတယ်ဟာ၊ ခက်တာက နင်က ငါ့ကို အမြဲတမ်း ဖြည့် ပေးခဲ့တာတွေ များနေတော့ အခုလေ ငါက နင်မပါရင် အသက် မရှင်တတ်တော့သလို ဖြစ်နေပြီဟ''

ရိုးသားစွာ ကျွန်မ ဖွင့်ပြောမိပါသည်။ ကျွန်မစကားကြောင့် ပထမပိုင်းမှာတော့ သူပြုံးနေသေးသည်။

''ငါ ဘယ်နေရာသွားသွား ငါ့ဘေးမှာ နင်အဖော်လိုက်ပေး တယ်၊ ငါကိုယ်တိုင် သွားစရာမလိုတဲ့ နေရာတွေဆိုရင် ငါ့အစား နင်ပဲ အပင်ပန်းခံတယ်။ မင်းညိုရယ် နင်ပဲ ငါ့ကို ကျွင့်ပေးခဲ့ပြီးတော့။ အခု ငါ အဝေးကြီးကို သွားရမယ့်အချိန်ကျတော့ ငါ့ဘေးမှာနင်မပါဘူး''

ပြောရင်း ကျွန်မ မျက်ရည်လည်လာသောအခါ သူ ပင့်သက် ရှိုက်ပါသည်။ ထို့နောက် ကျွန်မထံမှ မျက်နှာလွှဲလိုက်ပြီး တစ်နေရာရာ ကို လှမ်းငေးရင်း ခပ်တည်တည် မျက်နှာထားဖြစ်သွားသည်။

''နင် အဲဒီလောက် စိတ်မပျော့နဲ့လေ၊ ငါ မကြိုက်ပါဘူး။ တကယ်က ငါမပါလည်း ဖြစ်သွားမှာပဲ။ လုပ်ကြည့်စမ်းပါဦး၊ ငါကူညီ တာလည်း ကူညီတာပေါ့၊ ဒါပေမယ့် လောကကြီးမှာ ကိုယ်တိုင် လျှောက်မှ ရောက်တဲ့လမ်းတွေ အများကြီး ရှိသေးတယ် ညီမလေးရဲ့''

ကျွန်မသည် သူမရှိလျှင် တကယ် မနေတတ်တော့ပါဘူးဟု သူ့ကို ဖွင့်ပြောချင်လှသည်။ သို့သော် ထိုစကားသည် သူ့အား စိတ် မကောင်း ဖြစ်စေရုံသာရှိမည်။ သူ ဘာမှ လုပ်ပေးနိုင်တာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး သူက လက်ခံမှာ မဟုတ်။ ငါခရီးသွားနေတဲ့ နှစ်လလုံးလုံး နှင် ဘယ်လိုနေခဲ့လဲ။ အခု အဲဒီအတိုင်းပဲ ပြန်နေပေါ့ဟု သူ ပြောလိမ့်မည်။

သူ ခရီးသွားလို့ ကျွန်မတစ်ယောက်တည်း ကျန်တာက သပ်သပ်ပဲ၊ အဲဒီခရီးမှာ ကျွန်မမှ လိုက်လို့မရဘဲ။ အခု ကျွန်မ သွားမှာက သူလိုက်လို့ရသည့် ခရီးလေ။

မပြောနဲ့၊ အဲဒါကို မပြောပါနဲ့တော့၊ သူပြောတာမှန်ပါသည်။ လောကကြီးမှာ ကျွန်မတစ်ယောက်တည်း လျှောက်ရမည့် ခရီးတွေ ကျန်သေးသည်။ သူနှင့် ကျွန်မက အကြောင်းတိုက်ဆိုင်တုန်း ခဏပဲ အဖော်ဖြစ်ရတာ၊ ကျွန်မဘဝထဲကို သူလိုက်မလာတဲ့တစ်နေ့ကျရင် ကျွန်မဟာ တစ်ယောက်တည်းပဲ အရာရာကို ရင်ဆိုင်ရမှာပါ။ အခုကတည်းက ကျင့်သားရနေရင် မကောင်းဘူးလား။ ကျွန်မက အားကိုးချင်ပေမယ့် အားကိုးခံမယ့်သူက ငြင်းနေပြီလေ။

ကျွန်မ အားတင်းရင်း ဘယ်လိုအားငယ်မိမှန်းမသိ။ မျက်ရည်က အလိုလို ကျလာခဲ့တော့သည်။

"အဲ... မေဇော်"

သူ ကျွန်မအား အလန့်တကြားကြည့်ရင်း ဘာလုပ်ရမှန်းမသိ ပျာယာခတ် သွားပါသည်။

"ဟာ ဘာလို့ငိုတာလဲ၊ ဒါ ငိုစရာမှ မဟုတ်ဘဲ"

လူတွေအများကြီး ဝင်လိုက်ထွက်လိုက် လုပ်နေသည့် ဂျာနယ်တိုက်လို နေရာမျိုးမှာ ကျွန်မ မျက်ရည်ကျတတ်လိမ့်မည်လို့ ကျွန်မ ဘယ်လိုလုပ် ထင်ခဲ့ပါမလဲ။

"ဆောရီး"





ကျွန်မ ရှက်သွားပြီး အင်္ကျီလက်မောင်းဖြင့် ကမန်းကတန်း မျက်ရည် သုတ်ရသည်။

ကျွန်မမျက်ရည်ကြောင့် သူစိတ်ညစ်သွားမှာကို ကျွန်မ မလိုလားပါ။ ကျွန်မ သူ့ကို ကလေးတစ်ယောက်လို ငိုပြီးပူဆာသည်ဟု သူ ထင်သွားမှာကိုလည်း ကျွန်မ မလိုလားပါ။ သူ မျက်နှာ မှုန်သွားသည်။ သက်ပြင်းတစ်ချက် ချပြန်သည်။

"ကဲ မေဇော် ဒီလိုလုပ်မယ် "

"ဟင့်အင်း ဘယ်လိုမှ လုပ်စရာ မလိုပါဘူး။ နင်မလိုက်နိုင်လို့ ငါငိုတာ မဟုတ်ပါဘူး။ "

စကားဖြတ်ပြီး ကျွန်မငြင်းတော့ သူ မျက်မှောင်ကြုတ်သွား၏။

"ဒါဖြင့် ဘာဖြစ်လို့ ငိုတာလဲ"

"တခြားကိစ္စပါ၊"

"ဘာကိစ္စလဲ"

ကျွန်မ ခေါင်းယမ်းလိုက်သည်။ မပြောပါ။

"ငါနဲ့ဆိုင်တဲ့ တခြားကိစ္စမဟုတ်လား"

"မဟုတ်ပါဘူး"

"မေဇော်"

"ဟင့်အင်း ငါပြန်တော့မယ်"

ကျွန်မ ထိုင်ရာမှ ထရပ်တော့ သူပါ လိုက်ရပ်သည်။

"ငါ့ရှေ့မှာထိုင်ပြီး ငါနဲ့ စကားပြောနေရင်း ချက်ချင်းကြီး နင်စိတ်ပြောင်းသွားတာ ငါ့ကြောင့်မဟုတ်ရင် ဘယ်သူ့ကြောင့်ဖြစ်မှာလဲ"

သူ့အသံက မာတော့မမာပါ၊ သို့သော် နူးညံ့ ကြည့်ပြုံးမှုတော့ မရှိ၊ မျက်ရည်ကျနေသော မိန်းကလေးတစ်ယောက်ကို ပြောသည့်



www.burmeseclassic.com

www.burmeseclassic.com



စကားသံမျိုး မဟုတ်ပါ။

"ငါပြန်တော့မယ်"

"ပြန်ရမယ် ငါလိုက်ပို့မယ်"

"မပို့ပါနဲ့"

သူ ဘာမှမပြောဘဲ ကျွန်မရှေ့မှ ထွက်သွားသည်။

"မင်းညို... နင့်မှာ အလုပ်တွေ အများကြီး၊ နင်ပစ်ထားခဲ့လို့ မရဘူး"

သူ ကျွန်မအား လှည့်ကြည့်သည်။ သူ့မျက်နှာတည်တည်မှာ ကျွန်မအတွက် ကရုဏာကို ရှာဖွေကြည့်မိသည်။ မတွေ့ရပါဘူးလေ။

"အေး ဒါကို နင်သိတယ်ဆိုရင် ငါ စိတ်သက်သာရာ ရတာပေါ့ဟာ၊ အခု နင့်ကို အိမ်လိုက်ပို့မယ်"

"ရပါတယ်၊ နေ့ခင်းကြီးပဲ"

ကျွန်မအသံမှ တစ်ခုခုကို သူခံစားမိသွားသည် ထင်၏။ သူ အနည်းငယ် ပြုံးသွားသည်။

"မန္တလေးကို လိုက်မပို့နိုင်ပေမယ့် သမိုင်းကိုတော့ လိုက်ပို့မယ်လေ"

"လိုမှ မလိုဘဲ"

"စိတ်မကောက်နဲ့"

"မကောက်ပါဘူး"

ကျွန်မက မပို့စေချင်ပေမယ့် သူ့ဆုံးဖြတ်ချက်ကို ကျွန်မ ဘယ်တုန်းကမှ ပြန်လှန်ဆွေးနွေးလို့ နိုင်ခဲ့သည်မဟုတ်။ ထို့ကြောင့် သူ့နောက်မှ အသာလိုက်သွားခဲ့ရသည်။

"ရထားလက်မှတ် ရသတဲ့လားဟင်"





လာရင်းကိစ္စကို အမှတ်တမဲ့ ပုံစံဖြစ်အောင် အရေးမကြီးသည့် လေသံဖြင့် မေးရပါသည်။

"ငါမှ မလိုက်နိုင်တာ၊ နင် ရထားနဲ့ မသွားရပါဘူး၊ လေယာဉ်နဲ့ပဲ သွားပါ"

ကျွန်မ သူ့ကို ဖြုန်းခနဲ မော့ကြည့်လိုက်မိ၏။

"ငါ လေယာဉ်လက်မှတ် မှာလိုက်တယ်။ တစ်ရက်ကြိုပဲ ဝယ်ရတာမို့ ၁၃ ရက်နေ့မှ ရမယ်၊ လေယာဉ်နဲ့ဆိုတော့ နင် ၁၄ ရက်နေ့မှ သွားပေါ့"

"ဟင် မင်းညို နင်ငါ့ကိုလည်း မတိုင်ပင်ဘူး"

"နင့်ကို တိုင်ပင်ရင် နင်က သဘောတူမှာမှ မဟုတ်ဘဲ။ ပိုက်ဆံနှမြောတဲ့စိတ်နဲ့ နင်ငြင်းမှာလေ၊ ဒါကြောင့် ငါ့ဟာငါ ဆုံးဖြတ်၊ ငါ့ဟာငါပဲ ဝယ်ခိုင်းလိုက်တာ"

သူ အငှားကားတစ်စီးကို တားလိုက်၏။ ထိုအချိန်မှာ ကျွန်မ ဒေါသထွက်သွားခဲ့ပြီ။

"မင်းညို မကောင်းဘူး"

"ကဲ ငါ့ကို နောက်မှ အပြစ်တင်...နော်၊ ကားပေါ်တက်၊ လမ်းကျမှ ဆက် ရန်တွေ့"

ကျွန်မက သူ့ကို ဘယ်လိုလုပ်ပြီး ရန်တွေ့နိုင်ပါ့မလဲ။ ရထား တစ်ညလုံး စီးသွားရမယ့် ကျွန်မကို ဘေးထိုင်ခုံက ဘယ်လိုလူမျိုးနှင့် တွဲကျမှာလဲ၊ သက်သောင့်သက်သာမှ ရှိပါ့မလား၊ ပင်ပန်းနွမ်းနယ်နေမလား၊ အစစအရာရာ ဘာမှစိတ်ပူစရာမလိုအောင် သူ စောင့်ရှောက်ပေးလိုက်တဲ့ ကိစ္စ။ ကျွန်မက ဘယ်အကြောင်းဖြင့် အပြစ်တင်ရမလဲ။ ပိုက်ဆံကုန်တယ်လို့ အပြစ်တင်ရအောင်ကလည်း လောလော



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကုန်လိုက်တဲ့ ပိုက်ဆံက သူ့ပိုက်ဆံ။ ကျွန်မပြန်ပေးလို့ သူယူမှာ မဟုတ်တဲ့ငွေ။ တစ်ခုခု ကျွန်မ ကုန်ကျစရာရှိတိုင်း သူပိုက်ဆံထုတ်ပြီး သူ့ကို ကျွန်မ ပြန်ပေးဖို့ ကြိုးစားတိုင်း သူ ပြောလေ့ရှိသည့် စကား တစ်ခွန်းမှာ 'နင်က ဝင်ငွေ မရှိသေးဘူး၊ မိဘလုပ်စာ ထိုင်စားနေရ တဲ့ကောင်၊ ငါက ဝင်ငွေရှိနေပြီ။ ငါပဲ ပေးမယ်၊ နင်အလုပ်ရရင် ငါ့ကို တစ်လှည့် ပြန်ပြုစုပေါ့'တဲ့။

"အဲဒီနေ့က သောကြာနေ့ကျတယ်၊ ငါ နင့်ကို လေယာဉ်ကွင်း လိုက်ပို့ပေးဖို့ အားတယ်ဟ"

သူက ကျွန်မအား ချော့မော့သော အပြုံးဖြင့် ပြောသည်။

"နင် ဟိုရောက်လို့ရှိရင် လေယာဉ်ကွင်းကို ငါ့သူငယ်ချင်းရဲ့ အစ်မ လာကြိုပေးလိမ့်မယ်။ မြဦးမေအိမ်မှာ နင် မတည်းချင်ရင် အဲဒီအစ်မအိမ်မှာ နင်တည်းလို့ရတယ်။ အဲဒါက နောက်မှ ညှိယူပေါ့၊ နင်တကယ် တည်းဖြစ်တဲ့ လိပ်စာကို ငါ့ဆီ အီးမေးလ်နဲ့ပို့ပေး။ ငါညတိုင်း အီးမေးလ် ဖွင့်ကြည့်နေမယ်"

"အဲဒီ အစ်မဆီမှာ အီးမေးလ်ရှိတယ်ပေါ့"

"မရှိဘူး၊ ဒါပေမယ့် ဟိုတယ်လ်တွေမှာ အီးမေးလ် ဆားဗစ်စ် တွေ ရှိတာပဲ။ သူတို့ကို နင်ရေးချင်တဲ့စာ ရေးပေးပြီးပြလိုက်၊ သူတို့ ရိုက်ပေးမှာပေါ့။ နင်က ပိုက်ဆံ ကျသင့်သလောက် ပေးလိုက်ရုံပဲ"

"အင်း..."

သူ မလိုက်ပေမယ့်လည်း သူလိုက်ပါလာသလို လုံခြုံအောင် သူ စီစဉ်ပေးခဲ့တာပဲလေ။ ကျွန်မ၏ အလိုမကျမှုများ နည်းနည်း လျော့ သွားပါသည်။

"ငါ တစ်ခုတော့ ပြောချင်တယ်၊ နင့်ဘဝကို ငါကန့်သတ်





ထယ်လို့ နင် မထင်ရင်လေ"

သူက ကျွန်မအား ခပ်ဆဆကြည့်လျက် စကားတစ်ခွန်းပြောဖို့ ချိုးစားရင်း အစချီသည့်အခါ ကျွန်မ စိတ်ပြိုပြင်မှုတွေ ချက်ချင်း ပျောက်ကွယ်သွားပြီး ကမန်းကတန်း ခေါင်းယမ်းမိ၏။

"ဟင့်အင်း မထင်ဘူး၊ ပြော ကြိုက်တာပြော"

"နင့်ဘဝကို စာရေးဆရာမတစ်ယောက်ရဲ့ အထုပ္ပတ္တိပြုစုတဲ့ နေရာမှာ အာရုံစူးစိုက်ထားတာ မကောင်းဘူးလို့ ငါ မပြောပါဘူး။ ဒါလည်း သုတေသနလုပ်ငန်းတစ်မျိုးပဲ။ ဒါပေမယ့် နင်ဖြစ်ချင်တဲ့ စာကြည့်တိုက်မှူးဘဝနဲ့တော့ ဝေးမသွားစေချင်ဘူး၊ နင့်ကို ပြင်သစ် ယဉ်ကျေးမှုဌာနက စာကြည့်တိုက် သင်တန်းတက်ဖို့ ပြင်သစ်ကို ပို့မှာလေ"

သူက ကားရှေ့ခန်းမှာ ထိုင်တာမို့ အနောက်နေသည့် သူ့ နောက်နှာပေါ်သို့ တိုက်ရိုက်ကျနေသည်။ သူ မျက်မှောင်ကြုတ်ထားသည် မှာ နေရောင်၏ စူးရှမှုကြောင့် ဖြစ်မှာပါ။

"ငါ့ကိုရယ်လို့ အသေအချာပြောလို့ မရပါဘူး၊ အရည်အချင်း မီတဲ့လူ နှစ်ယောက်သုံးယောက် ရှိနေတာ၊ ငါတို့ကို အရည်အချင်းစစ် လုတွေ့ နှုတ်မေး မေးဦးမှာပါ။ ငါ အရွေးခံရမယ်လို့ မသေချာဘူးလေ"

"ဘယ်တော့ ဖြေရမှာလဲ"

"ရက် အတိအကျ မသိရသေးဘူး၊ နီးရင် အိမ်ကို အကြောင်း ကြားမယ်လို့ ပြောတာပဲ"

"နင်ဖြေမှာ မဟုတ်ဘူးလား"

ကျွန်မ သူ့ကို တစ်ချက်ပဲ ကြည့်လိုက်ပြီး မျက်လွှာ ပြန်ချ လိုက်မိ၏။ ကျွန်မ အဲသည် ကိစ္စကို သိပ်အာရုံမစိုက်မိတော့တာ သူ



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိသွားမှာပါ။

"ရက်အတိအကျ သိဖို့ကို ငါ့တာဝန်ထား၊ သိရင် ငါနင့်ဆီ အကြောင်းကြားမယ်။ အဲဒီရက်မှာ ဖြစ်အောင်ပြန်လာရမယ်နော်"

"ငါ ဖြေနိုင်ပါ့မလား မသိဘူး မင်းညို၊ ငါ ပြင်သစ်စကားတွေ လည်း သွက်သွက် မပြောနိုင်တော့တာ ကြာပြီ"

ကိုယ့်ကိုယ်ကို ယုံကြည်မှု မရှိတော့တာလည်း ကြာပြီထင်ပါရဲ့။

သူ ကျွန်မဘက်သို့ လှည့်ကြည့်သည်။ သူ့မျက်နှာမှာ စိုးရိမ် ပူပန်မှုကို ကျွန်မ မြင်နေရ၏။

"တော်ပြီ အဲဒီအကြောင်းတွေ ညကျမှ နင့်ဆီ ဖုန်းဆက်မယ်။ အခု နင်လုပ်ရမှာက ဟိုရောက်ရင် နင်မေးရမယ့် မေးခွန်းတွေ၊ တွေ့ရ မယ့် လူတွေ စီစဉ်တကျ ချရေးထားဖို့ပဲ၊ တချို့မေးခွန်းတွေက တုံ့တိုးမေး လို့ မကောင်းဘူးနော်၊ အိမ်ထဲကနေ နင်ထုတ်ခံနေရမယ်၊ သတိထား"

သူက ပြုံးလျက် ကျွန်မအား သတိပေး၏။

"ငါသိပါတယ်"

မြဦးမေမှာ အိမ်ထောင်နှစ်ဆက်ရှိသလိုလို၊ မြဦးမေ သေဆုံး သည်မှာ မတော်တဆဖြစ်မှုလိုလို။ ကိုယ့်ကိုယ်ကို သတ်သေမှု လိုလို။

"နင့်ကို ငါ စိတ်မချဘူး။ စိတ်မချတာက ခရီးအတွက် မဟုတ် ပါဘူး။ နင်လုပ်ရမယ့် အလုပ်အတွက်။ ငါ့နေရာမှာ သုံးလေးရက်လောက် အစားဝင်ပေးနိုင်မယ့်သူ ရှိရင် ငါလိုက်လာခဲ့မှာပါ"

"တော်ပြီ မပြောနဲ့တော့"

ကျွန်မ သူ့ကို ပြုံးကြည့်လျက် နားလည်ပေးလိုက်ပါသည်။

✣ ✣ ✣





## သက်တန့်စံကားဖြူ (Magnolia biondii)

"ဒီတစ်ခြံလုံးက စံကားပင်တွေ အားလုံးထဲမှာ ဒီ စံကားဖြူပင် က အသက်အကြီးဆုံးပေါ့"

စံကားဖြူပင်၏အောက်တွင် ကျွန်မ မတ်တတ်ရပ်နေသည့်အခါ နှင်းသည် ရှူသွင်းလိုက်သော လေမှတဆင့် ရင်ထဲအထိ ထုံအီ ချိုမြ စွာ မွှေးပျံ့လေသည်။

နေရောင် တစ်စွန်းတစ်စသည် အရွက်အခက်ကြားမှ ခဏနေ လျှင် ရောက်လာတော့မလိုနှင့် အောက်ခြေပင်စည်ဆီသို့ ဘယ်တော့မှ ရောက်မလာခဲ့ပေ။ နံနက်ခင်းနေရောင်ကလည်း ဟိုး ပင်မြင့် ကိုင်းဖျား ကိုင်းစပ်ဆီမှာပဲ တောက်ပဖြာလဲ့သလိုလိုလေး မြင်လိုက်ရပြီး တစ်နေ့ ခင်းလုံး အရိပ်ပဲ၊ ညနေရောက်တော့မှ ညနေ နေခြည်နွေးနွေးကို



www.burmeseclassic.com

www.burmeseclassic.com



ပင်စည်ပေါ် အခေါက်ပေါ်မှာ ခပ်စောင်းစောင်းတင်နေသည်ကို မြင်ရသည်။ ပင်စည်လုံးပတ်သည် သုံးပေပတ်လည်လောက်တော့ ရှိမည်ထင်သည်။

"သူ့ကို စိုက်တဲ့အချိန်မှာ ခြံထဲမှာ ချုံပုတ်တွေပဲ ရှိသေးတာ။ လက်သမားလေးဟာ သူစိုက်တဲ့ အပင်ပေါက်ကလေး တစ်ပေလောက်ရှိမှ စံကားမျိုးရင်းပင်လေးဖြစ်မှန်း သေချာသွားသတဲ့။ စံကားမျိုးရင်းထဲက ဘာစံကားဖြစ်မလဲ၊ စံကားဝါလား၊ စံကားဖြူလား၊ စံကားနီလား ဆိုတာတော့ သူမသိဘူး။ အပင်လေးကို ကလေးမလေးရဲ့ အဖေ့အမှတ်နဲ့ နေ့စဉ် ဂရုစိုက် ရေလောင်း၊ ပေါင်းမြက်သုတ်သင်ပေါ့။ ကလေးမလေးနဲ့ စံကားပင်လေးဟာ အတူတူ ကြီးပြင်းလာခဲ့ကြတယ်။ ဆယ့်သုံးနှစ်သမီး မြ နဲ့ ဆယ့်သုံးနှစ်သမီး စံကားပင်လေးဟာ အရပ်ချင်းတော့ ကွာတာပေါ့။ မြက အရပ်ငါးပေရှိတဲ့ အချိန်မှာ စံကားပင်လေးက ရှစ်ပေလောက် ရှိနေပြီ"

မြ...။ ကလေးမလေးနာမည်က မြ...တဲ့။ သူ့ပုံပြင်ထဲမှာ လူတွေပါဝင်သော်လည်း ကျွန်မ အခုမှပင် နာမည်တစ်ခုကို ကြားရခြင်းဖြစ်သည်။

ကျွန်မသည် ပုံပြောသူကိုတွေ့မြင်နိုင်ရန် စံကားပင်၏ပင်စည်ကို ကျောကပ်မှီနေရာမှ နောက်ဘက်သို့ ရုတ်တရက် ထွက်ရပ်လိုက်သည်။

မြွန်းခနဲ ရှောင်ပုန်းချိန်မရလိုက်သော ပုံပြင်ဆရာသည် စံကားပင်၏ တစ်ဘက်မှာ ကျွန်မကို မျက်နှာချင်းဆိုင်လျက်သား ဖြစ်နေတော့မည်ဟူသည့် မျှော်လင့်ချက်နှင့် ဖြစ်သည်။

သို့သော် ကျွန်မ၏မျက်စိအောက်တွင် လူတစ်ယောက်မှ မရှိ။





နေဝင်ဆည်းဆာတွင် စံကားပင်များသည် မျက်စိတဆုံး စိမ်းမှောင်အုပ်ဆိုင်းစွာ၊ အဖြူရောင် ကိုင်းပင်ရှည်များသည် လေအသွဲ့တွင် ယိမ်းနွဲ့စွာ။

ကျွန်မ ကြက်သီးဖြန်းခနဲ ထသွား၏။

အိမ်ရှိရာနေရာသို့ တစ်ချက်မျှော်ကြည့်လိုက်သည်။ တန်းစီနေသော သစ်ပင်များ၏ အဝေးမြင်ကွင်းမှတပါး ဘာကိုမှ မမြင်ရ၊ သစ်ပင်များသည် ကျွန်မအား အန္တရာယ်မှ ကာကွယ်ပေးမည့် သက်တော်စောင့် စစ်သည်များသဖွယ် စီတန်းရပ်နေခြင်းဖြစ်သည်။ ကျွန်မမှာ ဘာဒုက္ခမှ ကြုံတွေ့မှာမဟုတ်။

ပုံပြောနေသည့်စကားသံ ဘာကြောင့်ရပ်သွားသလဲ၊ ကျွန်မ သိသလိုလို ရှိသည်။

ကျွန်မ စောစောကနေရာမှာ ပြန်လာပြီး စံကားပင်ခြေရင်းတွင် ထိုင်ချလိုက်သည်။ စံကားပွင့်ကြွေများ ဖွေးဖွေးလှုပ်နေသည့် မြက်ခင်းပြင်သည် အစိမ်းနှင့်အဖြူ ရောစပ်ကာ လှပသော ပန်းချီကားတစ်ချပ်ပမာ နှိုသည်။

"မြက လှသလား"

စောစောက သူ့ကို အမိဖမ်းဖို့ ကြိုးစားခဲ့တာ ကျွန်မ မဟုတ်သလိုပင် ပြေပြစ်စွာမေးမိ၏။

မမျှော်လင့်ဘဲ သူ ကျွန်မ၏ မေးခွန်းကို ဖြေပါသည်။

"လှတယ်"

သူ့အသံက နည်းနည်းတော့ တိုးတိမ်သွားသည်။

"အသားက ဖြူဝင်းနေတယ်၊ သူ့ဆံပင်က အနက်မှောင်ရောင်ပေါ့။ သွယ်သွယ်နွဲ့နွဲ့လေး။ သူ တောင်ကုန်းပေါ်ကနေ ပြေးဆင်းလာရင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆံပင်တွေ လေမှာလွင့်နေတာက သိပ်လှတယ်။ ရေလှိုင်းတွေ လှုပ်ရှားနေသလိုပဲ''

သူ့အသံက ကျွန်မအနားသို့ နီးနီးလာသည်။ ခပ်လှမ်းလှမ်းမှ ကျွန်မထံ လမ်းလျှောက်လာရင်း စကားပြောနေသလိုပဲဖြစ်၏။

''မြအသက် ဆယ့်သုံးနှစ်ပြည့်တဲ့နေ့မှာ ထူးဆန်းပြီး ကြည်နူးစရာ အဖြစ်တစ်ခု ကြုံကြရတယ်။ ခြံထောင့်မှာ စိုက်ထားတဲ့ စံကားပင်ကနေ ပထမဦးဆုံး ပန်းပွင့်တွေ ပွင့်လာခဲ့တယ်လေ။ ပထမတော့ ပန်းပွင့်နေတာကို ဘယ်သူမှ သတိမထားမိဘူး။ မကြုံစဖူး မွှေးပျံ့ထုံသင်းနေတဲ့ ပန်းရနံ့ကို ရလိုက်တော့မှ သစ်ပင်ဆီပြေးကြည့်မိတော့... ဟား ပန်းတွေ ပန်းတွေ။

''ပန်းပွင့်တွေက အဖြူရောင်၊ ဆင်စွယ်လိုဖြူတဲ့ အဖြူရောင်။ ခပ်သေးသေးပေမယ့် သိပ်လှတယ်။ အလယ်က ဝတ်မှုန်တိုင်မှာ ဝါဖျော့ဖျော့ ဝတ်မှုန်တံလေးတွေ အများကြီးပါတယ်။ ဝတ်မှုန်တံ တစ်ခုချင်းစီမှာလည်း ဝတ်မှုံလေးတွေ အများကြီးပေါ့''

ကျွန်မ ပန်းပွင့်တစ်ပွင့်ကို မြက်ခင်းပေါ်မှ ကောက်ယူ ကြည့်မိသည်။ အဖြူရောင် ပွင့်ချပ်လေးတွေမှာ ကြွားရွားလှပ၏။ ရှိုက်နမ်းလိုက်တော့ ရင်ထဲထိအောင် ထုံသင်းမွှေးပျံ့သွားလေသည်။

''အဲဒီတော့မှပဲ လက်သမားလေးလည်း သူစိုက်ခဲ့တဲ့ သစ်ပင်ဟာ စံကားဖြူပင်ဖြစ်တယ်လို့ သေချာသွားတော့တယ်။ သူ့အပွင့်ဟာ အဖြူဆွတ်ဆွတ်၊ ဒါပေမယ့် ပွင့်ချပ်တွေရဲ့ အရင်းမှာ ပန်းနုရောင်သမ်းနေတယ်၊ အနံ့ကလည်း သံပရာနံ့နဲ့ အာဖရိက က သက်တန့်ပန်းအနံ့နှစ်မျိုးရောနေတယ်။ ဒီတော့ ဒါကို သက်တန့်စံကားဖြူလို့ပဲ သူခေါ်လိုက်တယ်။ ရုက္ခဗေဒအမည်က Magnolia biondii မက်ဂ်နိုလီ





ယာ ဘီယွန်ဒီပေါ့။ မြဟာ အဲဒီပန်းတွေကို သိပ်ကြိုက်တာ။ မြ ယူချင်တယ်ဆိုတော့ လက်သမားလေးက စံကားပင်ပေါ်တက်ပြီး ပန်းတွေကို ခူးပေးတယ်။ မြကမေးတယ်။ 'ဘာဖြစ်လို့ ပန်းပင်က တစ်ပင်တည်းရှိတာလဲ'တဲ့၊ အဲဒီနေ့ကစပြီး လက်သမားလေးဟာ တစ်တောဝင် တစ်တောင်တက်နဲ့ စံကားပင် ရှာပုံတော် ဖွင့်ရပါလေရော၊ နှစ်နှစ်လောက် ကြာသွားမှ စံကားပင်ပေါက်မျိုးစုံ မျိုးစေ့အစုံနဲ့ ရွာကို ပြန်ရောက်လာတယ်''

ကျွန်မ ပြုံးမိသည်။ လက်သမားလေးသည် မြကို တော်တော် ချစ်မြတ်နိုးပုံ ရပါသည်။ မြအတွက်နှင့် မြနှင့် နေ့စဉ်ရင်းနှီး တွေ့ဆုံခွင့်ကိုပင် စွန့်ပယ်ခဲ့သူကို။

''လက်သမားလေးဟာ သူပါလာတဲ့ စံကားပင်တွေကို အစေ့ မျိုးလိုက်၊ အပင်စိုက်လိုက် ရေလောင်းလိုက်နဲ့ သူ့ဘဝမှာ မြနဲ့ စံကားပင်တွေချည်းပဲပေါ့။ မြက သိပ်လိမ္မာတယ်၊ သူ့ကို ကျောင်းအားတဲ့ အချိန်တိုင်း ကူညီပြီး အပင်တွေကို ရေလောင်းပေးတယ်လေ။

''တချို့ စံကားပင်တွေက အစေ့စိုက်ရတာ လွယ်တယ်။ တချို့ကျတော့ အစေ့စိုက်ရတာ တော်တော်ခက်တယ်။ အံ့ဩစရာကောင်းတာက တချို့ စံကားပင်တွေဟာ ကိုင်းကို ဖြတ်ပြီး ကိုင်းငုတ်တိုကို မြေကြီးထဲစိုက်ပြီး ပြန်ပျိုးယူရတာ လွယ်နေတယ်။ သူကတော့ လွယ်လွယ်နဲ့ရတဲ့ အစေ့ပျိုးပင်ရော၊ ကိုင်းဖြတ်ဆက်တဲ့ ပျိုးပင်ရော လောဘတကြီး ရှာဖွေစိုက်လိုက်တာ နောက်ဆုံးသူကိုယ်တိုင်ဟာ စံကားပင်ဆိုင်ရာ ရုက္ခဗေဒ ကျွမ်းကျင်သူတစ်ယောက် ဖြစ်လာပဲ့ အထိပဲ၊ မြန်မာတစ်နိုင်ငံလုံး သူမရောက်ဘူးတဲ့ ဒေသ မရှိဘူး။ သူမသိတဲ့ စံကားပင်မရှိဘူး။ သူ ဆုံးဖြတ်လိုက်တယ်၊ မြရဲ့ ခြံကို စံကားပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ချည်းရှိတဲ့ ပြတိုက်တစ်ခု လုပ်လိုက်မယ်လို့''

ကျွန်မ၏မျက်စေ့တစ်ဆုံး တစ်ပင်နှင့်တစ်ပင် ထပ်နေသည်ထင်ရလောက်အောင် အရိပ်ချင်းဆက် အကိုင်းချင်းယှက် ဖြိုင်လျက် ပေါက်ရောက်နေသော စံကားပင်များကို ကျွန်မငေးမော ကြည့်နေမိသည်။ နေရောင် တဖြည်းဖြည်း ကျလာသောအချိန်တွင် စံကားပင်တို့၏ ပင်စည်အခေါက်များသည် အရောင် ရင့်ရင့်လာကာ မှောင်မှိုင်းလာသည်။ ထိုအချိန်မျိုးတွင် အပင်ထိပ်ဖျားစွန်းမှ ပန်းပွင့် တစ်ပွင့်ကြွေကျလာသည့် မြင်ကွင်းသည် အမှောင်ရိပ် အသားပေးသော ရုပ်ရှင်ပြကွက် တစ်ခုပမာ ဖြစ်သည်။ မဲမှောင်သော ပင်စည်အခေါက်တွေ၊ စိမ်းညို့မှောင်သော အကိုင်းအခက်အရွက်တွေနောက်ခံဖြင့် အမြင့်သီမှ ဝဲလွင့် ဝေ့ဝိုက်ကာ ဖြည်းဖြည်းချင်း ကြွေကျလာနေသော သဏ္ဌာန်သည် ကျွန်မကို မလှုပ်မယှက်ငေးမော မိလောက်အောင် ညို့ယူနိုင်စွမ်းလေသည်။ တစ်လောကလုံးကို မေ့နေလောက်အောင် အာရုံထွေပြားနေသူပင် ပီပြင်စွာ သတိထားမိနိုင်သည်အထိ အဖြူနှင့် အနက်၏ ဆန့်ကျင်ခြင်း အလှက ထင်ရှားသည်။

''မြက စံကားပင်တွေအကြောင်း စာရေးထားတဲ့အခါ အလွန်ဖတ်လို့ ကောင်းတာပဲ၊ သူစာရေးဟန်က လူတစ်ယောက်ကို ဖမ်းစားညို့ယူနေတဲ့ ပညာရှင်မ လိုပဲ။ မြရေးသမျှစာတွေကို မြအဖေက လွှင့်ပစ်တယ်၊ လက်သမားလေးက ကောက်သိမ်းထားပြီး မြတ်မြတ်နိုးနိုးဖတ်တယ်''

''လက်သမားလေး မဟုတ်တော့ပါဘူး၊ ဥယျာဉ်မှူး ဖြစ်သွားပြီပဲ''

ကျွန်မ ပုံပြောဆရာကို စကားအသုံးအနှုန်း ပြင်ပေးမိ၏။





သူတစ်ချက် တွေဝေသွားသည်။

''မဟုတ်သေးဘူးထင်တယ်၊ သူက လက်သမားအလုပ်နဲ့ပဲ အသက်မွေးတာ၊ ဥယျာဉ်မှူးအလုပ်နဲ့ သူအသက်မမွေးဘူး''

''ဒါပေမယ့် သူက မြအတွက်နဲ့ ဥယျာဉ်မှူး ဖြစ်ခဲ့ပြီလေ၊ မြနဲ့သူရဲ့ဇာတ်လမ်းမှာ သူက ဥယျာဉ်မှူးပဲပေါ့''

ကျွန်မ အပြုံးလျော့လျော့ဖြင့် ဖွတ်အကြွပ်ကိုင်မိ၏။ ထိုအခါ သူ သဘောတူလိုက်သည်။

''ကောင်းပြီလေ၊ ဥယျာဉ်မှူးပေါ့''

မိုးရိပ်မိုးငွေ့ကြောင့် ရာသီဥတုသည် ရုတ်တရက်အေးစိမ့်လာသည်။ လေတစ်ချက်တိုက်လိုက်သောအခါ ကျွန်မ မှီထိုင်နေသော စံကားပင်သည် အကိုင်းအခက်များလှုပ်ရှားသံဖြင့် အသံတိုးတိုး ညည်းညူလိုက်လေသည်။ ကျွန်မ တစ်ချက်တုန်သွားသည်။

''မင်း အေးနေပြီ''

သူက ကျွန်မကို တိုက်ရိုက် စကားပြောလိုက်သဖြင့် ကျွန်မ ငြိမ်သွားပါသည်။ ပင်စည်ကို ကျောကပ်မှီထားရာမှ ကျွန်မမော့ကြည့်လိုက်မိသည်။ ကျွန်မ တစ်ချက် စိမ့်ခနဲ တုန်ခိုက်သွားတာကို မြင်ဖို့ဆိုလျှင် ကျွန်မနှင့်သူ မျက်နှာချင်းဆိုင်ရှိနေမှ ဖြစ်မည်မဟုတ်လား။ သို့သော် မြင်လွှာအောက်တွင် ဘယ်သူမှ မရှိ၊ ဘယ်အရာမှ မရှိပါ။ မှောင်ရီ ဝိုးတဝါးတွင်ပဲဖြစ်ဖြစ် ကျွန်မ သူ့အရိပ်အယောင်ကို မြင်လိုက်ချင်သည်။ ဘာကြောင့်လို့ ကျွန်မအမြင်ကို မခံချင်ရတာလဲ။ သူအရုပ်ဆိုးသလား။ သူ့အသံကတော့ ပျို့မြစ်နုငယ်ပြီး တော်တော် နူးညံ့ဝါညက်သည်။ အသံကောင်းကောင်းရှိသည်။ ပုံပြောကောင်းသူတစ်ဦးဖြစ်ရန် လိုအပ်သော အရည်အချင်း တစ်ခုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ အေးတာကို ကြိုက်တာယ်လေ"

သူသည် ပုံကို ဆက်ပြောရန် မေ့နေသလိုပဲ ငြိမ်သက်သွား
သည်။ ဘယ်လောက်များ တိတ်ဆိတ်ငြိမ်သက်သွားသလဲ ဆိုလျှ
မြစ်ဆီမှ ရေစီးသံနှင့် ဖားအော်သံအကြားတွင် ဟိုးအဝေးမှ ပြေးလာ
သော မိုး၏အသံကိုပင် ရောလျက် ကြားနေရသည်အထိ ဖြစ်သည်
မိုးရွာတော့မည်။ မိုးသည် ကုန်းခေါင်ခေါင် ဤဒေသသို့ အနည်းငယ်
နောက်ကျ၍ ရောက်လာခဲ့သည်။ အပူနှင့်အအေး ကောင်းကင်ယံတွင်
တွေ့ဆုံကြသည့်အခါ ပဋိပက္ခဖြစ်ရာမှ မိုးချုန်းသံတွေ ကြောက်ခမ်း
လိလိ ထွက်ပေါ်လာတတ်သည်မှာ ဤဒေသ၏ သွင်ပြင်တစ်ခု ဖြ
သည်။ ညကျလျှင် ကျွန်မသည် မိုးချုန်းသံကို ကြားရလိမ့်ဦးမည်
မိုးချုန်းသံပါမက မိုးကြိုးပစ်သံကိုပါ ကြားရနိုင်သည်။ ကျွန်မ
Walkman စီဒီခါတ်ပြားဖွင့်စက် နားကျပ်ကို နားမှာ တပ်ထားမှ ဖြ
မည်။ ကျွန်မမှာ ဓါတ်ပြားလေးတွေ ဆယ်ချပ်လောက်ပါလာသည်
မင်းညိုစင်ကို သတိရတိုင်း နားထောင်ဖို့ သီချင်းတွေပေါ့။

ဒိုင်ယာနာကရော့(စ်)၏ When you say nothing at a
သီချင်းကို ကျွန်မအလွန် ခံစားရပါသည်။ မြကို ဥယျာဉ်မှူးယော
ချစ်ရှာမလား။ ကျွန်မသီချင်လိုက်တာ။

ထိုအချိန်မှာပင် သူ့အသံကို ကြားရသည်။

"မြကို ဥယျာဉ်မှူးက သိပ်ချစ်တယ်၊ မြအတွက်နဲ့ ဘာ
သူစွန့်လွှတ်ဖို့ အဆင်သင့်ပဲ"

သူ့အသံထဲမှာပင် အချစ်ကို ကျွန်မ ခံစားမိလိုက်ရသ
အံ့ဩသွားမိသည်။

"သူက မြအတွက်နဲ့ သူ့ဂုဏ်သိက္ခာကိုလည်း စွန့်ရဲတယ်





သူ့ဘဝကိုလည်း စွန့်ရဲတယ်။ မြအတွက်ဆို သူက အပေးချည်း
ဆက်သက်ပဲ ဖြစ်ချင်တယ်။ မြဆီက သူဘာမှ မလိုချင်ဘူး။ မြဆီက
သူတစ်ခုခု လိုချင်တယ်ဆိုရင် အဲဒါ မြရဲ့ပျော်ရွှင်မှုပဲ။ မြ ပျော်ရွှင်နေတာ
ကို သူမြင်ချင်တယ်လေ"

သူ့အသံတွင် ရော်ရမ်းမှန်းဆမှုတွေ ပါဝင်သည်။ လွမ်းဆွတ်
ဆောက်မေ့မှုတွေ ပါဝင်သည်။ သည်ကတည်းက ကျွန်မ သိလိုက်
ပါသည်။ သူ့ပုံပြင်သည် အလွမ်းဖြင့် ဇာတ်သိမ်းပေလိမ့်မည်။

"မြအဖေက မြကို ချမ်းသာအောင်ဆိုပြီး သဘော်သား
တစ်ယောက်နဲ့ ပေးစားချင်တယ်။ ဥယျာဉ်မှူးကတော့ မြကို ဘယ်
ယောက်ျားကိုမှ အားကိုးစရာမလိုတဲ့ အရည်အချင်းရှိတဲ့ မိန်းမ
တစ်ယောက်အဖြစ် မြင်ချင်တယ်။ သူတို့ နှစ်ယောက်က မြကို သူတို့
ဖြစ်စေချင်တာတွေ ဖြစ်အောင်လုပ်နိုင်စေဖို့ ဆွဲဆောင် ဖျောင်းဖျ
ကြတာပေါ့။ မြက ဥယျာဉ်မှူးဖြစ်စေချင်တဲ့ လွတ်လပ်ပြီး အရည်အချင်း
ရှိတဲ့ ဘဝကိုရဖို့ တက္ကသိုလ်ကို သွားတက်လိုက်တယ်။ မြက
တက္ကသိုလ်မှာ ဘာမေဂျာ ယူမယ်ထင်လဲ"

သူက ပုံပြောနေရာမှ ကျွန်မအား စကားဖြတ်လျက်မေး၏။
ကျွန်မ သူ့ပုံပြင်ထဲမှာ နစ်မြောသွားရာမှ ကမန်းကတန်း ပြန်ရှန်း
ထွက်လိုက်ရသည်။

"ရုက္ခဗေဒမဟုတ်လား"

ကျွန်မ အသာပြုံး၍ မေးလိုက်သည့်အခါ သူကျေနပ်သွားပုံ
ရပါသည်။

"မြဟာ သိတတ်စ အရွယ်တည်းက သစ်ပင်တွေကို ချစ်ခဲ့တ
တယ်။ သူအလုပန်းပွင့်တဲ့နေ့မှာ စပွင့်ခဲ့တဲ့ စံကားဖြူပင်ရဲ့ အမွှေးရနံ့ကို



www.burmeseclassic.com

www.burmeseclassic.com



စွဲလမ်းပြီးကတည်းက သူက စံကားပင်တွေကို လူတွေလိုပဲ ချ
သွားခဲ့တာ။ မြကြ သူတကာ ကလေးမတွေလို အလှအပ မမက်မောတ
ပွဲမကြိုက်ဘူး။ အားအားနေရင် စာအုပ်တွေပဲ ဖတ်နေတာ၊ ဒီတော့
သူ့အတွက်နဲ့ Outdoor Museum တစ်ခု စိုက်ပျိုးခဲ့တဲ့ ဥယျာဉ်မှူးက
သူကူညီချင်တာရော သစ်ပင်တွေကို ချစ်တာရော ပေါင်းသွားတဲ့အ
သူဟာ ရုက္ခဗေဒ ပညာရှင်တစ်ယောက် ဖြစ်ချင်သွားတော့တာပေ့ါ

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မဲနေပြီ။ ကျွန်မ ကျောမှီထားရ
စံကားပင်သည် နွေးနေရာမှ အေးစက်လာခဲ့ပြီ။

"စံကားပင်တွေအကြောင်းကို မြကြ ဥယျာဉ်မှူးဆီကို စာ
အရှည်ကြီးတွေ ရေးလေ့ရှိတယ်။ ပထမဆုံး ရေးလိုက်တဲ့ စံကားပင်က
သူနဲ့ မွေးဖွားဘက် စံကားဖြူပင်အကြောင်းပဲ၊ တောင်အာရှမှာ ပေါက်
လေ့ရှိတဲ့ မက်ဂ်နိုလီယာ မျိုးရင်းဝင် သစ်ပင်ကြီးမျိုးပေါ့။"

ထိုအခိုက်မှာပင် အဝေးမှ တိုးတိုးသဲ့သဲ့ မိုးသံသည် ကျွန်မတို့
အထက် ကောင်းကင်ဆီသို့ လျင်မြန်စွာ ရောက်လာပြီး ကျွန်မတို့
ကိုယ်ပေါ်သို့ မိုးစက်မိုးပေါက်များ ကျရောက်လာတော့သည်။ အေး
လိုက်တာ။

ကျွန်မ ဖြုန်းခနဲ ထိုင်ရာမှ ထရပ်လိုက်မိ၏။

ကျွန်မ၏ကိုယ်ပေါ်သို့ မိုးစက်မိုးပေါက်များ သဲသဲမဲမဲ ကျ
ရောက်လာတော့သည်။ ဘုရားရေ... အိမ်ဆီကို အပြေးသွားရင်တောင်
အိမ်မရောက်မီ ကျွန်မတစ်ကိုယ်လုံး ရွှဲစိုကုန်တော့မည်။ ထို့ထက်ပို၍
ဆိုးသည်က သစ်ပင်တွေအကြားမှာ အမြစ်တွေနှင့် အလှစိုက် ပင်ပု
အစိမ်းတွေနှင့် ခလုတ်တိုက်ပြီး လဲပြိုရလိမ့်ဦးမည်။ မှောင်ကလည်း
မှောင်မှောင်၊ မိုးကလည်း စိုစို ရွှဲရွှဲ။ ဒါပေမယ့်...





"မင်း အိမ်ဘက်ကို ပြေးလို့ မဖြစ်ဘူးထင်တယ်၊ မီမှာ မဟုတ်ဘူး"

သူ့အသံသည် မိုးသံလေသံအောက်တွင် သဲ့သဲ့လေးသာ ဖြစ်နေသည်။ ကျွန်မ ဟိုးအဝေးဆီသို့ မျှော်ကြည့်မိ၏။ သူပြောတာ မှန်ပါသည်။ အသံမြည်လျက် အော်ပြေးလာသော မိုးကို ပိုမြို ကြမ်းတမ်း မြန်ဆန်အောင် လေက တွန်းတိုက် ပေးလျက်ရှိသည်။

"ဒါဖြင့် ကျွန်မ ဘယ်ပြေးရမှာလဲ"

"ဟောဟို ခြံထောင့်က ကန်စပ်မှာ သစ်လုံးအိမ်လေး တစ်ခု ရှိတယ်။ အဲဒီမှာ မင်း ခဏမိုးခိုလိုက်"

သူပြောသည့် သစ်လုံးအိမ်ကို ကျွန်မ မမြင်ရပါ။ ဟောဟို ဟူသောနေရာက ဘယ်နေရာမှန်းလည်း မသိပါ။ သူလက်ညိုး ညွှန် လိုက်သလား။ သူ့ကို မမြင်ရသည့်အတွက် သူဆိုလိုချင်သော အရပ် ဒေသကို ကျွန်မ မသိ။ ကျွန်မ မြင်ရသမျှမှာ သည်းထန်လှသော မိုးစက်များအောက်မှာ ယိမ်းခါရမ်းနေသော သစ်ကိုင်းများ၊ တဖြုန်းဖြုန်း ကြွေကျနေသော ပန်းပွင့်များ၊ သစ်ရွက်ကြွေများ။

"ဟင့်အင်း "

မှလက မှောင်မဲသောညသည် မိုးကြောင့် ပိန်းပိတ်အောင် မှောင်လျက်ရှိသည်မို့ ကျွန်မ မသိသော သစ်လုံးအိမ်ဆိုသည်ကို မြင်ခဲ့ရလျှင်တောင် မသွားရဲပါ။ စိုရွှဲကာ နိုက်နိုက်တုန် ချမ်းစေဦးတော့၊ ဒေါ်တင်ရှိသည့် အိမ်မကြီးရှိရာသို့သာ ဘယ်လောက်ဝေးဝေး သွားလိုက် ပါတော့မည်။

"ကျွန်မ... အိမ်ပဲ ပြန်လိုက်တော့မယ်"

ပြောပြောပြေးပြေး ပြေးထွက်လိုက်မိ၏။ သစ်ပင်အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တုန်းက သစ်ရွက်များ၏ မိုးကာပေးမှုကြောင့် ခပ်စိုစိုသာ မိုးမိနေခဲ့သော ကိုယ်ခန္ဓာ သည် ချက်ချင်းပင် ဖြန်းခနဲ ရွဲစိုသွားတော့သည်။

ပြေးနေသော ကျွန်မ၏နောက်မှာ သူလိုက်ပါလာသလို ခံစားရသဖြင့် ပြေးရင်းက လှည့်ကြည့်မိသည်။ အမှောင်ထု မိုးသဲသဲမှာ ကျွန်မဘာကိုမှ မမြင်ရ။

ကျွန်မ စိမ့်ခနဲ တုန်သွားသည်။ ကြောက်ရွံ့မှုကြောင့်လား၊ ချမ်းအေးမှုကြောင့်လား။ နှစ်ခုလုံးကြောင့်လည်း ဖြစ်နိုင်ပါသည်။

"မင်းညို..."

မိုင်ပေါင်းများစွာ အဝေးမှာရှိနေသော သူ့ကို မကြားနိုင်မှန်း သိပါလျက်နှင့် အော်ခေါ်မိသည်။

"မင်းညိုရေ..."

ထို့နောက် မိုးစက်တွေစိုရွှဲနေသော ကျွန်မပါးပြင်များပေါ်သို့ မျက်ရည်များ လိမ့်ဆင်းကျလာခဲ့တော့သည်။

✣ ✣ ✣



ကျွန်မ၏အနီးတွင် မင်းညိုစင်ရှိနေသည့် အချိန်များမှာ ကျွန်မသည် လုံခြုံစိတ်ချခြင်းကို ခံစားသိဖြင့် နားလည်ရသည်။ မင်းညိုသာ ကျွန်မဘေးမှာ အတူလိုက်ပါလာမည်ဆိုလျှင် ကမ္ဘာပေါ်မှာ ကျွန်မ မသွားရဲသည့်နေရာဟူ၍ ရှိမည်မထင်။

သူမျက်နှာကို ဘယ်အခါပဲမြင်ရမြင်ရ ကျွန်မအတွက် စိတ်ချမ်းသာ ကြည်နူးစရာချည်းသာ ဖြစ်ခဲ့၏။ ချွင်းချက်တစ်ခုပဲရှိသည်။ သူနှင့်အတူ မိန်းမတစ်ယောက်ယောက်ကို တွဲလျက်မြင်လိုက်ရသည့် အခါမျိုးမှာတော့ ကျွန်မ ဝမ်းနည်းတတ်ပါသည်။

တစ်ခါတုန်းက ဂျာနယ်တိုက်မှာ ကျွန်မရှိနေစဉ် ကျွန်မရှေ့မှာပင် မင်းညို၏လက်မောင်းကို ကောင်မလေးတစ်ယောက်က ကိုင်လိုက်တာ တွေ့ခဲ့ရဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



'အားလားဟင် ခဏလောက်ပြောစရာရှိလို့' ဟူ၏။ သူတို့ဆီမှာ အလုပ်လုပ်သော ကောင်မလေးလား မသိ။ မင်းညိုက ကောင်မလေး ခေါ်ရာ ခပ်လှမ်းလှမ်း စကြံန်သို့ လိုက်သွားပြီး တစ်မိနစ်လောက် စကားပြောနေခဲ့ရသည်။

သိပ်မကြာခင် အဲသည်အဖြစ်နှင့် ပတ်သက်၍ကျွန်မ မေးကြည့် မိတော့ မင်းညိုက ရယ်မောခဲ့လေသည်။

"ဟာ မေဖော်၊ နင်ကလည်း အဲဒါ အလုပ်ဝင်တာမကြာသေးတဲ့ ကောင်မလေးပါ၊ ငါနဲ့ ဘာမှမဆိုင်ပါဘူး။ သူ့နာမည်တောင် သေချာ မသိဘူး"

အလုပ်ဝင်တာ မကြာသေးတဲ့ ကောင်မလေးက သူ့လက် မောင်းကို ဘာကြောင့် ကိုင်ရဲရသလဲ။ ကျွန်မတောင် သူနှင့် ခင်မင်ရင်းနှီး လာတာ နှစ်တွေကြာလှပြီ။ သူ့လက်ကို ကိုင်ပြီးတစ်ခါမှ စကားမပြော ဖူးပဲနဲ့။ ကျွန်မ မကျေနပ်ပါ။

"နင်က သူ့ကို ဘယ်လိုမျက်နှာနဲ့ ဆက်ဆံထားလို့လဲမှ မသိ"

"အဲ... မေဖော်၊ နင် ငါ့အကြောင်း သိလျက်သားနဲ့"

အမှန်ကတော့ ကျွန်မ သူ့ကို ယုံကြည်ပါသည်။ သို့သော် ကောင်မလေးတွေကို မယုံကြည်ပါ။

"နင့်ဂျာနယ်တိုက်မှာ ငါ အလုပ်ဝင်လုပ်ရင် ကောင်းမလား မသိဘူး၊ နင်က အယ်ဒီတာပဲ ငါ့ကို အလုပ်သွင်းပေးဟာ"

"မဖြစ်ပါဘူး မေဖော်"

သူက ခပ်တည်တည်မျက်နှာနှင့် ငြင်းသည့်အခါ ကျွန်မ ဝမ်းနည်းသွားပါသည်။

"ငါသိပါတယ်၊ ငါ့ကို နင့်အနားမှာ အလုပ်မလုပ်စေချင်ဘူး"





မင်းညိုစင်သည် ကျွန်မစကားကြောင့် မျက်မှောင်ကြုတ်သွား၏။

"နင် အဲဒီမှာ မလုပ်နိုင်ပါဘူး မေဖော်"

"လုပ်နိုင်တယ်၊ ငါ့အနားမှာ နင်သာရှိရင် ငါ ဘာမဆို လုပ်နိုင်တယ်"

"မဖြစ်နိုင်ပါဘူး"

သူတည်ကြည်သော မျက်နှာထားဖြင့် ငြင်းခဲ့သည်။

ကျွန်မ မန္တလေးမသွားခင် နှစ်ရက်အလိုမှာတော့ မင်းညိုစင်က ကျွန်မအား သူ့ဂျာနယ်တိုက်သို့ ခေါ်လို့ ကျွန်မ သွားခဲ့ရသည်။

"အပြန်ကျရင် ငါနဲ့အတူပြန်ရအောင် ငါလိုက်ပို့မယ်၊ လာ ခဲ့နော်" တဲ့။

သူ့အလုပ်ရှင်နှင့် မိတ်ဆက်ပေးချင်လို့ဟု ပြောခဲ့ပါသည်။ ဖေဖေ့ အတွက် ပိုက်ဆံသွားထုတ်ပေးရမည့် ကုမ္ပဏီက မင်းညိုတို့ ဂျာနယ် တိုက်နှင့် သုံးလမ်းပဲ ခြားသည်မို့ အတော်ပဲ၊ အချိန် နည်းနည်း ကြာလျှင် လည်း အိမ်ကို အကြောင်းပြရတာ နိုင်လုံသည်။ ပထမဆုံး ဖေဖေ့ငွေ ကို အရင်သွားထုတ်သည်။ ပိုက်ဆံလာတာနှင့် ၄၆လမ်းထိပ်က ရှမ်း ခေါက်ဆွဲဆိုင်မှာ မုန့်သွားစားရင် ကောင်းမလားဟု ကြံစည်သည်။ သို့သော် မင်းညိုက အပြန်မှာ သူလည်း အတူလိုက်ပြန်မည် ပြောထား တော့ သူအလုပ်အားပြီ ဆိုသည့် အခိုပ္ပါယ်ပဲ။ သူနှင့်ကျမှ အတူစား တော့မည်။ ထိုအတွေးဖြင့် သူ့အလုပ်နေရာသို့ ဝင်လိုက်ပါသည်။

ဂျာနယ်တိုက်ကို ရောက်တော့ ထူးထူးခြားခြား သူ့ကို ဧည့် ခန်းမှာ ထိုင်နေတာ တွေ့ရ၏။ သူ့လက်ထဲမှာ International Herald Tribune သတင်းစာ တစ်စောင်ကိုတွေ့ရသည်။ ဝင်ဝင်ချင်းသူ့ကို တွေ့လိုက်ရတော့ ကျွန်မပျော်သွားသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



"ကြာလှချည်လား၊ ပိုက်ဆံတွေနဲ့မို့ ငါနင့်ကို စိတ်ပူနေပြီ"

တွေ့တွေ့ချင်း သူက ထိုင်ရာမှထရပ် ကြိုဆိုလျက် ကျွန်မအား ခပ်တည်တည် (သို့သော် နူးနူးညံ့ညံ့) အပြစ်ဆိုသည်။

"ဘတ်စ်ကားကြပ်လို့ ငါ မတက်နိုင်လို့ စောင့်နေရတာ မင်းညိုရဲ့"

"လမ်း၅၀ကနေ ဒီကို နင်က ဘတ်(စ်)ကားစီးတယ်၊ ဘယ်လို စီးသလဲ"

"မဟုတ်ပါဘူး၊ ကျောင်းထဲကနေ လမ်း၅၀ကို အလာမှာ ကား စောင့်တာကို ပြောတာပါဟယ်၊ နင်ကလဲ"

သူက လူကြီးဆန်ဆန် အသာပြုံးလျက်"လာ" ဟု ခေါ်ပါ သည်။

သူ့အယ်ဒီတာအခန်းနှင့် ကပ်လျက် အခန်းကျယ်တစ်ခုဆီသို့ ကျွန်မကို ခေါ်သွားသည်။

သူတံခါးခေါက်လိုက်တော့ အထဲမှ 'ဝင်ခဲ့ပါ' ဟူသော မိန်းမသံ တစ်ခု ကြားရသည်။ သူတံခါးဆွဲဖွင့်လျက် ဝင်လိုက်သဖြင့် ကျွန်မ နောက်ကနေ လိုက်ဝင်သွား၏။

အခန်းထဲမှာ ရုံးစားပွဲသုံးခု ရှိနေပြီး၊ တစ်ခုတွင် အမျိုးသမီး တစ်ယောက် ထိုင်နေသည်။ ကျန်သည့်စားပွဲနှစ်ခုတွင် ဘယ်သူမှ မရှိ။ ကျွန်မတို့ ဝင်သွားတော့ အမျိုးသမီးက တစ်ခုခု ငုံ့ရေးနေရာမှ မော့ကြည့် သည်။ ထို့နောက်ပြုံးလျက် ခေါင်းညိတ်၏။

"လာ၊ ထိုင်ကြ"

ကျွန်မသည် သူ့ဘော့(စ်)ကို မိန်းမတစ်ယောက် ဖြစ်နေလိမ့်မည် ဟု တစ်ခါမှ စဉ်းစားမကြည့်ခဲ့ဘူးချေ။ အမျိုးသမီးက အသားနည်းနည်း





ညိုသော်လည်း ညက်ညောသော အသားအရည်မှာ စိုဝင်းနေ၏။ ဘာ မိတ်ကပ်မှ လိမ်းမထားသလိုပဲ၊ ပါးပြင် နှစ်ဘက်က ပြောင်တင်းကာ လက်နေသည်။ မျက်နှာက လေးထောင့်မကျတကျ၊ သွယ်မယောင် ယောင်၊ နှုတ်ခမ်း ပြန့်ပြန့်ပါးပါး၊ နှာခေါင်း ချွန်ချွန်၊ မျက်လုံးနက်နက်က စူးရှတောက်ပသည်။ ထက်မြက်မည့်သူမှန်း မြင်ရုံနှင့် သိသာသည့် မှတ်ရည်မျိုး။

သူက အနည်းငယ် ကိုယ်ကို ညွတ်လျက်နှုတ်ဆက်ပြီး ရှေ့က ရုံးသုံး သံမဏိ ဆိုဖာကုလားထိုင်မှာ ထိုင်သည်။ သူထိုင်ပြီးမှ ကျွန်မ ထိုင်ပါသည်။

"အစ်မ သူပဲလေ၊ ကျွန်တော့်သူငယ်ချင်း မဖော်"

သူမ၏အပြုံးသည် ပို၍ တောက်ပသွားသည်။

"တွေ့ရတာဝမ်းသာပါတယ် မဖော်၊ ကျွန်မ အေးအေးထွန်း ပါ။ တစ်ခုခုသောက်ပါလား။ ကိုမင်းညို ညှော်သည်ကို ဘာတိုက်မလဲ၊ အအေးလား၊ အပူလား"

သူမက ထိုင်ရာမှ ထရပ်သည်။ အခန်းအပြင်သို့ အခုပဲထွက်ပြီး တစ်ခုခု သွားစီစဉ်တော့မည့်အနေအထားမို့ ကျွန်မ ကမန်းကတန်း ငြင်းလိုက်မိ၏။

"နေပါစေရှင့်၊ ကျွန်မ မသောက်တော့ပါဘူး"

သို့သော် သူမက အခန်းပြင်သို့ ထွက်ရန် ဟန်ပြင်နေပြီ။

"မဖော်... သောက်လိုက်ပါ"

သူက ကျွန်မဘက်သို့လှည့်ကာ ခပ်တိုးတိုး တိုက်တွန်း၏။ ကျွန်မ မျက်မှောင်ကြုတ်လျက် မသောက်ချင်သည့် အကြောင်း မျက်နှာရိပ်မျက်နှာကဲဖြင့် ပြတာကို သူ ဂရုမစိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ မတ်တတ်ထရပ်သည်။

"အစ်မ နေပါ၊ ကျွန်တော် သွားလုပ်ခိုင်းလိုက်ပါမယ်"

မင်းညိုက သူမရှေ့မှ ခပ်သွက်သွက်လှည့်ထွက်တော့ သူမ အသာပြုံးလျက် နောက်ပြန်ဆုတ်ပေးသည်။

"ဒါဖြင့်လည်း ကိုမင်းညိုပဲ စီစဉ်လိုက်ပါတော့၊ ကျေးဇူး"

"အစ်မရော သောက်မယ်မဟုတ်လား"

"သောက်တာပေါ့၊ ကျွန်မ အတွက်က ကော်ဖီမစ်(က်)(စ်) ကို တစ်ဝက်ပဲနော်"

"ဟုတ်ကဲ့ အစ်မ၊ နို့မှုန့် တစ်ဇွန်းနော်"

"ဟုတ်ကဲ့"

ကျွန်မဘာသောက်မလဲဟု တစ်ခွန်းမှ မမေးဘဲ သူလှည့်ထွက်သည်။ ကျွန်မ နည်းနည်းတော့ စိတ်တိုသွားမိပါသည်။

"အို ကိုမင်းညို ညော့်သည်ဘာသောက်မလဲ မေးဦးလေ"

သူ တံခါးလက်ကိုင်ကို ဆုပ်ကိုင်မိနေမှ ကျွန်မတို့ဘက်သို့ လှည့်ကြည့်သည်။

"ရတယ်အစ်မ မေဇော့်အတွက် အအေးပဲ လုပ်လိုက်မယ်၊ သူက ကော်ဖီမစ်မကြိုက်ဘူး"

သူက အဲဒီလိုပြောလိုက်တော့လည်း ကျွန်မ မျက်နှာ နွေးသွား၏။

"အော် ဒီလိုလား"

အမျိုးသမီးက လက်ခနဲတောက်ပစ္စာ ပြုံးသည်။ ပြုံးလိုက်ပုံက တစ်မျိုးပဲ၊ အထက်ဆီး အပြုံးများလားဟု ကျွန်မ သံသယ ဖြစ်မိသည်။ သူလှည့်ထွက်သွားတော့ ကျွန်မ အားငယ်သွားပါသည်။





"မေဇော် အခု ဘာအလုပ်လုပ်နေသလဲ"

သူမက ကျွန်မအား ပြုံးကြည့်ရင်းမေးသည်။

"ဘာအလုပ်မှ မလုပ်ပါဘူးရှင့်"

သူမ အံ့သြသွားသည့်ဟန်ကို သိသိသာသာ ပြ၏။

"အို... မပျင်းဘူးလား"

ထိုမေးခွန်းကြောင့် ကျွန်မ အဖြေမှားသွားပြီဟု သိလိုက်ရသည်။ ကျွန်မအမြဲတမ်း ပေါ့ပေါ့လေးဖြေတတ်သည့် သည်အဖြေကို သည် အမျိုးသမီးရှေ့တွင် မဖြေသင့်ပါ။

"ကျွန်မ မပျင်းပါဘူး၊ ဖေဖေပြောသလို ပြောရရင် ကျွန်မက သင်တန်းတွေ တစ်ခုပြီးတစ်ခု လိုက်တက်နေတာလေ"

"ဟုတ်လား အခု ဘာသင်တန်း တက်နေလဲကွယ်"

"စာကြည့်တိုက်ပညာ ဒီပလိုမာပါ"

"ကောင်းသားပဲ၊ လိုက်ဘရေရီယန်လုပ်ရတာ တော်တော် စိတ်ဝင်စားစရာ ကောင်းမယ်နော်၊ ဒါဖြင့် မေဇော်က စာကြည့်တိုက်ပညာနဲ့ အသက်မွေးချင်တာလား"

"အင်း ဘယ်လို ပြောရမလဲ၊ တစ်ခါတစ်ခါတော့လည်း ပြင်သစ် ဂိုက်(ဒ်)လုပ်ရမလားလို့ စဉ်းစားနေမိတယ်"

သူမ မျက်မှောင်ကြုတ်လျက်ပြုံး၏။

"မေဇော်က ပြင်သစ်စာလည်း တတ်တယ်ပေါ့"

"ဟုတ်ကဲ့"

"အေးလေ ပညာတစ်ခုဟာ တတ်ထားရင်တော့ သုံးနိုင်ရင် ကောင်းတာပေါ့၊ ဒါပေမယ့် ဧည့်လမ်းညွှန်အလုပ်လုပ်ဖို့ ဆိုရင် ခေါင်းဆောင်စရိုက် ရှိဖို့များ လိုမလားမသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



လေသံအေးအေးလေးပေမယ့် ကျွန်မကို တိုက်ခိုက်လိုက်သည့် စကားဟု ခံစားလိုက်ရသည်။ ကျွန်မမှာ ခေါင်းဆောင်စရိုက်မရှိဘူးလို့ ပြောချင်တာလား။

"ကျွန်မ ဂိုက်(ဒ်)လုပ်သင့် မလုပ်သင့် စဉ်းစားနေတာက ကျွန်မမှာ လူမှုရေးအလျှော့အတင်း လုပ်နိုင်တဲ့ သည်းခံစွမ်းအား ရှိမရှိ မသေချာလို့ပါ အန်တီ"

သူမ အသက်ကို လေးဆယ်နားနီးနီးဟု ကျွန်မမှန်းဆမိသဖြင့် အန်တီဟုပဲ ခေါ်ပစ်လိုက်သည်။ ကျွန်မ အဒေါ်တစ်ယောက်က အသက် သုံးဆယ့်ရှစ်နှစ်လေ။

အမျိုးသမီးက သဘောကျစွာပြုံးလျက် ခေါင်းညိတ်ပါသည်။

"ကိုမင်းညိုစင်ရဲ့ သူငယ်ချင်းဆိုတော့ ဟစ်စ်ထရီမေဂျာနဲ့ ဘွဲ့ယူထားတာပေါ့ ဟုတ်လား"

"မဟုတ်ပါဘူးရှင့်၊ ကျွန်မက အီးမေဂျာနဲ့ ပြီးတာပါ"

ထိုအချိန်မှာ အခန်းထဲသို့ သူပြန်ဝင်လာသည်။ သူ့လက်ထဲတွင် ဘာမှကိုင်ထားတာ မမြင်ရသဖြင့် ကျွန်မ စိတ်သက်သာရာရပါသည်။

"မချို လုပ်ပေးနေတယ်အစ်မ၊ လာပို့လိမ့်မယ်"

"ကောင်းတယ်၊ ထိုင်။ ဒီမှာ ကိုမင်းညိုရဲ့ သူငယ်ချင်းကို စပ်စုနေတာ၊ အလုပ်မလုပ်ဘဲ နေရတာ မပျင်းဘူးလားလို့"

သူက ကျွန်မအား ကြင်နာစွာ ကြည့်သည်။ ထို့နောက် အမျိုးသမီးအား လေသံအေးအေးဖြင့် ပြေရှင်းပေးတော့သည်။

"အလုပ်မလုပ်ဘူးဆိုတာက ဝန်ထမ်းအလုပ်မလုပ်တာပါ အစ်မရဲ့၊ သူ့အဖေရဲ့ ကုန်ကားကိစ္စတွေကို သူပဲလုပ်ပေးနေတာပဲ။ အခုတောင် သူ ဟိုဘက် လမ်းရှဝမှာ ကားသုံးခ ရရမယ့်ငွေကို သွားထုတ်ရတဲ့နေ့





ဒီကို ခေါ်လိုက်တာ"

အိုး ကြည့်စမ်း၊ မင်းညိုစင်ဟာ တကယ်ချစ်ဖို့ ကောင်းတာပါလား။

"သူ့အပြန် ကျွန်တော်တစ်ခါတည်း လိုက်သွားမယ်နော် အစ်မ"

"သွားလေ၊ ဒီမှာလည်း အားလုံးပြီးသွားပြီပဲ"

ကျွန်မ လှစ်ခနဲ မပြုံးမိအောင် မနည်း ထိန်းချုပ်ထားလိုက်ရပါသည်။

"ဒါဖြင့် ဒီမှာ ညပြန်မအိပ်တော့ဘူးလား"

"ဟုတ်... မအိပ်တော့ဘူး အစ်မ၊ မနက်ဖြန်ကျမှ"

ထိုအချိန်မှာ ကော်ဖီနှင့်အအေး ရောက်လာသည်။ အမျိုးသမီးနှင့် မင်းညိုက ကော်ဖီ၊ ကျွန်မအတွက်က ပေါ့ကာအောရင့်ချ်။

"သုံးဆောင်ပါ မေဖော်၊ ကျွန်မတို့ဆီမှာတော့ အားလုံးက မိသားစုတွေလိုပဲ"

ကျွန်မအတွက် ပေါ့ကာအောရင့်ချ်က နဂိုတည်းက ရှိနေတာလား။ ကျွန်မ ကြိုက်တတ်မှန်းသိလို့ မင်းညိုက ဝယ်ခိုင်းလိုက်တာလား။ ကျွန်မသိချင်လိုက်တာ။

"အစ်မ အေအိုင်ဒီအက်စ် ဆောင်းပါးရေးဖြစ်မှာလား၊ ရေးဖြစ်ရင် မနက်ဖြန် ကျွန်တော် အိမ်လာယူမယ်လေ၊ အစ်မ ရုံးကို မလာနေနဲ့တော့"

သူမ ပြုံးသည်။ ရင်းနှီးချစ်ခင်သော အပြုံးဖြစ်သည်။

"ဘယ့်နှယ် လာယူရမလဲ၊ ကျွန်မ ဒီညနေပဲ ပြီးအောင် ရေးသွားမယ်၊ ကိုမင်းညို လာမယူရအောင်လေ"

"ရပါတယ်၊ အစ်မ ကျွန်တော့်ကို အားမနာပါနဲ့၊ အစ်မ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



မပြီးရင် အိမ်ပဲယူသွား၊ အိမ်မှာ အေးအေးဆေးဆေးရေး၊ မနက် ကျွန်တော် ဒီကိုလာရင်း အစ်မအိမ်ကို ဝင်လာရတာ ဘာမှ မပင်ပန်းပါဘူး"

အမျိုးသမီးကို ပြောနေသော သူ့အသံတွင် လေးစားရိုကျိုးမှုသာမက ချစ်ခင်မှုကိုပါ ကျွန်မ ခံစားလိုက်ရသည်။ အင်းလေ၊ သည်မှာ သူ့အလုပ်လုပ်နေတာ နှစ်နှစ်တောင် ရှိပြီပဲ။ ရင်းနှီးချစ်ခင်ကြပြီပေါ့။ အမျိုးသမီးက ပြုံးလျက် သူ့ကို စိုက်ကြည့်နေလေသည်။

"ပြီးအောင် ရေးထားခဲ့ပါမယ်ဆိုမှ၊ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး ရုံးကို တန်းလာခဲ့၊ ဟုတ်ပလား"

သူမ ပြောခဲ့သော မိသားစုလိုပါပဲ ဆိုတာ ဒီလိုဆက်ဆံမှုမျိုးကို ပြောတာလား။ သည်အမျိုးသမီးမှာ အိမ်ထောင်မှ ရှိရဲ့လား။

"တစ်ခုတော့ရှိတယ်၊ ကိုမင်းညို မနက် ကျွန်မဆီ ဖုန်းတစ်ချက်လောက် ဆက်ပေးနော်"

"စိတ်ချအစ်မ၊ ကျွန်တော် ဆက်လိုက်မယ်"

ထို့နောက် သူမသည် ကော်ဖီကို တစ်ငုံသောက်ပြီး ကျွန်မဘက်သို့ လှမ်းကြည့်မေးသည်။

"မေဇော် ဂျာနယ်တွေဘာတွေ ဖတ်ဖြစ်လား"

"ဟုတ်ကဲ့ ဖတ်ပါတယ်ရှင့်"

"အမြဲတမ်းဖတ်ဖြစ်တဲ့ ဂျာနယ်ရှိလား"

"The Voice ကို အဖတ်ဖြစ်ဆုံးပေါ့ အန်တီ"

"ဝမ်းမသာနဲ့နော် အစ်မ၊ သူက အလကားရလို့ ဖတ်တာ"

မင်းညိုက သူမကို သတိပေးဟန်ဖြင့် ကျွန်မကို စ နောက်ပါသည်။





"မင်းညိုနော်"

သူက ကျွန်မအားပြုံးကြည့်လျက် "မဟုတ်ဘူးလား" ဟု ...ပ်စသည်။

"ဒါဖြင့် ပြောပါဦးမေဇော်၊ ကျွန်မတို့ဂျာနယ်မှာ ဘယ်ကဏ္ဍကို ...ကြိုက်ဆုံးလဲ"

"ရုပ်ရှင်အကြောင်း"

သူတို့နှစ်ယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်... အသံထွက် ရယ်မောလိုက်ကြ၏။ ကျွန်မ ရှက်သွားပါသည်။

"အစ်မ ကျွန်တော် အစ်မကို အစကတည်းက သတိပေးထား...ယ်နော်"

"မကြိုက်ဆုံး ကဏ္ဍကရော"

ကျွန်မ ဘာဖြေရမှန်း မသိ။

"ပြောလိုက်လေ မေဇော်၊ အစ်မက လူငယ်အမျိုးသမီးတွေ ...ဘာကို ကြိုက်သလဲ၊ ဘာကို မကြိုက်ဘူးလဲ သိချင်လို့မေးနေတာ"

သူက ကျွန်မအား ငဲ့ကြည့်ရင်း နှုတ်ခမ်းမှာ ပြုံးလျက် အားပေး...သည်။ ထို့ကြောင့် ကျွန်မ အမှန်အတိုင်း ဖြေလိုက်၏။

"မျက်နှာဖုံးဆောင်းပါးတွေ"

"အို... ဘာဖြစ်လို့ မကြိုက်တာလဲကွယ်"

"ရှည်လို့၊ နောက်ပြီး ပျင်းစရာကောင်းလို့"

"ဟာ သေရော"အမျိုးသမီးက သူမ နဖူးကို ဖျတ်ခနဲရိုက်လျက် ...ခေါင်းတိုးညည်းလိုက်ပြီးသောအခါ သူတို့နှစ်ယောက် တဟားဟား ရယ်... ...ပြုံးသည်။ ကျွန်မ စိတ်ကသိကအောင့် ဖြစ်သွားပါသည်။

"ဆောရီးမေဇော်၊ ကျွန်မတို့ရယ်တာက မေဇော့်ကို မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကိုမင်းညိုနဲ့ ကျွန်မနဲ့ အမြဲတမ်း အငြင်းပွားနေရတဲ့ အချက်တွေ မေဖော့်ကြောင့် သက်သေပြပြီးသား ဖြစ်သွားလို့ပါ''

ကျွန်မ သူ့ကို မျက်စောင်းထိုး ကြည့်လိုက်မိ၏။

''ဘာအချက်လဲ...ပြော''

သူက ရယ်မောရာမှ မျက်နှာတည်လျက်

''အော်...မိန်းကလေးတွေ နိုင်ငံတကာအရေးအခင်းတွေကို စိတ်ဝင်စားသလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ငါနဲ့ အစ်မနဲ့ အငြင်းပွားရတယ် မေဖော်ရဲ့၊ အစ်မက မိန်းကလေးတွေဟာ အထိုက်အလျောက်တော့ နိုင်ငံတကာ နိုင်ငံရေးကို စိတ်ဝင်စားကြပါတယ်တဲ့''

''အဲဒါ ဟုတ်မှာပါ။ ငါက မိန်းကလေးတွေကို ကိုယ်စားပြု မပြုတာ။ နော်...အန်တီ၊ နောက်ပြီး ကျွန်မသူငယ်ချင်းတစ်ယောက် ဆိုရင် နိုင်ငံတကာကို သိပ်စိတ်ဝင်စားတယ်၊ မြန်မာဂျာနယ်တွေထဲ ဘာသာပြန်ဆောင်းပါးတွေ၊ သတင်းတွေကို ဖတ်ရတာအားမရလို့တဲ့ နိုင်ငံခြားက အင်္ဂလိပ်သတင်းစာတွေကို စာကြည့်တိုက်တွေမှာ သွားရှာ ဖတ်တာ၊ အဲဒါမျိုး မိန်းကလေးတွေ အများကြီးပါ''

သူမမျက်နှာ ပြုံးရွှင်သွားပါသည်။

''အေးလေ၊ အဲလိုပဲ ဖြစ်ရမှာပေါ့၊ အဲဒီမိန်းကလေးများ ကျွန်မတို့ဆီမှာ လုပ်နိုင်ရင် ဘယ်လောက်ကောင်းမလဲနော် ကိုမင်းညို''

''အဲ... ဖြစ်နိုင်မယ် မထင်ဘူးအစ်မ၊ မေဖော် ပြောတဲ့ ကောင်မလေးကို ကျွန်တော်သိတယ်၊ သူက အန်ဂျီအိုတစ်ခုမှာ အလုပ် ဝင်သွားပြီ''

ကြည့်စမ်း။ စောစောထွေး ဘယ်မှာ အလုပ်လုပ်နေတယ်ဆိုတာ ကျွန်မတောင် မသိသေးဘူး။ သူကသိနေတယ်ပေါ့။ ကျွန်မ ရင်ထဲ





မှာ ပူလာသဖြင့် လိမ္မော်ရည်ကိုသာ အားတင်းပြီး သောက်နေရသည်။ အနည်း ပြီးမှ သူ့ကို မေးကြည့်ချင်သေးသည်။

''မေဖော်ရော ဂျာနယ်မှာ အလုပ်မလုပ်ချင်ဘူးလား''

မမျှော်လင့်ဘဲ သူမက ကျွန်မကိုမေးလိုက်တော့ ကျွန်မ လိမ္မော်ရည်တောင် သီးမလို ဖြစ်သွား၏။

''ကျွန်မ...''

''စာကြည့်တိုက်နဲ့ စာအုပ်တွေကို ချစ်တဲ့သူဟာ စာနယ်ဇင်းကို စိတ်ဝင်စားမှာပဲ မဟုတ်လား။ ဒီမှာက ကိုမင်းညိုလည်း ရှိနေတာပဲ၊ အင်္ဂလိပ်ဘာသာ အဓိက ယူထားပြီး စာကြည့်တိုက်ပညာ ဒီပလိုမာ လည်း ယူတော့မယ့်သူ ဆိုတော့ ခေသူမဟုတ်ဘူးလို့ ကျွန်မရိပ်မိပါ တယ်''

တကယ့် စိတ်ရင်းနဲ့ ပြောနေတာလား၊ ကျွန်မ မယုံချင်ပါ။ ကျွန်မ သူ့ကို တစ်ချက်စောင်းကြည့်လိုက်မိသည်။ သူဘာပြောမလဲ သိချင်လို့ဖြစ်၏။

သူဘာမှ မပြောပါ။ ခေါင်းငုံ့ပြီး ကော်ဖီကိုသာ သောက်နေသည်။ ထို့ကြောင့် ကျွန်မကိုယ်တိုင်ပဲ မေးခွန်းကို ဖြေလိုက်ရပါသည်။

''ကျွန်မ ဂျာနယ်အလုပ်ကို စိတ်မဝင်စားပါဘူး အန်တီ၊ နောက်ပြီးအခု ကျွန်မ စာကြည့်တိုက်ဒီပလိုမာအပြင် နောက်ထပ် ဘာဝန်တစ်ခု ရှိပါသေးတယ်။ ကျွန်မ စာရေးဆရာမ မြဦးမေရဲ့ အလုပ်ပွဲကို ပြုစုနေပါတယ်။ ကျွန်မက စကော်လာတစ်ယောက် ဖြစ်ချင်တယ်။''

သူမ အံ့သြသွားဟန်ရှိသည်။

''အော၊ သိပ်ကောင်းတာပဲ။ ကျွန်မက မြဦးမေကို အရူးအမူး



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ခဲ့တာ မေဇော်ရဲ့။ မြဦးမေနဲ့ ပတ်သက်ပြီး မေဇော် သိချင်တာများ ရှိရင် ကျွန်မကို ပြောနော်၊ ကျွန်မ ကူညီနိုင်တာပေါ့''

''ဟာ အစ်မ၊ ကျွန်တော်တို့ စကားမစပ်မိကြဘူးနော်၊ မေဇော်နင် ကံကောင်းတာပေါ့။ အစ်မဆီကသာ မေးပေတော့''

''ဟုတ်တယ် မေဇော်၊ ကျွန်မဆီမှာ မြဦးမေ ရေးခဲ့သည့် စာအုပ်တွေရှိတယ်၊ နောက်ပြီးတော့''

ဟင့်အင်း။ ကျွန်မ သူမကို မကြိုက်ဘူး။

''ရပါတယ် အန်တီ၊ ကျွန်မဆီမှာလည်း စုံသလောက်ရှိနေပါပြီ''

ကျွန်မ အဖြေကြောင့် သူအနည်းငယ်အံ့သြသွားပုံရ၏။ မတတ်နိုင်ပါ။ သူ့ခြေထောက်ကို ကျွန်မခြေထောက်ဖြင့် အသာတို့ပြီး အချက်ပေး လိုက်ရပါသည်။ သူ ဘာမှ ဆက်မပြောဘဲ ငြိမ်နေသည်။

''မေဇော် ပြင်သစ်ဝတ္ထုတွေ ဖတ်ဖြစ်လား''

သူမက ကျွန်မ၏ ငြင်းပယ်မှုကို သတိမထားမိသလိုပင် နောက်ခေါင်းစဉ်တစ်ခု ပြောင်းပြန်သည်။

''ဝတ္ထုတွေတော့ သိပ်မဖတ်ဖြစ်ပါဘူး အန်တီ၊ စာကြည့်တိုက်သွားရင် အများအားဖြင့် မဂ္ဂဇင်းပဲ ငှားတာများပါတယ်''

''ဘာကြောင့်မေးသလဲဆိုတော့ ဒီလိုလေ၊ မြဦးမေရဲ့ ဝတ္ထုတစ်အုပ်က ပြင်သစ်ဝတ္ထုကို မှီးတယ်လို့ ပြောသံကြားဖူးလို့။ မေဇော်များ သိမလားလို့၊ အင်္ဂလိပ်ဘာသာပြန်ပြီးသားစာအုပ်လို့တော့ ထင်တာပဲ ဒါပေမယ့် တစ်ခါမှတော့ မတွေ့ဖူးဘူး။ Sous Les Étoils တဲ့၊ မေဇော် သိလား''

''မသိပါဘူး မြဦးမေရဲ့ ဘယ်ဝတ္ထုကို ပြောတာလဲဟင်''

'''မြစ်ကမ်းပါးတွင်'လေ''





''အော်... ကျွန်မ မသိဘူး အန်တီ၊ အဲဒီဝတ္ထုကိုတော့ ကျွန်မ အရမ်းကြိုက်တာပဲ''

သူမ၏ ပြင်သစ်စာလုံး ရွတ်ဆိုသံက ပီသသည့်အပြင် ပြင်သစ်စာကို နည်းနည်းဖြစ်ဖြစ်တတ်ရမည်ဟု ကျွန်မ တွက်ဆမိသည်။

''မြဦးမေရဲ့ အထုပ္ပတ္တိကို ပြုစုတာက ဘာကြောင့်လဲ မေဇော်၊ ဘာက ဆွဲဆောင်လို့ မြဦးမေကို ရွေးချယ်ဖြစ်တာလဲ''

ကျွန်မစိတ်ထဲမှာ ကျွန်မ မသိလိုက်ဘဲ အလုပ်အင်တာဗျူးတစ်ခု ဖြေနေရသလို ခံစားရသည်။ မင်းညိုကို ကျွန်မ လှည့်ကြည့်ချင်စိတ်ကို နည်း ထိန်းထားရပါသည်။ မကြည့်နဲ့၊ မေဇော်နှုဟာ နေရာတကာ မင်းညိုစင်ကို အားကိုးနေရသူ မဟုတ်ဘူးဆိုတာ သည်အမျိုးသမီးကို အသိပေးမှ ဖြစ်မည်။

''မြဦးမေက မြန်မာအမျိုးသမီးတွေကို ကိုယ့်တန်ဖိုးကိုယ် သိလာအောင်၊ ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်အောင် တွန်းအားတွေ အများကြီးပေးခဲ့တာ အန်တီ၊ အဲဒီခေတ်က နိုင်ငံခြားသွားပြီး ပညာသင်တဲ့မိန်းမ တော်တော်ရှားတယ်၊ နောက်ပြီး သူသင်တဲ့ ဘာသာက ရုက္ခဗေဒ။ မိန်းမတစ်ယောက်အဖြစ် ဘဝမှာ ပညာရေးမှာ ရုန်းကန်ခဲ့ရတာတွေဟာ ကျွန်မတို့ မြန်မာမိန်းကလေးတွေအတွက် လေးစား အားကျစရာတွေပဲ။ သူ့ကို ကျွန်မတို့ရဲ့ အစောဆုံး Feminist တွေထဲက တစ်ယောက်အဖြစ် ကျွန်မ လေးစားကြည်ညိုမိလို့ပါ။ သူ့ဘဝက အစောကြီးအဆုံးသတ်ခဲ့ရတာမို့ တချို့က မေ့မေ့လျော့လျော့ ဖြစ်နေကြလိမ့်မယ်၊ ဒါပေမယ့် သူ့ကျေးဇူးတွေက အများကြီးလေ။ သူ့ဘဝကို ကျွန်မ စာအုပ်တစ်အုပ်အဖြစ် ချပြချင်တာပေါ့''

ထိုစကားများကို ကျွန်မ တောက်လျှောက် ပြောမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''သိပ်ကောင်းတာပေါ့ မေဇော်၊ မေဇော်ရေးမယ့် စာအုပ်ကို ကျွန်မသိပ်ဖတ်ချင်တာပဲ'' သူမက ကော်ဖီကို ကုန်အောင်မသောက် သေးဘဲ အရသာခံနေသလို တစ်ငုံချင်း သောက်နေ၏။

''စာရေးတာနဲ့ ပတ်သက်လို့တော့ မေဇော့်မှာ အတွေ့အကြုံ တွေ ရှိလား''

''ကျွန်မ ကျောင်းမဂ္ဂဇင်းတွေမှာ ဆောင်းပါးရေးတာ လောက် ပဲ''

သူမ မျက်ခုံးပင့်သွား၏။ ဒီအတွေ့အကြုံဟာ စာရေးဆရာ တစ်ယောက်ရဲ့ အထုပ္ပတ္တိပြုစုဖို့ မလုံလောက်သေးဘူးလို့ သူမ ယူဆထားပုံရသည်။ စာအုပ်ကို မဖြစ်ဖြစ်အောင် ရေးရမည်ဟု ကိုယ့် ဟာကိုယ် ဆုံးဖြတ်ချက် ချလိုက်၏။

''အေးလေ၊ ဘယ်သူမှတော့ ပြီးပြည့်စုံအောင် တတ်တယ်လို့ ဘယ်ရှိမလဲနော်၊ ဒါပေမယ့် ဘိုင်အိုဂရပ်ဖီဆိုတာကလည်း ရသနဲ့ တော် တော် နွှယ်တယ်။ အခင်းအကျင်းကောင်းရင် ကောင်းသလို စာဖတ်သူ ကို ဆွဲဆောင်တယ်။ Primo Levi ရဲ့ ဘိုင်အိုဂရပ်ဖီကို ရေးတာ ဘယ်သူပါလိမ့် ကိုမင်းညို မှတ်မိလား''

သူ ကျွန်မကို တစ်ချက်ကြည့်သည်။ သူ့အကြည့်ကို ကျွန်မ နားလည်ပါသည်။ ကျွန်မကို သက်ညှာသော အကြည့်ပါ။ အားပေးမှု လည်း ပါမလားမသိ။

''ကျွန်တော် မမှတ်မိဘူး အစ်မ၊ အစ်မ ဘယ်စာအုပ်ကို ပြောတာလဲ၊ စာအုပ်က သုံးအုပ်လောက်ထင်တယ်''

''ကျွန်မအထင်တော့ အမေရိကန်ဂျူးတစ်ယောက်ပဲ၊ အဲဒီ တစ်ယောက်ရေးတာ တော်တော်ပြောင်မြောက်တယ်''





ထို့နောက် သူမ ကျွန်မဘက်သို့ လှည့်ကြည့်ပြုံးသည်။ အပြုံးက ချိုသာပါရဲ့၊ သို့သော် ကျွန်မ၏ရင်ကို မအေးမြစေပါ။

''ကျွန်မပြောချင်တာက ဒီလိုလေ၊ လူ့ဘဝဆိုတာ ဒီလိုပဲ၊ အတွေ့အကြုံတွေကို တဖြည်းဖြည်းနဲ့ ယူရတာမို့လား။ ကိုယ့်အရင် ရေးပြီးသားထဲက အတုယူစရာရှိရင် ယူဖို့ ဝန်မလေးသင့်ဘူးပေါ့၊ စာအုပ်တစ်အုပ်ရေးဖို့ စာအုပ်တစ်ရာလောက် ဖတ်သင့်ရင်ဖတ်ရမှာပဲ''

''တစ်ခုတော့ ရှိတယ်အစ်မ၊ မေဇော်က အလုပ်လောဘ နည်းနည်းကြီးတယ်၊ တစ်ခုမပြတ်သေးခင် တစ်ခုလုပ်ချင်နေတာ။ အဲဒါကို ကျွန်တော်ပြောနေရတာ။ အခုသူ ဒီဘိုင်အိုဂရပ်ဖီကို တကယ်တမ်း ဖိဖိစီးစီးမကိုင်နိုင်သေးဘူး၊ သူ ပြင်သစ်ယဉ်ကျေးမှု ဌာနလား၊ ဘာလား အဲဒီကျောင်းရဲ့ စာကြည့်တိုက်မှူးရာထူးအတွက် ပြင်သစ်သွားဖို့ စာမေးပွဲပြင်ဆင်နေတုန်း၊ အရည်အချင်းမှီလို့ သွားရမယ်ဆိုရင်လည်း ဟိုမှာ တစ်လလောက်သင်တန်း တက်ရအုံးမယ်၊ ကျွန်တော်သိတယ်၊ ဒီစာအုပ်ကို တော်တော်နဲ့ ပြန်လှည့် ကြည့်နိုင်မှာ မဟုတ်ပါဘူး''

သူမ ကျွန်မအား ပြုံးလျက် ခေါင်းတဆတ်ဆတ် ညိတ်လေ သည်။

''မေဇော် အောင်မှာပါ၊ နောက်ပြီး မေဇော် အထူးချွန်ဆုံး အလုပ်လည်း ဖြစ်မှာပါ''

ကျေးဇူးတင်လိုက်တာ မင်းညိုရယ်။

ဒါပေမယ့် သူမ ကျွန်မကို အထင်သေးသွားမှာပါ။ ကျွန်မရိပ်မိ ပါသည်။ သည်လိုမှန်းသိလျှင် ကျွန်မ မလာခဲ့ပါဘူး။ ကျွန်မ ထိုင်နေရ တာ စိတ်ကျဉ်းကြပ်လာ၏။ ပြန်ရင်ကောင်းမလား၊ ကျွန်မ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်မိသည်။ သူက ကျွန်မကို ငဲ့အကြည့်နှင့် အကြည့်ချင်း ဆုံသွားသည်။ ကျွန်မ ဘာဖြစ်ချင်သည်ဆိုတာ သူရိပ်မိမှာပါ။

"ပြန်ချင်ပြီလား မေဇော်"

သူက မမေးဘဲ သူမက မေးလိုက်တော့ ကျွန်မ နည်းနည်း မျက်နှာပူသွား၏။ ကျွန်မ ဘာဖြေရမှန်းမသိပါ။ ပြန်ချင်ပြီဟု အမှန် အတိုင်း ဖြေလိုက်ရမလား။ သို့မဟုတ် ရပါတယ်ဟု ညာလိုက်ရမလား။ ဟင့်အင်း ကျွန်မ မညာချင်ပါ။ ကျွန်မက ဟန်ဆောင်လည်း မကောင်းပါ။

"ဟုတ်ကဲ့"

သူမ ခေါင်းတစ်ချက်ညိတ်၏။

"ကဲ ဒါဖြင့် ကိုမင်းညို၊ ကျွန်မ တခြား ဘာမှရေးပေးစရာ မလိုတာ သေချာတယ်နော်"

"သေချာပါတယ် အစ်မ"

သူက ထိုင်ရာမှ ထရပ်လိုက်၏။ ကျွန်မလည်း လျှင်မြန်စွာ ထရပ်လိုက်ပါသည်။

"မေဇော်ရေ နောက်လည်း ကိုမင်းညို ဒီမှာရှိရှိ မရှိရှိလာနော်။ ဘယ်ကိစ္စမဆို လိုတဲ့အကူအညီကို ပြောပါ၊ ကိုမင်းညို မေဇော့်ကို ကျွန်မလိပ်စာနဲ့ ဖုန်းနံပါတ်တွေအားလုံး ပေးလိုက်နော်။ မေဇော် အချိန် မရွေး ဆက်နိုင်တယ် သိလား"

"ဟုတ်ကဲ့ရှင့်၊ ကျေးဇူးတင်ပါတယ် အန်တီ"

ကားပေါ်ရောက်တော့ ကျွန်မ ထိန်းချုပ်ထားသမျှ လွတ်သွား ရကာ မျက်ရည်ပေါက်ပေါက်ကျလျက် သူ့ကို ရန်တွေ့မိသည်။

"နင်ဘာဖြစ်လို့ ငါ့ကို အဲဒီမိန်းမနဲ့ တွေ့ပေးတာလဲ၊ နင် ငါ့ကို သက်သက်မဲ့ နှိပ်စက်တာလား။ မကောင်းဘူး။ မင်းညိုနဲနဲမှ မကောင်း





ဘူး"

"မေဇော်... ငါက နင် ဂျာနယ်မှာ လုပ်ချင်သလားလို့... "

သူက ကားရှေ့ခန်းမှာ ထိုင်မိလျက်သားမို့ ကျွန်မရှိရာ နောက်ခန်းသို့ ကိုယ်ကို တစောင်းလှည့်ကာ ကျွန်မကို ကြည့်စကား ပြောရသည်။ ကျွန်မတို့နှစ်ယောက် ခုလို တစ်နေရာစီဖြစ်နေတာ ကောင်းပါသည်။ ကားနောက်ခန်းမှာသာ အတူထိုင်မိခဲ့လျှင် ဝမ်းနည်း တာရော ဒေါသရောပေါင်းလျက် ကျွန်မ သူ့ကို လက်ထဲက ဆလင်း ဘက်အိတ်နှင့် ထုရိုက်မိမလား မသိ။

"နင်ငါ့ကို ချွတ်တာပေါ့၊ ရည်ရွယ်ချက်ကြီးနဲ့..."

သူ မျက်နှာပျက်သွားကာ ခေါင်းခါယမ်း၏။

"အဲဒီစကားမျိုး မပြောပါနဲ့ မေဇော်၊ နင့်အပေါ်မှာမှ မဟုတ်ဘူး။ ဘယ်သူ့အပေါ်မှ ငါမထားဘူးတဲ့စိတ်ပါ။ အစ်မနဲ့တွေ့ရင် နင်လည်း ထည့် ရမယ်ဆိုပြီး"

"မလိုချင်ဘူး သူ့ဆီကပညာကို ငါမလိုချင်ဘူး"

ကျွန်မ သူ့ကို စွတ်အော်ပစ်လိုက်မိ၏။

"မေဇော် မအော်နဲ့လေ၊ အခု နင်ဘာဖြစ်လို့ ဒီလောက် ဒေါသကြီး နေရတာလဲ"

"ဟင် နင်မကြားဘူးလား။ ငါ့ကို အမျိုးမျိုးပညာပြလိုက်တာ နင် မကြားဘူးလား"

သူ့မျက်နှာ မဲမှောင်သွားလေသည်။

"နင် အထင်လွဲနေပြီ၊ အစ်မ ဒေါ်အေးအေးထွန်းမှာ အဲဒီစိတ် လုံးဝမရှိဘူး။ နင့်အပေါ်လည်း မရှိဘူး ဘယ်သူ့အပေါ်မှာမှလည်း မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကျွန်မ သူ့ကို အံ့ဩတကြီးသာ ကြည့်မိတော့သည်။ ဘာစကားမှ မပြောနိုင်တော့သောကြောင့် ဖြစ်သည်။ သည့်မိန်းမအပေါ် သူ သည့်မျှပင် အထင်ကြီးသည်ပေါ့။ ကျွန်မကတော့ သူ့အတွက် မလောက်လေး မလောက်စား ကောင်မလေး၊ အစစအရာရာ သူ့အပေါ်မှာ မှီခိုနေသူ၊ ဘယ်နေရာမှာမှ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ပိုင်ပိုင်နိုင်နိုင် မလုပ်တတ်သူ။

ကျွန်မ ခေါင်းကို ငုံ့ပစ်လိုက်ရသည်။ နောက်ထပ်မျက်ရည်တွေကို သူ မမြင်စေရ။ ဖြစ်နိုင်လျှင် ကားပေါ်မှ ဆင်းသွားလိုက်ချင်သည်။

"မငိုပါနဲ့ မေဇော်ရာ၊ နင့်အသက်အရွယ်နဲ့ နင့်အရည်အချင်းက မျှတနေပြီးသားကို နင်ဘာကြောင့် ဒီလောက် စိတ်လှုပ်ရှားနေတာလဲ။ အသက်နှစ်ဆယ့်ခုနစ်နှစ်အရွယ် မိန်းမတစ်ယောက်နဲ့ လေးဆယ့်နှစ်နှစ်အရွယ် မိန်းမတစ်ယောက် ဗဟုသုတချင်းတော့ ဘယ်တူနိုင်မလဲ။ ဒါကို နင်အားငယ်စရာ မလိုပါဘူး။ သူ့ကို နင် အားကိုးနိုင်အောင် ငါက ခေါ်သွားတာ၊ နင်က သူ့ကို ဘာဖြစ်လို့ ခါးခါးသီးသီး ဖြစ်နေရတာလဲ ငါနားမလည်ဘူး"

"အားမကိုးချင်ပါဘူး"

ကျွန်မ သူ့ကို မော့မကြည့်ဘဲ အသံတိမ်တိမ်နှင့် ငြင်းဆန်မိသည်။ နေစမ်းပါဦး။ အသက် လေးဆယ့်နှစ်နှစ်လို့ ပြောလိုက်သလားလို့။ အတိအကျလေ။ သူ့အသက်အတိအကျကို နင်ဘယ်လို လုပ်သိသလဲဟု မေးလိုက်ချင်၏။

"ကဲ ကဲ... အားမကိုးချင်လည်း မကိုးပါနဲ့ခင်ဗျာ၊ ဆန္ဒစောသွားမိတဲ့ ငါ့ကို နင်ခွင့်လွှတ်နော်၊ နင် စိတ်ထိခိုက်သွားရတဲ့အတွက်





ငါတောင်းပန်ပါတယ်၊ ဘာနဲ့ ပြန်လျော်ပေးရမလဲ ပြော"

ကျွန်မသူ့ကို မော့ကြည့်လိုက်တော့ သူ၏ နူးညံ့သော အကြင်နာ မြူးကို တွေ့လိုက်ရသည်။ ထိုအပြုံးသည် ကျွန်မအတွက် အမြဲတမ်း အင်အား ဖြည့်ပေးနိုင်ခဲ့၏။ ကျွန်မအတွက် သီးသန့်အပြုံး ဆိုတာကို နည်းနည်းမျှ သံသယ မဖြစ်ခဲ့မိချေ။

"နောက်ကို အဲဒီအဘွားကြီးနဲ့ ငါမတွေ့ချင်ဘူး"

ကျွန်မ တစ်ချက်ရှိုက်ရင်း ပြောတော့ သူ ခေါင်းညိတ်သည်။

"အောလ်ရိုက်(တ်)၊ အမိန့်အတိုင်းပါ ခင်ဗျာ"

"နောက်ပြီး အခု ငါဆာနေပြီ၊ ငါ့ကို တစ်ခုခုလိုက်ကျွေး"

သူ အသာအယာရယ်မောလျက် ခေါင်းညိတ်ပါသည်။

ထိုနေ့က ကျွန်မကို ရွှေလီမှာ မာလာဟင်းနှင့် အကင်စုံကျွေးရင်း သူ စကားတစ်ခွန်းကို လေးလေးနက်နက် ပြောခဲ့၏။

"လူတစ်ယောက်အတွက် တခြားလူတစ်ယောက်က နေရာတကာမှာ လိုက်ပြီး ရှေ့ကနေ ကာကွယ်မပေးနိုင်ဘူး၊ ကိုယ့်ကိုယ်ကို ကာကွယ်တတ်ရမယ်၊ ကိုယ့်အရည်အချင်းကို သူများက မျက်စိလျှံ မသွားအောင် ချက်ကျလက်ကျပြောတတ်ရမယ်။ ကိုယ့်တန်ဖိုးကို ကိုယ်တိုင် ထုတ်ဖော်တတ်ရမယ်။ သူများက ထုတ်ဖော်ပြောပြပေးဖို့ မမျှော်လင့်နဲ့ မေဇော်၊ နင့်အနားမှာ ငါအမြဲ ရှိနေနိုင်မှာ မဟုတ်ဘူး"

သူ့စကားကြောင့် ကျွန်မ ဝမ်းနည်းသွားခဲ့ရသည်။

သူလည်း ကျွန်မကိုယ်ရေးကိုယ်တာကိစ္စတွေကို တစ်ချိန်လုံး လိုက်ဖြည့်ဆည်းဆောင်ရွက်ပေးနေရတာ စိတ်ကုန်လှရောပေါ့နေ့။

ကျွန်မ၏မျက်ရည်တွေကို သည်နေ့အဖို့ သူမမြင်သေးတော့ ပါဘူး။ ကျွန်မ ကြိုးစားပမ်းစား မျက်တောင်ခတ်လျက် လွှင့်ပြယ်



www.burmeseclassic.com

www.burmeseclassic.com



စေခဲ့ရသည်။

ကျွန်မ ရင်ကျက်ဖို့ လိုနေပြီဟု ကျွန်မ အားတင်း လိုက်ရပါသည်။

✤ ✤ ✤





## ဂျပန်စံကားဖြူ (Magnolia Kobus)

ရှိမလားမရှိဘူးလားမသိသော ကိုယ်ရေးကိုယ်တာပေးစာများကို ကြည့်ခန်းထဲတွင် စမ်းတဝါးဝါးလိုက်ရှာရသည့်အဖြစ်မှာ သာမန်လူ တွက်ဆိုလျှင် တော်တော်စိတ်မရှည်စရာ ဖြစ်လိမ့်မည်။ စာအုပ်တွေကို တတ်သည့် ကျွန်မအတွက်တော့ အကောင်းဆုံး အချိန်ဖြုန်းနည်း ခု ဖြစ်ပါသည်။

ကျွန်မသည် စံကားပင်ပေါင်း နှစ်ရာလောက်ရှိသော ထူးဆန်း သည့် စံကားဥယျာဉ်ကြီးကို အံ့ဩငေးမော၍ မဆုံးမီမှာပင် လုပ ညားသော စာကြည့်ခန်းတစ်ခုကို တွေ့ရပြန်သည့်အခါ သည်နေရာသို့ တ်လာရတာ ထိုက်တန်လှသည်ဟု ကျေနပ်နေမိတော့သည်။

စာကြည့်ခန်း၏ပြတင်း ခန်းဆီးဖြူပါးပါးကို လွန့်လူးလှုပ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြတ်သန်းတိုက်ခတ်လာသည့် လေသည် မွှေးထုံလျက်ရှိသည်။ ရွှေဟောင်း မတ်တပ်ကျွန်းကုလားထိုင်ပေါ်တွင် ကျွန်မ ထိုင်မိသည့်အခါ ကျွန်မရင်ထဲ၌ သိမ့်ခနဲလှုပ်ရှားသွားသည်။

လွန်ခဲ့သော နှစ်ပေါင်း လေးငါးဆယ်ခန့်က ဤကုလားထိုင်တွင် ကလေးမလေးတစ်ဦးထိုင်လျက် ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲဖို့ ကြံစည် စိတ်ကူးခဲ့ပါလိမ့်မည်။

ထိုင်သည့်နေရာကို နူးညံ့ပြီးတင်းရင်းသော ချည်သားဖုံထုထည်ဖြင့် ချုပ်ထားသဖြင့် ထိုင်ချလိုက်သည့်အခါ အိအိမွမွ နစ်ဝင်သွားလေသည်။ ရှေ့က စားပွဲပေါ်လက်ထောက်လျက် မျက်နှာမူရာက စာအုပ်ဘီရိုကို ငေးမောနေမိသည်။ ရွှေရောင်စာလုံးတွေနှင့် စာအုပ်အနှောင့်များက ခမ်းနားလှ၏။ အပြန်အလှန်ပေးစာတွေမှာ အဲသည်ထဲတွင် မရှိနိုင် ကျွန်မသိသည်။ တစ်ယောက်ယောက်သိမ်းများ အပ်ထားခဲ့လေသလား။

ကျွန်မ စာအုပ်ဘီရိုများကို လှည့်ပတ်ကြည့်ရှု ငေးမောနေမိသည်။ အကယ်၍ ယခုညနေမှာ ကျွန်မ မြစ်ထဲဆင်းတော့မည်ဆိုလျှင် ကျွန်မသည်စာအုပ်တစ်အုပ်အုပ်ကို နောက်ဆုံး ဖတ်သွားချင်မိလေမလား။ ဘယ်စာအုပ်ကို ကျွန်မဘဝ၏ နောက်ဆုံးစာအုပ်အဖြစ် ဖတ်သွားချင်မှာပါလိမ့်။

မြစ်...။

မြစ်အကြောင်းကို တွေးလိုက်မိသည့်အခါ ကျွန်မ မြစ်ကို အသေအချာ မမြင်ရသေးဘူးဟု သတိရသွား၏။ ကျွန်မ ရောက်ခါစကတော့ ဒေါ်တင်က မြစ်ကို ဟောဟိုမှာဟု လက်ညှိုးညွှန်ပြခဲ့သည်။ ကျွန်မ ဥယျာဉ်ထဲဆင်းသည့်အခါ စံကားပင်တွေကို ရေတွက်ရင်း စပ်စုရင်း မြစ်ကို ခဏခဏမြင်ရသည်။ သို့သော် မြစ်ကို ကျွန်မ ...ချင်းနီးနီးမမြင်ရ မသိရသေး။

ကျွန်မ၏ လည်ကုပ်ကို တစ်စုံတစ်ရာက လာရောက် ထိတို့ ...ကိုသလို ခံစားရသဖြင့် ကျွန်မ လှည့်ကြည့်လိုက်မိ၏။

ဘာမှမရှိပါ။

ဒါပေမယ့် အထိခံလိုက်ရတာတော့ သေချာသည်။ ကျွန်မ ရှေ့မှာတော့ တလွင့်လွင့် လှုပ်ရှားနေသည့် အဖြူရောင် ခန်းဆီးပါးပါးပဲ ရှိသည်။ အဝတ်စ၏ တို့တိုက်မှုပဲလား။ သို့မဟုတ် တစ်ယောက်ယောက်...

"ဒေါ်တင်..."

ကျွန်မ လှမ်းခေါ်လိုက်မိသည်။ ဘာသံမှ မကြားရ။

အခုမှ သတိရသည်။ ဒေါ်တင်ကို ကျွန်မမြို့သို့ စာထည့်ပေးဖို့ စေလွှတ်ထားသည်။ အခုထိ ပြန်မရောက်လာသေး။ ဒါဖြင့်

ကျွန်မထိုင်ရာမှ ဖျတ်ခနဲ ထရပ်လိုက်မိသည်။

နေရောင်သည် အိမ်အပြင်တွင် အလင်းရောင်ဖြန့်ခဲ့ဖြစ်သော်ငြား အိမ်ထဲမှာတော့ အလင်းမှိန်မှိန်သာ ကျန်တော့သည်။ သည်အိမ်က လျှပ်စစ်မီးတွေက မီးအားမြင့်စက်မရှိသဖြင့် ခပ်မှိန်မှိန်သာ ထွန်း၏။ ကျွန်မ အိမ်ပြင်မှာပဲ စံကားပင်တွေနှင့် မြစ်ကို အဖော်ပြုတော့မည်။

ကျွန်မ အိမ်ထဲကထွက်လာသည့်အခါ ပန်းရနံ့သည် ကျွန်မအား သန်းဆန်းစွာ နွေးထွေးစွာ ဆီးကြိုမွှေ့ဖက်လိုက်လေသည်။

ကျွန်မ ခြံထဲသို့ လမ်းလျှောက်ဆင်းတိုင်း စံကားပင်တွေကို မှတ်မှတ်ရရ ရေတွက်ဖို့ ကြိုးစားခဲ့၏။ ဆယ်ပင်၊ အပင်နှစ်ဆယ်၊ နှစ်ဆယ့်ငါးပင်... ထို့နောက် ရှေ့တည့်တည့်ကအပင်တွေ၊ ...



www.burmeseclassic.com

www.burmeseclassic.com



က အပင်တွေ၊ လက်ယာဘက်ကအပင်တွေ... နေအုံး နောက်နေ့
လျှင်တော့ ကျွန်မ မြေဖြူလိုအရာဝတ္ထုနှင့် အမှတ်အသား လု
သွားရမည်။ အဲသည်လိုချည်း တွေးမိပြီး ဘယ်တော့မှလည်း အကော
အထည် မဖော်ဖြစ်။

အခုလည်း ကျွန်မ စံကားပင်တွေကို ရေတွက်ဖို့ စတင်မှတ်သား
မိပြန်ပြီ။ ဆယ့်လေးပင်၊ ဆယ့်ငါးပင်...

ကျွန်မအာရုံမှာ တစ်ခုခု ထူးခြားနေသလို ခံစားရပြန်၏။ ဘာထ
ထူးခြားတာပါလိမ့်။ ဟိုဟိုသည်သည် အကဲခတ်ကြည့်သည်။

အန့်က ထူးခြားတာတော့မဟုတ်။ ခါတိုင်းနေ့တွေမှာလည်း
သည်ရနံ့ပဲ။ အရောင်...။ သစ်ပင်တွေ သည်နေ့ အရောင်ပြောင်းနေ
သည်။ ထင်သည်။ ခါတိုင်းနေ့တွေမှာက ပင်စည်တွေက အညို
အညိုရင့်။ အခုတော့ မီးခိုးရောင် ဖြစ်နေသည်။ ပင်စည်အားလုံး
မီးခိုးရောင်၊ ကျွန်မ သစ်ပင်တစ်ပင်ကို အနီးကပ် စူးစမ်းကြည့်သည်။
တကယ် မီးခိုးရောင်လား။

အခေါက်သည် မီးခိုးရောင်တော့မဟုတ်။ ဒါပေမယ့် ခပ်ဖြ
မှိန်မှိန် ဖြစ်နေသည်။ ခပ်လှမ်းလှမ်းသို့ ခြေလှမ်းဆုတ်ကြည့်တော့
မီးခိုးရောင်။

"အုံ့ဩစရာပါလား"

လွတ်ခနဲ ရေရွတ်မိ၏။

"ဘာဖြစ်လို့လဲ"

ကျွန်မ၏ နောက်ဘက်မှ ယောကျ်ားသံတစ်ခု ထွက်လာသည်။

"အမေ့"

ကျွန်မ ထိတ်ခနဲ လန့်ဖျပ်သွားပါသည်။ ရယ်မောသံသဲ့သဲ့





ကြားရသည်။

မင်းညို...

ကျွန်မ ကမန်းကတန်း လှည့်ကြည့်လိုက်၏။

ဟင်...။ မင်းညိုလည်း မဟုတ်ဘူး။

ကျွန်မ၏နောက်မှာ စံကားပင်တစ်ခု၏ ပင်စည်ကိုမှီလျက် ရပ်နေ
သူကို ကျွန်မ တစ်ခါမှ မမြင်ဖူးပါ။

ချည်သားအကျီအဖြူ၊ ဂန့်ဂေါလုံချည် အနက်ရောင်ပေါ်မှ
ကြာအဆင်နှင့်၊ အဖြူနှင့်အနက်မှာ မင်းညို ဝတ်နေကျ ဝတ်စုံပါ။

"ကျွန်မကို သိသလား"

ကျွန်မ တွန့်ဆုတ်စွာမေးမိတော့ သူပြုံးနေသည်။

သူ ကျွန်မထက်နည်းနည်းတော့ ကြီးမည်၊ ထင်သည်။ အသက်
သုံးဆယ်ကျော်လောက်များ ဖြစ်မလား။ အသားက ဖြူဝင်းနေသည်။
ညနေ နေရောင်က သူ့မျက်နှာပေါ်သို့ အလင်းဟပ်နေသဖြင့် ပါးပြင်
တွေက ပန်းသွေးရောင်လိုလို၊ ဒါမှမဟုတ် သူ့ပါးပြင်ကိုက ပန်းသွေး
ရောင် လွှမ်းနေတာလား။

"ကိုယ်တို့ နှစ်ခါ တွေ့ဖူးတယ်လေ"

နှစ်ခါ...။ ကျွန်မ သူ့အသံကို မှတ်မိသွားသည်။

"အော"

ကျွန်မ စိတ်လှုပ်ရှားစွာ ပြုံးမိသွား၏။

"ကြည့်စမ်း၊ ပုံပြောဆရာပဲ"

သူ အသာရယ်လေသည်။

"ကိုယ့်နာမည်က ခွန်သာတဲ့"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ အသံကို ကြားနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးသားပဲနော်။ အခုမှပဲ လူကို တွေ့ရတော့တယ်''

ထို့နောက် စကားတိတ်ဆိတ်သွားၿ။ ကျွန်မတို့ တစ်ယောက်ကို တစ်ယောက် အကဲခတ်နေကြသည်။

''အယ်... ကျွန်မနာမည်က မေဖော်နုပါ''

''ကိုယ် သိပါတယ်''

''အို''

ကျွန်မ ရယ်မိ၏။

''ဒီရွာက သေးသေးလေး။ လူတစ်ယောက် အသစ်ရောက်လာရင် အားလုံးက သိတယ်''

သူကြည့်ရတာ ရွာကလူနဲ့တော့ မတူ။ စကားပြောပုံကလည်း ရွာသားနဲ့မတူ။ အလုပ်နဲ့ရောက်လာတဲ့ ကျောင်းဆရာတစ်ယောက် များလား။

''ဒီရွာကလားဟင်''

''ဆိုပါတော့လေ''

''ဒီထဲကို ဒီလိုပဲလူတိုင်း ဝင်ဝင်လာနေကြတာပဲလား''

ကျွန်မ အားနာလျက်က တကယ်ပင်သိချင်၍ မေးလိုက်မိ၏။

''လူတိုင်းတော့ မဟုတ်ပါဘူး''

ထို့နောက်သူသည် ပြောစရာစကားကုန်သွားသလိုပင် စကားပင်ကို ကျောခိုင်း မှီလိုက်သည်။ ထို့နောက် အပင်ကို မော့ကြည့်၏။ သူမှီရပ်နေသည့်အပင်သည် ဖြောင့်တန်းစွာသွယ်လျသည်။ အရွက်တွေက ပို၍တောက်ပစိမ်းမှောင်သည်။ သူမော့ကြည့်နေစဉ်မှာပင် ဆွတ်ဆွတ်ဖြူသော ပန်းတစ်ပွင့် အမြင့်မှ ချာလည်ဝဲကာ ကြွေကျလာလေသည်။ သူက ထိုပန်းပွင့်ကို ဆီးကြိုဖမ်းလိုက်၏။





အလွန်ကြွေလွယ်သော စံကားဖြူပန်းပွင့်သည် သူ့လက်ထဲမှာ ကြွေမသွားဘဲ အခက်လိုက် အတွဲလိုက်တင်နေသည်။ သူက ထိုပန်းကို အသာ ရှိုက်မွှေးလိုက်ပြီးမှ ကျွန်မအား လက်ကမ်းပေးသည်။ ရုတ်တရက် ကျွန်မကြောင်သွား၏။ ကျွန်မဘဝမှာ ယောကျ်ားတစ်ယောက်က ပန်းတစ်ပွင့် ကမ်းပေးတာကို တစ်ခါမှ မကြုံရဘူးချေ။

''မွှေးကြည့်၊ သူ့အကြောင်းကို ကိုယ် ပြောပြမလို့''

ကျွန်မ ပန်းဖြူလွလွလေးကို သူ့လက်ဖဝါးထဲမှ မရဲတရဲ ကောက်ယူလိုက်ပါသည်။ ပန်းကလေးသည် ကြွေရောင်တောက်နေ၏။ ဖူးချပ်ရှရှပေါင်း ခြောက်ခုပါသည်။ အလယ်က အဝါရောင်ဝတ်ဆံတိုင်မှာ ဝတ်ဆံချောင်းလေးတွေ အများကြီးပြွတ်နေသည်။ ကျွန်မ ပန်းပွင့်လေးကို ရှိုက်မွှေးလိုက်သောအခါ မျက်နှာခွေးမူသွားသည်။ ထိုရုက်ရှိုမှုသည် ကျွန်မ တစ်ခါမှမခံစားဘူးသော အတွေ့အကြုံဖြစ်သည်။

ကျွန်မ သူ့ကို မော့ကြည့်လိုက်မိ၏။

သူက ကျွန်မကို ငေးကြည့်နေသည်နှင့် ဆုံမိသွားသည်။ ကျွန်မ ရင်တဆတ်ဆတ် ခုန်သွားသည်။ သူမျက်နှာမလွှဲပါ။ ကျွန်မကို ရဲတင်းစွာပဲ စိုက်ကြည့်နေဆဲဖြစ်သည်။ ကျွန်မကသာ မျက်လွှာ ချပစ်လိုက်ရပါသည်။

''သူ့နာမည်က Magnolia Kobus လို့ ခေါ်တယ်၊ ရုက္ခဗေဒနာမည်ပေါ့လေ။ အရပ်အခေါ်တော့ ဂျပန်စံကားဖြူလို့ ခေါ်တယ်''

ကျွန်မ၏လက်ထဲမှ ဂျပန်စံကားဖြူကလေးသည် မသိမသာ တုန်ခါနေသည်။

''ဒါပေမယ့် တချို့ကတော့ သူ့ကို Sleeping Beauty လို့ ခေါ်ချင်ကြတယ်။ အိပ်ပျော်နေတဲ့ အလှမယ်လေးပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ၏ပုံပြင်ကို တိုးတိတ်စွာ ပြောပြပါသည်။

"၁၉၈၂ ခုနှစ်တုန်းက ဂျပန်ပြည်မှာ ရှေးဟောင်းအမွေအနှစ်တွေ တူးဖော်မိခဲ့ကြတယ်။ သူတို့တူးခဲ့မိတာက လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင်လောက်က ယာယိုအိခေတ်ရဲ့အကြွင်းအကျန်တွေလို့ သိရတယ်။ အဲဒီနေရာမှာ နေထိုင်ခဲ့ကြသူတွေကတော့ တောင်သူလယ်သမားတွေပဲတဲ့။ သူတို့ရဲ့ ကောက်ပဲသီးနှံတွေကို အိုးလေးတွေထဲမှာ ထည့်သိမ်းထားတတ်ကြတယ်။ တူးဖော်မိတဲ့ အိုးတစ်ခုထဲမှာ စပါးစေ့တွေ ကျန်နေသေးသတဲ့။ ဒါပေမယ့် စပါးစေ့တွေကတော့ မဲနက်ပြီးပျက်စီးနေပြီပေါ့။ အဲ... အဲဒီထဲကမှ အစေ့လေးတစ်စေ့ဟာ အများနဲ့မတူဘဲ ထူးခြားနေတယ်။ အဲဒီအစေ့လေးကို ယူပြီး မြေမှာ မျိုးကြည့်လိုက်တယ်။ ရေမှန်မှန် လောင်းပေးလိုက်တယ်။ အပင်လေး ပေါက်လာတော့တယ်။ အဲဒီအပင် ပေါက်လေးက စကားမျိုးနွယ်တစ်ပင် ဖြစ်နေတယ်လေ။"

သူသည် ကျွန်မ သူ့အနီးမှာရှိနေမှန်း သတိမထားမိတော့ သလိုပင် သူ့ပုံပြင်တွင် ကိုယ်တိုင်နစ်မြောသွားတော့သည်။

"သူ့အရွက်တွေနဲ့ ယေဘူယျသွင်ပြင်လက္ခဏာတွေအရ သူဟာ Magnolia Kobus ဖြစ်တယ်ဆိုတာ သံသယ မရှိကြပါဘူး။ ဂျပန်ပြည်ရဲ့ အဲဒီဒေသပတ်ဝန်းကျင်မှာ ကြွင်းကျန်နေဆဲ စကားအမျိုး တစ်မျိုးပဲပေါ့။ ဒါပေမယ့် အပင်လေးတဖြည်းဖြည်းကြီးထွားလာလို့ ဆယ့်နှစ်နှစ်အရွယ်လည်းရောက်ရော ပထမဦးဆုံး အဖူးလေး ဖူးလာရော၊ အဲဒီမှာ ထူးခြားတာကို သူတို့ သတိထားမိလာရတာပဲ။ တခြား သက်ရှိ မက်ဂ်နိုလီယာကိုးဘတ်စ်တွေက ပန်းပွင့်မှာ ပွင့်ချပ်ခြောက်ခုပဲ ပါတယ်။ သူ့မှာက ရှစ်ခုပါနေတယ်"

ကျွန်မလက်ထဲက ပန်းပွင့်လေးမှာ ပွင့်ချပ်လေးတွေ ခြောက်ခု





ပါလေသည်။

"နောက်နှစ်မှာ အဲဒီအပင်က ပန်းပွင့်ပေါင်း သုံးဆယ်ကျော် ပွင့်တယ်။ အဲဒီမှာ ပန်းပွင့်တွေဟာ ပွင့်ချပ် ခြောက်ခုကနေ ကိုးခုထိရှိနေသတဲ့။ ဒီထူးဆန်းမှုဟာ ဘာလဲ၊ တစ်နှစ်တလေ ထူးထူးခြားခြား ပွင့်ချပ်အရေအတွက်များနေတာလား။ ဒါမှမဟုတ် သူ့မျိုးရိုးဗီဇကိုက ပွင့်ချပ်များတာလား၊ ဒါကို ခွဲခြားဖို့တော့ စောသေးတယ်။ ဒါပေမယ့် အခုထိတော့ သူဟာ ပွင့်ချပ်ပေါင်း ကိုးခုထိ ပွင့်နေတုန်းပဲ။ ဒီအတိုင်း ဆိုရင် သူဟာ နှစ်ပေါင်းထောင်နဲ့ချီပြီး ကမ္ဘာမြေပေါ်ကနေ ပျောက်ကွယ် သွားရာက ပြန်လာတဲ့အခါ သူ့ဆွေမျိုးအပေါင်းအပါတွေလို အဆင့်ဆင့် အသွင်ကူးပြောင်းခြင်းဆိုင်ရာ ဖိအားတွေကနေ လွတ်မြောက်ပြီး နဂိုမူလ အရည်အချင်းအတိုင်း ရှိနေတယ်လို့ ပြောနိုင်တာပေါ့။ ဒီတော့ သူဟာ အိပ်ပျော်နေတဲ့ အလှမယ်လေးပဲ မဟုတ်လား"

ဂျပန်စကားဖြူကို ကျွန်မ စိတ်ဝင်စားပါသည်။ သို့သော် မြကို ပို၍ စိတ်ဝင်စားသည်။

သူ့ကို ကျွန်မကြည့်မိတော့ သူကအဝေးကို ငေးကြည့်နေတာ တွေ့ရသည်။ သူ့မျက်လုံးတွေက နည်းနည်းတော့ မှုန်မှိုင်းနေသလို ရှိ၏။

"မြကလည်း တကယ်တော့ အိပ်ပျော်နေတဲ့ အလှမယ်လေး ပါပဲ။ မင်းသားလေးက အနမ်းနဲ့ နှိုးတော့မှ နိုးလာတဲ့ အလှမယ်လေး ပေါ့ပဲ"

သူ ပြုံးနေပါသည်။ သူ့အပြုံးတွင် ကြည်နူးမှုကို ကျွန်မ မြင်ရသည်။ အလွမ်းကိုလည်း မြင်ရသည်။

"မြတစ်ယောက် အိပ်ပျော်နေရာကနေ နိုးလာတဲ့နေ့ဟာ မြရဲ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်ငါးနှစ်မြောက် မွေးနေ့လည်းဖြစ်တယ်။မွေးနေ့ကို မြအခေ
ကျင်းပမပေးပါဘူး။ သတိတောင်မရပါဘူး။ ဟိုဘက်ရွာက လူနာခေ
ယောက် အသည်းအသန်ဖြစ်နေလို့ အိမ်မှာတောင် မရှိပါဘူး။
တက္ကသိုလ်ကနေ ကျောင်းပိတ်လို့ အိမ်ခဏပြန်လာတဲ့အချိန်နဲ့ တိုက်
တာမို့ ရှားရှားပါးပါး မွေးနေ့ကို ဥယျာဉ်မှူးကတော့ သတိတရ တ
ထားတယ်လေ။

"မေလဆန်းမှာ သူစိုက်ထားတဲ့ မက်ဂ်နိုလီယာ ကိုးဘတ်စ်
ပထမဆုံး အဖူးတွေ ဖူးနေပြီကိုသိတော့ ဥယျာဉ်မှူးက ဆုတောင်းသ
မြကို သူမွေးနေ့ အမှတ်တရ တစ်ခုခုပေးချင်တယ်။ အဲဒီ တစ်ခုခု
လည်း ထူးခြားတဲ့အရာ ဖြစ်စေချင်တယ်။ ဒါကြောင့် မက်ဂ်နိုလီ
ကိုးဘတ်စ် စံကားဖြူကနေ ပထမဆုံးသော ပန်းတွေဟာ မြရဲ့ မွေး
နံနက်ခင်းမှာ ပွင့်ပါစေ...တဲ့"

အော်...၊

ကျွန်မရင်ထဲမှာ စူးနင့်စွာ အားငယ်သွား၏။ မြဟာ ကံကော
လိုက်တာနော်၊ မွေးနေ့မှာ ကမ္ဘာ့အရှားပါးဆုံး စံကားဖြူမျိုးစိတ်ထဲမှာပါ
အမျိုးတူပန်းပင်တစ်ပင်ကနေ လက်ဆောင်အဖြစ် ပထမဆုံးသေ
ပန်းပွင့်တွေ ပွင့်ပေးပါလို့ မြတ်မြတ်နိုးနိုး ဆုတောင်းပေးမယ့်သူ ရှိနေ

ကျွန်မ၏ နှစ်ဆယ့်ငါးနှစ်မြောက်မွေးနေ့ကို ကျွန်မ ဘယ်
ကျော်ဖြတ်ခဲ့ပါလိမ့်။

သူငယ်ချင်းတချို့ကို အိမ်မှာ မုန့်ကျွေးသည်။ မွေးနေ့ လ
ဆောင် တွေ့ရသည်။ အဲသည် မွေးနေ့လက်ဆောင်တွေထဲမှာ ဥယျာဉ်
ရဲ့ မွေးနေ့လက်ဆောင်လို ရှားပါးပြီးထူးဆန်းတဲ့ လက်ဆောင် မပါသ
မင်းညိုရဲ့လက်ဆောင်ကတောင်မှ...





အရွယ်နှင့်မလိုက်အောင် လူကြီးဆန်သော မင်းညိုသည် မွေးနေ့လက်ဆောင်လိုအရာမျိုးကိုတောင် နည်းနည်းမှ စိတ်ကူးယဉ်ဖွယ်မရှိသော ပစ္စည်းကို ရွေးပေးသည်။

သူက ကျွန်မ ခဏခဏ ဟိုစာရွက်ပျောက် သည့်စာရွက်ပျောက်မို့ မျက်စိနောက်လို့တဲ့၊ စာရွက်တွေကို သူ့အမျိုးအစားနှင့်သူ ခိုင်တွဲပြီးသိမ်းနိုင်ရန်ဟု အကောင်းစားဖိုင်ဟိုလ်ဒါ ရောင်စုံဆယ်ခုစီပါသော ပက်ကင်သုံးခုတွဲကို ပေးလေသည်။

နောက်ပြီးတော့ အပိုလက်ဆောင်တစ်ခုက စိတ်ကူးယဉ်စရာတစ်စက်မှ မရှိပေမယ့် ကြည်နူးချမ်းမြေ့ဖွယ်ရာဖြစ်သည်။

မွေးနေ့နံနက်စောစောတွင် သူက ရွှေတိဂုံဘုရားသို့ သွားပြီး ကျွန်မကိုယ်စား ဘုရားရှိခိုး၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော် ဆုတောင်း မေတ္တာပို့သတဲ့။

"နင်လုပ်ဖို့ မေ့နေမယ့် အလုပ်တစ်ခုကို နင့်ကိုယ်စား ငါက ဝင်လုပ်ပေးလိုက်တာ"

သူ့စကားကြောင့် ကျွန်မ ရှက်လည်းရှက်၊ ကျေလည်း ကျေနပ်သွားခဲ့ရပါသည်။

မင်းညိုကို ဖျတ်ခနဲ သတိရသွားတော့ ကျွန်မ ကြည်နူးစွာ ပြုံးမိ သွားသည်။

"မွေးနေ့ နံနက်ခင်းက တစ်ခြားနံနက်ခင်းတွေထက် ပိုလှတယ်။ စံကားပင်တွေဟာ အရွက်တွေ စိမ်းစိုပြီး တောက်ပနေခဲ့တယ်။ ကောင်းကင်က အပြာနုနု၊ လေက ဟိုးအဝေးက မိုးငွေ့နဲ့ အေးအေးမြမြလေ။ စံကားဝါတွေရော၊ စံကားဖြူတွေရော အတူတူပွင့်ကြတယ်။ အထူးခြားဆုံးကတော့ မက်ဂ်နိုလီယာ ကိုးဘတ်စ်ပေါ့။ သူက သူ့ဘဝရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးသော ပန်းတွေကို တကယ်ပဲ မြမွေးနေ့မှာ ပွင့်ပေးခဲ့တော့တယ်''

မျှော်လင့်ထားပြီးသား စကားဖြစ်ပါလျက် တကယ် ကြားလိုက်ရသောအခါ ကျွန်မ ရင်ထဲမှာ နွေးသွား၏။

''လှပတဲ့ မွှေးပျံ့တဲ့ ပန်းပွင့်ပေါင်းများစွာ သရဖူဆောင်း ထားတဲ့ စိမ်းစိုလန်းဆန်းတဲ့ သစ်ပင်တိုင်းဟာ မြမွေးနေ့ရဲ့ ဧည့်သည်တော်တွေပေါ့''

ကျွန်မ သူ့ကိုငေးကြည့်မိသည်။ သူ့ဇာတ်လိုက်မင်းသမီးကို သူတော်တော် ချစ်ဟန်တူပါသည်။

''တချို့အပင်တွေက အရွက်တွေခြွေတယ်၊ တချို့အပင်တွေက ပန်းတွေခြွေတယ်။ နုံနက်ခင်းလေအေးအေး၊ မွှေးမွှေးပျံ့ပျံ့ တိုက်ခတ်လိုက်တော့ ရွက်ကြွေ၊ ပန်းကြွေ၊ အစိမ်း၊ အဖြူအားလုံးရောပြီး ကနုန်နေကြ သလိုပဲ။ ပန်းချီဆန်တဲ့ ရုပ်ရှင်ဇာတ်ကားတစ်ခု ဖြစ်သွားခဲ့တယ်''

''အဲဒီမနက်ခင်းမှာမှ မြကလည်း လှလိုက်တာ။ အဖြူရောင်ဝတ်စုံလေးက ပါးပါးလွင့်လွင့်၊ မြဆံပင်တွေက နက်နက်မှောင်မှောင် ပျော့ပျော့ လွင့်လွင့်။ သူမတိတ်တိတ်ရပ်နေရာ မက်ဂ်နိုလီယာ ကိုးဘတ်စ် စံကားပင် အခြေဆီ ခပ်သွက်သွက် လှမ်းလာတဲ့မြကို သူက အဦးဆုံး ပန်းပွင့်လေးတစ်ပွင့် လက်ကမ်းရင်း ကြိုခဲ့တယ်။ ဂျပန်က ပန်းလိုတော့ ပွင့်ချပ်ရှစ်ခုမပါဘူး။ ခြောက်ခုပဲပါတယ်၊ ဒါပေမယ့် အံ့ဩစရာကောင်းလောက်အောင် လှနေတယ်။

''သူက ပြောလိုက်တယ်၊ 'စံကားဖြူပွင့်ဟာ ခေတ်အဆက်ဆက် နိုင်ငံတကာမှာ သန့်စင်ခြင်းရဲ့ သင်္ကေတပါ'တဲ့၊ ဒါပေမယ့် မြက သူကမ်းပေးတဲ့ ပန်းကိုလွှတ်ချလိုက်တယ်၊ ပြီးတော့ သူ့ရင်ခွင်ထဲကို





...သာတော့တယ်''

''အို...''

ကျွန်မလက်ထဲက စံကားဖြူပွင့်ကလေး လွတ်ကျသွားလေသည်။ ကျွန်မ စိတ်မှတ်မဲ့ပင် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိ၏။ ...အခါ စံကားပင်တစ်ပင်၏ ပင်စည်နှင့် ကျောကပ်မိသွားပါသည်။

''နံနက်ခင်းလေထုကို ဖြတ်ပြီးလာခဲ့ရလို့ အေးစက်နေတဲ့ မြရဲ့ ...ပြင်လေးတွေဟာ သူ့ကြောင့်နွေးထွေးသွားတယ်။ မိုးငွေ့ရောတဲ့ ...လေကြောင့် စိုစွတ်အေးစက်နေတဲ့ မြရဲ့ နှုတ်ခမ်းလေးတွေဟာ ...သူ့ကြောင့် နွေးထွေး သွားတယ်။ မြဟာ အချိုမြဆုံး စံကားပွင့်တစ်ပွင့်ရဲ့ ...တ်ရည်ထက်တောင် ချိုမြနေသေးတယ်''

ကျွန်မရင်ထဲမှာ လှပ်ခနဲ တုန်ယင်ကာ ချက်ချင်းပင် မောဓူမ်း...သာသည်။ ကျွန်မ စံကားပင်ကို မှီထားမှ မတ်မတ်ရပ်နိုင်ပါလိမ့်မည်။ ...ကော်လွှာချထားပေမယ့် မြင်လွှာအောက်မှာ သူ့ရှေ့သို့ တိုးကပ်လာသည် ...ကို မြင်နေရသည်။ ကျွန်မ နောက်ထပ်ဆုတ်စရာ မကျန်တော့ဘူး။

ထို့ကြောင့် အလိုက်သင့်ချထားသော ကျွန်မလက်တို့မှ လက်...ဝါး နှစ်ဘက်ကို ပင်စည်အခေါက်ပေါ်မှာ နောက်ပြန် ဖြန့်ထောက်ပြီး ...ထိန်းထား လိုက်ရသည်။ အဲသည်လိုကျတော့လည်း ကျွန်မရှေ့မှာက ...အကွယ်အကာမရှိ။ ဟာလာဟင်းလင်း ဖြစ်နေသည်ဟု ခံစားရပြန်လေ...သည်။

လောကတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ ကျေးငှက်...အော်မြည်သံကလေးမျှ မကြားရ။ မြစ်ရေစီးဆင်းသံလေးသော်မှ ...မကြားရ၊ ကျွန်မသည် တစ်ကိုယ်လုံး ယိုင်နဲ့လာနေပြီဟု သိနေသည်။

ကျွန်မသည် တစ်ပြိုင်တည်းမှာ ဆန့်ကျင်ဘက်အရေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရ၏။

ကျွန်မနောက်ကျောက စံကားပင် ပင်စည်အခေါက်ထူ

ကြောင့် ကြမ်းရှသော၊ နိုင်မြဲသော ဝေဒနာ၊ ကျွန်မ ရှေ့ကိုယ်တစ်ခြမ်း

နူးညံ့သော၊ လှုပ်ခတ်သော ဝေဒနာ။

ကျွန်မနောက်ကျောမှာ မိုးငွေ့စိုစွတ်မှုကြောင့် အေးစက်

တွန့်ဖယ်ခံရသော ဝေဒနာ၊ ကျွန်မရှေ့မှာက ခြေတစ်လှမ်းအကွာ

ရပ်နေသော သူ့ကြောင့် နွေးထွေးသော ဆွဲငင်ညို့ယူခံရသော ဝေဒ

ဘုရား ဘုရား...

ကျွန်မ တစ်ခါမှ မခံစားခဲ့ရဖူးသော ဝေဒနာက ချိုမြစွာ မိ

ဖွယ်ကောင်းလှသဖြင့် ကျွန်မ မျက်စိကို ပိတ်ထားလိုက်မိသည်။

နေရောင်ခြည်ရှိနေသေးသလား။ လောကကြီးတစ်ခုလုံး

မှောင် လွှမ်းသွားပြီလား။ ကျွန်မ မသိတော့။ ကျွန်မ ဘာကိုမှလည်း

မသိချင်တော့ပါ။ အချိန်တွေအားလုံးကို ရပ်တန့်ထားလိုက်ချင်သည်

စံကားဖြူစေ့ကလေး အိပ်မောကျနေခဲ့သလို နှစ်ပေါင်း ထောင်

သောင်းနှင့်ချီ၍ အိပ်မောကျသွားပါရစေ။

ကျွန်မ၏ ဆံပင်များကို နွေးထွေးသောလေတစ်ချက် လှ

ထိတို့သွားသည်ကို ခံစားလိုက်ရ၏။ ထို့နောက် ကျွန်မ၏ပါးပြင်ဆီ

တစ်ခုခုက ရွရွလေး ပွတ်တိုက်သွားသလို၊ အပင်ပေါ်မှ ကြွေကျ

သော စံကားဖြူလေးတစ်ပွင့်က ကျွန်မကို ကျီစယ်သွားလေသလော

မွှေးလည်း မွှေးလျက် နွေးလည်းနွေးသော ထိတို့မှုကလေးပါ။

အယောင်ယောင် အမှားမှား ရှိုက်လိုက်သော ပင့်သက်တ

သဲမကွဲအသံ တိုးတိုးထွက်သွားသည်။ ခဏကြာလျှင် ကျွန်မခြေထော

တွေ ညွတ်ခွေကျရတော့မည်။ ကျွန်မသိသည်၊ ကျွန်မကို တစ်ယော





ာက်က သို့မဟုတ် အာရုံတစ်ခုခုက ဖမ်းဆွဲထားလိုက်စေချင်သည်။

ပြု၍...

မင်းညို...။

မင်းညို မကြားနိုင်မှန်းသိသော်လည်း တမ်းတ ခေါ်လိုက်သည်။

မ နှုတ်ခမ်းတွေက လှုပ်လို့မရ။ ထပ်ခေါ်ကြည့်ပါရစေဦး။

''မင်းညို''

ကျွန်မအသံက တိုးတိုးကလေးပဲ ထွက်လာခဲ့၏။ အဲသည်

တိုးလေးကပဲ လုံလောက်သော ချုပ်တည်းမှုတစ်ခု ဖြစ်ခဲ့ပါသည်။

မင်းညို၊ နင်ငါ့ကို ပစ်မထားပါနဲ့နော်။

မင်းညို၏ တည်ကြည်သောအပြုံးကို ကျွန်မ မြင်ယောင်သွ

သောအခါ စိတ်သက်သာစွာ မျက်လုံးဖွင့်ကြည့်လိုက်၏။

လောကကြီးတစ်ခုလုံး အမှောင် မဖုံးသေးပါ။

ကျွန်မရှေ့မှာလည်း ဘယ်သူမှမရှိပါ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

မေဇော်...

နေကောင်းရဲ့လား။ နှင့်ဆီက ဘာပြန်စာမှ မလာတော့ ငါစိတ်ပူလို့ စာထပ်ရေးလိုက်တယ်၊ ငါ့ အီးမေးလ်တွေရော နှင် ဖတ်ရရဲ့လား။ ငါ့ဆီ စာရေးပါဦး။ စာမရေးနိုင်လောက်အောင် အလုပ်ရှုပ်မနေလောက်ပါဘူးနော်။ အရင်စာတုန်းက ပြင်သစ် သံရုံးက လုပ်မယ့် စာမေးပွဲအကြောင်း ထည့်ရေးထားတယ်။ ဒါပေမယ့် နှင်ရမရ မသိလို့ အခုတစ်ခါ ထပ်ပြောဦးမယ်။

မင်းညိုရဲ့စာကို ဖတ်ရသည့်အခါ အလွမ်းမပြေသည့်ပြင် ပို၍ ဆောင် လွမ်းရသေး၏။ ဒါတောင် သူ့လက်ရေးအတိုင်း မဟုတ်ဘဲ ရွန်ပျူတာစာလုံးတွေ ဖြစ်နေလို့။ သူ့လက်ရေးအတိုင်းသာဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘယ်ထိအောင် လွမ်းလိုက်ရမလဲ မသိချေ။ သူ့လက်ရေးဆိုလျှင် မျက်စိဖြင့်သာ ကြည့်ရှုံမကဘဲ စာရွက်ကို လက်ဖြင့်သာသာလေး ပွတ်သပ်လိုက်ချင်သေး၏။ ကိုယ့်အခန်းထဲမှာမို့ လုံခြုံစိတ်ချရပြီဆိုတာ သေချာချိန်တွင် သူ့လက်ရေးတွေကို နှုတ်ခမ်းဖြင့်ထိကပ်ကာ နမ်းလိုက်ချင်သေး၏။ သူသာ သိသွားလျှင် ကျွန်မကို ဘယ်လိုမျက်လုံးမျိုးဖြင့် ကြည့်မလဲ ကျွန်မ သိချင်လှပါသည်။ သူကြည်နူးသွားပါ့မလား။ စိတ်ညစ်ညူးသွားမလား။ ဆုံးဖြတ်ရ ခက်သွားမလား။ သို့မဟုတ် ကျွန်မကို သနားတော့ သနားသွားလေမလား။

ကောင်မလေးတစ်ယောက် သူ့လက်မောင်းကို အမှတ်တမဲ့ ကိုင်လိုက်တာကို မြင်ရတုန်းက မကျေမနပ်ဖြစ်မိသော ကျွန်မသည် ဒေါ်အေးအေးထွန်းအပေါ်ထားသည့် သူ့ချစ်ခင်လေးစားမှုကို မြင်ပြီး သွားသည့်အခါ အားငယ်စွာ ဝမ်းနည်းမိသွားတော့သည်။

အဲဒီ ဆက်ဆံရေးမှာက သံယောဇဉ်တစ်ခုတည်း မဟုတ်။ အပြန်အလှန် နားလည်မှု၊ လိုအပ်မှု၊ လေးစားမှု၊ အားကိုးမှုတွေ ပါသည်။ အခက်အခဲတွေကို အတူရင်ဆိုင် ဖြေရှင်းကြသည့်အခါ တစ်ယောက်နှင့် တစ်ယောက် ပိုပြီးယုံကြည်ပေါင်းစည်းမိလိမ့်မည်။ သူတို့ နှစ်ယောက် ပိုပြီး တွယ်ငြိလာလေ၊ ကျွန်မက ပို၍အဝေးရောက်လေ ဖြစ်မှာပါ။

သူမကို ကျွန်မ တစ်ခါတည်းသာ တွေ့ဖူး၊ စကားပြောဖူး လိုက်သော်လည်း သူမကို ကျွန်မရင်ထဲကနေ ဘယ်တော့မှ ထုတ်ပစ်နိုင်တော့မှာမဟုတ်။ ဘာကြောင့်လဲဆိုတော့ သူမသည် မင်းညိုကို အနီးမှာ အမြဲလိုလို ရှိနေစေခဲ့နိုင်သူ ဖြစ်သောကြောင့်တည်း။ ကျွန်မ မင်းညိုကို တွယ်တာနေမိသမျှ သူမက မင်းညိုနှင့်အတူ ကျွန်မရင်ထဲထိ လိုက်နှောင့်ယှက်နေတော့မှာ။





မနေ့လေးမှာတုန်းက ကျွန်မတည်းသော(သူ့သူငယ်ချင်း၏) အိမ်ကနေ ကျွန်မ သူ့ဆီကို ဖုန်းဆက်ခဲ့ချိန်တစ်ခုတွင်တောင် သူမက ကျွန်မကို နှောင့်ယှက်နိုင်လိုက်သေး၏။ ကျွန်မ၏ ဖုန်းခေါ်ချိန်ကို မင်ပင် ရုံးချိန်ရှောင်၍ သူ စိတ်အေးလက်အေးရှိမည့် ညအချိန်ကို ရွေးခဲ့ပါသည်။

ညရှစ်နာရီခွဲဆိုတော့ သူ ညအိပ်အလုပ်လုပ်ဖို့ ရုံးကိုတော့ ရောက်ပြီ၊ အလုပ်တော့ တကယ်မစသေး။ ထိုအချိန်ကို မှန်းပြီး ဆက် ဆိုက်ခြင်း ဖြစ်သည်။

မင်းညိုသည် နဂိုတည်းက ဖုန်းကြာကြာပြောတာကို လုံးဝ ကြိုက်သူဖြစ်သည်မို့ သူ့ကို ဖုန်းပြောချိန်မှာ အလွန်ဆုံး ငါးမိနစ်ပဲ ရှိမှာပါ။ ကျွန်မနှင့် မြဦးမေ၏သား ကိုသီဟ ဆက်ဆံရေး အနည်းငယ် ကသိကအောင့်တွေ ဖြစ်ကြရတာကို ကျွန်မက ပြောပြနေဆဲအချိန်၊ မင်းညိုက ကျွန်မကို နားထောင်နေရာမှ သူ့နောက်ဘက်သို့ လှမ်း ပြောလိုက်သံကြားရသည်။

''ကျွန်တော့်စားပွဲပေါ်က ဖိုင်တွဲ အနီထဲမှာ အစ်မ''

အဲဒီတစ်ရုံးလုံးမှာ သူက အစ်မဟုခေါ်သည့်လူ ဘယ်နှစ်ယောက် ရှိနေနိုင်မှာမို့လဲ။ အစ်မဟူသောအသံတွင် ချစ်ခင်မှုလည်းပါ လေးစားမှုလည်းပါသည်ဆိုတော့ အဲဒါဘယ်အစ်မ ဖြစ်နိုင်ဦးမှာလဲ။ ညရှစ်နာရီခွဲထိအောင် သူနှင့်အတူ အလုပ်လုပ်နေသူသည် တခြား ဘယ်အစ်မများ ရှိနိုင်ဦးမှာလဲ။

သူသည် ကျွန်မ၏စကားကို စိတ်မဝင်စားတော့ဟန် ရှိသည်။

''ကျော်ဇင်ထွန်း''

သူကျွန်မနှင့် ပြောနေရာကနေ သူ့လက်ထောက်ကို ခပ်တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံကြားလိုက်ရပြီးနောက် ဖုန်းခွက်ကို လက်နှင့်ပိတ်လိုက်သလို ဘာသံမှ မကြားရတော့ပြန်။

"မင်းညို"

"ဒါပဲမဟုတ်လား မေဇော်၊ နင် ကာယကံရှင် စိတ်အနှောင့် အယှက် ဖြစ်ရအောင်တော့ မအ ဘူး မဟုတ်လား မပြောချင်တာ ဇွတ်မမေးနဲ့ပေါ့"

"ငါကသူ့ကို အနှောင့်အယှက်မလုပ်ပါဘူး၊ သူကသာ ... မကြည်တာ၊ နင်သိလား သူ့မျက်နှာကလေ..."

ကျွန်မ၏စကားကို သူရုတ်တရက် ဖြတ်လိုက်၏။

"မေဇော် ဆောရီး ငါခဏနေရင် နင့်ဆီပြန်ဆက်မယ်၊ ရမလား ဟင်၊ ငါတို့ မျက်နှာဖုံးဒီဇိုင်း အရေးကြီးနေလို့ ငါသွားမှဖြစ်မယ်"

ကျွန်မက ဘာတတ်နိုင်မှာလဲ။ ရှူးခနဲ အောင့်သွားသည့် ဝေဒနာကို ကျွန်မ သူသိအောင် မပြရဲပါ။

"မေဇော်..."

"သွားလေ သွား၊ ပြန်မဆက်ပါနဲ့ ရတယ်။ နော်"

ဖုန်းချလိုက်ပြီးနောက် ကျွန်မ ကိုယ့်ဟာကိုယ် ဆုံးဖြတ်လိုက်၏။ သူပြန်ဆက်လာခဲ့ရင် ဖုန်းမကိုင်တော့ဘူး။ အပေါ်တက်ပြီး သွားအိပ်တော့မယ်။

သို့သော် ညကိုးနာရီခွဲလောက်တွင် ဖုန်းမြည်လာတော့ တကယ်တမ်း ကျွန်မ မနေနိုင်ပါ။ ကျွန်မကို ခေါ်မည့်တယ်လီဖုန်းလားဟု အာရုံစိုက်ထားမိပါသည်။ အေးလေ... သူ့ခမျာ အလုပ်တွေ ရှုပ်နေသည့်ကြားမှ ကျွန်မ စိတ်ကောက်မှာ စိုးလို့ မရရအောင် ဆက်ရတာ ဥစ္စာ။ ကျွန်မ မကိုင်လို့ ဘယ်ဖြစ်မလဲ၊





"မေဇော်တဲ့၊ မင်းမင်းဆီက ဖုန်း"

အစ်မလတ်က ကျွန်မအားလှမ်းအော်တော့ ကျွန်မ ပျော်ရွှင်စွာ ...ဆင်းသွားလိုက်သည်။

"မေဇော် အိပ်ပလား"

"ဟင့်အင်း"

သူ့ဆီက ပြန်ဆက်မယ့် ဖုန်းကိုစောင့်ပါတယ်ဆိုမှ ဘယ်မှာ အိပ်ပါဦးမလဲ။

"ကဲ အခုငါ တစ်နာရီလောက် အချိန်ရပြီ၊ နင်ပြောစရာရှိတာ ပြောတော့"

"ဘာမှ ပြောစရာမရှိပါဘူး"

"မေဇော် အဲလိုမကောက်နဲ့လေ၊ နင် ပြောရင်းတန်းလန်း ငါက ...ကားဖြတ်ချလိုက်တာဥစ္စာ၊ နင်ဆက်ပြောရမှာပေါ့"

သူ့အသံက စိတ်ရှည် ချော့မော့သံ။ ကျွန်မ ပြုံးမိ၏။

"အဲဒီတုန်းက ပြောချင်တယ်၊ အခု မပြောချင်တော့ဘူးဟ"

သူ့အသံတော်တော်နှင့်မထွက်လာသဖြင့် သူစိတ်တိုသွားပြီလား ဟု ကျွန်မစိုးရိမ်သွားကာ ကမန်းကတန်း စကားဆက်ရသည်။

"တကယ် မပြောချင်လို့ပါ မင်းညိုရယ်၊ ငါနင့်ကို စိတ်ကောက် ...တာ မဟုတ်ဘူးနော်၊ တကယ် တကယ်။ နင့်ဂျာနယ်အကြောင်းပဲ ပြောပါလား"

"အဲ...ငါ့ဂျာနယ်က အရေးမှ မကြီးတာ၊ တစ်ပတ်တစ်ခါ ထုတ် နေတာပဲ။ မထူးဆန်းဘူးလေ၊ ဂျာနယ်အကြောင်းကတော့ အခုလို ညအချိန်မှာ မန္တလေးကို ဖုန်းဆက်ပြီး ပြောစရာမလိုပါဘူး"

ကျွန်မ ရယ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာအကြောင်းပြောကြမှာလဲ"

"နင်ပြောတဲ့ မြဦးမေရဲ့သားက ဘယ်အရွယ်ရှိပြီလဲ"

ကြည့်စမ်း။ ကျွန်မပြောခဲ့သော အကြောင်းအရာကို သူ သတိတော့ ရသားပဲ။

"အင်း ငါတို့ထက်ကြီးတယ်၊ သုံးဆယ်ကျော်လောက်ရှိမလား မသိဘူး"

"သူက ဘာလုပ်တာလဲ"

"မန္တလေးတက္ကသိုလ်မှာ အရှေ့တိုင်းပညာဌာနက ဆရာ"

"မြဦးမေကတော့ ဓါတ်ပုံထဲမှာ ချောတယ်နော်၊ သူ့သားချော" ရယ်သံသဲ့သဲ့ဖြင့် သူမေးသည်။

ကျွန်မ အသံထွက်ရယ်မိပါသည်။

"ကိုသီဟက ချောတော့ချောတယ်ဟ၊ မဆိုးဘူး၊ သဘောထော ပုပ်တာ တစ်ခုပဲ။ ဒါကလည်း သူ့အမေရဲ့ လျှို့ဝှက်ချက်ကို စာထဲမှာ မရေးစေချင်တာကြောင့် ဖြစ်မှာပါ"

"ဟော ချက်ချင်းကြီးကို ခွင့်လွှတ်နိုင်သွားပါလား"

သူ့အသံမှာ မနာလိုသံ နည်းနည်းမျှမစွက်။ ကြည်ကြည်ဖြူဖြူ စ နောက်နေခြင်း ဖြစ်သဖြင့် ကျွန်မ စိတ်ထဲမှာ မကျေနပ်ချင်ပါ နေနှင့်ဦးပေါ့။

"နင့်အဘွားကြီး ပြန်သွားပြီလား"

သူ သက်ပြင်းရှိုက်သံကို ကြားရသည်။

"မဖော်၊ နင့်ကို အဲလို မိန်းမမျိုးမဖြစ်စေချင်ဘူး"

"ဘယ်လိုမိန်းမမျိုး မဖြစ်စေချင်တာလဲ"

"လူတစ်ဘက်သားကို မခံချင်အောင် ရိတတ်တဲ့မိန်းမမျိုး"





ကျွန်မ သူမမြင်နိုင်မှန်းသိလျက်နှင့် သူ့ကို နှာခေါင်းရှုံ့ပစ်လိုက် မိသည်။

"ဒါဖြင့် ဘယ်လိုမိန်းမမျိုး ဖြစ်စေချင်သလဲ"

"အစ်မ ဒေါ်အေးအေးထွန်းလို မိန်းမမျိုး"

ဟင်...၊

ကျွန်မတယ်လီဖုန်းကို ဆောင့်ခနဲ လွှတ်ချလိုက်မိသည်။သူ ညနေညက သူနောက်ထပ် ဖုန်းမဆက်လာခဲ့ပါ။

*နင်တို့ ရေးဖြေ ဖြေစရာမလိုဘူးတဲ့၊ နှုတ်ဖြေပဲ ဖြေရမယ်တဲ့။ ဇူလိုင်လ ၂ ရက်နေ့မှာ ဖြေရမယ်လို့ ပြောတယ်။ ဗစ်တာဟျူးဂိုး နှစ်နှစ်ရာပြည့်မို့ ဟျူးဂိုးကို အဓိက ဦးတည်ပြီးမေးမယ်ထင်တယ်လို့ ငါ့ကို နင့်ဆရာက ပြောလိုက်တယ်။ နင် ဟျူးဂိုးရေးသမျှစာအုပ်တွေကို အပိုင် လေ့လာထားပေတော့။ မြန်မာဘာသာပြန်တွေ နင်ပြန်လာရင် ဖတ်ဖို့ ငါစုထားတယ်။ ဒါပေမယ့် ဟျူးဂိုးတစ်ယောက် တည်းတော့လည်း ဘယ် လုံလောက်အုံးမလဲ။ ငါထင်တာ တော့ ဒီကိစ္စက ကိုယ်တစ်သက်လုံး စာဖတ်လာတဲ့ အရည် အချင်းပေါ် မူတည်မှာပဲ။ မေးတဲ့သူက စာအုပ်ကို တကယ် ချစ်တဲ့လူဆိုရင်တော့ စာအုပ်တွေရဲ့တန်ဖိုးကို ပိုင်ပိုင်နိုင်နိုင် သိတဲ့လူမှရမယ်။ ဒါပေမယ့် နင်လည်းသိပ်တော့ မညံ့ပါဘူး နော်။*

သူ့ဆီ E-mail ပို့လို့ မရနိုင်တော့သော ကုန်းခေါင်ခေါင် ယယ်ကလေးတွင် ကျွန်မ ရောက်နေသည်ဆိုတာ အမေသာက



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီ ဖုန်းဆက်လျှင်တော့ သူသိမှာပဲ၊ အကျိုးအကြောင်းပြောဖို့ ကျွန် မနေ့က ဒေါ်တင်ကို ထည့်ခိုင်းလိုက်သည့် အမြန်ချောပို့ စာသည် သူ့ထံ သည်ကနေ့ ရောက်နိုင်ဖို့ မသေချာပါ။

အခုစာသည်လည်း နေ့စွဲက ၂၀ ရက်နေ့ တပ်ထားသည် ကျွန်မဆီသို့ အဆင့်ဆင့်ရောက်လာရသောစာ ဖြစ်သည်။ အီးမေး လက်ခံသော ဟိုတယ်က စာရောက်နေကြောင်း ဖုန်းဆက်မှ အစ်မလေး ကသွားယူ၊ ကျွန်မ ယခုရောက်နေသော လိပ်စာသို့ စာပို့ရထား တစ်ခါ ပြန်ပို့ပေး။ ထို့ကြောင့် ကျွန်မဆီသို့ သုံးလေးရက်ကြာ ရောက်လာခဲ့သည်။

ကျွန်မ သည်နေရာသို့ ရောက်နေခြင်းကို သူ သဘောတူ ပါ့မလား။ တစ်ယောက်နှင့်တစ်ယောက်အကြောင်းကြား ဆက်သွယ် မလွယ်ကူသောနေရာ၊ ကျန်းမာရေးကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့လျှ အလျင်အမြန်သွားလို့ မရသောနေရာ၊ တစ်ယောက်၏အသံကို ယောက်က ကြားဖို့ မလွယ်ကူသောနေရာ။

*နင် အင်တာဗျူး မဖြေတော့ဘူးလို့ ငါ့ကို ငြင်းဖို့ မကြိုးစားနဲ့ မေဖော်၊ နင် အဲဒီမှာ ဘာတွေပဲ မပြီးမပြတ်ဖြစ်နေနေ၊ နင့်ရဲ့ တကယ့်ဘဝက ဒီမှာပဲ ရှိတယ်။ နင် အင်တာဗျူးကို လာကို ဖြေရမယ်၊ နင် အောင်ကိုအောင်ရမယ်၊ ပြီးတော့ နင် ပြင်သစ်ကို သွားကိုသွားရမယ်။ မြို့ဦးမေအကြောင်းကို နင်ပြန်လာမှ ဆက်ရေးလို့လည်းရတယ်။ အရင် လုပ်ရမယ့် အလုပ်နဲ့ နောက်လုပ်ရမယ့် အလုပ်ကို မလွဲစေချင်ဘူး။*

ကျွန်မဘဝက ရန်ကုန်မှာပဲ ရှိသတဲ့။





ဟုတ်နိုင်ပါ့မလား မင်းညိုရယ်။

ကျွန်မ ရောက်နေသော စကားဥယျာဉ်သည် ကျွန်မကို စာရေးဖို့ အတွေးတွေ ပေးနိုင်သည်။ ရန်ကုန်မှာတုန်းက အထစ်ထစ်အငေါ့ငေါ့ နေခဲ့ရသော အကြောင်းအရာများသည် ယခုအခါ ကျွန်မ၏လက်မှ ချောမွေ့စွာ စီးမျောလျက်ရှိသည်။ တစ်စုံတစ်ယောက်က ကျွန်မလက်ကို ကိုင်၍ တွန်းပေးနေသလိုပဲ။

ကျွန်မသည် မင်းညို၏လက်ဖြင့် ထိကိုင်ထားခြင်းမရှိခဲ့သော မင်းညို၏စာကို နှုတ်ခမ်းဖြင့် ထိကပ်လိုက်၏။

ငါ့ကို ခွင့်လွှတ်ပါ မင်းညိုရယ်၊ ငါ ပြင်သစ်ကိုလည်း မသွားချင် တော့ဘူး။ စာကြည့်တိုက်မှူးလည်း မလုပ်ချင်တော့ဘူး။ ငါ စာရေး ဆရာမပဲ ဖြစ်ချင်ပါတယ်။

သူ့စာကို သေသေသပ်သပ်ပြန်ခေါက်လိုက်ပြီး ကျွန်မ ရေး လက်စမှတ်စုစာအုပ်ကြားတွင် ညှပ်ထားလိုက်သည်။

ကျွန်မရှေ့မှ လက်နှိပ်စက်ဟောင်းလေးသည် သူ့အပေါ် လေး တင်ခဲ့ဖူးသည့် သူ့သခင်မ၏ လက်ချောင်းများဘယ်တော့မှ ပြန်ရောက်လာမှာ မဟုတ်မှန်း သိမှသိပါ့မလား။

ကျွန်မသည် လက်နှိပ်စက်လေးကို ငေးကြည့်နေရင်း ထိုခလုတ် လေးတွေပေါ်မှာ သွက်သွက်ပြေးလွှားခဲ့ဖူးသော လက်ချောင်းများကို မှန်းဆ ကြည့်မိသည်။ ဖြူဝင်းစွာ သွယ်နွဲ့မလား၊ ကျွန်မလို အကြော င်းစိမ်းတွေ ရှုပ်ထွေးနေမလား။

ကျွန်မ ကိုယ်ကိုကိုင်းကာ လက်နှိပ်စက်ကို ကျွန်မဆီသို့ ဆွဲယူလိုက်၏။ ကျွန်မသည် လက်နှိပ်စက်ခလုတ်များပေါ်သို့ တစ်ခါမှ လက်မတင်ခဲ့ဘူးပါ။ ခလုတ်လေးတစ်ခု၏ အခွက်ရာလေးထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏လက်ညှိုးကို အသာတင်လိုက်သည်။ လက်နှိပ်စက်ထဲမှ နွေးထွေးသော အင်အားတစ်ခု ကျွန်မလက်ထဲသို့ စီးဝင်သွားသလိုပဲ။

ကျွန်မသိပါသည်။ ကျွန်မ၏စာအုပ်ကို သည်စကားဥယျာဉ်အိမ်မှာမှ အဆုံးမသတ်နိုင်လျှင် ဘယ်တော့မှ အဆုံးသတ် နိုင်တော့မှာမဟုတ်။

ကျွန်မသည် ကုလားထိုင်မှ ထရပ်ကာ ပြတင်းပေါက်ဆီသို့ လျှောက်သွားလိုက်သည်။ ချည်ထည်ပါးပါး ခန်းဆီးဖြူသည် လေဖြင့် လွင့်လူးပ်နေ၏။

ပြတင်းမှဖြတ်လျက် မြင်ရသည့် မြင်ကွင်းသည် ကျွန်မ၏ တစ်သက်တာတွင် အလှပဆုံး အခမ်းနားဆုံးဖြစ်သည်။ စာတွေထဲမှာ ဖတ်ဖူးသည့် ‘အသက်ရှူဖို့ မေ့သွားလောက်စေသော’ (breathtaking) ဟူသည့် အသုံးအနှုန်းကို ယခုတော့ ကျွန်မ နားလည်ရပါပြီ။

ကြည့်လေရာရာမှာ အစိမ်း။ အစိမ်းမှာမှ ခမ်းနားမြိုင်ဆိုင်သည့် အစိမ်း။ အစိမ်းသည် တညီတည်းမဟုတ် မြင့်လိုက်နိမ့်လိုက်လည်း ရှိသည်။ ဖျော့လိုက် ရင့်လိုက်လည်း ရှိသည်။ လင်းလိုက် မှောင်လိုက်လည်း ရှိသည်။ ဝါ၍စိမ်းသော အစိမ်းရှိသည်။ ညို၍စိမ်းသော အစိမ်းလည်းရှိသည်။ စုစည်းသော အစိမ်းရှိသည်။ အနားသတ် မညီမညာ ဖွာလွင့်နေသော အစိမ်းလည်းရှိသည်။ သည့်ထက်မြင့်သည့် အမြင့်တစ်နေရာမှသာ ကြည့်ခဲ့လျှင် ထိုအစိမ်းထဲမှာ အဖြူဆွတ်ဆွတ် ပန်းပွင့်တွေဖြင့် လှပစွာ ပြောက်မွမ်းလျက်ရှိသော တစ်ပင်ချင်းသည် ပန်းတစ်ပွင့်စီအဖြစ် အသွင်ပြောင်းလျက် မျက်စိတဆုံး မြေပြင်ကျယ်မှာ ကြဲဖြန့်ထားသော ပန်းခင်းတစ်ခုအဖြစ် အံ့မခန်းလှပ ထူးခြားပေလိမ့်မည်။





အဲသည်များပြားလှသော သစ်ပင်တွေထဲမှာ ပင်စည်တစ်ခုခု၏ နောက်မှာ ကျွန်မကို သူစောင့်နေလေမလား။

သူ ...

မြဲ၏ပုံပြင်ကို ကျွန်မအား အခန်းဆက် ပြောပြနေခဲ့သောလူ၊

ညနေတိုင်း နေ၏ နောက်ဆုံးအလင်းတန်းတွေ ဖြာလာသည့် အချိန်မျိုးမှာ ကျွန်မ စံကားပင်တွေရှိရာသို့ ဆင်းသွားလေ့ရှိသည်။ တစ်ပင်မဟုတ် တစ်ပင်၏နောက်တွင် သူရောက်နေတတ်သည်။ ခါတိုင်းဆိုလျှင် သူ့အသံကိုပဲ ကျွန်မကြားရသည်။ မနေ့ကတော့ သူ့ကို လူကိုယ်ခန္ဓာပါ မြင်တွေ့လိုက်ရ၏။

ကိုယ့်နာမည် ခွန်သာ...တဲ့။

သူ့ကို ပြန်မြင်ယောင်သွားသည့်အခါ ကျွန်မရင်ထဲတွင် လှုပ်ခနဲ မောပန်းလှုပ်ခတ်သွားသည်။

ဘယ်လိုလူပါလိမ့်။

စံကားဖြူပင်တိုင်းကို သူ သိနေသလား။ သူဘာဖြစ်လို့ ကျွန်မကို မြဲ ပုံပြင်တွေ ပြောပြနေခဲ့ရတာလဲ။ ကျွန်မ မြဦးမေ၏ ဘဝကို ရှာဖွေနေတာ သူ ဘယ်လိုလုပ်သိသလဲ။

ဥယျာဉ်ထဲမှ ပြန်တက်လာတိုင်း ဒေါ်တင်ကို သူ့အကြောင်း ပြောပြဖို့ ကျွန်မ အားယူမိသည်။ သို့သော် ဘာကြောင့်မှန်းမသိ။ မပြောဖြစ်ပေ။ ကျွန်မအတွက် စိတ်ပူသွားပြီး သွားလေရာသို့ ဒေါ်တင် လိုက်ပါနေရမှာကို အားနာမိလို့လား။ သို့မဟုတ် ဒေါ်တင်ပါလာလျှင် ကျွန်မကို သူ စကားတစ်ခွန်းမှ မပြောတော့မှာကို စိုးရိမ်မိလို့လား။

ကျွန်မ သည်ကနေ့တော့ စံကားပင်တွေဆီ မသွားတော့ဘူးဟု ဆုံးဖြတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံပြင်ကို ကျွန်မဆက်၍ ကြားချင်သော်လည်း မကြားရဲတော့သောကြောင့်၊ သို့မဟုတ် သူ့ကို နောက်တစ်ခါထပ်တွေ့ရန် အင်အားမရှိတော့သောကြောင့်၊ အမျိုးမျိုး ဖြစ်နိုင်ပါသည်။

စံကားပင်တွေဆီ မသွားတော့ပါဘူးဟု ဆိုကာမှ စံကားပွင့်များက အစွမ်းကုန် ပွင့်ကြပုံရသည်။ ပန်းရနံ့သည် လေအသွေ့တွင် ဝေ့ကာဝိုက်ကာ ရောက်လာ မွှေးဆွယ်လေသည်။ မိုးရိပ်မိုးရောင်မရှိ မိုးသက်မိုးငွေ့မရှိ။ စံကားရွက်အကြိုအကြားမှ တစ်ဝက်တစ်ပြက် ကောင်းကင်သည် ပြာပြာလဲ့လျက်ရှိသည်။

မသွားဘူး။

ကျွန်မ ကိုယ့်ကိုယ်ကို ထိန်းချုပ်နိုင်ပါသည်။

နေစမ်းပါဦး၊ ဘာဖြစ်လို့ မသွားရမှာလဲ၊ မသွားရဲစရာဘာ အကြောင်းများ ရှိလို့လဲ။

ဘာအကြောင်းမှ မရှိ။

သူနှင့်တွေ့ခဲ့လျှင် သူက မြအကြောင်း ပြောပြမည်။ ကျွန်မက အသာ နားထောင်နေရုံပဲ။ အဲဒါ ဘာဖြစ်သလဲ။ ပန်းအကြွေ ဖြူလွလွ ပွင့်ချပ်တွေက ရွက်ကြွေဝါဝါ ညိုညို အောက်ခံပေါ် ပြန့်ကျဲနေသည့်အခါ ထိုမြေပြင်သည် မိန်းကလေးတစ်ယောက်၏ ခြေဖဝါးအစုံအတွက် လိုလေသေးမရှိ ကြွယ်ဝသော မြေပြင်ဖြစ်သည်။ အပြန်အလှန်ပေးစာတွေကို ရှာမတွေ့နိုင်သည့်အချိန်တွင် သူပြောပြသည့် မြပုံပြင်များသည် ကျွန်မအတွက် အဖိုးမဖြတ်နိုင်သည့် အချက်အလက်များဖြစ်၏။

ကျွန်မ သွားလိုက်ပါမည်။

ကျွန်မ၏စိတ် နောက်တစ်ကြိမ် မပြောင်းမီ အောက်ထပ်သို့ အပြေးဆင်းလာမိသည်။





"ဆရာမ ဧည့်သည်လာနေတယ်"

အိမ်တံခါးဝမှ ဒေါ်တင်၏ အော်သံကို ကြားလိုက်ရ၏။

ဧည့်သည်လာဖို့ မျှော်လင့်မထားသောကြောင့် ကျွန်မ အံ့ဩသွားသည်။

မင်းညိုများလား၊ ဟင့်အင်း မဖြစ်နိုင်ပါဘူး။ သူမှ မအားတာ။

ကျွန်မ အိမ်အပြင်သို့ မျှော်လင့်တကြီး ထွက်သွားလိုက်သည်။

ကျွန်မက အထွက်၊ တစ်စုံတစ်ယောက်ကအဝင် ကျွန်မနှင့်သူ တံခါးအပြင်မှာ မျက်နှာချင်းဆိုင်မိ၏။

"အော..."

"မမဖော်"

ကိုသီဟပါလား။ သူ ကျွန်မကို မြင်တွေ့ရတာ ခပ်အမ်းအမ်း ဖြစ်နေပုံရသည်။ ကျွန်မကလည်း သူ့ကို အကြောင်းမကြားဘဲ သူ့အမေ၏ အိမ်ဟောင်းသို့လာခဲ့မိသည်ကို လိပ်ပြာမသန့်သလို ခံစားရသည်။ သူ့မျက်နှာသည် ခရီးပန်းလို့လား၊ အလိုမကျမှုကြောင့်လား ညိုမှောင်နေ၏။

"ကျွန်မ ဒီမှာရှိမှန်း ဆရာ ဘယ်လိုသိသလဲ"

ဖြိုသိပ် ထိန်းချုပ်ဖို့ စိတ်မကူးဘဲ သိချင်သည်ကို တဲ့တိုး မေးလိုက်မိသည်။ သူက အနည်းငယ်မျှပင် မပြုံးဘဲ ကျွန်မအား ခပ်စိမ်းစိမ်း ကြည့်လျက်ဖြေပါသည်။

"ကျွန်တော် မမဖော်တည်းတဲ့ အောင်တော်မူအိမ်ကို လိုက်သွားတယ်လေ"

အစ်မလတ်နှင့်ပဲ တွေ့လာသလား၊ အစ်မကြီးနှင့်ပဲ တွေ့လာသလား။ တစ်ယောက်ယောက်ကတော့ ကျွန်မ တောကြီးရွာကို



www.burmeseclassic.com

www.burmeseclassic.com



သွားကြောင်း ပြောပြလိုက်ပြီ။

အေးလေ၊ သူသိတော့လည်း တစ်နည်းတော့ ကောင်းပါသည်။ ကျွန်မစာအုပ်ထဲတွင် ဘယ်အကြောင်းအရာတွေ ပါဝင်တော့မည် ဆိုတာ သူ ကြိုတင် ခန့်မှန်းနိုင်သွားတာပေါ့။ အခုမသိလျှင်လည်း သိပ်မကြာခင်မှာ သူသိသွားမှာပါပဲ။ ဒေါ်တင်ကလည်း သည်အတိုင်းတော့ ဘယ်နေပါ့မလဲ။ လူကြုံရှိရင် ပြောဦးမှာပေါ့။

"ထိုင်ပါ ဆရာ"

သူ့အမေ၏ အိမ်ဖြစ်ပေမယ့် ယခုလောလောဆယ်မှာ နေနေသည်က ကျွန်မဆိုတော့ ကျွန်မကပဲ အိမ်ရှင်ပုံစံဖြင့် ဧည့်ဝတ်ပြု လိုက်ရသည်။

သူ့မျက်နှာ တည်တည်မှောင်မှောင်သည် ပို၍ပင် မှောင်သွား၏။

သူ့ခရီးဆောင်အိတ်ကို ပခုံးပေါ်မှ ဖြုတ်ယူကာ ဧည့်ခန်း ကုလားထိုင်ပေါ် တင်လိုက်သည်။ ထို့နောက် မထိုင်သေးဘဲ မတ်တတ်ရပ်လျက်ကပင် ဧည့်ခန်းတစ်ခုလုံးကို အကဲခတ်ကြည့်နေသည်။ ဧည့်ခန်းနံရံက ပန်းချီကားများ၊ မှန်ဘောင်သွင်းထားသော စာအုပ်မျက်နှာဖုံးများကို စေ့စေ့စပ်စပ် လေ့လာနေသည့်ဟန်က တစ်ခါမှ မရောက်ဘူးသည့် အိမ်တစ်အိမ်ကို သူရောက်နေရသလိုပဲ။

"အောင်တော်မူအိမ်ကို ဘာဖြစ်လို့ လိုက်သွားတာလဲဟင်၊ အရေးကြီးကိစ္စများ ရှိလို့လား"

ကျွန်မ မေးမိသည်။

သူ နံရံတွေကို ငေးမောနေရာမှ ကျွန်မဘက်သို့ လှည့်ကြည့်သည်။

"ဘာအရေးကြီးကိစ္စမှတော့ မရှိပါဘူး"





ထို့နောက် ကျွန်မရပ်နေရာသို့ လျှောက်လာ၏။ ကျွန်မနှင့် မျက်နှာချင်းဆိုင်မှာ ရပ်သည်။

"ကျွန်တော် မမေဇော် အပေါ်မှာ နည်းနည်း... ဘယ်လိုပြောရမလဲ၊ ဧည့်ဝတ်မကျေပွန်ဘူး ပြောရမလား၊ စိမ်းစိမ်းပြတ်ပြတ် ဆက်ဆံခဲ့မိတယ်၊ အဲဒါကို ကျွန်တော် ပြန်တွေးမိတော့ ကျွန်တော် လွန်သွားပြီလို့ သိလိုက်တယ်။ ကျွန်တော့်ဘက်က ပျော့ပြောင်းဖို့ အဆင်သင့်ဖြစ်ပြီဆိုတဲ့ အချိန်မှာ မမေဇော်တည်းတဲ့ အိမ်ကို လိုက်သွားတယ်လေ။ မမေဇော်ကို ညစာကျွေးဖို့၊ မမေဇော်နဲ့ ပြေပြေလည်လည် စကားပြောဖို့"

သူ ကျွန်မကို ခပ်စိမ်းစိမ်း ပြောလေသည်။

ကျွန်မ ပင့်သက်ရှိုက်မိသွား၏။

သည်အတိုင်း ဆိုလျှင် ကျွန်မဘက်က နည်းနည်းလောကြီးသွားခဲ့ပြီ။

"မမေဇော် မြို့သစ်ဘက်သွားတယ်လို့ ဆရာဝန်ကြီးက ပြောတော့ ကျွန်တော် တော်တော်ရှက်သွားတယ်"

သူ ကျွန်မထံမှ မျက်နှာလွှဲလိုက်ပါသည်။

"မိန်းမတစ်ယောက်ရဲ့ ခြေလှမ်းကို ရက်တော်တော် နောက်ကျမှ သိလိုက်ရတာ ကျွန်တော် တော်တော်ညံ့တာပဲ"

ကျွန်မ အနေရခက်သွားသည်။ သူ့ကို အားနာသွားမိတာလား၊ မိန်းမ ယောကျ်ားဆိုသော ခွဲခြားမှုတွေကို ယောကျ်ားတစ်ယောက်ထံမှ ကြားလိုက်ရလို့ စိတ်မသက်သာတာလား၊ ရပ်နေရတာတော့ တော်တော် စိတ်ကျဉ်းကြပ်နေ၏။ ထို့ကြောင့် အမှတ်တမဲ့ပင် ကုလားထိုင်နေရာမှ တစ်ခုကို တင်းတင်းဆုပ်ကိုင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတောကြီးရွာက မေမေ့ဘဝအကြောင်းကို မမေဇော်ကို ဘယ်သူပြောတာလဲ"

သူ ကျွန်မကို မကြည့်ဘဲ စားပွဲပေါ်မှာ ကျွန်မတင်ထားသော စံကားဖြူပန်းကြွေများကို ငုံ့စိုက်ကြည့်ရင်းမေးသည်။

"ဆရာ့အမေက် နိုင်ငံကျော်စာရေးဆရာမကြီး မြဦးမေလေ၊ နောက်ပြီး ကျွန်မက မြဦးမေရဲ့ စာစုစာရင်းကို ပြုစုထားပြီးသား ဘွဲ့လွန်ကျောင်းသူ တစ်ယောက်လေ၊ မြဦးမေရဲ့ ငယ်ဘဝအကြောင်း အတော်အသင့် ကျွန်မသိထားပြီးသားပါ"

ကျွန်မ ခပ်တိုးတိုးပြောမိတော့ သူက ကျွန်မကို ဖျတ်ခနဲ လှမ်းကြည့်သည်။ သူ့အကြည့်မှာ မယုံသင်္ကာဟန်ကို တွေ့ရ၏။

"တစ်ခုပဲရှိတယ်၊ ဒီအိမ်ဟာ အလွန်ထူးဆန်းလှပတဲ့ စံကား ဥယျာဉ်ကြီးထဲမှာ ရှိတယ်ဆိုတာတော့ ကျွန်မ ဒီကိုရောက်မှ သိရတာပါ"

ကျွန်မတို့နှစ်ယောက် ပြောစရာစကားဆက် ပြတ်သွားသည်။ တစ်ယောက်ကို တစ်ယောက်ကြည့်ဖို့လည်း အားနာ၊ သို့မဟုတ် မနှစ်သက်။ သူကလည်း အခန်းတစ်ခုခုထဲ ဝင်နားဖို့ ကျွန်မ၏သီးသန့် ကိုယ်ပိုင် လွတ်လပ်ခွင့်ကို ထိခိုက်မိမလား စိုးရိမ်မိမှာပဲ။ ကျွန်မကလည်း အခန်းတစ်ခုခုထဲ သူ့ကို နေရာချထားပေးဖို့ အကြောင်းနှစ်မျိုးဖြင့် တွန့်ဆုတ် နေသေးသည်။

တစ်ကြောင်းက သူက အိမ်ရှင်၏သားဖြစ်နေလို့၊ သူ့ကို ဧည့်သည်အဖြစ် ဧည့်ဝတ်မပြုထိုက်။ နောက်တစ်ကြောင်းက ကျွန်မ ရှိနေသည့် အိမ်မှာ သူ့ကို တည်းခိုဖို့ သိပ်လိုလား ကြိုဆိုချင်နေသည် ဟု ထင်သွားမှာကို မိန်းကလေး တစ်ယောက်အနေနှင့် တွေးပူမိသည်။

ထိုအခါ ကျွန်မသည် သူနှင့်မျက်နှာချင်းဆိုင်လျက် မတ်မတ်





တောင့်တောင့်ကြီးသာ ရပ်နေမိလေသည်။

ကျွန်မတို့ နှစ်ယောက်၏ ဒုက္ခကို ဒေါ်တင်က ကယ်လိုက်သည်။

"မောင်သီဟ၊ ရေချိုးလိုက်ပါလား။ ဒေါ်ကြီး မောင်သီဟ အတွက် ဟင်းတစ်ခွက်လောက်ထပ် စီစဉ်ပေးမယ်"

ဒေါ်တင် အိမ်ထဲသို့ ခပ်သွက်သွက်ဝင်လာပြီး ပြောတော့မှ နှစ်ယောက်လုံး ရပ်နေရတာ သက်သာသွားသည်။ သူသည် ဒေါ်တင် အား အားကိုးတကြီးကြည့်လျက် ပြာပြာသလဲ ငြင်း၏။

"အာ နေပါစေ ဒေါ်ကြီး၊ ကျွန်တော် ရှိတဲ့ဟင်းနဲ့ပဲ စားမယ်၊ ဘာမှလုပ်မနေနဲ့"

"မဟုတ်ဘူး၊ ရှိတဲ့ဟင်းက မင်းမကြိုက်တဲ့ဟင်းကွဲ့"

ဒေါ်တင်က ကျွန်မအားပြုံးကြည့်ရင်း ပြောတော့ ကိုသီဟ စိတ်ဝင်စားသွားသည်။

"ဘာဟင်းမို့လဲ"

"ပဲကြီးနှပ်နဲ့ ဆူးပုပ်ရွက်ဟင်းချို၊ ခရမ်းချဉ်သီးပန်တွေဖျော်"

သူ နှာခေါင်းရှုံ့သွား၏။ ထို့နောက် ကျွန်မကို ခပ်ရှုန်းရှုန်း ကြည့်၏။

"ဒေါ်ကြီးကလည်း ဧည့်သည်ကို ဘာတွေ ချက်ကျွေးနေတာ တုန်း"

"အလိုလေးတော်၊ အဲဒါ ဧည့်သည်က စီစဉ်တဲ့ဟင်းပါ။ မယုံရင် မေးကြည့်ပါတော်"

ကျွန်မ ရယ်မောနိုင်သွားပြီ။

"ဟုတ်ပါတယ် ဆရာရယ်၊ ကျွန်မက တောဟင်းလေးတွေ စားရစေလို့ ပူဆာပြီး စီစဉ်လိုက်တာပါ။ ကျွန်မတို့ ရန်ကုန်မှာ ဒီက



www.burmeseclassic.com

www.burmeseclassic.com



ဆူးပုပ်ရှက်မျိုးမရှိဘူးလေ၊''

''ဒီတော့ မောင်သီဟာရေ မင်းအတွက် ဒေါ်ကြီး အသားငါး တစ်ခုခု သွားရှာလိုက်မယ်၊ ရေချိုးနှင့်။ မင်း အဘိုးရဲ့ အခန်းမှာပဲ ခါတိုင်းလို တည်းမယ်မဟုတ်လား''

ထိုအခါ သူက ခေါင်းတစ်ချက်ညိတ်ပြီး သူ့ခရီးဆောင်အိတ်ကို ကောက်ယူ၏။ ထို့နောက် ကျွန်မအားတစ်ချက် စိုက်ကြည့်သည်။

''ကျွန်တော် ဒီအိမ်မှာ နှစ်ရက်လောက်နေမယ်ဆိုရင် မမဇော် ကို အနှောင့်အယှက်များ ဖြစ်နိုင်သလား''

''အို မဖြစ်ပါဘူး''

ကျွန်မ မျက်နှာပူပူနှင့် ခေါင်းခါယမ်းမိသည်။

''ဆရာ့ကို ခွင့်မတောင်းဘဲ ဒီအိမ်ကို ရောက်လာမိတဲ့ အတွက် သာ ကျွန်မက အခုမှ ဆရာ့ကို ခွင့်တောင်းရတော့မှာ''

''ကိစ္စမရှိပါဘူး မမဇော်၊ ကိုယ့်အိမ်လို သဘောထားပြီး လွတ် လွတ်လပ်လပ်နေပါ''

သူ အိတ်ဆွဲပြီး ဘေးက အခန်းကျယ်ထဲသို့ ဝင်မည်ပြင်ပြီးမှ ခဏ ရပ်လိုက်သည်။

''အဲ မေ့လို့ဗျ၊ ကျွန်တော်ဒီလာမယ်ဆိုတာ သိလို့ ဆရာဝန်ကြီး ရဲ့ သမီးက မမဇော်အတွက် စာ၊ အဲ အီးမေးလ် လူကြုံပေးလိုက် တယ်''

ကျွန်မအား သူ့ရုပ်အင်္ကျီအိတ်ထဲမှ စာရွက်ခေါက်တစ်ခု ထုတ် ပေး၏။ ကျွန်မ ထိုစာခေါက်လေးကို လှမ်းယူလိုက်သည့် အချိန်မှာ သူက ခပ်ဆဆလေသံဖြင့် တောင်းပန်သည်။

''ကျွန်တော် သူများကိုယ်ရေးကိုယ်တာကို စပ်စုလေ့ရှိတဲ့သူ



တော့ မဟုတ်ပါဘူး။ ဒါပေမယ့် မေမေ့ကိစ္စနဲ့ ပတ်သက်နေမလား မသိနိုင်လို့ ဖတ်တော့ ဖတ်ကြည့်လိုက်မိတယ်၊ ကျွန်တော့်ကို ခွင့်လွှတ် ပါ''

စိတ်ထဲမှာ အောင့်သက်သက်ဖြစ်သွားပေမယ့် ကျွန်မက ဘာများ တတ်နိုင်မှာတဲ့လဲ။

''ရပါတယ်လေ''

မင်းညိုဆီက စာပဲဖြစ်မှာပေါ့၊ ကျွန်မဆီက စာမရမချင်း သူစိတ်ပူပြီး စာတွေ နေ့စဉ် ထည့်နေတော့မှာ သေချာပါသည်။

သူ အခန်းထဲဝင်သွားတော့မှ စာခေါက်ကို ဖွင့်ဖတ်လိုက်သည်။

ကျွန်မ အံ့ဩသွား၏။

စာမှာ ပြင်သစ်လို ရေးထားလေသည်။

ဟင့်အင်း။ မင်းညိုက ပြင်သစ်လိုမှ မတတ်တာ။

*Chère May Zaw,*

*Comment allez-vous?*

*Je pense que vous être très bien là.*

*Votre ami, mon éditeur , il m'a dit que c'etait difficile de negocier avec le fils d' écrivin très connue.*

*C'est pas de problem!*

*Je connais bien un endroit où elle, cette écrivin, avait habité autre fois. C'est pas loin de Myothit, et c'est un jardin marveilleus. Vous découvrirais la maison très agréable aussi. Son journal que vous aimerais lire , ce serait là .*



www.burmeseclassic.com

www.burmeseclassic.com



*dans la bibliothèque, je suis sûr. Je l'ai vu là quend j'etais dans cette bibliothèque.Ce livre est bleu en couleur sur lequel il'y a une image de fleur Magnolia blanc.*

ချစ်သော မေဇော်

နေကောင်းရဲ့လား။ မင်းအခြေအနေ ကောင်းလိမ့်မယ်လို့ ငါထင် ပါတယ်။

မင်းသူငယ်ချင်း ငါ့ အယ်ဒီတာက မင်း နာမည်ကျော် စာရေးဆရာမရဲ့သားနဲ့ ညှိနှိုင်းတဲ့ ကိစ္စ ခက်ခဲနေတယ်လို့ ပြောတယ်။

ဒါ ပြဿနာ မဟုတ်ပါဘူး။

စာရေးဆရာမ တစ်ခါတုန်းက နေခဲ့ဖူးတဲ့ နေရာတစ်ခုကို ငါ ကောင်းကောင်းသိတယ်။ အဲဒါက မြို့သစ်နဲ့ သိပ်မဝေးဘူး။ နောက်ပြီး တော်တော်ကို သာယာတဲ့ ဥယျာဉ်တစ်ခုပဲ။ အိမ်ကလည်း တော်တော် စိတ်ဝင်စားစရာကောင်းတာကို မင်းတွေ့ရပါလိမ့်မယ်။ မင်းဖတ်ချင်မယ့် နေ့စဉ်မှတ်တမ်းစာအုပ်ဟာ အဲဒီ စာကြည့်ခန်းမှာ ရှိပါလိမ့်မယ်။ ငါသေချာ ပါတယ်။ငါ အဲဒီကို ရောက်တုန်းက ငါတွေ့ခဲ့တယ်။ စာအုပ်က အပြာရောင် ၊ အပေါ်မှာ အဖြူရောင် စံကားပန်းတစ်ပွင့်ရဲ့ပုံနဲ့။

ဘုရားရေ ဘယ်သူရေးလိုက်တဲ့ စာပါလိမ့်။ ကေန္တ...

ကျွန်မ စာကိုဆုံးအောင် မဖတ်နိုင်တော့ဘဲ စာပိုဒ်တချို့ကို ကျော်လျက် အောက်ဆုံးက လက်မှတ်ကို ကြည့်လိုက်မိသည်။





ခင်မင်စွာ

မင်းရဲ့ အေးအေးထွန်း

ကျွန်မ စာကို ကိုင်လျက် ကြောင် အ စွာ ရပ်နေမိ၏။

သူမဘာဖြစ်လို့ ကျွန်မဆီ စာရေးလိုက်ရသလဲ။ မင်းညိုကရော ဘာဖြစ်လို့ သူ့ ဘော့(စ်)အား ကျွန်မ၏ကိုယ်ရေးကိုယ်တာကို သွားပြောလိုက်ရတာလဲ။ သူမ၏အကူအညီကို ကျွန်မ နည်းနည်းမှ မလိုချင်ဘူးဆိုတာ မင်းညို မသိဘူးလား။ ကျွန်မ စိတ်ထဲမှာ တော်တော် အောင့်သက်သက် ခံစားလိုက်ရသည်။

သည့်ထက်ပိုဆိုးတာက သည်စာကို ကျွန်မလက်ထဲသို့ ရောက်အောင် သယ်လာသူက ကိုသီဟ ဖြစ်နေသည်။ ခဏလေး...သူ့ ...စောက ဘာပြောခဲ့လိုက်ပါလိမ့်။

'မေမေနဲ့ပတ်သက်နေမလား စိုးရိမ်လို့ ဖတ်တော့ ဖတ်ကြည့်လိုက်မိတယ်'

ဖတ်တော့ ဖတ်ကြည့်လိုက်မိတယ်။

ပြင်သစ်လိုရေးထားတဲ့ စာကို သူသာ မဖတ်တတ်ခဲ့လျှင် ...ကြည့်လိုက်မိတယ် ဟု ကျွန်မအားတောင်းပန်စရာမလို။

ဒါဖြင့်...

သွားပြီပေါ့။

ကျွန်မ သူနှင့်ဆက်ဆံရေးမပြေလည်လို့ စိတ်ရှုပ်ရတာတွေကို ...ခြားလူတစ်ယောက်အား ကျွန်မရင်ဖွင့်ခဲ့ပြီဟု သူသိသွားပြီ။

ကျွန်မ မျက်နှာနွေးခနဲပူသွား၏။ ရပ်နေရတာလည်း စိတ်မသက်...တော့။ ကိုသီဟကို ဘယ်လိုမျက်နှာပြရမှာလဲ ကျွန်မ မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ ထွက်မလာခင် ကျွန်မ ရှောင်နေမှ ဖြစ်မည်ထင်သည်။

ဒေါ်အေးအေးထွန်း... ရှင်ဟာကျွန်မကို သည်အထိထော လိုက်နှောင့်ယှက်နေပါလား။ ရင်ထဲမှာ ခါးသက်စွာအောင့်သွား

အဲ... မဟုတ်သေးပါဘူး။ ဒါက မင်းညို ရှုပ်ခဲ့တဲ့ အမှုကိ မင်းညိုသာ သွားမပြောခဲ့လျှင် သည်မိန်းမ စာရေးပြီး ကူညီလာ အကြောင်းမရှိ။

သို့သော် အဲသည်လိုတော့လည်း အပြစ်မတင်ထိုက်ပါဘူး သူက ကျွန်မကို အစစအရာရာ မြန်မြန် အဆင်ပြေစေချင်လို့ ဟိုအ ကြီးကို ပြောပြတိုင်ပင်တာ ဖြစ်မှာပါ။ သူ့မှာ အပြစ်မရှိပါဘူး။ မိန်းမကိုက မင်းညိုအပေါ် မင်္ဂလာယူချင်လို့ ဖွတ်ကို ကူညီချင် တာရော မဖြစ်နိုင်ဘူးလား။

ထိုသို့ တွေးမိသောအခါ ကျွန်မသည် စာကို တင်း နေအောင် ဆုပ်ကိုင် ဖျစ်ညှစ်ပစ်မိ၏။

သို့သော် သူ့စာထဲမှာပါသည့် နေ့စဉ် မှတ်တမ်းအကြောင် ကျွန်မကို ဆွဲဆောင် ညို့ယူထားလိုက်သည်။

ကျေးဇူးတင်ပါတယ် အန်တီရယ်။





## ကြယ်စံကားဖြူ (Magnolia Stellata)

ကျွန်မရှေ့က အဖြူရောင်ပန်းပွင့်သည် ကြယ်တစ်စင်းနှင့် တူ၏။ ပွင့်ချပ် စုစုပေါင်း ဆယ့်နှစ်ချပ်ရှိ၏။ ရွက်သစ်နုတွေ မဝေခင်မှာ တစ်ပင် လုံး အပွင့်တွေချည်း ပင်လုံးကျွတ် ပွင့်လိုက်ကြတာမို့ ဖြူဆွတ်ကာ ဖြာထွက် တောက်ပနေလေသည်။ ကျွန်မ လက်လှမ်းလို့ မီနိုင်လောက် သည့် ကိုင်းနိမ့်နိမ့်တွေအများကြီးမှာ သူတို့တွေ ပွင့်နေကြပုံက အဖြူ ရောင် ကြယ်တွေကို လက်နှင့် ဆုပ်ပြီး ကြဲဖြန့်ထားသလိုပဲ။ လှလိုက် တာ။ ကျွန်မ ရင်သပ်ရှုမော မိန်းမောသွားလေသည်။

လောကကြီးဟာ ပန်းတွေရှိနေတာနဲ့ပဲ အသက်ရှင်နေထိုင် ထိုက်တန်နေတယ် မဟုတ်ဘူးလား။ ပန်းတွေကို ပိုင်ဆိုင်တဲ့ ပြီးပြည့်စုံတဲ့ ချမ်းသာသုခကို ရပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မြ ...။

မြရဲ့ဘဝဟာ မလှဘူးလားကွယ်၊ ဘာဖြစ်လို့များ မြစ်ဆီ သွားဖို့ ဆုံးဖြတ်ခဲ့ရတာလဲ။

ဆယ်ပေလောက်သာ မြင့်နိုင်သော စံကားဖြူပင်ကို ကျွန် မော့ကြည့်လိုက်မိသည်။

အကိုင်းတွေ ဘေးသို့ဖြာထွက်သမျှ အဖြူရောင် ကြယ်ပွင့် ကလည်း ကိုင်းအပြည့် အဆုပ်လိုက်အဆုပ်လိုက် ပွင့်နေလိုက်ကြတ

ပင်စည်က သိပ်မမြင့်သောအခါ ပင်စည်ထိပ်နားမှာ ချိတ် ထားသော နာမည်စာတမ်းကို ကျွန်မ မော့ဖတ်ရန် သိပ်မခက်ခဲလှ

***Magnolia stellata ....***

"စတယ်လာဆိုတဲ့ လက်တင်စကားလုံးက ကြယ်လို့ အဓိပ္ပါ ရသတဲ့"

ကျွန်မ၏နောက်ဘက်မှ ရုတ်တရက် အသံကြားလိုက်ရသည် အခါ ကျွန်မ ဆတ်ခနဲ တုန်ယင်သွားပါသည်။

လှည့်မကြည့်နဲ့။

"ဒီတော့ 'မက်ဂ်နိုလီယာ စတယ်လာတာ'က ကြယ်စံကား ပေါ့"

စိတ် ထိန်းချုပ်ထားသော်လည်း မရ။ ကျွန်မကိုယ်တိုင် မသိလိုက်မီမှာပင် နောက်သို့ လှည့်ကြည့်ပြီးသား ဖြစ်နေပြီ။

သူ ...

ဘယ်တုန်းကတည်းက ကျွန်မနောက်နားမှာ ရောက်နေခဲ့ တာလဲ။

သူက ကျွန်မအား ရင်ထဲထိ ထိုးစိုက်ထွင်းဖောက်ပစ်သည်





မျက်လုံးများဖြင့် စိုက်ကြည့်နေပါသည်။

"ကျွန်မ... အိမ်ထဲမှာ မနေချင်တာနဲ့..."

မဝံ့မရဲ တွန့်ဆုတ်စွာ တိုးတိုးပြောမိသည်။

"ကိုယ့်ကို မင်းဘာအကြောင်းပြချက်မှ ပေးစရာမလိုပါဘူး"

သူက သိမ်မွေ့ပေမယ့် ပိုင်စိုးသောလေသံဖြင့် တည်ငြိမ် အေးစက်စွာ ပြောသည်။ ကျွန်မ ခေါင်းကို ငုံ့လိုက်သောအခါ ကျွန်မ ခြေဖဝါးအောက်တွင် ပန်းကလေးတစ်ပွင့်အား နင်းမိထားသည်ကို မြင် လိုက်ရသည်။ ဘာကြောင့်မှန်းမသိဘဲ ကပျာကယာ ခြေကိုကြွလျက် နောက်ဆုတ်ရပ်လိုက်တော့ စံကားပင်၏ အမြစ်တွေနှင့် ခလုတ် တိုက်မိသွားသည်။

"အမေ့"

ကျွန်မ၏ ကိုယ်ခန္ဓာကို သူရုတ်တရက် ထိန်းပွေ့ယူတော့မည်ဟု ကျွန်မသိလိုက်သည်။

"ဟင့်အင်း..."

မျှော်လင့်မိရုံနှင့်ပင် ကျွန်မ တစ်ကိုယ်လုံး နွေးခနဲဖြစ်သွားကာ သွေးရူးသွေးတန်း ငြင်းဆန်လိုက်မိ၏။ ငြင်းသာ ငြင်းလိုက်ရပေမယ့် ကျွန်မကိုယ်ခန္ဓာက ယိုင်နဲ့နေဆဲ။ နောက်က စံကားပင် အကိုင်းတစ်ခုကို ဆုပ်ကိုင် ထိန်းထားလိုက်ရပါသည်။

"မင်း ခဏထိုင်လိုက်ဖို့ လိုမယ်ထင်တယ်"

ကျွန်မကို သူက ပျော့ပျောင်းစွာ လွှမ်းမိုးချုပ်ကိုင်စ ပြုနေပြီ။ သူ့စကားကို ငြင်းဆန်လိုက်မှဖြစ်မည်ဟု ကျွန်မသိသည်။ သို့သော် ကျွန်မ တကယ် ထိုင်ဖို့လိုနေတာလားမသိ။

ကျွန်မ သူ့ကို မော့မကြည့်ဘဲ အပင်ခြေရင်းက ရွက်ကြွေ



www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ်ပေါ်တွင် အင်အား ချည့်နဲ့စွာ ထိုင်ချလိုက်မိသည်။ ထိုအချိန်မှာ အပင်ပေါ်မှ ကြယ်ဖြူတစ်ပွင့် ကြွေကာ ကျွန်မရင်ခွင်ထဲသို့ ကျလာသည်။ ပန်းပွင့်လေးကို ကောက်မကိုင်မိဘဲ ငေးမောနေမိ၏။ ကျွန်မ၏ ထမီအနက်ရောင်ပေါ်မှာ အဖြူရောင် ပန်းပွင့်ကြယ်လေးသည် တောက်ပနေသည်။ ပွင့်ချပ်လေးတွေက ဘေးသို့ဖြာထွက် ကားစွင့်နေလေသည်။

"တကယ်တော့ ဒီပန်းက ဆောင်းအကုန် နွေအကူးမှာ ပွင့်တာ။ ဖေဖော်ဝါရီလတုန်းက ပွင့်ခဲ့ပြီးပြီ။ တစ်ပင်လုံး ညွတ်နေအောင် ပွင့်တတ်တဲ့ ပန်းက ဘာဖြစ်လို့ ကျိုးတိုးကျဲတဲ ပွင့်နေပါလိမ့်လို့ ကိုယ် တွေးနေမိခဲ့သေးတယ်။ အခုမှပဲ အဖြေရတော့တယ်၊ သူက မင်းကို စောင့်နေတာကိုး"

အို...

ကျွန်မ သူ့ကို မော့ကြည့်လိုက်မိ၏။ သူက ရိုးတံကျဲကျဲမှာ ကြယ်စံကားဖြူတွေ ဝေဆာနေသော အကိုင်းအခက်တစ်ခုကို ကိုင်လျက်က ကျွန်မအား ငုံ့ကြည့်နေသည်။ သူ့မျက်နှာမှာ အပြုံးကို အရိပ်အခြည်မျှပင် မတွေ့ရ။

"မင်း သိလားဟင်၊ ဒီ Star magnolia ပင်က မင်းဒီအိမ်ကို ရောက်တဲ့နေ့မှာ ဒုတိယတစ်ကြိမ်အတွက် ပြန်ပြီးပူးလာခဲ့တာ"

အဲလို မပြောပါနဲ့။

"မင်းအတွက် မဟုတ်ရင် အပင်တစ်ခုဟာ ဘာကြောင့် နှစ်ခါပွင့်မလဲ။ မင်းကိုစောင့်တာသာ မဟုတ်ဘူးဆိုရင် သူက ရာသီချိန်တုန်းက ပွင့်တယ် ဆိုရုံလေး ဘာကြောင့် ပွင့်ပြရမှာလဲ၊ မင်းအတွက်သာ မဟုတ်ဘူးဆိုရင် မင်းရောက်တဲ့နေ့မှာမှ ဘာကြောင့် ပူးရမှာလဲ"

ကျွန်မ ခေါင်းပြန်ငုံ့လိုက်၏။



ကျွန်မလုံချည်ပေါ်က စံကားပွင့်လေးကို ကောက်ယူလိုက်သည်။ ယောကျ်ားတစ်ယောက်ရှေ့မှာ ပန်းတစ်ပွင့်ကို နမ်းပြတာဟာ မိန်းမမာယာလေးဆယ်ထဲမှာ အကျုံးဝင်သတဲ့။ ကျွန်မ ဒီပန်းကို နမ်းချင်သည်၊ နမ်းလည်း မနမ်းဝံ့။

"သူက တခြား စံကားဖြူတွေလောက်တော့ ရနံ့မမွှေးလှဘူး၊ သင်းတယ်ဆိုရုံလေးပဲ သင်းတယ်။ မွှေးကြည့်ပါလား"

သူ့စကားအဆုံးတွင် ကျွန်မ နမ်းလိုက်သည်။ သင်းပျံ့မွှေးသော ရနံ့ကြောင့်လားမသိ။ ကျွန်မကိုယ်ခန္ဓာသည် ပေါ့ပါး လွင့်မြောသွားသည်၊ အာရုံက ရီဝေယစ်မူးလာသလိုပဲ။ ကျွန်မ ပင်စည်ကို မှီလိုက်ချင်သော်လည်း ပင်စည်က နည်းနည်းသေးသွယ်နေသည်။ ကျွန်မ ဘေးပတ်လည်မှာ ကြယ်ပွင့်တွေ ကခုန်နေသလို လှည့်ပတ်ဝဲနေကြပြီထင်သည်။ ကျွန်မ သူတို့ကို မော့ကြည့်ရင်း အိပ်ချင်လာသည်။ မှီလို့မရဘူးဆိုတော့ လှဲအိပ်လိုက်ရင်ကော။

စံကားပင်တစ်ပင်အောက်မှာ အိပ်တယ်ဆိုတာ ကျွန်မအဖို့ အထူးအဆန်းမှ မဟုတ်တော့တာ။ လေတဖြူးဖြူး တိုက်ခတ်နေသော၊ အွန်းရနံ့ ထုံသင်းသော၊ ပန်းကြွေဖြင့် ခင်းကျင်းထားသော ယခုလိုနေရာမျိုးမှာမှ ကျွန်မ မအိပ်သင့်ဘူးဆိုလျှင် ဘယ်နေရာမှာများ အိပ်သင့်ဦးမှာလဲ။

မဖြစ်ဘူး။ ကျွန်မတစ်ယောက်တည်းမှ မဟုတ်ဘဲ၊ ဘေးနားမှာ ယောကျ်ားတစ်ယောက် ရှိနေတယ်လေ။

သို့သော် အခြားအပင်များထက် သည်အပင်၏အောက်မှာ ကျွန်မအိပ်ချင်သည်။ သူ့အပွင့်တွေက ပို၍ ထူထပ်များပြားသောကြောင့် ပန်းကြွေကမွေ့လာသည် ပို၍နူးညံ့မွေ့အိမှာပဲဟု သေချာသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ဒီပန်းပွင့်လေးတွေဟာ မြရဲ့ပုံပြင်မှာ တော်တော်အရေးပါတဲ့ ဇာတ်ကောင်တွေဖြစ်ခဲ့တယ်။ တစ်ညသီတုန်းကပေါ့

"ကြယ်စံကားဖြူပင်ဟာ ဆောင်းမှာ ပန်းပွင့်တယ်။ အဲဒီတုန်းက ဇန္နဝါရီလကုန်ခါနီးပေါ့။ ညနေချိန်မှာကိုပဲ တော်တော်အေးနေပြီး ပန်းတွေပွင့်နေပုံက အရွက်တွေကြွေကုန်လို့ အကိုင်းသက်သက်သာ ကျန်တော့တဲ့ အပင်မှာ ကိုင်းဖျားကိုင်းနားမကျန် ပွင့်တာမို့ တစ်ပင်လုံး နှင်းတွေအဆုပ်လိုက် တင်နေတော့သလို၊ အဖြူရောင်ကြယ်တွေပဲ ကောင်းကင်ကနေကြွေပြီး မြ ဥယျာဉ်ထဲမှာ လာစုဝေးကြသလိုပဲ။ ဘယ်လောက်များ လှလိုက်သလဲဆိုရင် မြက အဲဒီနေ့က ကြယ်စံကားဖြူ ပင်အောက်မှာ ည အိပ်ချင်လိုက်တာလို့ ဆန္ဒဖြစ်မိတယ်၊ ဥယျာဉ်မှူးကို ပြောပြတော့ ဥယျာဉ်မှူးက အိပ်ရစေမှာပေါ့လို့ ကတိ ပေးလိုက်တယ်"

ဘုရားရေ သည်လူဟာ ကျွန်မ စိတ်ကိုများ ဖတ်တတ်နေလေ ရော့သလား။

"မြဟာ သူ့ထက်ဆယ့်ရှစ်နှစ်ငယ်တာမို့ မြက သူ့အပေါ်မှာ ဆိုးလည်း ဆိုးလေ့ရှိပါတယ်။ တကယ်တော့ အဲဒီအချိန်က ဆောင်းတွင်း ကြီးပဲ။ မြကို စံကားပင်အောက်မှာအိပ်စေဖို့ သူဖြင့် စိတ်ကူးနဲ့တောင် ခွင့်မပြုနိုင်ပါဘူး။ ညရောက်တော့ သူဘာလုပ်သလဲဆိုတော့ မြနဲ့ သူ့မိဘတွေ ထမင်းစားနေတုန်း ကြယ်စံကားဖြူပွင့်တွေ အားလုံးကို မြအိပ်ရာပေါ်မှာ သွားပြီးဖြန့်ကြဲ ထားပေးလိုက်တော့တယ်။ မြ တစ်ယောက် အခန်းထဲကို ဝင်ဖို့ လှေကားကနေ တက်လာတဲ့ အချိန်မှာ ပဲ ပန်းရနံ့က မွှေးပျံ့နေခဲ့ပြီ။ မြလည်း ဝင်လိုက်ရော စံကားဖြူပွင့်တွေ





ပေါ်မှာ အိပ်ဖို့ဖြင့် သူ့ ဥယျာဉ်ထဲဆင်းစရာ မလိုတော့ဘူးလို့ သိသွား တော့တာပေါ့"

ကျွန်မ အနည်းငယ် ပြုံးမိသည်။

အကယ်၍သာ ကျွန်မလည်း ဒီအပင်အောက်မှာ ဒီလိုပန်းရနံ့ အောက်မှာ အိပ်ချင်တဲ့စိတ် ပေါ်မိတယ်လို့ ပြောခဲ့ရင် သူကျွန်မအတွက် ဘယ်လိုများ စီစဉ်ပေးနိုင်မှာပါလိမ့်။ ကျွန်မ သိချင်လိုက်တာ။ သို့သော် ဒါက မေးကောင်းသော အရာမဟုတ်ချေ။

"မြ အိပ်ပျော်ခဲ့သလား"

ကျွန်မသိချင်သော အခြားမေးခွန်းတစ်ခုကို မေးမိသည်။ သူကလည်း ကျွန်မ၏မေးခွန်းကို အရေးတကြီး လေးလေးနက်နက် ဖြေပါသည်။

"အိပ်လို့မပျော်ဘူး။ စံကားဖြူပွင့်တွေက သူ့အိပ်ရာပေါ်မှာ ဖြူဖွေးပြီး အချပ်လိုက် အပွင့်လိုက် အထပ်ထပ်မို့ နူးညံ့မှုရော မွှေးရနံ့ရော ပေးတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် မြခမျာ လွမ်းဆွတ်တမ်းတ စိတ်တွေနဲ့ ပြည့်သိပ်မွန်းပြီး မောနေခဲ့တယ်"

ကျွန်မ ရင်ထဲမှာ အမျိုးအစားမခွဲခြားတတ်သော နင့်သည်း နာကျင်မှုကို ခံစားလိုက်ရသည်။ ကျွန်မ ဘယ်သူ့ကို လွမ်းမိနေပြီလဲ။

"စံကားဖြူတစ်ပွင့်ချင်း၊ ပွင့်ချပ်တစ်ချပ်ချင်း၊ ဝတ်ဆံတိုင် တစ်တိုင်ချင်းဟာ မြအတွက်တော့ သူချစ်တဲ့ ဥယျာဉ်မှူးရဲ့ ကိုယ်ပွား တွေပဲ။ ဥယျာဉ်ခြံမြေ တစ်ခုလုံးက ရှိရှိသမျှသော စံကားပွင့်တွေအားလုံး သူ့ချစ်သူရဲ့ လက်နဲ့ ကင်းကွာပြီး ဖြစ်တည်ခဲ့တာမှ မဟုတ်ဘဲ။ ဒီတော့ မြဟာ သူအလွန် အိပ်ချင်လှတယ်ဆိုတဲ့ စံကားဖြူပွင့်တွေနဲ့တော့ အတူအိပ်ရပါရဲ့။ ဒါပေမယ့် အိပ်လို့ မပျော်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဆိုလျှင်ရော အိပ်လို့ ပျော်နိုင်ပါ့မလား။ အိပ်လို့မပျော်ခဲ့လျှင် ကျွန်မ ဘာလုပ်မိမလဲ။ စာဖတ်မလား။

သာမန်အချိန်ဆိုလျှင်တော့ အိပ်မပျော်လျှင် စာဖတ်လို့ရမှာ သေချာသည်။ စံကားပွင့်တွေကြောင့် တမ်းတစွာ အိပ်မပျော်တာဆိုလျှင်တော့၊ ကျွန်မ ဘာလုပ်မိမှာပါလိမ့်။

ပြတင်းပေါက်ကနေ ငေးမျှော်မိလေမလား။

''အဲဒီတော့ မြ ဘာလုပ်သလဲဟင်''

မော့ကြည့်ရင်း သူ့ကို မေးမိတော့ သူက ကျွန်မအား ငုံ့ကြည့်၏။

''မြက ပြတင်းပေါက်မှာ မတ်တတ်ရပ်ပြီး ညအမှောင် ဥယျာဉ်ထဲကို ငေးမောနေခဲ့တယ်''

အို ...

ကျွန်မ သူ့ထံမှ မျက်နှာ လွှဲပစ်လိုက်ရပါသည်။

''အဲဒီအချိန်မှာ ဥယျာဉ်မှူးကလည်း အိမ်နဲ့အနီးဆုံး စံကားပင်တစ်ပင်နောက်ကနေကွယ်ပြီး မြကို လှမ်းကြည့်နေခဲ့တယ်။ မြကတော့ မမြင်ဘူးပေါ့။ သူကတော့ မြဆီကို သွားရမလား၊ မသွားရဘူးလား ဝေခွဲမရ စိတ်ရှုပ်ထွေးနေခဲ့တယ်။ မြကို ငဲ့ညာတဲ့စိတ်က သူ့ကိုဆုံးဖြတ်ရခက်စေတယ်။ မြကိုချစ်လို့ သူသွားချင်တယ်၊ ဒါပေမယ့် မြကိုချစ်လို့ပဲ သူမသွားဘဲ နေမှဖြစ်မယ်လို့ အားတင်းတယ်။ မြကို သနားတဲ့စိတ်က မြဆီသွားဖို့ တွန်းပို့နေတယ်၊ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ အဲဒီသနားစိတ်က မြဆီ မသွားဖို့ နားချနေပြန်တယ်၊ သူဟာ ချစ်မြတ်နိုးစိတ်ရဲ့ ဆန့်ကျင်နေတဲ့ ဆန္ဒနှစ်မျိုးစီအကြားမှာ တင်းကြပ် မောဟိုက်နေခဲ့တာ အကြာကြီးပဲ''

သူ့အသံက တဖြည်းဖြည်း တိုးတိမ်လာ၏။





မကြာခင်မှာ သူ့ပုံပြင်အဆုံးသတ်တော့မည်ဟု ကျွန်မ ခံစားနေရသည်။

''ဆောင်းညဟာ ပိတ်နေအောင် မှောင်ခဲ့ပါတယ်။ စံကားပင်တွေလည်း အားလုံးအိပ်ပျော်နေကြပြီ။ အိမ်ကြီးတစ်ခုလုံးမှာ အလင်းရောင်ဆိုလို့ မြရဲ့ ပြတင်းဆီကလာတဲ့ အလင်းရောင် သဲ့သဲ့လေးပဲ ရှိတယ်။ အခန်းထဲက အလင်းရောင်ကို နောက်ကျောခိုင်းပြီး အမှောင်ထဲကို မြ ငေးမျှော်နေခဲ့တဲ့ တစ်ချိန်လုံးမှာ သူထိန်းချုပ် အားတင်းရပ်နေခဲ့နိုင်သမျှ မြလည်း ပြတင်းကနေ အခန်းဘက်ကို ပြန်လှည့်ဖို့ ငဲ့စောင်းလိုက်ရော သူ့ရင်တစ်ခုလုံး ပူပြင်း လောင်မြိုက်ခဲ့ရတော့တာပဲ။

''တစ်ဝက်တစ်ပြက် အလင်းအောက်မှာ မြပါးပြင်ပေါ်မှာ လက်ခနဲ မြင်လိုက်ရတဲ့ မျက်ရည်စလေးတွေကြောင့်ပေါ့၊ အဲဒီအချိန်မှာပဲ သူမှားသွားပြီဆိုတာ သူသိလိုက်တယ်။ မြဟာ သူ့ကို တမ်းတတဲ့စိတ်နဲ့ မျက်ရည်ကျနေရပြီ။ အိပ်ပျော်နေတဲ့ အလှမယ်လေး မဂ်ဂ်နိုလီယာ ကိုးဘတ်စ်ရဲ့ အပွင့်ဖြူတွေအောက်မှာ အိပ်ပျော်နေတဲ့ အလှလေး မြကို သူအနမ်းနဲ့ နှိုးလိုက်မိပြီ။ ဒါပေမယ့် ဒီဇာတ်လမ်းဟာ ပုံပြင်စစ်စစ် မဟုတ်ခဲ့လေတော့ သူက မင်းသားလေးတစ်ပါး မဟုတ်ခဲ့ဘူး။ ဒါကြောင့် ပုံပြင်တစ်ပုဒ်လို အဲဒီအချိန်ကစပြီး သူတို့နှစ်ယောက် ပျော်ရွှင်စွာ ပေါင်းဖက်နေထိုင်သွားကြရမှာ မဟုတ်ဘူးဆိုတာ သူသိနေပါတယ်''

မိန်းကလေးရဲ့အချစ်ဟာ လူတစ်ယောက်ကို မင်းသားလေး တစ်ပါးဖြစ်အောင် ဖန်ဆင်းပေးနိုင်တယ်ဆိုတာ ဒီဥယျာဉ်မှူး မသိလေရောသလားကွယ်။

ကျွန်မ ဝမ်းနည်းလာသည်။ သူ့အတွက်လား၊ မြအတွက်လား၊ ကျွန်မကိုယ်တိုင်အတွက်လား ကျွန်မ မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညက သူ ဥယျာဉ်ထဲကနေ ထွက်သွားခဲ့တယ်၊ ရွာကနေ ထွက်သွားခဲ့တယ်။ မြရဲ့ ဘဝထဲကနေလည်း ထွက်သွားခဲ့တယ်"

ဘုရားရေ ယောကျ်ားတွေဟာ တော်တော် ကြောက်စရာကောင်းပါလား၊ တစ်ဘက်သတ်ကြီး ဆုံးဖြတ်လိုက်တာများ။ မြရဲ့ နှလုံးသားကို သူမို့ လစ်လျူရှုရက်လေခြင်းကွယ်။

မြ...၊ သနားစရာ မြပါလား။

"နောက်တစ်နေ့ မိုးလင်းတဲ့အခါ မြက စံကားပင်တွေဆီ သွားနေခဲ့လိမ့်မယ်။ ဘယ်စံကားပင်နောက်ကနေ သူပေါ်လာမလဲလို့ မျှော်လင့် တမ်းတစိတ်တွေနဲ့ စံကားပင်တွေကြားမှာ လိုက်ရှာနေလိမ့်မယ်။ ပထမတော့ မျှော်ရုံပဲ၊ နောက်တော့ နားမလည်နိုင်ဘဲ လွမ်းရလိမ့်မယ်၊ နောက်တော့ သွေးရူးသွေးတန်း ဖြစ်လာလိမ့်မယ်။ နောက်တော့ ပူပြင်းလောင်မြိုက်လာလိမ့်မယ်။ နေ့တွေရက်တွေ ကြာလာတော့ နာကျင် ကြေကွဲလာလိမ့်မယ်"

ကျွန်မ ရင်ခွင်ထဲက စံကားဖြူပန်းပွင့်လေးကို ကျွန်မ နောက်တစ်ကြိမ် နမ်းရှိုက်မိ၏။ သည်တစ်ခါက မြအတွက် ဖြစ်သည်။

"ဥယျာဉ်မှူးလုပ်သွားတာ မှန်တယ်ထင်လား"

ကျွန်မမေးမိသည်၊ သူမဖြေပါ။ ထို့ကြောင့် မေးခွန်းကို ပြောင်းမေးမိသည်။

"ရှင်ဆိုရင်ကော ဘယ်လို ဆုံးဖြတ်မလဲ"

သူ ခဏတိတ်ဆိတ်နေပြီးမှ ခပ်တိုးတိုး ရယ်မောသည်။

"အင်း ကိုယ်ဆိုရင်တော့ ချစ်သူဆီကို သွားလိုက်မိမယ် ထင်တယ်"

မင်းညိုကို ကျွန်မ ဖျတ်ခနဲ သတိရသွားပြန်၏။





နင်ဆိုရင်ကော ဘာလုပ်မှာလဲဟု မေးကြည့်ချင်လို့ဖြစ်သည်။ ဒါပေမယ့် မင်းညိုကို ထိုမေးခွန်း မမေးမီ မေးရဦးမည့် မေးခွန်းတစ်ဆင့် ကျန်သေးသည်။

'နင်ဘယ်လိုခံစားရတဲ့ မိန်းမမျိုးကိုမှ နင်က ချစ်သူလို့ သတ်မှတ်မှာလဲ'

တစ်ခါတုန်းက မင်းညိုက ကျွန်မကို ရယ်မောရင်း ညည်းညူဖူး၏။ မိန်းမတွေ ဘာလိုချင်တယ်ဆိုတာ ငါမသိဘူး...တဲ့။ အဲသည်တုန်းက ကျွန်မ ဘာထင်မြင်ချက် ပေးလိုက်မိသလဲ မမှတ်မိတော့ပါ။ သည်တစ်ခါ မင်းညိုကို တွေ့လျှင်မေးမိမည့် မေးခွန်းတစ်ခုတော့ ကျွန်မ ရလာခဲ့ပြီ။

"ယောကျ်ားတွေက ဘဝမှာ ဘာလိုချင်တာလဲ" ဟူသော မေးခွန်းဖြစ်သည်။

"ကဲ ကိုယ့်ကို ပြောပါဦး၊ မင်းဆိုရင် မြနေရာမှာ မြလို ခံစားလိုက်ရပြီဆိုရင် သူ့ကို မုန်းသွားမှာလား၊ မင်းဘယ်လို ဆုံးဖြတ်မလဲ"

ကျွန်မ ဟက်ခနဲ တစ်ချက်ရယ်လိုက်မိသည်။

"ကျွန်မလား၊ ပြတင်းကနေမှ လှမ်းကြည့်နေမိပြီဆိုရင် သူ့ကို အမှောင်ထဲမှာ အပင်တစ်ပင်ပင်နောက်မှာ ရှိနေမလားလို့ လှမ်းမျှော်ကြည့်မှာပဲ။ တွေ့ရင် သူကျွန်မဆီလာမလား ခဏစောင့် ကြည့်မယ်။ မလာရင် ကျွန်မက ဆင်းသွားလိုက်မှာပဲ"

ကျွန်မ ထိုင်ရာမှ ထရပ်ဖို့ကြိုးစားမိသည်၊ မိုးချုပ်လှပြီ၊ ဒေါ်တင် တစ်ယောက် ငါးပဲရလာမလား၊ ကြက်သားဝက်သားပဲ ရလာမလား။ ညစာလုပ်စားဖို့ ချက်ပြုတ်နေလောက်ပြီ။ ကျွန်မ ပြန်သင့်ပြီထင်၏။

"ကိုယ်မေးတာက မြလို ဘာမှန်းမသိဘဲ စွန့်ပစ်ခံလိုက်ရရင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မုန်းမှာလားလို့ မေးတာလေ''

''အင်း လူတစ်ယောက် အင်းလေ၊ ကိုယ်ချစ်ရတဲ့ လူတစ်ယောက်ကို မုန်းဖို့ဆိုတာ ကျွန်မအတွက်တော့ တော်တော်ကို ခက်ခဲမှာပါ''

ကျွန်မ မတ်တတ်ရပ်ပြီးနောက် အိမ်ဘက်သို့ပြန်ဖို့ ခြေလှမ်းပြင်ပြီးမှ ကြယ်စံကားဖြူပွင့်များကို မော့ကြည့်လိုက်မိသည်။

''ကျွန်မ မုန်းနိုင်မှာမဟုတ်ပါဘူး''

''မင်းမှာ ချစ်သူရှိနေတယ်''

မေးခွန်းတစ်ခု မဟုတ်ပါ။ စွပ်စွဲချက်တစ်ခုသာ ဖြစ်သည်။

အဲဒါကို ကျွန်မကိုယ်တိုင်တောင် မသိတာ၊ သူက ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ။ ဒါမှမဟုတ် သူက အချစ်နဲ့ပတ်သက်လျှင် အားလုံးကို သိနိုင် ခန့်မှန်းနိုင်သည့် ဒွန်ဝမ်လို လူမျိုးလား။

''ကျွန်မ မသိဘူး''

''ကိုယ်ကတော့ သိပါတယ်''

သူ့မျက်လုံးနက်နက်တွေက ကျွန်မ၏ နှလုံးသားဆီ ထွင်းဖောက် ကြည့်နေတော့သလိုပင် ကျွန်မ မျက်လုံးတွေထဲသို့ ခပ်ကြာကြာ စိုက်ကြည့်နေခဲ့ပါသည်။

ကျွန်မ သူ့မျက်လုံး၏ စူးရှတောက်ပသော အလင်းတန်းကို မခံနိုင်ပါ။

''ကျွန်မ သွားတော့မယ်''

ခပ်ဝါးဝါးပြောလျက် လှည့်ထွက်လိုက်သည်။

''မေ...''

ကျွန်မ ခြေလှမ်းတွေကို တုန့်ခနဲ ရပ်သွားအောင် ဆွဲ





ဆိုင်းချုပ် ထားနိုင်စွမ်းသော ခေါ်သံ။

ဘုရားရေ ကျွန်မ သွားပါရစေတော့။

ကျွန်မ လက်ဖျားခြေဖျားတွေ အေးစက်တုန်ရီက်လာသည်။ အားတင်းပြီး လှည့်ကြည့်လိုက်သောအခါ သူ ကျွန်မကို ဖြူဖွေးသော ကြယ်စံကားတစ်ပွင့် လှမ်းပေးနေသည်။

''ဟင့်အင်း ''

ကျွန်မ မယူချင်။

''မင်းအတွက် ပွင့်ပေးတဲ့ပန်းလေ''

ကျွန်မ သူ့ကို မော့ကြည့်နေမိသည်။

''ကျွန်မ ... ...''

''ဒါမှမဟုတ် ဒီပန်းလေးကို မင်းခေါင်းအုံးပေါ်ကို တစ်ယောက်ယောက်က လာထားပေးစေချင်တာလား''

အို... ဘယ်လိုလူပါလိမ့်။

''ကျွန်မတံခါးဖွင့်မပေးဘဲ အိမ်ထဲကို ရှင်ဝင်လို့ရမှာလား''

''ရမယ်ထင်ပါရဲ့''

ကျွန်မ ထိတ်ခနဲ ရင်ခုန်သွားသည်။ ကျွန်မ ဘာလုပ်ရမှန်းမသိဘဲ နေရာမှာ ခြေစုံရပ်လျက် ကျွန်မမျက်လုံးနှင့် တည့်တည့်မှာရှိသော သူ့အင်္ကျီကော်လာအောက်ခြေ နေရာလွတ်ဆီသို့ ငေးမောနေမိသည်။

''ကိုယ်က မင်းကိုစတာပါ၊ သွားလေ မေ''

သူက ခပ်ပြုံးပြုံးပြောပြီးနောက် လက်ထဲကပန်းကို ခပ်ဝေးဝေးသို့ လွှင့်ပစ်လိုက်တော့မည့်ဟန် ပြင်သည်။

''ပေးပါ''

အသံခပ်တိမ်တိမ်ဖြင့် သူ့ထံမှ ပန်းကို တောင်းယူလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်မစကားက နောက်ကျသွား၏။

ကြယ်ပုံသဏ္ဌာန်ပန်းပွင့်လေးသည် ခပ်လှမ်းလှမ်းက မြက်ခင်း ပြင်ပေါ်သို့ ကျသွားတော့သည်။

ရုတ်တရက် ကျွန်မ ဝမ်းနည်းသွားလေသည်။

"သွားတော့ မေ"

ကျွန်မ ချာခနဲ လှည့်ထွက်ပြေးလာခဲ့ပါသည်။

* * *

ကျွန်မ မီးဖိုခန်းထဲ ဝင်သွားတော့ ကိုသီဟ ထမင်းစား စားပွဲမှာ ထိုင်လျက် ဂျာနယ်အဟောင်းတစ်စောင်ကို ဖတ်နေသည်။ သူ ဖတ်နေသောဂျာနယ်မှာ တိုက်တိုက်ဆိုင်ဆိုင်ပင် မင်းညို၏ The Voice ဖြစ်နေသဖြင့် ကျွန်မ တော်တော် ကျေနပ်သွားပါသည်။ ထို့ကြောင့်လည်း သူ့ကို ပြေပြေလည်လည် စကားပြောဖို့ ကျွန်မ အဆင်သင့် ဖြစ်နေ သည်။

"ကျွန်မ ဆရာ့ကို တစ်ခုမေးချင်တယ်"

ထမင်းစားပြီး အချိုပွဲအဖြစ်စားရန် သရက်သီးမှည့်တစ်လုံးကို လှီးနေရင်းက ကျွန်မ စကားစလိုက်သည်။

ဂျာနယ်ကို သဲကြီးမဲကြီးဖတ်နေရာက ကျွန်မဘက်သို့ သူလှည့် ကြည့်၏။

"ကျွန်တော်လည်း မမေဇော်ကို တစ်ခု မေးချင်တယ်၊ မမေဇော်က အရင်မေးပါ"

"ဆရာ ပြင်သစ်စာ တတ်သလား"

"မတတ်ဘူး"





ကျွန်မ အံ့ဩသွားသည်။

"ဒါဖြင့် ကျွန်မဆီ ယူလာတဲ့စာကို ဖတ်လိုက်မိတယ်လို့ ဘာလို့ ပြောသလဲ"

သူက ကျွန်မအား မရယ်မပြုံး ကြည့်နေရာမှ ဖတ်လက်စ ဂျာနယ်ဆီ ပြန်အာရုံရောက်သွားသည်။ ထို့နောက် အားနာဟန်ဖြင့် မွှင့်တပွင့် ပြောသည်။

"ကျွန်တော့်အသိတစ်ယောက်က ဖတ်ပေးလို့ပေါ့"

ကျွန်မ ထိန်းချုပ်ထားသမျှ လွတ်ထွက်ကုန်တော့မှာပဲ။ သူ့ရှေ့ စားပွဲပေါ်သို့ သရက်သီးပန်းကန်ကို ခပ်ဆတ်ဆတ် ချလိုက်မိသည်။

"ဖတ်တတ်တဲ့သူဆီ သွားဖတ်ခိုင်းရလောက်အောင်ကိုပဲ ကျွန်မ ရဲ့ ကိုယ်ရေးကိုယ်တာကို စပ်စုချင်စိတ်က သိပ်များနေတယ် ဆိုပါတော့"

"မမေဇော်၊ ကျွန်တော်က သားတစ်ယောက်အနေနဲ့ ကျွန်တော့် အမေရဲ့ ဂုဏ်သိက္ခာကို မထိခိုက်အောင် ကာကွယ်ရမယ့် တာဝန် ရှိတယ်၊ မမေဇော် ဘာတွေကြံစည်နေသလဲဆိုတာ ကျွန်တော် သိချင် တယ်၊ တားလို့ရရင် တားချင်တယ်၊ ကျွန်တော်က မမေဇော်ရဲ့ ကိုယ်ရေး ကိုယ်တာကို စပ်စုဖို့ ဘာအကြောင်းမှ မရှိပါဘူး"

ကျွန်မ သူနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပါသည်။

"လူတစ်ယောက်ရဲ့ဘဝမှာ ဖြစ်ခဲ့တာတွေမှန်သမျှကို အမှန် အတိုင်း ဖွင့်ချသင့်တယ်လို့ မထင်ဘူးလား။ ဖြစ်ခဲ့တာတစ်ခုကို မဖြစ်ခဲ့ သလိုလို ဟန်ဆောင်ဖုံးကွယ်တာမျိုး။ ကိုယ်မဟုတ်ခဲ့တာကို ဟုတ်ခဲ့ သယောင် လိမ်ညာတာမျိုးကို ဆရာက သဘောကျသလား။ လူ တစ်ယောက်ရဲ့ သမိုင်းကို ပြောင်းပစ်လို့ ရမယ်ရော ထင်သလား"

သူ့မျက်နှာ တင်းမာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''သေပြီးသား လူတစ်ယောက်၊ ကိုယ့်ကိုယ်ကို မကာကွယ်နိုင်တော့တဲ့လူတစ်ယောက်ကို ဘာဖြစ်လို့သူ့အတိုင်း မထားနိုင်ရတာလဲ၊ ဘာဖြစ်လို့ အတိတ်ကို တူးဖော်ချင်နေရတာလဲ''

''ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူက နိုင်ငံကျော် စာရေး ဆရာကြီး ဖြစ်နေလို့ပေါ့၊ သူတွေးသလို ကျွန်မတို့ တွေးကြည့်ချင်တယ်၊ သူတစ်ခုခု ပြုမူခဲ့တယ်ဆိုရင် အဲဒါကို ဘာဖြစ်လို့ လုပ်ခဲ့တာလဲလို့ သိချင်တယ်၊ တကယ့်အရေးကိစ္စတစ်ခု ကြုံလာတဲ့အခါ သူဘယ်လို ဖြေရှင်းသလဲ သိချင်တယ်၊ သူဘယ်လို တုန့်ပြန်သလဲ သိချင်တယ်၊ ကျွန်မတို့အားလုံးအတွက် သူက စာပေအရာမှာ စံပြုထိုက်တဲ့သူ ဖြစ်နေတော့ သူ့ဘဝရဲ့ အခက်အခဲတွေကို ကျွန်မတို့ သိချင်တာပေါ့၊ သူ့ဘဝထဲမှာ ကျွန်မတို့ အားကျစရာတွေပါမယ်၊ အမှားတွေပါမယ်၊ ဆင်ခြင်စရာတွေပါမယ်၊ နောက်လူတွေကို အဲဒါတွေ အသိပေးသင့်တယ် မထင်ဘူးလား။ အဲဒီလိုသာ မဟုတ်ခဲ့ရင် သမိုင်းဘာသာရပ်ကို ကျွန်မတို့ ဘာကြောင့် လေ့လာထိုက်တဲ့ ပညာအဖြစ် လေ့လာနေကြတာလဲ''

သူအနေရ ကြပ်သွားသည်။ ကျွန်မ သိပါသည်။ သူနည်းနည်းတွေဝေသွားတုန်း ကျွန်မ ဖိပြောပစ်မှ ဖြစ်မည်။

''လူတစ်ယောက် လုပ်ခဲ့တဲ့အလုပ်ဟာ နောက်လူတစ်ယောက်အတွက် သင်ခန်းစာတွေချည်းပဲမဟုတ်လား ဆရာရယ်၊ ကျွန်မတို့ဘဝမှာ အသိပညာ၊ အတတ်ပညာတွေသာမက လူမှုပညာတွေ စိတ်ပညာတွေပါ လေ့လာနေရတာပဲ။ နယ်ပယ်တစ်ခုခုမှာ ထူးချွန်တဲ့ပုဂ္ဂိုလ်တွေဟာ အမြဲတမ်း သူတို့ဘဝကို လေ့လာပြုစုချင်တဲ့သူတွေ ပိုင်းနေတတ်တယ်။ အဲဒီလိုပဲ သူတို့ဘဝကို သိချင်သူတွေလည်း





အများကြီးပါ၊ ဆရာ့အမေက သမိုင်းတစ်ခုဖြစ်သွားပြီလေ''

သူ သက်ပြင်းချသည်။ လက်ထဲက ဂျာနယ်ကို စားပွဲပေါ်တင်လိုက်၏။

''ကျွန်တော် ဒါကိုလက်ခံပါတယ်၊ ကျွန်တော် လက်မခံနိုင်တာက မေမေ့ဘဝကို လေ့လာဖို့ မေမေ့အလုပ်တွေ အများကြီး ကျန်ခဲ့တယ်၊ ဒါနဲ့တင် မလုံလောက်သေးဘူးလား။ သမိုင်းမှာတော့ စစ်သူကြီးတွေကို စစ်ပွဲတွေနဲ့ တိုင်းတာလို့ရတယ်။ လူ့ယဉ်ကျေးမှုကိစ္စမှာတော့ စာရေးဆရာတွေကို သူတို့ရဲ့စာတွေနဲ့ တိုင်းတာလို့ရတယ်။ တော်ပြီပေါ့''

''မဟုတ်သေးဘူးလေ၊ စစ်ပွဲတစ်ပွဲကို လေ့လာတဲ့အခါ စစ်ပွဲသက်သက်ကိုပဲ ကြည့်ကြတာမှ မဟုတ်ဘဲ။ အဲဒီစစ်ပွဲ ဖြစ်ပေါ်လာရတဲ့အခြေခံတွန်းအားတွေ အကြောင်းရင်းတွေကိုပါ လေ့လာရတာ၊ ဘာကြောင့် ဒါဖြစ်တာလဲ၊ ကာလဘယ်လောက်ကြာအောင် မျိုးယူလာခဲ့တဲ့ မီးလဲ''

ကိုသီဟက ခပ်မဲ့မဲ့ပြုံးသည်။

''စစ်ပွဲတွေအကြောင်း ကျွန်တော့်ကို တရားမဟောပါနဲ့လေ၊ စစ်ပွဲတွေအကြောင်းကို ယောက်ျားတွေက ပိုသိပါတယ်''

ကျွန်မ မျက်ခုံး အောင့်သွားသည်။ ကျွန်တော်က ပိုသိပါတယ်ဟု ပြောခဲ့လျှင် သည်လောက် ကျွန်မကို ထိလိုက်မှာမဟုတ်။ အခုတော့ သူ သုံးနှုန်းလိုက်ပုံက ယောက်ျားတွေက ပိုသိ ပါတယ်တဲ့။ ထိုစကားသည် မိန်းမတွေကို သည်တစ်ချက်မှာပဲဖြစ်ဖြစ် တန်းတူမထားနိုင်သည့်သဘော သက်ရောက်သွားသည်။ အစီပွါယ်က သူမှာ မိန်းမတွေကို ယောက်ျားတွေနှင့် အဆင့်တူ အရည်အချင်းတူထားပြီး တွေးသည့် အကျင့်မရှိသေး။



www.burmeseclassic.com

www.burmeseclassic.com



သူပြောသည့် စကားကလည်း ယေဘုယျအားဖြင့်တော့ တကယ်မှန်နေသည်။ ထိုစကားကို ကျွန်မ ငြင်းလို့မရပါ။ မိန်း ယောက်ျား ခွဲခြားမှုအကြောင်း ငြင်းခုန်မည်ဆိုလျှင်လည်း ကျွန်မ တရေးမှ မအိပ်လိုက်ရဘဲ မိုးလင်းသွားရုံပဲ ရှိမည်။ အဖြေရမှာမဟုတ်

"ထားပါတော့လေ၊ စစ်မြေပြင်မှာဖြစ်တဲ့ စစ်ပွဲတွေအကြောင်း ယောက်ျားတွေက ပိုသိတယ်ဆိုရင် လူအချင်းချင်း လူမှုပတ်ဝန်းကျင် တိုက်ခိုက်ခံရတဲ့ စစ်ပွဲတွေအကြောင်းကိုတော့ မိန်းမတွေက ပိုသိ တယ်"

သူ မငြင်းပါ။

"အဲဒီလူမှုစစ်ပွဲတွေကို ကျွန်မလည်း တိုက်ရတယ်၊ မြဦး လည်း တိုက်ခဲ့ရတာပါပဲ။ ကျွန်မရဲ့ နောက်မျိုးဆက်တွေလည်း တိုက် ရဦးမှာ၊ အတိုက်ခိုက် ခံနေရဦးမှာ၊ ဒီတော့ ကျွန်မတို့အနေနဲ့ ရှုံးသွား စစ်ပွဲတွေအကြောင်းလည်း သိထားရမယ်၊ နိုင်ခဲ့တဲ့ စစ်ပွဲတွေအကြောင်း လည်း သိထားရမယ်။ လူတစ်ယောက်ရဲ့ဘဝမှာလည်း အနိုင်နဲ့ အရှုံး တွဲနေတာချည်းပါပဲ၊ ဒီထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတာက အရှုံး ဘာနဲ့ သတ်မှတ်မလဲ။ အနိုင်လို့ ဘာနဲ့သတ်မှတ်မလဲ။ စစ်ပွဲရဲ့ အရှုံး အနိုင်က သိသာတယ်၊ ဘဝရဲ့ အရှုံးအနိုင်က မသိသာပါဘူး။ အရှုံး ကွဲလွဲနေနိုင်တာပဲ"

ကျွန်မ မရပ်မနား ဆက်တိုက်ပြောချပစ်လိုက်ရသဖြင့် မောသွား သည်။ ညနေက ကိုခွန်သာနှင့်တွေ့စဉ်က ဒေါသ မပါသည့်အမော ကြည်နူးစရာ ကောင်းသည့်အမော။ အခုအမောက ဒေါသလွှမ်းသည့် အမော၊ သည်အမောကိုဖြင့် ကျွန်မ မလိုချင်လှပါ။

"ခင်ဗျားက တော်တော်စွာတာပဲနော်"





"ဘာ"

ကျွန်မဘဝမှာ စွာတယ်လို့ ဘယ်သူကမှ မပြောခဲ့ဘူးပါ။ မင်းညို ဆိုလျှင် ကျွန်မကို မြူစေ့စေ့နဲ့ အားမရစရာဟု ဖွင့်ဟ ညည်းညူခဲ့ရသည် အထိပါပဲ။

ကျွန်မသူ့ကို မျက်မှောင်ကြုတ်ကြည့်မိတော့ သူပြုံးနေတာ မြင် ရသည်။

"ဆောရီး ကျွန်တော် စကားအသုံးအနှုန်း မှားသွားလို့၊ ခင်ဗျား ယုံကြည်တာတစ်ခုကို တရားသေစွဲကိုင်ထားတာပဲ။ ခေါင်းလည်း တော်တော်မာမယ့်ပုံနော်"

ကျွန်မ ဟက်ဟက်ပက်ပက်ရယ်မိသည်။ တော်တော်မှားတဲ့ ခန့်မှန်းချက်တွေပဲ။

"တော်တော်လွဲတဲ့ ကောက်ချက်တွေ၊ မဟုတ်ဘူးဆရာ။ ကျွန်မက တော်တော် ပျော့ညံ့ပါတယ်။ ခေါင်းလည်း မမာပါဘူး။ ကျွန်မက ခံနိုင်ရည်လည်း သိပ်မရှိဘူး။ ခေါင်းမာတာက တစ်နေရာပဲ ရှိတယ်။ အဲဒါကတော့ မြဦးမေနဲ့ပတ်သက်တဲ့ ကျွန်မရဲ့ ရွေးချယ်မှုပဲ"

ဘာကြောင့်မှန်းမသိ။ သူ့အား ကျွန်မ၏ဘဝကို ချပြရန် အဆင် သင့် ဖြစ်နေသည်။ မထူးဆန်းဘူးလား။

"ကျွန်မ သိပ်ချစ်ခင်ရတဲ့ သူငယ်ချင်းက ပြောတယ် ဆရာရဲ့။ ကျွန်မဘဝဟာ မြဦးမေရဲ့ အတ္ထုပ္ပတ္တိ ပြုစုတဲ့ကိစ္စမှာ မရှိပါဘူးတဲ့။ စာကြည့်တိုက်မှူးဘဝသာလျှင် ကျွန်မဘဝ...တဲ့။ တကယ်တော့ ကျွန်မရဲ့ ရှေ့တက်လမ်း၊ သူများတွေ ပြောပြောနေတဲ့ ဘဝရည်မှန်းချက် က အတ္ထုပ္ပတ္တိစာရေးဆရာမဟုတ်ပါဘူး။ ဆရာ ယုံနိုင်ပါ့မလားမသိဘူး။ ကျွန်မ ရှေ့လနှစ်ရက်နေ့ကျရင် ပြင်သစ်မှာ လိုက်ဘာရေရီယန်သင်တန်း



www.burmeseclassic.com

www.burmeseclassic.com



တက်ဖို့ အရည်အချင်းစစ် စာမေးပွဲတစ်ခု ဝင်စရာရှိတယ်။ ကျွန်မ သူငယ်ချင်းက ကျွန်မကို ဒီကကိစ္စတွေ ဖြတ်ထားခဲ့ပြီး ပြန်လာစေ ချင်တယ်၊ ဒါပေမယ့် ကျွန်မက ကျွန်မ သိချင်တာ မသိရမချင်း ဒီရွာ ကနေ မခွာဘူးလို့ ဆုံးဖြတ်ထားတယ်''

သူ ကျွန်မအား ခပ်ငေးငေးကြည့်နေ၏။

''ကျွန်မ ဘာဖြစ်လို့ ဒီကိစ္စမှာ ဒီလောက် ဆွဲဆောင်ခံနေရသလဲ မသိဘူး၊ ကျွန်မသာ စာကြည့်တိုက်မှူးသင်တန်း တက်ခွင့်ရရင် ပြင်သစ်ကို တစ်လသွားရမယ်။ ပြန်လာရင်လည်း ဒေါ်လာသုံးရာရတဲ့ အလုပ်က အဆင်သင့်ပဲ။ ကျွန်မ အလွန်ချစ်တဲ့ စာအုပ်စင်တွေ စာအုပ် ဘီရိုတွေကြားမှာ နေရမယ်၊ ဘယ်လောက် ချောမွေ့လိုက်မယ့် ဘဝလဲ''

သရက်သီးပန်းကန်သည် နှစ်ယောက်အလယ်တွင် မထိမတို့ ပကတိအတိုင်း ငြိမ်သက်လျက်ရှိသည်။

''ဒီစာအုပ်ကတော့ ကျွန်မကို ဝင်ငွေကောင်းတဲ့ လခလည်း မပေးနိုင်ဘူး၊ ထုတ်ဝေပေးမယ့် စာအုပ်တိုက်မရှိလို့ ကျွန်မက ပိုက်ဆံ တစ်ဝက် သူငယ်ချင်းက တစ်ဝက်စိုက်ပြီး ထုတ်ရမှာပါ။ ရောင်းရတဲ့ စာအုပ်မဖြစ်ခဲ့ရင် အဲဒီငွေတွေကို ကျွန်မ တော်တော်နဲ့ ပြန်အစားထိုး နိုင်မယ် မထင်ဘူး၊ ဒီလောက် မသေချာ မရေရာတဲ့ ရလဒ်တစ်ခုကို သေချာရေရာတဲ့ ဘဝနဲ့လဲပြီး ရွေးချယ်ထားခဲ့မိတာ ကျွန်မမှားသွားပြီလို့ တစ်ခါတစ်ခါ တကယ်တွေးမိပါတယ်။ ရန်ကုန်ကို လှည့်ပြန်ရရင် ကောင်းမလားလို့ စိတ်ကူးမိတာလည်း အကြိမ်ကြိမ်ပဲ။ ဒါပေမယ့် ကျွန်မကို တစ်ခုခုက ဆွဲဆောင်နေတယ်။ ဘာကမှန်းလည်း မသိဘူး''

ကျွန်မ သူ့ကို ခပ်စိမ်းစိမ်း တစ်ချက်ကြည့်လိုက်မိ၏။

''ဒီတော့ ဆရာ ကျွန်မကို ပြောစမ်းပါ။ ကျွန်မ ဒီကနေ လှည့်





ပြန်ချင်လောက်တဲ့ စကားတစ်ခွန်းပဲဖြစ်ဖြစ်၊ ကျွန်မ ဆရာ့ဆီက ကြားချင် တယ်၊ အဲဒါဆိုလည်း ဆရာ့ကို ကျွန်မ တကယ်ကျေးဇူးတင်မိမှာပါ''

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ အပြင်ဘက်ဆီမှ သစ်ရွက်လေတိုးသံ သဲ့သဲ့သည်သာ တစ်ခုတည်းသော အသံဖြစ်သည်။ သူ သက်ပြင်းချပြန်၏။ ထို့နောက် အနည်းငယ်စဉ်းစားပြီးမှ စကားစ သည်။ ထိုစကားသည် ကျွန်မဘဝကို အဆုံးအဖြတ်ပေးသည့် စကား တော့ မဟုတ်ခဲ့။

''ဒီလိုရှိတယ် မမေဇော်ရဲ့၊ ကျွန်တော်တို့အားလုံးဟာ ဘဝမှာ ရွေးချယ်မှုတွေကို အများကြီး ရင်ဆိုင်ကြရတယ်။ အဲဒီလိုအခါမျိုးမှာ ကျွန်တော်တို့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်လိုတယ်။ ဘယ်သူမှ မှား မသွားချင်ကြဘူး။ ဒီတော့ ကျွန်တော်တို့အနေနဲ့ ဘဝမှာ ဘာကို တန်ဖိုး အထားဆုံးလဲ။ ဘာကို အဆုံးရှုံး မခံနိုင်ဆုံးလဲ သိဖို့လိုလာတယ်။ ကိုယ်အဆုံးရှုံးမခံနိုင်တဲ့ အခွင့်အရေးတစ်ခုကို ကိုယ်ကာကွယ်ဖို့ ဆုပ်ကိုင် မိဖို့လိုတယ်။ တစ်ခုကို ဆုပ်ကိုင်မိပြီဆိုရင်လည်း တခြားတစ်ခုအပေါ် စိတ်ညွတ်မနေမိဖို့ အရေးကြီး ပြန်ရော၊ အဲဒီလိုဖြစ်သွားရင် ဘဝက နေလို့ပျော်မှာ မဟုတ်တော့ဘူး''

သူက ကျောင်းသားတွေကို စာသင်သည့်လေသံဖြင့် ကျွန်မအား စိတ်ရှည်လက်ရှည် ပြောပြနေသည်။ သည်လိုတော့လည်း သူ့ပုံစံက လေးစားစရာအသွင်အပြင်ပါပဲ။ သူ့အမေအကြောင်းမေးမိလို့ စိတ်တို ဒေါသထွက်သွားသော ကာကွယ်တတ်သည့်သားတစ်ယောက်အသွင် မဟုတ်တော့ ပြန်ပါ။

''ကျွန်မ သိချင်တာက ကျွန်မ ဒီနှစ်ခုမှာ ဘာကို ရွေးရမလဲ''

ကျွန်မသည် မေးသာမေးလိုက်မိပေမယ့် သူ့ဆုံးဖြတ်ပေးမှာက



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲဆိုတာကိုလည်း ကြိုသိနေသလိုပဲ။

သူ ရယ်မောသည်။ ထို့နောက် သရက်သီးပန်းကန်ပြား၏ အနားစွန်းများကို လက်ဖြင့် အမှတ်တမဲ့ ထိတို့ပွတ်သပ်နေသည်။

''မမေဇော်ကလည်း ကျွန်တော့်တပည့်မဟုတ်။ ကျွန်တော်ကလည်း ယန်းပေါ်ဆော့(တ်)မဟုတ်။ နောက်ပြီး မမေဇော်က နှစ်ခုလုံးရဲ့ အကျိုးနဲ့အပြစ်ကို မသိသူလည်းမဟုတ်။ ဒီတော့ မမေဇော် ကိုယ်တိုင် ဆုံးဖြတ်ရမှာပေါ့၊ အမှန်အတိုင်းပြောရရင် မမေဇော်ကို ကျွန်တော်က နှစ်ခုလုံး ရစေချင်ပါတယ်''

ကျွန်မ သူ့ကို ငေးစိုက်ကြည့်နေမိသည်။ နှစ်ခုလုံးကို ကျွန်မ ရနိုင်သလား။

''ဘာကြောင့်လဲဆိုတော့ လူတစ်ယောက်ဟာ ဘဝမှာ အသက်ရှင်ရပ်တည်ရေးမာန်အတွက် ကိုယ်ထူးချွန်ပြောင်မြောက်တဲ့အလုပ်နဲ့ ဝင်ငွေ ရနေဖို့လည်းလိုတယ်။ ဘဝရဲ့အရသာအတွက် ကိုယ်စိုက်ထူနိုင်တဲ့ မှတ်တိုင်တစ်ခုလည်း လိုတယ်ဗျ''

ကျွန်မ ပြုံးမိသည်။ တက္ကသိုလ်ဆရာရယ် မပြောရဘူး။ စကားလုံးကို တော်တော်ရွေးတတ်တဲ့သူ။

''ဟုတ်ကဲ့၊ ဒါဆိုရင် ကျွန်မရဲ့'ဘဝအရသာအတွက် ဆရာက ဘာများ ကူညီပေးနိုင်မလဲ''

သူ အောင့်သက်သက်ဟန်ဖြင့် ပြုံးပါသည်။

''ကျွန်တော် ပြောခဲ့ပြီရော၊ ကျွန်တော် အောင်တော်မူအိမ်ကို လိုက်သွားတာဟာ မမေဇော်နဲ့ ပြေပြေလည်လည်ဆက်ဆံဖို့ အဆင်သင့်ဖြစ်တဲ့စိတ်နဲ့ သွားခဲ့တာပါဆို။ ကျွန်တော့်ဘက်က တောင်းဆိုမှာက တစ်ခုတည်းပါ။ စာမူကြမ်းကို ပုံမနှိပ်ခင် ကျွန်တော် ဖတ်ခွင့်ရချင်တယ်။





အဲဒါပဲ''

သူတောင်းဆိုသော 'တစ်ခုတည်း'သည် ခက်ခဲလှသည်တော့ မဟုတ်။ သို့သော်...

''ရပါတယ် ဆရာယ်၊ ဒါက ပြဿနာမဟုတ်ပါဘူး။ ဒါပေမယ့် ရယ်စရာ တစ်ခုလောက် ပြောချင်တယ်''

သူ ရယ်ရပ့်မလား မသိ။

''အထုပ္ပတ္တိရေးတဲ့အခါ စာရေးဆရာတွေ ကြုံရတာက အမှန်ကို ဘယ်လောက်အတိုင်းအတာထိ ပြောမလဲ ဆိုတာပဲ။ ရေးတဲ့သူဟာ ကာယကံရှင် မဟုတ်ခဲ့ရင် သူ့အလုပ်ကို နှောက်ယှက်နေတဲ့ အဓိက အကြောင်းနှစ်ခု ရှိသတဲ့။ လေးစားစိတ်၊ ကြည်ညိုစိတ်ဆိုတဲ့ စိတ်ခံစားချက်တွေအရ မသိမသာ ဘက်လိုက်မှုကတစ်ခု။ နောက်တစ်ခုက ကာယကံရှင်နဲ့ ပတ်သက်နေတဲ့ လူပုဂ္ဂိုလ်တွေရဲ့ ထင်မြင်ချက်နဲ့ ငြက်ဖက်မှု...တဲ့''

ကိုသီဟ မျက်မှောင်ကြုတ်သည်။

''ဒီထိအောင်တော့ မမေဇော်ရဲ့စကားက မရယ်ရသေးဘူးဗျ''

''တစ်ခါတုန်းက နိုင်ငံကျော် အဆိုတော်တစ်ယောက်ရဲ့ အထုပ္ပတ္တိကို စာရေးဆရာတစ်ယောက်က ဝတ္ထုအသွင်နဲ့ ရေးဖွဲ့ခဲ့ဖူးတယ်။ ကာယကံရှင်ရဲ့ ဇနီးက ပုံနှိပ်ထုတ်ဝေတဲ့ အဆင့်မရောက်မီ သူ ဖတ်ချင်တယ်လို့ပြောတော့ စာရေးဆရာက ခွင့်ပြုလိုက်တယ်။ အဲဒီမှာ အချက်အလက် တော်တော်များများကို စာအုပ်ထဲမှာ ဖော်ပြဖို့ ခွင့်မပြုဘူးတဲ့။ ပြင်ဆင်တာတွေ တည်းဖြတ်တာတွေ လုပ်သတဲ့၊ ဒီလိုနဲ့ စာအုပ်ထွက်လာတဲ့အခါ လူတွေက အဲဒီစာအုပ်အကြောင်း ပြောတိုင်း စာရေးဆရာက ညည်းတာ ကျွန်မပြန်ကြားလိုက်ရဖူးတယ်။ ဒီစာအုပ်က



www.burmeseclassic.com

www.burmeseclassic.com



ကျူပ်ရေးတာက တစ်ဝက်ပါဗျာ...တဲ့။''

သူ သဘောကျစွာ ရယ်မောပါသည်။ ကျွန်မလည်း ပြုံးလျက် သူ့ကို မေးမိ၏။

''ဘယ့်နှယ်လဲ ဆရာ၊ ကျွန်မရဲ့စာအုပ်ကို ဆရာရော တစ်ဝက် ဝင်ရေးဖို့ စိတ်ကူးနေသလား''

''ဒါပေမယ့် ထင်မြင်ချက်ပေးခွင့် ဆွေးနွေးခွင့်တော့ ကျွန်တော့် မှာ ရှိတယ်၊ ဒါကို လိုက်လျောသင့် မလိုက်လျောသင့် ဆုံးဖြတ်တာက မမေဇော်ရဲ့ အပိုင်းပါ''

ကျွန်မ ရန်ကုန်မှ ထွက်လာပြီးချိန်မှစ၍ ပထမဆုံးအကြိမ် စိုးရိမ် ပေါ့ပါးသွားတော့သည်။

''ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်မ မူကြမ်းကို ပြပါမယ်''

''တစ်ခုတော့ ကျွန်တော် စိတ်မကောင်းပါဘူး။ ကျွန်တော် ယူလာတဲ့ စာထဲမှာပါတဲ့ နေ့စဉ်မှတ်တမ်းကတော့ ပျောက်နေတယ်''

ကျွန်မ သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်မိ၏။ ကျွန်မ မျက်လုံး အကြည့်ထဲမှ မယုံသင်္ကာဟန်ကို သူခန့်မှန်းမိသွားသည်။

''ကျွန်တော့်ကို မယုံဘူးမဟုတ်လား။ ကျွန်တော် မလိမ်ပါဘူး။ ဘီရိုထဲမှာ ထည့်ပြီး သော့ခတ်ထားတဲ့ စာအုပ်တစ်အုပ်ဟာ နေရာ ထိုင်ရင်း ပျောက်သွားတယ်ဆိုတာ ကျွန်တော်လည်း အခုထိ မယုံနိုင်ဘူး။ ဒါပေမယ့် အဲဒါ တကယ်ပါ''

ကျွန်မ၏ စောစောက ပေါ့ပါးခဲ့သောစိတ်သည် လေးလံ ထိုင်းမှိုင်းသွားသည်။ မူလအခြေအနေထက်ပင် ပိုဆိုးသွားပါသည်။ ပထမတုန်းက ကျွန်မ ဤစာအုပ်ကို တွေ့အောင် ရှာနိုင်လိမ့်မည်ဟု ထင်ခဲ့၏။ ကိုသီဟက ကျွန်မ မတွေ့ခင် အချိန်မီ လာယူပြီး ရှာ





လိုက်လျှင်တောင် ကိုသီဟကို ပြေလည်အောင် ညှိနှိုင်းဆွေးနွေးပြီး ပြန်တောင်းနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ အခုတော့ လမ်းစ ပျောက်သွားလေပြီ။

''စိတ်ခါတ် ကျမသွားပါနဲ့လေ၊ မေမေ့မှတ်တမ်းစာအုပ်ကို ကျွန်တော် အထပ်ထပ်ဖတ်ထားလို့ အလွတ်တောင်ရနေပါပြီ''

သူက ကျွန်မကို နှစ်သိမ့်သည်။

ကျွန်မသူ့ကို ယုံကြည်ရမလား။ သူသည် တက္ကသိုလ်ဆရာတစ် ယောက်၊ ကျွန်မကို မှတ်တမ်းထဲက အမှန်တွေဖျောက်ပြီး လုပ်ကြံ သီဆယ် ပြောပြစရာ အကြောင်းမရှိ။

သူ ရုတ်တရက် ပါးစပ်ကို လက်ဝါးနှင့်အုပ်ပြီး သန်းဝေလိုက်၏။

''ဆောရီး ကျွန်တော်မနေ့က စာပေးစာယူ အဖြေလွှာတွေ စစ်နေရလို့ တစ်ညလုံး အိပ်ရေးပျက်ခဲ့တယ်''

''အော်... ဟုတ်လား''

ကျွန်မ ထိုင်ရာမှ ကမန်းကတန်းထရပ်လိုက်ရ၏။

ဟုတ်ပါရဲ့။ သူက ရထားစီးလာခဲ့ရတဲ့ ခရီးသည်လေ။ ပင်ပန်းလှ ရောပေါ့။

''နားပါဆရာ၊ ကျွန်မက အဲလိုပဲ တစ်ခါတစ်ခါ အလိုက်မသိ တတ်ဘူး''

''ခဏလေး မမေဇော်၊ ကျွန်တော် မမေဇော်ကို မေးစရာတစ်ခု ရှိသေးတယ်လေ''

''အော်''

ကျွန်မ ပြန်ထိုင်ရမလားဟု စဉ်းစားနေဆဲ၊ သူက ထရပ်သည်။

''မမေဇော်ဆီ စာထည့်လိုက်တဲ့ အေးအေးထွန်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မမေဇော်ရဲ့ သူငယ်ချင်းလား''

''မဟုတ်ဘူးဆရာ၊ သူငယ်ချင်းရဲ့ အထက်အရာရှိခေါ်မလား အလုပ်ရှင်ခေါ်မလား''

''သူက ဒီကို ရောက်ဖူးတယ်ပေါ့''

''စာထဲမှာပါသလောက်ပဲ ကျွန်မလည်း သိတာဆရာ၊ ဆရာ့ ထက်ပိုပြီး ကျွန်မ မသိပါဘူး''

''သူက ဘယ်အရွယ်လောက်ရှိမလဲ''

ကျွန်မ ကိုသီဟကို ခပ်တွေတွေငေးမိသွား၏။ ကိုသီဟက သူမထက် အများကြီးငယ်ပုံပေါ်ပါသည်။

''အသက် လေးဆယ့်နှစ်နှစ်''

''သူက အိမ်ထောင်နဲ့လား''

အို ...

''ကျွန်မ မသိဘူးဆရာ၊ ကျွန်မသူ့ကို တစ်ခါပဲ စကားပြောဖူး တာပါ''

ကျွန်မမျက်လုံးက စားပွဲပေါ်က ဂျာနယ်ထံ ရောက်သွား၏။

''အဲဒီဂျာနယ်ပိုင်ရှင်ပဲ''

သူ့မျက်နှာမှာ အရိပ်တစ်ခုခု ထင်သွားသည်။ ဘာအရိပ်မှန်း တော့ မသိ။

''အော် အဲဒီ မအေးအေးထွန်းလား''

''ဆရာနဲ့ သိနေသလား''

ကိုသီဟက ခပ်ဟက်ဟက်ရယ်၏။

''ကျွန်တော်သိတဲ့ အမျိုးသမီး ဖြစ်နေရင်တောင် သူက ကျွန်တော့်ကို သိမှာမဟုတ်ပါဘူး''





ခဏငြိမ်သက်သွားပြီးနောက်

''အေးဗျာ၊ မမေဇော်ကို ကျွန်တော် ကျေးဇူးတင်ပါတယ်''

''ဟာ မဟုတ်တာ၊ ကျွန်မက ဆရာ့ကို ကျေးဇူးတင်ရမှာလေ''

''ဒါဖြင့်လည်း အပြန်အလှန်တင်ကြတာပေါ့၊ ဂွတ်ဒ်နိုက်(တ်)''

''ဂွတ်ဒ်နိုက်(တ်)... ဆရာ''

ကျွန်မ လှေကားမှ ဖြည်းညင်းစွာ တက်လာခဲ့သည်။

လူမနေတာ ကြာသောကြောင့် ကျွန်းလှေကားသည် တစ်ချက် တစ်ချက် အသံမြည်နေသည်။ လှေကားလက်ရန်း ပွတ်လုံးများသည် တိုင်တွယ်ပွတ်တိုက်မည့်သူနှင့် ဝေးသဖြင့် အနည်းငယ် ခြောက်သွေ့ နေ၏။

လှေကားထစ်တွေကိုတစ်ဝက်ကျော်ကျော် နင်းပြီးသည့် အချိန်တွင် ကျွန်မ ရှူရှိုက်မိသည့်လေ၌ ထုံသင်းသော မွှေးရနံ့တစ်ခုကို ရသည်။ ကျွန်မ ပြတင်းပေါက်ပိတ်ထားခဲ့သည်ကို အမှတ်ရ၏။ ဘယ် ကနေ ဝင်လာတဲ့ စံကားပန်း ရနံ့ပါလိမ့်။

ထိုအချိန်မှာ ကျွန်မသည် မြပုံပြင်ကို ချက်ချင်း သတိရသွား၏။

မြအိပ်ရာပေါ်မှာ ကြဲဖြန့်ထားခဲ့သည့် ကြယ်စံကားဖြူပန်းများ...

ကျွန်မသည် မျှော်လင့်မှုတစ်ခုဖြင့် ထိတ်ခနဲ ရင်ခုန်သွားကာ လှေကားတစ်ဝက်ကို တွန့်ဆုတ်သော ခြေလှမ်းများဖြင့် တက်လာ ခဲ့သည်။

အခန်းနား နီးလာလေ မွှေးရနံ့က ပို၍သင်းပျံ့လာလေ၊ ကျွန်မ အသက်ကို မျှင်းပြီးရှူရှိုက်ရင်း အခန်းဆီသို့ သတိထားသော ခြေလှမ်း များဖြင့် ဖွဖွ လှမ်းလာခဲ့သည်။

ခပ်ဟဟလေး စေ့ထားသော အခန်းတံခါးကို တွန်းဖွင့်မိ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တစ်ချက် အသက်ရှူ အောင့်လိုက်မိသေး၏။ ထို့နောက် ကျွန်မ မျက်စိမှိတ်ပြီး တံခါးရွက်ကို တွန်းလိုက်သည်။

ဖန်ချောင်းမီးရောင်အောက်မှာ ကျွန်မ၏အိပ်ရာကို မြင်လိုက်ရသည့်အခါ ကျွန်မခြေထောက်အစုံမှာ ညွတ်ခွေလုမတတ် ယိမ်းယိုင်သွားသည်။

အိပ်ရာခင်း အပြာနုရောင်ပေါ်တွင် ဘာပန်းမှ ရှိမနေပါ။

လှမ်းမှန်းမသိ လှမ်းမိသော ခြေဖဝါးအစုံဖြင့် ခုတင်ဆီသို့ ကျွန်မ ချဉ်းကပ်သွားမိသည်။

သည်ရောက်ကတည်းက နမ်းမဝ ရှိုက်မဝ၊ ချစ်မက် တွယ်တာခဲ့သော ပန်းရနံ့ကို ကျွန်မ ယခုအခါ အလွန်အမင်း စွဲလမ်းနေရပါပြီ။

အေးစက်သော လက်ဖျားများဖြင့် မွေ့ရာကို ထိလိုက်သောအခါ ကျွန်မနှလုံးသည် တဆတ်ဆတ် တုန်ခါသွားသည်။ သူ မလာပါဘူး။

"ကိုယ်က မင်းကို စတာပါမေ"

လှပ်ခနဲ မောသွားသောရင်ဖြင့် အခန်းတစ်ဝိုက် မျက်ဝန်းဝေ့လည်ရှာဖွေ ကြည့်မိ၏။ ဘာပန်းပွင့်မှ ရှိမနေပါ။

ထိုခဏ၌ ကျွန်မ လည်ကုပ်ကို အေးစက်သောလေက ထိထိုးတိုက်ခတ်သွားသည်။

ကျွန်မ လှည့်ကြည့်လိုက်၏။

ကျွန်မ ပိတ်ထားခဲ့သော ပြတင်းပေါက်က ပွင့်နေပါလား။ အဖြူရောင် ခန်းဆီးသည် လေဖြင့် တဖျတ်ဖျတ်လွင့်နေလေသည်။

ကျွန်မ ပြတင်းပေါက်ဆီသို့ နှေးကွေးဆုတ်ဖယ်သော ခြေလှမ်းများဖြင့် လျှောက်သွားလိုက်သည်။ ပြတင်းကို ပိတ်ဖို့ပါနော်။

ပြတင်းဝမှာ ရပ်မိသောအခါ ဟိုးအောက်ဘက် အမှောင်ထု





ထဲမှာ မတ်မတ်တန်းစီနေကြသော စံကားပင်များကို မြင်ရသည်။ အကိုင်းအခက်တို့သည် လရောင် တစ်စွန်းတစ်စ အလင်းတင်လျက် လေဖြင့် လွှပ်ခတ်တိုင်း တဖျတ်ဖျတ် လက်လျက်ရှိသည်။

ကျွန်မသည် ပျဉ်တံခါးရွက် နှစ်ချပ်ကို လက်နှစ်ဘက်ဖြင့် နှေးကွေးစွာ ကိုင်လိုက်၏။ သူ အပင်တစ်ပင်ပင်၏အောက်မှာ ရပ်စောင့်ကြည့်နေမှာပဲ။ သေချာပါသည်။ အမှောင်ရိပ်တွေထဲမှ သူ့ကို ကျွန်မမမြင်ရပေမယ့် အလင်းရောင်အောက်က ကျွန်မကိုတော့ သူမြင်နေရမှာပဲ။ ကျွန်မ ရှင့်ကို လိုက်ရှာကြည့်နေတာ မဟုတ်ဘူးနော်။

ကျွန်မ၏ ပါးပြင်များ နွေးပူသွား၏။ သူ့ကို တမ်းတနေသည်ဟု သူ မထင်စေဖို့ ကျွန်မ တံခါးကို ပိတ်မှဖြစ်မည်။

သို့သော်... ကျွန်မ တံခါးရွက်တွေကို ပိတ်မပစ်ချင်။

ကျွန်မ ဘယ့်နှယ်လုပ်ရပါ့မလဲ။

အို မပိတ်ချင်ရင် မပိတ်နဲ့ပေါ့။ မိန်းမတစ်ယောက်ဟာ သူ့အခန်းတံခါးကို လွတ်လပ်စွာ ဖွင့်ထားခွင့်ရှိတယ်။ ယောကျ်ားတစ်ယောက် အထင်မှားမှာ စိုးရိမ်နဲ့တော့ တံခါးကို ပိတ်မပစ်နိုင်ပါဘူး။

ကျွန်မသည် ပြတင်းမှ အမြန် ပြန်လှည့်ထွက်လာခဲ့သည်။

နောက်ကျောဆီမှာ မလုံမလဲတော့ ခံစားနေရသည်။ သူ ပြတင်းက တက်လာနိုင်ဖို့ အခွင့်အရေးပေးတယ် ထင်သွားမလား။

'ကိုယ် ဆိုရင်တော့ ချစ်သူဆီကို သွားလိုက်မိမယ်ထင်တယ်'

လှပ်ခနဲ ခုန်သွားသောရင်ဖြင့် ခုတင်ဘေးမှာ မတ်တတ် ရပ်မိသည်။

ကျွန်မ အိပ်ချင်နေပါပြီ။ သို့သော် ကျွန်မ ပန်းတစ်ပွင့် ရှိနေသော မွေ့ရာပေါ်မှာ လှဲမအိပ်ချင်သေး။



www.burmeseclassic.com

www.burmeseclassic.com



ခွေညွတ်သော ကိုယ်ခန္ဓာကို လဲကျမသွားစေဖို့ ခုတင်ခြေရင်းမှာ ဒူးထောက်ချလိုက်ရသည်။

ထို့နောက် မွေ့ရာပေါ် မျက်နှာအပ်လိုက်မိ၏။

မွှေးပျံ့ရီဝေသောပန်းရနံ့ကို ပင့်သက်နှင့်အတူ နက်နက်နဲနဲ ရှိုက်မိသွားသောအခါ ပူနွေးသောမျက်ရည်တွေ စိမ့်အိုင်ကျလာခဲ့သည်။

မင်းညိုရယ်။ ငါမှားတော့မှာပဲ...လို့ ပြောဖို့ ငါ့သေးမှာ နှင် မရောက်လာခဲ့ဘူးနော်။

✤ ✤ ✤





## ယုလန်စံကားဖြူ (Magnolia denudata)

ကျွန်မ အိပ်ရာက နိုးလာသောအချိန်မှာ နံနက်ရနာရီ ထိုးနေပြီ။ နံနက်ခင်းသည် ညဪရင်ဖိုလှုပ်ခတ်မှုများ၊ မောနွမ်းမှုများမှ ကင်းစင်လျက် အေးချမ်းလန်းဆန်းနေသည်။

မျက်နှာသစ်ပြီး အောက်ထပ်သို့ဆင်းသွားတော့ မီးဖိုပေါ်မှာ ဒေါ်တင် တည်ထားသည့် ရေနွေးအိုးပင် ဆူပွက်နေပြီ။ ကိုသီဟကို ထမင်းစားပွဲမှာ နို့ဆီတစ်ဘူးနှင့် အလုပ်ရှုပ်နေတာတွေ့ရ၏။

"မင်္ဂလာပါ ဆရာ"

ကျွန်မ နှုတ်ဆက်လိုက်သည်။

သူငုံ့နေရာမှ မော့ကြည့်သည်။ သူ့လက်ထဲတွင် ကြက်သွန်ဖြူနှင့်သည့် ဓါးပါးပါးတစ်ချောင်း ကိုင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ မမေဇော်၊ ညက အိပ်လို့ပျော်ရဲ့လား"

"ဟုတ်ကဲ့ တော်တော်နဲ့ အိပ်လို့မရဘူး"

"အိပ်ချင်သေးရင် အိပ်နော်၊ ကျွန်တော်ရှိနေတာကို အားနာစရာ မလိုပါဘူး"

"ဟုတ် မအိပ်ချင်တော့ပါဘူး။ ဆရာ ဘာလုပ်နေတာလဲ"

သူ့အသံထွက် ရယ်မော၏။

"အေးဗျာ၊ ကျွန်တော့်အကျင့်က မနက်လင်းရင် ကော်ဖီ သောက်ရမှ၊ ဒေါ်ကြီးက အဲဒါကိုသိလို့ ညကတည်းက နို့ဆီဘူးရဲ့ ကော်ဖီမှုန့် ဝယ်ပေးထားပါရဲ့။ ဒါပေမယ့် နို့ဆီဘူးဖောက်တံ မရှိဘူးဗျ အဲဒါ ဓါးနဲ့ဖောက်ဖို့ ကြိုးစားနေတာလေ"

"ကျွန်မ လုပ်ပေးမယ်ဆရာ"

"ဟာ နေပါစေ၊ လက်ထိသွားမယ် ကျွန်တော်ပဲ လုပ်ပါမယ်"

"ခဏလေး၊ ကျွန်မမှာ လက်သည်းညှပ်ပါတယ် ဆရာ လက်သည်းညှပ်ထဲက အကောက်ကလေးကို ကျွန်မ တစ်ခါမှ ဗျော သည်းနဲ့ မထိဘူးဘူးဆိုတာ ဆရာယုံရင်..."

သူရယ်မောလျက် "မယုံဘူးဗျ"ဟု ငြင်းသည်။ သူ့လက်ထဲက ဓါးနှင့် နို့ဆီဘူးကိုကြည့်ကာ ကျွန်မ စိတ်ပူလာ၏။ သူက လက် ဖနောင့်ဖြင့် ဓါးလက်ကိုင်ကို ရိုက်သွင်းနေခြင်းဖြစ်သည်။ ကျွန်မ မနေနိုင်တော့ဘဲ ရေမွှတ်ကျည်ပွေ့ကို ယူလာပေးလိုက်သည်။

"ရော့ ဒါနဲ့ ရိုက်ပါလား။ ကျောင်းဆရာရဲ့ လက်တွေက ဥယျာဉ်မှူးရဲ့လက်တွေလို အကြမ်းမခံနိုင်ဘူး"

ကျွန်မစကားအဆုံးတွင် သူ့မျက်နှာညိုမှောင်သွားကာ ခဏတို တအား စိုက်ထည့်လိုက်သည်။





"အား"

နို့ဆီဘူးကို ထိန်းကိုင်ထားသော သူ့ဘယ်လက်၏ လက်ညှိုးကို ဓါးဖြင့်ထိသွားကာ သွေးတွေဖြာခနဲ ထွက်လာ၏။

"ဟယ်"

ကျွန်မ လန့်ဖျပ်သွားပါသည်။ သူက လက်ညှိုးကို ညာလက်ဖြင့် ဆုပ်ကိုင် ဖျစ်ညှစ်ပစ်လေသည်။

"တော်တော်များသွားလားဆရာ၊ မှန်း ကျွန်မလုပ်ပေးမယ်"

သူက အံကြိတ်လျက် ခေါင်းယမ်းသည်။

"ရေနဲ့ဆေးမလားဟင်"

"ရေနဲ့ဆေးလို့ ဘယ်ဖြစ်မလဲဗျ၊ ရောဂါပိုးတွေ ဘာတွေ ဝင်သွားမှာ"

သူ ခပ်ပြတ်ပြတ် အော်၏။

"အို ဟုတ်တာပေါ့"

"ရေနွေးနဲ့ဆေးမှ ရမယ်၊ ခင်ဗျား ရေနွေးနဲ့နဲ့ထည့်ပေးမလား"

"အဲ ကျွန်မမှာ အရက်ပျံပါတယ်၊ ပတ်တီးတို့ဘာတို့လည်း ရှိတယ်"

သူ့မျက်နှာ အနည်းငယ်ဝင်းသွားသည်။

"ကောင်းတယ်"

"ခဏစောင့် ကျွန်မ သွားယူပေးမယ်နော်"

ကျွန်မ အပေါ်ထပ်သို့ ခပ်သွက်သွက်တက်ပြေးပြီး လိုအပ်သည့် ရှေးဦးသူနာပြုဘူးလေးကို သွားယူရပါသည်။

သူ့ဒဏ်ရာကို အရက်ပျံထည့်ပေးတော့ သူက မျက်နှာရှုံ့ကာ အံကြိတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘာဆေးထည့်ရင် ကောင်းမလဲဟင်''

ကျွန်မသည် မင်းညိုပေးသည့် စာရင်းအရသာ အရေးပေါ် ဆေးပစ္စည်းတွေကို ဝယ်ထည့်ခဲ့ရသော်လည်း ဘာကို ဘယ်လို သုံးရမှန်းမသိ။ မန္တလေးရောက်တုန်းကလည်း အန်ကယ် ဦးအောင်မြင့် အိမ်မှာ တည်းဖြစ်သဖြင့် ဆေးဝါးကိစ္စကို ခေါင်းထဲထည့်စရာ မလိုခဲ့။

''ဘာဆေးမှ ထည့်စရာမလိုဘူးဗျ၊ အရက်ပျံလောင်းပြီးရင် ပတ်တီးသာ ကြပ်ကြပ်စည်းပေတော့''

ကျွန်မ သူ့စကားအတိုင်းပဲ လိုက်နာလိုက်သည်။ ဟက်တက်ကွဲ ဒဏ်ရာကို တင်းတင်းဆွဲစေ့ပေးလိုက်ပြီး ပတ်တီးကို ကြပ်နေအောင် စည်းနှောင်ပေးလိုက်ပါသည်။

''ကဲ ဆရာ၊ ထိုင်နေတော့ ကျွန်မပဲ လုပ်ပေးမယ်''

သူ ပြုံးလျက် စားပွဲမှာ အသာဝင်ထိုင်သည်။

''ထပ်မဖောက်ပါနဲ့တော့၊ ဒီအတိုင်းပဲ ဘူးကို ဖောက်ထိုးညှပ် ယူရင်ရပြီ''

ကျွန်မသူ့အတွက် ကော်ဖီဖျော်ပေးနေစဉ် ဒေါ်တင် ဈေးက ပြန်ရောက်လာပါသည်။

''ဆရာမနိုးလာပလား။ ဆရာမတို့အတွက် ပေါင်မုန့်၊ ဟော့ဒေါ့ မောင်သီဟ၊ လက် ဘာဖြစ်သလဲ''

''လက်ကို ဓါးထိသွားလို့ ဒေါ်ကြီး''

သူက ခပ်ပြုံးပြုံး ပြောသည်။

''များသလား''

''မများလှပါဘူး''

''အမယ် ပတ်တီးနဲ့ဘာနဲ့ ဘယ်ကရတုန်း''





''ဒေါ်ကြီးဆရာမ လုပ်ပေးတာ''

ဒေါ်တင်သည် ကျွန်မအား မျက်ခုံးပင့်ကြည့်လေသည်။

''ဆရာမက သူနာပြုဆရာမလား''

ကျွန်မ ဟက်ဟက်ပက်ပက် ရယ်မိ၏။

''မဟုတ်ပါဘူး ဒေါ်တင်ရယ်၊ ကျွန်မမှာ အရက်ပျံနဲ့ ပတ်တီး ပါလာလို့ပါ၊ ပေါင်မုန့်ကို မီးကင်တာ ကြိုက်လားဆရာ''

''နေပါစေ မမေဖော်၊ ဒေါ်ကြီး လုပ်ပါလိမ့်မယ်''

''ရပါတယ်၊ တစ်လက်စတည်း ကျွန်မပဲ လုပ်လိုက်မယ်၊ ဒေါ်တင်က လက်ဆေးရဦးမှာနဲ့၊ နောက်ပြီး ကျွန်မက ဆရာ့ကို ဖားထား ရမယ် မဟုတ်လား''

ကျွန်မက ဟာသပြောလိုက်ပေမယ့် သူက မရယ်ပါ။

ကော်ဖီနှင့် ပေါင်မုန့်မီးကင် နံနက်စာကို စားရင်း စကားစပ်မိဖို့ ကျွန်မ ကြိုးစားရသည်။ မအောင်မြင်ပါ။

''ဆရာ့မေမေနဲ့ဖေဖေရဲ့လက်ထပ်ပွဲကို ဒီရွာမှာ လုပ်တာလား''

''ကျွန်တော်တို့ ခြံထဲဆင်း လမ်းလျှောက်ရင်း ပြောကြတာပေါ့''

''ဟုတ်ကဲ့''

စိတ်မလောနဲ့။ သူ ပြောချင်စိတ်မရှိဘဲ ပြန်ပြေးသွားအောင် မလုပ်နဲ့။ ကိုယ့်ကိုယ်ကို နားချနေရသည်။

ကိုးနာရီထိုးလို့ ကျွန်မတို့နှစ်ယောက် ဥယျာဉ်ထဲသို့ဆင်းချိန်တွင် နေရောင်သည် အစိမ်းရောင်သစ်ပင်များပေါ်သို့ ရောက်နေခဲ့ပြီ။

စံကားပင်ပေါင်းများစွာကို ကျွန်မတို့ ကျော်ဖြတ်လာခဲ့သည့်တိုင် စကားတစ်ခွန်းမှ မပြောဖြစ်ကြသေး။ သူစကားအစရ ခက်နေသည် ဟု ကျွန်မသိသည်။ ကျွန်မက အလိုက်တသိ စကားစပေးဖို့ လိုမလား



www.burmeseclassic.com

www.burmeseclassic.com



မသိ။ တကယ်တော့လည်း ကျွန်မဘဝတွင် လူတစ်ယောက်ယောက်အား အင်တာဗျူး တစ်ခါမှ မလုပ်ခဲ့ဘူးချေ။

"ဒီကို ဆရာ ခဏခဏရောက်သလား"

သူသည် အတွေးတစ်ခုခုမှ ဖြတ်တောက်ခံလိုက်ရသည့် သတိဝင်လာမှုမျိုးဖြင့် ကျွန်မအား ဆတ်ခနဲ ကြည့်သည်။

"သုံးနှစ်အတွင်း အခုမှတစ်ကြိမ် ရောက်တာပဲ"

"ဒေါ်တင်ပဲ အိမ်စောင့်နေရတာပေါ့နော်"

"ဟုတ်တယ်"

"အပင်တွေကို စောင့်ဖို့ကျတော့ ဥယျာဉ်မှူးရှိလား"

သူ ရုတ်တရက် ခြေလှမ်းရပ်သွား၏။ သူ့မျက်နှာ မှုန်မှိုင်းနေသည်ကို ကျွန်မ သတိထားမိသည်။

"ခင်ဗျား ဒီမနက်မှာ ဥယျာဉ်မှူးဆိုတဲ့စကားကို ပြောတာ နှစ်ကြိမ် ရှိပြီနော်"

ဘုရားရေ။ ကျွန်မ ဘာများ စကားမှားလို့ပါလိမ့်။

"ဘာအဓိပ္ပါယ်နဲ့ ပြောခဲ့တာလဲ၊ ဘာတွေကို ဘယ်လောက် သိလို့လဲ"

"အို..."

ကျွန်မ အံ့ဩတကြီး သူ့ကို မော့ကြည့်မိ၏။

"ဘာအဓိပ္ပါယ်နဲ့မှ မဟုတ်ပါဘူး။ ကျွန်မဟာ အခု စကားပင်တွေချည်း ရာနဲ့ချီပြီးရှိတဲ့၊ အလွန်လှပတဲ့၊ စိတ်ကူးယဉ်စရာလည်း ကောင်းတဲ့ ဥယျာဉ်ကြီးတစ်ခုထဲမှာ ရောက်နေတယ်။ ဒီအခြေအနေမှာ ရောက်နေတဲ့ ဘယ်သူမဆို ဥယျာဉ်မှူးဆိုတဲ့ စကားလုံးကို လွှတ်ခနဲ သုံးမိမှာပဲ မဟုတ်လားဆရာ"





သူဘာမှမပြောတော့ဘဲ စံကားပင်တစ်ပင်ကို မှီပြီးရပ်လိုက်သည်။ သူမှီလိုက်သော အပင်မှာ အထက်သို့မြင့်တက်ရင်း ဘေးသို့ပါ ဖြာထွက်နေသောကြောင့် အပြန့်အကျယ်ကြီးအရိပ်မိုး အုပ်ဆိုင်းနေသည်။ ပန်းတစ်ပွင့်မှ ပွင့်မနေသော ထိုအပင်ကြီးသည် ကွေ့ကောက်ဖြာထွက်သော အကိုင်းများဖြင့် ကိုယ်တိုင်ကပင် အစိမ်းနုရောင် ဝန်းပွင့်ကြီးတစ်ပွင့်ဖြစ်နေသည်။

"မေမေနဲ့ဖေဖေ ကွဲခဲ့ရတာ ဥယျာဉ်မှူးဆိုတဲ့ လူတစ်ယောက်ကြောင့်"

သူ့မျက်နှာမှာ နာကျင်မှုကို တွေ့ရသည်။ ကျွန်မ သူ့ကို ငေးမောကြည့်နေမိ၏။ သည်အကြောင်းတွေကို သူပြန်မပြောချင်တာက သူ့ကို နာကျင်စေသောကြောင့်ဖြစ်သည်။

"မိန်းမတွေကို ကျွန်တော် နားမလည်ဘူးဗျ။ လူတစ်ယောက်နဲ့ လက်ထပ်ပြီးတဲ့နောက်မှာ တစ်ခြားလူတစ်ယောက်ကို စွဲလမ်းနေသင့်သလား။ အဲဒီလုပ်ရပ်ဟာ ကိုယ်လက်ထပ်လိုက်တဲ့ ခင်ပွန်းအပေါ်ကို သစ္စာဖောက်တာ မဟုတ်ဘူးလား"

တိုးတိတ်သော်လည်း မာကြောသော သူ့အသံကြောင့် သူ့ပုံပြင်သည် ကိုနှစ်သာပြောသလို နူးညံ့ညင်သာမှုမရှိဘဲ ထောင့်နေသည်။

"ကျွန်တော်က မေမေ့ကို သိပ်ချစ်တယ်၊ မေမေ့ကို မြင့်မြတ်တဲ့ အမျိုးသမီးတစ်ယောက် ဖြစ်စေချင်တယ်၊ ဒါပေမယ့် မေမေက ကျွန်တော် မျှော်လင့်သလို မဟုတ်ခဲ့ဘူး"

သူစကားဆက်မလားဟု စောင့်နေခဲ့သော်လည်း မဆက်လာပါ။ သူအားယူဆဲ ဖြစ်မည်ထင်သည်။ ကျွန်မကိုလည်းမကြည့်ဘဲ သူ့ခြေရင်းက ခေါင်းလောင်းပြာပန်းများကိုသာ သူစိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေရဲ့ မြင့်မြတ်မှုကို ဆရာက ဘာနဲ့တိုင်းသလဲ"

မမေးမိဖို့ ထိန်းချုပ်ရင်းက ဘယ်လိုမှ မရတော့ဘဲ မေးမိသည်။

"ကျွန်တော်က ယောကျ်ားတွေကိုရော မိန်းမတွေကိုရော စံနှုန်းတစ်ခုတည်းနဲ့တိုင်းတယ် မမေဖော်၊ ကျွန်တော့်မှာ ယောကျ်ားအတွက်စံနှုန်းက တစ်မျိုး၊ မိန်းမအတွက်စံနှုန်းက တစ်မျိုးရယ်လို့ မရှိဘူး။ လူသားကျင့်ဝတ်စံနှုန်းပဲပေါ့။ ဖြောင့်မှန်ရမယ်၊ ထူးချွန်ရမယ်၊ ကိုယ့်ဘေးပတ်ဝန်းကျင်ကို ကောင်းကျိုးပြုရမယ်၊ ကိုယ့်ရဲဘော်ရဲဘက်ကို သစ္စာမဖောက်ရဘူး၊ ကိုယ့်အလုပ်ကို သစ္စာမဖောက်ရဘူး၊ လူတစ်ယောက်နောက်ကျောကို ဓါးနဲ့ထိုးတဲ့ ကောက်ကျစ်တဲ့ အနိုင်ယူမှုမျိုး ကင်းရမယ်။ အိမ်ထောင်ရေး သစ္စာမြဲရမယ်"

"မြဦးမေက အဲဒီအချက်တွေထဲက ဘာနဲ့ငြိနေလို့လဲ၊ မြဦးမေဟာ ကျွန်မတို့ အလေးအနက်ထားရမယ့် လူမှုကိစ္စတွေကို အစဉ်တစိုက်ရေးသွားတယ်၊ လူ့ပတ်ဝန်းကျင်မှာ မိန်းမတွေရဲ့နေရာကို မြင်သာအောင်ပြသွားပေးတယ်၊ ကျွန်မတို့မိန်းမတွေ ကိုယ့်ကိုယ်ကို လူသားတွေအဖြစ်တန်းတူ အခွင့်မြင့်ကြည့်ကြဖို့ ဆွဲခေါ်သွားခဲ့တယ်၊ သူ့စာတွေဟာ အချိန်ကာလမရှိဘူး၊ ယောကျ်ားမိန်းမ လိင်ကွဲပြားမှုမရှိဘူး၊ ဘက်လိုက်မှုမရှိဘူး။ လူတိုင်းအတွက် အမှန်တရားတွေပဲ။ သူက ကျွန်မတို့ မိန်းမတွေအတွက် သူရဲကောင်းတစ်ယောက်ပဲ။ ဒီလိုမိန်းမမှ မမြင့်မြတ်ရင် တခြားဘယ်မိန်းမ ရှိဦးမလဲ၊ ကျွန်မကို ပြောပြပါဆရာ"

စိတ်ထိခိုက်နေသော သူ့ကို ကျွန်မ မညှာမတာ မေးမိပါသည်။ သူ ငုံ့နေရာမှ မော့လာပြီး ကျွန်မကို ခပ်တွေတွေငေးကြည့်သည်။

"မေမေက အိမ်ထောင်ရေး သစ္စာမထိန်းဘူး"

သူက နာနာကျင်ကျင်ပြောလာသည်။





တကယ်တော့လည်း မြဦးမေ၏ ကိုယ်ရေးကိုယ်တာကိစ္စတွေကို ကျွန်မ သိပ်မသိပါ။ သို့သော် သူကိုယ်တိုင်ရေးသော စာတွေထဲမှာ၊ သူကွယ်လွန်ပြီးနောက် အခြားစာရေးဆရာတွေက သူ့အကြောင်းရေးကြသော စာတွေ၊ ဖော်ပြခဲ့သော အပြန်အလှန်ပေးစာတွေထဲမှာ တွေ့ရသမျှကဖြင့် စိတ်လှုပ်ရှားမှုကို တော်တော်ထိန်းချုပ်နိုင်သည့် အမျိုးသမီးပါ။ နောက်ပြီး သူ့သားတွေ၏ စိတ်ဓါတ်ရေးရာအတွက် တော်တော်အလေးထားခဲ့သည့် အမျိုးသမီးပါ။ အဲသည်လို အမျိုးသမီးတစ်ယောက်က စိတ်အလိုကို ဘယ်တော့မှ လိုက်လိမ့်မည်မဟုတ်။ ကျွန်မ မှန်းဆမိပါသည်။

ဒါဖြင့် မြဦးမေ ဘာတွေ ဖောက်ပြန်ခဲ့တာလဲ။

သူ့ကို ကျွန်မမေးရမည့်မေးခွန်းက ခက်ခဲလှသည်။ သူပြောပြမှာပေါ့။ တစ်ချိန်မဟုတ် တစ်ချိန်မှာ သူ့အမေပုံပြင်ကိုပြောရင်း ပါလာမည့်ကိစ္စပါ။ ကျွန်မ စောင့်ရမည်။ စောင့်လည်း စောင့်သင့်ပါသည်။

"တစ်ခါတုန်းက ဟောဒီလို စံကားပင်တစ်ပင်ရဲ့အောက်မှာ ကျွန်တော် စိတ်ခြောက်ခြားပြီး ငိုခဲ့ရဖူးတယ်။ ကျွန်တော့်အသက် ခြောက်နှစ် သားလောက်မှာပေါ့။"

သူက အတိတ်ကို ပြန်တွေးသော မျက်နှာဖြင့် ခပ်တိုးတိုးပြောသည်။

ကျွန်မ စံကားပင်ကို မော့ကြည့်မိသည်။ စံကားပင်သည် ကြီးမားရှည်လျားသော အရွက်များရှိသည်။ အရွက်တစ်ခုချင်းသည် ခြောက်လက်မ၊ ခုနစ်လက်မလောက်ရှည်မလားမသိ။ ထူထဲပြီး ရင့်မှောင်တောက်ပစွာ စိမ်းသည်။

"မန္တလေးက အိမ်မှာ မမေဖော်ရောက်တုန်းက အဲဒီထားမိ



www.burmeseclassic.com

www.burmeseclassic.com



လားမသိဘူး၊ အိမ်ခေါင်းရင်းက စံကားပင်ကြီးလေ''

''ဟင့်အင်း... ကျွန်မ မမြင်ခဲ့မိဘူး''

''ပန်းမပွင့်တဲ့ အချိန်မို့ သတိမထားမိတာ၊ ပန်းပွင့်တဲ့အချိန်ဆိုရင် သတိမထားဘဲ မနေနိုင်လောက်အောင်ကို တစ်ခြံလုံး သူ့အနံ့ချည်းပဲ''

ကျွန်မ မျက်မှောင်ကြုတ်မိ၏။ သူ ပြောနေပုံက စံကားပွင့်ရနံ့ကို မနှစ်သက်သလိုပဲ။ စံကားပွင့်နံ့ကို မနှစ်သက်သူရယ်လို့ လောကမှာ မရှိခဲ့ဘူးဟု ကျွန်မ ထင်ထားခဲ့သည်။

''အဲဒီနေ့က ကျွန်တော် ရပ်ကွက်ထဲမှာ ဘောလုံးသွားကန်နေတာ၊ အဖြစ်အပျက်ကို အစအဆုံး မသိလိုက်ဘူးလေ၊ ကျွန်တော် ရောက်သွားတော့ အိမ်နီးချင်းတွေအားလုံး ကျွန်တော်တို့ အိမ်ရှေ့မှာ ဝိုင်းအုံနေပြီ။ ဘာမှတ်လဲ၊ မေမေနဲ့ဖေဖေနဲ့ ရုန်းရင်းဆန်ခတ် ဖြစ်နေကြတာ၊ စံကားပင်အောက်မှာပေါ့၊ ဖေဖေ့လက်ထဲမှာ ထင်းခုတ်တဲ့ ပုဆိန်ကြီးနဲ့''

ကျွန်မသည် ခြောက်နှစ်သား ကလေးငယ်လေးတစ်ယောက်၏ ထိတ်လန့် တုန်လှုပ်ရသည့် အတွေ့အကြုံကိုအာရုံထဲမှာ ဖော်ကြည့်ရင်း ကျွန်မပါ ကြောက်လန့်တကြား နာကျင်လာ၏။

''ဖေဖေက ဒေါသတကြီးအော်ပြီး လက်ထဲက ပုဆိန်နဲ့ အပင်ကို ခုတ်မယ်လို့ ရွယ်နေတယ်၊ မေမေက ဖေဖေ့ရှေ့ကနေ စံကားပင်ရဲ့ ပင်စည်ကို ဖက်ထားတယ်၊ မေမေက ငိုလိုက်တာ။ မေမေပြောနေတဲ့ စကားကို ကျွန်တော် အခုအချိန်အထိ မှတ်မိနေတုန်းပဲ၊ အဲဒီတုန်းက ခြောက်နှစ်သားအရွယ် ကလေးတစ်ယောက်ရဲ့ ဦးနှောက်နဲ့ ဘာမှ နားမလည်တဲ့ စကားလုံးတွေပေါ့။ ထူးဆန်းလွန်းလို့ အသက်ကြီးလာတဲ့ ထိအောင် ကျွန်တော် မမေ့ခဲ့ဘူး''





သူက ပြောရင်း ရယ်မောပါသည်။ သူ ရယ်လို့များဖြင့် ကျွန်မ လိုက်ရယ်ဖို့ စိတ်မကူးရဲပါ။ သူ ပြောနေသည့်ပုံပြင်က ရယ်စရာမှ မဟုတ်ဘဲ။

''အစ်ကိုကြီးရယ်၊ ဒီအပင်ကို ခုတ်မယ့်အစား မြကိုသာ သတ်လိုက်ပါ တဲ့''

ပြောရင်း သူရယ်ပြန်လေသည်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေကို မြင်ရမလားဟု ကျွန်မ အကဲခတ်ကြည့်သည်။ မတွေ့ရပါ။ သူ့မျက်လုံးတွေက စိုစွတ်မနေရုံမျှမက ညှိုးလျော်ခြောက်သွေ့နေသည်။

''ဘာမှတန်ဖိုးမရှိတဲ့ သစ်ပင်တစ်ပင်အတွက် ကျွန်တော့်မေမေက အသက်စွန့်တော့မလို့တဲ့ မမေဇော်၊ အံ့ဩစရာ မကောင်းဘူးလား''

ကျွန်မ သူ့ထံမှ မျက်လုံးအကြည့်ကို လွှဲယူလိုက်ကာ စံကားပင်ကို မော့ကြည့်မိပြန်သည်။

မြတ်နိုးမှုတစ်ခုနဲ့ ဆက်နွှယ်နေတဲ့အခါ စံကားပင်ဟာ စံကားပင်တစ်ပင်မျှသာ မဟုတ်တော့ဘူး၊ ကိုယ်နဲ့ ဘဝအကြား ဆက်သွယ်ပေးထားတဲ့ ကြိုးတစ်ချောင်း ဖြစ်သွားတယ်ဆရာ...

သို့သော် ကျွန်မ နှုတ်ခမ်းမှ ထိုစကားလုံးများ ထွက်မလာပါ။

''မေမေက ဘာမဟုတ်တဲ့ အပင်တစ်ပင်အတွက်နဲ့ ဖေဖေ့ပုဆိန်အောက်မှာ ဝင်ခံပေးနိုင်ပေမယ့် ကျွန်တော်က မေမေ့ကို ဘာအတွက်နဲ့မှ အဆုံးရှုံး မခံနိုင်ဘူး။ ကျွန်တော် မေမေ့ကိုယ်ပေါ်ကို ပစ်လှဲချပြီး ငိုလိုက်မိတော့တာပေါ့''

'မိန်းမတွေ ဘာလိုချင်တယ်ဆိုတာ ငါမသိဘူး'

မင်းညိုစင်၏ စကားကို ကြားယောင်မိသည်။ သူမသိတာ



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာမှ မဟုတ်ဘဲ။ တစ်ခါတစ်ခါ ကျွန်မတို့ကိုယ်တိုင်ပင် ဘဝမှာ ဘာကို တန်ဖိုးထားနေမိသလဲဟု မသေချာ မရေရာတော့တာတွေ ရှိခဲ့ပါသည်။

"မေမေက ကျွန်တော့်ကို ရင်ခွင်ထဲမှာ သွေးရှူးသွေးတန်း ဖက်ထားလိုက်တာ ကျွန်တော့် တစ်ကိုယ်လုံးနာနေတဲ့ အထိပါပဲ။ ဖေဖေက မေမေ့ကိုလည်း ဘာမှမလုပ်၊ အပင်ကိုလည်း ပုဆိန်နဲ့မခုတ်၊ သူ့ကိုယ်သူပဲ တိုက်နံရံနဲ့ ခေါင်းနဲ့ဆောင့်တိုက်ပြီး အော်ဟစ် နေတော့တယ်၊ အဲဒီတုန်းက ကျွန်တော်က မေမေ့ကို သနားပြီး ဖေဖေ့ကို ကြောက်နေခဲ့တယ်။

"ဒါပေမယ့် မကြာခင်မှာပဲ ကျွန်တော် သနားရမယ့်သူက မေမေ မဟုတ်ဘဲ ဖေဖေဖြစ်နေတာ သိလိုက်ရတာပါပဲ။ အဲဒီညမှာပေါ့"

ကျွန်မ ရှေ့တွင် ရှိနေသူအား ကျွန်မထက် ပညာရေး အသက် ရောကြီးသည့် တက္ကသိုလ်ဆရာတစ်ဦးအဖြစ် မမြင်တော့ဘဲ သနားစဖွယ် မောင်လေးတစ်ယောက်လိုပင် ကျွန်မ မြင်မိသည်။ သူ့ပခုံးကို အသာ ဖျစ်ညှစ်ပြီး နှစ်သိမ့်ချင်ပါသည်။

"အဲဒီညက မေမေ့မှာ အရင်က ရှိခဲ့တဲ့ တုန်လှုပ်မှုတွေ လုံးဝမရှိ တော့ဘဲ အေးတိအေးစက် ဖြစ်နေတယ်၊ ပူလောင်နေတဲ့သူက ဖေဖေပဲ။ ဖေဖေပြောတဲ့စကားတွေက ဗလုံးဗထွေးနဲ့မို့ ကျွန်တော်နားမလည်ဘူး။ ဒါပေမယ့် မေမေပြောတဲ့စကားကတော့ အေးအေးဆေးဆေး တစ်လုံး ချင်းမို့ ကျွန်တော် နားလည်တယ်။ မေမေကပြောတယ် 'ဟုတ်တယ်၊ အစ်ကိုကြီးကို မြ ဘယ်တုန်းကမှ မချစ်ခဲ့ဘူး'တဲ့"

မြသည် တော်တော်ရက်စက်သည်ဟု ပြောရမလား။ ကျွန်မသာ ဆိုလျှင်တော့ သည်လောက်ပြတ်ပြတ်တောက်တောက်ကြီး ပြောလိုက်





နိုင်မည်မထင်။ ကျွန်မကို တစ်စုံတစ်ယောက်က အဲသည်လို ပြတ်ပြတ် သားသား ပြောလိုက်မှာကိုလည်း စိတ်ကူးဖြင့်ပင် မကြားရဲ၊ အမှန်တရား ဆိုတာ တစ်ခါတစ်ခါကျတော့ သက်ဆိုင်သူတွေကို နာကျင်စေတတ်၏။ အချို့သော မုသားချိုချိုတို့၏ ဘဝမောင်းနှင်အားကို မြ လက်မခံ နိုင် လေရော့သလား။

"အဲဒီနောက် နှစ်ပတ်ကြာတော့ ဖေဖေ့ သင်္ဘောထွက်သွား တယ်၊ ရန်ကုန်ကို သွားဖို့ လေယာဉ်ကွင်းကို မေမေနဲ့ ကျွန်တော်လိုက်ပို့ ပါသေးတယ်။ ဖေဖေက ကျွန်တော့်ကို ပွေ့ချီပြီး နှုတ်ဆက်တော့ ဘယ်လိုပြောတယ်ထင်လဲ။ 'သား... မေမေစိတ်ဆင်းရဲအောင် မလုပ်နဲ့နော်'တဲ့။ 'ဖေဖေမရှိတဲ့အချိန်မှာ မေမေ့ကို သားပဲစောင့်ရှောက်ရ မှာ'တဲ့။ အဲဒီနေ့ကစပြီး ကျွန်တော်တို့ဆီကို ဖေဖေ ပြန်မလာတော့တာ ဒီကနေ့ထိပဲ"

ကျွန်မတို့ နှစ်ယောက်လုံး အကြာကြီးတိတ်ဆိတ်သွားသည်။

ကျွန်မလည်း သူ့ကို စကားဆက် ရှာမပေးတတ်၊ ဘယ်စကား သည် သူ့အတွက် သက်သာမလဲ၊ ဘယ်စကားသည် သူ့နာကျင်မှုကို ပိုဆိုးစေမလဲ၊ ကျွန်မ မသိ။

ယခုအချိန်အထိ သူ့နှုတ်ဖျားမှ ဥယျာဉ်မှူးဆိုသော စကားလုံး တစ်ခုမှ မထွက်လာ။ တမင်ရှောင်ထားတာလား။

"ကျွန်တော် မေမေ့ကို ချစ်ပါတယ်။ ဒါပေမယ့် ဖေဖေ့ကို လွမ်းတိုင်း မေမေ့စံကားပင်ကို ဓါးနဲ့ ခုတ်သတ်ပစ်ဖို့ စိတ်ကူးမိတယ်။ ခဏခဏပဲ။ ကျွန်တော့်စိတ်ထဲမှာ အဲဒီအပင်ကြီးသေသွားရင် ဖေဖေ ကျွန်တော်တို့ဆီ ပြန်ရောက်လာမယ်လို့ချည်း ထင်နေတယ်။ ဒါပေမယ့် မေမေ့ကိုချစ်တော့လည်း မခုတ်ရက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေပြန်မလာတော့တာ သေချာသွားပြီလို့ မေမေ ယူဆလိုက်တဲ့အချိန်မှာ ကျွန်တော်က ဒုတိယတန်းကျောင်းသားအရွယ်ပေါ့။ မေမေက ဆရာမ အလုပ်ကနေထွက်၊ မန္တလေးက အိမ်ကို သော့ခတ်ပြီးတော့ ဘိုးဘိုးနဲ့ ဘွားဘွားရှိတဲ့ ဒီမြို့ကို ပြောင်းလာခဲ့ကြတယ်။ ဘိုးဘိုးနဲ့ ဘွားဘွားက ကျွန်တော့်ကို အရမ်းချစ်တယ်။ သူတို့သမီးနဲ့ အတူနေရတဲ့ ဘဝကိုလည်း သိပ်ကျေနပ်ကြပါတယ်။ ဒါပေမယ့် ကျွန်တော်က မကျေနပ်ဘူး။ ဖေဖေ့ကို ဒေါသတကြီးဖြစ်အောင် လုပ်ခဲ့တဲ့ စကားပင်ရဲ့ နောက်ကွယ်မှာ လူတစ်ယောက် ရှိနေတာကို အသေအချာ သိလိုက်ရလို့ပဲ"

သူ ကျွန်မအား တည့်တည့်ကြည့်လာ၏။ သူ့အပြုံးက ခပ်ထေ့ထေ့။

"ခင်ဗျား စောစောက ပြောလိုက်တဲ့ ဥယျာဉ်မှူးလေ၊ မာလီဖြစ်ဖြစ်ခေါ်ခေါ်၊ မြို့စောင့်ပဲခေါ်ခေါ်၊ ဂါဒင်နာပဲခေါ်ခေါ် တက္ကသိုလ် ဆရာတစ်ယောက်နဲ့၊ ဒါမှမဟုတ် စာရေးဆရာမ တစ်ယောက်နဲ့၊ ဘယ်လိုမှ တွဲဖက်လို့ မလိုက်ဘက်တဲ့ လူတစ်ယောက်ကို ကျွန်တော့်အမေရဲ့ နောက်အိမ်ထောင်အဖြစ် ကျွန်တော် လက်ခံလိုက်ရတယ်"

ခါးသည်းနာကျင်သော သူ့အသံသည် ကျွန်မရင်ထဲသို့ မြားတစ်စင်းလို စူးရှစွာ ထိုးဖောက် ဝင်ရောက်သွားသည်။ သူ့စကားသံထဲမှ စကားရွက်တို့၏ စူးရှကျယ်လောင်သော ပွတ်တိုက်သံက အားဖြည့်ပေးလိုက်ပါသည်။

"ခင်ဗျားသိလား၊ ဟောဒီ မျက်စိတဆုံး ကြည့်လေရာရာမှာ မြင်နေရတဲ့ စကားပင်တွေကို ဘယ်သူစိုက်ခဲ့လဲ သိလား"

သူက စိတ်လိုက်မာန်ပါ လက်ဝှေ့ယမ်းလျက် ကျွန်မကို မေး





ကျွန်မသိပါသည်။ ကျွန်မသိနေကြောင်း ဝန်မခံသင့်တာကိုလည်း ကျွန်မ သိပါသည်။

"ခင်ဗျားပြောတဲ့ ဥယျာဉ်မှူးဗျ။ မေမေ့ရဲ့ နောက်ယောကျ်ား။ သူက မေမေ မရှိတုန်း ဘိုးဘိုးတို့ကို ဝတ်ကြီးဝတ်ငယ်ပြုစုဖို့ဆိုပြီး မြို့ထဲကို ပြန်ရောက်လာတာတဲ့။ အိမ်ကနေ ထွက်သွားခဲ့ပြီးသားလို့ မေမေက ပြောတယ်"

နောက်ယောကျ်ားဟူသော စကားလုံးကို မြဦးမေ၏ အလုပ္ပတ္တိထဲတွင် ကျွန်မ ရေးရတော့မှာ သေချာသွားပြီလား။ ကျွန်မ မရေးချင်ပါ။ သူတို့နှစ်ယောက် သန့်သန့်စင်စင် ချစ်မြတ်နိုးသွားကြလေသတည်းဟုသာ ကျွန်မ ရေးချင်ပါသည်။

ကျွန်မ မေးခွန်းတစ်ခု မေးဖို့ စဉ်းစားလိုက်တုန်းမှာ အဝေးဆီမှ ခေါ်သံသဲ့သဲ့ ကြားလိုက်ရ၏။ ပထမတော့ စကားလုံး မသဲကွဲ။ တဖြည်းဖြည်း နီးလာသောအခါကျမှ သဲသဲကွဲကွဲ ကြားလိုက်ရသည်။

"မောင်သီဟ..."

ဒေါ်တင့်အသံ။

သူ လှုပ်လှုပ်ရှားရှားဖြစ်ကာ နောက်သို့လှည့်ကြည့်၏။

ဝေးလွန်းလှသဖြင့် ဒေါ်တင်သည် အနီးသို့ တော်တော်နှင့် ရောက်မလာ။ အသံကိုသာ ကြားနေရသည်။

"မောင်သီဟရေ မင်းသူငယ်ချင်း မောင်ဝင်းရောက်နေတယ်"

"လာပြီ ဒေါ်ကြီး"

သူ ကျွန်မအား တစ်ချက် ခွင့်တောင်းသလို ကြည့်သည်။

"ကျွန်တော် ခဏသွားလိုက်ဦးမယ်၊ မမဖော် လိုက်ခဲ့မလား၊ နေခဲ့ဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စံကားပင်တွေကြားမှာ တစ်ယောက်တည်းမကျန်ခဲ့
ကျွန်မသိသည်။ သူနှင့်အတူ လိုက်သွားမှုဖြစ်မည်။ သို့သော်...

"ကျွန်မ နေခဲ့ဦးမယ် ဆရာ"

လွှတ်ခနဲ ထွက်သွားသော စကားသံကို ကျွန်မ ပြောလို
သည့် စကားဟု မယုံကြည်ချင်။

"ကောင်းပြီလေ၊ ထမင်းစားချိန်မှာ ပြန်တွေ့တာပေါ့"

ကိုသီဟသည် ကျွန်မအား စိတ်ချလက်ချ ထားရစ်ခဲ့
သူထွက်ခွာသွားရာသို့ လှမ်းမျှော်ကြည့်ရင်း ကျွန်မ လိုက်
လျှင် အချိန်မီသေးတယ်ဟု အားကိုးတကြီး ခြေလှမ်းပြင်မိသေး
အမှန်ပါပဲ။ သို့သော် ကျွန်မ၏ ခြေလှမ်းတို့ကို တစ်စုံတစ်ရာက ထိန်း
ညှို့ယူ ထားသလိုပဲ။ တစ်ဖဝါးမှ မလှမ်းမိ။

ကျွန်မသည် စံကားပင်ခြေရင်းမှာ တွေဝေစွာရပ်လျက် အား
စိတ်ဖြင့် မျက်လွှာချထားမိသည်။ ကျွန်မ ရပ်နေတာ အကြာကြီး
အပင်တို့၏ အကိုင်းအရွက်အချင်းချင်း ပွတ်တိုက်သံတွေ၊ ငှက်က
တွေ စံကားသီးတွေကို လုယက်အော်မြည်သံတွေ၊ အဝေး
ဘုရားစေတီမှ ခေါင်းလောင်းထိုးသံတွေ၊ ခပ်လှမ်းလှမ်း မြစ်ပြင်
ရေစီးသံတွေ၊ အသံတစ်ခုက ကျွန်မထံသို့ ရောက်လာလိုက်
သွားလိုက်၊ နောက်အသံ တစ်ခုက ရောက်လာလိုက် ပြန်သွားလို
ဘယ်နှမိနစ်ကြာခဲ့ပြီလဲ၊ ဘယ်နနာရီကြာခဲ့ပြီလဲ မသိ။

ကျွန်မ ငုံ့ကြည့်နေရာ မြင်ကွင်းတွင် မြက်ခင်းစိမ်းစိမ်းပေါ်
အပြာရောင် ခေါင်းလောင်းပန်းတွေ ပြန့်ကြဲနေ၏။ နေရောင်
သောအပိုင်းမှာ ပန်းတွေက ခရမ်းရောင်သန်းနေပြီး အရိပ်ကျ
အပိုင်းမှာ ပန်းတွေက အပြာရောင် ပိုရင့်မှောင်နေသည်။





သည့်အတိုင်း တစ်နေရာတည်းမှာ ရပ်နေလို့ တွေ့နိုင်ပါ့မလား။
ဟိုဟိုသည်သည် လျှောက်သွားပေးမှ တွေ့မှာပေါ့။

အို... ကျွန်မဘာကို ရှာမှာလဲ။

ကျွန်မ မျက်နှာ နွေးပူလာ၏။

ဟင့်အင်း။ သူ ကျွန်မကို လိုက်ရှာသင့်တယ်မဟုတ်ဘူးလား။

မဟုတ်သေးဘူး။ ကျွန်မ သည်အချိန် ဘယ်တုန်းကမှ စံကားပင်
တွေဆီ ဆင်းမလာဖူးဘူးဆိုတော့ ကျွန်မ ရောက်နေမှန်း သူသိနိုင်မည်
မထင်။ ကျွန်မကသာ လိုက်ရှာရမှာ မဟုတ်လား။

ဒါပေမယ့် ဘယ်လိုရှာမလဲ။ သည်လောက် များပြားလှတဲ့
သစ်ပင်ကြီးတွေ၊ တစ်ခုနှင့်တစ်ခု ဆင်တူနေတဲ့ လုံးပတ်တွေနဲ့ မြင့်မတ်
ကြီးမားလှတဲ့ ပင်စည်ကြီးတွေ၊ ကျွန်မ ဘယ်လိုလုပ်ပြီး ရှာနိုင်ပါ့မလဲ။

ကျွန်မ အရပ်ရှစ်မျက်နှာကို ပတ်ပတ်လည်မော့ကြည့်ရင်း
မျက်ဝန်းတွေ ဝေဝါးလာ၏။ လောကကြီးတစ်ခုလုံးမှာ ကျွန်မ
တစ်ယောက်တည်းပဲ ကျန်နေတော့သလို အားငယ်မှုမျိုးဖြင့် သူ့ကို
လိုက်ရှာကြည့်ရန် ခြေလှမ်းပြင်လိုက်မိသည်။

"ပြန်တော့မလား မေ"

ကျွန်မ နောက်ဘက်တစ်နေရာရာမှ တိုးတိတ်သော အသံ
တစ်ခု။

ကျွန်မ အသက်ရှူမှားသွား၏။

မေ...၊ မေ...တဲ့။

ကျွန်မ ထိတ်ခနဲ တစ်ကိုယ်လုံး တုန်ယင်သွားပါသည်။
ဖြည်းညင်းစွာပဲ လှည့်ကြည့်မိသည်။

"ကို ခွန် သာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နှုတ်ခမ်းတို့ လှုပ်သည်ဆိုရုံလေး လှုပ်သွားခဲ့သည်။

စောစောကမှ ကိုသီဟ ရပ်နေခဲ့သည့် စံကားပင်၏ရှေ့မှာ သူရပ် နေပါသည်။ နွေးထွေးသည့် ဆွဲငင်မှုကို ခံစားလိုက်ရသည်။ ထိုဆွဲငင်မှု ကြောင့်ပင် သူရှိရာသို့ တစ်လှမ်းချင်း တိုးကပ် သွားမိသည်။

'ညတုန်းက မင်းကိုယ့်ကို မျှော်နေခဲ့သလား 'ဆိုတဲ့ မေးခွန်းကို မမေးပါနဲ့နော်။ ကျွန်မ အနေရခက်မှာမို့ပါ။

အိပ်မက်ယောင်သူတစ်ဦးလိုပင် ကျွန်မသည် သူ့ရင်ခွင်ထဲ နွေးနွေးကို ခံစားမိသည်အထိ သူ့အနီးသို့ တိုးကပ် သွားနေမိဆဲ။

ကျွန်မကို ခြေလှမ်းတုန့်ရပ်သွားအောင် တစ်ယောက်ယောက်က ထိန်းပေးခဲ့လျှင် ကောင်းမှာဟု တမ်းတ အားကိုးရင်းကပင် သူနှင့် ထိကပ်မိသွားသည်။

"မေ..."

တိုးတိတ်သော သူ့ညည်းညူသံသဲ့သဲ့နှင့်အတူ နွေးပူသော ထွက်သက်လေငွေ့ငွေ့က ကျွန်မ၏လည်တိုင်ကို ထိခတ်လာတော့မှ ကိုယ့်အဖြစ်ကိုယ် သတိရသွားသည်။

ရုတ်တရက် လန့်ဖျပ်ကာ မသဲမကွဲ ညည်းညူရင်း ကျွန်မ နောက်ဆုတ်လိုက်မိပါသည်။

တဆတ်ဆတ် တုန်ရီနေသော ရင်ကို လက်ဖနောင့်ဖြင့် ခပ်ဖိဖိ တွန်းထားရင်း ကျွန်မ အသက်ကိုဝအောင် ရှူရှိုက်ရလေသည်။

"ထိုင်မလား"

သူက တိုးတိုးလေးမေးတော့ ကျွန်မ ခေါင်းညိတ်လိုက်၏။

ထို့နောက် ကျွန်မသည် အပင်ခြေရင်းတွင် ညွတ်ခွေစွာ ထိုင်ချ သွားသည်။ သူက ကျွန်မ အနီးတွင် ကပ်ထိုင်လိုက်၏။ သူ့ကိုယ်ငွေ့၏





နွေးထွေးမှုကို ကျွန်မ ခံစားနေရသည်။

"ဒီအပင်ကို ယူလန်စံကားဖြူလို့ ခေါ်တယ်မေရဲ့၊ ရုက္ခဗေဒ အမည်ကတော့ Magnolia heptapeta ဒါမှမဟုတ် Magnolia denudata ဒါမှမဟုတ် Magnolia conspicua အမျိုးမျိုးခေါ်ကြတယ်။ နွေအကြိုမှာ ပွင့်တဲ့ပန်းမို့ အခုသူက အသီးသီးနေပြီ။ ဒါပေမယ့် မြ လက်ထပ်တဲ့နေ့တုန်းကတော့ လက်ထပ်ပွဲနဲ့ ဝေးလံတဲ့ ဟောဒီနေရာမှာ သူ ပွင့်နေခဲ့ပါတယ်။ မြက ဖေဖော်ဝါရီမှာ လက်ထပ်ခဲ့တာလေ...

"လက်ထပ်ပွဲကို မန္တလေးက မြို့တော်ခန်းမမှာ ကျင်းပတယ်။ သတို့သားက နိုင်ငံခြားသင်္ဘောကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တဲ့ ကြွယ်ဝ တဲ့ လူတစ်ယောက်ပဲ။ လက်ထပ်ပြီးရင်နေဖို့ အိမ်က နန်းရှေ့မှာ ခြံအကျယ်ကြီးနဲ့ အဆင်သင့်ပါပဲ။ လက်ထပ်ပွဲမှာ လက်ဖွဲ့တွေ အမျိုးမျိုး အပုံလိုက်ပဲ။ နှစ်ဘက်ဆွေမျိုး မိတ်သင်္ဂဟတွေက သူ့ထက်ငါ အ ကောင်းဆုံး၊ အဆန်းသစ်ဆုံး လက်ဖွဲ့တွေနဲ့ ဂုဏ်ပြုကြတယ်"

သူ့မျက်နှာကိုမော့ကြည့်မိတော့ သူ ဆွေးဆွေးမြည့်မြည့် ပြုံးနေတာ တွေ့ရသည်။

"ဒါပေမယ့် အထူးဆန်းဆုံး လက်ဖွဲ့တစ်ခုကတော့ ပက်ကင် ဖောက်တဲ့အထဲမှာ ပါမသွားခဲ့ဘူး။ အဲဒီလက်ဖွဲ့ ရလိုက်တယ်လို့လည်း သတို့သားနဲ့ သတို့သမီးက တော်တော်နဲ့ မသိလိုက်ပါဘူး။ တစ်လ လောက်ကြာတဲ့အထိ ဆိုပါတော့"

ပုံပြောကျွမ်းကျင်သူတစ်ဦးပမာ သူသည် ကျွန်မ စိတ်ဝင်စား သောနေရာတွင် ခဏရပ်ထား၏။ မြက်ခင်းပြင်မှ ခေါင်းလောင်းပြ ပန်းကလေးကို လက်ဖြင့်ဆွဲနုတ်ချူလိုက်သည်။ ထို့နောက် ထိုပန်းကလေး ကို မမွှေးမှန်း သိပါလျက်နှင့် အသာနမ်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တိတ်ဆိတ်စွာ မျှော်လင့်နေသော ကျွန်မကို စူးစိုက် ကြည့်ပြီး သူ့ပုံပြင်ကို ဆက်သည်။

“ပထမဆုံး စတွေ့သူက မြပဲ။ မြက အိမ်ခေါင်းရင်းမှာ အဝတ် လှန်းဖို့ ကြိုးတန်း လုပ်ရင်းနဲ့ တစ်ပေလောက်ရှိတဲ့ အပင်ပေါက် လေးတစ်ခုကို တွေ့ခဲ့တယ်။ နေရောင်ကို တော်တော်ကြိုက်တဲ့ အပင်လေးဟာ နေရောင်ရှိရာကို တိုးထွက်ဖို့ အကိုင်းတွေကို ဆန့်တန်း လို့ပေါ့။ ရေကိုလည်း သိပ်ကြိုက်ပေမယ့် ရေအတွက်တော့ အပင်ဟာ အားစိုက်ထုတ်စရာ မလိုဘူး၊ ယောက်ျားရေချိုးတဲ့ ရေတိုင်ကီနဲ့ သိပ် မဝေးဘူးဆိုတော့ ရေက တစိမ့်စိမ့် ရနေတာကိုး၊ မြဟာ အပင်လေးကို သတိထားလိုက်မိတယ်ဆိုရင်ပဲ ဒါဟာ စံကားမျိုးနွယ်တစ်ပင်လို့ သိ လိုက်သတဲ့”

သူ့စကားအဆုံးတွင် ကျွန်မ ရင်ခုန်သွား၏၊ သူ ဘာဆက်ပြော တော့မည်ဆိုတာ ကျွန်မ ရိပ်မိလိုက်သောကြောင့် ဖြစ်ပါသည်။

“စံကားပင်လေးကြည့်ရတာ တော်တော်ကို ခွန်အားရှိနေတယ်။ မြေသြဇာနဲ့ မြေဆီလွှာလည်းအပြည့်အဝ ရထားတဲ့ပုံပဲ။ ရေသောက်မြစ် ကလည်း တော်တော်ခိုင်မာနေပြီ။ မြက အပင်ပေါင်းများစွာကို စာ တွေ့ရော လက်တွေ့ရော သိထားပြီးသားမို့ ချက်ချင်းသိလိုက်တယ်။ ဒီအပင်လေးဟာ အလေ့ကျ ပေါက်နေတာလည်းမဟုတ်ဘူး၊ အစေ့ကို ပျိုးစိုက်ထားတာလည်း မဟုတ်ဘူး၊ ဒါဟာ ကိုင်းကူးပြီး ဆက်ထားတာ ပဲ”

သူ ကျွန်မကို ငုံ့ကြည့်၏။

“စံကားပင်တစ်ပင်ကို ကိုင်းကနေ အပင်ကူးတော့မယ် ဆိုရင် လေးငါးလလောက် ကြိုတင်ပြီးပြင်ဆင်ရတာ။ ပထမဆုံး ကိုင်းရင်းကနေ





အခေါက်တစ်စလောက် ခွာထားရတယ်။ နောက်ပြီး အမြစ်အားအတွက် ...အပ်မယ့် ဟော်မုန်းအမှုန့်တွေနဲ့ အဲဒီဒဏ်ရာကိုဖြူးပေး၊ ပြီးတော့ ...ဒီအကိုင်းကို မြေဆီလွှာနဲ့ မြေကြီးနဲ့ နှစ်ဝင်အောင် ဖုံးပေးထား၊ ...မှန်မှန်လောင်း။ လေးငါးလ ကြာလာမှ အမြစ်တွေထွက်လာတယ်။ အမြစ်အင်အား ခိုင်မာပြီဆိုတော့မှ အပင်ပေါက်ဖြစ်နေတဲ့ အကိုင်းကို ...ခင်အပင်ကနေ ဖြတ်ယူပြီး မြေမှာ၊ ပန်းအိုးမှာ ချစိုက်ရတာ။ ဒီတော့ ...ဒီ တစ်ယောက်ယောက်က ရည်ရွယ်ချက်နဲ့ ကြိုတင်ပြီး လုပ်ပေးထားတဲ့ ...ဆုပ်ရုပ်ပဲ”

“ဦးယျာဉ်မှူးလား”

ကျွန်မ သူ့ကို မော့ကြည့်ကာ မေးမိသည်။ သူက ခေါင်းညိတ် ...၏

“တခြားဘယ်သူ ရှိရဦးမလဲ”

မြက်ခင်းပေါ် ထောက်ထားသော ကျွန်မ၏ လက်ဖမိုးကို သူက မြက်ပင်လေးတစ်ပင်၏ မြက်ရွက်ထိပ်ဖျားသေးသေးလေးဖြင့် မထိတထိ ကိုကစားလေသည်။ ကျွန်မ လက်ဖျန်လက်မောင်းတစ်လျှောက် မွေးညင်းလေးတွေထောင်ကာ ကြက်သီးမွှမွ ထသွားသည်။

ကျွန်မပခုံးကျုံ့ကာ ဘယ်လက်ဖြင့် အသာပွတ်သပ်ပစ်လိုက်ရ သည်။

“မြက အိမ်မှာ အလုပ်လုပ်တဲ့ ကောင်လေးကို မေးကြည့်တာ ပေါ့။ ဒီအပင် ဘယ်ကရသလဲဆိုတာ။ အဲဒီတော့မှ ကောင်လေးက ပြောပြတယ်။ မင်္ဂလာဆောင်တဲ့နေ့တုန်းက လူတစ်ယောက်လာပြီး စိုက်သွားတာတဲ့၊ အဲဒီလူက သတို့သမီး သတို့သားကို အံ့သြသွားစေမယ့် မင်္ဂလာလက်ဖွဲ့ ပေးချင်လို့တဲ့၊ သူ့ကို မုန့်ဖိုးပေးပြီး နှုတ်ပိတ်သွားသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဥယျာဉ်မှူးပဲလို့ မြ သိလိုက်ပါတယ်။ သူဖြစ်စေချင်သလိုပဲ မြ အုံ့ညြှို့မှုက တုန်လှုပ်သွားရတာမို့ အဲဒီညက တစ်ညလုံးတောင် အိပ်မ မပျော်ခဲ့ဘူး''

ဘုရားရေ...၊ ဘယ်လိုလုပ်ပြီး အိပ်ပျော်နိုင်ပါ့မလဲ။ ခြေရာ ဖျောက်ပြီး ပြေးတုန်းက ပြေးခဲ့ပြီးတော့ မြရဲ့စိတ်တွေ အနည်ထိုင် ဆိုတော့မှ ပြန်ပြီး နောက်ကျိအောင် နှောက်ရက်ခဲ့တဲ့လူ။

''သူဘာလို့ အဲဒီလုပ်ရပ်ကို လုပ်ခဲ့တာလဲ၊ ဘာလို့လဲ''

ကျွန်မ နားမလည်နိုင်စွာ မေးမိသည်။

သူက ပင့်သက်တစ်ချက်ကို လေးပင်စွာ ရှိုက်လေသည်။

''ဟုတ်တယ်၊ ဘာလို့လုပ်ခဲ့တာလဲ။ ဘာလို့ လုပ်ခဲ့မိမှန်း မသိပေမယ့် သူ့ကိုယ်သူ သိလိုက်တာတစ်ခုက သူဟာ ဘဝမှာ အကြီးကျယ်ဆုံးသော အမှားကို ကျူးလွန်လိုက်မိပြီ ဆိုတာပဲ။

''မေ့နိုင်လိမ့်မယ်ထင်လို့ မေ့ဖို့ကြိုးစားခဲ့တဲ့ ချစ်သူနှစ်ယောက် ဟာ တကယ်တမ်း မမေ့နိုင်ဘူးဆိုတာ သိလာရတဲ့ အချိန်မှာ သူတို့ရဲ့ စွဲလန်းစိတ်တွေက သူတို့ကိုယ်တိုင်ကိုသာ မကဘဲ သူတို့ဘေးက လူတွေကိုပါ ကူးစက်နာကျင်စေပြီဆိုတာကို နောက်ကျမှ သိလိုက်ရ တော့တယ်။ အသက်ငယ်ငယ်လေးနဲ့ အပွင့်ပွင့်တတ်တဲ့ ယုလန် စံကားဖြူဟာ မြရဲ့ မင်္ဂလာသက်တမ်း ငါးနှစ်အကြာမှာ နှီနှစ်ရောင် မွေးနေတဲ့၊ ပွင့်ချပ်ကိုးခုစီပါတဲ့ ပန်းပွင့်တွေကို ပွင့်ပေးလိုက်တယ်''

ကျွန်မ အပင်ကိုနောက်တစ်ကြိမ် မော့ကြည့်မိပြန်၏။

''မွှေးလားဟင်''

''သိပ်မွှေးတာပေါ့ မေ၊ သူ့အနံ့က မစူးရှဘူး။ သင်းထုံတယ်။ မပူလောင်ဘူး။ အေးချမ်းတယ်။ ဟိုးရှေးရှေးတုန်းက တရုတ်ပြည်မှာ





ဘုန်းကြီးကျောင်းတွေမှာ စိုက်တာပဲ မေရဲ့၊ အရိပ်ကလည်း အေးချမ်း၊ အပွင့်ကလည်း အေးချမ်း၊ ရနံ့ကလည်း အေးချမ်းတယ်လေ။ သူက အပွင့်ပွင့်တဲ့အခါ အကိုင်းကနေ အထက်တည့်တည့် မတ်မတ်စွင့်စွင့် ပွင့်လေ့ရှိတယ်၊ အရွက်တွေအကုန်ကြွေပြီးတဲ့ အချိန်မှာ ပင်လုံးကျွတ် ပွင့်တယ်။ တချို့စံကားဖြူတွေလို အောက်ကိုငိုက်ပြီး မပွင့်ဘူး''

ကျွန်မတို့နှစ်ယောက် တိတ်ဆိတ်ငြိမ်သက်သွားကြပြန်သည်။ လေသည် တဖြည်းဖြည်းပူနွေးလာသည်။ ပန်းရနံ့တို့သည် ကျွန်မတို့ နှစ်ယောက်ဆီသို့ အရပ်ကိုးမျက်နှာမှ ဝိုင်းရံလာကြလေသည်။

ကျွန်မရင်ထဲမှာ ပဟေဠိတစ်ခု ရှိနေခဲ့သည်မှာ ကြာပြီ။ ပထမတော့ ထိုပဟေဠိသည် မင်းညိုစင်ကြောင့်သာ ရခဲ့ခြင်းဖြစ်သည်။ ယခုတော့ ဥယျာဉ်မှူးကြောင့် ပို၍ အဖြေဝေးသော အနေအထားသို့ ရောက်လာခဲ့ပြီ။

''မင်း ဘာတွေ တွေးနေတာလဲ''

သူက ကျွန်မအား စူးစူးစိုက်စိုက် ငေးမောရင်း မေးသည်။ ကျွန်မ တစ်ချက်ရ ယ်လိုက်မိ၏။

''အော် ဟိုဟာပါ။ ယောကျ်ားတွေအကြောင်း တွေးနေတာ''

''အော...''

''ယောကျ်ားတွေဟာ မိန်းမတွေဆီက ဘာကိုလိုချင်တာလဲ၊ သူတို့ဘဝအတွက်ရော ဘာကိုလိုချင်တာလဲ''

သူက သူ့လက်ထဲမှ မြက်ပင်လေးကို ပါးစပ်ဖြင့် ကိုက်လိုက်ရင်း စဉ်းစားဟန် ပြုသည်။ ထို့နောက် သူပြုံးသည်။ ကျွန်မ ရင်ခုန် သွားစေသည့် အပြုံးမျိုး။

''တခြားယောကျ်ားတွေတော့ ကိုယ်မသိဘူး၊ ကိုယ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေဆီက လိုချင်တာ တစ်ခုတည်းပဲ၊ အဲဒါက မိန်းမသားအဖြစ်ပဲ။ သူတို့ဆီက နူးညံ့ညွတ်ပျောင်းမှု၊ အားနွဲ့မှု ဒါတွေပဲ လိုချင်တယ်၊ သူတို့ကို ကိုယ်က ပန်းကလေးတွေလိုပဲ သဘောထားတယ်။ အုရိုင်းရိုင်း တကြည့်ကြည့်နဲ့ ပြုစုယုယပေးနေရတာက အရသာပဲ''

ကျွန်မ ခပ်ဟဟပြုံးပြီး သူ့ထံမှ မျက်နှာလွှဲလိုက်သည်။

''ဘဝအတွက်ရော''

''ဘဝအတွက်လည်း သိပ်ကြီးကြီးမားမား မမျှော်လင့်ပါဘူး။ ကိုယ်အသက်ရှင်နေတဲ့ ကမ္ဘာမြေကြီးအတွက် မသေခင်မှာ တစ်နည်းနည်းနဲ့ အသုံးတည့်တဲ့သူ၊ အသုံးဝင်တဲ့သူ ဖြစ်နေရင်တော်ပြီ''

ဘဝဆီကနေ လိုချင်တာတွေလည်း များလွန်းလှပြီး သူများကို ပေးချင်တာတွေလည်း များလွန်းလှသော မင်းညိုစင်အတွက် ကျွန်မက ကရုဏာသက်စရာ မိန်းကလေးတစ်ယောက်အဖြစ်ထက်ပိုဖို့ ခဲယဉ်းလေမလား မသိ။ ကိုခွန်သာလို လူမျိုးအတွက်တော့ ကျွန်မ အဖြေ တန်ဖိုးရှိ နေလိမ့်မည်ထင်ပါသည်။

✣ ✣ ✣



***Who is that girl I see staring straight back at me?***

***When will my reflection show who I am inside?***

ခရစ္စတီနာ အာဂီလာရာ၏ Reflection သီချင်းက ခပ်တိုးတိုး။ တံခါးခေါက်သံတစ်ခုက ခပ်ကျယ်ကျယ်။

''Yes''ကျွန်မ အော်လိုက်၏။

တံခါးပွင့်သွားသည်။ မမသော်...၊ ကျွန်မ မေးငေါ့၍ ဘာလဲဟု မေးလိုက်သည်။

''ဧည့်သည်''

မမသော်က ပြုံးစေ့စေ့ ပြောလေသည်။

''ဘယ်သူလဲဟင်''

''ဦးချစ်မောင်လေး''



www.burmeseclassic.com

www.burmeseclassic.com



အိုး…

ကျွန်မ ခုတင်ပေါ်မှ ခုန်ဆင်းလိုက်မိ၏။

ဟာ ဒါဖြင့် ဒီနေ့ သောကြာနေ့ပေါ့နော်။

ကျွန်မ အခန်းပြင်သို့ ပေါ့ပါးစွာထွက်လိုက်တော့ မမသော်တာ လက်ဖြင့်လှမ်းတားသည်။

"ထမီလေးဘာလေး လဲသွားဦးလေ၊ ဘောင်းဘီကြီးနဲ့ ဟိုထ ယောပုဆိုးနဲ့ လည်ကတုံးအင်္ကျီဖြူ လက်ရှည်နဲ့တော့"

"ဒီဘောင်းဘီက ကြဲ့လား"

"မကြဲ့ပါဘူး"

"မကြဲ့ရင် မလဲဘူး"

အခန်းပေါက်ဝတွင် ကန့်လန့်ခံနေသော ဝေါ့လ်ကင်းရှူးကို ခလုတ်တိုက်ပစ်လိုက်ပြီး ကျွန်မ ဧည့်ခန်းသို့ ခပ်သွက်သွက် ထွက်ခဲ့ ပါသည်။ သူ့ကိုမတွေ့ရတာ ကြာပြီမဟုတ်လား။

"မေဇော်"

သူက စားပွဲပေါ်မှ သတင်းစာတစ်စောင်ကို ကိုင်ဖတ်နေရင်း ကျွန်မအား လှမ်းကြည့် နှုတ်ဆက်သည်။

"အိပ်ရာက နိုးနေရဲ့လား"

"အင်း"

"ဘာလုပ်နေလဲ"

"သီချင်းနားထောင်နေတာ"

ကျွန်မ သူနှင့်ကပ်လျက် ဆိုဖာမှာ ပစ်ထိုင်ချလိုက်၏။

"ဘာသီချင်းလဲ"

"ခရစ္စတီနာ အာဂီလာရာ"





"အော…"

"နင် မသိဘူးမဟုတ်လား"

"သိပါတယ်ဟာ အမ်တီဗွီမှာ မြင်ဖူးနေတာပဲ၊ ဘရစ်တ်နီ စပီးယားနဲ့အတူ အဆိုတော်ဖြစ်ခဲ့တယ်ဆိုလား ဘာလား။ ချောချော လေးလေ"

"ဟား ဂွတ်ဒ်"

ကျွန်မ နောက်ပြောင်လျက် ချီးကျူးတော့ သူက ရယ်သည်။

"အထင်မသေးပါနဲ့ဟ၊ တို့ဂျာနယ်မှာ အင်တာတိန်းနဲ့မင့် ကဏ္ဍမှာ တစ်ခါတစ်ခါ သီချင်းတွေ အဆိုတော်တွေအကြောင်း ထည့်တယ် လေ"

ဒါပေမယ့် အဲဒီသီချင်းတွေကို တစ်ပုဒ်မှ သူ အစအဆုံး နား ထောင်ဖူးမှာ မဟုတ်။ ကျွန်မ ပြောရဲပါသည်။

"ကော်ဖီ သောက်မလားဟင်"

"အင်း… နင်သောက်ပြီးပြီလား"

"အေး ငါဆာတာနဲ့ သောက်လိုက်ပြီ"

"အဲ… ဒါဆိုနေပစေတော့၊ မသောက်တော့ဘူး"

ဟင်…။ ကျွန်မ သောက်ပြီးတာနဲ့ပဲ သူက မသောက်တော့ဘူး တဲ့။

"မဟုတ်သေးပါဘူး။ နင် ဘာစားခဲ့ပြီးပြီလဲ"

"ဘာမှ မစားရသေးပါဘူး"

တွေ့လား။ အဲဒီ မင်းညိုဟာလေ၊ ကျွန်မ မျက်မှောင်ကြုတ်လိုက် မိသည်။

"ဒါနဲ့များ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ထိုင်ရာမှ ထလိုက်သည့်အခါ သူ ကမန်းကတန်းတား

"မေဇော် နေပစေလေ၊ ခဏနေရင် ငါပြန်မှာပဲ၊ လမ်းထိပ်

ရောက်တော့မှ လဘက်ရည်ဆိုင် ဝင်သောက်မှာပေါ့"

ခဏနေရင်...၊ ဘာလဲ သူက ကြာကြာမနေဘူးပေါ့။

"ခဏပဲနေမှာလား။ ဒါဖြင့်နင်က ဘာလာလုပ်တာလဲ"

"ဂျာနယ်လာပေးတာလေ၊ လက်ဆောင်"

"မပြန်ရသေးပါဘူး။ နေခဲ့ ငါ ကော်ဖီသွားဖျော်မယ်"

***So sad but true. For me there's only you.***

လွမ်းနေသော မိန်းကလေးနှစ်ယောက်၏ သီချင်းသံကို ကြား

ရသည်။ မင်းညို... ကြားလား အမ်တူးအမ်ရဲ့သီချင်း။

ဝမ်းနည်းဖို့တော့ ကောင်းတယ်၊ ဒါပေမယ့် အဲဒါ တကယ်ပါ

ငါ့အတွက်ကတော့ ဘဝမှာ နင်တစ်ယောက်တည်းပါဟာ...တဲ့ သီလား

မင်းညို ပြုံးနေသည်။ ကျွန်မ ရင်ထဲမှာ လှုပ်ခနဲ ဟာသွား

လွမ်းတယ်။ နင့်ကို မတွေ့ရတာ ကြာလှပြီနော်။

ပန်းရနံ့တွေ မွှေးလိုက်တာ။ ဘာပန်းပါလိမ့်။

"စံကားဖြူလေ"

မင်းညိုစင် ကျွန်မရှေ့မှာ ရပ်နေသည်။

အို သူ့လက်ထဲမှာ ဖြူဆွတ်နေသော စံကားပန်းတစ်ပွင့်ရှိ

ပွင့်ချပ်က ဘယ်နှခုပါလိမ့်... ရှစ်ခု။ ပန်းရနံ့က သူ့ဆီက လာနေခြ

ဖြစ်သည်။ ကျွန်မ ကြည့်နေစဉ်မှာပင် သူက ပန်းကို မွှေးရှိုက်လိုက်

ကျွန်မ ရင်ထဲမှာ နွေးသွားသည်။ ကျွန်မကို မွှေးလိုက်သလို

"ဒီပန်းနာမည်က မက်ဂ်နိုလီယာ ကိုးဘတ်စ်...တဲ့။ တချို





တော့ သူ့ကို Sleeping Beauty လို့ ခေါ်ချင်ကြတယ်။ မင်းသားလေးရဲ့

အနမ်းနဲ့မှ နိုးလာတဲ့ အလှမယ်လေးပေါ့"

လှ လိုက် တာ ။

"ငါလည်း စလိပင်းဗြူတီပေါ့"

"နင်ကရော ဘယ်သူ့အနမ်းနဲ့ နိုးမယ့်အလှလေးလဲ"

ကျွန်မ မဖြေပါ။ ပြုံး၍သာ မျက်လွှာချထားမိသည်။

"မေဇော်"

နင်သိပါတယ်နော် မင်းညို။

"ငါသိပါတယ်"

တိတ်ဆိတ်သွားသည်။ ဟိုးအဝေးမှာ မြစ်ရေစီးသံ... ကျွန်မ

အနီးမှာတော့ သစ်ရွက်များ လှုပ်ခတ်သံ...

မဟုတ်ပါဘူး။ ကျွန်မရဲ့ နှလုံးခုန်သံပါ။

"မျက်စိမှိတ်ထား"

ကျွန်မ ပခုံးကျုံ့ပြီး ရယ်မောလိုက်ကာ မျက်စိအစုံကို မှိတ်ထား

လိုက်၏။

ပထမဆုံးအာရုံက ပါးပြင်ပေါ်မှာ ထိကပ်လိုက်သော နူးညံ့သည့်

အတွေ့တစ်ခု...၊ စံကားဖြူပွင့်ချပ်လေးထိသွားသလို ရွရွလေး။

နောက်တစ်ခုက မသိမသာလေးသာ ရသော မွှေးရနံ့...။ ပန်းနံ့

မဟုတ်၊ အင်္ကျီက လာသောရနံ့ပါ။ မီးပူတိုက်ထားသည့် လတ်ဆတ်

သော အဝတ်စ ရနံ့၊ သူဝတ်ထားသည့် အင်္ကျီကို ကျွန်မ အလွန်

မွှေးကြည့် ချင်ခဲ့ဖူးသည်။ တစ်ခါမှ သူ့အင်္ကျီကို မျက်နှာအပ်ခွင့်

မရခဲ့ဘူးချေ။

ကျွန်မ သူ့ရင်ဘတ်ကို မျက်နှာနှင့် ထိကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အို... အပြုံးရောင်အကျီက နွေးလိုက်တာနော်။ ကျွန်မနှုတ်ခမ်းအောက်မှာ အသာအယာ လှုပ်နေတာ သူ့ရင်ထဲက ခုန်နေတဲ့ နှလုံးသားလား။

မင်းညိုရယ်... စောင့်လိုက်ရတာ။

သူ့မျက်နှာကို ကျွန်မ လွမ်းတစွာ မော့ကြည့်မိသည်။

ဘုရားရေ...

ကျွန်မ ထိတ်လန့်စွာ ထိုရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ မရ။ နောင်ဖွဲ့မှုက တင်းကြပ် မြဲမြံလွန်းသည်။ ကျွန်မ သွားပါရစေ။

ကျွန်မကို ငုံ့ကြည့်နေသူသည် ကိုခွန်သာ ဖြစ်နေလေသည်။

ကျွန်မ ပါးပြင်ပေါ်သို့ မျက်ရည်တွေ လိမ့်ဆင်းကျလာခဲ့သည်။

မွှေးရနံ့ကြောင့် ကျွန်မ နိုးလာသလား။ အဝေးအမြင့် တစ်နေရာက သစ်ရွက်လှုပ်ခတ် ယိမ်းနွဲ့ခိုက် ပါးပြင်သို့ တစ်ချက်တစ်ချက် လာထိသော နေရောင် နွေးနွေးကြောင့် နိုးလာတာလား။ ကျွန်မ မသိ။

ကျွန်မ အိပ်မက် မက်နေခဲ့တာဟု သိလိုက်ချိန်တွင် ကျွန်မ ပါးပြင်ပေါ်၌ မျက်ရည်စများ စွန်းထင်းလျက် ရှိသည်ကိုပါ တွေ့လိုက်ရသည်။

ကျွန်မ အိပ်ရာပေါ်က မထသေးဘဲ ဆက်လှဲနေမိ၏။

မင်းညို...

အိပ်မက်ဆိုတာ လူတစ်ယောက်နဲ့တစ်ယောက် အတွေး[illegible] လှိုင်းတွေ၊ သံလိုက်လှိုင်းတွေ ဆက်သွယ်မိသွားတာလား။ ဒါဆို[illegible] မင်းညိုလည်း ကျွန်မကို သတိရနေတယ်ပေါ့။ အေးလေ သတိရ[illegible] အီးမေးလ်တွေ ခဏခဏ လှမ်းပို့နေတာပေါ့။





ဒါမှမဟုတ် စွဲလန်းစိတ်နဲ့မက်တာ ဆိုရင်ကော။ ကျွန်မ တစ်ယောက်တည်းရဲ့ တစ်ဘက်သတ် အစွဲကြောင့် မက်တာများလား။ အဲဒါက ပိုဖြစ်နိုင်ပါသည်။ ဘာကြောင့်လဲဆိုတော့ မင်းညိုက ကျွန်မကို သည်အချိန်မှာ သတိရနိုင်မှာ မဟုတ်လို့ပဲ။ ကျွန်မ သိနေပါသည်။ သည်နေ့လို နေ့မျိုးမှာ တစ်ညလုံး မအိပ်ရဘဲ နံနက်မိုးလင်းသည်အထိ စာတွေရေးလို့ စာမျက်နှာ ဖောင်ဖွဲ့ ပြင်ဆင်လို့ မပြီးသေး။ ကျွန်မကို သတိရဖို့ မဆိုထားနှင့်၊ သူ့ကိုယ်သူ မျက်နှာသစ် ရေချိုးဖို့ပင် အချိန်မရ၊ စိတ်မရောက်နိုင်သေးပေ။

တစ်ခါတုန်းက အကြောင်းမသိမီ အချိန်တွေတုန်းက တနင်္လာနေ့ နံနက်ကိုးနာရီလောက်မှာ ကျွန်မ သူ့ဆီဖုန်းဆက်ခဲ့ဖူးသည်။ ကျွန်မ အတွေးက အယ်ဒီတာတစ်ယောက် ရုံးတက်ချိန်ဟာ နံနက်ကိုးနာရီ ဒီတော့ သူဒီအချိန်ဆို ရုံးရောက်နေလောက်ပြီ...ပေါ့။

ကျွန်မ ခန့်မှန်းတာတွေ တော်တော် လွဲခဲ့၏။

"မေဇော်လား၊ ပြော ဘာအရေးကြီးသလဲ"

သူ့အသံက ရေးကြီးသုတ်ပျာ၊ စိတ်စောနေသည့်ပုံ။

"ဟိုဟာလေ၊ မနေ့က ဖုန်းဆက်တုန်းက မေ့သွားလို့ မနက်ဖြန်ညမှာ အားလီးယောင့်စ်မှာ ပြင်သစ်အစားအစာ ပြပွဲရောင်းပွဲရှိတယ်လေ။ အဲဒါ နင်နဲ့ငါ သွားစားကြရအောင်လို့၊ အဲဒါ ဒီနေ့ကတည်းက ကိုယ်စားချင်တဲ့ အမျိုးအစားကို ကြိုတင်စာရင်းပေးထားရမှာလေ၊ နင်ဘာစားချင်လဲဆိုတာ..."

"ဘာပြောတယ်"

"ပြင်သစ် ပြင်သစ် ...၊ Alliance Française လေ"

"မေဇော် နင့်ပြင်သစ်အစားအစာကို ငါ စိတ်မဝင်စားဘူး။



www.burmeseclassic.com

www.burmeseclassic.com



သိလည်း မသိဘူး။ နင်ကြိုက်သလိုလုပ် ငါ့ကိုဘာမှမေးမနေနဲ့တော့ နောက်ပြီး နင့်ကို ပြောထားဦးမယ်၊ တနင်္လာနေ့တွေမှာ ညနေ သုံးနာရီထိ ငါမအားဘူး"

ခပ်သွက်သွက် မြန်မြန်ပြောလိုက်သော သူ့အသံကြောင့် ကျွန်မ မှားသွားပြီဟု သိလိုက်သည်။

ခဏကြောင်သွားနိုက်မှာ သူက

"ဒါပဲမဟုတ်လား။ ငါ ဖုန်းချလိုက်တော့မယ်နော်"တဲ့။

အဲသည်တုန်းက ကျွန်မ စိတ်မကောင်း ဖြစ်သွားခဲ့ရသည်။ သူ အလုပ်ရှုပ်နေသည့်အချိန်မှာ ကျွန်မက အစားအသောက်ကိစ္စ ဆက်မိခဲ့တာမို့ ရှက်လည်း ရှက်သွားမိသည်။

တကယ်တော့ အဲသည်အချိန်က ကျွန်မလည်း အားလပ်နေ တာတော့ မဟုတ်ပါ။ ဆယ်ဘီးကားကြီး၏ ဒရိုင်ဘာနှင့် ကုန်တို ပြောလို့ မပြတ်သေးသည့် အချိန်ဖြစ်သည်။ ကျွန်မက အိမ်သော ပစ္စည်းတွေ ဖေဖေ့အား ဝယ်ပေးရဦးမှာ၊ ဘယ်အချိန် အိမ်ပြန်ရောက်မည် မှန်း မသိသဖြင့် ခဏသတိရတုန်း သူ့ဆီ ဆက်လိုက်မိတာပါ။

ညနေလေးနာရီကျတော့ သူ ကျွန်မဆီ ဖုန်းဆက်လာ၏။

ကျွန်မက ဖေဖေ ရေပိုက်ခေါင်းပြင်သည့်နေရာမှာ ဝင်ကူနေ၍ မမသော်က ဖုန်းကိုင်လိုက်သည်။

"မိဖော်တဲ့၊ ဖုန်းလာနေတယ်"

ကျွန်မကိုင်ထားသော ပိုက်ဆက်ကို ချက်ချင်းလွှတ်လို့ ဖေဖေ့ဆီ ရေတွေပန်းထွက်ကုန်မှာပေါ့။ မမသော်ကို လာကိုင်ခိုင်း၍ ကျွန်မနှင့် လူချင်းလဲရပါသည်။

"ဘယ်သူလဲ မမသော်"





"ဦးချစ်မောင်လေး"

မမသော်က မင်းညိုကို ဘယ်တော့မှ နာမည်ဖြင့်မပြော၊ နာမည် ပြောင်ဖြင့်သာ ပြော၏။ မင်းညိုသည် မမသော်အတွက်တော့ ဦးချစ်မောင် လေးပဲဖြစ်သည်။

"ဘယ်က ဦးချစ်မောင်လဲ၊ ခရမ်းကလား"

ဖေဖေက နားစွန်နားဖျားကြားကာ ဝင်မေးသည်။

ကျွန်မ ရယ်မောလိုက်ရပါသည်။

"အလကား။ မမမေသော်က မင်းညိုကို နာမည်ပြောင် ပေးထား တာဖေဖေ။ ဦးချစ်မောင်လေးတဲ့"

"ဘာလို့လဲ"

ဂျာနယ်ကျော်ဦးချစ်မောင်ကို မသိသော ဖေဖေ့မေးခွန်းကို ဖေဖေ့အား ရှင်းပြဖို့ ငါးမိနစ်လောက်ကြာနိုင်သည်။ ထို့ကြောင့် ထိုကိစ္စကို မမသော်နှင့် လွှဲထားခဲ့ပြီး ရယ်မောရင်း တယ်လီဖုန်းဆီ အပြေးလာ ခဲ့ပါသည်။

"ဟဲလို"

"မေဖော်၊ အလုပ်များနေသလား"

မင်းညို အသံက နူးညံ့စွာ ချော့မော့ဟန်ပါ။

"ဒီအချိန်မှာ ငါအလုပ်များနေတတ်တာ နင်မသိဘူးလား၊ နောက်ကို တနင်္လာနေ့တွေမှာ ဘယ်တော့မှ မဆက်နဲ့"

ကျွန်မ ခပ်ဆတ်ဆတ် လေသံဖြစ်အောင် ဟန်လုပ်လျက် သူ့ကို ပြောပစ်လိုက်သည်။ သူရယ်မောမလားဟု မျှော်လင့်လျက်ဖြစ်သည်။ သို့သော် သူမရယ်ပါ။ အလေးအနက် အသည်းအသန် ဖြေရှင်းဖို့ ကြိုးစားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...မဖော်ကလဲ၊ ငါမနက်က အဲဒီလေသံနဲ့ ပြောခဲ့
လား"

"ပြောတယ်"

"မပြောပါဘူးဟာ၊ ငါနင့်ကို ပြေပြေလည်လည် ပြောခဲ့တာ မဟုတ်လား။ နင်ငါ့ကို အထင်မလွဲနဲ့လေ၊ ငါတို့ အဲဒီအချိန်က အသည်းအသန် လုပ်နေရတဲ့ အချိန်ဟ၊ စာတွေက ရေးလို့မပြီး၊ ရေးပြီးသားတွေက စာစီလို့မပြီး၊ စာစီပြီးသားတွေက စာမျက်နှာဖွဲ့လို့မပြီး။ အားလုံးမောနေရတဲ့အချိန်၊ ကွန်ပျူတာသမားတွေရော လေးအောက်ဒီဗိုင်သမားတွေရော ငါ့ကို စောင့်နေကြတဲ့ အချိန်၊ ငါနင်နဲ့ အေးအေးဆေးဆေး ဘယ်လိုလုပ် ပြောနိုင်ပါ့မလဲ။ ဒါကြောင့် စကားဖြတ်ချလိုက်ရတာ စိတ်ဆိုးနေတယ်ပေါ့"

"ဆိုးတာပေါ့"

"ကဲ...နင်စိတ်ဆိုးပြေအောင် ငါ ဘာနဲ့ချော့ရမလဲ ပြော"

"ခဏလေး ငါစဉ်းစားလိုက်ဦးမယ်"

"အဲ... စိတ်ဆိုးတဲ့လူကလည်း၊ ဘယ်လိုကြီးတုန်း"

ကျွန်မ ရယ်ပစ်လိုက်မိ၏။

"ဒီလိုကြီးပဲ"

"ဒါဖြင့် နင်စဉ်းစားလို့ရအောင် ငါကူညီမယ်၊ မနက်ဖြန် ပြင်သစ်အစားအစာမှာပြီးပြီလား"

"မှာပြီးပြီ"

"ငါ့အတွက်ရော ပါလား"

"ပါတယ်" ကျွန်မ ဆောင့်ဆောင့်အောင့်အောင့် ပြောမိသည်။

"အဲဒီပြင်သစ်စာကို ငါက ကျွေးမယ်လေ၊ ဘယ့်နှယ်လဲ"





မင်းညိုအကြောင်းကို ပြန်တွေးမိတိုင်း ကျေနပ်ကြည်နူးစွာ ပြုံးချင်နေမိသဖြင့် တစ်ခါတစ်ခါများ သတိလက်လွတ် လွှတ်ခနဲ ပြုံးမိသွားတတ်ပါသည်။

ကျွန်မ ပင့်သက် ရှိုက်လိုက်မိသည်။

မင်းညိုနဲ့ စကားပြောချင်လိုက်တာ။

မွေ့ရာပေါ်မှာ ကျွန်မ လှိမ့်ပစ်လိုက်ပြီး အလျား မှောက်သိုက်သည်။ မင်းညိုစင်ကို ဘယ်လိုနည်းနှင့် စကားပြောနိုင်မလဲဟု အကြံထုတ်လို့ ဖြစ်သည်။ တယ်လီဖုန်းဆက်တဲ့နည်း တစ်နည်းပဲ ရှိသည်။ တယ်လီဖုန်းက တောကြီးရွာမှာ မရှိ၊ မြို့ထိအောင် သွားရမည်။ ဆယ်နှစ်မိုင်...။ အို ဝေးပါစေ။ သူ့အသံကို ကျွန်မက ကြားချင်လှပြီ မဟုတ်လား။ ဖြစ်နိုင်လျှင် နေ့စဉ်ကိုပဲ ကြားချင်သည်။

ခဏနေဦး။ ဒီနေ့ ဘာနေ့ပါလိမ့်။ တော်ကြာ ကျွန်မဆက်သည့်အချိန်မှာ သူအလုပ်ရှုပ်နေလျှင် ကျွန်မ ဝမ်းနည်းရတာပဲ အဖတ်တင်လိမ့်မည်။

တနင်္လာနေ့ ...၊ ဆိုးလိုက်တာ။ တနင်္လာနေ့ဆိုလျှင် ဒီအချိန်မှာ သူ အလုပ်ရှုပ်နေပြီပေါ့။ အို ဘာပဲဖြစ်ဖြစ် ရှုပ်ရှုပ်မရှုပ်ရှုပ်၊ ကျွန်မက အဝေးကြီးကနေ ဆက်တာပဲ၊ ကျွန်မကို သူ ပြတ်ပြတ်တောက်တောက် ပြောမှာ မဟုတ်ပါဘူး။

စိတ်က နွမ်းနယ်နေရာမှ ချက်ချင်း လန်းဆန်းသွားသည်။

ထို့ကြောင့် သီချင်းလေးတစ်ပုဒ်ပင် ညည်းမိသွားလေသည်။

*from this moment life has begun*

*from this moment you are the one*



www.burmeseclassic.com

www.burmeseclassic.com



*right beside you                    is where I belong*

*from this moment on*

ရှုနိုင်ယာတွိန်း၏ သီချင်းလေးက အခုလို နံနက်ခင်းမှာ ပြီးပြည့်
သောအချစ်ကို ပေးစွမ်းနိုင်လေသည်။

အခု တစ်ခဏကစလို့          ဘဝ စခဲ့ပါပြီ
အခုတစ်ခဏကစလို့          နင်ကသာတစ်ဦးတည်းသောသူပါ
နင့်ရဲ့ဘေးကပ်လျက်မှာ          အဲဒါ ငါ့ကို ပိုင်ဆိုင်တဲ့နေရာပါပဲ
အခုတစ်ခဏက စလို့ပေါ့ကွယ်

*you're the reason I believe in love*
*and you're  the answer to my prayers to me  from up above*
*all we need is just two of us*
*My dreams came true  because of you*
*from this moment as long as I live*
*I will love you I promise you this*
*there is nothing I wouldn't give*
*from this moment on*

အောက်ထပ်သို့ ဆင်းသွားသောအခါ ကိုသီဟကို ထမင်းစားပွဲ
မှာ စာအုပ်တစ်အုပ် ဖတ်လျက်သား တွေ့ရသည်။ စားပွဲပေါ်မှာ
ကော်ဖီပန်းကန် သောက်လက်စ။





"မမေဖော် မနိုးသေးတာနဲ့ ကော်ဖီ ဖျော်မထားဘူး"

"ဟုတ်ကဲ့ ရတယ်ဆရာ၊ အခုဖျော်လိုက်တော့ ပူပူသောက်ရ
တာပေါ့"

"အပြင်သွားမလို့လား"

ကျွန်မ၏ အဝတ်အစား အဆင်အပြင်ကို ကြည့်ပြီး ကိုသီဟက
မေးသည်။

"ဟုတ်ကဲ့၊  တယ်လီဖုန်းဆက်ချင်လို့ဆရာ။  မြို့သစ်ကို
သွားရမှာ"

"ဘာနဲ့ သွားမှာလဲ"

ကျွန်မ ရဲဝံ့စွာ ပြုံးလိုက်သည်။

"ဘာပဲရှိရှိ၊ ရှိတာနဲ့ သွားမယ်ဆရာ၊ မရှိရင် ခြေလျင်လျှောက်
သွားမယ်"

"အရေးကြီးလို့လား"

"ဟုတ်ကဲ့"

မင်းညိုအသံကို ကြားရဖို့လောက် အရေးကြီးတာ ကျွန်မမှာ
များများစားစား မရှိနိုင်ပါဘူး။

ကျွန်မ ကော်ဖီကို ဖျော်နေစဉ် သူက လှမ်းပြောသည်။

"မမေဖော် ဆိုက်ကယ်နောက်က ထိုင်လိုက်ရဲရင်တော့ အဆင်
ပြေမယ်ဗျ၊ ကျွန်တော့် သူငယ်ချင်း ဆိုက်ကယ်ကို ယူလိုက်လို့ရတယ်"

ကျွန်မ တစ်ချက်တော့ စဉ်းစားရသည်။ ရွာကလူတွေ
အတွက်ပါ။ သူတို့က ကျွန်မနှင့် ကိုသီဟကို တစ်မျိုးတစ်မည်များ
ထင်သွားလေမလား။ ရွာဆိုတာက နီးစပ်စွာ တွေးတတ်ကြသူတွေ
နေတဲ့နေရာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော့်ကိုလည်း ယုံတယ် ဆိုရင်ပေါ့လေ”

ကျွန်မ သူ့ကို လှည့်ကြည့်ပြီး ပြုံးပြလိုက်ပါသည်။

“ယုံပါတယ် ဆရာ၊ ဒါပေမယ့် ရွာကလူတွေ မျက်စိနောက်စရာ ဖြစ်မှာစိုးလို့ပါ။ နွားလှည်းနဲ့ ဆိုရင်ကောဟင်”

ကိုသိဟ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ သူသည်ထို ရယ်တာ တစ်ခါမှ မတွေ့ဘူးသဖြင့် ကျွန်မ အထူးအဆန်းဖြစ်ကာ လိုက်ရယ်မိသည်။

“အဲဒီလောက်တော့ မဆိုးလှပါဘူး မမဇော်၊ ဒီရွာမှာ ဂျစ်ကား နှစ်စီး ရှိပါတယ်။ ခရီးဝေးသွားမနေဘူးဆိုရင် ဒီနေ့ တစ်ချိန်ချိန်မှာတော့ တစ်စီးစီးတော့ ငှားလို့ ရနိုင်မှာပါ။ သိပ်အရေးမကြီးဘူးဆိုရင်လေ”

“အို ဟုတ်လားဆရာ ဒါဆို အဆင်ပြေတာပေါ့၊ ဒီနေ့ ဆက်ရ ရင် တော်ပြီလေ၊ နေ့လည်ဆိုလည်း ရတာပါပဲ”

သုံးနာရီကျော်လျှင် ပိုတောင် အဆင်ပြေလိမ့်ဦးမည်။ သူ အား သွားပြီလေ။

“ကောင်းပြီလေ၊ ကျွန်တော်ရွာထဲသွားပြီး ကားစုံစမ်း ပေးမယ်”

“ကျေးဇူးတင်ပါတယ် ဆရာရယ်”

“အဘိုးရှိတုန်းကတော့ ဒီအိမ်မှာ ဂျစ်ကားတစ်စီးရှိတယ်ဗျ အဘိုးဆုံးသွားတော့ မောင်းမယ့်သူလည်း မရှိ၊ ဒီမှာနေမယ့်သူလည်း မရှိလို့ ရောင်းလိုက်တာ”

“အဘိုးနဲ့အဘွား ဘယ်သူက အရင်ဆုံးတာလဲ”

သူက ခပ်ငေးငေးပြုံးလျက်“အဘွား” ဟု ဖြေသည်။

“သူတို့နှစ်ယောက်ကမှ တကယ့်ဘဝအဖော်ဗျ၊ သေတတ်





ဆက်တဆုံး ဆိုတာမျိုးပေါ့၊ တစ်ယောက်ကို တစ်ယောက်လည်း တစ်ခါမှ တစ်ပတ်ပြည့်အောင် မခွဲဘူးဘူးလို့ပြောတယ်။ တစ်ယောက်နဲ့ တစ်ယောက် အော်တာငေါက်တာ ဒေါသထွက်တာလည်း တစ်ခါမှ မမြင်ဖူးဘူး။ အဘွားက လေဖြတ်ပြီး ဆုံးသွားတာ၊ အဘိုးက အဘွားကို သိပ်ချစ်တယ်။ ဒေါ်တင်ကို စိတ်မချလို့ သူကိုယ်တိုင် နေ့ရောညပါ ပြုစုတာ၊ တစ်ချက်လေးမှ မညည်းဘူး။ ကျွန်တော်က အဲဒီအချိန်တုန်းက မြစ်ကြီးနား ကောလိပ်မှာမို့ ခဏခဏ မလာနိုင်ဘူးလေ၊ အဘွားဆုံးပြီး တော့ နှစ်လပဲကြာတယ်။ အဘိုး ဆုံးသွားတာပဲ။ ဘာရောဂါမှ မရှိဘူး။ သွမ်းတဲ့ရောဂါပဲ”

သူ့မိခင်၏ အိမ်ထောင်ရေးကို အားမရရာမှ ထွက်ပေါ်လာသော စကားများ ဖြစ်နိုင်ပါသည်။

“သူတို့သမီးဆုံးတုန်းက သူတို့တော်တော် ခံစားလိုက်ရမှာပဲ နော်”

သူ ခဏ တွေသွားသည်။ သူ့မိခင်သေဆုံးသည့် ကိစ္စအတွက် သူ့ခံစားချက်က အဘိုးအဘွား၏ခံစားချက်ထက် ပိုမည်ဟု ကျွန်မ နိုင်မိသွားပါသည်။

“အေးဗျာ၊ ကျွန်တော်တို့ အားလုံးကို ထိခိုက် တုန်လှုပ်သွားစေ တဲ့ ရိုက်ချက်တစ်ခုပါပဲဗျာ”

အဲဒီနေ့က ဆရာ့မေမေ နေ့စဉ်မှတ်တမ်းရေးသွားသေးလား။ သူ့ကို မေးချင်သည့် မေးခွန်းတစ်ခုပါ။ သို့သော် မမေးဖြစ်။ အချိန်ကာလ စောသေးသည်။ ထို့ကြောင့် စကားလွှဲပစ်လိုက်မိပါသည်။

“ဒါနဲ့ ဆရာကျောင်းပြီးတာ မန္တလေးတက္ကသိုလ်ကနော်”

“ဟုတ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးတက္ကသိုလ် စာကြည့်တိုက်က စာအုပ် သိမ်းစုံထား
ဆို"

"ဟုတ်တယ် မမေဇော်၊ မမေဇော်က စာကြည့်တိုက်တွေ
ချစ်ပုံရတယ်"

"ချစ်တာပေါ့ဆရာ၊ ကျွန်မ မရောက်ဘူးတဲ့ စာကြည့်တိုက်
ဆိုရင် သိပ်သွားချင်တာပဲ"

"စာကြည့်တိုက်တွေက စိတ်ဝင်စားစရာလည်း ကောင်းတယ်
စာကြည့်တိုက်တစ်ခုကို ကြည့်လိုက်ရင် ကျောင်းသားတွေ၊ ဒါမှမဟုတ်
ပြည်သူတွေရဲ့ ပညာလေ့လာမှုကို သိနိုင်တယ်။ အင်း နိုင်ငံတော်အစိုး
ပညာရေးစနစ်အောင်မြင်လား မအောင်မြင်ဘူးလားလည်း သိနိုင်သ
ဆိုပါတော့"

ကျွန်မတို့သည် စာကြည့်တိုက်အကြောင်းမှ စာအုပ်
အကြောင်းသို့ ရောက်သွားလိုက်၊ စာအုပ်တွေအကြောင်းမှ စာရေးဆ
တွေအကြောင်း ရောက်သွားလိုက် ရှိသည်။ အကြိုက်ဆုံး စာရေးဆ
များအကြောင်း ဆွေးနွေးဖလှယ်ကြသည်။ နောက်ဆုံးတော့ မြဦးမေ
ပြန်ရောက်သွားရသည်။

"မြဦးမေရဲ့စာအုပ်တွေထဲမှာ ဆရာ ဘာအကြိုက်ဆုံးလဲဟင်"

"ကျွန်တော်ကတော့ ဝတ္ထုတိုတွေကို ပိုကြိုက်တယ်ဗျ။ ဝတ္ထု
တွေမှာ အတ္တပိုကင်းသလားလို့ လုံးချင်းဝတ္ထုတွေမှာတော့ ဘက်လိုက်
နည်းနည်းတွေ့နေရသလိုပဲ၊ ကျွန်တော်အကြိုက်ဆုံးလုံးချင်းဆိုရင်..."

သူခဏ စဉ်းစားလိုက်ပြီး

" 'မြစ်ကမ်းပါးတွင်' ကို ကြိုက်တယ်ဗျာ"

ကျွန်မ အခွင့်ရသွားခိုက် သိချင်တာကို မေးလိုက်မိသည်။





"အဲဒီဝတ္ထုက ပြင်သစ်ဝတ္ထုတစ်ပုဒ်ကို မှီးတာဆိုတာ ဟုတ်
သလား ဟင်"

သူက ခေါင်းခါယမ်းသည်။

"မဟုတ်ပါဘူး။ နံပါတ်တစ်အချက်– မေမေက ပြင်သစ်စာ
မတတ်ဘူး။ အဲဒီဝတ္ထုက အင်္ဂလိပ်ဘာသာပြန်မရှိဘူး။ နံပါတ်နှစ်
အချက်– အဲဒီစာအုပ်ကို ကျွန်တော် နိုင်ငံခြားသွားတုန်းက အင်တာနက်
တနေ မရရအောင်ရှာပြီး မှာယူခဲ့တာမို့ ကျွန်တော့်မှာ ရှိတယ်။ ကျွန်တော့်
သူငယ်ချင်းကို ဖတ်ခိုင်းပြီး မေမေ့စာအုပ်နဲ့ ကျွန်တော် တိုက်ကြည့်
ခဲ့ပြီးပါပြီ။ လုံးဝ မဟုတ်ပါဘူး။ မမေဇော် ဖတ်နိုင်မယ်ထင်တယ်၊
ဖတ်ကြည့်ချင်လား"

ကျွန်မ တော်တော် ဝမ်းသာသွားပါသည်။ ခက်ချင်လည်း
ခက်ပါစေတော့။ ကျွန်မ ဖတ်ကြည့်ချင်ပါသည်။

"ဟုတ်ကဲ့၊ ဖတ်ချင်လိုက်တာ ဆရာ၊"

"အပေါ်က အနက်ရောင်စာအုပ်ဘီရိုထဲမှာ ရှိတယ်၊ မမေဇော်
အေးအေးဆေးဆေးဖတ်နိုင်အောင် ရန်ကုန်ယူသွားလို့ ရပါတယ်။
ဖတ်ပြီးမှ ပြန်ပေးပေါ့။ ကျွန်တော်လည်း ဒီကိစ္စ လူပြောများလွန်းလို့
အမှန်ကို သိစေချင်တယ်လေ"

" *Sous Les Étoils* ဆို ဟုတ်လားဆရာ၊"

သူက ပြုံး၏။

"ကျွန်တော် မခေါ်တတ်ဘူးဗျ။ သူငယ်ချင်း ဘာသာပြန်ပြ
တာတော့ ကြယ်ရောင်အောက်မှာ တဲ့"

"ဟုတ်တယ် အဲဒီနာမည်ပဲ၊ အော် ဆရာ့မှာ ရှိမှန်းသိလို့
အသေအချာ ရှာမကြည့်ခဲ့မိတာ၊ ဒါနဲ့..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ကို စပ်စုချင်စိတ်တွေ ပေါ်လာ၏။ မင်းညိုဆိုလျှင်တော့ ကျွန်မကို နှာခေါင်း ရှုံ့ချင်လိမ့်မည်။ ကျွန်မ သိချင်သည်မှာ သူ... ကိုသီဟ အသက်သုံးဆယ်ကျော်သည်အထိ ဘာကြောင့် အိမ်ထောင်မပြုသလဲ ဆိုတာမျိုး။ သို့သော် အဲဒီအထိတော့ စပ်စုရန် မကောင်းပါ။

သူက ကျွန်မ တစ်ခုခုပြောတော့မည်ပြုပြီး မပြောသေး ရပ်ထားသည်ကို လမ်းဖွင့်ပေးချင်ဟန် ရှိ၏။ ကျွန်မအား မျက်မှောင် ပင့်ပြသည်။

"ဒါနဲ့ ဆရာပြောပြောနေတဲ့ ဆရာ့သူငယ်ချင်းဆိုတာ... အဲ-အမျိုးသမီးလားဟင်"

သူက မျက်မှောင်တွန့်သွားသည်။

"မဟုတ်ပါဘူး။ ဘာဖြစ်လို့ မေးတာလဲ"

ကျွန်မ သူ့အား မျက်နှာချိုသွေးသလို ပြုံးပြလိုက်ရသည်။

"အော် ဆရာ့ကို ပြင်သစ်စာနဲ့ ပတ်သက်ပြီး ခထာခထာ စိတ်ရှည်လက်ရှည် ကူညီပေးနေတာဆိုတော့..."

ကျွန်မ စကား မဆက်တတ်တော့သဖြင့် တစ်ပိုင်းတစ်စနှင့်ပဲ ရပ်ထားလိုက်မိသည်။

"ယောကျ်ားပါ၊ ကျွန်တော့်လိုပဲ တက္ကသိုလ်က ဆရာပဲ။ ကျွန်တော့်မှာ ရင်းနှီးကျွမ်းဝင်တဲ့ မိန်းမ သူငယ်ချင်းရယ်လို့ မရှိဘူးဗျ"

သူ့စကားကြောင့် ကျွန်မသူ့ကို မသိမသာ အကဲခတ်ကြည့်မိသည်။ သူ့ပုံစံက ပုံမှန်ပါပဲ။ မိန်းမတွေကို မခင်တွယ်ဘဲ ယောကျ်ားတွေကိုသာ ခင်တွယ်သူ ပုံစံမျိုးတော့ မရှိ။ တစ်ခုတော့ရှိသည်။ သူက ကျွန်မကို တွေ့စတုန်းကလည်း တော်တော် စိမ်းစိမ်းပြတ်ပြတ် ဆက်ဆံခဲ့သည်။ သူသည် ရင်းနှီးကျွမ်းဝင်ဖို့ မလွယ်ကူသော လူတစ်ယောက် ဖြစ်မလား။



"ဒီလိုလေ၊ မိန်းမတွေက ကျွန်တော့်ကို ခင်စရာကောင်းတယ်လို့ မမြင်ကြဘူးဗျ၊ ကျွန်တော် တိုင်းတာလိုက်သမျှ ပေတံတွေကပဲ မြင့်နေသို့လားမသိဘူး၊ ကျွန်တော့်အတွက်လည်း မိန်းမတွေက ခင်စရာကောင်းဘူးဗျ၊ သူတို့လိုချင်တာလည်း ကျွန်တော့်ဆီမှာ ရှိပုံ မရဘူးလေ။ ကျွန်တော့်ကို အတန်းဖော်တွေ လုပ်ဖော်ကိုင်ဘက်တွေက နာမည်ပြောင် ပေးထားတယ်၊ မစ္စတာ ပါဖက်(က်)(တ်)တဲ့၊ ဒီလောက်ဆိုရင် ကျွန်တော့်မှာ မိန်းကလေး အပေါင်းအသင်းမရှိတဲ့ ကိစ္စအတွက် ဘာဘာညာညာ မတွေးမိလောက်တော့ပါဘူး နော်"

ကျွန်မ ဘာထင်သွားနိုင်သည်ဟုလည်း သူက ကြိုတွေးမိနေပုံပဲ။ ကျွန်မ သဘောကျစွာ ရယ်မောလိုက်မိသည်။

"ဟုတ်ပါပြီ ဆရာရယ်၊ ကျွန်မ ဘာမှလည်း မတွေးရသေးပါဘူး"

သန့်ပြန့်ပြေပြစ်သော ရုပ်ရည်ကြောင့် သူ့ကို ခင်တွယ်မိသူ မိန်းကလေး တစ်ယောက်ယောက်တော့ ရှိခဲ့မှာ သေချာပါသည်။

"မိန်းမတွေ လိုချင်တာ ဆရာ့ဆီမှာ မရှိနိုင်ဘူးဆိုတော့ မိန်းမတွေ ဘာလိုချင်မယ်လို့ ဆရာထင်လို့လဲ"

သူမျက်နှာထား ပိုတည်သွား၏။

"ဘယ်တော့မှ မဆုံးနိုင်လောက်တဲ့ ကြင်နာယုယ အလိုလိုက်မှုတွေ မဟုတ်လား။"

"ဘဝလုံခြုံမှုနဲ့ ဂုဏ်သိက္ခာလည်း လိုကြမှာပါဆရာ"

"ငွေကို လိုချင်ကောင်း လိုချင်မယ်၊ ဒါပေမယ့် ငွေစုခုတည်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မိန်းမတစ်ယောက်ကို ထိန်းမထားနိုင်ဘူး။ တခြားမကြည့်နဲ့လေ ကျွန်တော့်မေမေကိုပဲ ကြည့်။ ဖေဖေက ငွေပေးနိုင်တယ်၊ ဂုဏ်သိက္ခာ ပေးနိုင်တယ်၊ ဒါပေမယ့် ယုယကြင်နာမှုကျတော့ လိုသလောက် ဖော ဖောသီသီ မပေးနိုင်ဘူးပေါ့။ အဲဒီတော့ မေမေက တခြား တစ်ယောက်ဆီက ယူချင်ခဲ့တယ်''

သူ့အမြင်သည် မိခင်အပေါ် မကျေနပ်မှုမှ အရင်းခံခဲ့တာ ဖြစ်သည်။ ထိုအမြင် တကယ်ပဲ မှန်နေသလား။ ကျွန်မကိုယ်တိုင်ရော ယောကျ်ားတစ်ယောက်ဆီက ဘာလိုချင်ခဲ့တာလဲဟု ပြန် မေးခွန်း ထုတ်မိသည်။

မင်းညိုဆီက ကျွန်မ ဘာကို လိုချင်ခဲ့တာလဲ။

သူပြောသည့် မဆုံးနိုင်လောက်သည့် ယုယကြင်နာ အလိုလိုက်မှု တွေလား။ မင်းညိုစင်ကိုမှ ကျွန်မက ဘာကြောင့် တွယ်တာမိပါသလဲ။ သူ့အကြင်နာကြောင့်လား။ သူ့သိက္ခာ တည်ကြည်မှုကြောင့်လား။ သူ့အရည်အချင်းကြောင့်လား။

အတိအကျပြောဖို့တော့ တော်တော်ခက်ပါသည်။

''ဒါဖြင့် ဆရာကရော၊ မိန်းမတွေဆီက ဘာကိုလိုချင်တာ လဲဟင်''

အဖြေရခက်သော မေးခွန်းကို သူ့အားပြန်မေးမိသည်။ သူ တစ်ချက်တော့ တွေပြီးစဉ်းစားလိုက်သေး၏။ ခဏဆို ခဏပါပဲ။ ထို့ နောက် မြူးလျက်ဖြေသည်။

''ကျွန်တော်လား၊ မိန်းမတွေဆီက လိုချင်တာ နှစ်ခုပဲရှိ ဒါပေမယ့် အဲဒီနှစ်ခုကလည်း သူတို့ဆီမှာရှိဖို့ တော်တော် မဖြစ်နိုင်တဲ့ နှစ်ခု''





ကျွန်မ စိတ်ဝင်စားသွားသည်။

''ဘာများပါလိမ့်''

''တစ်ခုက မေတ္တာ၊ တစ်ခုက ဦးနှောက်အရည်အချင်း''

သူ့စကားအဆုံးမှာ မိန်းမအားလုံး၏ကိုယ်စား ကျွန်မ အောင့် သက်သက်ဖြစ်သွားပါသည်။

ထို့ကြောင့်လည်း သူ့ကို စိမ်းစိမ်းကြည့်ပြီး မေးခွန်းတစ်ခု ထုတ်လိုက်မိတာ ဖြစ်သည်။

''ဆရာ ဒါဖြင့် ဘဝမှာ အရည်အချင်းရှိတဲ့ တော်တဲ့ မိန်းမကို တစ်ယောက်မှ မတွေ့ခဲ့သေးဘူးလို့ ပြောချင်တာလား''

သူ ဘာမှမဖြေသေးဘဲ မီးဖိုခန်းပြတင်းမှ အဝေးတစ်နေရာသို့ ငေးကြည့်နေသည်မှာ အကြာကြီးဖြစ်သည်။

''ကျွန်တော့်မေမေက လွဲလို့လား''

''ဟုတ်တယ်၊ မြဦးမေက လွဲလို့ပေါ့''

''မေတ္တာတော့ ကျွန်တော် မသိဘူးပေါ့လေ၊ ထူးချွန် ထက်မြက် တဲ့ အရည်အချင်းရှိတဲ့ မိန်းမကိုတော့ ကျွန်တော် သတိထားမိခဲ့ဖူးပါ တယ်''

သူက မဖြေချင့် ဖြေချင်ဟန်ဖြင့် တွန့်ဆုတ်စွာ ဖြေသည်။

တွေ့လား။ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းကို အသိအမှတ် ပြုဖို့ကို သူ့လိုလူမျိုးက ဗိုပြီး တွန့်ဆုတ်မှာပေါ့။

''အဲဒီမိန်းမမှာ မေတ္တာ မပြည့်ဝဘူးလား။ ဒါမှမဟုတ် သူ့မေတ္တာ ကို ဆရာ စမ်းသပ်ခွင့်ကိုပဲ မကြုံကြိုက်ခဲ့တာလား''

ကျွန်မ မကျေနပ်စိတ်ဖြင့် မညှာမတာ ဖိမေးမိ၏။

ထိုအခါ သူ ရယ်မောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ကျွန်တော် ဒီနေ့မနက်အဖို့ အပြောတွေ သိပ်များ
သွားပြီ၊ အလုပ်စလုပ်ရင် ကောင်းမယ်"

ပြောပြီး ထိုင်ရာမှ ထရပ်သည်။

"ကျွန်တော် ရွာထဲသွားပြီး မမဇော်အတွက် ကား ရနိုင်မလား
စုံစမ်းလိုက်ဦးမယ်ဗျာ"

ကျွန်မ ဘာမှမတားမြစ်နိုင်မီ သူအိမ်အပြင်သို့ ထွက်သွား
ပါသည်။

ကျွန်မတို့နှစ်ယောက် မြို့သစ် အိပ်ချိန်းသို့ရောက်သော
နေ့လည် နှစ်နာရီထိုးပြီးနေပြီ။

အိပ်ချိန်းရုံးက စာရေးမလေးကို နံပါတ်ပေးပြီး ဆက်ခိုင်းထား
သည့်အချိန်တွင် ကိုသီဟနှင့် ကျွန်မက ပျဉ်တန်းလျား ခုံရှည်တစ်ခုတွင်
ထိုင်စောင့်နေကြရသည်။

လူနေကျဲပါးသော မြေလတ်မြို့ကလေးတွင် တယ်လီဖုန်းသုံး
သိပ်များများစားစားရှိဟန် မတူပါ။ ကျွန်မတို့နှင့်အတူ စောင့်နေသည့်
အဘွားကြီးတစ်ယောက်၊ ဝင်လိုက်ထွက်လိုက် အလုပ်ရှုပ်နေတာ
ရှိသော ယောက်ျားကြီးတစ်ယောက်၊ ဒါပဲရှိသည်။ အဘွားကြီး
ချောက်မြို့သို့ ဆက်မည့်သူ၊ ယောက်ျားကြီးက တောင်ကြီးတဲ့။

ချောက်က အရင်ရသည်။ အဘွားကြီး စကားပြောနေချိန်မှာ
ကျွန်မ ထိုင်မနေချင်တော့ဘဲ မတ်တတ်ရပ်ချင်စိတ် ပေါ်လာ
ထို့ကြောင့် လက်ဖျားအချင်းချင်း ထွေးဆုပ်ထားလိုက်ရသည်။

မင်းညို သည်အချိန်မှာ ဘာလုပ်နေမှာပါလိမ့်။

သူ့ဂျာနယ်တိုက်ရုံးခန်းကို မျက်စိထဲမှာ မြင်ယောင်ကြည့်လိုက်





သည်။ သူတို့အယ်ဒီတာခန်းက ဝင်ဝင်ချင်းဘယ်ဘက်အခန်း။ သူ့
စားပွဲက ပြတင်းမှန်နံရံနှင့် ကပ်လျက်ဖြစ်သည်။ သူ့စားပွဲ နောက်က
နံရံမှာ စာရွက်တစ်ရွက်ကို သံမှိုအသေးလေးတစ်ခုဖြင့် စိုက်လျက်
ထားသည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးပါသော
စာကြောင်းများဖြစ်သည်။

*သည်ဘဝကို တစ်ကြိမ်သာ ငါဖြတ်သန်းရပေမည်။*
*ဒါကြောင့် ငါနဲ့ဘဝတူ လူသားတွေအတွက်*
*ငါလုပ်နိုင်တဲ့ ကောင်းမှုမှန်သမျှ၊*
*ငါပေးနိုင်တဲ့ ကြင်နာမှုမှန်သမျှ*
*ယခု ငါ လုပ်ပါရစေ။*
*အချိန်မရွှေ့မိပါစေနဲ့။ မျက်ကွယ်မပြုမိပါစေနဲ့။*
*သည်လမ်းကို နောက်တစ်ဖန်*
*ငါမလျှောက်လှမ်းတော့ပြီ ဖြစ်သောကြောင့်။*

အခုအချိန်မှာ သူစာရေးနေမှာလား သို့မဟုတ် စာမျက်နှာဖွဲ့ထား
ပြီးသော စာကြမ်းများကို စစ်ဆေးနေမှာလား။ သူက အစ်မဟုခေါ်သော
အမျိုးသမီး၏ အခန်းထဲမှာ သူရောက်နေရမလား။

ဟင် မဟုတ်သေးပါဘူး။

ကျွန်မ ဘာဖြစ်လို့ အဓိပ္ပါယ်မရှိတာတွေ တွေးနေမိပါလိမ့်။

သူတို့နှစ်ယောက်က အလုပ်သဘောအရသာ... အဲ မဟုတ်
သေးဘူး။ အလုပ်သဘောတော့ မကပါဘူး။ သူမ ပြောခဲ့တာ ဘာတဲ့
ကျွန်မတို့ရုံးက မိသားစုတွေလိုပါပဲ တဲ့။

မိသားစုတွေ...



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားလုံးကို ကျွန်မ ဘယ်လို ကောက်ချက်ချရမှာ
သူ့မှာ အိမ်ထောင်မရှိဘူးဟု ကျွန်မ သိနေသလိုပဲ။

ယခုထိ အပျိုကြီးလား။ ဒါမှမဟုတ်

"ရန်ကုန်ရပြီ"

"လာပြီ"

ကျွန်မ အမှတ်တမဲ့ ခုန်ထလိုက်ပြီး တယ်လီဖုန်းရှိရာသို့
သွားမိပါသည်။

"ဟဲလို"

တစ်ဘက်က အမျိုးသမီးအသံ ခပ်သေးသေးတစ်ခု။

" *The Voice* က ပါလားရှင်"

"ဟုတ်ပါတယ်"

"ကိုမင်းညိုစင်နဲ့ စကားပြောပါရစေရှင်"

"ခဏလေးနော်"

တစ်ဘက်မှာ စကားသံတွေ သဲ့သဲ့ကြားနေရသည်။ အမျိုးသမီး
သံတွေ ဖြစ်သည်။ ကြော်ငြာဖြင့်ရအောင် ရှာမပေးနိုင်ဘဲနဲ့။ လာပြော
မနေနဲ့၊ ဒါဖြင့် ရတာထည့်မလား၊ ကဲ၊ သွေးဆေးကြော်ငြာထော
အခုထည့်ချင် အခုရတယ်။

"ဟဲလို"

ဟင်... အမျိုးသမီးလေး၏ အသံပဲ။

"အစ်မရေ ကိုမင်းညို အပြင်ထွက်သွားပါတယ်"

အို...

ကျွန်မ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ကြောင်သွား
သည်။





ဖြစ်နိုင်ဘူး ထင်တယ်။

"ဘယ်သူ ဆက်တယ်လို့ ပြောလိုက်ရမလဲ"

ဒါနဲ့ သူပြောတော့ တနင်္လာနေ့ဆို နေ့လည်သုံးနာရီထိ
အားဘူးတဲ့။ အခု ဘာဖြစ်လို့...

"ဘာမှာခဲ့မလဲ"

ဘာမှာရမှာလဲ၊ ဘာမှာ စရာရှိမှာလဲ။ သူ့အသံကို ကြားချင်တာ
ကို ကျွန်မက ဘာသွားမှာရမှာလဲ။

ကျွန်မ မျက်ရည်ဝဲလည်လာသည်။

"သူ ပြန်လာဦးမှာလားဟင်"

"မသိပါဘူး"

အေးလေ၊ ဒီမိန်းကလေး ဘယ်သိနိုင်မလဲ။ ဘယ်သူ သိနိုင်
မှာလဲ။ သူ့လက်ထောက်တွေကိုလည်း ကျွန်မက မသိ။ ဟို
အမျိုးသမီးများ သိနိုင်မလား။

"ဒါဖြင့် ဒေါ်အေးအေးထွန်းရော ရှိလားဟင်"

"ဟုတ်ကဲ့ ရှိတယ်"

"ဒေါ်အေးအေးထွန်းနဲ့ ပြောပါရစေ"

"ဘယ်သူလို့ ပြောလိုက်ရမလဲရှင့်"

"မေဇော်လို့ ပြောပါ"

လောကကြီးတွင် ကျွန်မ စကားမပြောချင်ဆုံး လူတစ်ယောက်
ရှိသည်ဆိုလျှင် ၎င်းမှာ ဒေါ်အေးအေးထွန်းပင် ဖြစ်လိမ့်မည်။

"မေဇော်..."

သူမ၏အသံမှာ နက်ရှိုင်းပြီး နူးညံ့လာသလိုပဲ။

"နေကောင်းလားမေဇော်၊ အခုဘယ်က ဆက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မ မြို့သစ်က ဆက်တာအန်တီ၊ မင်းညို မရှိဘူးဆိုလို့''

''ဟုတ်တယ်မေဖော် အခုနကမှ ထွက်သွားတာ၊ ထမင်းသွား စားတယ်၊ အဆင်ပြေရဲ့လား၊ ဘာအကူအညီလိုလဲ၊ ကျွန်မ ဘာလုပ်ပေး ရမလဲ''

''ဘာမှ မလိုပါဘူး အန်တီ''

''ကျွန်မ ရေးလိုက်တဲ့စာကို ရတယ်မဟုတ်လား''

''ဟုတ်''

''မြဦးမေရဲ့ ဆွေမျိုးတွေ တွေ့သွားမှာ စိုးလို့ ကျွန်မ ပြင်သစ်လို ရေးလိုက်တာ၊ ပြီးမှ ကျွန်မ ပြန်စဉ်းစားကြည့်မိတယ်။ သူတို့အပေါ် ကျွန်မ ရိုင်းသွားမိပြီလို့''

ကျွန်မ ခပ်လှမ်းလှမ်းမှာ ထိုင်နေသော ကိုသီဟထံ တစ်ချက် မျက်စိရောက်သွားသည်။

''အန်တီ့ အီးမေးလ်ကို ကျွန်မရှိရာကို ယူလာတဲ့သူက မြဦးမေ ရဲ့သားပဲ အန်တီ''

''ဟောတော်၊ အဲ... ဒါပေမယ့် သူ ပြင်သစ်စာတော့ မတတ် လောက်ပါဘူးနော်၊ တတ်သလား''

ကျွန်မ ကိုသီဟကို အားနာနာနှင့်ပင် ဖြေရပါသည်။

''ဟင့်အင်း ဒါပေမယ့် သူ့မှာ ဖရင့်ချ်တတ်တဲ့ သူငယ်ချင်း ရှိတယ်''

တစ်ဘက်မှ ရယ်သံကြားရ၏။

''ဟား သေရော''

သူရယ်ပေမယ့် ကျွန်မ မရယ်နိုင်ပါ။

''ဒါနဲ့ ကိုမင်းညိုကို ဘာပြောလိုက်ရမလဲ မေဖော်''





ဘာပြောလိုက်ရမလဲ။ သူ့အသံကို ကြားချင်တာလေ။ ထမတော့ သူ့မကို မမှာသင့်ဟု စိတ်ကို ချုပ်တည်းကြည့်သေး၏။ သို့သော် မရတော့ပါ။

''မင်းညိုကို ပြောပြလိုက်ပါ အန်တီ၊ ကျွန်မ သူနဲ့စကားပြောချင် ထို့ ဆယ့်နှစ်မိုင်ဝေးတဲ့ တယ်လီဖုန်းဆီ လာခဲ့တာပါလို့''

ပြောရင်း ကျွန်မအသံက အဖျားဆွတ်ကာ တိမ်ဝင်သွားသည်။ ဘယ့်နှယ်လုပ်မလဲ။ ကျွန်မ မရှက်နိုင်တော့ပါဘူး။ ဘယ်သူတွေက ဘာတွေပဲ ရိပ်မိရိပ်မိ၊ အဲဒါက အရေးမဟုတ်တော့ပါ။

''ကျွန်မ သိပါတယ် မေဖော်၊ တောကြီးနဲ့ မြို့သစ် အဝေးကြီးဆို တာ ကျွန်မ သိပါတယ်။ မေဖော် တစ်ယောက်တည်း လာခဲ့ရတာလား။ အဖော်ပါသေးလား''

ဝေ့လည်နေသော မျက်ရည်များကို ကျွန်မ မျက်တောင် တဖျတ် ဖျတ်ခတ်လျက် လွင့်ပြယ်စေလိုက်ရ၏။

''အဖော်ပါပါတယ် အန်တီ၊ မြဦးမေရဲ့သားပါ''

''အော''

သူမ အံ့သြသွားသည်။ သေချာပါသည်။

''သူနဲ့ ညှိနှိုင်းတာ အောင်မြင်သွားပြီပေါ့၊ ဝမ်းသာပါတယ် မေဖော် ကျွန်မ မေးတာက တခြားမဟုတ်ပါဘူး။ မေဖော်ပြန်ရမှာ အဖော်ရှိတယ်ဆိုရင် ကိုမင်းညို ပြန်လာတဲ့အထိ စောင့်လို့ရတာပေါ့၊ မနက်ကတည်းက သူတို့ အလုပ်ရှုပ်နေကြတာမို့ အားလုံးပြီးမှ ထမင်း ထွက်စားကြတာ၊ ကြာမှာ မဟုတ်ပါဘူး''

စောင့်မှာပေါ့ဟု ချက်ချင်း ဆုံးဖြတ်လိုက်သည်။ သို့သော် ကိုသီဟက စိတ်ရှည်ပါ့မလား။ ကျွန်မ အဲသည်လောက် သူ့အချိန်ကို



www.burmeseclassic.com

www.burmeseclassic.com



ယူသင့် ရဲ့လား။

"အင်း စောင့်တော့စောင့်ချင်ပါရဲ့ ဒါပေမယ့် လိုက်ပို့ပေးတဲ့သူမှာ အလုပ်ကိစ္စတွေ ဘာတွေ"

"မမေဇော်..."

ကိုသီဟ အနားသို့ ရောက်လာသည်။

"စောင့်စရာရှိတာ စောင့်ပါ မမေဇော်၊ ကျွန်တော်ဘာမှ အရေးကြီးတာ မရှိပါဘူး"

ခပ်တိုးတိုး ပြောသည်။

"မြဦးမေရဲ့သားဆိုရင် သဘောထားပြည့်ဝမှာပါ။ ကျွန်မ ယုံတယ်၊ မေးကြည့်လေ သူအဆင်ပြေတယ်ဆိုရင်"

သူမက တစ်ဘက်မှ အခိုင်အမာ ထောက်ခံပေးနေ၏။ ကျွန်မ စိတ်သက်သာသွားသည်။

"ဟုတ်ကဲ့"

စကားပြောခွက်ကို လက်ဖြင့်အသာအုပ်ပြီး ကိုသီဟအား ပြုံးပြလိုက်မိသည်။

"ကိုမင်းညိုရဲ့ဘော့(စ်)လေ၊ ကိုသီဟကို အပြတ်ထောက်ခံနေတယ်။ မြဦးမေရဲ့သားဆိုရင် သဘောပြည့်ဝမှာပဲတဲ့၊ သူယုံတယ်တဲ့"

ကိုသီဟ ပြုံးနေသည်။

"သူမှန်တာပေါ့"

"အန်တီ၊ သူက စောင့်ပေးမယ်တဲ့"

"ကောင်းလိုက်တာ၊ ကျေးဇူးတင်ဖို့ကောင်းတယ်၊ မြဦးမေ ရဲ့သားကို မြဦးမေရဲ့ ပရိသတ်တစ်ယောက်အနေနဲ့ စကားပြောကြည့် လို့ရမလား"





"ရမှာပါ အန်တီ"

"ကိုသီဟ၊ အန်တီက ကိုသီဟနဲ့ စကားပြောကြည့်ချင်လို့တဲ့"

သူ အံ့ဩသွားသည်။ ခဏ ကြောင်သွားပြီးနောက် လှမ်းယူလိုက်လေသည်။

သူ့အပြုံးက ကောင်လေးငယ်ငယ်တစ်ယောက်၏ ရှက်ပြုံးနှင့် တူနေသည်။ သူက တယ်လီဖုန်းခွက်ကို ကျွန်မထံမှ ယူလိုက်၏။

"ဟုတ်ကဲ့ အစ်မ ကျွန်တော် သီဟပါ

"ဟုတ်ကဲ့ ခင်ဗျာ၊ မေမေ့ကိုယ်စား ကျွန်တော် ဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ် ခင်ဗျာ"

သူ့အသံက သိမ်မွေ့စွာ လေးနက်နေ၏။ လေးစားမှုတောင် ပါနေသလိုပဲ။ ကျွန်မ စိတ်ထင်တာများလား။

"စိတ်ချပါခင်ဗျာ ကျွန်တော် မမေဇော်ကို ကူညီပါ့မယ်၊ အစ်မရဲ့ မိတ်ဆွေမှန်း မသိခင်ကတည်းက ကျွန်တော် ကူညီဖို့ ဆုံးဖြတ်ထား တာပါ။ ဟုတ်ပါတယ်၊ ပထမပိုင်းမှာတော့ ကျွန်တော်က မေမေ့ကို အာကွယ်ချင်စိတ်တွေ များနေခဲ့မိလို့ပါ"

အစ်မရဲ့ မိတ်ဆွေမှန်း မသိခင်ကတည်းက...

ကျွန်မ သူ့ကို ငေးကြည့်နေမိသည်။

"ဟုတ်ကဲ့၊ ကျွန်တော် အစ်မကို သိပါတယ်"

သူ့အသံအယာ ရယ်မောလေသည်။

"အဲ ဂျာနယ်ကြောင့်လည်း ပါတာပေါ့၊ နောက်ပြီး လမ်းညွှန် ဦးဆောင်သူ မိန်းမတစ်ယောက်အနေနဲ့ရော၊ နောက်ပြီး လေးစား အားကျရတဲ့ အတန်းကြီး အစ်မတစ်ယောက်အနေနဲ့ရောပေါ့ အစ်မ ရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို သိနေသည်။ သူ့ထက် အတန်းကြီးသောအစ်မ ဆိုတော့ ဒေါ်အေးအေးထွန်းက မန္တလေးတက္ကသိုလ်က ထွက်ခဲ့တာ ပေါ့နော်။

''အစ်မကလည်း ကျွန်တော့်ကို မြင်ဖူးပါတယ်၊ မှတ်မိမယ် တော့ မထင်ဘူးလေ။ တစ်ခုတော့ရှိတယ် အဖြစ်အပျက်ကို ပြောရင် တော့ အစ်မ အာရုံထဲမှာ ပြန်မြင်လာမလားမသိဘူး ကျွန်တော်က—''

သူတစ်ချက် ရယ်လိုက်သည်။

''မိုးရာသီတစ်ခုတုန်းက ရာဇဝင်ဟောလ်ကို အစ်မအသွားမှာ အစ်မအတွက်နဲ့ လွယ်အိတ်ကိုရှို့ဖွက်ထဲ ပစ်ချပေးတဲ့ ကောင်လေး တစ်ယောက်ရှိခဲ့ဖူးတယ် ဆိုရင်...''

ထိုစကားပြောပြီးသောအခါ ဖြူဝင်းသော သူ့နားရွက်တွေ နီမြန်းလာသည်။ ထို့နောက် ခေါင်းတစ်ချက် ဆတ်ခါပစ်လိုက်လေသည်။

''အစ်မ မမေဇော်နဲ့ ဆက်ပြောတော့နော်''

သူ ကျွန်မအား တယ်လီဖုန်းပြန်ပေးသည်။

ကျွန်မသည် တွေဝေနေရာမှ ကမန်းကတန်းပင် ကိုယ့်လက်ထဲ ရောက်လာသော တယ်လီဖုန်းကို ဆုပ်ကိုင်လိုက်ရသော်လည်း ဘာပြော ရမှန်းမသိ။ ခဏကြောင်နေမိသည်။ တစ်ဘက်ကလည်း ခဏ တိတ်ဆိတ်နေပြီးမှ ချောင်းတစ်ချက်ဆိုးလိုက်သလား အသံတစ်ခု ကို ကြားရသည်။

''အန်တီ''

''အဲ...မေဇော်၊ စောင့်မယ်မဟုတ်လား''

သူမ ဘာကိုဆိုလိုသည်ကို တအောင့်လောက်ကြာမှ သဘော ပေါက်သည်။





''ဟုတ်ကဲ့ အန်တီ၊ ကျွန်မ စောင့်မယ်''

''ကိုမင်းညိုလာရင် ပြန်ဆက်နိုင်းလိုက်မယ်၊ ဘယ်နံပါတ်ကို ဆက်ရမလဲ''

''မြို့သစ်အိပ်ချိန်းပါ''

''ကောင်းပြီ စိတ်ချနော်''

ကျွန်မ လှည့်လိုက်သောအခါ ရုံးပြတင်းပေါက်မှ အပြင်သို့ ငေးနေသောသူ့ကို မြင်လိုက်ရသည်။

''ဆရာ''

သူ ဖျတ်ခနဲလှည့်ကြည့်၏။ သူ့နားရွက်တွေ မနီတော့ဘူး။ သို့သော် သူ့မျက်လုံးတွေက ညင်သာသိမ်မွေ့နေဆဲ။

''ကျေးဇူးတင်ပါတယ် ဆရာ''

''ရပါတယ် မမေဇော်၊ ကျွန်တော့်အတွက် ဘာမှ အပန်းမကြီး ပါဘူး။ ကျေးဇူးတင်စရာလို့ သဘောမထားပါနဲ့''

ထို့နောက် သူ ခပ်ဖွဖွပြုံးသည်။

''ကျွန်တော်လည်း မမေဇော်ကို ကျေးဇူးတင်ရမှာပါပဲလေ''

ဘာကြောင့် ကျေးဇူးတင်ရသည်ဆိုတာတော့ သူရှင်းမပြခဲ့။ ရှင်းပြစရာလည်းမလိုပါဘူးလေ။ သည်လောက်ဆိုလျှင် အရိပ်အမြွက် တော့ ကျွန်မ သဘောပေါက်လိုက်ပါပြီ။

''ဆရာ ပျင်းနေမှာပေါ့၊ လဘက်ရည်လေးဘာလေး သွား သောက်မလား၊ ကျွန်မ ဆက်စောင့်လိုက်မယ်လေ''

သူ တည်ကြည်စွာ ခေါင်းယမ်း၏။

''ရတယ်၊ ပြီးမှ အတူသွားသောက်တာပေါ့၊ ဖုန်းလာတဲ့အခါ မှာ ကျွန်တော် အပြင်ထွက်ပေးပါ့မယ်၊ အခုတော့ မမေဇော်ကို



www.burmeseclassic.com

www.burmeseclassic.com



အဖော်လုပ်ပေးဦးမယ်''

အို...

ကျွန်မ ရှက်ရွံ့စွာလည်း ပြုံးမိသည်။ နာကျင်စွာလည်း ပြုံးမိပါသည်။

''မဟုတ်ဘူးဆရာ၊ ကျွန်မနဲ့ မင်းညိုက...''

သူ ကျွန်မကို နားလည်သော အကြည့်ဖြင့် ကြည့်ပြီး ခေါင်းညိတ်သည်။ ထိုအကြည့်ကြောင့်ပင် ကျွန်မအဖြစ်ကို ပို၍ ဝမ်းနည်းရပါသည်။ ကျွန်မအပေါ် သူငယ်ချင်းတစ်ယောက်အဖြစ်ထက် မပိုခဲ့သော မင်းညိုကို ကျွန်မက ဆယ့်နှစ်နိုင်အဝေးထိရောက်လာပြီး စကားပြောဖို့ ကြိုးစားခဲ့တာဆိုတာ ကိုသီဟ မသိလျှင်ပိုကောင်းမည်ဟု တွေးမိသည်။ ထို့ကြောင့် ဘာမှ ထပ်မရှင်းတော့ပါ။

''ကျွန်တော် သိပါတယ်''

ဟင့်အင်း ဆရာမသိပါဘူး။

မင်းညိုတစ်ယောက် ကျွန်မရဲ့တွယ်တာမှုတွေကို ဘယ်လောက်ကြာအောင် မသိချင်ယောင် ဆောင်နေခဲ့ပြီးပြီလဲဆိုတာ ဆရာ မသိပါဘူး။

''မိဘဆီ ဖုန်းမဆက်ဘဲ၊ ယောကျ်ားလေးတစ်ယောက်ဆီ ဆက်မိတာကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့်''

လူငယ်လေးလို ရှက်ခဲ့ပြီးနောက် ယခုအခါ လူကြီးတစ်ယောက်လို သူရယ်နေပြန်ပြီ။

''ကျွန်တော် သိပါတယ်ဆို၊ စောစောက မမေဖော် ဖုန်းပြောနေတော့ ကျွန်တော်က အိုင်ချင်းလေးတစ်ပုဒ်ကို သတိရနေခဲ့တာ''

ကျွန်မ နာကျင်နေသည့်ကြားမှ စိတ်ဝင်စားသွားသည်။





''ဘာအိုင်ချင်းလဲ မသိ''

''အမိကိုလွမ်းလည်း သောက်တော်ရေချမ်း စားတော်ကွမ်းနှင့်
သွန်းတဲ့ညောင်ရေ ပန်းသပြေနှင့် ပြေပျှငဲ့ရှင်
အဖကိုလွမ်းလည်း သောက်တော်ရေချမ်း စားတော်ကွမ်းနှင့်
သွန်းတဲ့ညောင်ရေ ပန်းသပြေနှင့် ပြေပျှငဲ့ရှင်''

သူရွတ်ပြသော ကဗျာကို ကျွန်မ ကြားဖူးပါသည်။ ကျွန်မ မျက်နှာ မထားတတ်ဘဲ ဖြစ်လာသည်။

မဟုတ်သေးဘူး၊ အဲလိုထင်ခဲ့ရပြီးတော့ သူ့ဘက်က ဘာမှ ဟုတ်သည့်အခါ ရှက်စရာတော့ ကောင်းနေပြီထင်ပါရဲ့။

''မောင်ကလေး မောင့်ကိုလွမ်းတော့
သွန်းတဲ့ညောင်ရေ ပန်းသပြေနှင့် မပြေပါလို
သောက်တော်ရေအိုး ဂွမ်းထိုးကောင်နှယ်
အပျိုဖြူငယ် မယ်နှမ မှာလ
ကြွေရတယ်ရှင်...တဲ့''

ကျွန်မ နာကျင်လျက်က ရယ်မောမိကာ ထိုင်ခုံမှာ ထိုင်လိုက်မိသည်။

''ဆရာ ဂွမ်းထိုးကောင် ဆိုတာဘာလဲဟင်''

ကိုသီဟက ဝင်မထိုင်ဘဲ အနားမှာ မတ်တတ်ရပ်လျက် ပြောသည်။

''ဂွမ်းထိုးကောင်ဆိုတာ ပိုးလောက်လန်းလေ။ သောက်တော်ရေအိုးထဲက ပိုးလောက်လန်းလို ဖြစ်နေပြီလို့ပြောတာ''

''ပိုးလောက်လန်းလို ဘယ်လိုဖြစ်တာလဲဟင်''

သည်တစ်ခါတော့ သူ အသံထွက် ရယ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မမေဇော်ကလည်း၊ ပိုးလောက်လန်းအကောင်ဟာ ဘယ်လို နေသလဲ၊ မြင်ကြည့်လိုက်လေ။ ပိုးလောက်လန်းက အငြိမ်မနေ လွန့်လူး လှုပ်ခတ်နေတာ ဆောက်တည်ရာမရ ထိုင်မရထမရ ဖြစ်နေတဲ့သဘော"

"ဟင်..."

ကျွန်မသည် အခုမှပင် ရှက်ရကောင်းမှန်း သိသွားကာ ဖြန်းခနဲ ပူနွေးသွားသော မျက်နှာကို အောက်စိုက် ငုံ့ချလိုက်ရပါသည်။

ဒုက္ခပါလား။

"ဒါကတော့ မမေဇော်ရယ်၊ ငယ်စဉ်အခါမှာ ကျွန်တော်တို့ အားလုံး ပိုးလောက်လန်းလို လှုပ်ခတ်ဖူးကြတာချည်းပဲ မဟုတ်လား"

သူက လူကြီးတစ်ယောက်လို ကျွန်မအား နှစ်သိမ့်သည်။

"ဟင်... ဆရာကလည်း တော်ပါတော့ ဆရာ့ ပိုးလောက်လန်း ဥပမာကြီးကို"

ဏိုသီဟ ရယ်ပြန်သည်။

"မဟုတ်ဘူး မမေဇော်၊ အခုပြောမှာက ကျွန်တော် ပိုးလောက် လန်း ဘဝတုန်းက အဖြစ်ကိုပြောမှာ"

ထို့နောက် အသက်ဆယ့်ရှစ်နှစ်အရွယ် တက္ကသိုလ်ကျောင်းသား လေးတစ်ယောက်အကြောင်းကို သူပြောပြခဲ့ပါသည်။

"ကျွန်တော်က စာတွေဖတ်တယ်၊ စိတ်ကူးကလည်း မြင့်တယ်၊ ကျွန်တော့်ဘဝမှာ အချစ်အတွက် နေရာမရှိဘူးလို့ ယူဆထားခဲ့ ကောင်ပေါ့။ ဒါပေမယ့် အချစ်ဆိုတာက ကိုယ်က ချုပ်ကိုင်ဖို့ ကြိုးစား တုန်းမှာပဲ ကိုယ့်ကို ချုပ်ကိုင်သွားတတ်တာမျိုးလေ။

"ကျွန်တော့်ဘဝထဲကို မမျှော်လင့်ဘဲ ရောက်လာခဲ့ပါလေရော ချစ်မယ့်ချစ်မိတော့ ကိုယ်နဲ့ဘယ်လိုမှ မနီးစပ်တဲ့သူကို ချစ်မိသွားသော်





လူတစ်ယောက်ကို ဘယ်တုန်းက စချစ်သွားသလဲလို့ အတိအကျ မသိဘူးဆိုတဲ့လူတွေကို ကျွန်တော်တော့ အံ့ဩတယ်။ ကျွန်တော် က တော့ သူ့ကို ချစ်သွားတဲ့နေ့ အတိအကျ ခုထိမှတ်မိနေတုန်းပါပဲ"

သူ့အသံက နူးညံ့ပျော့ပြောင်းမှုနှင့် တမ်းတမှုတွေ ရောနေသလို။

"အဲဒီနေ့က စက်တင်ဘာလရဲ့ နောက်ဆုံး သောကြာနေ့ဗျ။ ကျွန်တော်တို့ မန္တလေးတက္ကသိုလ်လမ်းတွေက မိုးဆက်တိုက် ရွာခဲ့ရင် မှိုပွက်တွေ တော်တော်ထူတယ်၊ အဲဒီနေ့ကလည်း တချို့လမ်းတွေက စက်ဘီးကြောင့် ဆိုက်ကယ်လ်ကြောင့် ဗွက်ပိုထူတာပေ့ါ။ ကျွန်တော်က ဆာဇတ်ဟောလ်ကို သွားတဲ့လမ်းက အုတ်ခုံပေါ်မှာ ထိုင်နေတယ်။ မိုးရွာပြီးစ နံနက်ခင်းတွေကို ကျွန်တော်ချစ်ပါတယ်၊ အဲဒီနေ့နံနက်ခင်း ကတော့ ကျွန်တော့်ဘဝမှာ ချစ်စရာ အကောင်းဆုံးပဲ"

တယ်လီဖုန်းသံက စူးရှစွာမြည်လာ၏။ ကျွန်မ ဆတ်ခနဲ တုန်သွားပြီး ကောင်တာ စားပွဲသို့လှမ်းကြည့်လိုက်မိသည်။ စာရေးမလေး က ကောက်ကိုင်လိုက်သည်။

"မန္တလေး ရပြီ"

ကောင်မလေးတစ်ယောက် တံခါးဝမှာ မတ်တတ် ရပ်စောင့် နေရာက အပြေးသွားသည်။ ကျွန်မ မောသွားပါသည်။

"ကျွန်တော်ထိုင်နေတဲ့ အုတ်ခုံရှေ့ကနေ ကျောင်းသူတွေ ကျောင်းသားတွေ ဖြတ်သွားနေတာပဲ၊ အနားမှာ ရှိနေလားကျွန်တော် သတိတောင် မထားမိပါဘူး။ ဒါပေမယ့် မကြာခင်မှာ မမတစ်ယောက် တစ်ယောက်တည်း လျှောက်လာတယ်။ သူဝတ်ထားတဲ့ အင်္ကျီကိုတောင် ကျွန်တော် မှတ်မိနေတယ်၊ မိုးကောင်းကင်အပြာရောင် ပတ်စုံး သူများတွေလို ဖိနပ်အမြင့်မစီးဘဲ ခပ်ပါးပါးပဲ စီးထားတယ်။ အဲဒီမမက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကျောင်းမှာ အလွှန်နာမည်ကြီးတယ်၊ တော်လွှန်
ဆရာဆရာမတွေကတောင် စံနမူနာအဖြစ် အမြဲထည့်ချီးကျူးခံရတဲ့
"ကျွန်တော်က ဒုတိယနှစ်ကျောင်းသား။ သူက မာစတာ
နေတဲ့ ဘွဲ့လွန် ကျောင်းသူ။ သူက ဘယ်တော့မှ သနပ်ခါး မိတ်
မလိမ်းဘူး။ အဲ... လိမ်းတယ်ဆိုရင်လည်း တော်တော်ကို မသိမသာ
ဖြစ်မှာပေါ့၊ သူ့မျက်နှာက အမြဲပြောင်ပြောင်တင်းတင်းလေး။ နိုင်
မွတ်နေတာပဲ။ အသားတော့ ညိုတယ်။ သူ့ညိုပုံက စိုနေတော့ လှ
ပျာ။ အဲဒီနေ့က သူ ကျွန်တော်ထိုင်နေတဲ့ ခုတ်ခုံရှေ့နား ရောက်
တော့မှ သူသွားရမယ့်လမ်းကို ကျွန်တော်မြင်သွားတယ်၊ ရှုံ့
တော်တော်ဆိုးတယ်။ သူတော့ ဖိနပ်ပါးနဲ့ ဒုက္ခရောက်တော့မှာပဲ
ကျွန်တော် တွေးမိသွားတယ်။ သူဘယ်လိုမှ ခုန်ကျော်လို့ မရနိုင်ဘူး
အနားမှာကလည်း လမ်းခင်းစရာ ခုတ်ခဲတွေဘာတွေ ဘာမှ မရှိ
သူကလည်း နည်းနည်းမှ မတွန့်ဆုတ်ဘဲ လျှောက်နေတယ်။

"ကျွန်တော် ဖြူနီးဆို ထိုင်နေရာကနေ ထလိုက်တယ်၊ ဘယ်
သတ္တိမျိုးနဲ့ ကျွန်တော် သူ့ရှေ့ရောက်သွားသလဲ မသိတော့ဘူး။ သူ့
ညိုစင်ဝင်းမွတ်နေတဲ့ ခြေဖမိုးလေးကို မျက်စိက စူးစိုက်ကြည့်နေ
ကနေ သူ့ကို ခဏ တားလိုက်မိတော့တာပဲ။

" 'မမ ခဏလေး'

"သူက ကျွန်တော့်ကို မော့ကြည့်တယ်။ ဘာလာရှုပ်တာ
ဆိုတဲ့ အကြည့်မျိုးနဲ့ မျက်မှောင် ပင့်လို့ပေါ့၊ ကျွန်တော်ဘာမှ
မနေဘဲ ကျွန်တော်ရင်ခွင်ထဲ ပိုက်ထားတဲ့ ကျွန်တော့်လွယ်အိတ်
မမရဲ့ခြေလှမ်းရှေ့က ရွှံ့ဗွက်ထဲကို အသာ ပစ်ချပေးလိုက်တယ်။

" 'မမ နင်းသွား' လို့ ကျွန်တော် ပြောလိုက်တယ်။ အဲဒီ



က သောမှာ ကျောင်းသားတွေ အများကြီးပဲဆိုတာ ရယ်သံတွေ လက်
ခေါက်မှုတ်သံတွေ ကြားလိုက်တော့မှ ကျွန်တော် သတိထား လိုက်မိ
တော့တာပဲ။ အဲဒီအချိန်ကျမှ ကျွန်တော် ရှက်သွားတယ်။ ဒါပေမယ့်
တတ်နိုင်ဘူးလေ။ ကျွန်တော့် အနေအထားက နောက်ဆုတ်လို့မှ
ရတော့တာ။ တော်တော်လည်း စိုးရိမ်သွားမိတယ်။ မမ ဘယ်လို
ဆုံးဖြတ်မလဲ၊ လွယ်အိတ်က စာအုပ်တွေနဲ့ဆိုတော့ ထူတယ်၊ ခုတ်ခဲ
လေးခုလောက် ဖြန့်ခင်းပေးထားသလိုပဲ၊ မမ အသာလေး နင်းသွားရုံပဲ။
ဒါပေမယ့် မမ နင်းပါ့မလား။ စာအုပ်တွေပါနေလို့ပဲ ဖြစ်ဖြစ်၊ လူတွေ
အများကြီးရှေ့မှာ နင်းရမှာ ဝန်လေးလို့ပဲ ဖြစ်ဖြစ်၊ ရှောင်သွားမလား။
ရှောင်သွားခဲ့ရင်တော့ ကျွန်တော် တစ်ရှက်ကနေ နှစ်ရှက်ဖြစ်ပြီပေါ့။

"မမကို ကျွန်တော် မျှော်လင့်တကြီး ကြည့်မိတယ်။ မမ မျက်
မှောင်ချီနေတဲ့ သုံးစက္ကန့် လေးစက္ကန့်လောက်မှာ ကျွန်တော် ရင်ခုန်
နေတယ်။ ဒါပေမယ့် မမက သိပ်ပြတ်သားပါတယ်။ ကျွန်တော့်ကို
ကလေးတစ်ယောက်ကိုကြည့်တဲ့ ချစ်စနိုးအကြည့်နဲ့ ပြုံးကြည့်
လိုက်တယ်။

" **Thank you!** လို့ ပြောလိုက်တယ်။ ပြီးတော့ ကျွန်တော်
ခင်းပေးထားတဲ့ လွယ်အိတ်ပေါ် အသာလေး နင်းသွားတယ်။ ဟား
ကျွန်တော် ပျော်လိုက်တာ မမေဇာ်ရယ်၊ ရင်တွေလည်း ခုန်လိုက်တာ
မကို ကျေးဇူးလည်း အရမ်းတင်သွားတယ်။ အဲဒီနေ့ဟာ မမကို
ချစ်မိသွားပြီလို့ သိလိုက်ရတဲ့ နေ့ပါပဲ။ အဲဒီ မမကတော့ စောစောက
ခေါ်အေးအေးထွန်းပဲ"

ကျွန်မ သူ့ကို အံ့သြစွာ မော့ကြည့်ပြီးနေမိသည်။ သူက ကျွန်မ
အား မကြည့်ပါ။ လက်ပိုက်ထားလျက်ကပင် သူ့ခြေအောက်က

www.burmeseclassic.com

www.burmeseclassic.com



အုတ်နီခင်း ကြမ်းပြင်ကို ငုံ့စိုက်ကြည့်ရင်း ပြုံးနေလေသည်။

"ဆရာ သူ့ကို..."

"ကျွန်တော် သူ့ကို ရည်းစားစာလည်း မပေးဝံ့ဘူး၊ စကား လည်း မပြောဝံ့ဘူး။ သူ့ကို စောင့်ကြည့်တော့လည်း သူမြင်သာတဲ့ နေရာကနေ မကြည့်ဝံ့ဘူး။ သူ ဘယ်လိုမှ မမြင်သာတဲ့ နေရာကနေပဲ ကြည့်တယ်။ ကျွန်တော် ထင်ပါတယ်၊ သူ ကျွန်တော့်ကို သတိတောင် ထားမိမှာ မဟုတ်ပါဘူး။ သူအိမ်အေရသွားတဲ့အထိ ကျွန်တော့်ဘက်က ဘာမှ ရှေ့မတိုးခဲ့ဘူး။ ကျွန်တော် သိနေတယ်၊ ကျွန်တော်ဟာ သူနဲ့စာရင် အသေးအဖွဲ ကောင်လေးတစ်ယောက်ပဲလို့။

"အဲဒီအချိန်တွေက ဆန္ဒ နဲ့ ဆင်ခြင်ဉာဏ်၊ သတ္တိ နဲ့ စွန့်လွှတ်မှု ပဋိပက္ခ ဖြစ်နေခဲ့ရတဲ့ အချိန်တွေပေါ့၊ စာစာက ဂျွမ်းထိုးကောင် လိုလေ"

သူ ခပ်သာသာ ရယ်မောသည်။

ထို့နောက် သူတိတ်ဆိတ်စွာရပ်နေခဲ့သည်မှာ တော်တော် ကြာ၏။

ကျွန်မတို့ အနားသို့ လူတစ်ယောက်ရောက်လာပြီး နံရံပေါ်က တယ်လီဖုန်းခ ဈေးနှုန်းတွေကို လာဖတ်နေသဖြင့် တစ်ချိန်လုံးပဲဖြစ်သည်။ ထိုလူ ပြန်ထွက်သွားပြီးသောအခါ ကျွန်မသူ့အား မေးခွန်းတစ်ခု ပြင်ဆင် ထားသည်။ သို့သော် မမေးလိုက်ရပါ။

တယ်လီဖုန်းသံ ကျယ်လောင်စွာ ကြားလိုက်ရပြီးနောက် ကောက်ကိုင်လိုက်သော အိပ်ချိန်းစာရေးမလေးက ကျွန်မအား လှမ်း လိုက်သောကြောင့် ဖြစ်သည်။

"မမေဇော်လား၊ ရန်ကုန်က ဖုန်းလာပြီ"





ကျွန်မ လှပ်ခနဲရင်ဖိုသွားလျက် ခပ်သွက်သွက် လှမ်းသွားမိ၏။

"ဟဲလို"

"မေဇော်"

အို၊ သိမ်မွေ့သော လေးနက်သော သူ့အသံကို ကြားလိုက်ရ သောအခါ ကျွန်မ ဘယ်လို ဝမ်းနည်းသွားမှန်းမသိ။ တယ်လီဖုန်းကို ဆုပ်ကိုင်ထားလျက်က မျက်ရည်တွေ စိမ့်အိုင်လာသည်။

"နေကောင်းလား မေဇော်"

"အင်း "

တိုတိုပြတ်ပြတ်ဖြစ်နေသည်ဟု သူထင်သွားမလား မသိ။ အမှန် ဘတော့ ကျွန်မစကားရှည်ရှည် ပြောလိုက်လျှင် အသံတွေ တုန်ခါ နေမှာကို သိနေသောကြောင့် ဖြစ်သည်။

"အဆင်ပြေရဲ့လား၊ ငါ ဘာလုပ်ပေးရဦးမလဲ"

"ဟင့်အင်း "

ကျွန်မ တံတွေးတစ်ချက် မြိုချလိုက်ရ၏။

"အိမ်အတွက်လည်း ဘာမှစိတ်မပူနဲ့ သိလားမေဇော်၊ နင့်အိမ် ကို ငါ နှစ်ခါရှိပြီသွားတော၊ နင်ပို့လိုက်တဲ့ အီးမေးလ် သွားပို့တုန်းကတစ်ခါ နေ့ကတစ်ခါ။ နေကောင်းကြတယ်။ နင် ဘယ်နေ့ပြန်လာမလဲ သိချင်နေကြတာ တစ်ခုပဲ"

ကျွန်မ ဘာစကားမှ မပြောဘဲ သူ့စကားကိုသာ အာရုံစိုက်ပြီး နားထောင်နေလိုက်သည်။ ကျွန်မ လာတာကိုက သူ့အသံကို ကြားရဖို့ ပါ။

"နင် အဲဒီရွာမှာ ကြာကြာနေလို့တော့ မဖြစ်ဘူးနော်၊ အဲဒီ ဆရာ ခက်ခဲတဲ့နေရာ၊ အဲဒီမှာတင် အပြီးသတ်ဖို့လည်း စိတ်မကူးနဲ့။



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ မှန်သမျှကို ကက်ဆက်တိပ်(ဝ်)နဲ့ပဲ အသံသွင်းခဲ့ ဒီရော
တော့မှ ပြန်ကူး''

အလုပ်ကိစ္စတွေကို မနားတမ်း တောက်လျှောက်ပြောပြီးနော
ကျွန်မ ငြိမ်နေတာကို ခံစားမိသွားဟန်တူသည်။

''နော် မဇော်''

''အင်းပါ''

''စကားပြောအုံးလေ မဇော်။ ဘာအခက်အခဲတွေ ရှိသလ''

နူးညံ့သည့်အသံသည် ကျွန်မရင်ထဲသို့ လှိုင်းတစ်ခုအဖြစ်
ရောက်သွားသည်။

''မရှိပါဘူး''

''အဲဒီရွာရဲ့ အတွေ့အကြုံလေး ငါ့ကို ပြောပြစမ်းပါအုံး''

''ဘာ ပြော ရမှာလဲ'' ကျွန်မ ထစ်ငေါ့စွာ မေးမိသည်။

''အော် ငါ့ကို ပြန်ပြောရလောက်အောင် တစ်ခုခု ထူးခြား
မရှိဘူးပေါ့ဟာ မဇော်ကလဲ။ ဥပမာ မြို့မေရဲ့ စံကားပင်တွေအကြောင်း''

ကျွန်မ တော်တော်အံ့သြသွား၏။

''အဲဒီမှာ စံကားပင်တွေရှိတယ်လို့ နင်ဘယ်လိုလုပ် သိသလဲ''

တစ်ဘက်က ရယ်မောသံ ခပ်တိုးတိုးကြားရသည်။

''အစ်မ ဒေါ်အေးအေးထွန်း ပြောပြတာ၊''

''အော်...''

ဟုတ်တာပေါ့လေ။ သူမ ရောက်ဖူးတာပဲ။

''နင် စိတ်တိုသွားပြန်ပြီလား မဇော်''

သူ့စကားကို တစ်ယောက်ယောက် ကြားသွားမှာ စိုးရိမ် သ
ပင် တိုးတိုးလေး ပြောလိုက်ခြင်း ဖြစ်သည်။





''မဟုတ်ပါဘူး''

အခုအခါ ကျွန်မမှာ စိတ်ဆိုးသည့် ခံစားချက်ဆိုတာ မရှိတော့တဲ
ခမ်းနည်းအားငယ်သည့်ခံစားချက်သာ ရှိတော့သည်။ ဒါကို မင်းညိုစင်
သိ စေချင်ပါ။

''အစ်မ သွားတုန်းက စက်တင်ဘာလထဲမှာတဲ့။ သူသွားခဲ့သမျှ
စံကားပင်တွေ တစ်ပင်မှ ပွင့်မနေဘူးတဲ့ မဇော်။ စက်တင်ဘာဆိုတာ
စံကားပွင့်တွေ တုံးသွားတဲ့ အချိန်လေ။ အခု နင်ရောက်တဲ့ အချိန်က
တော့ မိုးမကုန်သေးလို့ တချို့အပင်တွေ ပွင့်နေလိမ့်အုံးမယ်။ ပွင့်လား''

''အင်း... ပွင့်တယ်'' တွန့်ဆုတ်စွာ ပြောမိသည်။

''လှလား''

လှသလားတဲ့။ စံကားပင်တွေ ပွင့်နေတဲ့အခါ ဘယ်လောက်လှ
ဘယ်ဆိုတာ သူ သိစေချင်လိုက်တာ။

''သိပ် လှ တာ ပဲ'' ကျွန်မအသံက ညို့ယူခံထားရသလိုပင်
နွေးကွေးစွာ၊ ကြည်နူးစွာ ထွက်သွားသည်။

သူ ခဏ တိတ်ဆိတ်သွားသည်။

''ဘယ်တော့ ပြန်လာမလဲ''

''အင်း...''

ဘယ်လို ဖြေရပါ့မလဲ။ နေ့စဉ်မှတ်တမ်းနဲ့ ပေးစာတွေမပါဘဲနဲ့
ဘအုပ်တစ်အုပ် ပြည့်စုံတယ် ဆိုရင်တော့...

''မဇော် နင်ဘာဖြစ်နေလဲ၊ နင် တစ်မျိုးဖြစ်နေတယ်''

ကျွန်မ ဘာဖြစ်နေပါလိမ့်။ ကျွန်မ မသိပါ။ သူ့ကို စကား
ပြောချင်လို့ သည်ခရီးကို ရောက်အောင်လာခဲ့သည်။ စကားပြော
အကြာကြီးစောင့်ရသည်။ ပြောခွင့်ရသည့်အခါကျတော့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာမရှိတော့သလို ခံစားနေရပြန်သည်။ ရင်ထဲမှာ လှိုက် နေသည်။ သူ့ကို မြင်ချင်လှပြီ၊ ဒါပေမယ့် အဲဒါ သူ့ကို ဘယ်လို ပြောမပြနိုင်။ ပြောလိုက်လျှင် သူမျက်နှာထား တည်သွားတော့မှာ ကြိုသိနေလို့ပဲ ဖြစ်သည်။

"မေဖော် နင် ငိုနေသလား"

ခပ်တိုးတိုး စိုးရိမ်ပူပန်စွာ မေးလိုက်သော သူ့အသံကို ကြာ ကျွန်မ မျက်ရည်ရစ်ဝဲလာသည်။

"ဟင့်အင်း မငိုပါဘူး"

မငိုပါဘူးဟု ပြောပြီးတော့မှ ပြည့်လာသော မျက်ရည်တို့ မျက်တောင်ဖျားမှ လျှံလျက် လိမ့်ဆင်းကျလာတော့သည်။

ကျွန်မ လန့်ဖျပ်သွားကာ ဘယ်ဘက်လက်ဖမိုးဖြင့် ကပျာကယာ ပွတ်သုတ်ပစ်လိုက်ရ၏။ ကျွန်မဘေးနားမှာ လူတွေအများကြီး ရှိ သည်။

"နင်ဘာဖြစ်နေလဲ၊ ငါ့ကိုပြောပါအုံး၊ ငါလာခဲ့ရမှာလား"

သူလာခဲ့ရမလား...တဲ့၊ ဟင့်အင်း သူ့ခမြာ တစ်ညလုံး အိပ် ပျက်ထားတာ၊ သူအခုထိ မနားရသေးဘူး။ သူ့အပေါ်မှာ ကျွန် သည်လောက် မိုက်နဲ့ဖို့မကောင်းပါဘူး၊ သနားပါတယ်။

"မေဖော်...၊ ငါလိုက်လာခဲ့မယ်"

"ဟင့်အင်း မလိုဘူး၊ ငါပြန်လာတော့မှာ"

"တကယ်လား"

"တကယ်"

ကျွန်မ တကယ်ပြန်သွားလိုက်ပါတော့မည်။

"ဘယ်တော့ ပြန်လာမလဲ"





သူ့အသံက စိတ်သက်သာရာရသွားသည့် ဟန်။

"မနက်ဖြန်"

"ကောင်းတယ်၊ အမှန်အတိုင်း ပြောရရင် နင့်အတွက် ငါတော် တော် စိတ်ပူနေတာ။ ဘာနဲ့ပြန်လာမလဲ၊ အဲဒီကနေ ဘာရှိသလဲ"

တကယ်တော့ ကျွန်မ ရန်ကုန်ကို ဘာနဲ့ပြန်ရမလဲ မသိသေးပါ။ မွန်လေးက လာတုန်းကတော့ ရထားဖြင့် လာခဲ့ခြင်းဖြစ်သည်။

"ရထားလည်း ရှိတယ်၊ ကားလည်း ရှိတယ်။ ငါအဆင်ပြေ တာနဲ့ လိုက်ခဲ့မယ်လေ"

"အေး၊ အကျိုးအကြောင်း ဖုန်းထပ်ဆက်ဦးမလား"

"မဆက်တော့ပါဘူးဟာ"

"ရန်ကုန်ရောက်ရင် ငါ့ဆီ ဆက်လိုက်ပေါ့ ငါလာကြိုမယ်"

ကျွန်မ ရင်ထဲမှာ နွေးသွားသည်။

"ရပါတယ် မင်းညိုရယ်"

"နင်ဖုန်းဆက်ရတာ လွယ်အောင် ငါ အခုရက်ပိုင်းမှာ ရုံးမှာပဲ အိပ်လိုက်မယ်နော်၊ မနက်လေးနာရီပဲရောက်ရောက်၊ ငါ့ဆီ ဆက် လို့ရတယ် ငါထွက်လာခဲ့ရုံပဲ"

"အင်... နင်ကလဲ၊ ဖေဖေ့ကိုပဲ လာကြိုခိုင်းမှာပေါ့ ဟဲ့"

"အော် အေးလေ ဟုတ်သားပဲ"

သူ စိတ်ပေါ့ပါးစွာ ရယ်မောလိုက်လေသည်။

ကျွန်မလည်း လိုက်ရယ်မိသည်။

ကျွန်မ ပြန်တော့မည်။

မင်းညို ပြောတာမှန်ပါသည်၊ ကျွန်မ ဘဝက သည်ရွာမှာ ငြိုးမေ၏ အထုပ္ပတ္တိမှာ မရှိ။ ကျွန်မဘဝက ရန်ကုန်မှာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



Alliance Française ရဲ့ တကြည့်တိုက်ထဲမှာ ရှိသည်။ နောက်ပြီး မင်းညိုစင်၏ အနားမှာ ရှိပါသည်။

✚ ✚ ✚





## တောင်ပေါ်စကားပွင့် (Magnolia fraseri)

ကျွန်မဘေးမှာ ရှိနေသော စံကားပင်တွေသည်သာ လွမ်းတတ်မည်ဆိုလျှင် ဘယ်အပင်က ကျွန်မပြန်မှာကို အလွမ်းရဆုံးဖြစ်မလဲ။

သို့မဟုတ် သူတို့နှင့် တကယ်ခွဲခွာရပြီဆိုသည့်အခါ ကျွန်မကရော ဘယ်အပင်ကို အလွမ်းရဆုံးဖြစ်မလဲ။

သည်မှာရှိသမျှသော စံကားပင်တွေသည် သူ့အလှနှင့်သူ၊ သူ့တန်ဖိုးနှင့်သူ၊ သူ့ရာဇဝင်နှင့်သူ လွမ်းစရာကောင်းနေခဲ့သည်ချည်းဖြစ်သည်။ တစ်ခုပဲ ဝမ်းနည်းစရာကောင်းနေသည်မှာ သူတို့အားလုံးကို ကျွန်မ ရင်းနှီးခွင့် မကြုံတော့ဘူး။ သူတို့တစ်ပင်ချင်း၏ ပုံပြင်တွေကိုလည်း ကျွန်မ ဆက်နားထောင်ခွင့် မရတော့ဘူး။

"မမေခ်ာ် ပြန်တော့မယ်ဆိုတော့ ကျွန်တော် မေမေ့ကိုတမ်း



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကို ပြန်တွေ့ချင်လိုက်တာ၊ မမဖော်အတွက် ပေးလိုက်ချင်တယ်။ မမဖော်စာအုပ်အတွက် အသုံးဝင်မှာ။ ကျွန်တော် ထပ်ရှာကြည့်ဦး မယ်''

ကိုသီဟာက ကျွန်မတို့သွားရာ တောင်ကုန်းတက်လမ်းပေါ်သို့ ငိုက်ကျနေသော စံကားပင်ကိုင်းတစ်ခုကို ကျွန်မ သွားသာအောင် ဘေး သို့ ဖယ်ပေးသည်။

သူဖယ်လိုက်သောအကိုင်းတွင် ပန်းပွင့်တစ်ပွင့်ရှိနေသည်။ ထိုပန်းပွင့်သည် အရင်နေ့တွေက ကျွန်မ တွေ့နေကျ စံကားပွင့်တွေ ထက် ကြီးမားသော အဖြူရောင်ပန်းပွင့်ဖြစ်သည်။

''အယ် ပန်းပွင့်ကြီးက အကြီးကြီးပဲနော်''

ပန်းပွင့်ကို ကျွန်မ ခူးဖို့ဟန်ပြင်တော့ သူက ခူးပေးသည်။

ပန်းပွင့်သည် လဘက်ရည်ပန်းကန်ပြားထက်တောင် ကြီးသေး သည်။ ပွင့်ချပ်ဘယ်နှခုပါလိမ့်။ တစ်ခု... နှစ်ခု... သုံးခု...။

''ဆရာ ပွင့်ချပ်တွေက ခုနစ်ခုတောင်ပဲ''

သူက ကျွန်မဘက်လှည့်ကြည့်ရင်း ပြုံးလေသည်။

''မမဖော်က စံကားပန်းကို တော်တော်ကြိုက်တယ်ထင်တယ်''

ကျွန်မ သူ့ရှေ့မှာမို့ ပန်းကို မနမ်းရဲဘဲ ထိန်းချုပ်ထားရသည်။ အခန်းပြန်ရောက်တော့မှ အားရပါးရ နမ်းလိုက်မည်။

''ဆရာကလဲ စံကားပန်းကို မကြိုက်တဲ့လူ ဘယ်သူများရှိမှာလဲ''

ကျွန်မ ခပ်စူစူပြုံးလျက်ပြောမိတော့ သူက မျက်နှာတည်သွား သည်။

''ကျွန်တော် မကြိုက်ဘူး''

''ဆရာက အာဃာတကြီးနဲ့ ပြောနေတာပဲ''





သူ မငြင်းပါ။

''ဆရာ့မှာ ဘက်လိုက်မှုတွေ ရှိနေတယ်''

သူဘာမှ မဖြေရှင်းပါ။

ရှားစောင်းပင်တန်းကို ကျော်လိုက်သောအခါ ကျွန်မတို့ မြစ်ဆီကို ရောက်ခဲ့ကြသည်။ ရေစီးသန်သလား၊ မသန်သလားတော့ မသိ။ ရေသံကတော့ ရေကို မမြင်ရမီကတည်းက ကြားနေရပြီ။ မြစ်ကမ်းပါးက စောက်နက်သည်။ လူ့အရပ် နှစ်ပြန်စာလောက်ရှိသည်။ ခြံစည်းရိုးအပြင်က မြစ်ကမ်းပါး လမ်းကျဉ်းအတိုင်း ကျွန်မတို့ လျှောက်လာသည့်အခိုက် မြစ်ထဲမှာ ဘဲကလေးနှစ်ကောင် ယက်ကန်ယက်ကန် ရေကူးနေတာကို မြင်ရသည်။ တစ်ကောင်က အဖြူ၊ တစ်ကောင်က အဖြူနှင့်အညိုစပ်ကျား။

''ဒီနားမှာ အိမ်ရယ်လို့ နီးနီးနားနားလည်း မရှိဘဲနဲ့ဘယ်ကနေ ရောက်လာတဲ့ ဘဲတွေလဲမသိဘူး''

ကျွန်မ ရေရွတ်မိသည်။ သူ ကျွန်မဘက်သို့ လှည့်မကြည့်ပါ။ ကျွန်မလိုလည်း ပတ်ဝန်းကျင်ဆီ စိတ်ရောက်နိုင်ဟန် မတူပါ။ ကျွန်မ ပြောပြီးမှ အားနာသွားသည်။ ဟုတ်ပါရဲ့၊ ကိုယ့်အမေ၏ နောက်ဆုံး ထွက်သက်ကို နုတ်ယူသွားခဲ့သော မြစ်တစ်စင်း၏ကမ်းပါးတွင် ဘယ် သားကများ ပတ်ဝန်းကျင်ကို စိတ်ဝင်စားနိုင်ပါမည်နည်း။ အထူးသဖြင့် အမေကို အလွန် ချစ်ခင်တွယ်တာသောသား ဆိုလျှင်ပေါ့...

ကျွန်မသည် မြစ်ကို ကန့်လန့်ဖြတ် ခင်းသွယ်ထားသော ကြိုး တံတားကို ငေးမောကြည့်နေမိသည်။ ဥယျာဉ်မှူး၏ လက်ရာ၊ ထို တံတားသည် သူ့ကိုမမွေးခင်၊ သူ့မိခင်ကိုတောင် မမွေးခင် ဥယျာဉ်မှူးက တည်ဆောက်ပေးခဲ့သော တံတားဟု သူသိမလား။



www.burmeseclassic.com

www.burmeseclassic.com



သူ သိပုံရပါသည်။ သူတံတားကို ကြည့်နေပုံက နာနာကျည်းကျည်း ရှိလှသည်။

"အဲဒီကြိုးတံတားက နိုင်လားဆရာ"

"နိုင်ပါတယ်၊ မမေဇော် လျှောက်ချင်သလား"

"ဟုတ်ကဲ့"

"သွားလေ"

ကျွန်မသည် တံတားပေါ်သို့ အတက်တွင် ခြာကနဲ အမှတ်တမဲ့ လှည့်ကြည့်မိ၏။ ခြစည်းရိုးအပင်တွေ နောက်ဘက်က အနီဆုံး စံကားပင်တစ်ပင်နောက်မှာ လူရိပ်တစ်ခုကို မြင်လိုက်ရသလိုပဲ။ စိတ်ထင်တာများလား။ သို့မဟုတ် တကယ်ပဲ သူ ကျွန်မတို့ကို စောင့်ကြည့်နေသလား။ သူ အိမ်ရှင်၏ ခွင့်ပြုချက်မရဘဲ ဥယျာဉ်ခြံမြေထဲသို့ ရောက်ရောက်လာနေခြင်းကို ကျွန်မ ကိုသီဟအား ပြောပြသင့်သလား။ တွေးလိုက်မိရုံနှင့် ကိုခွန်သာကို အားနာသွားမိသည်။ ကိုခွန်သာဆိုသော လူတစ်ယောက်သည် ကိုသီဟ၏ သူငယ်ချင်းတော့ မဖြစ်နိုင်။ ဖြစ်ချင်းဖြစ်လျှင်...

"ဒီတံတားကလည်း မေမေ့ရဲ့ ယောက်ျား ဆောက်ထားခဲ့တာပဲ မေမေ မမွေးခင်ကတည်းကလို့ ဘိုးဘိုးက ပြောတယ်"

ကျွန်မတို့နှစ်ယောက်၏ အလေးချိန်ဖြင့်ပင် တံတားက ညွှတ်ယိမ်းသွားသည်။ ကြိုးတံတားတွေ၏ ထုံးစံအတိုင်း ခြေလှမ်းလှမ်းလိုက်သည့်အခါ လှုပ်ယမ်းနေလေသည်။

"မကြောက်ပါနဲ့ မမေဇော်၊ ခပ်ခပ်လျှောက်ပါ၊ ဒီတံတားက တော်တော်ခိုင်ပါတယ်။ သံကြိုးတွေနဲ့ ဆိုင်းထားတာလေ၊ ဟောဒီမှာကြည့်"





သူက အထက်ကြိုးတန်းကြီးကို လက်ဖြင့် အသေအချာညွှန်ပြသည်။ ကျွန်မ အောက်ဘက် မြစ်ပြင်ရှိရာသို့ ငုံ့ကြည့်လိုက်မိ၏။ မိုက်ခနဲ မူးဝေသွားပါသည်။

အို။ မြစ်က အောက်ဘက် တော်တော်ဝေးသော နေရာမှာပါလား။

ကျွန်မ မြစ်ကို ငုံ့ကြည့်ရတာ ကြောက်လာသဖြင့် မျက်စိ လွှဲလိုက်မိသည်။ ဥယျာဉ်ခြံဆီသို့ ဖြစ်သည်။

တစ်ခဏအတွင်းမှာပင် ကျွန်မ၏မျက်စိကို စိမ်းညို့သော ကုန်းမြင့် ဥယျာဉ်က ဖမ်းစားထားလိုက်သည်။

"ကြည့်စမ်း မြစ်ဘက်ကကြည့်တော့ စံကားပင်တွေက တောင်ကုန်း ဆင်ခြေလျှောမှာပဲ၊ လှလိုက်တာနော် ဆရာ"

"ဟုတ်တယ်၊ ကျွန်တော်ငယ်ငယ်က မေမေနဲ့ ဒီတံတားဆီကို လမ်းလျှောက်လာတိုင်း မေမေက ဒီမြင်ကွင်းကို တမေ့တမော ကြည့်နေကျ။ ကျွန်တော် တက္ကသိုလ်တက်နေတဲ့ကာလရောက်တော့ မေမေက ကျွန်တော့်ကို ဒီကြိုးတံတားပေါ်ကနေ လှမ်းမျှော်နေကျပေါ့"

"သူ့သားဟာ မိန်းမတစ်ယောက်နှင်းလျှောက်ဖို့ သူ့ပခုံးပေါ်မှာ လွယ်တဲ့ လွယ်အိတ်ကို ရှုံ့ဖွက်ထဲကိုတောင် ပစ်ချပေးခဲ့ပြီး ဖြစ်နေပြီဆိုတာ အမေကတော့ ဘယ်သိရှာမလဲနော် ဆရာ"

မြစ်၏ ခြောက်ခြားစရာအတိတ်ကို သူမေ့မှ မေ့ပါစေတော့ဟုသည့် ရည်ရွယ်ချက်ဖြင့် သူ့ကို စနောက်မိသည်။ သူ မရယ်မောပါ။

"ဘယ်သိနိုင်မလဲ၊ ကျွန်တော်နဲ့လည်း ဘာမှမဖြစ်သေးတာမို့ မေမေ့ကို ပြောစရာမလိုဘူးလို့ပဲ ထားခဲ့တာ"

သူ့မျက်နှာ တဖြည်းဖြည်းညှိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



''တစ်ခါမှာတော့ ကိုယ်ချစ်မြတ်နိုးမိသွားတဲ့ မိန်းမတစ်ယောက် ကိုယ့်ဘဝမှာ ရှိနေပြီဆိုတာ မေမေ့ကို ပြောတော့မယ်လို့ ဆုံးဖြတ်ပြီး အိမ်ပြန်လာခဲ့တယ်၊ သားကိုသိပ်ချစ်ပေမယ့် မေမေနားလည်မှာပါလို့ ရဲရဲဆေးတင်လာတာပေါ့''

သူ သက်ပြင်းတစ်ချက်ချသည်။ မြစ်ရေပြင်ကို ငုံ့ကြည့်သည်။

''ဒါပေမယ့် ကျွန်တော် အဲဒီအကြောင်းကို ဘယ်တော့မှ ဖွင့်ပြောခွင့် မရခဲ့တော့ပါဘူး၊ ကျွန်တော်ရောက်တဲ့နေ့က မေမေ့အလောင်းကို ရွာသားတွေ လိုက်ရှာပြီး မတွေ့သေးတဲ့နေ့''

သူ ခဏရပ်သွားသည်။ ကျွန်မသူ့ကို နှစ်သိမ့်ပေးစရာများ လိုမလား။

''ဘယ်လောက်လောက်ကြာမှ တွေ့တာလဲဟင်''

''သုံးရက်''

သူ့ ဟိုးအဝေးက မြစ်အောက်ပိုင်းဆီသို့ ငေးမောနေသည်။

''ကျွန်တော်က မေမေ့ကို နောက်ဆုံးအချိန်အထိ မျှော်လင့်နေတုန်းပဲ၊ ဟောဟို မြစ်အကွေ့လေးဆီကနေများ မေမေ ကျွန်တော့်ဆီ ရေကူးပြီး ပြန်ရောက်လာမလားလို့လေ။ မေမေ့အလောင်းကိုတွေ့တဲ့ သုံးရက်မြောက်နေ့တုန်းကလည်း ကျွန်တော် ဟောဒီတံတားပေါ်ကနေ မေမေ့ကို မျှော်နေခဲ့တာ၊ ဒါပေမယ့် မေမေ့အလောင်းကိုပဲ ဆယ်ခဲ့ လိုက်ကြတယ်''

''ကျွန်မ စိတ်မကောင်းပါဘူး ဆရာ၊ ဆရာဘယ်လောက် ထိခိုက်ကြေကွဲရမယ်ဆိုတာ ကျွန်မသိပါတယ်။ ဒီအကြောင်းကို ဆရာ မပြောချင် မပြောပါနဲ့။ ကျွန်မ ဒေါ်တင်ကိုပဲ မေးလိုက်ပါ့မယ်ဆရာ''

ကျွန်မ တံတားဓါးသံမဏိကြိုးကို လက်ဖြင့်ဆုပ်ကိုင်ရင်း သူ့ကို





ထားမြစ်မိသည်။ သူကပြုံး၏။

''ကိစ္စမရှိပါဘူးဗျာ၊ ဆယ့်ငါးနှစ်တောင် ကြာခဲ့ပြီလေ၊ ကျွန်တော် မေမေ့အမှန်တရားကို လက်ခံနိုင်သွားပါပြီ၊ မေမေဟာ ဟောဒီမြစ်ထဲမှာ အသက် သေဆုံးသွားခဲ့တယ်၊ မေမေရေနစ်နေတဲ့အချိန်မှာ ကျွန်တော် မေမေ့အသက်ကိုကယ်ဖို့ အနားမှာ မရှိခဲ့ဘူး၊ မေမေ့ကို အလွန်ချစ်ပါ တယ်ဆိုတဲ့ မေမေ့ နောက်ယောကျ်ားက မေမေ့အဖြစ်ကို သိတောင်မသိ ခဲ့ဘူး''

သူ့လေသံက မာကျောလာ၏။ အခြေအနေ မကောင်းပါ။ သူ့မှာ နာကျည်းစရာတွေ များလွန်းလှသည်။ မြစ်သည် သူ့အား ပို၍ပင် စိတ်ထိခိုက်စေတော့မည်။

ထိုလူက ဘယ်ရောက်နေလို့လဲ။ မေးချင်စိတ် ပေါက်သွား၏။ သို့သော် ကျွန်မ မမေးတာက ပိုကောင်းပါလိမ့်မည်။

''အဲဒီနေ့က သူ အဲ ဆရာ့မေမေ မှတ်တမ်းစာအုပ် ရေးသွားခဲ့ သေးလား''

သူ ခေါင်းရမ်း၏။

''မေမေ နောက်ဆုံးရေးထားတာက ဒီဇင်ဘာ ၂၂ရက်နေ့ထိပဲ''

မြဦးမေ ဆုံးသွားတာက ဒီဇင်ဘာ ၂၄ရက် ဖြစ်ပါသည်။

''မေမေ နောက်ဆုံးရေးသွားတဲ့ စာကြောင်းကို ကျွန်တော်မှတ် မိပါတယ်။ အမှန်ကတော့ ကျွန်တော်မမှတ်မိချင်ဘူး၊ ဒါပေမယ့် လူ့စိတ် ကလည်း တော်တော်ကြောက်စရာကောင်းတယ်။ မမြင်ချင်တာကိုမှ ကြည့်ချင်တယ်။ သတိမရချင်တာကိုမှ သတိရနေမိတယ်''

သူက ခပ်မဲ့မဲ့ပြုံးလျက် သူ့လက်ထဲမှာ ဘယ်တုန်းက ကိုင်ထား မှန်းမသိခဲ့ရသော စံကားပန်းတစ်ပွင့်ကို မြစ်ထဲသို့ ပစ်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သားငယ်နဲ့အတူ ကြီးပြင်းလာတဲ့ တောင်ပေါ်စကားပြေပုံပြင်လေး ဒီနေ့စပွင့်ပြီ၊ သားကလည်း ဆယ့်တစ်နှစ်၊ သူကလည်း ဆယ့်တစ်နှစ်၊ ဒါပေမယ့် အပွင့်ပေါင်း ဆယ့်ရှစ်ပွင့်...တဲ့"

ကျွန်မ ထင်သားပဲ၊ မြဦးမေမှာ သားနှစ်ယောက်ရှိပါသည်။

"အဲဒါ မေမေ နောက်ဆုံးရေးခဲ့တဲ့ စာကြောင်းပဲ မမဇော်၊ မေမေ နောက်ဆုံးရေးခဲ့တဲ့ စာကြောင်းက ကျွန်တော့်အကြောင်းတော့ မဟုတ်ဘူး"

သူ ကျွန်မဘက်သို့ တည့်တည့်လှည့်ကြည့်သည်၊ သူ့မျက်လုံးတွေက ညနေခင်းနေရောင်အောက်တွင် တောက်ပနေသည်။ အဲဒီအရောင်ကို ကျွန်မသိပါသည်။ အဲဒါ အမုန်းတွေမဟုတ်လား။

မြဦးမေမှာ နောက်ယောက်ျားရှိခဲ့သည်၊ အဲဒီ နောက်ယောက်ျားက သူမ၏ ငယ်ချစ်ဦးဖြစ်ခဲ့သူ၊ ထိုသူနှင့် သားတစ်ယောက်ရသည်။

"အဲဒီ သားငယ်ဆိုတာကို ဆရာ မုန်းနေခဲ့တယ်ထင်တယ်"

"မမုန်းသင့်ဘူးလား မမဇော်ရယ်၊ မမုန်းသင့်တဲ့ အကြောင်းများရှိရင် ပြောစမ်းပါ"

ကျွန်မ သူ့ကို ပြေရာပြေကြောင်း ပြောဖို့လိုလေမလား။

"အေးလေ...ကိုနှစ်အရွယ် ကလေးတစ်ယောက်ဟာ သူ့အမေကို တွယ်တာလို့ကောင်းတုန်း၊ အားကိုးလို့ကောင်းတုန်း၊ အထင်ကြီးလေးစားလို့ကောင်းတုန်း။ အဲဒီခံစားမှုတွေကို အားလုံး ပျက်စီးသွားအောင် ပြောင်းပြန်လှန်ပစ်လိုက်တဲ့ လူနဲ့ အဲဒီလူကြောင့် ဖြစ်လာတဲ့ အရာတွေအကုန်လုံးကို ဒီကလေး မုန်းမိမှာပေါ့၊ ကျွန်မ နားလည်ပါတယ်လေ"

သူက ကျွန်မအား မျက်မှောင်ကြုတ်ကြည့်သည်။





"မဟုတ်သေးဘူး၊ မမဇော်ပြောတဲ့အထဲမှာ အမုန်းသင့်ဆုံးအချက် မပါသေးဘူးလေ"

အမုန်းသင့်ဆုံးအချက်...။ ကျွန်မက ဘယ်အချက်ကိုများ ချန်ခဲ့မိပါလိမ့်။

"မေမေက သူ့ကြောင့် သေခဲ့ရတာလေ၊ အဲဒီကောင်ကြောင့် မေမေ သေခဲ့တာလေ"

ကျွန်မ အံ့ဩသွားၿ၏။

"အဲဒီကောင်ဆိုတာ ဘယ်သူ့ကိုပြောတာလဲဆရာ"

"ခွန်သာ၊ မေမေ့သား"

ကျွန်မ သူ့ကို ငေးကြည့်နေမိတော့သည်။

အော်...၊ ကိုခွန်သာဟာ မြဦးမေရဲ့သား...

"ဒီကောင်က ကစားစရာ မော်တော်ဘုတ်ကို မြစ်ထဲချပြီး ကစားချင်သတဲ့၊ ဘိုးဘိုးနောက်ဆုံးသိလိုက်တဲ့အချိန်က မေမေ သူ့သားကို မြစ်ဆီခေါ်သွားခဲ့တာပဲတဲ့။ ခွန်သာ ကြောက်အားလန့်အားနဲ့ ငိုပြီး ဘိုးဘိုးဆီ ရောက်လာတော့ တော်တော်မိုးချုပ်နေပြီ၊ အဲဒီအချိန်မှာ မေမေ့ကို မတွေ့ရတော့ဘူး"

မြစ်သည် ကျွန်မတို့အောက်မှာ အသံဆူညံစွာ စီးဆင်းနေဆဲ။ မြစ်ရေစီးသံကို ကျွန်မ နားထောင်နေရင်း ငိုညည်းသံတစ်ခုအဖြစ် ကြားယောင်လာမိသည်။

ဘယ်သူ့ငိုသံပါလိမ့်၊ ဝမ်းနည်းအားငယ်သည့် ငိုသံလား၊ ဒေါသတကြီး နာကျင်သည့် ငိုသံလား။

ကျွန်မ စိတ်ထိခိုက်စွာ ပင့်သက်ရှိုက်လိုက်မိသည်။

ဒါဖြင့် မြဦးမေဟာ ကျွန်မတို့ထင်ထားသလို ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သတ်သေဖို့ မြစ်ထဲဆင်းသွားတာ မဟုတ်ဘူးပေါ့။

"ကျွန်မတို့ အဲဒါကို မသိခဲ့ဘူးဆရာ၊ မြဦးမေ ကွယ်လွန်ခဲ့ရတဲ့ ကိစ္စရဲ့နောက်ကွယ်မှာ ကလေးတစ်ယောက် ရှိနေခဲ့တယ်ဆိုတာ"

သူ ကျွန်မထံမှ မျက်နှာလွှဲလျက် ရယ်မောသည်။

"ဘယ်သိမလဲ မမေဇော်ရဲ့၊ ဘိုးဘိုးက သူ့မြေးအငယ် လန်ဒန်မှာ ဖျားရာကနေ သတိပြန်လည်လာတော့ အဖြစ်အပျက်ကို သိပ်မမှတ်မိတဲ့ အတူ စိတ်ထိခိုက်မှာစိုးလို့ဆိုပြီး မြှုပ်ကွယ်ပေးထားခဲ့တာ။ နောက် တစ်ကြောင်းက ဥယျာဉ်မှူးနဲ့ မေမေနဲ့ ငြိရာကနေ သားတစ်ယောက် ရတယ်ဆိုတာကို ရွာကလူတွေကို အတိအလင်းပြောထားတာမှ မဟုတ်ဘဲ။ ဖုံးကွယ်လက်စနဲ့ ဆက်ဖုံးထားတော့တာပေါ့"

"ဆရာ စိတ်တော့မရှိနဲ့နော်၊ မြဦးမေမှာ အိမ်ထောင်နှစ်ဆက်ရှိ သလိုလို သားနှစ်ယောက်ရှိသလိုလိုတော့ အားလုံးကြားကြပါတယ်"

"မမေဇော် ဒီအကြောင်းတွေကို စာအုပ်ထဲမှာ ထည့်ရေးဖြစ်မယ် ထင်လား"

သူက ကျွန်မအား တည့်တည့်မကြည့်ဘဲ မြစ်ကို ငေးမောရင်း မေးပါသည်။

"ကျွန်မ ဒီတစ်ည စဉ်းစားအုံးမယ်လေ ဆရာ"

သူပြုံးလျက် ခေါင်းညိတ်သည်။

"ကျွန်တော် ဘာမှ ကန့်ကွက်ချင်လို့ တောင်းဆိုချင်လို့မေးတာ မဟုတ်ပါဘူး။ သိချင်တာ သက်သက်ပါ။ တကယ်တော့ ကိုယ့်ကိုယ်ကို သတ်သေတယ်လို့ အထင်ခံရတာနဲ့စာရင် တိတ်တိတ်ပုန်းယောက်ျား တစ်ယောက်နဲ့ရတဲ့ သားငယ်အတွက်နဲ့ အသက်ဆုံးရှုံးရတယ်ဆိုတဲ့ အဖြစ်က ပိုပြီး လှမလားမသိဘူးလေ"





"ဟုတ်တယ်ဆရာ၊ နောက်ပြီး ဒါက အမှန်တရားလည်း ဖြစ် နေတယ်လေ"

ပြောပြီးနောက် ကျွန်မ ကောင်းကင်ကို မော့ကြည့်လိုက်မိသည်။

"ပြန်ကြရအောင်လေ ဆရာ၊ မိုးရွာလိမ့်မယ်"

သူက ကျေးဇူးတင်သော အပြုံးဖြင့် ကျွန်မအား ကြည့်သည်။

"ကျွန်တော် ဒီမှာ ခဏလောက်နေခဲ့အုံးမယ်လေ"

ကျွန်မ ရုတ်တရက် ဘာမှန်းမသိဘဲ သူ့အတွက် စိုးရိမ်သွားမိ၏။

"ဖြစ်ပါ့မလား ဆရာ၊ ကျွန်မအဖော်အဖြစ် နေပေးရမလား"

သူ ခပ်သာသာ ရယ်သည်။

"မစိုးရိမ်ပါနဲ့ဗျာ၊ ကျွန်တော် နောက်ထပ် ရင်ဖွင့်စရာတစ်ခု ကျန်သေးတာကို ပြောဖြစ်အောင် အားယူချင်လို့ပါ"

ရင်ဖွင့်စရာ...။

ကျွန်မ သူ့ကို မျက်မှောင်ချီလျက် မော့ကြည့်မိသည်။ သို့သော် သူက ကျွန်မအား မကြည့်တော့ဘဲ မြစ်ကို ငုံ့ကြည့်နေခဲ့ပြီ။

"ဟုတ်ကဲ့ဆရာ၊ ဒါဖြင့် ကျွန်မ သွားနှင့်လိုက်မယ်"

ကျွန်မပြန်သာ လှည့်လာရသည်။ ကိုသီဟ၏ ထူးခြားသော မျက်နှာကို နားမလည်စွာပင် အဖြေသိချင်နေမိတာတော့ အမှန်ပါပဲ။

နေရောင်သည် အနောက်ကောင်းကင်ဆီတွင် အနီရောင်ပျပျ သာ လင်းနိုင်တော့သည်၊ တကယ်က ညနေ ငါးနာရီသာသာပဲ ရှိသေးသည်။ မိုးရိပ်ကြောင့်လားမသိ၊ နေမဝင်သင့်သေးသည့် အချိန်မှာ နေဝင်သွားခဲ့လေပြီ။

ခြံစည်းရိုး ရှားစောင်းပင်တန်းကို ကျော်လိုက်ပြီး ခြံထဲသို့ ဝင်လိုက်လျှင် ဝင်လိုက်ချင်း ကျွန်မလက်ထဲက ပန်းပွင့်လေးကို သတိရ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

မွေးလိုက်တာ။ သို့သော် သူ့မွေးပုံကတစ်မျိုး။ သူများပန်းသွင်တွေလို ရှုးရှူးနင့်နင့် ထုံသင်းသွားတာမဟုတ်။ မမွှေးသလို မွှေးသည့် မင့်မရဲ ဖြစ်သည်။ သူ့မွှေးပုံက သနားစရာလေးဟု တွေးမိသည်။ သူ့နာမည်က ဘာပါလိမ့်၊ ကိုသီဟက ကျွန်မအတွက် ခူးသာပေးခဲ့တာ နာမည်ကို ပြောပြမသွားခဲ့။ သူမသိလို့ပဲ ဖြစ်မည်။ ပန်းပွင့်လေးမှာ နာမည်ကတော့ ရှိမှာပါ။ သူ့ပင်စည် တစ်နေရာရာမှာ နာမည်စာတန်း ချိတ်ဆွဲထားမှာပါ။ ဒါပေမယ့် အဲဒီအပင်က ဘယ်နားမှာ ကျန်ခဲ့ပြီလဲ ကျွန်မ မသိတော့။

ကျွန်မ အိမ်ဆီသို့ ခြေလှမ်းမလှမ်းမိ။

သည်ကနေ့ သူ့ကို ကျွန်မ တွေ့ရမှ ဖြစ်မည်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မ မနက်ဖြန် ပြန်မှာမို့ပဲ။ သူ့ကို ကျွန်မ နှုတ်ဆက်ရမှာ ဖြစ်မှာပေါ့။

သူ ဘယ်မှာများ ရောက်နေပါလိမ့်။

သူ့ကို မြဦးမေဓါ်သား ဖြစ်နေလိမ့်မည်ဟု ကျွန်မ နည်းနည်းမှ ပင် အတွေးမဝင်ခဲ့မိ။ အခုတော့လည်း အားလုံး ရှင်းလင်းသွားပါပြီ။

ကျွန်မသည် စံကားပင် ပင်စည်တွေနောက်ကွယ်မှာ ရှိနေမှာ သေချာသော သူ့ကို ဘယ်စံကားပင်နောက်မှာ ရှိနိုင်မလဲဟု မှန်းဆမျှော်ကြည့်မိသည်။ စံကားပင်တွေက အများကြီး။ နေရောင် ကွယ်ပျောက်သွားပြီဖြစ်သောကြောင့် အမှောင်ရိပ်တို့ တစ်စတစ်စ လွှမ်းလာခဲ့ပြီ။ နဂိုကမှ တစ်ပင်နှင့်တစ်ပင် ဆင်တူသယောင်ယောင် ရှိရသည့်အထဲ အလင်းရောင်အားက နည်းနေသောအခါ ကျွန်မ မျက်စိအောက်တွင် မြင်မြင်သမျှသည် ဆင်တူ စံကားပင်တွေချည်း ဖြစ်နေတော့သည်။





အချိန်သိပ်မရှိတော့ပါ။

ကျွန်မ ဟိုဟိုသည်သည် လှည့်ပတ်ရှာကြည့်မိသည်။ ဟိုစဉ်ကလို မရှာသလိုရှာသလို ပုံစံမျိုးမဟုတ်ဘဲ၊ သိသိသာသာ ရှာဖွေကြည့်ခြင်းဖြစ်သည်။ ကျွန်မ ရှာနေမိသည်ကို သူသိမှာလည်း စိုးရိမ်စရာမလိုတော့။ ကျွန်မက ပြန်တော့မှာလေ။ နှုတ်ဆက်ဖို့ပါ။

ဘယ်ရောက်နေပါလိမ့်။

ကိုခွန်သာ...

ကျွန်မသည် မြင့်မားအုပ်ဆိုင်းလွန်းလှသော စံကားပင်ကြီးများအောက်တွင် သေးသေးငယ်ငယ်လေးအဖြစ် ကျုံ့ဝင်သွားသလို ခံစားရသည်။

သူ ကျွန်မကို မမြင်ဘူးလား။ သို့မဟုတ် မတွေ့ချင်တော့လို့လား။ ကိုသီဟနှင့် နှစ်ယောက် ကြိုးတံတားပေါ် သွားကြတာကို မှင်မြင်လိုက်တယ် မဟုတ်လား။ ဒါကြောင့်သာ...

"ကိုခွန်သာ"

ကျွန်မ အသံက တိုးတိမ်စွာ ထွက်သွားခဲ့သည်။

ကျွန်မ နောက်နားဆီမှ အသံတစ်ခု ကြားလိုက်ရသည်။ သစ်ရွက်ကြွေပေါ်မှာ နင်းလာသည့် ခြေသံဖွဖွ၊ အဲဒါ သူပဲ။ ကျွန်မ လိုက်ခနဲ ဝမ်းသာသွားကာ နောက်သို့ လှည့်ကြည့်လိုက်သည်။

စံကားပင်တစ်ပင်၏ ပင်စည်နောက်မှာ ကွယ်နေရာမှ သူထွက်လာသည်။

"မေ..."

ကျွန်မ သူ့အား ငေးကြည့်နေမိသည်။

သူ ကျွန်မပြန်မှာကို မသိသေးဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်မဆီသို့ တိုးကပ်လာတော့မလို့နှင့် သူ့နောက်က စံကား ပင်တစ်ပင်ကိုသာ မှီလိုက်လေသည်။

"မေ…ဒီနေ့သိပ်လှတာပဲ"

ကျွန်မ မျှော်လင့်မထားသောစကားမို့ ကျွန်မ ကြောင်အ သွား ပါသည်။ ကျွန်မ၏ ပါးပြင်များ ရှိန်းခနဲ နွေးသွားသည်။ ကျွန်မ ဘဝမှာ ဘယ်တုန်းကမှ ယောကျ်ားတစ်ယောက်က လှတယ်လို့ အပြော မခံရဘူးပါ။

တစ်ခါမှ အပြောမခံရဘူးသော ချီးကျူးစကားမို့ ဘယ်လိုပြန် ပြောရမည်ဆိုတာ ကျွန်မ မသိ။

"ကျေးဇူးတင်ပါတယ်"

ကျွန်မ နည်းနည်းတော့ အနေခက်သွားကာ လက်ထဲက ပန်းကို ငုံ့ကြည့်လိုက်မိ၏။ ကျွန်မလက်ထဲက ပန်းကလေးမှာ ကိုင်ထား တာကြာလို့လားမသိ။ ညှိုးတော့မယောင်ယောင် ပျော့ဖတ်ဖတ်လေး ဖြစ်နေသည်။

"အဲဒီပန်းပွင့်လေး နာမည်ကို သူပြောလား"

ကျွန်မ ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။

သူ ကျွန်မကို ခပ်စိုက်စိုက်ကြည့်နေသည်ကို မြင်ရသည်။ သူ ကျွန်မကို ဆွဲငင်ယူတော့မလိုပဲ။ ကျွန်မ သူ့အနီးသို့ တိုးကပ်သွားမိ၏။

"ဟင့်အင်း"

"အဲဒီ ပန်းရဲ့ နာမည်က Magnolia fraseri တဲ့၊ အရပ်အခေါ် တော့ တောင်ပေါ်စံကားဖြူလို့ ခေါ်တာပေါ့။ တစ်ခြားသစ်မှာ စံကားဖြူ တွေလို မဟုတ်ဘူး။ သူက အကြီးမြန်တယ်။ အပင်ကလည်း သိပ်မမြင့် လှဘူး။ ဒါပေမယ့်နော် အပင်ကသာ သိပ်မကြီးတာ၊ အပွင့်ကျတော့





သိပ်လှတာပဲ"

"ဟုတ်တယ်နော်"

သူ့ခမျာ မြဦးမေရဲ့သား ဖြစ်ပါလျက်နှင့် မျက်နှာငယ်ရရှာတယ် ထင်ပါရဲ့။ သူတို့ ညီအစ်ကိုအကြားမှာ ကျွန်မ ကြားဝင်သင့် မဝင်သင့် စဉ်းစားကြည့်နေမိသည်။

"ဒီ ဥယျာဉ်ခြံမြေ တစ်ခုလုံးမှာ မြအတွက် မဟုတ်တဲ့ စံကားဖြူ ပင်ဆိုလို့ အဲဒီတစ်ပင်တည်းပဲ ရှိတယ်။

"မြ လက်ထပ်တဲ့ မြ ခင်ပွန်းက စွန့်ပစ်သွားပြီးတဲ့နောက် မြဟာ သူ့မိဘတွေရှိရာ သူအပျိုဘဝကနေခဲ့တဲ့ အိမ်ရှိရာကို ပြန်လာခဲ့ တယ်။ မိဘကိုလည်း အကြောင်းမကြားဘဲထားခဲ့တာမို့ မြ ပြန်လာမယ် ဆိုတာ ဘယ်သူမှ မသိထားဘူး။ ဒါပေမယ့် မိဘခြံမှာ မြဟာ သူ့ ငယ်ချစ်ဦးကို ပြန်တွေ့လိုက်ရတယ်။ ဥယျာဉ်မှူးက မြနဲ့ဝေးဖို့ ကြိုးစား ခဲ့ပေမယ့် မြရဲ့အရိပ်နဲ့တော့ မဝေးနိုင်ခဲ့ဘူး။ ဒါကြောင့် အဲဒီအိမ်မှာ ပြန်လာနေခဲ့တယ်။ မြ ပြန်လာတဲ့အခါ မြနဲ့သူနဲ့ နောက်တစ်ကြိမ် ပြန်ဆုံကြရတာပေါ့။

"ဒီတစ်ခါတော့ မြက သူတို့ ဘာအကြောင်းကြောင့်မှ မကွဲစေ ရတော့ဘူးလို့ သူ့ကိုယ်သူ ဆုံးဖြတ်လိုက်တယ်။ ဥယျာဉ်မှူးနဲ့ ပေါင်းသင်း နေထိုင်လိုက်တယ်။ သားလေးတစ်ယောက်ရတယ်

"ဒါပေမယ့် မြမျှော်လင့်ထားသလို ပျော်စရာအတိပြီးတဲ့ ဘဝတော့ မဟုတ်ခဲ့ဘူး။ လူတွေရဲ့ဘဝမှာ တစ်ခုခုကို ရနိုင်တဲ့အချိန်မှာ မယူခဲ့ဘူးဆိုရင် နောက်တစ်ခါရတဲ့ အချိန်မှာ ဒါကို မယူသင့်တော့ဘူး"

သူက ခံစားမှုကို ချုပ်တည်းထားသည့်မျက်နှာထားဖြင့် ပြော သည်။



www.burmeseclassic.com

www.burmeseclassic.com



''မြရဲ့သား အကြီးက အငယ်လေးကို သိပ်မုန်းတယ်၊ အငယ်လေးရဲ့ အဖေကိုမုန်းတာကိုး။ အငယ်လေးရဲ့ အဖေရော အငယ်လေးရော နှစ်ယောက်လုံးကို သူက မကြိုက်ဘူး။ ဒါကြောင့် မြက သူ့ဆီ အလိုလိုက်ပြီး သူရှိတဲ့အချိန်ဆို အငယ်လေးတို့ကို အိမ်မှာ မထားဘူး၊ ခြံထောင့် အစွန်ဆုံးမှာ ရှိတဲ့ သစ်လုံးအိမ်လေးမှာပဲ ထားတယ်။

''ဥယျာဉ်မှူးကတော့ သူ့သားကို သိပ်ချစ်တာပေါ့၊ ဒါကြောင့်လည်း သားလေးမွေးတဲ့ အချိန်မှာ မြန်မာပြည်မှာအလွန်ရှားတဲ့ စံကားမျိုး မျိုးစိတ်တစ်ခုကို ခြံထဲမှာ စိုက်ခဲ့တာ။ ဒီအပင်က တောင်ပေါ်မှာပဲ ပေါက်တဲ့ အပင်၊ အမြင့်ပေ ၁၆၀၀ကနေ ၆၀၀၀အတွင်း မြင့်တဲ့နေရာမှာပဲ ပေါက်တယ်''

ကျွန်မသည် အထက်ပိုင်း တစ်နေရာသို့ မော့ကြည့် လိုက်မိသည်။ ဟောဟိုက အပင်ပေါ့နော်။ ကျွန်မနှင့်ကိုသီဟ ဖြတ်ကျော် သွားခဲ့သော စံကားပင်။ ကျွန်မကို အကိုင်းအခက်တစ်ခုတောင် သူ ဖယ်ပေးခဲ့တဲ့ စံကားပင်။ ကျွန်မကို အပွင့်လေး တစ်ပွင့်တောင် သူ ခူး ပေးခဲ့တဲ့ စံကားပင်။

''အဲဒီအပင်ဟာ မြကို ကံဆိုးမိုးမှောင်တွေ သယ်လာ ပေး တယ်လို့ ပြောရမယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီအပင် စိုက်ပြီး တဲ့နောက်မှာ မြနဲ့ သားအကြီးက ခဏခဏ မကျေမလည် စကားများ ကြရလို့ပဲ''

အဲဒါတော့ အပင်နဲ့ မဆိုင်ပါဘူး။ အခြေအနေနဲ့သာ ဆိုင်ပါ သည်။

''အဲဒီအပင်က အပွင့်ပွင့်တဲ့နေ့တွေဟာ မြအတွက် ကံအဆိုး ဆုံးနေ့တွေပဲ။ အဲဒီနေ့က မြ သားအငယ်ကို လက်ကဆွဲပြီး မြစ်ကမ်းပါး





ကို လမ်းလျှောက် သွားခဲ့တယ်။ သားအငယ်က မော်တော်ဘုတ်ကလေး လွှတ်ချင်လို့ ပူဆာခဲ့တာကိုး။ မြစ်က ကမ်းပါးစောက်နက်တယ်၊ အဲဒါကြောင့်သားကို မဆင်းခိုင်းဘဲ ကမ်းပေါ်မှာထားခဲ့ပြီး မြတစ်ယောက် တမ်းပါးအတိုင်း ဆင်းသွားတယ်။ သားက အမေလွှတ်ပေးမယ့် မော်တော်လေးကို စောင့်ကြည့်ဖို့ ကမ်းပါးမှာ ငုတ်တုတ်လေးထိုင်လို့ပေါ့''

ပန်းရနံ့တွေ ရုတ်တရက် မွှေးပျံ့လာခဲ့သည်။ ရှိရှိသမျှသော စံကားပင်များအားလုံး တစ်ပြိုင်တည်း ပွင့်ကုန်ကြတာများလား။ လေထုသည် ထုံသင်းပျံ့သော ရနံ့ဖြင့် လေးလံလာခဲ့သည်။ ကျွန်မစိတ်တွေကပါ လေးလံလာသည်။ ကျွန်မအထက် စံကားပင်တစ်ပင်ပင်၏ တစ်နေရာရာမှ ငှက်တစ်ကောင် စူးစူးရှရှ အော်လျက်ပျံသန်း သွားသည်ကို ကြားလိုက်ရသည့်အခါ ကျွန်မ ကြက်သီးဖြန်းခနဲ ထသွားပါသည်။

''သားက အမေကို အရိပ်လိုပဲ ကြည့်နေခဲ့တာမို့ အမေသာ တစ်ခုခု မှားယွင်းသွားတယ်ဆိုရင် သူသတိထားမိမှာပါ။ ဒါပေမယ့် အမေက ဘာမှမထူးခြားဘူး၊ မော်တော်လေးကို ရေထဲချလွှတ်ပေး တယ်။ မော်တော်လေးကို ကြိုးနဲ့ချည်ထားတာမို့ မော်တော်လေး အဝေးကို မျောသွားရင် ပြန်ဆွဲယူပေးလို့ ရတာကိုး။

''မော်တော်လေးက အဝေးကို တဒီဒီမောင်းပြေးသွားလိုက်၊ မြက ပြန်ဆွဲယူပေးလိုက်နဲ့ သူတို့သားအမိ အကြာကြီး ဆော့ကစား နေကြတယ်၊ နောက်ဆုံးတစ်ခါကျတော့ မြ ပြန်ဆွဲယူပေမယ့် မော်တော် က တစ်ခုခုနဲ့ ငြိနေခဲ့တယ်။ မြက ဆွဲယူဖို့ကြိုးစားလေ၊ မော်တော်က တင်းနေလေ။ နောက်တစ်ခါ ဆွဲယူတဲ့အခါကျတော့ မြက လူကိုယ်တိုင် ရေထဲကို ဆင်းသွားတယ်၊ ပုံထမတော့ သားက အမေဟာ မော်တော်



www.burmeseclassic.com

www.burmeseclassic.com



လေးကို သွားယူပြီး ပြန်လာမှာလို့ ထင်နေတယ်။ ဒါပေမယ့် အမေဟာ မော်တော်ဆီသွားတာ မဟုတ်ဘဲ ရေငုပ်သွားတာ ဖြစ်နေတယ်။ သားက အမေကို ဘယ်တော့ပြန်တက်လာမလဲလို့ စောင့်နေတယ်"

ဤအဖြစ်အပျက်ကို သူတကယ်မှတ်မိပြီးပြောနေတာလား။ သို့မဟုတ် မြင်ယောင်ယောင်တုန်းက ပုံပြင်လို တစ်ယောက်ယောက်ထံမှ သိထားရသည့် အခြင်းအရာများကို အလွတ်ရနေသည့်အတိုင်း ပြန်ပြောပြနေခြင်းလား။ သူ ဝမ်းနည်းနေလေပြီလား။ သူ့မျက်နှာကိုတော့ အမှောင်လွှမ်းလာသည့် ပတ်ဝန်းကျင်မှာမို့ သဲသဲကွဲကွဲ မမြင်ရတော့ပါ။

"စောင့်ရင်းစောင့်ရင်းနဲ့ သူ စိတ်ပူလာတယ်။ အမေ ရေနစ်သွားပြီလား။ အမေဘာလို့ ပြန်မတက်လာတာလဲ။ နောက်တော့ တော်တော် ကြာသွားတဲ့အထိ ရေထဲကနေ တက်မလာတော့မှ သူလည်းငိုရင်း အိမ်ကို အားကုန် ပြန်ပြေးချလာတော့တယ်။

"မြကြ အဲဒီနေ့ကလည်း ပြန်မတက်လာဘူး။ နောက်နေ့လည်း ပြန် မတက်လာဘူး။ နောက်နေ့မှာ သားငယ်ရဲ့ အစ်ကို တက္ကသိုလ် ကနေ ကျောင်းပိတ်လို့ပြန်လာတယ်။ အမေသေပြီလည်း ဆိုရော မင်းကြောင့် အမေသေရတာဆိုပြီး အစ်ကိုက သူ့ကို လည်ကုပ်ကနေ ဆွဲပြီး ပန်းတွေဝေနေအောင် ပွင့်နေတဲ့ တောင်ပေါ် စံကားဖြူပင်ရဲ့ ပင်စည်နဲ့ခေါင်းနဲ့ ဆောင့်ဆောင့် တိုက်ပစ်တယ်။ သူ့ခေါင်းကွဲပြီး သွေးတွေကျလာတဲ့အထိ၊ သူ နာလွန်းလို့ သတိလစ် သွားတဲ့အထိ"

ဘုရား ဘုရား...၊

ကျွန်မရင်ထဲမှာ စူးစူးအောင့်အောင့်ကြီး နာကျင်လာခဲ့သည်။ ဖြစ်မှ ဖြစ်ရလေ။

"အမေ့ကို မင်းသတ်တာ...တဲ့၊ သူ့အစ်ကိုက... သူ့ကို..."





သူ့အသံက အက်ကွဲ တိမ်ဝင်သွားလေသည်။

ဟင့်အင်း...၊ အဲဒီလို မပြောပါနဲ့။ အဲဒီလို မပြောပါနဲ့ကွယ်။

ထို့နောက် သူသည် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာလိုက် လေသည်။ ထိုအချိန်မှာ ကျွန်မ၏ ဆောက်တည်ထားသမျှ စိမ်းကားမှု တွေ အကုန် ပြိုကျကုန်တော့သည်။

"မပြောနဲ့တော့"

ကျွန်မ သူ့အနားသို့ တိုးကပ်သွားမိသည်။

"တော်ပြီ၊ အဲဒါတွေက အားလုံး ပြီးသွားခဲ့ပြီ"

ကျွန်မ သူ့ကို နှစ်သိမ့်လိုက်မိ၏။

"စံကားပင်တွေအကြောင်းပဲ ပြောကြရအောင်ပါကွယ်၊ နော်"

သူ အကြာကြီး တိတ်ဆိတ်နေခိုက် သူ့ကိုယ်က နည်းနည်း တုန်ရီနေခဲ့သည်။ မွှေးပျံ့ရီဝေသော အမှောင်ထဲမှာ ကျွန်မတို့နှစ်ယောက် သည် တစ်ယောက်၏နီးကပ်မှုဖြင့် တစ်ယောက်ကို အားပေးလျက်၊ နှစ်သိမ့် ဖျောင်းဖျလျက်ရှိသည်။ အခုအချိန်မှာတော့ ကျွန်မ ရန်ကုန် ပြန်မည့်အကြောင်း သူ့ကို မပြောပြရက်သေးပါ။

ထိုခဏ၌ ကျွန်မတို့သည် ကျယ်လောင်စွာ မြည်ဟိန်းလိုက်သော အသံတစ်ခုကို ကြားလိုက်ရသည်။ ဘုရား... ကျွန်မ တုန်လှုပ် သွားမိ၏။

ထို့နောက် ကျွန်မ၏ ကိုယ်ခန္ဓာတစ်ခုလုံး မိုးစက် မိုးပေါက်များ ဖြင့် စိုရွှဲကုန်သည်။

အို... အေးလိုက်တာ။

"မေ..."

သူငြိမ်သက်နေရာမှ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြေးကြရအောင်"

ဟုတ်ပါသည်။ ကျွန်မတို့ ပြေးကြရမည်။

ကျွန်မ အိမ်ဘက်ဆီသို့ ပြေးရန် ခြေဦးတည်လိုက်၏။ သို့သော် သူ ဦးတည်သည်က အခြားတစ်ဘက် ...။

ဟင့်အင်း။ အိမ်က ဟိုဘက်မှာလေ။

သူက ကျွန်မ ပါမလာသဖြင့် လှည့်ကြည့်သည်။

"လာလေ မေ"

ကျွန်မ ခြေလှမ်းကို သူဦးတည်ရာဘက်သို့ ပြန်ပြင်လိုက်သည်။ ထို့နောက်သူ စတင်ပြေးသည်။ ကျွန်မပါ သူပြေးရာသို့ လိုက်ပြေးသည်။ အဲသည်နေရာသည်...

စံကားပင်တွေအောက်မှာ ကျွန်မတို့နှစ်ယောက် ပြေးနေကြသည်။ ကျွန်မတို့၏နောက်သို့ မိုးက အညှိုးတကြီး သဲသဲမဲမဲလိုက်ရွာနေသည်။ ကျွန်မဆံပင်တွေ စိုရွှဲလာပြီ။

စံကားပင်စည်တစ်ခုကို ကျော်လိုက်ပြီးသည့်နောက်တွင်တော့ မြုန်းခနဲပင် သစ်လုံးအိမ်တစ်ခုကို မြင်လိုက်ရတော့သည်။ မြက်ပင်ရှည်များ၏နောက်တွင် ရှိသည်။ ခြံစည်းရိုးထောင့်တစ်နေရာတွင် ဖြစ်သည်။

"လာ"

ကျွန်မကို သူကတစ်ခွန်းပဲပြောလျက် အိမ်တံခါးမှ ဝင်လိုက်သည်။ အိုဟောင်းသော သစ်သားနံ့သည် ကျွန်မအား ရုတ်တရက် ဆီးကြို ပွေ့လိုက်လေသည်။

အိုး အိမ်က တော်တော်ကျယ်သားပဲ။

ကျွန်မသည် တစ်ခါမှမရောက်ဖူးသော နေရာကို ရောက်လိုက်ရသည့်နှယ် လွမ်းဆွတ်တမ်းတမိသလို ခံစားရသည်။ ဘာကို လွမ်းမှန်း





လည်းမသိ။ သစ်သားနံ့ကြောင့်ဖြစ်မှာပါ။

အိမ်သည် လူမနေတာကြာသည့်အိမ်တစ်ခု၏ အငွေ့အသက်တွေလွှမ်းနေသည်။ မြင်မြင်ချင်းပင် ဒါဟာ ဉယျာဉ်မှူးတစ်ယောက်၏ နေရာပဲဟု လူတိုင်းသိနိုင်သည်။ ခြံစိုက်ပစ္စည်း အသုံးအဆောင်များကို တွေ့မြင်ရသည်။

ကြမ်းတမ်းသော်လည်း လှပသည့်ထမင်းစားပွဲ သို့မဟုတ် စာရေးစားပွဲ၊ ခပ်လှမ်းလှမ်းမှာက ခုတင်တစ်လုံး၊ ခုတင်ပေါ်မှာ မွေ့ရာနှင့် စောင် ခေါင်းအုံးများ။

"ထိုင် မေ"

သူက နွေးထွေးစွာ ခရီးဦးကြိုပြုသည်။

စားပွဲမှာရှိသော ကုလားထိုင်က ရှေးဟောင်း မတ်တတ်ကုလားထိုင်၊ အိမ်ကြီးပေါ်က ကျွန်မနေသော အခန်းရှိ ကုလားထိုင်နှင့် ပုံစံတူဖြစ်သည်။ ကျွန်မ သူ့စကားကို လိုက်နာလျက် ကုလားထိုင်မှာ ထိုင်လိုက်၏။

"ကိုခွန်သာက ဒီမှာနေတာလား ဟင်"

သူ လျှို့ဝှက်စွာ ပြုံးသည်။

"တစ်ခါတစ်ခါ နေတယ်"

ကျွန်မ ထိုင်နေရင်းက အိမ်ကို မျက်စိ ဝေ့ဝဲကြည့်မိသည်။ စာအုပ်စင်တစ်ခုကို တွေ့ရသည်။ ကျွန်မသည် စာအုပ်ကိုတွေ့လျှင် ဘယ်လိုမှ မကြည့်ဘဲ မနေနိုင်သဖြင့် ဖျတ်ခနဲ ထရပ်ကာ သွားကြည့်မိသည်။

စာအုပ်တွေက အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ နှစ်မျိုးလုံးဖြစ်သည်။ ရှုက္ခဗေဒစာအုပ်တွေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုခွန်သာ ဖတ်တာလား"

"ဖေဖေရော ကိုယ်ရော"

ကျွန်မ တချို့ကို ကောက်ကိုင်ကြည့်မိသည်။ သူ ကျွန်မ၏ ရှေ့တည့်တည့်တွင် နီးကပ်စွာ လာရပ်သည်။

စိုထိုင်းသော ကျွန်မကိုယ်သည် အေးစက်နေရာမှ မယုံကြည်နိုင်လောက်အောင် နွေးထွေးလာခဲ့တော့သည်။ ကျွန်မ ကိုင်ထားသော စာအုပ်ကို ကျွန်မ မမြင်နိုင်တော့။ သူ၏ နီးကပ်မှုသည် ကျွန်မအား မိန်းမူး ရီဝေအောင် ဖမ်းစား ညှို့ယူထားလိုက်ပါပြီ။

"ကျွန်မလေ..."

ကျွန်မ မနက်ဖြန် ပြန်တော့မယ်။ ထိုစကားသည် မှလာ သူ့ကိုပြောဖို့ ရည်စူးထားခဲ့သော စကားဖြစ်သည့်တိုင် ယခုအခါ ကျွန်မ မပြောနိုင်တော့။ မနက်ဖြန်ဆိုသောအရာရော ရှိသေးရဲ့လား။ ကျွန်မ မသိတော့။

"မေ..."

သူ့အသံတွင် တမ်းတမှုတွေ ပါနေလေသလား၊ ညည်းညူမှုတွေ ပါနေလေသလား။ မြတ်နိုးမှုတွေရော ပါနေသေးသလား။ ကျွန်မ မခွဲခြားတတ်ပါ။

ကျွန်မ ဘာလုပ်ရမလဲ။

ကျွန်မ သူ့ကို မော့ကြည့်လိုက်မိသည်။

သူ ကျွန်မကို ငုံ့ကြည့်နေသည့် မျက်ဝန်းတွေထဲတွင် ကျွန်မ လိုသမျှအရာတွေ အားလုံးရှိနေသည်။ ဒါဖြင့် အဲဒီမျက်ဝန်းတွေနှင့်ပင် လောကတစ်ခုလုံး ပြည့်စုံသွားပြီပေါ့။ ကျွန်မဘဝက သူ့မျက်လုံးတွေ ဆီမှာရှိနေသည်။ ကျွန်မကို မြတ်နိုးသောမျက်လုံးတွေ၊ ကျွန်မကို





မိန်းမသားတစ်ယောက်အဖြစ် အသိအမှတ်ပြုသော မျက်လုံးတွေ၊ ကျွန်မကို မင်းညီတစ်ယောက် ဘယ်တုန်းကမှ မကြည့်ခဲ့ဖူးသော အကြည့်တွေ။

ကျွန်မ တုန်ခိုက်စွာပြုံးမိသည်။

ကျွန်မ မျက်နှာဆီသို့ သူငုံ့လိုက်သောအခါ ကျွန်မ ထိတ်ခနဲ ရင်ခုန်လိုက်မောသွားပါသည်။

ခဏလေး။

အယောင်ယောင်အမှားမှားဖြင့် နောက်သို့ ခြေလှမ်းတစ်ချက် ဆုတ်မိသွားတော့သည်။

ကျွန်မ နောက်ကျောကစာအုပ်စင်လို အရာတစ်ခုကို တိုက်မိပြီး နောက်ဘက်မှာ တစ်ခုခုပြုတ်ကျသွားသံကို ကြားလိုက်ရသည်။

ကျွန်မ၏အာရုံက သူ့ထံမှ နောက်ဘက်က ကျသွားသော အရာဆီသို့ ချက်ချင်းရောက်သွားသည်။

ကျွန်မ နောက်ဘက်လှည့်ငုံ့ကြည့်လိုက်၏။

စာအုပ်ခပ်ပါးပါးတစ်အုပ်။

အပြာရောင်လား။

မသဲမကွဲ အလင်းရောင်အောက်မှာ အပြာရောင် နှင့် အစိမ်းရောင်ကို ကျွန်မ မခွဲခြားနိုင်ပါ။ ကျွန်မကြည့်ရာသို့ လိုက်ကြည့်လိုက်သော သူက စာအုပ်ကို ကောက်ယူရန် ကျွန်မခြေရင်းသို့ ဒူးထောက်ထိုင်ချလိုက်သည်။ ထိုအချိန်မှာ လုပ်ခနဲ ကြည်နူးနှစ်သိမ့်စိတ်နှင့်အတူ ကျွန်မ ဘာလုပ်ရမှန်း မသိ၊ မနေတတ်သလို ခံစားရသည်။ ထို့ကြောင့် အသက်အောင့်လျက်သာ တောင့်တောင့်မတ်မတ် ရပ်နေမိသည်။

ချက်ချင်းပင် သူ စာအုပ်ကို ကောက်လိုက်ပြီး ပြန် မတ်တတ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူ့လက်ထဲက စာအုပ်မျက်နှာဖုံးပေါ်မှာ ကျွန်မနှင့် ရင်းနှီးနေ သော အဖြူဆွတ်ဆွတ် ပန်းပွင့်တစ်ပွင့် ရှိနေသည်။

စံကားဖြူပွင့်...။

စာအုပ်က မှတ်စုရေးသည့် စာအုပ်နှင့်တူသည်။

အို...။ ကျွန်မ စာအုပ်ကို လက်လှမ်းလိုက်မိတော့ သူက ကျွန်မလက် နှင့် သူ့လက် မထိမိစေဘဲ ကျွန်မလက်ထဲသို့ စာအုပ်ကို ထည့်သည်။

"မြ စာအုပ်"

သူမပြောမီကတည်းက ဘာစာအုပ်ဖြစ်မည်ဆိုတာ ကျွန်မ သိ လိုက်၏။ စာအုပ်ကို ထိကိုင်လိုက်သောအခါ စာအုပ်ထဲမှ မမြင်နိုင်သော ခွန်အားတစ်ခု ကျွန်မလက်ထဲသို့ စီးဝင်သွားသည်ကို သိလိုက်သည်။

စာအုပ်ကို မြတ်မြတ်နိုးနိုး ကျွန်မ ကြည့်မိသည်။

"မေ လိုချင်လား"

ကျွန်မ သူ့ကို မော့ကြည့်လိုက်သည်။ သူ နူးညံ့စွာပြုံးနေသည်။

ဟုတ်ကဲ့။ ကျွန်မ စကားတစ်ခွန်းပြောလိုက်သော်လည်း ကျွန်မ အသံမထွက်လာပါ။

"ယူသွားလေ"

"ကျွန်မ..."

အသံက ခြောက်သွေ့ထုံထိုင်းနေသဖြင့် ချောင်းတစ်ချက်ဆိုး လိုက်ရသည်။

"ကျွန်မ ကိုခွန်သာကို ပြန်ပေးမှာပါ"

"ရပါတယ်မေ၊ မေ့စိတ်သဘောအတိုင်းပါ။ ကိုယ်က မေ့ အတွက်ဆိုရင် ဘာမဆိုပေးဖို့ အဆင်သင့်ပါပဲ"





ဘာမဆို...။

ဟင့်အင်း ကျွန်မအပေါ် အဲဒီလောက် မခင်တွယ်လိုက်ပါနဲ့။

လေတစ်ချက်တိုက်လိုက်သဖြင့် ကျွန်မ စိမ့်ခနဲ အေးသွားသည်။ ဖျံ့အေသော ကျို့လိုက်မိလေသည်။ သူအိမ်အပြင်သို့ တစ်ချက်လှမ်းကြည့် လိုက်သည်။

အပြင်မှာ မိုးသံတိတ်ဆိတ်သွားပြီ။ တော်တော်လည်း မှောင်နေ ပြီ။ ကျွန်မ ပြန်သင့်ပြီ ထင်ပါရဲ့။

ကျွန်မ သူ့ကို မော့ကြည့်လိုက်သည်။ သူက အလိုက်သိစွာ မေး၏။

"ပြန်တော့မလား မေ"

ကျွန်မ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"လာ၊ ကိုယ်လိုက်ပို့မယ်"

"အို နေပါစေ၊ ရတယ် ကျွန်မ..."

"မှောင်နေပြီမေ၊ ခရီးက အဝေးကြီး၊ အပင်တွေကြား မြက် တောတွေကြားမှာ... ကိုယ် လိုက်ပို့ပါမယ်"

ကျွန်မ၏ရှေ့မှ သူထွက်သွားသည်။ ကျွန်မ အသာပြုံးလျက် လိုက်ခဲ့ရပါသည်။

ကျွန်မတို့သည် စံကားပင်တွေကြားမှဖြတ်လျက် အိမ်ဆီသို့ ခရီးစတင်ကြသည်။ မိုးရွာပြီးစ ညနေချမ်းသည် စိုစွတ်အေးစိမ့်လျက်၊ မှုန်မြလျက်ရှိသည်။ တချို့စံကားပင်တွေက အကိုင်းတွေပြတ်လျက် ကျိုးကျနေသည်။ တချို့အပွင့်တွေက မိုးဒဏ်လေဒဏ်ဖြင့် ကြွေလျက် မြေနှံကျဲနေသည်။

"သနားပါတယ်နော် လေပြင်းဒဏ်ကြောင့် ကျိုးကျေနရတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခပ်တိုးတိုး ညည်းညူမိသည်။ သူ ဘာမှမပြောပါ။ ကျွန်မ ရှေ့မှ ခပ်ခွာခွာ သွားနှင့်နေသည်။

"စံကားပင်တွေဟာ အသက်ရှည်ကြသလားဟင်"

သူ ကျွန်မကို လှည့်ကြည့်ပြီး ခဏရပ်စောင့်သည်။

"သစ်ပင်တွေက လူတွေထက် အသက်ရှည်တတ်ကြတယ်။ စံကားပင်တွေက တော်တော်အသက်ရှည်တယ်။ ပျမ်းမျှအားဖြင့် နှစ်နှစ်ရာလောက် ရှည်တယ်၊ အမျိုးအစားပေါ်လိုက်လို့ နေရာဒေသပေါ် လိုက်လို့၊ မြေဩဇာပေါ်လိုက်လို့ပေါ့"

သူက ကျွန်မ လျှောက်လာရာလမ်းတွင် ကျနေသော စံကားပင် အကိုင်းပြတ်တစ်ခုကို ကောက်ယူဖယ်ရှားပေးသည်။ ထို့နောက် စကား ဆက်သည်။

"တချို့အပင်တွေဆိုရင် နှစ်သုံးရာလောက်ခံတယ် မေရဲ့"

ကျွန်မတို့နှစ်ယောက်အထက်တွင် အုပ်မိုးနေသော စံကားပင် ကြီးများကို ကျွန်မ မော့ကြည့်မိသည်။

"အော် ကောင်းလိုက်တာနော်၊ သူတို့ဘဝဟာ လူတွေနဲ့စာရင် တော်တော်တည်မြဲတာပဲ။ သူတို့အားလုံးထဲမှာ ဘယ်သူ အသက် အရှည်ဆုံး ဖြစ်မလဲနော်"

သူက ရှေ့ဆက်လျှောက်သွားရင်း ခပ်ဟဟ ရယ်မောသည်။

"အသက်အရှည်ဆုံးဘယ်သူ ဖြစ်မလဲတော့ မသိဘူးမေ ဒါပေမယ့် အသက်အတိုဆုံးကတော့ တောင်ပေါ်စံကားဖြူပဲ ဖြစ်လိမ့် မယ်။ မက်ဂ်နိုလီယာ ဖရေဇရီလေ"

"အို ဘာဖြစ်လို့လဲ"

ကျွန်မ သူ့နောက်ကနေ လိုက်သွားရင်း မေးမိသည်။





"ဘာဖြစ်လို့လဲဆိုတော့ သူက ဒဏ်မခံနိုင်လို့ပေါ့။ အသက် ခြောက်ဆယ် ခုနစ်ဆယ်ဆိုရင်ကိုပဲ သူက ဒယိမ်းဒယိုင် အားနည်းနေပြီ။ သူ့အခေါက်ကပါးတယ်။ ပိုးမွှားဒဏ်၊ မှိုဒဏ်ကို ခံနိုင်ရည်နည်းတယ်။ သူ့ကို ကြိုက်တဲ့ပိုးတွေကလည်း အများကြီးပဲ။ ရေလွှမ်းမိုးဒဏ်လည်း မခံနိုင်ဘူး။ ဒဏ်ရာ တစ်ခုခုရှိရင် အဲဒီနေရာကနေ ပိုးဝင်ပြီး လှိုက်စား တာနဲ့ ပုပ်သွားနိုင်သေးတယ်။"

"အော်"

လေတိုက်လိုက်သည့်အခါ သေးပတ်ဝန်းကျင် စံကားပင်အရွက် များပေါ် တင်နေသောရေတို့က ကျွန်မတို့ ကိုယ်ပေါ်သို့ ဖြန်းခနဲကျလာခဲ့ သည်။ သူက ခေါင်းပေါ်ကျလာသောရေစက်များကို ဆံပင်ကို ပွတ်သပ် လျက် ခါထုတ်ပစ်လိုက်သည်။

"ဒီတော့ လူတွေက သူ့ကို ကြာကြာမထားဘဲ အသက် ငယ်ငယ် ကိုယ့်အတွက် အသုံးကျတုန်းကို သတ်ပစ်လိုက်တတ်ကြ တယ်"

ဟင်...။ ကျွန်မ ပခုံးတွန့်သွားသည်။

"မေ... ဟိုလူတွေတော့ မေ ပျောက်လို့ လိုက်ရှာနေကြပြီ"

သူက ရုတ်တရက် ပြောလိုက်၏။ ထို့နောက် တစ်နေရာသို့ လက်ညှိုး ထိုးသည်။ ကျွန်မ လှမ်းကြည့်လိုက်သောအခါ တံတားဆီ သွားရာ လမ်းတစ်လျှောက်က စံကားပင်တွေအနီးတွင် လက်နှိပ် ဓါတ်မီးရောင် တလက်လက် ရွေ့လျားနေတာ မြင်ရ၏။

"ဟုတ်ပါရဲ့ သူတို့စိတ်ပူနေကြပြီ"

"ဒီတော့ ဘယ်လိုလုပ်မလဲ၊ လှမ်း အသံပေးချင်လား"

"ကျွန်မအတွက် အော်ပေးနိုင်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ကို ခပ်ဆဆကြည့်မိသည်။ သူက ပြတ်သားစွာ

"မအော်ပေးချင်ဘူး။ ကိုယ် သူနဲ့မှ စကားမပြောတာ"

ကျွန်မ ခေါင်းတစ်ချက် ညိတ်မိသည်။

"ကျွန်မ နားလည်ပါတယ်၊ ကျွန်မလည်း မအော်ချင်ဘူး"

"ဒါဖြင့်လည်း အိမ်ပဲ ပြန်လေ၊ ကိုယ် အိမ်ရှေ့ထိ လိုက်ပို့ပေး မယ်"

ကျွန်မတို့သည် စံကားပင်ပေါင်းများစွာကို လက်နှင့်ထိပုတ် နှုတ်ဆက်ခဲ့ကြပြီးနောက် အိမ်ဆီသို့ ရောက်လာသည်။ အိမ်ထဲမှာ ဘယ်သူမှ မရှိ။ ကိုသီဟနှင့်အတူ ဒေါ်တင်ပါ လိုက်သွားသည်နှင့် တူသည်။ အိမ်ထဲမှာ အလင်းရောင် မှိန်မှိန်ပဲ လင်းနေသည်။ ကျွန်မ အခန်းရှိရာ အိမ်ပေါ်ထပ်မှာ မီးထွန်း မထားသေးပါ။

"မေ အခန်းထဲရောက်လို့ မီးဖွင့်လိုက်ရင် သူတို့ မေရောက်မှန်း သိသွားမှာပါ"

ထို့နောက် သူ ပြန်လှည့်ရန်ပြင်သည်။

"ကျွန်မ ကျေးဇူးတင်ပါတယ်နော်"

သူ့မျက်နှာမှာ စံကားပင်တွေဆီက အမှောင်နှင့် အိမ်ရှေ့ ညည့်ခန်းက အလင်းရောလျက် အမှောင်တစ်ခြမ်း အလင်းတစ်ခြမ်း ဖြစ်နေသည်။

သူက ပြုံးလျက် ခေါင်းတစ်ချက်ခါသည်။

ထို့နောက် သူဖျတ်ခနဲ ထွက်ခွာသွားသည်။ ကျွန်မ သူ့ကို နောက်ကျောမှ ငေးမောကျန်ခဲ့၏။ စံကားဖြူပင်တစ်ပင်၏ နောက်တွင် သူပျောက်ကွယ်သွားသည်အထိ ဖြစ်သည်။

အခန်းသို့ရောက်ရောက်ချင်း ဂ◌င်းထိန်သွားသော ဖန်ချောင်း





မီးရောင်အောက်တွင် ကျွန်မ ပထမဆုံးလုပ်သည့်အလုပ်မှာ လက်ထဲက စာအုပ်ကို ဖွင့်ကြည့်ခြင်းပဲ ဖြစ်သည်။

အပြာရောင် အောက်ခံမှာ ဖြူဖွေးနေသော စံကားဖြူပွင့်တစ်ပွင့်၊ စာအုပ်အပေါ် ညာဘက်ထိပ်နားတွင်ရှိသော ထိုပန်းပွင့်ကို ကျွန်မ လက်ဖြင့် အသာပွတ်သပ်ကြည့်သည့်အခါ ကျွန်မ အံ့ဩသွား၏။ အောက်ခံစာရွက်ပေါ်မှာ စံကားဖြူပွင့်ပုံကို ကပ်ထားတာ မဟုတ်သော ကြောင့် ဖြစ်သည်။ ပန်းပွင့်ခါတ်ပုံပါသည့် စာရွက်ကိုပင် စာအုပ် မျက်နှာ ဖုံးအဖြစ် ချုပ်ထားတာပဲ။

မှတ်တမ်းကို ဖွင့်ဖတ်မိသောအခါ ပထမဦးဆုံး စာမျက်နှာကစပြီး ကျွန်မကို ဆွဲယူခံလိုက်ရသည်။

၁၉၈၆ အောက်တိုဘာ ၁၆ ရက်

*သားကြီး အိမ်ပြန်မလာဘူး။ စာဖတ်ချင်လို့လို့ အကြောင်းပြ တယ်။ မေမေသိပါတယ်။ သားက သူတို့နဲ့မတွေ့ချင်လို့ အဝေးမှာနေနေ တာ။ သားဒီလောက်ထိ စိတ်နှလုံးခက်မာလိမ့်မယ် မေမေ မထင်မိ။*

*ဆင်ခြင်ဉာဏ်နဲ့ ဆန္ဒအကြား ပဋိပက္ခထဲမှာ လူတစ်ယောက်ဟာ တစ်ခါလောက်တော့ ဆုံးဖြတ်ချက် မှားခွင့်ရှိတယ်သားရယ်။ အဲဒီအမှား က ကိုယ့်ဘဝကို ဖျက်ဆီးပစ်လိုက်စေဦးတော့လေ...*

ဆုံးဖြတ်ချက်အမှား...တဲ့။

ဒီစာပိုဒ်က ကိုခွန်သာကို ဘယ်လောက်တောင် ခံစားစေလိုက် လဲ မသိ။ ဘယ်သူတွေဘယ်လိုပဲ အပြစ်ရှိရှိ၊ လူ့လောကထဲကို မှားယွင်းမှုတစ်ခုကြောင့် မျက်စိလည်လမ်းမှားပြီး ရောက်လာခဲ့ ကိုခွန်သာမှာတော့ အပြစ်မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမရယ် ကျွန်မတို့မှာ ဆရာမအတွက် စိတ်ပူလိုက်ရတာ"

နောက်ဘက်မှ မောကြီးပန်းကြီး ပြောလိုက်သောအသံ၊ ကျွန်မ ဒေါ်တင်ကို လှည့်ကြည့်လိုက်သည်။ ဒေါ်တင်နှင့်အတူ ကိုသီဟကိုပါ အခန်းဝမှာ ရပ်နေတာတွေ့လိုက်ရသည်။ ကျွန်မ သူတို့ကို အားနာသွားမိ၏။ သူတို့ဆီသို့ တောင်းပန်သော အပြုံးဖြင့် လျှောက်သွားမိသည်။

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မအတွက် စိတ်ပူပန် ကြရပြီ"

ဒေါ်တင်သည် ကျွန်မကို ဘေးမသီရန်မခ ပြန်တွေ့ရပြီဟု စိတ် တော်တော်သက်သာသွားပုံပဲ။ ကိုသီဟကို ကြည့်ရတာတော့ သိပ် ထူးခြားမှုမရှိ၊ ခပ်အေးအေးပဲ ဖြစ်သည်။ သူက ပြုံးလျက်

"ကျွန်တော် မပြောဘူးလား ဒေါ်ကြီးရဲ့၊ ဒေါ်ကြီးဆရာမ အိမ်ပြန် တတ်ပါတယ်ဆို"

"အို ပြန်တတ်ပြန်တတ်၊ မြေပါးကင်းပါးနဲ့ မင်းကလည်း နောက်တစ်ခါ သူ့တစ်ယောက်တည်း ပြန်မလွှတ်နဲ့၊ မင်းမသိဘူးလား ဒီလောက် သစ်ပင်တွေ အများကြီး၊ ဝက်ပါလိုပဲ၊ ဒီရယ်လို့သွားပေမယ့် ဟိုရောက်ချင် ရောက်သွားတာ၊ မိုးမှောင်မှောင်နဲ့"

"စိတ်မပူပါနဲ့ ဒေါ်တင်ရယ် နောက်သုံးလေးရက်လောက် နေ လိုက်ရင် ကျွန်မ စံကားပင်တွေကို အလွတ်တောင် ရတော့မှာ"

"နောက်သုံးလေးရက်...ဆရာမ ပြောတော့ မနက်ဖြန် ပြန်မှာ ဆို"

ကျွန်မနှင့်ဒေါ်တင်၏စကားများကို ကိုသီဟ အာရုံမရောက် သူ့အာရုံက ကျွန်မရင်ခွင်ထဲပွေ့ထားသော စာအုပ်ဆီမှာရှိသည်။ ကျွန် သူ့ကို အံ့ဩအောင် လုပ်နိုင်ခဲ့ပြီ၊ ကျွန်မ လှစ်ခနဲ ပြုံးလိုက်မိပါသည်။

"မေမေ့ စာအုပ်"





"ဟုတ်တယ်" ကျွန်မ စာအုပ်ကို ကိုသီဟထံသို့ ကမ်းပေး လိုက် ၏။ သူ မယူပါ။

"မမေဇော် ဘယ်ကရှာတွေ့လဲ"

"ခြံထောင့်က သစ်လုံးအိမ်ထဲမှာ"

ကိုသီဟ အံ့ဩသွားသည်။

"ဘယ်လိုလုပ်ပြီး ဒီစာအုပ်က အဲဒီရောက်သွားရတာလဲ"

ကိုခွန်သာ ယူထားတာ ဖြစ်မှာပေါ့။ ထိုနာမည်ကို သူကြားလိုက် ရလျှင် စိတ်အနှောင့်အယှက်ဖြစ်သွားမလား။ သို့သော် သူ ခွင့်လွှတ်ချိန် တန်နေပြီဟု သူ သိစေချင်သည်။

"စာအုပ်ရဲ့ ပထမဆုံးစာမျက်နှာမှာ ဆရာ့နာမည်ပါလို့ ဆရာ လည်း သိမ်းထားချင်မှာပဲ၊ နောက်ဆုံးရေးသွားတဲ့ စာမျက်နှာမှာ သူ့နာမည်ပါလို့ သူလည်း သိမ်းထားချင်မှာပဲပေါ့ ဆရာ"

ကိုသီဟ မျက်မှောင်ကြုတ်သွား၏။

"မမေဇော် ဘယ်သူ့အကြောင်း ပြောနေတာလဲ"

ကျွန်မ အားတင်းပြီး ဖွင့်ပြောချလိုက်သည်။

"ကိုခွန်သာလေ"

"ခွန်သာက ဘယ်ကနေ ပါလာရတာလဲ"

ကျွန်မ ကိုသီဟကို တည့်တည့်မျက်နှာချင်းဆိုင်ပြီး ရပ်လိုက် သည်။

"ဘယ်ကနေ ပါလာရသလဲဆိုတော့ ဒီစာအုပ်ကို သူ အမြတ် တနိုး သိမ်းထားခဲ့ရာကနေ ကျွန်မလက်ထဲကို ကြည်ကြည်ဖြူဖြူ ထည့် ပေးလိုက်လို့ပေါ့"

မေ့အတွက်ဆိုရင် ကိုယ်ဘာမဆို ပေးဖို့အဆင်သင့်ပါပဲဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



စကားကိုတော့ ကျွန်မပြောဖို့ မလိုအပ်ပါ။

"ခွန်သာက မမေဖော်ကို ဒီစာအုပ် ပေးလိုက်တယ်... ဟုတ်လား"

သူခြောက်ကပ်ကပ် ရယ်မောရင်းမေး၏။

"ဟုတ်တယ်ဆရာ၊ ကျွန်မကို ဒီထိရောက်အောင် သူပဲပြန်ပို့ပေးလိုက်တာ။ ဆရာတို့ကြားထဲမှာ ဘာအမုန်းတွေပဲရှိရှိ..."

ဒေါ်တင်ထံမှ အာမေဋိတ်သံတစ်ခုကို မသဲမကွဲကြားလိုက်ရသည်။ ကိုသီဟ ကျွန်မထံသို့ တစ်လှမ်းတိုးကပ်လာ၏။

"မမေဖော်...၊ ခွန်သာမှ မရှိတော့တာပဲ"

"ဆရာ ဘာပြောတာလဲ"

"ခွန်သာက သေသွားပြီလေ"

မိုက်ခနဲ မူးဝေမှုကို ကျွန်မခံစားလိုက်ရသည်။

ကျွန်မ တစ်ကိုယ်လုံး လေဟာပြင်တစ်ခုထဲသို့ လွင့်ကျသွားသလို လုပ်ခနဲ ဟာသွားသည်။

ဘုရား... ဘုရား။ ဆရာ ဘာပြောလိုက်တာလဲ...

"လွန်ခဲ့တဲ့ သုံးနှစ်တုန်းက"

ဟင့်အင်း...။

ကိုယ်ခန္ဓာထဲက အသက်ရှင်ခြင်းများကို အေးစက်သောလက်တစ်ခုက ဆွဲနုတ်ယူငင်ခံလိုက်ရသလို အေးခဲနာကျင်စွာ လိုက်ဟာသွားသည်။

ကျွန်မ၏ကိုယ်သည် အခွံသက်သက်အရာတစ်ခုဖြစ်သွားပြီး အတွင်းမှာဘာမှမရှိ။ လောကထဲက ဘယ်အရာနှင့်မှလည်း ထိ မ နေ

✣ ✣ ✣



သန်းကောင်ယံအမှောင်သည် စံကားပင်များထံမှ ကျွန်မထံသို့ ခမ်းနား ငြိုင်ဆိုင်စွာ ပျံ့နှံ့လာခဲ့သည်။

စံကားရွက်တွေဆီသို့ အဝေးမှ ချဉ်းကပ် တိုးဝှေ့လာသော လေသံသည် အသက်ပြင်းပြင်း ရှူရှိုက်သံ၊ သစ်ရွက်ခတ်သံသည် ညည်းသံသဲ့သဲ့၊ သစ်ကိုင်းတို့၏ပွတ်တိုက်သံသည် အသံရှည်မြည်တမ်းသံများ...

ကျွန်မအတွက်တော့ အသံတွေအားလုံးမှာ အသက်ရှိနေသည်။

ကမ္ဘာလောကနှင့် ကျွန်မအကြားတွင် တစ်ခုခုတော့ ခြားနေပြီ။

ကိုယ်မတ်မတ်ရပ်နေခဲ့သော ကမ္ဘာမြေကြီးကိုပင် မယုံကြည်ရတော့လောက်အောင် အံ့ဩတုန်လှုပ်ရသည့် အဖြစ်မျိုးပါလား။ ထိုသို့ မျက်စိနှင့် တပ်အပ်သေချာ မြင်ရသောအရာကိုမှ မယုံကြည်ရတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် လူတစ်ယောက်ဟာ ဘဝမှာ ဘာကို ယုံကြည်ရတော့မှာလဲ။

"ကျွန်တော်က မမေဇော်ကို ဘယ်လိုမှ မထင်ပါဘူး။ ကျွန်တော် ဆိုလိုတာက မမေဇော် တွေ့တဲ့လူသာ တကယ့် သက်ရှိလူတစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် သူဟာ ခွန်သာတော့ မဖြစ်နိုင်ဘူး"

ကိုသီဟက ကျွန်မ ရှေ့က စာအုပ်ဘီရိုကို မှီလျက်ရပ်နေရင်း လေသံအေးအေးဖြင့် ပြောသည်။

"သူက တကယ့် သက်ရှိလူတစ်ယောက်ပါဆရာ"

ကျွန်မ အသံက တိုးတိမ်စွာ ထွက်သွားခဲ့သည်။

"ဒါဖြင့် ရွာထဲက တစ်ယောက်ယောက်က ဆရာမကို နောက် လိုက်ပြီထင်တယ်"

ဒေါ်တင်က ကျွန်မတို့နှစ်ယောက်အတွက် ကော်ဖီနှစ်ခွက်ကို လာချရင်း ထင်မြင်ချက်ပေးသည်။ ကျွန်မ ဘာမှ မပြောတတ်ပါ။

"အဲဒီ ခွန်သာဆိုတဲ့လူကို အခုမြင်ရင် မမေဇော် မှတ်မိမလား"

မှတ်မိမလား။

ဘယ့်နှယ်မေးလိုက်ပါလိမ့်။ မိန်းမတစ်ယောက်ဟာ နှလုံးသား တစ်ခုလုံးလှုပ်ခတ်သွားအောင် ကိုယ့်ကိုဖမ်းစားညှို့ယူလိုက်တဲ့ ယောကျ်ား တစ်ယောက်ကို မမှတ်မိဘဲ ရှိနိုင်ပါ့မလားကွယ်။

"ကျွန်တော်ပြောချင်တာက မမေဇော်ကို ဓါတ်ပုံတစ်ပုံပြရင် အဲဒီလူဟုတ်မဟုတ် ပြောနိုင်မလားလို့"

ကျွန်မ လိုက်မောသောရင်ဖြင့် နင့်သည်းစွာ ရယ်မိပါသည်။

"ပြောနိုင်ပါလိမ့်မယ် ဆရာ"

ကိုသီဟ အောက်ထပ်သို့ ဆင်းသွားသည်။ ကျွန်မသည် မှန်ဘီရို ထဲမှာ မီးရောင်ဖြင့် အရိပ်ထင်နေသော ကျွန်မ၏မျက်နှာကို ပြန်ငေး





မောနေမိသည်။

ဘဝအပေါ် သေချာခြင်း မရှိတော့သော မျက်နှာ...

"ဒီအိမ်မှာ သေသွားတဲ့လူတွေ မနည်းတော့ဘူးနော်။ ပထမဆုံး သေတာက မမြ၊ နောက်ပြီးတော့ ဒေါ်လေးမရှင်၊ ပြီးတော့ ဦးကြီး ဘဟန်၊ ပြီးတော့ ကိုခွန်စော၊ နောက်ဆုံးမှာ ခွန်သာ"

ဒေါ်တင်က သူ့ဟာသူပြောနေသလို ခပ်တိုးတိုး ရေရွတ်နေ၏။

"သေတဲ့လူတွေက အရိပ်အယောင်တွေ ဘာတွေတော့ မပြဘူး မဟုတ်လား ဒေါ်တင်ရယ်"

"ကြီးကြီးစည်ရာ ဆရာမနယ်၊ ဘာအရိပ်အယောင်မှ မပြပါဘူး တော်၊ ကျုပ်ဒီမှာ တစ်ယောက်တည်းနေလာတာ ဘယ်နနှစ်ရှိပြီလဲ"

ညည်းခန်းထဲထိ မွှေးပျံ့လာသော စံကားပန်းရနံ့ကို တအားရှိုက်ရှူ လိုက်သည့်အခါ သူ့အပြုံးကို မြင်ယောင်သွားပါသည်။

ဘယ်သူမှန်းမသိ၊ ဘယ်လို စိတ်သဘောထားရှိမှန်းမသိ၊ ဘယ် လို အရည်အချင်းရှိမှန်းမသိ၊ ဘယ်လို အကျင့်စာရိတ္တရှိမှန်း မသိသော လူတစ်ယောက်ကို ခင်မင်တွယ်တာမိဖို့ဆိုတာ ကျွန်မအတွက်ဖြင့် စိတ်ကူး နှင့်တောင် တွေးကြည့်စရာ မဟုတ်ခဲ့ချေ။

ကျွန်မ ဘယ်လိုကြောင့် သူ့အပေါ် ဒီလောက်သံယောဇဉ် တွယ်ငြိသွားခဲ့ရတာလဲ။ သနားကရုဏာလား။ မဟုတ်သေးပါဘူး။ အကြင်နာက နောက်မှ လာတဲ့အရာပါ။

မှန်ထဲက ကျွန်မ အရိပ်ဘေးတွင် နောက်ထပ် အရိပ်တစ်ခု ပေါ်လာသည်။ ကိုသီဟ...

"မမေဇော်"

ကျွန်မ စိတ်စောစွာ သူ့ကို မော့ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မ ကုလားထိုင်၏ဘေးမှာ ရပ်ရင်း ကျွန်မအား ဓါတ်ပုံတစ်ပုံ ပေးသည်။

"အဲဒီဓါတ်ပုံထဲက ခွန်သာဆိုတဲ့လူကို ရှာကြည့်စမ်းပါ"

ကျွန်မလက်ထဲသို့ ရောက်လာသော ဓါတ်ပုံတွင် လူငါးယောက် ပါဝင်သည်။ လူငယ်ငါးယောက်၊ အားကစားဝတ်စုံတွေဖြင့် မတ်တတ် ရပ်နေကြသည်။

ကျွန်မကို နေ့စဉ် မြပုံပြင်တွေ အခန်းဆက် ပြောပြနေခဲ့သော လူသည် ယခုအခါ ဓါတ်ပုံထဲက လူငယ်လေးတွေထက် ငါးနှစ် ခြောက်နှစ်တော့ ကြီးနေပြီ၊ ဆံပင်ကလည်း တိုတိုပြတ်ပြတ်မဟုတ်တော့ဘဲ အနည်းငယ် ပုံစံပြောင်းနေပြီ၊ သို့သော် စံကားပင်တစ်ပင်မဟုတ် တစ်ပင် အောက်မှာ ကျွန်မ နေ့စဉ် တွေ့နေရသော ပုံပြောကောင်းသည့် ကိုခွန်သာကို ကျွန်မ တစ်ခြားလူတွေနှင့် ခွဲခြားသိပါသည်။

"ဒီတစ်ယောက်ပဲ"

အစွန်ဆုံးမှာ ရပ်နေသူကို ကျွန်မ လက်ညှိုးဖြင့် ထောက်ပြလိုက်သည်။ ဒေါ်တင်၏ လွှတ်ခနဲအော်သံနှင့်အတူ ကိုသီဟ အံ့သြတုန်လှုပ် သွား၏။ ကျွန်မကို ငေးကြောင် ကြည့်နေသည်မှာ စက္ကန့်ပေါင်း များစွာ ကြာသွားသည်အထိ ဖြစ်သည်။

ထို့နောက် ကျွန်မ၏ဘေးက ကုလားထိုင်မှာ လေးပင်စွာ ထိုင်ချ လိုက်သည်။ ဖန်ချောင်းမီးရောင်အောက်မှာ သူ့မျက်နှာသည် ချက်ချင်း အိုမင်းသွားသည်။ ကျွန်မကို မကြည့်တော့ဘဲ စားပွဲပေါ် အမှတ်တမဲ့ တင်ထားသော သူ့လက်သူ ငုံ့စိုက်ကြည့်နေသည်။ သူ့လက်ကတဲ အဖြေတစ်ခုခုကို ချက်ချင်း ပေးတော့မလိုလို။

"ဘာဖြစ်လို့လဲ ...၊ ကျွန်တော် နားမလည်တော့ဘူး၊ တစ္ဆေသာရဲ





ဆိုတာ တကယ်ရှိသလား"

ခြောက်သွေ့သောအသံဖြင့် ရေရွတ်သည်။

ကျွန်မကို မေးသောမေးခွန်းမဟုတ်ပါ။ သူ့ကိုယ်သူပြောသော စကားဖြစ်ပါသည်။ သို့သော် တစ္ဆေသရဲ ဟူသော စကားလုံးအတွက် ကျွန်မက ကိုခွန်သာကိုယ်စား စိတ်ထိခိုက်ရသည်။

"တစ္ဆေမဟုတ်ပါဘူး"

ကျွန်မ ခါးသက်စွာ ငြင်းလိုက်မိသည်။

ကိုသီဟက အကြာကြီး တွေဝေနေပြီးနောက် ဆုံးဖြတ်ချက် ချလိုက်သည်။

"ကောင်းပြီ သူတစ္ဆေဟုတ်လား မဟုတ်လား အခုပဲ သိရ အောင် လုပ်မယ်"

သူ မြုန်းဆို ထရပ်လိုက်၏။

"မောင်သီဟ ဘာလုပ်မလို့လဲ"

ဒေါ်တင်က တုန်လှုပ်ဟန်မျက်နှာထားဖြင့် စိုးရိမ်စွာမေးသည်။

"သွားရှာမယ်လေ၊ လူဖြစ်နေရင် ခွန်သာ ဟုတ်ဟုတ် မဟုတ် ဟုတ် လည်ကုပ်ဆွဲပြီး ခေါ်လာခဲ့မယ်"

သူ စိတ်မြန်စွာပင် စာကြည့်စားပွဲကို လက်နှင့် ပုတ်လိုက်သည်။ ဖြန်းခနဲမြည်သံကြောင့် ကျွန်မ တုန်သွား၏။

"ဒီအချိန်ကြီးမှာ သွားရှာမယ်"

ဒေါ်တင်က တားမြစ်ချင်နေသည်။

"ဒီအချိန်မရှာလို့ ဘယ်အချိန်အထိ စောင့်ရမှာလဲ၊ ကျွန်တော် မစောင့်နိုင်တော့ဘူး"

"တကယ်လို့ လူမဟုတ်ရင် မင်းဘာလုပ်နိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူမဟုတ်ရင်လဲ တစ်နည်းနည်းနဲ့တော့ သူ့ကို နှင်ထုတ်ရမှာပဲ"

ကျွန်မ ကိုသီဟကို ငေးကြည့်နေမိသည်။ ဘယ်လို သွားရှာကြည့်မှာလဲ၊ သည်လောက်များပြားလှတဲ့ စံကားပင်ဆင်တုတွေ ကြားမှာ။

ဟင် မဟုတ်သေးပါဘူး။ သူက ဒီအချိန်မှာ ဘာလို့ စံကားပင်တွေ အောက်မှာ ရှိရမှာလဲ။ အိမ်ထဲမှာ အိပ်နေရမှာလေ။ စံကားပင်တွေအောက်မှာ ရှိရမယ်လို့ ကျွန်မ ဘာဖြစ်လို့ တွေးမိပါလိမ့်။

ကျွန်မ ကြက်သီးထသွားသည်။

ကျွန်မ မသိစိတ်ကတစ်ခုခုကို လက်ခံထားလိုက်ပြီလား။

"မင်းတစ်ယောက်တည်း မသွားနဲ့လေ၊ ဒေါ်ကြီးလိုက်မှာပေါ့"

ဒေါ်တင်က ကိုသီဟနောက်သို့ လိုက်ရန် ဟန်ပြင်၏။

"ဒေါ်ကြီးက မမေဇော်အနားမှာ နေခဲ့ပါ၊ ကျွန်တော့်အတွက် ဘာမှ စိတ်မပူနဲ့။ မမေဇော်တစ်ယောက်တည်း ဘယ်ဖြစ်မလဲ"

ကျွန်မ ငေးနေရာမှ သတိပြန်ထိန်းလိုက်ရသည်။

"ရတယ်ဆရာ၊ ဒေါ်ကြီးကို ခေါ်သွားပါ။ ကျွန်မ နေရဲပါတယ်"

"ဒါဖြင့်လည်း ကျွန်မလိုက်သွားမယ် ဆရာ။ အခန်းထဲသွားနေမလား"

ကျွန်မ စူးနင့်သော ဝေဒနာဖြင့် ခပ်မဲ့မဲ့ ပြုံးမိသွားပါသည်။

"ဒီမှာပဲ နေခဲ့ပါမယ်"

"မဟုတ်ဘူး မမေဇော်၊ ကျွန်တော်တို့က မမေဇော် ထိတ်လန့်နေမလားလို့ စိတ်ပူမနေချင်ဘူး။ အခန်းထဲ သွားနေလိုက်တော့လေ။ အိပ်တော့။ ပြတင်းလည်း ပိတ်ထားလိုက်ပေါ့"





သူတို့ စိတ်မပူအောင် ကျွန်မ အိပ်ခန်းထဲသို့ ဝင်လိုက်ရပါသည်။ သူတို့ အိမ်ထဲမှ ထွက်သွားသံ ကြားရသည်။

အိပ်ရာပေါ်မှာ လှိုက်မောတုန်ယင်စွာ လှဲအိပ်လိုက်မိတော့သည်။

ကျွန်မ၏ခေါင်းအုံးအောက်မှာ ခပ်မာမာ အရာတစ်ခု စွန်းထွက်နေသည်။ ကျွန်မ ခေါင်းအသာကြွလျက် ဆွဲထုတ်လိုက်၏။ စာအုပ်တစ်အုပ်၊ မင်းညို ဘန်ကောက်သွားတုန်းက ကျွန်မအတွက် ဝယ်လာပေးခဲ့သော ပြင်သစ်စာရေးဆရာမ ကော်လက်(တ်)၏ အထုပ္ပတ္တိ စာအုပ် ဖြစ်သည်။

မင်းညို...

လောကကြီးမှာ ကိုယ်တိုင်လျှောက်မှ ရတဲ့လမ်းတွေ အများကြီး ရှိသေးတယ်...တဲ့။

ဟုတ်တယ်။ ဟောဒီလမ်းကို ကျွန်မကိုယ်တိုင်ပဲ လျှောက်ခဲ့ပါတယ်။ ဘယ်သူမှ ကျွန်မအတွက် လျှောက်ပေးခဲ့တာမဟုတ်၊ သွားလက်စနဲ့ ပြီးဆုံးအောင်တော့ သွားရမှာပါ။

လမ်းဆုံးဖို့လည်း သိပ်တော့ မကျန်တော့ဘူးထင်ပါရဲ့။

ကျွန်မ မနက်ဖြန် ပြန်ဖြစ်မည်လား။

စာအုပ်ကို ရင်ဘတ်ပေါ်တင်လိုက်သည်။ အသစ်ဖြစ်နေသေးသောစာအုပ်မို့ စက္ကူနံ့က သင်းမွှေးနေသည်။ စာအုပ်ကို ဖွင့်လိုက်သောအခါ အထဲက စာရွက်ပိုင်းတစ်ခု ထွက်ကျလာ၏။

မင်းညို၏ အင်္ဂလိပ်လက်ရေးများဖြင့် မှတ်စု အပိုင်းလေး ဖြစ်သည်။

***Importance of emotions***

***Survival, Decision making,***



www.burmeseclassic.com

www.burmeseclassic.com



***Boundary setting communication, Unity***

နင့်ဘဝမှာ အချစ် မလိုအပ်ဘူးလား မင်းညိုစင်...

ဘာအတွေးနဲ့ နင် အိပ်ရာဝင်ပြီး ဘာအတွေးနဲ့ အိပ်ရာထ သလဲ။

လေပြင်းတစ်ချက် တိုက်လိုက်သဖြင့် ပြတင်းတံခါးတစ်ချပ် ကျယ်လောင်စွာမြည်လျက် ပိတ်သွားသည်။ မမျှော်လင့်သော အသံ ကြောင့် ကျွန်မ ဆတ်ခနဲ တုန်လှုပ်သွားပါသည်။

ပြတင်းပိတ်ထား...တဲ့။ ကျွန်မသည် ပြတင်းပေါက်မှ မြင်နေရ သော အမှောင်ထုကို စူးစိုက်စွာငေးကြည့်ရင်း မျက်ခွံတွေ လေးလံလာ သည်။

မအိပ်နဲ့ဦး၊ အိပ်လို့ မဖြစ်သေးဘူး။ ကိုသီဟတို့ကို စောင့်ရဦးမှာ လေ။

ခွန်သာဟာ လူလား၊ သေပြီးသူရဲ့ဝိညာဉ်လား။ မကြာခင်မှာ သိရတော့မည်။

စံကားပန်းရနံ့သည် ကျွန်မအခန်းထဲ၌ မွှေးပျံ့သင်းထုံနေသည်။

ဒါက ဘယ်ပန်းရဲ့ ရနံ့လဲ။ တောင်ပေါ်စံကားဖြူ၊ ယွလန် စံကားဖြူ၊ ဂျပန်စံကားဖြူ၊ ကြယ်စံကားဖြူ...

ဒါမှမဟုတ် မင်းခေါင်းအုံးပေါ်မှာ ပန်းတစ်ပွင့်ကို တစ်ယောက် ယောက်က လာထားပေးစေချင်သလား။

ထား စေ ချင် တယ်။

* * *

မေ...

လေတိုးသံလား၊ တိုးတိတ်သော ခေါ်သံတစ်ခုလား။





ကျွန်မ ခေါင်းထောင်ကြည့်မိသည်။ ကိုခွန်သာလားဟင်...

ကျွန်မ အခန်းထဲမှာ တစ်ယောက်ယောက်ရောက်နေသည်။ အိပ်ချင်မူးတူး မျက်ဝန်းများဖြင့် အခန်းပတ်လည်ကို လှည့်ပတ် ကြည့်ရှု ရှာဖွေမိသည်။ ဘယ်သူမှ မရှိ။ သည်အခန်းမှာ ဘီရိုရယ်လို့လည်း ရှာများစားစားမရှိ။ အဝတ်ဘီရို အသေးလေးပဲရှိသည်။ လူတစ်ယောက် ပုန်းအောင်းခိုတွယ်နေစရာ နေရာမရှိ။

အခန်းပြတင်းမှ လေတဖျတ်ဖျတ် တိုက်ခတ်နေသည်။

ပြတင်းကနေ လူတစ်ယောက်ယောက်ဝင်လာနိုင်သလား။ အိမ်ကတော့ အမြင့်ကြီးပါ။ သို့သော် အိမ်နှင့် ကပ်လျက် စံကားပင် တစ်ပင် ရှိနေသည်။ ထိုစံကားပင်က အိမ်ထက်တောင် မြင့်သေးသည်။ ဖြာထွက်သော အကိုင်းတစ်ခုက ပြတင်းဘက်သို့ ငိုက်နေသည်။ စံကားပင်တွေဟာ အကိုင်းဆတ်သလား။ ဘယ်လောက်သေးတဲ့ အ ကိုင်းအထိ လူတက်လို့ ရသလဲ။ ဒါကလည်း စံကားပင် အမျိုးအစား ပေါ်မှာ မူတည်မှာပဲ။

နေပါဦး။ ကျွန်မ အခန်းဘေးက... အေးလေ မြဦးမေရဲ့ အခန်း ဘေးက စံကားပင်က ဘာအမျိုးအစားပါလိမ့်။ ကျွန်မ မသိပါ။ မနက်ကျ မှ သူ့ကို မေးကြည့်ရဦးမည်။ သူက စိတ်ရှည်လက်ရှည် ပြောပြပါလိမ့် မည်။

အခု ပြတင်းခန်းဆီး လှုပ်နေသလား။ ပြတင်းပိတ်ထား...တဲ့။

မေဇော်... နင်ဘာဖြစ်နေတာလဲ။

မင်းညို... နင်ငါ့ကို မဆူပါနဲ့နော်။ ငါ ဒီမှာဆက်နေချင် သေး တယ်။ သူ ဘာလဲဆိုတာသိတဲ့အချိန်ကျ ငါပြန်လာမှာပေါ့။

အရင်လုပ်ရမယ့်အလုပ်နဲ့ နောက်လုပ်ရမယ့်အလုပ် မလွဲ



www.burmeseclassic.com

www.burmeseclassic.com



စေချင်ဘူး။

ငါ မှားတယ်လို့ နင် မပြောနဲ့၊ မပြောပါနဲ့။

'ခွန်သာသေတဲ့ အဖြစ်ကြောင့် ကျွန်တော် တစ်ခုတော့ ပြောင်းလဲ သွားတယ်။ ဘဝဟာ တွယ်တာစရာ တော်တော်ကောင်းတယ် ဆိုတာ ကျွန်တော် လက်ခံလာတယ်။ ကျွန်တော် အသက်ရှင်နေရသော အချိန်ကာလလေးမှာ စက္ကန့်တိုင်း ဘဝကို ချစ်နေမိတော့မယ်'

'သူက ဘာဖြစ်လို့သေသွားတာလဲ ဆရာ'

တံတားပေါ်က ပြုတ်ကျတာလို့ ပြောရမလား။ ခုန်ချတာလို့ ပြောရမလား။ ဒါကတော့ သူကိုယ်တိုင်မှပဲ သိမှာပဲ၊ ကျွန်တော်သိသလောက်တော့ သူ မြစ်ထဲကို ကျသွားတယ်။ မြစ်ရေက ရေစီးသိပ်သန်တယ်။ ကျတဲ့လူဟာ မိုင်နဲ့ချီပြီး အောက်ပိုင်းကို မျောသွားနိုင်တယ်။

'အလောင်းကို တွေ့လား'

''ဆယ်ရက်လောက်ကြာမှ တွေ့တယ်'

'တနင်္လာနေ့တွေမှာ ညနေသုံးနာရီထိ ငါမအားဘူး'

မင်းညိုရယ်။

'မေဇော် ငါကနင့်ကို အဲဒီလို မိန်းမမျိုးမဖြစ်စေချင်ဘူး။ အဲဒီ ဒေါ်အေးအေးထွန်းလို မိန်းမမျိုးဖြစ်စေချင်တယ်'

'ကိုယ်ကတော့ မိန်းမတွေဆီကလိုချင်တာ မိန်းမအဖြစ်ရဲ့ နူးညံ့ညွတ်ပျောင်းမှု၊ အားနွဲ့မှု ဒါတွေပဲလိုချင်တယ်၊ ကိုယ်က သူတို့ကို ပန်းကလေးတွေလိုပဲ သဘောထားတယ်။ အရိပ်တကြည့်ကြည့်နဲ့ ပြုစု ယုယပေးနေရတာက အရသာပဲ'

မင်းညိုစင်... မေဇော်က ပန်းတစ်ပွင့်လေ...။

မင်းသားလေးရဲ့ အနမ်းနဲ့မှ အိပ်ရာကနေ နိုးလာတဲ့ စလီပင်း





ဗြူတီလေး မက်ဂ်နိုလီယာ ကိုးဘတ်(စ်)ပေါ့။

'နင်က ဘယ်သူ့အနမ်းနဲ့မှ နိုးမှာလဲ'

ငါမသိဘူးလေ။

ကျွန်မ နဖူးပြင်ပေါ်သို့ လေညှင်းညှင်းလေးတစ်ခု တိုးဝင်လာသည်။

မေ...

ဟင့်အင်း မလာနဲ့။ ရှင်က သေပြီးသားလေ။

ကျွန်မ အိပ်ရာမှ လန့်နိုးလာတော့မှ ကျွန်မ အိပ်ပျော်နေခဲ့ပါလားဟု သတိထားမိသွားသည်။

မွှေးရနံ့၊ နေရောင်ခြည်၊ ငှက်ကလေးတွေအသံ။

နေရောင်သည် ကျွန်မ၏ ပါးပြင်သို့ ပူနွေးစွာကျနေခဲ့ပြီ။ နံနက်ခင်းသည် တောက်ပလျက်၊ လန်းဆန်းလျက်။ ခါတိုင်းရက်တွေလိုပဲ။ ငှက်ကလေးတွေ အစာစားနေကြပြီ။ ဘုရားစေတီမှ ခေါင်းလောင်းထိုးသံများ ကြားနေရပြီ။ အရာရာသည် ပုံမှန်အတိုင်းပဲ ဖြစ်နေသည်။ ဒီနေ့ ကျွန်မ ပြန်တော့မယ်။

ဒီနေ့ကားစီး၊ မနက်ဖြန်ရောက်။ မနက်ဖြန်က ဗုဒ္ဓဟူး... မင်းညို မအားဘူး။ အို မနက်ပိုင်းမှာ ခဏအားတယ်လေ၊ သူလာကြိုမှာပေါ့ ဖေဖေနဲ့ အတူ။

''အိပ်လို့ပျော်ရဲ့လား ဆရာမ''

''ဒေါ်တင်''

ရုတ်တရက် ဒေါ်တင်ကို ကျွန်မ အထက်တည့်တည့်တွင် မြင် လိုက် ရသောအခါ လန့်သွားသည်။ ကျွန်မ ကမန်းကတန်းထထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ရင်ခွင်ထဲမှ ကော်လက်(တ်)၏ စာအုပ်က ပြုတ်ကျသွား သည်။

စာအုပ်ကြားမှ မင်းညို၏ စာရွက်အပိုင်းလေးက လွင့်ကျလာ သည်။ ကျွန်မ ကောက်ယူရန်ပြင်လိုက်ပြီးမှ တန့်သွားသည်။

နေဦး ဒေါ်တင့်မျက်နှာမှာ တစ်ခုခုထူးခြားနေသည်။

“ဒေါ်တင် ဘာလဲ၊ ဘာဖြစ်လို့လဲ”

“ဆရာမ... မောင်သီဟကို မနက်ဖြန်ခြံထဲမှာ ပရိတ်ရွတ်ဖို့ ဘုန်းကြီးတွေ သွားလျှောက်နိုင်းလိုက်ပြီ”

အို...၊

“ခွန်သာတို့အိမ်ထဲမှာ ဘယ်သူမှ ဘာမှမရှိဘူး။ အရင် သုံးနှစ်က အတိုင်းပဲ။ ဖုံတွေကို တက်လို့။ ကေနွတော့ ခွန်သာ မကျွတ်ဘူး ထင်တယ်။ သူက သူ့စံကားပင်တွေကို တော်တော်စွဲတာ ဆရာမရဲ့”

ကျွန်မ ဖြည်းညင်းစွာ မတ်တပ်ရပ်လိုက်သည်။

“ဆရာမ မျက်နှာသစ်လိုက်လေ၊ ကော်ဖီနဲ့ မုန့်ပျားသလက် စားရအောင်”

✣ ✣ ✣





အမြဲစိမ်းစံကားဖြူ (Magnolia grandiflora)

ကျွန်မ၏ခြေလှမ်းဘေးမှာ တစ်ခုခုကပ်ငြိနေသလို လေးလံတုန့် ...င်းနေသည်။

သည်ကနေ့မှပဲ မြက်ပင်တွေက ခါတိုင်းထက်ပို၍ မိုးစိုစွတ်ကာ ...ည်လျားနေကြသလိုပဲ။ သူတို့က ရှည်နေတော့ ကျွန်မ၏ထမီဖျားနှင့် ...တို့ကို ထိမိကာ ကျွန်မ ထမီအောက်အနားစက စိုထိုင်းလာခဲ့သည်။

မနေ့ညနေက ရွာချသောမိုးကြောင့် မြေကပ်ပန်းပင်လေးတွေ ...ရောင်စုံလှပနေကြသည်။ သို့သော် သူတို့ကို ကျွန်မ ငုံ့ကြည့် မနေ ...းပါ။

ကျွန်မ ပတ်ဝန်းကျင်တစ်ခုလုံး သင်းပျံ့မွှေးထုံလျက်ရှိသော ...ားပန်းပွင့်တို့၏ ရနံ့ကို ရှိုက်မွှေးမိတော့လည်း ကျွန်မအထက်...



www.burmeseclassic.com

www.burmeseclassic.com



အုပ်မိုးလျက်ရှိသော သူတို့ကို မော့မကြည့်အားပါ။

သူ့ကို ကျွန်မ တွေ့မှဖြစ်မည်။

ဒါပေမယ့် သူက ဘယ်မှာလဲ။

မျက်စိတစ်ဆုံး ကြည့်လေရာရာမှာ မိုးသို့ထိလုမတတ် မြင့်မား အုပ်ဆိုင်းနေသော သစ်ပင်ကြီးတွေ၏အကြား...လူတစ်ကိုယ်စာ ကြီးမားသော လုံးပတ်ဖြင့် မီးခိုးရောင်၊ အညိုရောင်၊ အနက်ရောင် မှုန်မှိုင်းသော ပင်စည်ကြီးများ၏နောက်ကွယ်တွင် သူရှိနေပါ့မလား

သူရှိနေမှာပါ။ တစ်ပင်ပင်၏နောက်မှာ သူကွယ်၍ရပ်ရင်း ကျွန် ကို သူစောင့်ကြည့်နေမှာပါ။ ခါတိုင်းလိုလေ။

အဝါရောင်ပွင့်ချပ်များ ဝတ်ဆံများ ပြန့်ကျဲနေသော အပင် ပင်အောက်သို့ ကျွန်မ ရောက်လာသည်။ သည်ပန်းပွင့်တွေကို ကျွန် ရောက်ကတည်းက သည်တစ်ခါပဲတွေ့ရသေးသည်။ စကားဝါပွင့် တွေပေါ့နော်...။ သိပ်မဝါသည့်စကားဝါများ၊ အရင်နေ့တွေက သူတို့ကို ကျွန်မတွေ့ခဲ့လျှင် အပင်အောက်မှာ တစ်ခဏရပ်ပြီး ဝေး မော့ကြည့် နေမိနိုင်၏။

အခုတော့ ကျွန်မမှာ စိတ်မအားလပ်ပါ။ သူ့ဆီကို ကျွန် ရောက်ချင်လှပြီ။

"ခွန်သာက သေသွားပြီလေ"

အေးစက်ခြောက်သွေ့သော စကားသံတစ်ခု။

ဟုတ်သလား။ ရှင်က သေပြီးသားလူတစ်ယောက်တဲ့လား။ဟာ

ကျွန်မ နောက်ဘက်သို့ ပြန်လှည့်ကာ အိမ်ဆီသို့ မျှော်ကြည့် လိုက်၏။ သစ်ပင်ကြီးတွေ ကွယ်နေသဖြင့် အိမ်ကို မမြင်ရ။ အိမ်မှာ ဘယ်သူမှ ရှိနေမှာ မဟုတ်ပါ။ ကိုသီဟက ရွာထဲသွားသည်။ ဒေါ်တင်





နောက်ဖြစ်ဖို့ ဘုန်းကြီးတွေ ဆွမ်းကပ်ဖို့ကိစ္စအတွက် ဈေးသို့ သွားသည်။

"ဆရာမ ခြံထဲမဆင်းနဲ့အုံးနော်၊ သွားချင်ရင် ကျွန်မ ပြန်လာမှသွား"

ကျွန်မ မစောင့်နိုင်ပါ။

ဟောဟိုရှေ့က သစ်ပင်အောက်မှာ ကျွန်မ ခဏတော့နားချင်သည်။ ထိုအပင်သည် အရိပ်ကောင်းလှ၏။ သူ့အောက်မှာ နေပြောက်ကလေးသော်မှ ထိုးမှာမဟုတ်။ အရွက်တွေကလည်း ကြီးမား တောက်ပြောင်နေသည်။

ခဏလေး၊ ဟိုရှေ့က မြစ်မဟုတ်လား။

ကျွန်မသည် မြစ်ကမ်းပါးသို့ပင် ရောက်လာခဲ့ပြီပေါ့။

ကျွန်မဖိနပ်နှင့် လွတ်နေသော ခြေဖျားလေးတွေက စိုစွတ် ထိုင်းမှိုင်းသော မြေကြီးကို ထိမိသည်။ ရှေ့ဆက်လျှောက်သောအခါ စိမ့်ခနဲ အေးမြသော အရိပ်အောက်သို့ ရောက်ခဲ့လေသည်။

မြစ်ရေစီးသံကို စတင်ကြားရပြီ။ ရေသံသည် လှိုဏ်သံပေါက်နေ၏။ သည်နားက မြစ်ကမ်းပါးမှာ လှိုက်စားထားသော လှိုဏ်တစ်ခုရှိနေသလိုပဲ။

ကျွန်မ အပင်အောက်မှာ ခဏရပ်လိုက်သည်။

သူသည်အနားမှာ ရှိမှာမဟုတ်ဘူး။ မြစ်နဲ့ သိပ်နီးလွန်းနေပြီ။ သူသည် ဥယျာဉ်ကုန်းမြင့်က စကားပင်တွေနားမှာပဲ ရှိလိမ့်မည်။

ခဏလေး၊ ကျွန်မ ခဏထိုင်ဦးမှ ဖြစ်မည်။ မနားမနေ လျှောက်လာခဲ့တာ ဘယ်လောက်တောင် ခရီးပေါက်ခဲ့ပြီလဲ။

ကျွန်မထိုင်ချလိုက်မည် ကြံရွယ်နေတုန်း ကျွန်မမျက်စိရှေ့ တစ်စုံတစ်ခု ရိပ်ခနဲ လှုပ်လာသည်။ ဖြူလွလွ အရိပ်တစ်ခု...။ ဟိုအရာ



www.burmeseclassic.com

www.burmeseclassic.com



သည် ကျွန်မ၏ခြေရင်းသို့ ရောက်လာသည်။ အမြင့်မှကျလာ
ပန်းတစ်ပွင့်ဖြစ်လေသည်။

ကြီးမားလှသော အဖြူရောင် ပန်းတစ်ပွင့်ဖြစ်သည်။

ကျွန်မဘဝမှာ သည်လောက်ကြီးမားသည့်ပန်းကို တစ်
မမြင်ဘူးပါ။

ပန်းပွင့်၏ပိုင်ရှင် အပင်ကို ကျွန်မ မော့ကြည့်လိုက်၏။
တစ်ရာတော့ အသာလေးမြင့်မှာပဲ။ သို့သော် ထူးခြားသည်က
အကိုင်းများသည် အောက်သို့ ငိုက်ကျစွာ ဖြာထွက်ပေးနေသည်။ ကျွ
လက်လှမ်းလို့မီနိုင်သည့် အမြင့်ထိအောင် နိမ့်လေသည်။

လမ်းလျှောက်ခဲ့ရလို့ မောပန်းနေသော ကျွန်မအား မွှေးပျံ့
စိမ်းမှောင်သော စံကားပင်၏အရိပ်က ဆီးကြိုလိုက်သည့်အခါ မွေ့
ရှာဖို့ ခွန်အားတွေ ရလိုက်သည်။

ကျွန်မ ခေါင်းပေါ်မှာ ဖြူဆွတ်သော ပန်းကြီးတစ်ပွင့်။ ကျွ
မီနိုင်မည်ထင်သည်။ ကျွန်မ ခြေဖျားထောက်လျက် လက်ဆန့် ထ
လိုက်သည်။ သို့သော် ကျွန်မ လက်ကမမီပါ။ နည်းနည်းလေးပဲလို
သည်။

ခြေဖျားကို ထောက်နိုင်သမျှထောက်ကြည့်သည်။ မမီ။

ကျွန်မ အနည်းငယ် စိတ်အားလျော့သွားသည်။

ထို့နောက် ကျွန်မ လက်လှမ်းနေသော အကိုင်းသည် ကျွန်မ
သို့ ညွတ်ကိုင်းလာတော့သည်။ ပန်းပွင့်က ကျွန်မလက်နှင့် လာထိ
သည်။

အို…

လက်တစ်ဘက်က ထိုအကိုင်းကို ဆွဲယူနှိမ့်ပေးလိုက်သော





ကြောင့် ဖြစ်ပါသည်။

ကျွန်မ လုပ်ခနဲကြည်နူးဝမ်းသာသွားသည်။ သူပဲဖြစ်မှာပေါ့။
သူကလွဲလို့ ဘယ်သူ ဖြစ်ဦးမှာလဲ။

မော့ကြည့်လိုက်တော့ တကယ်ပဲ သူ…။

သူက ပြုံးကြည့်နေသည်။

"ခူးလေ မေ"

ကျွန်မ ပန်းပွင့်ကို ဆွတ်ခူးလိုက်ပါသည်။ ကျွန်မ ခူးပြီးနောက်
စံကားကိုင်းသည် အပေါ်သို့ ပြန်တက်သွားသည်။

"ဒီအပင်ကို တောင်ပိုင်းစံကားဖြူလို့ အမေရိကန်တွေက
ခေါ်ကြတယ်။ တချို့ကတော့ အမြဲစိမ်းစံကားလို့ခေါ်တယ်။ ဘာကြောင့်
လည်း ဆိုတော့ သူ့အရွက်တွေက ဝါတယ်ညိုတယ်လို့မရှိဘူး။ အမြဲစိမ်း
နေတာမို့ပဲ"

"ကျွန်မ ရှာလိုက်ရတာ"

ကျွန်မ အနည်းငယ် တုန်ရီလာသောလက်ဖျားများကို သတိ
ထားမိရင်း သူ့ကို ပြောမိ၏။ သူပြုံးနေသည်။

"ကိုယ်လာမှာပေါ့"

နူးညံ့နွေးထွေးသည့် အဲဒီစကားသံကို သေပြီးသား လူတစ်
ယောက်က ဘယ်လိုလုပ်ပြီး ပြောနိုင်မှာလဲ။

သူ့အင်္ကျီမှာ ပြာမှိုင်းမှိုင်း စပို့ရှပ်လက်တိုဖြစ်သည်။ သူ့လုံချည်
က အနက်ရောင်များသော မရမ်းကွက်စိပ်စိပ်သေးသေးလေးတွေ။

ကျွန်မ သူ့ကို ပြောစရာတွေ မေးစရာတွေအများကြီးရှိသည်။
ဘယ်ကစပြီး ပြောရပါ့မလဲ။

ကျွန်မ ကိုယ်ခန္ဓာက ယိမ်းယိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေ နေကောင်းရဲ့လား"

ကျွန်မ တုန်ခိုက်စွာရယ်မောမိ၏။ သို့သော် အသံက တိုးတိုးလေးပဲ ထွက်လာသည်။

"ကျွန်မကို အမှန်အတိုင်းပြောမလား ဟင်"

မဝံ့မရဲ တွန့်ဆုတ်စွာ မေးမိသည်။ သူက ကျွန်မအား ကြင်နာစွာ ကြည့်သည်။

"ပြောမှာပေါ့မေ။ ကိုယ် မညာရက်ဆုံးလူက မင်းပဲလေ"

"ကို ခွန် သာ က သေသွားခဲ့ပြီလား"

ကျွန်မ ဖွတ်အားတင်းပြီး မေးပစ်လိုက်သည်။

ကျွန်မမေးခွန်းကြောင့် သူနောက်သို့ အနည်းငယ် ယိုင်သွားသည်။ ထင်သည်။

သူ ကျွန်မကို တစ်ခဏ ငေးစိုက်ကြည့်နေသည်။ နောက်တော့ သူရယ်မောလေသည်။

သူ့ရယ်သံကြောင့် ကျွန်မ စိတ်ပေါ့ပါးစွာ လိုက်ရယ်မိသည်။

"အော် မေရယ်"

သူက မြစ်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ပင့်သက်ရှိုက်သည်။

"စိတ်မဆိုးနဲ့နော် သူ သူတို့က ပြောနေလို့ အဲဒါ..."

သူ ကျွန်မနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် နေရာပြင်၍ ရပ်လိုက်၏။ ထို့နောက် ကျွန်မကို သူ့ညာလက်အား ကမ်းပေးပါသည်။

"ကိုယ့်လက်ကို မင်းထိကြည့်လိုက်စမ်းပါမေ။ အဲဒါ သေသွားပြီးသားလူလား. မေပဲ ကိုယ့်ကိုပြောပါ"

ကျွန်မကို ကမ်းပေးနေသော ညာလက်ကို ကျွန်မ လက်ဖျားဖြင့်





အသာအယာထိကြည့်လိုက်သည်။ အနည်းငယ်ကြမ်းရှသော၊ ခြောက်သွေ့သော၊ နွေးထွေးသော လက်ဖြစ်သည်။

သူ ခပ်ဟဟ ရယ်ပြန်၏။

"ရဲရဲကိုင်ကြည့်ပါမေရဲ့"

ကျွန်မဘဝမှာ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့လက်ကို တစ်ခါမှ မကိုင်ဖူးဘူး။

ကျွန်မ ထင်ခဲ့ဖူးသည်။ ဘဝမှာ ပထမဆုံး ကျွန်မ ဆုပ်ကိုင်ရမည့်လက်သည် မင်းညိုစင်၏လက်သာ ဖြစ်လိမ့်မည်ဟု ကျွန်မ ထင်ခဲ့ဖူးပါသည်။

ကျွန်မသည် ပထမမှာ မဝံ့မရဲ၊ နောက်တော့ ခပ်ဖွဖွ၊ နောက်တော့ တင်းတင်း ဆုပ်ကိုင်မိသွားသည်။ နွေးထွေးသော၊ ညှို့ယူသော ခွန်အားတစ်ခုက ကျွန်မလက်ထဲသို့ တစိမ့်စိမ့် စီးဝင်သွားလေသည်။

သူ့လက်ကပါ ကျွန်မလက်ကို ပြန်ဆုပ်ကိုင်လိုက်၏။ တင်းကြပ်စွာ၊ သေချာစွာ၊ စိုးမိုးပိုင်နိုင်စွာ...။

ထို့နောက် ထိုလက်ဖြင့်ပင် ကျွန်မကို သူ့ဆီသို့ ဆွဲယူလိုက်သည်။ ကျွန်မ တစ်ကိုယ်လုံး သူ့ကိုယ်ခန္ဓာနှင့် ထိကပ်သည်အထိ ယိုင်သွားသည်။

မျှော်လင့်မထားသော လှုပ်ရှားမှုဖြစ်၍ ကျွန်မ အသက်ရှူမှားသွား၏။

"မေ"

ကျွန်မပါးပြင်တွေ ပူနွေးနေသဖြင့် သူ့ကို မော့မကြည့်ရဲပါ။ ကျွန်မ ခေါင်းကို ငုံ့စိုက်ထားမိသည်။ ကျွန်မ နဖူးနှင့် သူ့မေးလာအောက်ဆုံးကြယ်သီး ထိမိသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟောဒီနေရာမှာ ကိုယ့် နှလုံးခုန်နေတယ်၊ မေ့လက်နဲ့ စမ်းကြည့်''

သူတင်းကြပ်စွာ ဆုပ်ကိုင်ထားသော ကျွန်မလက်ကို သူ့ဘယ်ဘက် ရင်ညွန့်ပေါ်သို့ တင်းတင်းဆွဲဖိပေးသည်။

အို...

ကျွန်မ လက်ဖဝါးအောက်မှာ တဆတ်ဆတ်လှုပ်ခုန်နေသော...

''တွေ့လား''

သူ့အသံက ကျီစယ်လိုသည့်အသံ။

ကျွန်မ ရှက်ရွံ့စွာ ခေါင်းညိတ်လိုက်၏။

''သေချာအောင် ပါးနဲ့ကပ်ကြည့်ချင်သေးလား''

ဟင့်အင်း... ကျွန်မ...

သို့သော် ကျွန်မမျက်နှာကို သူ့ရင်ခွင်သို့ အပ်မိသွားသည်အထိ ဆွဲယူခံလိုက်ရသည်။

ကျွန်မပါးပြင်သည် ပျော့အိနွေးညံ့သော အကျီအောက်က ပြည့်တင်းနွေးထွေးသော လှုပ်ခတ်မှုတစ်ခုနှင့် ထူးဆန်းစွာ ထိကပ်မိသွားသည်။

''မေ''

သူ့ညည်းသံ တိုးတိုးအောက်မှာ ကျွန်မ ကိုယ့်ကိုယ်ကို လန့်ဖျပ်သွား၏။ ကျွန်မ မျက်လုံးတွေ စိုစွတ်လာသည်။ ကျွန်မ အားကိုးတကြီး ဖက်တွယ် ငိုရှိုက်ချင်သော ရင်ခွင်ပိုင်ရှင်မှာ သူမှ မဟုတ်ဘဲ။

မေဇော်... လူတစ်ယောက်က တစ်ခြားလူတစ်ယောက်အတွက် နေရာတကာ ရှေ့ကနေ လိုက်ကာကွယ်မပေးနိုင်ဘူး။ ကိုယ့်ကိုယ်ကို ကာကွယ်တတ်ရမယ်။





''မင်းညို...''

တစ်စုံတစ်ခု လွှတ်ခနဲ ကျွန်မ ရေရွတ်မိသွားသည့်နောက်တွင် သူသည် ကျွန်မအား သူ့ရင်ခွင်ထဲမှ အသာတွန်းဖယ်ယူလိုက်ပြီး ကျွန်မကို စေ့စေ့ကြည့်သည်။

''မေ အဲဒီနာမည်ကို တတာ နှစ်ခါရှိပြီ၊ အဲဒါ ဘယ်သူလဲဟင်''

အော် ဒုက္ခပါလားကွယ်။ ကျွန်မ မင်းညိုစင်ကို တမိပြန်သတဲ့။

ကျွန်မ လှိုက်ဟာသောရင်ဖြင့် အသံထွက်ရယ်မောမိသည်။

''သူ ယေ ချင်း''

သူက ကျွန်မနှင့်အတူ လိုက်ရယ်လေသည်။ ကျွန်မ နောက်ဆုတ်ရပ်တော့ သူ အသာတကြည်ပင် ကျွန်မလက်ကို လွှတ်ပေး၏။

''ကိုယ်သေပြီလို့ ထင်သေးလား''

''ဟင့်အင်း''

ကျွန်မလက်မှ ဘယ်တုန်းက လွတ်ကျသွားခဲ့မှန်းမသိသော စံကားဖြူပွင့်ကို မြေပြင်ပေါ်မှ သူငုံ့ကောက်ယူလိုက်သည်။

''ဒီစံကားဖြူပင်ကို ကိုယ်နဲ့ ဖေဖေနဲ့စိုက်ခဲ့တာ''

''အော်...''

''မေမေသေတဲ့နှစ်ကပေါ့''

ဒါဖြင့် သည်အပင်ဟာ ဆယ့်ငါးနှစ်ရှိပြီပေါ့။

''သူ့အသီးက နိုင်ဘာဆိုမှည့်ပြီ၊ မေမေသေတာက ဒီဇင်ဘာလေ။ အဲဒီအချိန်မျိုးမှာ အသီးလည်းအက်ကွဲ အထဲကအစေ့လည်း ရင့်နေပြီပေါ့။ ဒီအစေ့လေးကို ပျိုးလိုက်ရုံပဲလေ''

ထိုခဏ၌ အိမ်တက်ဆီမှ လူသံသဲ့သဲ့ကို ကြားရသည်။ အသိဟာ ပြန်လာပြီထင်သည်။ ကျွန်မ မသိစိတ်က နှီးဆော်တာလားမသိ။ ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက် သတိရသွားတာ တစ်ခုရှိသည်။

"အဲ ကို ခွန် သာ"

"ခဏနေရင်လေ၊ ဒီဥယျာဉ်ထဲမှာ လူလေးငါးယောက်လောက် အလုပ်လုပ်နေကြရတော့မယ်"

ကျွန်မ သူ့ကို သတိပေးလိုက်ခြင်းဟု ကိုယ့်ကိုယ်ကို ခံစားရသည်။

သူ မျက်မှောင်ကြုတ်သွား၏။

"ဘာလုပ်ကြမှာလဲ"

"စံကားပင်တွေကို ရေကြမလို့တဲ့"

"ဘာတဲ့"

သူ့အတွက် ထိုသတင်းက အထူးအဆန်းဖြစ်နေသည်။

"ဟိုလေ... ဒေါ်တင်က ဒီခြံထဲမှာ ပရိတ်ရွတ်ချင်တယ်တဲ့။ ဆရာ့ကို အဲ ကိုသီဟကို ဘုန်းကြီးတွေ သွားပင့်ခိုင်းတယ်"

"အော်"

"အဲဒါလေ... စံကားပင်တစ်ပင်အတွက် ဘုန်းကြီးတစ်ပါး ဆိုတော့ ဘုန်းကြီးဘယ်နှပါးပင့်ရမလဲ သိဖို့ရှိမှာပေါ့"

သူ ခပ်မှဲ့မှဲ့ပြုံး၏။

"အဲဒီ ဒေါ်ကြီးဟာလေ၊ ဒီခြံထဲမှာ နေလာတာလည်း နှစ်တွေကြာကြာလှပြီ။ အခုထိလည်း စံကားပင် ဘယ်နှပင်ရှိလဲ မသိသေးဘူးလား"

"စံကားပင်တွေကလည်း အများကြီးကိုးလို့"

ကျွန်မ ဒေါ်တင်ဘက်က လိုက်ပြောမိသည်။

"အခုမှ လိုက်ရေနေလို့ ညနေတောင် ပြီးမှာမဟုတ်ဘူး။ ရေပြီး





သားတွေ ထပ်ထပ်ရေမိနေမှာက ပါသေးတယ်။

သူ စိတ်တိုတိုနှင့်ပြောသော လေသံကို ကျွန်မ ရယ်ချင်သွားသဖြင့် ခစ်ခနဲ ရယ်လိုက်မိသည်။

"အဲဒီ ဘုန်းကြီးတွေက ကိုခွန်သာ့အတွက် ရွတ်ကြ ဖတ်ကြမှာ"

သူ မျက်လုံးပြူးသွား၏။

"ဘာပြောတယ်"

"ဒေါ်တင်က ကိုခွန်သာ ကောင်းရာသုဂတိ ရောက်စေချင်လို့တဲ့"

သူ ပထမတော့ ထိုစကားကြောင့် မျက်နှာ မှုန်မှိုင်းသွား၏။ ထို့နောက် ရုတ်တရက် တဟားဟား ရယ်ချလိုက်သည်။ ကျွန်မလည်း လိုက်ရယ်မိပြန်ပါသည်။

"တွေ့လားမေ၊ အဲဒါတွေကြောင့် ကိုယ် သူတို့နဲ့ မျက်နှာချင်း မဆိုင်ချင်တာပဲ"

သူချက်ချင်း အရယ်ရပ်ကာ ကျွန်မအား ညင်သာစွာ ဖုံကြည့်မေး၏။

"မေ ဘယ်လိုထင်လဲဟင်၊ ကိုယ်က ပရိတ်ရွတ်ပြီး နှင်ရမယ့် လူလို့ ထင်လား"

ကျွန်မ သူ့ကိုမော့ကြည့်လျက် ယုံကြည်စိတ်ချစွာ ပြုံးလိုက်မိသည်။

"ကျွန်မ ဒေါ်ကြီးကို စိန်ခေါ်ထားတယ် ကိုခွန်သာ၊ တစ္ဆေဆိုရင်တော့ ပြေးမှာပေါ့။ လူဆိုရင်တော့ ပြေးမှာမဟုတ်ဘူးလို့"

သူက ကျွန်မ၏ မျက်လုံးတွေထဲသို့ စိုက်ကြည့်ကာ ပင့်သက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ရှိုက်ရင်းပြောလိုက်သည်။

"ပြောလိုက်ပါမေ၊ စံကားပင်ပေါင်း သုံးရာတစ်ဆယ့်ခုနစ်ပင် ရှိတယ်...လို့"

✣ ✣ ✣





## ကျူးလစ်စံကားဝါ (Liriodendron tulipifera)

ပြတင်းပေါက်ဖွင့်ထားသည်။

သည်းကြီးမဲကြီး ရွာချနေသောမိုးကို ကျွန်မ မချင့်မရဲငေးမောနေမိသည်။ နှစ်ရက်ရှိပြီနော်။

မိုးဆက်တိုက် ဖွေသွန်းရွာကတည်းက မွှေးပျံ့သောပန်းရနံ့တွေနှင့် ဝေးခဲ့ရသည်။ ကြွေကုန်လောက်ပါပြီ။

ခုတင်ပေါ်မှ ထထိုင်လိုက်ဖို့ပြင်တုန်း အခန်းထဲသို့ ကိုသီဟ ရောက်လာသည်။

"မမေဖော် မိုးပက်မယ်လေ၊ ပြတင်းပေါက် ပိတ်ထားမှဖြစ်မယ်"

သူ့လက်ထဲမှာ ကိုင်လာသော ယွန်းလင်ပန်းကို စာရေးစားပွဲပေါ် တင်လိုက်ကာ ပြတင်းဆီသို့ သူလျှောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မပက်ပါဘူးဆရာ၊ ဖွင့်ထားပါ"

သူခဏစဉ်းစားနေပြီးနောက် မပိတ်ဘဲ ထားလိုက်သည်။

"အဖျားရှိသေးလား"

"ဟုတ်ကဲ့ နည်းနည်းပဲရှိတော့တယ်"

"ဘယ်လောက်လဲ"

"နိုင်တီနိုင်းပွိုင့်ဖိုးလား မသိဘူး"

သူက စားပွဲပေါ်မှာ သူတင်ထားသော လင်ပန်းထဲက ကော်ဖီပန်းကန်ကို ကြည့်လျက်

"ကော်ဖီနဲ့ ကိတ်မုန့် ကျွန်တော် ယူလာတယ်၊ ဒေါ်ကြီးကတော့ မမေဇော်ကို ငါးရံ့ဆန်ပြုတ်လုပ်ပေးဖို့တဲ့ ဈေးကိုသွားပြီ"

"အို... ကျွန်မ ဆင်းလာမှာပေါ့ ဆရာကလဲ၊ အားနာစရာကြီး"

"မမေဇော် အောက်မဆင်းရအောင်လို့လေ၊ အားနာစရာ မရှိပါဘူး။ ကျွန်တော်က ဒီမှာ ဘာအလုပ်မှမရှိတဲ့လူလေ"

ကျွန်မ ခုတင်မှဆင်းလိုက်တော့ သူ ကျွန်မ လိုအပ်လျှင် ထူပေးနိုင်အောင်လားမသိ၊ အနားမှာ အဆင်သင့် စောင့်နေသည်။ သို့သော် တစ်ရက်တာလောက် အပြင်းဖျားရုံနှင့်တော့ ကျွန်မ ဘာမှမဖြစ်ပါ။

"ဆရာ သောက်ပြီးပြီလား"

သူက ပြုံးလျက်ခေါင်းညိတ်ပြီး ကျွန်မထိုင်ဖို့ ကုလားထိုင်ကို နောက်သို့ ရွှေ့ပေးသည်။

သူ့တို့ညီအစ်ကို၏အပြုံးတွေက ခပ်ဆင်ဆင်ပဲ ဟု အခုမှ ကျွန်မ သတိထားမိ၏။

"ဒီမှာ မိုးက ဒီလိုပဲ မရပ်မနား ရွာသလားဆရာ"

"ရွာတယ်ဗျ၊ တစ်ခါတစ်ခါဆို ခုနစ်ရက်ရှစ်ရက်လောက် ရွာနေ





တာ၊ မတိတ်တော့ဘူး"

ဒုက္ခပါလား။

အခုလိုသာ မိုးရွာနေမည်ဆိုလျှင် ကျွန်မ နေကောင်းသွားဦးတော့ မြို့ထဲသို့ ဆင်းလို့မရ၊ ထီးဆောင်းလျက်ဆင်းဖို့ ကိုသီဟက ခွင့်ပြုသည်ဆိုဦးတော့(ခွင့်လည်းပြုမှာမဟုတ်ပါ) သူ့ရောက်လာမှာ မဟုတ်။

ဒေါ်တင်ကတော့ ဘုန်းကြီးတွေ ပရိတ်ရွတ်ပြီးကာမှ မိုးသည်းသည်းမဲမဲရွာသည်ကို ကောင်းမွန်သော ရလာဒ်ဟုတွက်ဆသည်။ မြို့ထဲက ဘေးအန္တရာယ်တွေ (ရှိခဲ့မည်ဆိုလျှင်)သည် မိုးနှင့်အတူ လွင့်ပါးကင်းစင်သွားတော့မည်...တဲ့။

"နောက်တစ်ရက် နှစ်ရက်လောက်နေရင် ကျွန်တော် ပြန်မှဖြစ်မယ် မမေဇော်၊ မမေဇော်လည်း ကျွန်တော်နဲ့အတူ ဒီအိမ်ကထွက်ရင် ပိုလုံခြုံမယ်ထင်တယ်။ ကျွန်တော် မမေဇော်ကို တစ်ယောက်တည်း စိတ်မချဘူး"

ကိုသီဟက ခပ်ဆဆလေသံဖြင့် ကျွန်မအား ပြောတော့ ကျွန်မ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချစွာ ပြုံးလိုက်မိသည်။

"အို မစိုးရိမ်ပါနဲ့ဆရာ၊ ဒေါ်တင်လည်း ရှိသားပဲ။အားလုံး အေးအေးဆေးဆေးပါပဲ"

သူက ပြတင်းမှမြင်နေရသော မြို့ထဲသို့ တစ်ချက် လှမ်းကြည့်လိုက် ပြီးမှ

"မမေဇော် မပြန်သေးဘူးလား" ဟု မေးသည်။

"ကျွန်မ နေကောင်းသွားတဲ့အခါ ပြန်မှာပေါ့ဆရာ"

သူ ပင့်သက်ရှိုက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စိတ်ချရအောင် ကတိတစ်ခုတော့ပေးပါ။ ဒီ့ထဲကို မမေဇော်တစ်ယောက်တည်း မဆင်းပါဘူးဆိုတဲ့ကတိ၊ ဘယ့်နှယ်လဲ ပေးနိုင်မလား"

"ဆရာကလည်း စိုးရိမ်စရာမရှိ။ ကြဖန်စိုးရိမ်နေပြန်ပြီ"

"မမေဇော် တစ်ခုခုဖြစ်သွားရင် ကျွန်တော်တစ်သက်လုံး နောင်တ ရနေရလိမ့်မယ်။"

ထိုစကားကို ပြောပြီးနောက် ချက်ချင်းပင် ဖြေရှင်းချက်ပေးသလို သူစကား ဆက်လာသည်။

"ဒီလိုလေ မမေဇော် ဒီအိမ်မှာရှိနေသ၍ ဘာတစ်ခုမှ ထိခိုက်နစ်နာမှု မရှိအောင် စောင့်ရှောက်ဖို့ ကျွန်တော့်မှာ တာဝန်ရှိတယ်။ အစ်မဒေါ်အေးအေးထွန်းကို ကျွန်တော်ထပ်ဆုံဖို့ ဆုံးဖြတ်ထားတယ်။ အဲဒီအခါမှာ ကျွန်တော့်ကို သူစိတ်ခုမနေစေချင်ဘူး"

ကျွန်မ အနည်းငယ် စိတ်ညစ်သွားသည်။

"ကျွန်မ ဘာဖြစ်မယ်လို့ ဆရာက ထင်နေလို့လဲ"

သူအဖြေရ ခက်သွားသည်။ ကျွန်မသိပါသည်။

"ကျွန်တော် တစ္ဆေကို မယုံပါဘူး၊ ဒါပေမယ့် မမေဇော် စကားပင် တွေ့ဆီသွားရင် တစ်ခုခုဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်နေတယ်။ မပြန်လို့လည်း မဖြစ်ဘူး။ ကျွန်တော် ထွက်လာတာ ငါးရက်ရှိတော့မယ်"

"ကျွန်မ ဘာမှမဖြစ်ပါဘူးဆရာ၊ ဆရာ စိတ်ချလက်ချသွားပါ"

သူ ခေါင်းရမ်းသည်။ ကျွန်မကို တစ်ခုခု ပြောသင့်မပြောသင့် ချိန်ဆနေသလို ခဏတွေနေပြီးမှ ကျွန်မအား တည့်တည့်ကြည့်လျက် ပြောသည်။





"ခွန်သာဆိုတဲ့လူကို ကျွန်တော် မြေလှန်ရှာပြီးပြီ မမေဇော်။ ...ထဲကို လူစိမ်းလုံးဝ မရောက်လာဘူး"

"လူစိမ်းရောက်ရင် တကယ်သိတယ်ပေါ့"

"သိတာပေါ့"

ကိုခွန်သာကလည်း ကျွန်မကို ပြောခဲ့ဖူးပါသည်။ 'ဘာတဲ့၊ ဒီရွာမှာ လူစိမ်းရောက်လာရင် ချက်ချင်းသိတယ်'တဲ့။

သူဘာကို ပြောချင်မှန်းမသိသဖြင့် ကျွန်မ ပခုံးတွန့်လိုက်မိ၏။

"ဒီတော့..."

ကျွန်မ မေးမိသည်။

"ဒီတော့ ယုံချင်ယုံမယုံချင်နေ ဒါ...တစ္ဆေပဲပေါ့" ပြောပြီး သူ ...ပ်လေးလေး ရယ်မောပါသည်။

"မဟုတ်ဘူးလေ၊ သူ မသေတာရော မဖြစ်နိုင်ဘူးလား"

သူ မျက်မှောင်ကြုတ်သည်။

"မသေရင် သူကျွန်တော်နဲ့ ဆက်သွယ်မှာပေါ့ မမေဇော်၊ ကျွန်တော့်ကို မုန်းနေတယ်ဆိုရင်တောင် ဒေါ်တင်ဆီမလာစရာ ဘာများရှိမှာလဲ၊ ဒီအိမ်မှာ ပြန်မနေစရာရော ဘာများရှိမှာလဲ၊ နောက်ပြီး ကျွန်တော်ကိုယ်တိုင် သူ့အလောင်းကို မြေမြှုပ်ခဲ့တာလေ"

"သူလို့ ယူဆရတဲ့ အလောင်းပေါ့လေ။ ရက်နှစ်ဆယ်လောက်ကြာမှ တစ်ခြားရွာတစ်ရွာမှာ သွားပေါ်တဲ့ အလောင်း တစ်လောင်း မဟုတ်လား ဆရာ'

ကျွန်မ စိတ်ထဲမှာတော့ ကျွန်မနှင့် စကားလက်ဆုံ ပြောရုံမက လက်ဖျားနှင့်ပင် ထိကြည့်လိုက်ရသော လူတစ်ယောက်ကို တစ္ဆေ မဟုတ်မှန်း သိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အဲဒါ ခွန်သာပါပဲ"

သူက အနိုင်အမာ ဆုံးဖြတ်နေသည်။

ကျွန်မ ကော်ဖီပန်းကန်ကို လက်နှစ်ဘက်ဖြင့် အုပ်ကိုင်လျှင် ငြိမ်သက်စွာ စိုက်ကြည့်နေမိသည်။

"အဲဒီလူနဲ့ မမဖော် ဘယ်နှခါ တွေ့လိုက်တာလဲ"

"လေးငါးခါ"

သူ အံ့ဩသွားသည်။

"အကောင်အထည်နဲ့ မြင်ရတာလား"

"ဆရာကလည်း တကယ့်လူပဲဥစ္စာ၊ အကောင်အထည်နဲ့ပေါ့"

"မမဖော် ကျွန်တော့်ကို အသိပေးခဲ့ဖို့ ကောင်းတယ်၊ ဒီလို လေ ကျွန်တော်ဆိုလိုတာက မမဖော်မှာ အန္တရာယ်ရှိနိုင်လို့ပါ"

ကျွန်မ ဘာမှမပြောမိပါ။ ထို့နောက် ကျွန်မ ကိတ်မုန့်ကို မစား ချင် စားချင်နှင့် စားနေခိုက် ကျွန်မတို့နှစ်ယောက်လုံး မိုးသံကို နားထောင် နေရင်း ငြိမ်သက်နေကြသည်။ ခဏကြာမှ ကိုသီဟက ပြုံးလျက်မေး

"သူနဲ့တွေ့တော့ ဘာစကားတွေ ပြောဖြစ်ကြလဲ"

ကျွန်မ အသာပြုံးမိပါသည်။

"စံကားပင်တွေအကြောင်း"

ကိုသီဟ တွေခနဲ စဉ်းစားသွားသည်။

"ဘာပင်တွေလဲ မမဖော်"

"မက်ဂ်နိုလီယာ ကိုးဘတ်စ်၊ မက်ဂ်နိုလီယာ စတယ်လာတာ မက်ဂ်နိုလီယာ ဖရေဇရီ၊ မက်ဂ်နိုလီယာ ဂရင်ဒီဖလိုရာ... အို အများကြီး ပဲ ဆရာ။ စံကားပင် တစ်ခုချင်းရဲ့ ရာဇဝင်နဲ့ အဖြစ်အပျက်တွေရော... ဥပမာ သူ့ကို မွေးတဲ့နေ့တုန်းက သူ့အဖေက မက်ဂ်နိုလီယာ ဖရေဇရီကို





စိုက်ခဲ့တဲ့အကြောင်း၊ သူ့အမေသေတော့ သူ့အဖေနဲ့သူ မက်ဂ်နိုလီယာ ဂရင်ဒီဖလိုရာကို စိုက်ခဲ့တဲ့အကြောင်း... နောက်ပြီး သူ့ကို ဆရာက အဲဒီစံကားပင် ပင်စည်နဲ့ ခေါင်းနဲ့ဆောင့်တိုက်ခဲ့တာ ခေါင်းကွဲပြီး သွေး တောင် စီးကျတယ်ဆိုတဲ့အကြောင်း..."

ကိုသီဟ မျက်နှာတော်တော်ပျက်သွား၏။ ကျွန်မအား မယုံ ကြည် နိုင်သလိုပင် ခဏငေးကြည့်နေပြီးမှ ရုတ်တရက်ထထွက် သွားပါသည်။ ပြတင်းပေါက်မှာ သူ သွားရပ်နေသည်။

ကျွန်မ ကော်ဖီပန်းကန်ကို ငုံ့စိုက်ကြည့်နေတာ တော်တော် ကြာသွားမှ သူ့ထံက စကားသံ ထွက်လာသည်။

"ကျွန်တော့်ဘဝမှာ မေ့ပစ်ချင်တဲ့ အဖြစ်အပျက်တွေ နေ့ရက် တွေ ရှိတယ်"

သူ့အသံသည် နောင်တနှင့်နာကျင်မှုတွေကြောင့် ထင်၏။ တိုးတိမ်နေသည်။

"အဲဒီထဲမှာ ခွန်သာ သေတဲ့နေ့ပါတယ်"

ကျွန်မ သူ့ဘက်သို့ လှည့်ကြည့်လိုက်မိသည်။

သူ ကျွန်မဆီသို့ ကြည့်မနေပါ။ ပြတင်းမှ အပြင်သို့ စူးစူးစိုက်စိုက် မျက်မှောင်ကြုတ်လျက် ငေးကြည့်နေသည်။

သူကြည့်ရာကို လှမ်းကြည့်မိတော့ ထူးထူးခြားခြားဘာမှ မတွေ့ရ။ အရှိန်လျော့သွားသော ခပ်ဖွဲဖွဲမိုးစက်များကိုလွန်လျက် အိမ်ဘက်သို့ သစ်ကိုင်းကြီးတစ်ကိုင်း ဖြာထွက်နေသော အထီးတည်း သစ်ပင်မြင့်မြင့် တစ်ပင်ကို တွေ့ရသည်။ ထိုသစ်ပင်သည် အိမ်နှင့် အနီးဆုံး ဖြစ်နိုင်ပါသည်။ သစ်ရွက်တွေက အစိမ်းရင့်ရင့်၊ မိုးစက်တွေ၏ ဖျန်းပက်မှုအောက်မှာ သစ်ရွက်တွေသည် လှုပ်ခါ ယိမ်းနွဲ့လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေသေရတာက သူ့ကြောင့်လို့ သူစွဲလမ်းသွားအောင် ကျွန်တော် လုပ်ခဲ့မိပုံရတယ်။ မေမေသေပြီးကတည်းက သူဟာ တစ်ယောက်တည်း နေနေတတ်တယ်။ အပေါင်းအသင်းရယ်လို့ သိပ် များများမရှိဘူး။ ခြံထဲကနေလည်း အပြင်သိပ်မထွက်ဘူး။ အားအားရှိ ဥယျာဉ်ထဲမှာပဲ သူ့အဖေနဲ့အတူ သစ်ပင်တွေကြားမှာ ရောက်နေတာပဲ။ ဆယ်တန်းအောင်တော့လည်း တက္ကသိုလ်မသွားဘူး။ သူ့အဖေ မရှိ တော့ပေမယ့် ကျွန်တော်က ကျောင်းစရိတ် ထောက်မယ်လို့ ပြောခဲ့ တယ်။ သူ လက်မခံဘူး။ မေမေ့ ရုက္ခဗေဒ စာအုပ်တွေကိုပဲ သူ သဲကြီးမဲကြီး ဖတ်ဖတ်နေတတ်တယ်။"

သူ့စကားသံထဲတွင် နောင်တကို ကျွန်မ ခံစားမိသည်။ ကျွန်မ မျှော်လင့်သော သံယောဇဉ်ကိုတော့ မခံစားမိပါ။

အခုမှ သတိရသည်။ သူ့အဖေဥယျာဉ်မှူး သေသွားပြီလား ကျွန်မကို ကိုခွန်သာ ဘာမှ မပြောခဲ့ပါ။

"သူက မေမေရေနစ်ခဲ့တဲ့ အဲဒီမြစ်ကို ခဏခဏသွားတယ်။ တံတားပေါ်မှာ မတ်တတ်ရပ်ပြီး ငေးတတ်တယ်။ သူ နောင်တရချင် ရနေခဲ့လိမ့်မယ်။ တစ်ခါတစ်ခါ သူသေသွားရင် ကောင်းမယ်လို့ တွေးချင် တွေးနေခဲ့လိမ့်မယ်"

"ဆရာ သူ့ကို သံယောဇဉ်မရှိခဲ့ဘူး မဟုတ်လား"

ကျွန်မ စွပ်စွဲသလို မေးလိုက်မိသည်။ သူ ကျွန်မအား လှည့် ကြည့်ပြီး တွေဝေစွာပြုံးသည်။

"ကျွန်တော် မသိဘူး"

သူမသိပေမယ့် ကျွန်မ သိနေသည်။ သူသည် သူချစ်မြတ်နိုး သော မိန်းမကိုပင် သံယောဇဉ်ဖြင့် မချဉ်းကပ်ခဲ့သော လူအမျိုးအစား





ဖြစ်သည်။ ဘယ်သူနှင့်မဆို ခပ်လှမ်းလှမ်းမှသာနေလိုသော လူအမျိုး အစား ဖြစ်သည်။

"အဲဒီနေ့ကတော့ ကျွန်တော် မျက်ရည်ကျခဲ့မိတာ တကယ် ပါပဲ"

သူ့အသံသည် နာကျင်မှုရောစွက်လျက် အနည်းငယ်တိမ်ဝင် နေသည်။ ကျွန်မ ထိုင်ရာမှ ထရပ်လျက် သူရှိရာ ပြတင်းပေါက်ဆီသို့ လျှောက်သွားလိုက်ပါသည်။

"အဲဒီနေ့က ဒီအပင်မှာ ပန်းတွေပွင့်နေတာကို ကျွန်တော် မှတ်မိတယ်"

ပြတင်းပေါက်နားနီးသော အကိုင်းတစ်ခုတွင် အရွက်တွေကြား ၌ ထူးခြားသောအရာတစ်ခုကို ကျွန်မ သတိထားမိသည်။ အဖူးတစ်ခုနှင့် သဏ္ဌာန်တူသော ဖြူဝါဝါအလုံးလေးဖြစ်သည်။ မိုးစက်တွေအောက်မှာ ထိုအရာသည် ပြောင်လက်တောက်ပနေ၏။ ကိုခွန်သာ ကျွန်မကို ပြောပြသော စံကားပင်များတွင် ဤအပင်မပါခဲ့ပေ။ အိမ်နှင့်အနီးဆုံး ဖြစ်သဖြင့် သူ သည်အနားသို့ လာချင်လိမ့်မည်မထင်။ သို့မဟုတ် သည်အပင်သည် စံကားပင်မှ ဟုတ်ပါ့မလား။ အရွက်တွေက ကျွန်မ တွေ့နေကျ ခြံထဲက သစ်ပင်တွေလို ထိပ်ပိုင်းဝိုင်း ရှည်ကားကားမဟုတ်။ ချဉ်ပေါင်ရွက်လို ဝါရွက်လို ထောင့်ချွန်မျိုး။ ဒါပေမယ့် ခပ်ပြေပြေ ထောင့်သုံးခုကွဲနေသော ထိပ်ပိုင်းရှိသည်။ အရောင်ကတော့ အစိမ်းနု ရင့်ရင့်။

"သူတံတားပေါ်မှာ ရပ်နေတာကိုတော့ ကျွန်တော်တွေ့သွားပဲ။ ဒါပေမယ့် ဘာမှထူးထူးခြားခြား ဖြစ်လာလိမ့်မယ်လို့ မထင်မိဘူးလေ။

အတိတ်ကို ပြန်တွေးသည့် မျက်ဝန်းမျိုးဖြင့် ဟိုးအဝေးတစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းကြည့်ရင်း ပြောပါသည်။

"အဲဒီနေ့က ကျွန်တော် မေမေ့စာအုပ်စင်က စာအုပ်တစ်အုပ် ပျောက်လို့ သူများယူသလားလို့ သူ့အိမ်ကို သွားရှာတယ်။ သူ မယူဘူး ဆို ပြီးရောပေါ့။ ကျွန်တော်က သူ့ဆိုဘယ်တော့မှ အကောင်းမထင်ဘူး ဘာဘူး ညာဘူးအော်တော့ ကျွန်တော်တို့ နှစ်ယောက်စကားများ ကြ တယ်၊ အဲဒီနောက် မကြာခင် သူတံတားပေါ် ရောက်သွားတယ်။ ကျွန်တော်က ခါတိုင်းလိုပဲ မှတ်တာကိုး။ သူတံတားပေါ်မှာ ရပ်မယ်။ မေမေကျသွားတဲ့မြစ်ကို ကျွန်တော် မုန်းသလိုမုန်းမယ်။ ဒါပေမယ့် ကြည့်မိမယ်။ ညနေစောင်းရင် အိမ်ပြန်လာ မယ်ပေါ့။ ကျွန်တော် လုပ်နေ ကျ ပုံစံအတိုင်းပဲပေါ့ "

သူမပြောချင်ဆုံးသော စကားတစ်ခွန်းကို သူပြောတော့မည်။ ကျွန်မ သိနေပြီ။ နောင်တတွေအကြောင်း ကျွန်မ သိပ်မသိပါ။ သို့သော် နောင်တဆိုသောအရာသည် လူတစ်ယောက်၏ဘဝကို ဖောက်ထိုး မိုးမျှော် ဖြစ်သွားအောင် မှောက်ပစ်လိုက်နိုင်သည်ဆိုတာတော့ ကျွန်မ သိပါသည်။

"ဒါပေမယ့် သူပြန်မလာဘူး။ ဘယ်တော့မှ ပြန်မလာတော့ဘူး လေ"

"သူ ခုန်ချသွားတာလား"

"ကျွန်တော် မသိဘူး"

သူ့အသံမှ ခါးသည်းနာကျင်သောဝေဒနာကို ကျွန်မ ခံစားမိသည်။

"ကျွန်တော်သိလိုက်တော့ သူကျသွားပြီ။ ကျွန်တော်က ခြံထဲမှာ ပက်လက်ကုလားထိုင်နဲ့ စာဖတ်မလို့ ပြင်တုန်းရှိသေးတယ်။ မြစ်ထဲ တစ်ခုခု အရှိန်ပြင်းပြင်းကျသံကို ကြားလိုက်ရတာပဲ။ ပထမတော့





ကျွန်တော် သူကျတယ်လို့ မထင်ဘူး။ ကလေးတွေ မြစ်ထဲ ဒိုက်ဗင်ထိုးချ တာလို့ ထင်တာ။ ဒါကြောင့် ကျွန်တော် ထ မကြည့်မိဘူးပေါ့။ စာပဲ ဆက်ဖတ် နေမိတယ်။ ကျွန်တော်ဖတ်နေတဲ့စာအုပ်က နှစ်ရှေးရဲ့ ဆုပါမင်း။ ကျွန်တော်အခုထိ မှတ်မိနေတယ်"

ကျွန်မဘာမှ မမေးမိဖို့ ဆုံးဖြတ်ထားသည်။ ဤအခြေအနေထိ ရောက်မှတော့ သူဘာကိုမှ မျိုသိပ်ထားလိမ့်မည်မဟုတ်တော့ပါ။

"စာမျက်နှာ နှစ်မျက်နှာလောက် ဖတ်ပြီးတော့မှ ကျွန်တော် ကြားရတဲ့အသံရဲ့ ထူးခြားမှုတစ်ခုကို ပြန်သတိရသွားတယ်။ ကျွန်တော့် စိတ်တွေလေးသွားတယ်၊ တစ်မျိုးပဲ။ ဒါဟာ ကလေးတစ်ယောက် ရေချိုး တဲ့ အသံတော့မဟုတ်ဘူးဆိုတာ ကျွန်တော် ရုတ်တရက် သိလိုက် တယ်"

ကျွန်မ၏ ဘဝမှာ ဆိုးရွားသော စိတ်လှုပ်ရှားမှုများကို တစ်ခါမှ မကြုံခဲ့ဘူးပေ။ ကျွန်မ ကံကောင်းသည်ဟု ပြောရမလားမသိ။ ကျွန်မ ကြုံရသမျှ အဆိုးဝါးဆုံးစိတ်လှုပ်ရှားမှုမှာ မင်းညိုစင်နှင့် ပတ်သက်သော နာကျင်မောပန်းမှုများသာ ဖြစ်သည်။

"ဒါနဲ့ ကျွန်တော်လည်း ဝုန်းဆို ထပြီး မြစ်ဆီကို ပြေးသွားမိ တယ်၊ ဒါပေမယ့် ကျွန်တော် သူ့ကို မတွေ့ရတော့ဘူး။ မြစ်ထဲမှာတောင် မတွေ့ရတော့ဘူး။ ကျွန်တော် မြစ်ကမ်းတစ်လျှောက် ရေစုံအတိုင်း အပြေးလိုက် သွားပြီးရှာတယ်။ ကျွန်တော်ထင်တာက ကမ်းအတိုင်း မြေပြင်မှာအပြေးလိုက်ရှာတာဟာ ရေထဲမှာကူးပြီးလိုက်ရတာထက် ပိုမြန်မယ်ပေါ့။ ရွာသားတွေ သူငယ်ချင်းတွေလည်း ကျွန်တော်နဲ့အတူ ခွန်သာကို လိုက်ရှာကြတယ်။ မြစ်ထဲဆင်းတဲ့လူဆင်း၊ ကုန်းအတိုင်း လိုက်တဲ့လူကလိုက်ပေါ့။ ဒါပေမယ့် ခွန်သာကိုတော့ အစအနတောင်



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရတော့ဘူး။ ညရောက်လို့ ကျွန်တော့်ကို အိမ်ပြန်ခေါ်လာကြ တော့ ကျွန်တော်ခြေကုန်လက်ပန်းကျနေပြီ။ ကိုယ့် ကိုယ်ကိုနာကြည်းရှု တွေနဲ့ တစ်ကိုယ်လုံးလည်း ယိမ်းယိုင်နေပြီ။ ဟောဒီ စံကားပင်ကြီး အောက်လည်းရောက်ရော ကျွန်တော် လဲကျသွားတော့တာပဲ။မြက်ခင်း ပေါ် ပက်လက်လဲကျသွားတဲ့အချိန်မှာ ကျွန်တော် နောက်ဆုံးသိလိုက် တာက ညအမှောင်မှာ ကျွန်တော့်မျက်နှာပေါ် ကြွေကျလာတဲ့ ပန်းပွင့် တွေ။ သတိရလာတော့ ကျွန်တော် ငိုမိတယ်''

သေခြင်းတရားနှင့် ရင်ဆိုင်ရသူများကို ကျွန်မ ကိုယ်တွေ့ခံစား ချက်ဖြင့် ကိုယ်ချင်းမစာတတ်သေးသော်လည်း ဘယ်လောက်နာကျင် ပူဆွေးလိုက်ရမလဲဟု ကျွန်မ နားလည်နိုင်ပါသည်။

''ကျွန်မ စိတ်မကောင်းပါဘူး ဆရာ''

ထိုစကားကိုသာ ကျွန်မ ပြောတတ်ပါသည်။

''အဲဒီအခါကျတော့မှ ကျွန်တော်သိတယ်။ ကိုယ့်ကြောင့် လူ တစ်ယောက် အသက်ဆုံးရှုံးရတယ်ဆိုတဲ့ နောင်တကြီးနဲ့ အသက်ရှင်ရ တာ တော်တော်ပင်ပန်းဆင်းရဲတဲ့ ဘဝပဲလို့''

ကျွန်မ သူ့ကို ကရုဏာသက်သွားမိသည်။

''သူသေသွားတယ်ဆိုရင်လည်း ဆရာနဲ့ ဘာမှမဆိုင်ပါဘူး။ ဆရာ့ကြောင့်လို့ ဘယ်သူက ပြောလဲ''

သူ ဘာမှမပြောပါ။ အိမ်ခေါင်းရင်းက သစ်ပင်ကိုသာ တွေလျက် ငေးကြည့်နေသည်။ ကျွန်မလည်း ခုတင်ပေါ်မှာ ငြိမ်သက်စွာ ထိုင် နေမိသည်။ မိုးစက်များ တဖြည်းဖြည်း ကျဲပါးသွားသည့် အချိန်အထိ ဖြစ်သည်။

''ဒါနဲ့ဆရာ၊ ဥယျာဉ်မှူးက ဘယ်ရောက်သွားတာလဲဟင်''





သူ ကျွန်မအား တစ်ချက်ကြည့်ပြီးနောက် ပြတင်းပေါက်ဘက် သို့ ပြန်လှည့်သွား၏။

''သေသွားတယ်''

''အော်...''

သူ့မျက်နှာမှာ စိတ်မကောင်းသည့် အရိပ်အရောင် မမြင်ရ။ သို့သော် သူသက်ပြင်းချလိုက်သံကို ကြားရသည်။

''သူက အရူးလိုပဲဗျ။ သူ့မှာက စိတ်နှစ်စိတ် ဒွိဟဖြစ်နေပုံ ရတယ်။ တစ်ခုက ခွန်သာအတွက် အသက်ဆက်ရှင်ချင်စိတ်၊ တစ်ခုက မေမေ့နောက်ကို လိုက်ချင်စိတ်၊ ဒုတိယစိတ်က အနိုင်ရသွားပုံရပါ တယ်''

''ဆရာ ဘယ်လိုလုပ်သိလဲ''

''ကျွန်တော် နှစ်တိုင်း မေမေ့အုတ်ဂူကို ပန်းသွားသွား တင် တယ်၊ မေမေ့အုတ်ဂူခေါင်းရင်းက စံကားပင်တစ်ပင်က စနစ်တကျ ပြုစုယုယတဲ့ လူရှိတော့ တစ်နှစ်ပြီးတစ်နှစ် ကြီးကြီးလာတယ်၊ ခရစ်စ်မတ်မနက်ခင်းတစ်ခုမှာ သူ အဲဒီအပင်အောက်မှာ သေနေတာ တွေ့ရတာပဲ။ သူသေပြီးမှ အဲဒီအပင်က ပန်းပွင့် ပွင့်တယ်''

''သူ ဘာလို့ သေသွားတာလဲဆရာ''

''ကျွန်တော်မသိဘူး။''

လူတစ်ယောက်ဟာ ကိုယ့်အသက်ကိုယ် မနေမြောတော့ဘူး ဆိုရင် သေသွားတာပဲလားမသိပါ။

''ဒီအပင်က ဇွန် ဂျူလိုင်ဆို ပွင့်တတ်တယ်နဲ့တူတယ်။ အခု အဖူးတွေကို မြင်နေရပြီ''

''ဒါ ဘာပင်လဲဆရာ''



www.burmeseclassic.com

www.burmeseclassic.com



"ကျူးလစ် စံကားဝါပေါ့လေ။ သူတို့ဆီမှာတော့ Tulip Tree လို့ ခေါ်တယ်"

"အိုး သူ့အရွက်က စံကားရွက်နဲ့ သိပ်မတူဘူးနော်"

"အေးဗျ။ အပွင့်ကျတော့လည်း သူတို့ဆီက ကျူးလစ်ပန်းနဲ့ ပုံသဏ္ဍာန်တော်တော်တူတာ။ ဒါပေမယ့် ဓါ စံကားမျိုးတဲ့"

"သူ့ ရုက္ခဗေဒနာမည်ကျတော့ရော"

သူ ပခုံးတွန့်သည်။

"ကျွန်တော် မသိဘူးဗျ"

စံကားပင်တွေကို အကြောင်းတစ်ခုကြောင့် စိတ်နာနေသူသည် ဤခြံထဲမှ တစ်ခြားစံကားပင်တွေကိုလည်း နာမည်ဖြင့် မသိနိုင်ပါ။

"ကိုခွန်သာကတော့ စံကားပင်တိုင်းကို နာမည်တွေရော ရာဇဝင်တွေရော အသေးစိတ်ကအစ သိပုံရတယ်"

ကျွန်မ အမှတ်တမဲ့လိုလိုနှင့် ပြောမိတော့ သူခပ်မဲ့မဲ့ ပြုံးပါသည်။

"သူက မေမေ့ကို ချစ်တဲ့နေရာမှာ ကျွန်တော့်ထက်ပိုတယ်လို့ သူ့ကိုယ်သူ ထင်နေတယ်။ မေမေစိတ်ဝင်စားတဲ့ ဘာသာရပ်ကို သူလည်း စိတ်ဝင်စားတယ်ဆိုတာမျိုးကို သူဂုဏ်ယူချင်တယ်။ ဒီလိုနည်းနဲ့ မေမေ့ဆီက အရေးပေးမှုကို ရချင်တာဖြစ်မှာပေါ့။ ကျွန်တော်ကတော့ သစ်ပင်တွေကို စိတ်မဝင်စားဘူး။ စာအုပ်တွေကိုပဲ စိတ်ဝင်စားတယ်"

သူ ခဏငြိမ်သက်နေပြီးမှ တစ်ခုခုကို သတိရသွားသည်။

"ဟောဟို ပင်စည်ထိပ်နားမှာ သူ့နာမည်စာတမ်း ချိတ်ထားတယ်ဗျ။ လှမ်းဖတ်လို့ရမယ် ထင်တယ်"

ပင်စည်၏ ခပ်မြင့်မြင့်နေရာမှာ ချိတ်ထားသော စာတမ်းသည် ကျွန်မတို့ဘက်သို့ လှည့်ထားခြင်း မဟုတ်သဖြင့် စွေစောင်းစောင်းသာ





မြင်ရသည်။ ကျွန်မ မဖတ်နိုင်ပါ။ သူလည်း အတည့်မြင်ရတာမဟုတ်၊ သို့သော် သူဖတ်လိုက်သည်။

"Liriorendron Tulipifera တဲ့ "

မိုးက တော်တော်စဲသွားပြီ။

"ဆရာ ဒီအပင်က အပွင့်ပွင့်ရင် အဖြူရောင်ပွင့်သလား"

"အဝါနုရောင်ဗျ၊ အဲ အစိမ်းရောင်သန်းနေတဲ့ ဝါဖန့်ဖန့်ပေါ့။ တော်တော်တော့ လှတယ်၊ ပွင့်ချပ်အရင်းနားတွေမှာ လိမ္မော်ရောင် အစွန်းလေးတွေရှိတယ်။ ပန်းတွေက ခွက်ကလေးတွေလို ပုံစံမျိုးပဲ။ မမဇော် မပြန်သေးရင် သူ့အပွင့်ကို တွေ့ရမှာပါ"

ကျွန်မ ဘယ်တော့ပြန်ဖြစ်မည်နည်း။

"အေးလေ၊ မမဇော် ခေါင်းမာပုံမျိုးနဲ့ဆိုရင် ကျွန်တော်ပါ ဆက်နေရမယ့်သဘောရှိတယ်"

ကျွန်မ သူ့ကို အားနာသွားသည်။

"တကယ်တော့လည်း ကျွန်မဒီမှာ ဆက်နေမှ စာအုပ်ပြီးမှာ တော့ မဟုတ်ပါဘူး"

အမှန်အတိုင်း ဝန်ခံလိုက်ရပါသည်။

"ဒါဖြင့် ဘာဖြစ်လို့ ဆက်နေဖို့ မမဇော် စိတ်ကူးနေတာလဲ"

"ကျွန်မ ကိုခွန်သာကို နှုတ်ဆက်ပြီးမှ ပြန်ချင်လို့"

ထိုစကားကို လွှတ်ခနဲ ပြောလိုက်မိပြီးမှ သူရယ်မောလေမလား ဟု စိုးရိမ်စိတ်ဖြင့် သူ့ကို မော့ကြည့်မိသည်။

သူ မရယ်ပါ။ ကျွန်မကို သနားကြင်နာစွာ ကြည့်လာသည်။

"သူ့ကို တွေ့ရတော့မှာမှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို သေချာပိုင်နိုင်စွာ သူပြောလိုက်ခြင်းဖြစ်သည်။ သူ၏ သေချာမှုကြောင့် ကျွန်မ ကျောထဲက စိမ့်သွားရပါသည်။

✣ ✣ ✣





## ငွေစံကားဖြူ (Magnolia virginiana)

ကျွန်မ၏မျက်နှာကို နူးညံ့စွာ ပွတ်တိုက်သွားသော ချောမွေ့ ပါးလုပ်သည့် အရာတစ်ခုကြောင့် ကျွန်မ လှမ်းနေသော ခြေလှမ်းကို ရပ်တန့်လိုက်မိသည်။ ရပ်လိုက်တော့မှ ကျွန်မ ဘယ်လောက် ညောင်း ညာနေခဲ့သည်ကို သတိရသွားပါသည်။ ကျွန်မ သည်မနက် စံကားပင် တွေအကြား လျှောက်လှမ်းခဲ့သမျှ ခြေလှမ်းတို့ကို ရေတွက်ကြည့်လျှင် မိုင်နှင့်တောင် တိုင်းတွာရလိမ့်မည်ထင်သည်။

ကျွန်မ၏ပါးပြင်ကို ပွတ်တိုက်သွားသောအရာမှာ ပန်းတစ်ပွင့်၏ ပွင့်ချပ်ကလေးဖြစ်သည်။ အဲသည်လို နူးညံ့ချောမွတ်သော အတွေ့သည် ပွင့်ချပ်တစ်ခုမှတပါး အခြားသောအရာတွင် မရနိုင်။

ဒါဖြင့် တစ်ခုသောပန်းပွင့်ကတော့မိုးကြောင့် ကြွေသွားဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲဝံ့ဝံ့ ကျန်ရစ်ခဲ့ပြီပေါ့။ ကျွန်မ ထိတ်ခနဲ ဝမ်းသာသွားသည်။ ထို့ကြောင့် အပင်ကို မော့ကြည့်လိုက်မိသည်။

အို... လှလိုက်တဲ့အပင်။

သစ်ပင်သည် ရှားရှားပါးပါးနေရောင်ဖျော့ဖျော့ အလင်းဖြင့် ငွေရောင် တောက်နေသည်။ ငွေရောင်ထဲမှာမှ ဖြူဆွတ်သော ပန်းပွင့် များကို ခမ်းနားစွာမြင်ရ၏။ ကြီးမားသော စံကားပွင့်ဖြူများသည် မိုး ဒဏ်ကို ကောင်းကောင်း ခံနိုင်ခဲ့သည်ပါလား။ အဲဒါ နိမိတ်ကောင်း တစ်ခုပဲလား။

သစ်ပင်ကိုမော့ကြည့်ရင်း ယိမ်းယိုင် ခွေညွတ်လာသော ခြေထောက်များကို ခံစားမိသည်။

စံကားပင်ပေါင်းများစွာ၏ နာမည်သစ်သားပြားများကို ဖတ်ရင်း ကျွန်မ လှည့်ပတ်ရှာဖွေကြည့်ခဲ့ပြီးပြီ။ ကျွန်မ ဘာကိုမှမတွေ့ခဲ့။ ဘယ်သူ့ ကိုမှ မတွေ့ခဲ့။ ကျွန်မတွေ့ရသမျှ အပင်အားလုံးကလည်း စိတ်ဓါတ် ကျစရာတွေချည်းဖြစ်သည်။ သစ်ပင်တွေအားလုံး ရှင်သန်မှုတွေ ပျောက်ဆုံးနေကြသလိုပဲ။ ဥယျာဉ်တစ်ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက် နေသည်။ ခါတိုင်းကြားနေကျ မြစ်ရေစီးဆင်းသံကိုပင် မကြားရ။ သစ်ရွက်လေတိုးသံလောက်ကိုတော့ ကြားရသင့်သည်ဟု ကျွန်မ ထင် သည်။ တစ်ခုခုတော့ ပြောင်းလဲနေပြီ။

ကျွန်မ အသံတစ်ခုခုကို မျှော်လင့်နေသည်။ ဘာသံပဲဖြစ်ဖြစ် ကျွန်မအတွက် အရေးမကြီးပါ။ ငှက်မြည်သံ၊ သစ်ရွက်လှုပ်ခတ် သံ၊ မြစ်ရေစီးဆင်းသံ၊ သစ်ကိုင်းတွေ ကြွေကျသံ၊ ဘာသံပဲဖြစ်ဖြစ်...

ကျွန်မ အထက်ကောင်းကင်မှ အသံတစ်ခု ကြားလိုက်ရသည်။

လေတိုးသံသဲ့သဲ့လား။





ကျွန်မမော့ကြည့်လိုက်တော့ သည်မနက်အဖို့ အလှပဆုံး မြင်ကွင်းကို မြင်တွေ့ ခွင့်ရလိုက်သည်။ စိမ်းဖန့်ဖန့် ငွေရောင်နောက်ခံ တွင် ဖြူဆွတ်သော ပန်းတစ်ပွင့် ဖြည်းညင်းစွာ ချာလည်ဝဲလျက် ကျ လာနေသည်။

လှလိုက်တာ။ ကျွန်မ ဖမ်းမိဖို့ ဖြည်းညင်းစွာ ကြွေပေးနေတာ များလား။

ကျွန်မအထက် အမြင့်တစ်နေရာမှ ကျလာသော ထိုအဖြူရောင် သည် ကျွန်မ စောင့်ကြည့်နေစဉ် ခပ်စောင်းစောင်းလွင့်သွား၏။ သူ ကျွန်မနှင့် ဝေးရာသို့ လွင့်တော့မည်။ ကျွန်မ သူ့ကို မိအောင်ဖမ်းနိုင်မည် မထင်။ သို့သော် ကျွန်မ ထိုပန်းပွင့်ကိုမှ မမိခဲ့လျှင်လည်း ကျွန်မဘဝ၏ လိုချင်သမျှ အရာအားလုံးကို ဘယ်တော့မှ ရတော့မှာမဟုတ်။ ကျွန်မ သိနေသည်။ ကျွန်မ ပန်းပွင့်ကို မိအောင်ဖမ်းရမည်။

ထိုအတွေးဖြင့် ကျွန်မ လက်မြှောက်ဆန့်တန်းလိုက်မိ၏။ ထိုခဏမှာပင် ကျွန်မကြားချင်လှသော အသံတစ်ခုကို ကြားလိုက် ရလေသည်။

မြေပြင်ပေါ်သို့ နင်းလျှောက်လာသော ခြေသံ။ မြေပြင်ပေါ်မှ သစ်ကိုင်းကျိုးတစ်ခုကို တစ်ယောက်ယောက်က နင်းလိုက်သည့်အသံ။

ကျွန်မအာရုံထဲမှ ပန်းပွင့် ချက်ချင်းပျောက်သွားသည်။ ခြေသံ... အဲဒါ ကျွန်မ အကြားချင်ဆုံးသော အသံဖြစ်သည် မဟုတ်လား။ ကျွန်မ လှပ်ခနဲ ရင်ခုန်သွားကာ နောက်သို့ ကမန်းကတန်း လှည့်ကြည့်မိသည်။

ခပ်လှမ်းလှမ်းတွင် ရပ်နေသူသည်...

ဂျင်းဘောင်းဘီအပြာဖျော့၊ တီရှပ်နက်ပြာရောင်၊ သွယ်မြင့်သော ကိုယ်ခန္ဓာ၊ နူးညံ့သော မျက်လုံးများနှင့် သိမ်မွေ့သောအပြုံး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အံ့သြတကြီး ငေးမောမိသွားသည်။

"မေဇော်"

ကျွန်မ ကြောင်အစွာ နေရာမှာ မြဲမြဲရပ်နေဆဲ။

"နေကောင်းတယ်နော် မေဇော်"

မင်း ညို စင်

သူ့အပြုံး အနည်းငယ်လျော့သွားသည်။ သူ ရှေ့သို့တစ်လှမ်းတိုးလာ၏။ သူ့လက်ထဲမှာ ဘာမှမပါ။ ကျောပိုးအိတ်လည်း လွယ်မထား။

"နင် တစ်ယောက်ယောက်ကို မျှော်နေတယ်"

နူးညံ့သော စကားသံသည် တိုးတိုးလေး။ သို့သော် ကျွန်မရင်ထဲသို့ စူးနစ်စွာတိုးဖောက် ဝင်ရောက်သွားသည်။

ကျွန်မ မျက်တောင် တစ်ချက်နှစ်ချက်ခတ်လိုက်မိ၏။ မျက်လုံးအိမ်မှာ မျက်ရည်များဖြင့် စိမ့်အိုင်လာသောကြောင့် ဖြစ်ပါသည်။

မင်းညို လိုက်လာခဲ့ပြီပေါ့။ ကျွန်မ အိပ်မက် မက်နေတာသာ မဟုတ်ဘူးဆိုလျှင်...

"မင်းညို..."

ကျွန်မ အသံက ချည့်နဲ့ဖျော့တော့နေခဲ့ပါလိမ့်မည်။

"အဲဒီတစ်ယောက်က ငါမဟုတ်ဘူး"

ကျွန်မ မျက်နှာကို အောက်ငုံ့စိုက်ပစ်လိုက်ရသည်။ ကျွန်မ မျက်ရည်တွေကို သူမမြင်စေလိုပါ။

သူ ရှေ့သို့ တစ်လှမ်းတိုးလာသည်။ ကျွန်မအနီးသို့ သူ ရောက်လာပြီ။ အညိုရောင်ဖိနပ်၏ ခြေစွပ်ကွင်းမှလွတ်နေသော သူ့ခြေဖမိုးတစ်ပိုင်းတစ်စနှင့် ခြေချောင်းများကို ကျွန်မ ငေးစိုက်ကြည့်နေသည်မှာ မျက်ရည်တွေကို သူမသိအောင် ဘယ်လိုသုတ်ရမလဲဟု စဉ်းစားနေရ





လို့ဖြစ်သည်။

သို့သော် ကျွန်မ၏ ဖုံးကွယ်မှု မအောင်မြင်ပါ။ သူ ကျွန်မကို တစ်ရှူးစက္ကူတစ်စ ထုတ်ပေးလာသည်။ မြင်လွှာအောက်သို့ ရောက်လာသော အဖြူရောင် စက္ကူလက်ကိုင်ပဝါခေါက်လေးကို မြင်သည့်အခါ ကျွန်မ မော့ကြည့်လိုက်မိ၏။ သူ၏ကြင်နာသော မျက်ဝန်းများကို တွေ့ရသည်။

"နင့်ကို မျက်ရည်ကျအောင် ဘယ်သူလုပ်တာလဲ"

သူ့အသံက ခပ်တိုးတိုး။ သို့သော် လေးနက်စူးရှနေသဖြင့် ကျွန်မ လန့်သွားပါသည်။ ကျွန်မ ခေါင်းတစ်ချက် ခါရမ်းပစ်လိုက်ရသည်။

"ဘယ်သူမှ မလုပ်ပါဘူး"

ပြောပြီး စက္ကူခေါက်လေးကို မဖြန့်ဘဲ ပါးပြင်ပေါ်က မျက်ရည်များကို သုတ်လိုက်သည်။

"ဘယ်သူမှမလုပ်ဘဲနဲ့ ဘာဖြစ်လို့ နင် မျက်ရည်ကျရမှာလဲ"

သူက စူးစူးစိုက်စိုက်ကြည့်ရင်း မေးပြန်သည်။

"ငါ မသိဘူးလေ"

ရယ်ကျဲကျဲ ကျွန်မ ဖြေမိသည်။ ကျွန်မ တကယ်မသိပါ။ သူ့ကို မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရသဖြင့် ကျခဲ့ရသောမျက်ရည်ဟု ကျွန်မ ထင်သည်။ ထို့ကြောင့် ကျွန်မ အားတင်းလျက် ပြောချလိုက်သည်။

"နင့်ကို မြင်လိုက်ရလို့လား မသိဘူး"

သူ မျက်မှောင်ကြုတ်လျက်ပြုံးသည်။ ထို့နောက် ခေါင်းရမ်းလေသည်။ သူ မယုံဘူး။ ကျွန်မသိပါသည်။ သူ မယုံသည့်အတွက်လည်း ကျွန်မ ဝမ်းနည်းသွားသည်။ ကျွန်မ တစ်ယောက်ယောက်ကို မျှော်နေကောင်း မျှော်နေခဲ့မိမည်။ သို့သော် မြင်လိုက်ရသည့်ခဏ၌ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကျမိလောက်အောင် ကျွန်မအားကိုးတကြီး တွယ်တာရသည့် ယောကျ်ား ကတော့ ကမ္ဘာပေါ်မှာ သူတစ်ယောက်တည်းရှိတာ သေချာပါသည်။ ခက်နေသည်က လွှတ်ခနဲ ပြောလိုက်မိတာကိုက လွန်လှပြီ။ အဲဒါကို သူယုံစေဖို့ ကျွန်မ ထပ်ပြောဖွံ့ပါဦးမလား။

"ထားပါတော့လေ၊ နှင် ပြန်လာမယ်ဆိုပြီး ဘာကြောင့် မပြော ဘဲ နေခဲ့တာလဲ။ အဲဒီနေ့တစ်နေ့လုံး ငါဘယ်လောက် စိတ်ပူနေရလိမ့် မယ်ဆိုတာ နင်မတွေးမိဘူးလား။ ဘယ်လောက်အရေးကြီးတဲ့ ကိစ္စ ပေါ်လာလို့ ငါ စိတ်ပူချင်ပူပစေလို့ သဘောထားခဲ့ရတာလဲ၊ အဲဒါတော့ ငါသိချင်တယ် မေဇော်"

တည်ကြည်စွာ သူမေးသည်။ ကျွန်မ ဘယ်လိုဖြေရပါ့မလဲ။

"အဲဒါ နင့်ကို ငါပြောပြပါမယ်။ ဒါပေမယ့် ဇာတ်လမ်းက အရှည်ကြီး မင်းညိုရဲ့"

"ရှည်ပါစေ၊ ငါတို့ နှစ်ရက်အချိန်ရတယ်"

သူက မပြုံးမရယ်ပြော၏။ ကျွန်မ သူ့စကားကြောင့် တွေဝေ သွားသည်။ သူက ဘောင်းဘီဘေးအိတ်တွေထဲ လက်နှိုက်လျက် ကျွန်မကို ခပ်တည်တည်ကြည့်နေသည်။

"နှစ်ရက်ဆိုတာ ဘာကိုပြောတာလဲဟင်"

"နှစ်ရက်ဆိုတာ နင်နဲ့ငါနဲ့ ပြန်ရမယ့်ရက်မတိုင်ခင် ဒီမှာနေရ မယ့် ရက်လေ။ နင့်အတွက်ပါ ငါ အပြန်ရထားလက်မှတ်ဖြတ် လာခဲ့တယ်၊ ငါတို့ သုံးဆယ်ရက်နေ့ ပြန်ရမယ်"

"အော်"

ကျွန်မ သူ့ကို ငေးကြည့်ရုံမှလွဲ၍ ဘာမှမပြောနိုင်ပါ။

"ပြင်သစ်သံရုံးကိုလည်း နင်စာမေးပွဲဖြေဖြစ်မယ်လို့ အကြောင်း





ပြန်လိုက်ပြီ"

"အော်..."

"နင် ငါ့ကို အပြစ်တင်ချင်သေးလား"

သူက တည်ငြိမ်သော မျက်နှာထားဖြင့် ကျွန်မကို စိန်ခေါ်သလို မေးလာတော့လည်း ကျွန်မ နှုတ်ခမ်းတင်းတင်း စေ့ထားလိုက်မိရုံက လွဲ၍ ဘာမှအပြစ်မတင်မိပါ။ ခေါင်းကိုသာ ခါရမ်းလိုက်မိသည်။

"နင်ပြန်ဖို့ လက်မှတ်ဝယ်ထားခဲ့ပြီးသားလားမေဇော်"

ကျွန်မ ခေါင်းရမ်းပြလိုက်သည်။ သူ သက်ပြင်းချလိုက်သည်။

"နင့်ဟာနင် လက်မှတ်ဝယ်ထားပြီးသားဖြစ်ချင်ဖြစ်မယ်။ ဒါမှ မဟုတ် ငါနဲ့နင်နဲ့ လမ်းမှာရထားချင်းလွဲသွားတာ ဖြစ်ချင်လည်းဖြစ်မယ်လို့ ငါကြို တွက်ထားခဲ့တယ်။ အဲဒါတွေ တစ်ခုမှမဟုတ်ဘဲ နင့်ကို ဒီမှာ တစ်သက်လုံး နေတော့မယ့်ပုံစံနဲ့ တွေ့လိုက်ရတာ ငါနည်းနည်းတော့ အံ့ဩတယ် မေဇော်။ နင်ဘာဖြစ်နေလဲ"

ဘာဖြစ်နေလဲ။

တယ်လီဖုန်းဆက်တုန်းကလည်း သူကျွန်မကို ဒါပဲထပ်တလဲလဲ မေးနေခဲ့သည်။ အခုလည်း မေးပြန်ပြီ။ ကျွန်မ ဘယ်လိုဖြေရပါ့မလဲ။

တိကျသောအဖြေကို စဉ်းစားမရသောအခါ သူ့ကိုပဲ မေးမိ၏။

"ရထားလက်မှတ်က မှတ်ပုံတင်မပါဘဲ ဝယ်လို့ရသလားဟင်"

"ငါ့ဆီမှာ နင့်မှတ်ပုံတင် ခါတ်ပုံမိတ္တူရှိတယ်လေ။ နင် မေ့သွား ပြီ"

သူ့အသံက ရွှစ်စွဲသလိုပဲ။

ကျွန်မ ပခုံးကျုံ့လျက် ရယ်မောမိသည်။

"နင်ဒီကို ထွက်လာတော့ ဟိုမှာ ဘာတွေဖြစ်ကျန်ခဲ့မလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မေးမိတော့ သူက နှုတ်ခမ်းတင်းတင်းစေ့လျက်ပြုံးသည်။

"အစ်မ ဒေါ်အေးအေးထွန်း အလုပ်တွေမနိုင်မနင်းဖြစ်ပြီး ကျိုး မှာပေါ့"

အော်...

သူ့လေသံမှာ ခါးသည်းမှုတစ်ခုပါနေသလို ခံစားရသဖြင့် ကျွန်မ ဝမ်းနည်းသွားသည်။

အစ်မဒေါ်အေးအေးထွန်း... အလုပ်တွေ မနိုင်မနင်းဖြစ်ပြီး ကျန်ရစ်မှာပေါ့...၊ ကျွန်မကြောင့်...

ကျွန်မရင်ထဲမှာ စူးနစ်သောနာကျင်မှုကို ခံစားလိုက်ရ၏။

"အဲဒီအတွက် ငါ တောင်းပန်ပါတယ်မင်းညိုရယ်။ ငါလေ...ငါ အဲဒီလို မရည်ရွယ်ပါဘူး။ နင်လာခေါ်စေချင်လို့ ငါမပြန်ဘဲနေခဲ့တာလည်း မဟုတ်ပါဘူး။ ငါ့ကိုယုံပါ။ ငါ တကယ်ပဲ..."

ကျွန်မအသံကို ထိန်းမရတော့ဘဲ စကားဆက်မပြောနိုင်တော့သဖြင့် ရပ်ပစ်လိုက်ရ၏။

ငါတကယ်ပဲ ဝမ်းနည်းတယ်။ သိရဲ့လား။

နာကျင်နင့်သည်းသော ဝေဒနာနှင့်အတူ မျက်ရည်တွေက အတားအဆီးမရှိ လျှံကျလာခဲ့တော့သည်။ ကျွန်မဘဝမှာ သည်တစ်ခါ ဝမ်းအနည်းရဆုံးဖြစ်မှာပါ။ ကျွန်မ သူ့ရှေ့မှာ ရှိမနေချင်။ ဘယ်သူ့မျက်စိ အောက်မှာမှလည်း ရှိမနေချင်။ ကျွန်မ တစ်ယောက်တည်းပဲ နေချင် သည်။

ကျွန်မမျက်နှာကို လက်ဖြင့်အုပ်ကွယ်လျက် သူ့ရှေ့မှ လှည့်ထွက် လိုက်မိသည်။

"မေဇော်"





သူ့လက်တစ်ဘက်က ကျွန်မလက်မောင်းကို ဖျတ်ခနဲဖမ်းဆွဲ ထားလိုက်၏။

"ဟင့်အင်း"

ကျွန်မ သူ့ဘက်သို့မလှည့်ဘဲ ဖွတ်အတင်းထွက်ပြေးဖို့ ကြိုးစား မိသည်။ သူလွှတ်မပေးပါ။

"ငါ သွားတော့မယ်။ ငါ့ကို ခေါ်မထားပါနဲ့"

ပြောမိပြောရာပြောရင်း ကျွန်မ ညာလက်ဖြင့် မျက်ရည်တွေကို ဖုံးကွယ်ရင်း ရှိုက်ငင် ငိုကြွေးမိပါသည်။

"မေဇော်၊ ညီမလေး"

သူ ကျွန်မပခုံးနှစ်ဘက်ကို တင်းတင်းဆုပ်ကိုင်လိုက်သည်။

"နင့်ကိုငါ ဘာပြောလို့လဲ။ ငါဘာမှ မပြောဘဲနဲ့"

သူက ချော့မော့သည့်လေသံတိုးတိုးဖြင့် ကျွန်မကို ဖျောင်းဖျ ပါသည်။ သူ့ကို ပြန်မဖက်မိအောင် လက်သီးနှစ်ဘက် တင်းတင်း ဆုပ်လျက် ထိန်းချုပ်ထားသည့်အတွက် ကျွန်မတစ်ကိုယ်လုံး တောင့် တင်းနေသည်။

"ငါ့ကြောင့် နင် အလုပ်ရှုပ်ရမှာကို ငါကြောက်ပါတယ်။ အဲဒါ နင်မသိဘူးလား။ ငါ့ကြောင့် ဘယ်သူ့မှ စိတ်အနှောက်အယှက် မဖြစ်စေ ချင်ပါဘူး။ ငါ့ကို စိတ်မဆိုးပါနဲ့... ငါ့ကို၊ ငါ့ကို..."

"မေဇော်..."

ကျွန်မအား ပခုံးနှစ်ဘက်မှ တင်းတင်းဆုပ်ကိုင် လှုပ်ရမ်းသည် ကို ခံစားလိုက်ရသည်။

"မေဇော် နင်ဘာဖြစ်နေတာလဲ။ ဘာဖြစ်လို့ ဒီလောက်ဝမ်းနည်း နေရတာလဲ၊ နင့်ကို ငါဘယ်တုန်းက စိတ်ဆိုးဖူးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်၊ ဖယ်။ ငါတစ်ယောက်တည်းနေချင်တယ်"

ကျွန်မ ဖွတ်ရုန်းသည်။ သူ လွှတ်မပေး။

"မနေရပါဘူး။ နင်ဘာဖြစ်နေလဲဆိုတာ ငါ့ကို ပြော"

"မင်းညို နင်ငါ့ကို အနိုင်မကျင့်နဲ့၊ အနိုင်မကျင့်ပါနဲ့ မင်းညိုရဲ့ ငါတောင်းပန်ပါတယ်"

ငိုရှိုက်ရင်း တုန်ခိုက်စွာ ကျွန်မအော်လိုက်တော့ သူ့လက်တွေ ဖြန်းခနဲ ပြေလျော့သွားသည်။

ကျွန်မ အင်အားမရှိတော့ဘဲ မြေပြင်ပေါ် ထိုင်ချလိုက်ရ၏။ သူပါ ကျွန်မနှင့်အတူ ထိုင်ချလိုက်ပါသည်။ ကျွန်မ မျက်ရည်တွေကို လက်ခုံဖြင့် ပွတ်သပ်ပစ်တော့ သူငေးကြည့်နေသည်။ သူစကား တစ်ခွန်းမှ မပြောပါ။

ကျွန်မ ဘာဖြစ်နေသလဲဟု ကိုယ့်ကိုယ်ကို တကယ်မသိပါ။ သို့သော် ကျွန်မကြောင့် သူ့ဒေါ်အေးအေးထွန်း အလုပ်တွေ မနိုင်မနင်း ဖြစ် ကျန်ခဲ့ရသည်ဟု သူခံစားရမှာကိုတော့ ကျွန်မ သိပ်ကြောက်ပါသည်။ ဒါပေမယ့် အဲသည်အတိုင်း ဖြစ်သွားခဲ့ပြီ။ လောကမှာ ကျွန်မ မဖြစ်စေချင်ဆုံးတစ်ခုကိုမှ ဖြစ်သွားခဲ့ရလေခြင်း။

ကျွန်မလည်ချောင်းတွေ နာကျင်လာသည်အထိ စိတ်ကို ထိန်းချုပ်မြိုသိပ်နေရိုက် သူ့ကို စကားတစ်ခွန်းမှ မပြောနိုင်။ သူကလည်း ဘာမှ မမေးတော့ပါ။ ကျွန်မတို့ ငြိမ်သက်နေကြသည်။

ကျွန်မ၏ ရင်ခွင်ထဲသို့ အဖြူဆွတ်ဆွတ် ပန်းပွင့်ကြီးတစ်ပွင့် ရောက်လာသည်အထိ ဖြစ်သည်။

ပန်းပွင့်ကို ကျွန်မ ကောက်ကိုင်လိုက်ချိန်တွင် ကျွန်မ တစ်ချက် ရှိုက်ငင်လိုက်မိသေး၏။ ထို့နောက် ပန်းပွင့်ကို တွေဝေစူးစိုက်စွာ ကြည့်နေ





ရင်း ပွင့်ချပ်တွေကို စိတ်ထဲက ရေတွက်ကြည့်သည်။ ခုနစ်ခု။

"စကားပွင့်လား။ လှတယ်နော် မေဇော်"

သူသိသိသာသာ စကားလွှဲလိုက်သည်။ သူ့အသံက သတိထားပြီးပြောနေသလို ခပ်ဆွဲ့ဆွဲ့ဖြစ်နေသည်။

ကျွန်မ ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူ့ကို မော့ကြည့်လိုက်သည်။ သူ ကျွန်မကို သေသေချာချာအကဲခတ်နေသည်ဟု ထင်သည်။ သူဘာကို အကဲခတ်နေတာလဲ။ ကျွန်မ မျက်လွှာချလိုက်မိသည်။

'စကားပန်းပင်အကြောင်း တော်တော်သိပြီလား"

သူခပ်ဆဆ မေးသည်။

"နည်းနည်းပါးပါး"ဟု ကျွန်မ ဖြေလိုက်ပါသည်။

"ဒါဖြင့် စကားပင်ကို မက်ဂ်နိုလီယာလို့ ဘာလို့ခေါ်သလဲ နင် သိလား မေဇော်"

ခဏလေး။ အဲဒါကို သူ... ကိုခွန်သာ ကျွန်မအား ပြောမပြခဲ့ဘူး ထင်သည်။

"မသိဘူး"

နောက်ထပ်ကြွေကျလာသော စကားဖြူတစ်ပွင့်ကို သူ ကောက်ယူလိုက်၏။ မော့မကြည့်ဘဲနှင့် ကျွန်မ မြင်လိုက်သည်။ ပန်းကို သူ့လက်ထဲမှာ လှည့်ပတ်ကြည့်နေရင်း ကျွန်မကို ပြောပြနေသည်။

"စကားမျိုးရင်းဝင်အပင်ကို ဥရောပတိုက်ထဲ သယ်ယူပြီး မိတ်ဆက်ပေးခဲ့တဲ့ ရုက္ခဗေဒပါမောက္ခရဲ့နာမည်က ပြဲမက်ဂ်နိုလီယာတဲ့။ ပြင်သစ်လူမျိုး။ သူ့နာမည်ကို ကိုယ်စားပြုပြီး ပေးထားတဲ့နာမည် မေဇော်ရဲ့"

သူက သမိုင်းနှင့် ဘွဲ့ရထားသူ၊ ရုက္ခဗေဒကို သူ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



သိနိုင်မှာလဲ။ ကျွန်မ မျက်မှောင်ကြုတ်မိသည်။

"နင်က ဘယ်လိုလုပ်သိလဲ"

သူ့ရယ်မောသံကို ကြားရသည်။ ကျွန်မ မော့ကြည့်လိုက်မိသည်။ သူ ကျွန်မကို သဘောကျစွာ ပြုံးကြည့်နေ၏။

"အဲ အခုမှ နင် အရင်ပုံစံပြန်ဖြစ်သွားတော့တယ်"

စိတ်သက်သာရာရသွားဟန်ဖြင့် သူပြောပြီးနောက်

"ငါ ရှာဖတ်ထားတာပေါ့"တဲ့။

သူက သည်းခံသောအပြုံးဖြင့် ခပ်အေးအေးဖြေလေသည်။

"နင့်စာအုပ်ထဲမှာ စံကားပင်တွေအကြောင်း ထည့်ချင်မယ်ဆိုတာ ငါသိတယ်။ နင် လိုက်ရှာနေရင် နင်အချိန်ကုန်နေမှာပေါ့။ ဒါကြောင့် ငါ စာကြည့်တိုက်တွေ သွားတဲ့အခါ နင့်အတွက် ရှာပေးထားတယ်။ အင်တာနက် ဝင်တဲ့အခါ နင့်အတွက်ပါ တစ်ခါတည်း ရှာပေးထားလိုက်တယ်။ အခု နင် စံကားပင်တွေနဲ့ပတ်သက်လို့ ဘာသိချင်လဲ။ ငါ့မှာ စာရွက်တွေ၊ စာအုပ်တွေ တစ်ထပ်ကြီးရှိတယ်။ နင် ရန်ကုန်ရောက်ရင် ငါရှာထားတဲ့ စာအုပ်စာတမ်း တွေကြည့်ပြီး ဖျားသွားမယ်။ သိလား မေဖော်"

ကြီးကျယ်လိုက်တာ။

ကျွန်မ သူ့ကို မျက်စောင်းထိုးလိုက်မိသည်။

"ဘာထူးလဲ။ ပြီးတော့ ငါပဲ ဒါတွေကိုဖတ်ရမှာ။ ဘယ်သူက အဆင်သင့် ပြောပြပေးနိုင်မှာမို့လဲ"

"အဲဒီလောက်တော့ အချောင်မခိုနဲ့ပေါ့ မေဖော်ရယ်၊ ဘယ်သူကရော ပြောပြနိုင်မှာလဲ"

"ကိုခွန်သာဆိုရင် ငါ့ကို ပြောပြနိုင်တယ်"





အမှတ်တမဲ့ ပြောလိုက်မိပြီးမှ သူအထင်လွဲသွားတော့မှာပဲဟု ကျွန်မ စိတ်ပူသွားသည်။ သူ့ကို ကပျာကယာ မော့ကြည့်လိုက်မိ၏။ ကျွန်မ စကားကြောင့် သူ့မှာ ထူးခြားသည့် အမူအရာဖြစ်မသွားပါ။ မသိလိုက်မသိဖာသာပဲ စံကားပွင့်လေးကို ငုံ့ကြည့်နေသည်ကို တွေ့ရသည်။

ဒါ ပုံမှန်မဟုတ်ဘူး။

တကယ်ဆိုလျှင် ကျွန်မ ပြောလိုက်မိသောနာမည်သည် သူနှင့် အစိမ်းသက်သက်ဖြစ်နေသည်ပဲ။ သူစိတ်ဝင်စားဟန်ကို ပြရမှာပေါ့။ အခုလို ဘာမှမထူးခြားဟန် ဆောင်နေသည်ဆိုကတည်းက တစ်ခုခုကို သတိထားနေမှန်း သိသာသည်။

"မင်းညို..."

ကျွန်မ သူ့မျက်လုံးတွေထဲသို့ စိုက်ကြည့်ဖို့ ကြိုးစားမိသည်။ သူ ကျွန်မကို မကြည့်ပါ။

"ငါဒီမှာရှိမယ်လို့ နင့်ကို ဘယ်သူပြောလဲဟင်"

သူက ပန်းပွင့်ကို ခပ်လှမ်းလှမ်းသို့ လွှင့်ပစ်လိုက်၏။

"အဒေါ်ကြီးတစ်ယောက်က ပြောတာ"

"သူ ဘာပြောသေးလဲ"

ကျွန်မ အားတင်းပြီးမေးမိသည်။ သူက ခပ်လှမ်းလှမ်းရှိ မြက်ပွင့်လေးတစ်ပွင့်မှာ နားနေသော လိပ်ပြာတစ်ကောင်ကို အကြည့်မပျက်။ စကားပြောလိုက်သည့်အခါမှာလည်း ညကဖတ်ခဲ့သည့် စာအုပ်တစ်အုပ်နာမည်ကို ရွတ်လိုက်သလိုအမူအရာပဲ။ ဘာမှမထူးခြား။

"နင် တစ္ဆေတစ်ယောက်နဲ့ မိတ်ဆွေဖြစ်နေတဲ့ အကြောင်း"

ကောင်းပြီ။ ဒေါ်တင်က သူ့ကို အစီရင်ခံပြီးပြီပေါ့။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် မပြန်ဖြစ်သည်ကို ကျွန်မလောက်တော့ ဘယ်သူမှ အတိအကျ သိမှာမဟုတ်။ ဒေါ်တင့်စကားတွင် ပိုပိုသာသာ စကားလုံးတွေ ပါသွားခဲ့မှာ သေချာပါသည်။

"နင် ဘယ်လိုသဘောရလဲဟင်"

မင်းညို ကျွန်မဘက်သို့ လှည့်ကြည့်သည်။ သူ့မျက်လုံးတွေမှာ အရိပ်အရောင်တစ်ခုခုကို ကျွန်မ ရှာကြည့်သည်။ မယုံကြည်နိုင်မှု၊ အံ့ဩမှု၊ စိတ်မကောင်းဖြစ်မှု၊ ကြင်နာမှု... ဘာမှ မတွေ့ပါ။

"ဘာကို ဘယ်လိုသဘောရရမှာလဲ"

"နင် ယုံလား"

"တစ္ဆေဆိုတာကတော့ ရှိချင်လည်းရှိမှာပေါ့လေ၊ ဒါက လူတွေ သိနိုင်တဲ့ အကြောင်းအရာထက်လွန်သွားတဲ့ ကိစ္စပဲ။ ငါမမြင်ရတာ တစ်ခုကို ငါမယုံဘူးလို့ ပြောလိုက်ရင် ငါမှားသွားမှာပေါ့"

သူက သူ့အကျင့်အတိုင်း စကားကို ထိန်းထိန်းသိမ်းသိမ်းပြောနေတာပဲ။ ကျွန်မ သူ့ဆီက ကြားချင်တာက ယုံတယ်၊ မယုံဘူး။ သည်နှစ်ခုထဲက တစ်ခု။

"နင်ယုံလား လို့"

ကျွန်မ အတင်းအကြပ်မေးတော့ သူ ခဏ စဉ်းစားနေသေး၏ ပြီးမှ ခေါင်းညိတ်သည်။

"ယုံတယ်"

"မဖြစ်နိုင်ဘူး။ နင် မယုံပါဘူး"

ကျွန်မ အကြောက်အကန်ငြင်းတော့ သူက စိတ်ရှည်စွာ ပြုံးသည်။

"ယုံပါတယ် မေဇော်ရာ၊ တစ္ဆေတို့ ပြိတ္တာတို့ တကယ်ရှိတယ်၊





ပြီးတော့ ဘုရားရဲ့တရားတော်တွေနဲ့ သူတို့ကို မေတ္တာပို့ရင် သူတို့ ကောင်းရာမွန်ရာ ရောက်တယ်ဆိုတာလည်း ယုံတယ်"

မင်းညို လူလည်ကျပြီဆိုတာ ကျွန်မ သိလိုက်ပါသည်။

ကျွန်မ အနီးအနားက စံကားပင်တွေကို မျက်စိဝေ့ဝဲကြည့်မိသည်။ အပင်အားလုံးသည် စောစောကအတိုင်း ဘာမှမပြောင်းလဲ။ ငြိမ်သက် တိတ်ဆိတ်နေကြသည်။ ပြောင်းလဲသောအရာက ကျွန်မတို့အထက်က စံကားပင်တစ်ပင်တည်း။ ထိုစံကားပင်မှ စံကားပွင့် တွေက တစ်ပွင့်ပြီးတစ်ပွင့် ကြွေကျနေသည်။ တစ်ယောက်ယောက်က အပင်ပေါ်တက်ပြီး ခြွေချပေးနေသလိုပဲ။ ကျွန်မ နောက်တစ်ကြိမ် မော့ကြည့်လိုက်မိပြန်၏။ ထိုအခါ ကျွန်မ သူ့ကိုမေးဖို့ သတိရသွားသည်။

"နင် စံကားပင်တွေအကြောင်းသိတယ်ဆိုရင် ဒီအပင်က ဘာဖြစ်လို့ သူများအပင်တွေနဲ့ မတူဘဲ ငွေရောင်ဖြစ်နေတာလဲ သိလားဟင်"

သူ ပခုံးတွန့်လိုက်လေသည်။

"မသိဘူးလေ။ ဒါက ဘာစံကားပင်လဲ"

သူ့ဟာသူမေးပြီးနောက် မတ်တတ်ရပ်ကာ သစ်ပင်ကို မော့ကြည့်၏။ သစ်ပင်သည် သေးသွယ်ဖြောင့်မတ်လျက် မိုးသို့ တည့်တည့်ထောင်မတ်နေသည်။ သူ့အကိုင်းအခက်တွေ ပြန့်ကျဲပုံကတော့ ဘေးသို့ မညီမညာ။ သိပ်အုပ်အုပ်ဆိုင်းဆိုင်းကြီးလည်း မဟုတ်။ သူ့အရပ်နှင့် လက်လှမ်းမမီတမီနေရာရှိ အကိုင်းတစ်ခုကို သူ ခြေဖျားထောက်လျက် ဆွဲယူလိုက်သည်။ ပန်းပွင့်ကို ခူးတော့မည်ဟု ကျွန်မ ထင်လိုက် သော်လည်း သူက အရွက်ကိုသာ ခူးလိုက်ခြင်း ဖြစ်သည်။

အစိမ်းရောင်အရွက်သည် တခြားစံကားရွက်တွေနှင့်ဆိုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



မကွာလှပေ။ နည်းနည်းတော့ ကြီးသည်။

"ဒီမှာကြည့် အရွက်ကို"

ကျွန်မ မတ်တတ်လိုက်ရပ်ပြီး သူပေးသော သစ်ရွက်ကို ယူလိုက်၏။ မိုးစိုစွတ် ခဲ့လို့လားမသိ။ စိမ်းစိုတောက်ပနေသည်။

"အောက်ဘက်ကို ကြည့်လေ"

အရွက်၏အောက်ဘက် အကြောမွှာများပေါ်တွင် ငွေရောင် ဖြစ်နေသည်။

"အရွက်ရဲ့အောက်ဘက်က ငွေရောင်ဖြစ်နေတော့ တို့ လူတွေက အောက်ကနေပဲ မော့ကြည့်ရတာ ဖြစ်နေတော့ ငွေရောင်လို့ မြင်ရတာပေါ့။ တကယ်လို့သာ ကောင်းကင်ကနေ ကြည့်မယ်ဆိုရင်တော့ အပင်ဟာ စိမ်းမှောင်နေမှာပဲပေါ့"

"ဒါဖြင့် ဒီအပင်က မြင်ကွင်းနှစ်မျိုးမှာ အရောင်နှစ်မျိုးကွဲနေတာ ပေါ့နော်... မင်းညို"

ကျွန်မတို့နှစ်ယောက်လုံး ပင်စည်ထိပ်ပိုင်း တစ်နေရာရာတွင် နာမည်စာတမ်းချိတ်ထားမှာပဲဟု မော့ကြည့်ရှာဖွေကြသည်။ ပင်စည်ကို တစ်ပတ်ပတ်မိသောအခါကျမှ စာတမ်းကိုတွေ့ရလေသည်။

***Magnolia virginiana***

"အဲ ဒါ အဲဒီအပင်အကြောင်း ဖတ်ဖူးတယ် မေဇော်။ သူ့ကို အရပ်အခေါ်တော့ ***Silver bay*** စကားဖြူလို့ခေါ်သတဲ့။ ငွေပင်လယ် အော် စကားဖြူပေါ့လေ။ အတိုကောက်ခေါ်ရင်တော့ ငွေစကားဖြူ ဖြစ်မယ်ထင်တယ်"

အပင်ပေါ်မှ နောက်တစ်ပွင့် ကြွေကျလာပြန်သည်။

"ကြွေလိုက်တာနော်၊ လေလည်းမတိုက်ဘဲနဲ့"





ကျွန်မ ခပ်တိုးတိုးညည်းမိတော့ မင်းညိုစင်က ပြုံးသည်။

"ညက မိုးသဲသဲရွာတယ်ထင်တယ် အပွင့်တွေက မိုးဒဏ်ကြောင့် ကြွေချင်ချင်ဖြစ်နေခဲ့ပါလိမ့်မယ်"

"ညက မိုးမရွာပါဘူး။ ငါတောင် ညနေကခြံထဲဆင်းသေးတယ်"

"မေဇော် စကားပန်းဆိုတာ အလွန်နုနယ်တဲ့ အမျိုးအစားနော်"

"ဟုတ်လို့လားဟင်"

"အော် ခက်လိုက်တာ၊ နင်ဘယ်လိုဖြစ်နေတာလဲ။ ဘာမဆို ပုံကြီးချဲ့ခံစားနေပါလား၊ အဲဒီလိုသာဆိုရင် နင့်ကမ္ဘာကြီးက ဘယ်လိုလုပ်ပေါ့ပါး သွက်လက်တော့မလဲ၊ အသေးအဖွဲလေးတွေကို လိုက်ခံစားနေရင် တကယ့်အကြီးမားဆုံးပြဿနာတွေနဲ့ ကြုံလာတဲ့အခါ နင် ဘယ်လို ရင်ဆိုင်နိုင်တော့မှာလဲ၊

"မေဇော် လောကမှာလေ တချို့ကိစ္စတွေကို လစ်လျူရှုရတယ်။ ဗုဒ္ဓဘုရားတောင်မှ တချို့မေးခွန်းတွေကို မဖြေဘဲထားခဲ့တာ၊ လူ့ဘဝက တိုတိုလေး။ အဲဒီတိုတိုလေးမှာ ကိုယ့်ဘဝအတွက် ဘယ်ဟာက အရေးကြီးသလဲ၊ ဘယ်ဟာက လစ်လျူရှုထားလို့ရသလဲ ခွဲခြားပြီး သိရမယ်လေ နော်"

လာပြီ။ သူ ကျွန်မကို ထုံးစံအတိုင်း ပျော့ပြောင်းစွာ လွှမ်းမိုးတော့မည်။

"မေဇော်ဆိုတဲ့ လူတစ်ယောက်အတွက် ဘာအရေးကြီးသလဲ။ တိုင်းပြည်ရဲ့ အသိပညာက အရေးကြီးသလား။ ပန်းတွေကြွေတာက အရေးကြီးသလား။ opposite sex လူသားတစ်ယောက်အပေါ် စိတ်ကစားမိတဲ့ ခံစားချက်က အရေးကြီးသလား။ ဒါကို နင် အမြဲတမ်း သတိထား စစ်ဆေးနေရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ဘယ်တော့မဆို စကားလုံးကို အထအနကောက်လို့ မရအောင် စိစစ်ရွေးချယ်ပြီး ပြောတတ်သည်။ ကျွန်မ ခံသာအောင်လည်း သူ စကားလုံး ရွေးတတ်ပါသည်။

ကျွန်မ သူ့ကို အတိုက်အခံပြောဖို့ စိတ်မကူးမိပေမယ့် တစ်ခု တော့ သူသိအောင် ပြောကိုပြောချင်သေးသည်။

"မင်းညို မေဖော်က သာမန်မိန်းမနော်၊ နင့် ဒေါ်အေးအေးထွန်း လို စိတ်ဓါတ်ခိုင်မာတဲ့ အထင်ကြီးစရာမိန်းမမဟုတ်ဘူး။ သာမန်မိန်းမ ဆိုတော့ သာမန်လိုပဲ ယောက်ျားတစ်ယောက်ကို စိတ်ကစားချင်ကစား မိမှာပဲ"

ကျွန်မ သူ့မျက်နှာကို တည့်တည့်ကြည့်၍ ပြောမိသည်။ သူက လည်း ကျွန်မမျက်နှာကို လွှဲမသွားဘဲ တည့်တည့်ကြည့်လာပါသည်။

"နင့်ဒေါ်အေးအေးထွန်းဆိုတဲ့ အသုံးအနှုန်းကို မသုံးပါနဲ့လို့ နင့် ကို ငါပြောဖူးပါတယ်နော်။ အဲဒီစကားလုံးမှာ တခြားအဓိပ္ပါယ်တွေ ရောနေတယ်"

ကျွန်မ သူ့ကို တစ်ခုခုပြောဖို့ အားယူလိုက်ချိန်တွင် သူစကား အဖြတ်မခံဘဲ ဆက်ပြော၏။

"ထားလိုက် အဲဒါက အရေးမကြီးဘူး၊ အရေးကြီးတာကို ငါပြောမလို့။ opposite sex ကိစ္စ။ ငါတို့အားလုံးမှာ အဲဒီခံစားမှုက တစ်ချိန်မဟုတ် တစ်ချိန်မှာ ဝင်လာတာပဲ။ ငါလည်း စိတ်ကစားဖူးတာပဲ။ ဒါပေမယ့် ဘဝရဲ့ ရည်မှန်းချက်တစ်ခုလုံး လွဲချော်သွားတဲ့ အထိတော့ အဲဒီခံစားချက်ထဲမှာ နစ်ဖို့ မကောင်းဘူးလေ။ ငါပြောချင်တာက နင် အတိုင်းအတာတစ်ခုရောက်သွားရင် ရပ်ရမှာပဲ"

ကျွန်မ သူ့ကို ငေးမောကြည့်နေမိသည်။ နင် ဘယ်သူ့အပေါ်မှာ





စိတ်ကစားဖူးသလဲ။

"ဒီတော့ နင် ခရီးတစ်ခုကို သွားသင့်တဲ့အချိန်မှာ သွားရမယ်။ ပြန်သင့်တဲ့အချိန်မှာ ပြန်ရမယ်"

"မပြန်ရင်ကော"

ကျွန်မ ဖွတ်အတင်း မာချင်နေသည်။

"လူတစ်ယောက် လုပ်သင့်တာတစ်ခုကို မလုပ်ခဲ့ရင် သူတစ် ယောက်တည်း ထိခိုက်တာ မဟုတ်ဘူးလေ။ သူနဲ့ ထိစပ်နေတဲ့ ပတ်ဝန်းကျင်တစ်ခုလုံး ထိခိုက်တာ။ ဒါမျိုးကို နင်ဖြစ်စေချင်မှာ မဟုတ်ပါ ဘူး။ ငါနင့်ကို သိတယ်လေ မေဖော်"

အော် သူကတော့ အရာရာကို အလုပ်နဲ့ချည်း တိုင်းတာတဲ့သူပဲ။

"အခု ငါ ဘာကိုမှ စိတ်မပါတော့ဘူး မင်းညို"

ကျွန်မ အမှန်အတိုင်း ဝန်ခံလိုက်သည်။ မင်းညိုက ကျွန်မအား နူးညံ့သော အပြုံးဖြင့် ကြည့်သည်။

"ငါသိပါတယ်"

ကျွန်မ သူ့မျက်ဝန်းများဆီမှ မျက်နှာလွှဲလိုက်မိပြီး သူ့လက် ချောင်းများဆီ အကြည့်ကို ပြောင်းလိုက်သည်။ ပင်စည်အခေါက်ကို လက်ထောက်ထားသော သူ့လက်ချောင်းများသည် ရှည်သွယ်နေ၏။ လမ်းပျောက်နေသူတစ်ယောက်ကို လက်တွဲခေါ်ဖို့ ကူညီချင်သော လက်များ ဖြစ်သည်။

"ဒါပေမယ့် အဲဒါက ခဏပါမေ ဖော်ရယ်၊ နင်က လက်တွေ့ ဘဝထဲကနေ စိတ်ကူးကမ္ဘာ ဥယျာဉ်တစ်ခုထဲ ရောက်သွားခဲ့တာကိုး။ နင့်ကိုအိပ်မက်ဆန်တဲ့ စကားပင်တွေက အိပ်မွေ့ချထားခဲ့တာ။ ဒါကြောင့် နင်မနိုးသေးတာ။ တစ်ယောက်ယောက်က လာနှိုးပေးမှ နင်ကကယ်



www.burmeseclassic.com

www.burmeseclassic.com



နိုးလာမှာ ငါသိတယ်။ ဒီတော့ နင့်ကိုနိုးဖို့ နင့်ဘေးမှာ ငါကလွဲပြီး ဘယ်သူများရှိမှာလဲ။ ငါပဲ ရောက်လာရတော့တာပေါ့"

"နင်ဒီကို လာခဲ့ရတဲ့အတွက် ငါတကယ် တောင်းပန်ပါတယ် မင်းညိုရယ်။ နင်လာစေချင်လို့ ငါတမင် မပြန်ဘဲနေခဲ့တာလို့ နင်ထင်သလား။ မထင်ပါနဲ့နော်။ ငါလေ တကယ်ကို မပြန်နိုင်သေးတာ။ ငါ မလိမ်ပါဘူး"

သူက ခြောက်သွေ့စွာ ရယ်မောသည်။

"ငါသိပါတယ်ဆို၊ နင့်ကို ငါသိပါတယ်မဖော်"

ကျွန်မ သူ့ကို မကြည့်ဘဲ ကျေးဇူးတင်စွာ ခေါင်းညိတ်လိုက်မိသည်။

"တကယ်တော့ နင့်ဘဝနဲ့ငါ့ဘဝက ဘာမှ မဆိုင်ဘူးလေ မင်းညို။ နင်လျှောက်တဲ့လမ်းနဲ့ ငါလျှောက်တဲ့လမ်း ခဏတူတုန်း အခိုက်မှာ နင်ငါ့အပေါ် စေတနာနဲ့ ကူညီခဲ့တာတွေအတွက် ငါအရမ်း ကျေးဇူးတင်ပါတယ်။ ငါ့အတွက်နဲ့ အခု နင်အလုပ်ဖျက်ခဲ့ရတာကို ပြန်တွေးတိုင်း ငါ ဝမ်းနည်းမိတော့မှာလည်း အသေအချာပါပဲ။ နင်မလာဘဲနေလို့ရတဲ့ ခရီးတစ်ခုကို နင်လာခဲ့ရတာကိုက နင့်အကြွေးတစ်ခု ငါ့အပေါ်မှာ တင်သွားပြီ။ ငါ့ကို ခွင့်လွှတ်ပါ နော်"

ကျွန်မ ထိုစကားများကို ဝမ်းနည်းအားငယ်စိတ်ဖြင့် ပြောမိသလား။ နာကျင်ခါးသည်းမှုဖြင့် ပြောမိသလား။ မသိ။ ခံစားချက်နှစ်ခုလုံးဖြင့် ပြောမိတာလည်း ဖြစ်နိုင်ပါသည်။

"အော်..."

သူ၏တိုးတိတ်သော အာမေဍိတ်သံ၌ အံ့သြမှုတွေကို ကျွန်မ ခံစားမိလိုက်သည်။ ထို့ကြောင့် ကျွန်မ မော့ကြည့်လိုက်မိသည်။ သူက ကျွန်မကို တစ်ခါမှ မမြင်ဘူးသလို ငေးကြည့်နေသည်ကို တွေ့ရသည်။





"နင် ပြောင်းလဲနေတာတော့ အမှန်ပဲ မဖော်၊ နင် ငါ့အပေါ်မှာ တော်တော် အားနာနေတာပဲ၊ အားနာတာတို့ ကျေးဇူးအကြွေးတို့ဆိုတာ နင်နဲ့ငါနဲ့ကြားမှာ ဘယ်တော့မှရှိမှာမဟုတ်ဘူးလို့ ငါထင်ထားခဲ့တာ"

သူ ဝမ်းနည်းသွားသလားဟု ကျွန်မ အကဲခတ်ကြည့်မိသည်။ သူ့မျက်နှာကို ကျွန်မ မဖတ်တတ်ပါ။

"ငါက ငါ့ကိစ္စကြောင့် နင့် ကိုယ်ရေးကိုယ်တာကို မထိခိုက်စေချင်လို့ပါ မင်းညို။ အားနာတယ်ဆိုတာက ဒီလိုလေ... ငါ့ကြောင့်များ..."

"မဖော် ငါကတော့ ငါ့ကြောင့် နင့်ကိုယ်ရေးကိုယ်တာ ထိခိုက်မှာ မစိုးရိမ်ဘူး။ ထိခိုက်သင့်ရင် ထိခိုက်မယ်ဆိုတဲ့စိတ်နဲ့ ငါ လာခဲ့တာ"

သူက ခပ်မဲ့မဲ့ပြုံးလျက် ကျွန်မကို စိုက်ကြည့်သည်။

"နင်မရောက်လာလို့ ငါစိတ်တွေပူနေတဲ့ တစ်ချိန်လုံး ငါ စဉ်းစားတယ်လေ။ နင့်ကိုယ်ရေးကိုယ်တာကို ငါ ဝင်စွက်ဖက်သင့်သလားလို့။ အကျိုးတွေ အပြစ်တွေကို ငါစဉ်းစားဆင်ခြင်ပါတယ်။ ငါ ဖွင့်လာခေါ်လို့ နင်ငါ့ကို မုန်းချင်မုန်းမယ်။ ဒါလည်း ငါတွေးမိတာပဲ။ ဒါပေမယ့် နင်စာကြည့်တိုက်မှာ လုပ်ကို လုပ်ရလိမ့်မယ်။ ပြင်သစ်ကိုလည်း သွားကို သွားရလိမ့်မယ်။ အဲဒီလိုဖြစ်ဖို့အတွက် နင့်ဒေါသကို ငါယူရမယ်ဆိုလည်း ငါယူတယ်ဟာ"

ကျွန်မ မျက်ရည်လည်ချင်လာပြန်သည်။

"ငါ မလိုက်ဘူးဆိုရင်ကော"

"ငါ့ကိုယ်ငါ တော်တော်ညံ့တဲ့ကောင်ပဲလို့ ဒေါသထွက်ရမှာပေါ့။ နင်လိုက်ချင်အောင်ခေါ်ဖို့ နည်းတွေကို ငါသိသင့်တယ်မဟုတ်လား။ ဒီကြားထဲက မအောင်မြင်ရင် ငါညံ့လို့ပဲ ဖြစ်မှာပေါ့။ နော် မဖော်"



www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်မကို စိတ်ရှည်လက်ရှည်ခေါ်ဖို့ ဆုံးဖြတ်ထားပုံရသည်။ ကျွန်မ ပြုံးလိုက်မိ၏။

"ငါ့ကို နင့်နောက်ကိုအပါခေါ်ဖို့များ ဘာနည်းမှ သုံးနေစရာ မလိုပါဘူးမင်းညိုရယ်၊ မေဇော်နင်လိုက်ခဲ့...ဆို တစ်ခွန်းနဲ့ပြီးပါတယ်"

ကျွန်မ သူ့မျက်လုံးထဲသို့ တည့်တည့်ကြည့်ပြီး ပြောချလိုက်သည်။ သူမျက်နှာထား လုံးဝပြောင်းလဲမသွားပါ။ ကျွန်မကို စူးစိုက်ကြည့်နေသည့် မျက်လုံးတွေကလည်း အရင်ထက်ပိုပြီး နူးညံ့မသွားပါ။

သူ ကျွန်မကို အမိန့်ပေးသလို စကားတစ်ခွန်းပဲ ပြောလိုက်သည်။

"ကောင်းပြီ။ ဒါဖြင့် နင်လိုက်ခဲ့"

စကားဆုံးသည့်အခါ သူနေရာမှ လှည့်ထွက်လိုက်၏။ ကျွန်မ ခဏ ကြောင်သွားပြီးနောက် သူ့နောက်မှ အတူလိုက်ပါသွားရပါသည်။

✣ ✣ ✣





## အယ်လီဇဘက် စံကားဝါ (Magnolia Elizabeth)

စံကားဝါပင်တစ်ပင်အောက်မှာ ဘယ်တုန်းကမှ သူနှင့် ကျွန်မ မဆုံတွေ့ခဲ့ဖူးပါ။ ကျွန်မ သည်ညနေမှာ စာထိုင်ဖတ်ဖို့ ဘာကြောင့် စံကားဝါပင်ကို ရွေးချယ်ခဲ့မိမှန်းလည်း ကိုယ်တိုင် မသေချာပါ။

မြေပြင်ပေါ်မှာ အလျားလိုက်ပြေလျောစွာ ဆန့်တန်းနေသော အမြစ်တစ်ခုကို ထိုင်ခုံသဖွယ် အသုံးပြုဖို့ အဆင်ပြေလှသောကြောင့် ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် စိမ်းလန်းသော မြက်ခင်းပြင်ပေါ်မှာ အဝါနုရောင် ပွင့်ချပ်ပွင့်ဖတ်များ ပြန့်ကြဲနေပုံက တစ်ယောက်ယောက်က တမင် ဖြန့်ခင်းထားသလို စေ့စပ်စနစ်ကျလှသောကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် မြစ်ကမ်းပါးနှင့်ကပ်လျက် စံကားပင်တွေကို တစ်ပင်ပြီးတစ်ပင် လိုက်ရှာဖွေနေရာက နောက်ဆုံးမှာ အနားယူဖို့



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလိုက်ရတော့မည့် အခြေအနေထိရောက်လာချိန်တွင် ကျွန်မ ခြေချမိသည်က ဤစံကားဝါပင် အောက်မှာမို့လည်း ဖြစ်နိုင်ပါသည်။

အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်မ စာမဖတ်ချင်ပါ။

မနက်ဖြန်ည ရထားပေါ်တွင် ကျွန်မ တစ်ညလုံးစာဖတ်နိုင်မည့် အချိန်ရသည်။ ရန်ကုန်ပြန်ရောက်တော့လည်း အင်တာဗျူးမဝင်မီ တစ်ရက်တိတိ ကျွန်မနားချိန်မှာ စာဖတ်လို့ရသေးသည်။ စံကားပင်တွေ အောက်မှာထိုင်လျက် စံကားပွင့်တွေကို ထွေးဆုပ်နမ်းရှိုက်ခွင့်ကတော့ ဟောသည် စံကားဥယျာဉ်ထဲမှာသာရှိသည်။ သည်တစ်ညနေပါပဲ။ နောက်လည်း အလွယ်တကူ ရနိုင်စရာမရှိတော့သည့် အခွင့်အရေး တစ်ခုဖြစ်ပါသည်။

ဒါပေမယ့် မင်းညိုက ကျွန်မ၏နာရီတိုင်းကို လက်တွေ့ကျသော အလုပ်ဖြင့်သာ စံပြုတိုင်းတာစေလိုသည်။ သူရန်ကုန်မှ ယူလာခဲ့သော ပြင်သစ်စာအုပ်များနှင့် စကားပြောတိတ်ခွေများကို ကျွန်မသွားလေရာသို့ သယ်သွားစေချင်သည်။ ထို့ကြောင့် ကျွန်မ စာအုပ်တစ်အုပ်ကိုင်ပြီး လမ်းလျှောက်ထွက်ခဲ့ရ၏။ သူပေးထားသော စာအုပ်တွေကို မြဦးမေ၏ စာရေးစားပွဲပေါ် ထပ်ထားသည့်အထဲက အပေါ်ဆုံးစာအုပ်ကို (ပါးလည်း ပါးသဖြင့် ကိုင်ပြီးသွားရတာ အဆင်ပြေမှာမို့) ကောက်ကိုင်ယူခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် စံကားဝါပင်အောက်မှာ ညောင်းညာနွမ်းနယ်စွာ ထိုင်ချလိုက်တော့မှ လက်ထဲက စာအုပ်ကို ကြည့်မိသည်။

Papa et maman sont mort (ဖေဖေနဲ့ မေမေ သေသွားပြီ) တဲ့။

စာအုပ်၏ ပထမဆုံး စာမျက်နှာကို လှန်လိုက်သည်။

ကျွန်မအာရုံက စာမျက်နှာပေါ်မှာ မရှိ။ ၁၁နှစ်အရွယ်ချာတိတ်





တစ်ယောက် အမေ ဘယ်တော့မှပြန်တက်မလာနိုင်တော့သည့် မြစ်ကမ်းပါးတွင် ထိုင်လျက် အမေ့ကိုစောင့်မျှော်နေခဲ့သည့် မြင်ကွင်းကိုသာ မြင်ယောင်နေမိ၏။

အမေသေဆုံးခြင်း ဟူသောအဖြစ်သည် လူတွေအတွက်ထိခိုက်ကြေကွဲဆုံး၊ အစားထိုးဖို့ ခက်ခဲဆုံး ဆုံးရှုံးနစ်နာမှုပဲ ဖြစ်ပါလိမ့်မည်။ မေမေများ သေသွားခဲ့လျှင်... ကျွန်မဖြင့် ထိုအဖြစ်ကို စိတ်ကူးဖြင့်တောင် ခံစားမကြည့်နိုင်ခဲ့ပါ။ ကျွန်မ ကံကောင်းလိုက်တာ။ ကျွန်မ အဖြစ်ကို အထပ်ထပ်အခါခါ ကြည့်ရှုကျေနပ်မိသည်။ ကျွန်မအသက် ၂၇နှစ်ရှိပြီ၊ ဖေဖေရော မေမေရော ကျွန်မဘေးမှာ ရှိဆဲ။ ကျွန်မကို လုံခြုံအေးမြသည့် အရိပ်ဖြင့် မိုးပေးနေဆဲ။

မင်းညိုစင်ကတော့ ကျွန်မလောက် ကံမကောင်းခဲ့။ သူ့အသက် ၂၀မရောက်မီ သူ့မိခင် ကွယ်လွန်သွားခဲ့သည်။ သူသည် အချိန်မတိုင်မီ ရင့်ကျက်ခဲ့ရသော လူငယ်တစ်ယောက်မို့ လူငယ်ဘဝ၏ ပျော်ရွှင်လွတ်လပ်မှုများ ပျောက်ဆုံးခဲ့ရလေသည်။

သူ့ထက်ပို၍ကံဆိုးသူက ကိုခွန်သာဖြစ်သည်။ အမေသေဆုံးသည့်အဖြစ်သည် ကိုခွန်သာအား တခြားသူတွေထိခိုက်သည်ထက် အဆများစွာပိုသော နာကျင်ကြေကွဲမှုကိုပေးလိမ့်မည်။

ပိမိကို အလိုလိုက်ပြီး မြစ်ဆီသို့သွားရာက မိခင်သေဆုံးခဲ့ရသည်ဟူသော နောင်တသည် အမှန်တရားဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ သူ့ရင်ထဲမှာ ဓါးတစ်ချောင်း စိုက်ဝင်သလို စိုက်ဝင်နေခဲ့ပြီးပြီ။ ထိုဓါးကို ဘယ်သူမှ ဆွဲနုတ်ယူပေးဖို့ စိတ်မကူးကြဘူးလား။ သည့်အတွက် သူ့ဘေးက လူတွေအားလုံးမှာ တာဝန်ရှိသည်ဟု ကျွန်မ ထင်ပါသည်။ တတ်နိုင်လျှင် ကျွန်မ ထိုဓါးကိုဆွဲနုတ်ပေးသူ ဖြစ်လိုလှ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ယခုအခါ သူဘယ်မှာများ ရောက်နေမှာပါလိမ့်။

စံကားဝါပွင့်များ၏မွှေးရနံ့ကို ရှူရှိုက်ရင်း ကျွန်မ၏ သေးပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိသည်။ သစ်ပင်အားလုံး ကြေကွဲနေသလိုရှိသည်။

မိုးရွာပြီးကတည်းက စံကားဥယျာဉ်တစ်ခုလုံး အထီးကျန်ခြောက်သွေ့နေခဲ့သည်မှာ နှစ်ရက်ရှိခဲ့ပြီ။

နှစ်ရက်အတွင်း ကျွန်မ ခြံထဲသို့ လမ်းလျှောက်ရင်း စံကားပင်ပေါင်းများစွာ၏ အရိပ်အောက်သို့ ခိုဝင်ကာ ဟိုသည် ငေးမော စောင့်ကြည့်မိသည်။ ကိုခွန်သာ၏ အရိပ်အယောင်ကို မမြင်ရ။

ဥယျာဉ်ခြံထဲသို့ ရောက်ပါလျက် နူးညံ့ညင်သာသောအသံဖြင့် ပုံပြင်ပြောသံမကြားရ၊ ခပ်တိုးတိုး ရယ်မောသံမကြားရသည့်အခါ တစ်စုံတစ်ခု လိုအပ်နေသလို လှိုက်ဟာနေခဲ့လေသည်။ စံကားပင်တွေက ခါတိုင်းထက်ပိုပြီး ခြောက်သွေ့နေခဲ့သည်။ ပင်စည်အခေါက်တွေက အရင်ထက်ပိုပြီး ညိုရင့်မာကျောနေခဲ့သည်။ အပင်တွေက အရင်ထက်ပိုပြီး ရှည်လျားမြင့်မားကာ မိုးသို့ထိတော့မလောက်မို့ ကျွန်မနှင့်ပို၍ဝေးကွာနေသလို ရှိပါသည်။ ကျွန်မက သူတို့အကြားတွင် သေးကွေးသော အမှုန်ကလေးတစ်ခုမျှသာဖြစ်နေ၏။

သူတို့သည် ကျွန်မကို အရင်ကလို နွေးထွေးစွာ မကြိုဆိုတော့ပါ။ ကျွန်မသည် သူစိမ်းများ အလယ်တွင် ရောက်နေသလို ခံစားရသည်။

ဒါပေမယ့် ကျွန်မ ဒီနေ့ညနေလည်း လာခဲ့ပါသည်။ ကျွန်မ ပြန်တော့မည်ဆိုတော့ မပြန်ခင် ပုံပြောကောင်းသူတစ်ယောက်အား ကျေးဇူးစကားဆို၍ နှုတ်ဆက်ဖို့လိုသည်မဟုတ်လား။

ကိုသီဟနှင့် ဒေါ်တင်က ကျွန်မကို စိတ်မချချင်။ မင်းညိုကို





အတူလိုက်ပါစေလိုကြသည်။

မင်းညိုက ရွာသို့ရောက်ခါစနေ့ကတော့ ကျွန်မကို ခြံထဲမှာ တစ်ယောက်တည်း မနေစေချင်ခဲ့ပေ။ ကျွန်မသွားလေရာသို့ ကိုခွန်သာကြောင့် မဟုတ်လေဟန် အခြားသောအကြောင်းတစ်ခုခုပြုပြီး လိုက်ပါ လာတတ်သည်။

"နင် ခြံထဲသွားမလို့လား။ အတော်ပဲ မေဇော် နာမည်ကြီးလှတဲ့ Southern magnolia ဆိုတာကို ငါမြင်ဖူးချင်လို့ ငါလိုက်ခဲ့ဦးမယ်"

"နင်က ဘာဖြစ်လို့ Southern magnolia ကို မြင်ဖူးချင်တာလဲ"

ကျွန်မ သူ့ကို မယုံသင်္ကာမျက်နှာထားဖြင့် မေးလိုက်တော့ သူက စိတ်ရှည်ရှည်ပြုံး၏။

"အော် အပင်အောက်ရောက်တော့ ပြောပြမှာပေါ့။ ငါ့ကို အဲဒီ အပင်သာပြ"

ကျွန်မတို့ ရောက်သွားချိန်တွင် ထိုစံကားပင်သည် အပွင့်တွေ ပွင့်နေဆဲဖြစ်သည်။

"ဒီအပင်ကို မြှုဦးမေဆုံးတဲ့ အထိမ်းအမှတ်နဲ့ သူ့ချစ်သူက စိုက်ခဲ့တာတဲ့ မင်းညိုရဲ့"

ကျွန်မက ချစ်သူနှစ်ယောက်၏ ကြေကွဲဖွယ် ပုံပြင်ကို မင်းညိုအား တစ်ဆင့်ပြန်ပြောပြရန် အဆင်သင့်ရှိနေသည်။ သို့သော် အဲသည်နေ့က ပုံပြင်ပြောခဲ့သူက ကျွန်မ မဟုတ်။ မင်းညိုဖြစ်သည်။

"နင်သိလားမေဇော်၊ အမေရိကန်သမ္မတအိမ်ဖြူတော်မှာ ဟော ဒီ စံကားဖြူပင်မျိုး တစ်ပင်ရှိတယ်"

သူသည် ကိုခွန်သာလိုပင် စံကားပင်ပုံပြင်တစ်ခုကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုခွန်သာပြောသလို မြပုံပြင်တော့ မဟုတ်ခဲ့။

"တစ်ခါတုန်းက အမေရိကန်ပြည်ထောင်စုရဲ့ ခုနစ်ယောက်မြောက် သမ္မတဖြစ်လာမယ့် လူငယ်လေး ဗိုလ်ချုပ်အင်ဒရူးဂျက်ဆန်ဟာ သူဘော်ဒါဆောင်နေတဲ့ အိမ်က အိမ်ရှင်ဖြစ်တဲ့၊ လှပချောမောတဲ့ တစ်ခုလပ်မလေး ရေချယ်ကို စွဲလမ်းနှစ်သက်သွားမိတယ်၊ ရေချယ်ကို စွန့်ပစ်ခဲ့တဲ့ ခင်ပွန်းက သူ့ဇနီးဟောင်းနဲ့ ဂျက်ဆန်ကို အမျိုးမျိုး စွပ်စွဲ တိုက်ခိုက်ခဲ့တယ်။ ဒါပေမယ့် မေတ္တာစစ်နဲ့ တကယ်ချစ်တဲ့ ဂျက်ဆန်ဟာ သွားပုပ်လေလွင့်ပြောစကားတွေကြောင့် နောက်ဆုတ်သွားမယ့်အစား ဆုံးဖြတ်ချက် ပိုတောင်ခိုင်မာသွားသေးတယ်။ သူက ရေချယ်ကို လက်ထပ်ယူလိုက်တယ်လေ။

"၁၈၂၈ခုနှစ် ရောက်တော့ ဂျက်ဆန်က သမ္မတရာထူးအတွက် ရွေးကောက်ပွဲဝင်လိုက်တယ်။ အဲဒီအချိန်မှာ ရေချယ်ဟာ အတိုက်အခံ ပါတီဘက်က လူတွေရဲ့ တိုက်ခိုက်မှုကို ခံရတော့တာပေါ့။ အင်အရူ ဂျက်ဆန်က သူ့ဇနီးကို ပုတ်ခတ်ကဲ့ရဲ့စကားတွေကနေ ကာကွယ် ပေးပါတယ်။ ဒါပေမယ့်ရေချယ်ကတော့ စိတ်ဆင်းရဲ တင်းကြပ် နေခဲ့ရ တယ်။

"သူ သမ္မတရာထူးကို ရခဲ့တယ်။ ဒါပေမယ့် သူအပြည့်အဝ ဝမ်းမသာနိုင်ခဲ့ဘူး။ သူချစ်တဲ့ ဇနီးဟာ ရုတ်တရက်ဖြစ်ပေါ်တဲ့ နှလုံးရောဂါနဲ့ ကွယ်လွန်သွားခဲ့တယ်။ ဂျက်ဆန်ဟာ သူ့ဇနီးကို မေ့လို့ မရဘူး။ နောက် အိမ်ထောင်လည်း မပြုခဲ့ဘူး။ ဒါ့အပြင် သူ့နက်ရှိုင်းလ်တ ခြံထဲမှာ သူ့ဇနီး စိုက်ထားခဲ့တဲ့ စံကားမျိုးရင်းတွေထဲက ဇနီး အနှစ်သက် ဆုံး အပင်မျိုးတစ်မျိုးကိုယူပြီး သမ္မတအိမ်တော်မှာ စိုက်ပျိုးခဲ့တယ်။ အဲဒါကတော့ ဟောဒီအပင်မျိုး။ မက်ဂ်နိုလီယာ ဂရဲင်ဒီဖလိုရာပေါ့ ဆောက်သန်မက်ဂနိုလီယာလို့လည်း ခေါ်ကြတယ်"





အမြဲစိမ်းစံကားဖြူဟု ကိုခွန်သာပြောခဲ့သော သစ်ပင်ကြီးသည် မနေ့ကလည်း ပွင့်နေဆဲဖြစ်သည်။ သူ့အရွက်များသည်လည်း စိမ်းမှောင် လျက် အရိပ်ကောင်းကောင်းပေးရုံမျှမက လှပနေဆဲဖြစ်သည်။

"အိမ်ဖြူတော်မှာ အခုချိန်ထိ အဲဒီအပင်ကြီး ရှိနေတုန်းပဲ။ အမေရိကန်ဒေါ်လာငွေစက္ကူမှာ သမ္မတအိမ်တော်နဲ့အတူ မြင်နေရတဲ့ အပင်ကြီးဟာ သူ့ပဲပေါ့။ ဘယ်လောက်အကြမ်းခံတဲ့အပင်လဲဆိုရင် ၁၉၉၄ ခုနှစ်တုန်းက ဆက်စ်နာလေယာဉ်လေးကို မောင်းလာတဲ့ လူတစ်ယောက်ဟာ သမ္မတအိမ်တော်ကို ဝင်တိုက်ရင်းနဲ့ ကိုယ့်ကိုယ်ကို အသေခံဖို့ကြိုးစားခဲ့တယ်။ လေယာဉ်က စံကားဖြူပင်ကြီးကိုပဲ ဝင် တိုက်မိတယ်။ စံကားဖြူပင်ကြီးမှာ အကိုင်းကြီးတစ်ခု ပြတ်ကျသွားခဲ့ တယ်။ ဒါပေမယ့် အပင်က မသေဘူး"

"တော်ပါသေးရဲ့နော်။ သေများသေသွားခဲ့ရင် ဘယ်လောက် ကြေကွဲစရာ ကောင်းလိုက်မလဲ"

ကျွန်မ ပြောတော့ သူက ချက်ချင်းစကားဆက်သည်။

"စံကားပင်တစ်ပင် သေသွားရင်လည်း အလဟဿမဖြစ်ပါဘူး။ သူတို့က မွှေးတယ်လေ။ အခေါက်ကို အမွှေးနံ့သာအဆီထုတ်ကြတယ်။ သစ်သားကိုလည်း အိမ်ဆောက်ပစ္စည်းတွေ၊ စက်ရုံသုံး ပစ္စည်းတွေ လုပ် ကြတယ်။ အိမ်ထောင်ပရိဘောဂတွေလည်း လုပ်မှာပေါ့၊ အထပ်သားတို့ ဘာတို့လုပ်လို့ ကောင်းတယ်လို့ ပြောတာပဲ"

ဟောဒီမင်းညိုဟာလေ... ဘယ်တော့မဆို စိတ်နဲ့မတိုင်းဘူး။ ရုပ်ဝတ္ထုနဲ့ချည်း တိုင်းတာပဲ။

ကျွန်မ အပြစ်တင်လိုက်ချင်သော်လည်း မပြောရက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ စံကားပင်မျိုးကတော့ အသုံးအကျဆုံးတစ်နေရာရှိတယ်။ ဘာလဲ နင်သိလား"

ကျွန်မ ခေါင်းရမ်းလိုက်သည်။

"ဒီစံကားပင်ကို စန္ဒယားလုပ်တဲ့နေရာမှာ သုံးကြတယ်"

"အော်..."

စံကားပင်အသားနဲ့ လုပ်ထားတဲ့ စန္ဒယားတစ်လုံးဟာ ဘယ်လောက်များ မွှေးလိုက်လေမလဲနော်။ သည်တော့ ဘယ်လောက်များ အိပ်မက် ဆန်လိုက်လေမလဲ။

"ငါကတော့ စံကားဝါနဲ့ စံကားဖြူဆိုရင် စံကားဖြူကို ပိုကြိုက်တယ်ဟ။ သူကပိုပြီး အိပ်မက်ဆန်တယ်နော်"ကျွန်မပြောတော့ သူ ခပ်တွေတွေငေးသွား၏။

"ငါ့အတွက်တော့ စံကားဖြူက ဘယ်တော့မှ မမေ့နိုင်တဲ့ ဝေဒနာတစ်ခုပါဟာ"

သူပြောလိုက်တော့မှ ကျွန်မ ကြာမြင့်စွာမေ့ထားခဲ့မိသည့် သူ့အမေ၏ နောက်ဆုံးညကို ကျွန်မ သတိရသွားပါသည်။ ဟုတ်ပါရဲ့။ သူ့မိခင် သေဆုံးမည့်ညက သူတို့မြို့က ဆေးရုံမှာ စံကားဖြူပွင့်တွေ ကြွေလျက် ဆေးရုံတစ်ခုလုံး မွှေးပျံ့လျက်ရှိသည်ဆိုတာ ကျွန်မ သိထားခဲ့ပါလျက်နှင့်။

"မင်းညို..."

ကျွန်မ စိတ်မကောင်းဖြစ်သွားသည်။

သူက ချက်ချင်းပင် ပြုံးလိုက်နိုင်သည်။

"ကဲ စိတ်မကောင်းဖြစ်မနေနဲ့။ စံကားဖြူပွင့်က ငါ့အတွက် စိတ်ထိခိုက်စရာဖြစ်ပေမယ့် နင့်အတွက် အိပ်မက်ဆန်တယ်ဆိုရင် ငါ





ဝမ်းသာပါတယ်။ တစ်ခုပဲရှိတယ်။ အိပ်မက်ကို နှစ်သက်တဲ့လူဟာ လက်တွေ့ရဲ့ အမှန်တရားကို တုန်လှုပ်ရတတ်တယ်"

သူဘာပြောချင်ပါလိမ့်။ ကျွန်မကို မဖြစ်နိုင်သည့်အရာကို စိတ်ကူးယဉ်မနေနဲ့ဟု ပြောချင်တာလား။ သူပြောချင်သည့် မဖြစ်နိုင်သည့် အရာမှာ သူ့အပေါ် ကျွန်မ၏တွယ်တာမှုကိုလား။ သို့မဟုတ် တခြား တစ်ယောက်ဟု သူတို့ယူဆသော ကိုခွန်သာအပေါ် ကျွန်မ၏ တွယ်တာမှုကိုလား။ ကျွန်မ သဲသဲကွဲကွဲမသိ။ သိလည်း မသိချင်ပါ။ သူရှေ့ဆက် ပြောလာမှာကိုလည်း ကျွန်မ မကြားချင်ပါ။

ထို့ကြောင့် ကျွန်မ စကားလွှဲပစ်လိုက်သည်။

"ဒီခြံထဲမှာ ငါရောက်နေတာကြာပြီ။ ခဏခဏလည်း လမ်းလျှောက်ဆင်းနေတာပဲ။ ဒါပေမယ့် တစ်ခါမှ စံကားစိမ်းပင်ကို မတွေ့မိဘူး။ အပွင့်ကိုလည်း မမြင်မိ၊ ပန်းနံ့ကိုလည်း မရှူမိ။ ရှိတော့ရှိမှာပေါ့နော်"

ထိုအခါ သူက အသာပြုံးသည်။

"မရှိနိုင်ဘူးထင်တယ်"

"ဘာလို့လဲ"

"မဖော် စံကားစိမ်းပင်က ဒီစံကားမျိုးရင်းထဲမှာမှ မပါဘဲ"

ထိုစကားကို ကိုခွန်သာက ပြောခဲ့လျှင် ချင်းချက်မရှိ ကျွန်မ ယုံမိမည်ဖြစ်ပေမယ့် မင်းညိုကပြောလာသည့်အခါ နည်းနည်း သံသယ ဝင်ချင်သည်။

"နင် ဘယ်လိုလုပ်သိလဲ"

"ဟောဗျာ"

သူ ဒေါပွမသွားဘဲ စိတ်ရှည်စွာပြုံးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နင်က ငါ့ကို နိုင်ငံတကာ နိုင်ငံရေးပဲ သိတဲ့ကောင်လို့ အောက်မေ့နေတယ် ထင်တယ်"

"အဲဒီလိုတော့ မဟုတ်ပါဘူး"

"မေဖော်၊ စံကားပင်တွေက နိုင်ငံရေးလောက် မရှုပ်ထွေးပါဘူး။ စံကားဖြူနဲ့ စံကားဝါက family တစ်ခုတည်းက ဆင်းလာတဲ့ မျိုးကွဲတွေ။ စံကားစိမ်းကျတော့ family ကိုက တခြားစီ။ စံကားစိမ်းရဲ့ မိသားစု မျိုးရင်း Annonaceae လေ။ စံကားဖြူနဲ့စံကားဝါက Magnoliaceae မျိုးရင်းဟ။ မတူဘူး"

အော်... မင်းညိုရယ်။

ကျွန်မ စာအုပ်ကို လက်ဖြင့်အသာ ဖွဖွသပ်လျက် သဘောကျစွာ ပြုံးမိသည်။

သူတို့နှစ်ယောက်ကို ဆုံတွေ့စေချင်လိုက်တာ။ တစ်ယောက်နှင့် တစ်ယောက် ခင်မင်သွားကြလေမလား။ သို့မဟုတ် ဘယ်လိုမှ ခင်မင်လို့ မရဘဲ စိမ်းကားနေကြမှာလား။

သူ့ကို ကျွန်မတွေ့ချင်ပါသေးသည်။ အခုလို ဖြုန်းစားကြီး ပျောက်ကွယ်သွားသည့်အဖြစ်ကို ကျွန်မ မျှော်လင့်မထားခဲ့မိ။

သူ ဘယ်များရောက်နေတာပါလိမ့်။ ဘာကြောင့် သူ့ကို ကျွန်မ မမြင်ရတာပါလိမ့်။ သူဟာတကယ်ပဲ တစ္ဆေလား။

ဘယ်ကိစ္စမဆို လက်တွေ့ကျသော မင်းညိုကတော့ ကိုသီဟ မြေမြှုပ်သင်္ဂြိုဟ်ခဲ့သူသည် သူ့ညီခွန်သာမှတစ်ပါး အခြားဘယ်သူမှ မဟုတ်ဟု သံသယမရှိသေချာဖို့ လက်တွေ့ကျကျ စစ်ဆေးကြည့်ချင်သည်။

"ဒီအကြောင်းတွေပြန်ပြောရတာ ဆရာ့အတွက် နာကျင် တုန်





လှုပ်ရလိမ့်မယ်ဆိုတာ ကျွန်တော်သိပါတယ်ဆရာ။ ဒါပေမယ့် ကျွန်တော်တို့ သေချာမှုတစ်ခုကိုတော့ လိုအပ်နေပြီ။ ဒါကြောင့် ဆရာ မေ့ချင်ပေမယ့် အဲဒီကာလဆီကို ပြန်တော့သွားရလိမ့်မယ်။ ရုပ်ခံမျက်ပျက် ဖြစ်နေတဲ့အလောင်းကို ခွန်သာပါလို့ ဆရာ ဘာနဲ့အတည်ပြုခဲ့တာလဲ၊ ညီတစ်ယောက်ကိုညီလို့ သွေးကသိတဲ့ အသိအပြင်ပေါ့ဆရာ"

မင်းညိုက ကိုသီဟအား အတိတ်ကာလကို မညှာမတာပြန်နှိုက်ဖော်နိုင်းသည်။ ကိုသီဟ မျက်နှာပျက်သွားခဲ့ပါသည်။

"ခင်ဗျားပြောတဲ့စကားကို ကြားတော့မှ ကျွန်တော် အဲဒီကာလ တုန်းက အလောင်းကို အတည်ပြုတဲ့အချိန်မှာ အရေးကြီးဆုံးအချက်ကို မစဉ်းစားခဲ့ရဘူးဆိုတာ သိလိုက်ရတယ်ဗျာ။ ညီကိုညီလို့ သွေးကနေသိတဲ့ ဇာတိစိတ်၊ အဲဒါမပါခဲ့ဘူးဗျ"

ကျွန်မ သူ့ကို နားလည်နိုင်သည်ဟု ထင်ပါသည်။

"လက်စွပ်နဲ့ အင်္ကျီကြောင့်က အဓိကပါပဲ။ အင်္ကျီက အစိစိ အမွှာမွှာစုတ်ပြဲနေစေဦးတော့၊ လက်စွပ်က ဖောင်းပွနေတဲ့အသားထဲမှာ ပျောက်လုနီးပါး နစ်ဝင်နေစေဦးတော့၊ အဲဒါ သူ့အင်္ကျီနဲ့ သူ့လက်စွပ်ပဲ။ သေချာတယ်။ ပြီးတော့ အရပ်အမောင်း"

မင်းညိုက သိပ်မကျေနပ်ချင်။

"လက်စွပ်နဲ့ အင်္ကျီဆိုတာ ဘယ်သူ့ကိုမဆို ဝတ်ပေးလို့ ရတယ် ဆရာ။ အရပ်ဆိုတာလည်း တူနေနိုင်သေးတယ်။ အဲဒါနဲ့တော့ သေချာပေါက် ပြောလို့မရသေးဘူးထင်တယ်။ လူတစ်ယောက်နဲ့ တစ်ယောက် လုံးဝကိုကွဲပြားတဲ့ အမှတ်အသားတစ်ခုခုနဲ့မှရမှာ။ အဲလို တော့မရှိဘူးလား။ အဲ... ဥပမာ သွား။ သွားတက်ရှိတာတို့ ဘာတို့ နောက်ပြီး အရိုး"



www.burmeseclassic.com

www.burmeseclassic.com



ကိုသီဟ အနည်းငယ် လှုပ်ရှားသွားသည်။

'ကျွန်တော်သတိရပြီဗျ၊ သူ့မှာ ထူးခြားတာရှိတယ်၊ လက်ချောင်းပဲ၊ သူငယ်ငယ်က စံကားပင်ပေါ်ကနေ လိမ့်ကျဖူးတယ်၊ ကျောက်ပတ်တီး စည်းပေမယ့် မကျွမ်းကျင်လို့လားမသိဘူး၊ နဲနဲကောက် နေခဲ့တယ်''

စုံထောက်ဝတ္ထုတွေထဲကလိုပင် အလောင်းပြန်ဖော်ပြီး လက်ချောင်းနှင့် အရိုးတွေ စစ်ဆေးကြည့်မည်ဟု မင်းညိုက ပြောသည်။ ကိုသီဟကို ခေါ်လျက် သူထွက်သွားသည်။

ကျွန်မ ရင်တွေလှုပ်ရှားလျက် ကျန်ခဲ့သည်၊ သေဆုံးသူ၏ လက်အရိုးသည် ကောက်နေခဲ့လျှင်...

ကျွန်မဖွင့်ထားသော စာအုပ်ပေါ်သို့ ပန်းတစ်ပွင့် ကြွေကျလာသည်။ ကျွန်မသည် အဝါရောင်ပန်းပွင့်လေးကို ကောက်ယူလိုက်ပြီး အထက်တည့်တည့်သို့မော့ကြည့်မိသည်။

ပင်စည်မှာ စာတမ်းတစ်ခုကို နိမ့်နိမ့် ချိတ်ဆွဲထားသည်။

***Magnolia Elizabeth*** တဲ့။

ကြီးမားသော အပြန့်ကျယ်ထီးတစ်ခုလို ကျွန်မကို အုပ်မိုးနေသော စံကားဝါပင်ကြီးသည် မိုးကောင်းကင်ကို မမြင်နိုင်လောက်အောင်ပင် အရွက်အခက်များ စိပ်နေ၏၊ စိမ်းမှောင်သောအရွက်တွေကြားမှာ အဝါရောင်ပန်းများသည် ကြယ်ပွင့်တွေလိုပဲ ပြန့်ကြဲကာ ဝေဆာနေသည်။ သူတို့ကို မြင်ရသည့်အခါ ကျွန်မရင်ထဲမှာ လှိုက်ဟာသွားသည်။

သူတို့အကြောင်းကို ကျွန်မအား ပြောပြဖို့ သူ ကျွန်မထံ မရောက်လာခဲ့တော့ပေ။





ကျွန်မ ပြန်တော့မယ် ကိုခွန်သာ၊ ကျွန်မအပေါ် နွေးနွေးထွေးထွေး လိုက်လျောခဲ့တဲ့ကျေးဇူးတွေကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး။

ကျွန်မ ဖတ်ဖို့ ကြိုးစားပြီး မဖတ်ခဲ့ရသေးသော စာအုပ်ကို ပိတ်လိုက်သည်။ စံကားပင် ပင်စည်ကို ကျောမှီလိုက်ပြီး မျက်စိအစုံကို မှိတ်ထားလိုက်ပါသည်။

ကျွန်မ ဉာဉ်ယျာဉ်ခြံမြေမှ စံကားပင်မျိုးစေ့တစ်စေ့ယူသွားပြီး စိုက်ပျိုးမည်ဆိုလျှင် ဘယ်အပင်ကို စိုက်ပျိုးမိမှာပါလိမ့်။

ကျွန်မကို သူပြောပြခဲ့သည့်စံကားပင်များကို စိတ်ထဲက ပြန်ပုံဖော်ကြည့်နေမိသည်။

အိပ်ပျော်နေသော အလှမယ်လေးလို့ သူပြောခဲ့သည့် မက်ဂ်နိုလီယာကိုးဘတ်စ်။

မြ၏ အိပ်ရာပေါ်မှာ ကြဲဖြန့်ပေးခဲ့သည့် ကြယ်စံကားဖြူခေါ်သည့် မက်ဂ်နိုလီယာ စတယ်လာတာ။

ဟုတ်ပါသည်။ ကျွန်မ ဟောဒီခြံထဲက စံကားပင်မျိုး တစ်ခုလောက် ယူသွားမည်၊ သို့သော် အစေ့ကို စိုက်ရမလား၊ အပင်ပေါက်ကို စိုက်ရမှာလား၊ သို့မဟုတ် ကိုင်းကူးပြီးစိုက်ရမှာလား၊ ကိုသီဟတို့ ဒေါ်တင်တို့များ သိမလား၊ ဒါမှမဟုတ် တစ်လောကလုံးမှာ စံကားပင်တွေကို နားလည်တတ်ကျွမ်း သူသည် ကိုခွန်သာ့ အဖေ တစ်ယောက်တည်းပဲလား။

စံကားဝါပန်းနံ့က ကျွန်မကို ယစ်မူးရီဝေအောင် လွှမ်းခြုံထားသည်ဖြစ်ရာ ကျွန်မ အိပ်ချင်လာသည်။ ဟင့်အင်း အိပ်လို့မဖြစ်ဘူး၊

မှေးခနဲငိုက်သွားသည့်အချိန်တွင် ကျွန်မရှိရာသို့ ခြေသံ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာသော ခြေသံဖွဖွကို ကြားလိုက်ရ၏။ ကျွန်မ ရင်ထိတ်ခနဲခုန်သွားကာ ကမန်းကတန်း မျက်လုံးဖွင့်ကြည့်လိုက်သည်။ ဘယ်သူမှမရှိ။

ကျွန်မ မျှော်လင့်တကြီး ထိုင်ရာမှ ထရပ်လိုက်မိသည်။

ကျွန်မရှေ့တည့်တည့်တွင် သစ်ပင်များသည် တိတ်ဆိတ်စွာ မတ်မတ်ရပ်နေကြသည်။ ကျွန်မ မြင်နေရသော ပင်စည်များကို စူးစူးစိုက်စိုက် ကြည့်နေမိသမျှတော့ ဘာအရိပ်အယောင်မှ မတွေ့ရ။

ကျွန်မစိတ်ထင်လို့များလား။ သို့မဟုတ် အိပ်ပျော်သွားစဉ် အိပ်မက်ထဲမှာ ကြားလိုက်ရသည့်ခြေသံလား။

ကျွန်မ စံကားပင်ကို မှီရပ်လိုက်ရင်း ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိသည်။ ကျွန်မ အနီးမှာ တစ်ယောက်ယောက်ရှိနေသလိုပဲ။ မယုံကြည်နိုင်စရာပင် ကျွန်မ ကြက်သီးဖြန်းခနဲထသွားသည်။

"ဘယ်သူလဲ"

ကျွန်မ အော်၍မေးလိုက်သည်ဟု ကိုယ့်ကိုယ်ကို ထင်သော်လည်း တကယ်တမ်းကျတော့ ကျွန်မအသံက လှုပ်ခတ်စွာ တိမ်ဝင်သွားသည်။

ကျွန်မ စံကားဝါပင်ကို ကျောကပ်မှီထားရာက ခွာလိုက်သည်။ အရေးကြုံလျှင် ပြေးနိုင်ဖို့ဖြစ်သည်။ သို့သော် ကျွန်မ ဘာကို ကြောက်ရွံ့နေမိတာလဲ။ ဘာကြောင့် စိတ်မသိုးမသန့် ခံစားနေရသလဲ။

ကျွန်မ လက်ဖျားတွေ အေးစက်လာသည်။

အထက်ကစံကားဝါပင်သည် အသံတစ်ခုခုကို ကိုယ်စားပြု ညည်းညူနေသလို ခံစားလိုက်ရသည်။ ဘာသံလဲ။

"မင်းညို..."

မင်းညိုစင် အခုအချိန်မှာ ပြန်မရောက်လောက်သေးဘူးတဲ့





ကျွန်မ သိပါလျက် သူ့နာမည်ကိုသာ လွှတ်ခနဲအော်ခေါ်လိုက်မိသည်။

"မင်းညိုရေ..."

"ဆရာမ ဘယ်မှာလဲ"

ဒေါ်တင့်အသံ။

ကျွန်မ၏ လက်ယာဘက်ဆီမှ လာသည်။ ကျွန်မ စိတ်လုံခြုံမှုကို ရုတ်တရက်ခံစားလိုက်ရသည်။

"ဒေါ်တင်၊ ကျွန်မ ဒီမှာ။ စံကားဝါပင်အောက်မှာ"

ခဏကြာတော့ ဒေါ်တင်ရောက်လာသည်။ မောကြီးပန်းကြီးဖြစ်သည်။

"ရှာလိုက်ရတာဆရာမရယ်။ ဒီနားမှာပဲ ရှိမှာလို့ထင်လို့ ပတ်ရှာနေတာကြာပြီ။ ကဲ အခုမှပဲတွေ့ရတော့တယ်။ နတ်ဖွက်တယ်ဆိုတာ ဒါလားမသိဘူး။ ဒီစံကားဝါပင်နားရောက်ရဲ့သားနဲ့ ဆရာမကို မတွေ့နိုင်ဘူး"

ကျွန်မ အခုမှ ပြုံးနိုင်သွားသည်။

"သူတို့ပြန်လာပြီလား"

"မလာသေးဘူး။ မိုးချုပ်မယ်ထင်တယ်။ နေမဝင်ခင် ဆရာမ အိမ်ထဲဝင်တာ ကောင်းတယ်။"

"ဒါဖြင့် သွားစို့လေ"

ကျွန်မတို့ လှည့်ထွက်ခါနီးတွင် သစ်ပင်ကို ကျွန်မမော့ကြည့်လိုက်သည်။ စံကားဝါပင်သည် လှပသော ပန်းပွင့်များကို တိတ်ဆိတ်စွာ ခြွေချပေးလျက်ရှိသည်။

သူပြောပြခဲ့ဖူးသည့် လှပသော၊ ထိခိုက်သော၊ စံကားဖြူပုံပြင်များစွာကို နားထောင်အပြီးမှာ ကျွန်မ ဤခြံမြေမှ မပြန်မီ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် အရိပ်နိမိသော စံကားပင်သည် စံကားဝါပင်တစ်ပင် ဖြစ်နေတော့မှာလား။

✣ ✣ ✣





## ကြာစံကားနီ (Magnolia liliiflora)

ကျွန်မတို့၏ ဖယောင်းတိုင်ထွန်း ညစာစားပွဲလေးသည် ကိုသိန်းဟ၏ စံကားရွက်မီးအိမ်များကြောင့် ပို၍ အိပ်မက်ဆန်သွားခဲ့လေသည်။

စိမ်းမြသော ***Magnolia liliiflora*** စံကားရွက်လေးခုကို တစ်ခုနှင့်တစ်ခု အနားချင်း ခပ်ပါးပါး ပြေပြေထပ်မိအောင် သွားကြားထိုးတံအရှယ် ဝါးမျှင်သေးသေး လေးတွေနှင့်ထိုးကာ ချိတ်တွဲသွားပြီး ပထမဆုံးစံကားရွက်နှင့် နောက်ဆုံး စံကားရွက်ကို ပြန်ဆက်လိုက်သောအခါ အစိမ်းရောင် မီးအုပ်ဆောင်းတစ်ခုသဖွယ် ဖြစ်သွားသည်။ ထိုသစ်ရွက်အုပ်ဆောင်းမျိုး ငါးခုရသောအခါ ဖယောင်းတိုင်ငါးတိုင်အတွက် မီးအိမ်စိမ်းငါးခုကို ရခဲ့လေသည်။

"သိပ်လှတာပဲဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မီးအိမ်စိမ်းကလေးတွေကို သဘောကျလွန်းလို့ တဖွဖွ ပြောမိတော့ ကိုသီဟက ခပ်ဖျော့ဖျော့ပြုံးသည်။

"မေမေ့လက်ရာလေ။ မေမေက ကျွန်တော်ကျောင်းကနေ ပြန်လာရင် အခုလို မီးမပျက်ရင်တောင် အဲဒီလို စံကားရွက်မီးအိမ်လေးတွေ လုပ်ပြီး ကျွန်တော့်ကို ညစာကျွေးလေ့ရှိတယ်။ တခြားဘယ်သူမှ ပါရော မလိုတဲ့ သားအမိနှစ်ယောက်တည်းအတွက် အထူးညစာစားပွဲပေါ့"

"ကောင်းလိုက်တာ။ မင်းညို ငါတို့တစ်ခါလောက် အခုလို ကင်ဒယ်လ်လိုက်(တ်)ဒင်နာ စားကြရအောင်လေ၊ ငါတို့ ခြံထဲမှာ"

မင်းညိုက ကျွန်မကို တစ်ချက်မော့ကြည့်ပြီး အလိုလိုက်သော အပြုံးမှန်းသိသာစွာပြုံးလျက် ခေါင်းညိတ်သည်။

"အင်း လုပ်လေ၊ ငါကတော့ ဘာအလင်းရောင်နဲ့ပဲ စားရစားရ စားရဖို့က အရေးကြီးတာပဲ"

ဟင်... ကျွန်မ သူ့ကို အားမလိုအားမရ ကြည့်မိတော့သည်။

တွေ့လား။ မင်းညိုစင်ဆိုသောလူသည် ဘယ်တော့မှ စိတ်ကူး လှလှလေးတွေနှင့် နေသားမကျ။

ရယ်မောသံသဲ့သဲ့ကြားရ၏။ ကိုသီဟထံမှ ဖြစ်ပါသည်။

"မမေဇော်တော့ ဂွမ်းထိုးကောင်ဖြစ်ဖို့ တော်တော်နီးစပ် နေပြီဗျ"

ကျွန်မ ရှက်သွားသည်။

"ဆရာ"

ကျွန်မတို့၏ ဂွမ်းထိုးကောင်ဥပမာကို မင်းညို နားမလည်လိုက်။

"ဘာလဲဆရာ၊ ဂွမ်းထိုးကောင်ဆိုတာ"

ကိုသီဟက ကျွန်မအားမကြည့်ဘဲ စံကားရွက်မီးအိမ်လေး





တစ်ခုကို အသာထိကိုင်လျက် "ဂွမ်းထိုးကောင်ဆိုတာက..." စကားစမည့်ဟန် ပြုသည်။

"ဆရာ ပလိ...(စ်)။ တောင်းပန်ပါတယ်နော်"

ကိုသီဟက ကျွန်မကို ပြုံးကြည့်၏။

"မဟုတ်တာလေ မမေဇော်၊ ဂွမ်းထိုးကောင်ဆိုတာ ဘာကောင်လဲလို့ ကိုမင်းညိုကို ပြောမပြသင့်ဘူးလား"

"ဟင့်အင်း မပြောရဘူး"

ကျွန်မ အသည်းအသန် တားမြစ်မိသည်။

"အိုကေ" ကိုသီဟ လက်ခံလိုက်သည်။

"မင်းညိုမှာက အနုပညာအာရုံမရှိဘူး ဆရာ"

ကျွန်မစကားအဆုံးမှာ မင်းညိုသည် ဟင်းချိုသောက်ပြီးသည့် ဇွန်းကို သူ့ဟင်းချိုပန်းကန်ထဲ ကမန်းကတန်းပစ်ချလျက် ကျွန်မတို့ နှစ်ယောက်အား တစ်လှည့်စီကြည့်သည်။

"ဒါဖြင့် စောစောက ဂွမ်းထိုးကောင်က ကျွန်တော်နဲ့ ဆက်စပ် နေတယ်ပေါ့"

ကိုသီဟ ခပ်ဖွဖွရယ်မောသည်။

"အသေအချာပေါ့ဗျာ၊ ဒါပေမယ့် မမေဇော်ရဲ့ တားမြစ်ချက်အရ ခင်ဗျားကို ကျွန်တော် ပြောပြခွင့်မရှိဘူးဗျ"

မင်းညိုသည် စားပြီးသွားသော ထမင်းပန်းကန်ကို ဘေးသို့ အသာ တွန်းလိုက်သည်။ သူ့ကြည့်ရသည်မှာ ဂွမ်းထိုးကောင် ပြဿနာကို မရမက အဖြေရှာတော့မည့်ဟန်ရှိသည်။

"ဒီဂွမ်းထိုးကောင်က ကျွန်တော့် အနုပညာအာရုံနဲ့ ဆက်စပ် နေတာဆိုတော့ ကျွန်တော်သိဖို့လိုမယ်ထင်တယ်။ ကျွန်တော့်မှာ



www.burmeseclassic.com

www.burmeseclassic.com



အနုပညာအာရုံရှိပါတယ်လို့ ပြန်ငြင်းရအုံးမှာကိုး''

ကျွန်မ မျက်လွှာချလျက် အသာငြိမ်နေမိသည်။ တစ်ခဏ တိတ်ဆိတ်သွားသည်။ သူ ကျွန်မကိုများ ကြည့်နေမလား။

လေပြင်းတစ်ချက်တိုက်လိုက်သဖြင့် မီးအုပ်ဆောင်းအတွင်းမှ ဖယောင်းတိုင်မီးလေး အနည်းငယ်လှုပ်သွားသည်။

''ဆရာတို့ပြောတဲ့ ဂျွမ်းထိုးကောင်ဆိုတာ ဘာလဲတော့မသိဘူး။ ကျွန်တော်ဖတ်ဖူးတဲ့ ကဗျာတစ်ပုဒ်ထဲမှာတော့ အဲဒါပိုးလောက်လမ်း ပဲ''

ဘုရားရေ။

ကျွန်မ ခေါင်းငုံ့ရာက ပြန်တောင်မော့နိုင်ပါတော့မလား။

''မိန်းကလေးတစ်ယောက် အမေနဲ့အဖေကိုလွမ်းတဲ့အခါ ဘုရားကို ဆွမ်းတော်ကပ်၊ ရေချမ်းကပ်လို့ အလွမ်းပြေသတဲ့။ သူ့ချစ်သူ ကို လွမ်းတဲ့အခါကျတော့ ဆွမ်းကပ်လည်း အလွမ်းမပြေ။ ရေချမ်းကပ် လည်း အလွမ်းမပြေ၊ ရေချမ်းခွက်ထဲက ပိုးလောက်လမ်းလို ဆောက် တည်ရာမရ ဖြစ်နေရတယ်...တဲ့''

သေလိုက်ပါတော့ မေဇော်ရယ်။

ဆရာ...။ ဘယ့်နှယ်လုပ်ရမလဲ။ ကျွန်မ ကိုသီဟကို လှစ်ခနဲ မော့ကြည့်တော့ ကိုသီဟက မသိမသာပခုံးတွန့်လျက် ပြုံးနေသည်။ ကျွန်မ မင်းညိုကို မကြည့်ရဲပါ။ ထို့ကြောင့် သစ်ရွက်မီးအိမ်စိမ်းလေး ကိုသာ ငေးနေမိသည်။

''မေဇော်''

အို...။ ကျွန်မ လန့်ဖျပ်သွားကာ သူ့ကို မော့ကြည့်လိုက်ရသည်။ သူကျွန်မကို ခပ်တည်တည်ကြည့်နေခဲ့၏။





''ဒါ့မှာ အနုပညာအာရုံမရှိဘူးဆိုတဲ့စကားကို ပြန်ရုတ်သိမ်းပေး မလား''

ကျွန်မ စကားဆွံ့အကာ ခေါင်းကိုသာ ညိတ်လိုက်ပါသည်။

သူကျွန်မထံမှ မျက်လုံးအကြည့်လွှဲကာ ကိုသီဟကို လှမ်းကြည့် သည်။

''ကျွန်တော်တို့အလုပ်က သတင်းအချက်အလက်တွေ၊ ထင်မြင် ချက်တွေ၊ ခွဲခြမ်းစိတ်ဖြာမှုတွေ၊ ကောက်ချက်ချမှုတွေနဲ့ ပြည့်နေပေ မယ့် အနုပညာအာရုံခံစားမှု လိုအပ်တာအမှန်ပါပဲ။ ခံစားမှုကို ဦးစား မပေးတာက တစ်ပိုင်းပေါ့လေ''

ကျွန်မ သူ့ကိုငေးကြည့်မိလေသည်။

သူ သူ့အလုပ်ကိစ္စကို ပြောနေတာလား။ ကျွန်မကို တစ်ခုခု ဖြေရှင်း နေတာလား။ သူ့ကိုနားလည်ဖို့ ကြိုးစားရတာလည်း ကျွန်မဖြင့် မောလှပါပြီ။

''ဟုတ်ပါတယ်။ Journalist တစ်ယောက်မှာ art sense ရှိဖို့ လိုတာပေါ့။ ဒါမှလည်း အကြောင်းအရာတစ်ခုခုကို ဆွေးနွေးတဲ့အခါ ဖတ်တဲ့သူ လက်ခံနိုင်အောင် ရေးပြနိုင်မှာပေါ့။ ဒါပေမယ့် ခင်ဗျားမှာ ရှိတဲ့ အဲဒီအနုပညာအာရုံကို ခင်ဗျားတကယ်မသုံးတတ်သေးဘူးလို့ ကျွန်တော်ပြောရင် ခင်ဗျားလက်ခံမလား''

ကျွန်မ ကိုသီဟကို ကြည့်လိုက်တော့ ကိုသီဟက မင်းညိုကို ခပ်ပြုံးပြုံးကြည့်နေတာမြင်ရ၏။ မင်းညို အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

''ဟုတ်လားဆရာ၊ ဘာကြောင့်အဲဒီလို ပြောတာလဲ''

''ခင်ဗျားတို့ ဂျာနယ်မှာ ဖန်တီးမှုအနုပညာကို မတွေ့ရဘူး။



www.burmeseclassic.com

ဒါကြောင့် ကိုယ်ပိုင်အတွေးအခေါ်မရှိဘူးလို့ ပြောရလိမ့်မယ်။ နိုင်ငံတကာ လေ့လာသုံးသပ်ချက်တွေ သိပ်ကောင်းပါတယ်။ ဒါပေမယ့် အဲဒါတွေ အားလုံးက သူများအမြင်တွေကို ပြန်ရေးပြနေတာများတယ်။ ခင်ဗျား တို့ရဲ့ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်ငြင်းဆိုချက်၊ ကိုယ်ပိုင်သုံးသပ်ချက်၊ ဒါတွေမပါဘူး။ ဒီတော့ ရပ်တည်ချက်ဝေဝါးနေသလိုပဲ''

မင်းညို အနည်းငယ်တော့ တွေဝေသွား၏။

''ကျွန်တော့်မှာတော့ ကိုယ်ပိုင်ရပ်တည်ချက်နဲ့ ရေးနိုင် လောက်တဲ့ အတွေ့အကြုံ မရှိသေးပါဘူးဆရာ၊ သူတို့ဆီက နိုင်ငံရေးပညာရှင်တွေရဲ့ အမြင်တွေထဲက ကိုယ်နဲ့ သဘောတူညီတာ မတူညီတာတွေပဲ ထုတ်နုတ်တတ်ပါတယ်''

''အတွေ့အကြုံရှိသူတွေဆီက တောင်းရမှာပေါ့ဗျာ။ အရင် တစ်ပတ်က ဆောင်းပါးလေးကောင်းသားပဲဗျ။ အမေရိကန်ရဲ့ အာဖဂန် စစ်ပွဲကို ဝေဖန်တဲ့ဆောင်းပါး။ အဲဒါ ပင်ကိုယ်ရေးပဲ။ အဲဒါမျိုးကို လိုတာ''

''အဲ... အဲဒါ အစ်မဒေါ်အေးအေးထွန်း၊ ကျွန်တော့်ဘော့(စ်) ရေးတာ။ ဒါပေမယ့် အစ်မကတော့လည်း သူ့ကျောင်းမှာ သူက အုပ်ချုပ် ရေးမှူးဖြစ်နေတော့ ဒီဘက်ကို စိတ်နှစ်ထားလို့မရဘူး။ အများအားဖြင့် ကျွန်တော်ပဲ ဆုံးဖြတ်ရတာများပါတယ်။ တစ်ခုခု ဝေဝါးတယ်ဆိုရင် ကျွန်တော် ရွေးချယ်မှုလိုသွားတာပဲ ဖြစ်မှာပါ''

''မဟုတ်ဘူးဗျ။ ကျွန်တော်ပြောချင်တာက သတင်းတစ်ခုကို ဘာကိုဖော်ပြရမလဲလို့ ခင်ဗျားရွေးချယ်တာတွေ ဆုံးဖြတ်တာတွေ ကောင်းပါတယ်။ analysis တို့ opinion တို့ကိုကျတော့ ခင်ဗျားတို့ ဂျာနယ်ရဲ့ ကိုယ်ပိုင်သုံးသပ်ချက်တွေစစ်စစ်ဖြစ်စေချင်တယ်၊ အစစ်အမှန် ကို ငတ်မွတ်တာပေါ့ဗျာ''





''နိုင်ငံတကာ နိုင်ငံရေးမှာ အာရုံပါးတဲ့သူက ရှားတယ်ဆရာ''

''ကျွန်တော် အဲဒါကြောင့်ပြောတာပေါ့ဗျာ''

လုံလောက်စွာ စောင့်ခဲ့ပြီးပြီဖြစ်သောကြောင့် ကျွန်မ သူတို့ စကားကို စိတ်လှုပ်ရှားစွာ ဖြတ်ချပစ်လိုက်၏။

''နေစမ်းပါဦး။ ဆရာတို့နှစ်ယောက် ဘာဖြစ်လို့ စကားတွေ လွှဲနေရတာလဲ၊ တစ်ယောက်ယောက်ကတော့ ပြောပါအုံး။ သေတဲ့လူက ကိုခွန်သာ ဟုတ်သလား၊ မဟုတ်ဘူးလား''

ကျွန်မ ဆက်လက်အောင့်အည်း မြိုသိပ်မနေနိုင်တော့ပါ။

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ နောက် မှ ကျွန်မကို ကြည့်သည်။ မင်းညိုက သက်ပြင်းချလျက် ပြောလာသည်။

''ဘာလို့ ဒီလောက်လောနေရတာလဲ မေဇော်၊ ထမင်းအရင်ပြီး အောင်စားမယ်လေ''

''ငါသိချင်လှပြီ။ မစောင့်နိုင်တော့ဘူး''

ဝမ်းနည်းဒေါသဖြင့် သူ့ကို ကျွန်မ ပူဆာလိုက်မိသည်၊ တကယ် ဆို ကျွန်မ သည်အဖြေကို စာမေးပွဲရလဒ်တစ်ခုစောင့်သလို စောင့်နေခဲ့မိ သည်ဆိုတာ သူသိဖို့ ကောင်းပါသည်။

''အေးပါဟာ၊ ငါပြောပြပါမယ်။ ငါက နင့်ကို ထမင်းအရင် ပြီးအောင် စားစေချင်လို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ အဖြေက စိတ် သက်သာစရာ မရှိလို့ပဲ။ နောက်ပြီး အလောင်းဖော်တဲ့ကိစ္စကိုလည်း စားတုန်းသောက်တုန်း မပြောချင်လို့ပဲ''

ကျွန်မ အံတင်းတင်းကြိတ်ထားမိသည်။ ကိုသီဟက တစ်ခွန်းမှ ဝင်မပြော။ အားလုံးကို မင်းညိုအား လွှဲအပ်ထားပုံပေါ်သည်။

မင်းညိုသည် ပြောမည့်ပြောတော့ ကျွန်မမျှော်လင့်ထားသလို



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ မြုန်းခနဲ ပြောချပစ်လိုက်သည်။

"ငါတို့ ဖော်လို့ရတဲ့အလောင်းမှာ လက်တစ်ဘက် ပျောက်နေတယ် မေဇော်"

ကျွန်မ ကြောင်ပြီး သူ့ကို ငေးနေမိ၏။

"လက်ကျိုးတာက ဘယ်လက်၊ လက်စွပ်ဝတ်ထားတာလဲ ဘယ်လက်။ အခုအလောင်းမှာက အဲဒီလက် ရှိမနေဘူး"

လက်စွပ်...။ ခဏလေး ကျွန်မ တွေ့တွေ့နေသော ကိုခွန်သာမှာ လက်၌ လက်စွပ်ပါသလား။ ပြန်စဉ်းစားကြည့်မိသည်၊ ရေးရေးမျှပင် မပေါ်လာခဲ့ချေ။

သူ့လက်ကို ကျွန်မ ဆုပ်ကိုင်ဖူးသည်။ ညာလက်လား၊ ဘယ်လက်လား။ ကျွန်မအာရုံထဲမှာ အရိပ်တွေနှင့် အသံတွေ ရောကာဝေဝါးနေသည်။

"ဘာလို့ မရှိတာလဲ"

"မမေဇော်၊ ကျွန်တော် သူ့အလောင်းကို မြေမြှုပ်တုန်းက လက်စွပ်ပါသွားတယ်လေ။ ပတ္တမြားလက်စွပ်၊ ဒီတော့ လောဘကြီးတဲ့ လူတွေက အလောင်းကို ဖော်ပြီး လက်စွပ်ယူရင်းက လက်က တစ်နေရာရာမှာ ရောက်သွားတာလည်း ဖြစ်နိုင်တာပဲ"

မင်းညိုက ခပ်ဆဆလေသံဖြင့် တစ်ခု ဝင်ပြောလာသည်။

"ဒါမှမဟုတ် ဒီ့ထက်ရက်စက်တဲ့ ဖြစ်နိုင်ချေတစ်ခုက အုတ်ဂူမဟုတ်တဲ့အတွက် လူမှအလောင်းကို ဖော်နိုင်တာမဟုတ်ဘူး။ နှစ်ကြာလာတဲ့အခါ ခွေးလည်းဖော်နိုင်တာပဲ။ ခွေးဆွဲတာတို့ ဘာတို့ ..."

"တော်တော့"

ကျွန်မ ရင်ထဲမှာ နာကျင်သွားသဖြင့် အံကြိတ်လျက် သူ့ကို





တားမြစ်လိုက်မိသည်။

"မေဇော် နင်စိတ်ထိခိုက်သွားသလား"

စိတ်ထိခိုက်သွားသလား။ ကျွန်မ ဘယ်လိုဖြေရပါ့မလဲ။ ကျွန်မ မကြားချင်သည့် မကြားရဲသည့် အဖြစ်မှန်တစ်ခုကို မကြားရသည့်အတွက် စိတ်သက်သာရာရတာကတစ်ပိုင်း၊ သေပြီးတဲ့နောက်မှာတောင် သူ့ဘဝဟာ မငြိမ်းချမ်းရှာဘူးဟု စိတ်ထိခိုက်ရသည်ကတစ်ပိုင်းပါ။

မင်းညိုသည် ကျွန်မအား ကရုဏာသက်သလို ကြည့်နေသည်။

"ဒီနေ့ စောစောအိပ်နော် မေဇော်၊ မနက်ဖြန်ညကျ ရထားပေါ်မှာ နင်အိပ်ရေးပျက်လိမ့်မယ်"

"ငါ မအိပ်ချင်သေးဘူး"

ရေရာသေချာမှုကို မျှော်လင့်ထားသမျှ ပဟေဠိကိုသာ ဆက်လက် ကြုံတွေ့နေရသောအခါ လူတွေ ဘာလုပ်ကြသလဲမသိ။ ကျွန်မကတော့ တစ်ယောက်ယောက်ကို ဂျစ်ကန်ကန်လုပ်ချင်နေသည်။ ထိုတစ်ယောက်ကလည်း မင်းညိုကလွဲ၍ ဘယ်သူများ ဖြစ်နိုင်ပါမည်နည်း။

"အိုကေ အိုကေ၊ စကားဆက်ပြောချင်လား။ ငါတို့ အပေါ်ထပ်စာကြည့်ခန်းထဲ သွားကြမလား။ ဆရာက အိပ်ချင်နေလောက်ပြီ"

"ဟာ ရပါတယ် ကိုမင်းညို၊ ကျွန်တော် မအိပ်ချင်သေးပါဘူး။ ပြောစရာရှိတာ ပြောကြပါ"

ကိုသီဟက ကမန်းကတန်းငြင်းသည်။

"ကျွန်တော် နားထောင်လို့ရရင် ကျွန်တော် ဆက်ထိုင်နေမှာပေါ့"

ကျွန်မ မရည်ရွယ်သော စကားတစ်ခွန်းကို ပြောလိုက်မိ၏။

"ဆရာနားထောင်လို့ ရပါတယ်ဆရာ၊ ဆရာလည်း စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားမယ့်စကားကို ပြောမယ်လေ။ ကျွန်မ စိတ်ဝင်စားမယ့်စကားလည်း ဖြစ်ရမှာပေါ့နော်။ မကောင်းဘူးလား''

''ကောင်းသားပဲ မမေဇော်၊ ဘာအကြောင်းပြောကြမလဲ''

ကျွန်မ ပြုံးလျက် ဖြေလိုက်မိသည်။

''ဒေါ်အေးအေးထွန်းအကြောင်း ပြောကြမလား''

သူတို့နှစ်ယောက်လုံး ခပ်အမ်းအမ်း ဖြစ်သွားကြသည်။

''မေဇော်''

မင်းညိုက ကျွန်မဘာကြောင့် ကိုသီဟရှေ့မှာ ဤဘာသာရပ်ကို ရွေးပါလိမ့်ဟု နားမလည်နိုင်ဟန်ရှိသည်။

မင်းညို၏ သံသယမျက်လုံးကိုရှောင်ဖို့ ကျွန်မ ထိုင်ရာမှထပြီး ထမင်းပန်းကန်များကို လက်ဆေးကန်ဆီ သယ်သွားလိုက်သည်။ ခပ်လှမ်းလှမ်းမှာ ထိုင်ငိုက်နေသော ဒေါ်တင်က အပြေးရောက်လာ၏။ ထိုအချိန်မှာပင် လျှပ်စစ်မီးပြန်လာခဲ့သည်။ ထမင်းစားခန်းတစ်ခုလုံး လင်းထိန်သွားသည်။

''ထားလိုက်စမ်းပါ ဆရာမရယ်။ ကျွန်မ လုပ်စမ်းပါ့မယ်''

''နေပါ။ နားလိုက်တော့ ကျွန်မပဲ ဆေးလိုက်မယ်''

ယောကျ်ားနှစ်ယောက် ခဏအားယူနိုင်ရန် အချိန်ပေးသည့်အနေနှင့် ကျွန်မ ဘေးထွက်ချင်နေသည်။

''မမေဇော်၊ ထားလိုက်ပါ။ နေကောင်းခါစမှာ ဘာမှ ပင်ပင်ပန်းပန်း မလုပ်တာကောင်းပါတယ်။ လာ ထိုင်ပါ''

ကိုသီဟက ဟင်းပန်းကန်တစ်ခု သယ်ယူလာပေးရင်း ကျွန်မကို ခပ်ပျော့ပျော့ အမိန့်ပေးသည်။ မင်းညိုကတော့ စကားတစ်ခွန်းမှ မပြောပါ။





ကျွန်မ သီးမွှေးငှက်ပျောသီးပန်းကန်ကို ကိုင်လျက် ထမင်းစားပွဲဆီ ပြန်ရောက်လာတော့ မင်းညိုက အနည်းငယ်မျက်မှောင်ကုတ်လျက် သူ့ရှေ့က စကားရွက်မီးအိမ်ကို စိုက်ကြည့်နေသည်။

''တစ်ခါတုန်းက မင်းညိုစင်က ကျွန်မကို ဒေါ်အေးအေးထွန်းလို မိန်းမမျိုးဖြစ်စေချင်တယ်လို့ ပြောဖူးတယ်ဆရာ''

ကျွန်မ စားပွဲမှာထိုင်မိလျှင် ထိုင်မိချင်း ပြောလိုက်သည်။ ကိုသီဟ အနည်းငယ်ဇဝေဇဝါ ဖြစ်သွားသည်။ မင်းညိုကို တစ်ချက်ကြည့်လိုက်ပြီး ကျွန်မကို ပြန်ကြည့်ပါသည်။

''ဒီတော့ ဆရာ့ကို ကျွန်မ မေးချင်တာက ဒေါ်အေးအေးထွန်းဟာ ဘယ်လို မိန်းမမျိုးလဲဆရာ။ ဘယ်လို မိန်းမမျိုးလို့ ဆရာမြင်သလဲ''

''မေဇော် နှင် ဆရာ့ကို ဘာတွေ''

မင်းညိုက ကျွန်မ၏စကားကို ကန့်ကွက်သည်။ ကိုသီဟက အလိုက်သင့်ပြုံး၏။

''ဒီမေးခွန်းကောင်းတယ်ဗျ။ ကျွန်တော်ဖြေမယ်လေ''

ထိုအခါ မင်းညို ပို၍ စိတ်ရှုပ်ထွေးသွားဟန် ရှိသည်။ တစ်ခုခု ပြောမည်ပြုပြီးမှ မပြောတော့ဘဲ လက်လျှော့ဟန်ဖြင့် ကုလားထိုင်နောက်မှီကို မှီထိုင်လိုက်လေသည်။

''တစ်ခုတော့ရှိတယ်ဗျာ၊ ကျွန်တော်သိတဲ့ ဒေါ်အေးအေးထွန်းက လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က အင်္ဂလိပ်စာကျောင်း စထောင်ခါစ အခြေအနေက ဒေါ်အေးအေးထွန်းဆိုတော့ အခု ကိုမင်းညိုက မမေဇော်ကို ဖြစ်စေချင်တဲ့ ဒေါ်အေးအေးထွန်းနဲ့ ဘယ်လောက်ကွာသလဲ ကျွန်တော်မသိဘူး''

ကိုသီဟစကားကြောင့် မင်းညို တအံ့တသြဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာပါသည်။ ကျွန်မ မင်းညိုကို ခပ်စိုက်စိုက်ကြည့်ပစ်လိုက်မိသည်။

"အစ်မက ကျွန်တော် တွေ့ဖူးသမျှ အင်္ဂလိပ်မေဂျာသမားတွေထဲမှာ အတော်ဆုံးဗျ။ အစ်မကို သင်တဲ့ဆရာတွေပဲ တခြားလူတွေကိုလည်း သင်တာပဲ၊ ဒါပေမယ့် အစ်မက လေ့လာအား ကောင်းတယ်ထင်တယ်။ နောက်ပြီး တာဝန်ယူအာရုံစူးစိုက်မှုရှိတယ်။ ဒါကြောင့် အင်္ဂလိပ်စာကို ပျံနေအောင်တော်တာ"

သည်မေးခွန်းကို ကျွန်မ အစဖော်လိုက်တာ မှန်သွားပါသည်။ ကိုသီဟသည် ဒေါ်အေးအေးထွန်းအကြောင်းကို တော်တော်များများ သိနေသည်။ အထင်ကြီးလေးစားမှုလည်း မနည်းလှဘူး ထင်ပါသည်။

"သူက ပိုက်ဆံရှိလို့ အတွေးအခေါ်ကောင်းလို့ ကျောင်းထောင်တာတင် မကတော့ဘူး။ ကိုယ်တိုင်လည်း စာသင်တာ ဝါသနာပါလို့ဗျ။ ဒီတော့ သူဟာ ထူးချွန်ထက်မြက်တဲ့ မိန်းမမျိုးပေါ့ဗျာ"

ကိုသီဟက နည်းနည်းပြုံးသည်။

"နောက်တစ်ခုက အမူအကျင့်၊ တည်ကြည်တယ်။ ဖြောင့်မှန်တယ်။ ဂုဏ်သိက္ခာ ဆိုရင်လည်း တော်တော်ကြီးတယ်။ ခေါင်းဆောင်စရိုက်နဲ့ တာဝန်ယူစိတ် အပြည့်ရှိတယ်။ သူ့ကျောင်းမှာ အလုပ်လုပ်ဖူးတဲ့ ကျွန်တော့် သူငယ်ချင်းကျောင်းဆရာတစ်ယောက်က ပြောတယ်။ ဒေါ်အေးအေးထွန်းကို ယောကျ်ားတစ်ယောက်လိုပဲ တိုင်ပင်ဆွေးနွေးလို့ရတယ်တဲ့။ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ ပြတ်သားတယ်တဲ့။

"ကျွန်တော်အကြိုက်ဆုံးအရည်အချင်းကတော့ လူငယ်တွေနဲ့ သူ့ပတ်ဝန်းကျင်ကို ထက်မြက်ထူးချွန်ဖို့ သူနိုင်သလောက်နဲ့ အကျိုးပြုချင်တဲ့ လူမှုရေးစိတ်ဓါတ်ပဲ"

မင်းညိုက အနည်းငယ်ပြုံးလာသည်။ သူ့မှာ အဖော် တစ်





ယောက် ရှိနေသေးသည်ဟူသော စိတ်သက်သာရာရပုံမျိုးလား မသိပါ။

"သူ့အလှကရော ဆရာ"

ကိုသီဟကို ကျွန်မ စကားထောက်ပေးလိုက်သည့်အခါ မင်းညိုက ကျွန်မအား မျက်လုံးဖွေကြည့်၏။

"သူ့အလှက ကြက်သရေရှိတဲ့အလှဗျ။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချတဲ့ မိန်းမတစ်ယောက်ရဲ့ အပိုအလိုမရှိတဲ့ မာန်ရှိတယ်။ အဲဒီမာန်ကြောင့် သူ့အလှက ပိုပြီးတောက်ပနေတယ်လို့ထင်တယ်"

"ယောကျ်ားတွေက မိန်းမတွေရဲ့ ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချတဲ့မာန်ကို ကြိုက်ရဲ့လားဆရာ"

သူရယ်မောသည်။

"ကျန်တဲ့ယောကျ်ားတွေတော့ မသိဘူးဗျ။ ကျွန်တော်ကတော့ ကြိုက်တယ်"

ကျွန်မ ကိုသီဟကိုမေးရင်းက ဒေါ်အေးအေးထွန်းကို တကယ်ပင် ကိုယ်တိုင် စိတ်ဝင်စားလာသည်။

"ဆရာ ကျွန်မက သူ့ကို အတုခိုးရမယ်ဆိုရင် ကျွန်မ သူ့ရဲ့ အရည်အချင်းတွေထဲက ဘာတွေကို မီနိုင်မယ်လို့ ထင်လဲဟင်"

ကိုသီဟက ကျွန်မအား တစ်ချက်ငဲ့စောင်းကြည့်သည်။ ထို့နောက် သိမ်မွေ့စွာပြုံးလျက်

"မမဇော်က သူ့ထက်လှပါတယ်"

ကျွန်မ မျက်နှာနွေးခနဲဖြစ်သွားသည်။ မျက်နှာထားရလည်း ခက်သွားပါသည်။ ကျွန်မ ထင်မထားသော စကားတစ်ခွန်းကို ရလိုက်ခြင်းဖြစ်သည်။ ကျွန်မ မင်းညိုဆီသို့ တစ်ချက် လှစ်ခနဲကြည့်လိုက်မိသေးသည်။ မင်းညိုက ကျွန်မတို့နှစ်ယောက်လုံးအား မကြည့်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းအပြင်ဘက် တစ်နေရာရာသို့ လှမ်းကြည့်နေသည်။

"မိဖို့ခက်ခဲတဲ့အချက်မှာ မိရုံမက ကျော်လွန်ခဲ့ပြီးပြီပဲ။ တခြားအရည်အချင်းတွေက လိုက်အတုယူဖို့ လွယ်ပါတယ် မမဇော်၊ တကယ်သာ သူ့ကို မိချင်တယ်လို့ ဆုံးဖြတ်ထားရင်ပေါ့"

ကျွန်မ ကိုသီဟကို ငေးကြည့်လျက်"မိချင်ပါတယ်ဆရာ"ဟု အသံခပ်ဖျော့ဖျော့ဖြင့် ဖြေလိုက်မိပါသည်။ ထိုစကားကို ပြောပြီးချိန်တွင် ကျွန်မမှာ ရှိနေခဲ့ဖူးသော မာနတွေ အကုန်လျှော့ကျ လွင့်စဉ်သွားသလို ခံစားလိုက်ရသည်။ မျက်လုံးအိမ်မှာလည်း မျက်ရည်တွေ ဝေ့လည်လာခဲ့ပါသည်။

ကျွန်မ ပြောလိုက်ရတဲ့စကားဟာ ကျွန်မ ရမရ မသေချာတဲ့ဆုလာဘ်အတွက် ထိုက်တန်လို့လား။ တစ်ယောက်ယောက်ကများ မေးလာခဲ့လျှင် တန်သည်ဟု ကျွန်မဖြေရန် အဆင်သင့်ရှိနေပါသည်။

ကျွန်မစကားအဆုံးတွင် သူတို့နှစ်ယောက်လုံး တိတ်ဆိတ်သွားခဲ့သည်။ တော်တော်ကြာသည်အထိ ဘယ်သူကမှ စကားစပြီးမပြောကြ။ ကိုယ့်အတွေးနှင့်ကိုယ် နစ်မျောနေကြသည်။ မင်းညိုကို လှမ်းမကြည့်ဖြစ်အောင် ထိန်းချုပ်နေမိသဖြင့် မင်းညို ပြတင်းမှ ကြည့်နေဆဲလား ကျွန်မ မသိပါ။

နောက်ဆုံးတော့ ကျွန်မကပဲ စကားပြန်စလိုက်သည်။

"ဆရာ အဲဒီအစ်မဆီက တစ်ခုခုရနိုင်မယ်ဆိုရင် ဘာလိုချင်လဲဟင်"

သူချက်ချင်းမဖြေဘဲ ခဏငြိမ်နေပြီးမှ

"ကျွန်တော် မမဇော်ကို ပြောဖူးသားပဲ။ သူ့ဆီက ကျွန်တော်လိုချင်တာက မိခင်နဲ့တူတဲ့မေတ္တာ၊ တခြားဘယ်သူ့ဆီကမှလည်း မလို





ချင်ခဲ့ဘူးပါဘူး။ ဒါပေမယ့် သူ့ဆီကလည်း တစ်ခါမှ မတောင်းခဲ့ဖူးပါဘူး"

ကျွန်မ မင်းညိုကို ကြည့်ချင်လိုက်တာ။ သို့သော် ကိုသီဟကို ကြည့်ရင်းက မျက်စိထောင့်မြင်ကွင်းဖြင့် မြင်ရသမျှကတော့ သူသည်ဘက်သို့ လှည့်မကြည့်သေးပါ။

"မတောင်းခဲ့တာက ဘာဖြစ်လို့လဲဟင်။ မရနိုင်ဘူးလို့ ထင်လို့လား"

ကျွန်မ မေးခွန်းက ပို၍ပင် ဘောင်ကျော်သွားသည်ကို ချက်ချင်းသတိထားလိုက်မိသည်။

"ဆောရီး၊ မဖြေပါနဲ့ဆရာ၊ ကျွန်မမေးမိတာ တောင်းပန်ပါတယ်"

သူက ပြုံးလျက် ကျွန်မကိုကြည့်သည်။

"မဟုတ်ပါဘူး မမဇော်၊ ကျွန်တော်ဖြေမလို့ပါ။ ဒီလိုရှိတယ် မမဇော်ရဲ့၊ ကျွန်တော်က တောင်းယူမှရတဲ့အရာကို မလိုချင်ဘူး။ တစ်ယောက်နဲ့တစ်ယောက် မတောင်းဘဲရတဲ့ အပြန်အလှန် ဖွယ်တာမျိုးကိုပဲလိုချင်တာ။ ကျွန်တော်နဲ့သူက အဲဒီ အခွင့်အရေးကို မရခဲ့ဘူးလေ"

ထို့နောက် သတိရသွားသလို သူက မင်းညိုဘက်သို့ ဖျပ်ခနဲလှမ်းကြည့်သည်။

"ကိုမင်းညို၊ ကျွန်တော်ပြောတာတွေကို ခင်ဗျား မကြားပါဘူးနော်"

ကျွန်မ ကြည့်ချင်လွန်းလှသော မင်းညိုကို ကိုသီဟကြောင့် ကြည့်ခွင့်ရသွား၏။ မင်းညိုက မရယ်မပြုံး လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မကြားပါဘူးဆရာ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ကျွန်မ မင်းညိုကို သတိလက်လွတ် ငေးနေမိသည်။ ထိုအချိန်မှာ ကိုသီဟက ကျွန်မအား ရုတ်တရက် ပြောလာသည်။

"မမေဇော် ဒေါ်အေးအေးထွန်းအကြောင်းကို ကျွန်တော့်ထက် ကိုမင်းညိုက ပိုပြောနိုင်မယ်မဟုတ်ဘူးလား။ သူ့ကို မေးလေ"

ကျွန်မ ကပျာကယာ မျက်နှာထားကို ပြင်လျက်ပြုံးလိုက်ရသည်။

"မမေးတော့ပါဘူးဆရာ။ ကျွန်မ သွားအိပ်ဖို့ အချိန်ရောက်နေပြီ။ ဆရာတို့က ဒီနေ့ အရမ်းပင်ပန်းထားကြတာ။ ကျွန်မက အလိုက်မသိ စကားတွေ စွတ်မေးလို့မကောင်းပါဘူး။"

ပြောပြောဆိုဆို ကျွန်မ ထိုင်ရာမှ ထရပ်လိုက်၏။ ကျွန်မထရပ်တော့ မင်းညို လှုပ်လှုပ်ရှားရှားဖြစ်လာပြီး သူပါ ထရပ်လိုက်ပါသည်။

"မေဇော်"

ကျွန်မ သူ့ကို မော့ကြည့်လိုက်မိသည်။ မပြောနဲ့။ နှင်ငါ့ကို ဘာမှ မပြောပါနဲ့။ သူ ကျွန်မကို ကြည့်သည့်အကြည့်ကို ကျွန်မ အမျိုးအစား မခွဲခြားတတ်ပါ။

"အပေါ်ထပ်ထိ လိုက်ပို့ပေးရမလား"

ကျွန်မ ခပ်ဟဟရယ်ရင်း ငြင်းမိသည်။

"ဟင့်အင်း ငါ မကြောက်ပါဘူး။ ဂွတ်ဒ်နိုက်တ် ဆရာ"

ကိုသီဟက မတ်တပ်ထရပ်ကာ ခါးဆန့်အညောင်းဖြေနေရာက ကျွန်မအား Good Night ဟု နှုတ်ဆက်သည်။ ကျွန်မ လှေကားမှ တက်လာခဲ့ချိန်တွင် သူတို့နှစ်ယောက် တိတ်ဆိတ်လျက် ကျန်ခဲ့သည်။

ဤအိမ်နှင့် ဤခြံသည် မနက်ဖြန်ကျလျှင် အရင်ကလိုပဲ ခြောက်





သွေ့အထီးကျန်စွာ ကျန်ရစ်ခဲ့ပေတော့မည်။ ကိုသီဟက မန္တလေးတက္ကသိုလ်သို့ပြန်မည်။ ကျွန်မနှင့်မင်းညိုက ရန်ကုန်သို့ပြန်မည်။ ရန်ကုန်မှာ ကျွန်မဘဝ ရှိသတဲ့။ မင်းညို၏စကား။ တကယ်တော့ ကျွန်မဘဝက ဘယ်မှာလဲ ကျွန်မ မသိ။ ထို့ထက်ပို၍ ကျွန်မမှာ ရှင်သန်စရာ မက်မောတွယ်တာစရာ ဘဝရောရှိသေးရဲ့လား။ ကျွန်မ မသိပါ။

လှေကားထစ်တွေ၏ တစ်ဝက်လောက်ရောက်သောအခါ ကျွန်မ ထူးခြားမှုတစ်ခုနှင့် ရင်ဆိုင်လိုက်ရသည်။ မွှေးရနံ့တစ်ခု ဖြစ်သည်။ စံကားဖြူပန်းရနံ့။ သည်အနံ့ကို ကျွန်မ သိပါသည်။ ဘာစံကားဖြူပါလိမ့်။ ခဏလေး၊ အဲဒါ ဘယ်ကလာနေတာလဲ။

ဉယျာဉ်ထဲကလား၊ သို့မဟုတ်...

အို... ကျွန်မ၏ အခန်းဆီကပဲ။

ကျွန်မ လှပ်ခနဲ ရင်ခုန်သွား၏။ ဘာအဓိပ္ပါယ်လဲ။

ကျွန်မသည် ကျန်ရှိနေသော လှေကားထစ်များကို သတိထားလျက် ဖွဖွနင်းလျှောက်လာခဲ့ရသည်။

လှေကားထိပ်ရောက်တော့ ပန်းရနံ့သည် ရူးရူးနစ်နစ် ထုံသင်းလျက်ရှိသည်။ ကျွန်မ အခန်းဆီသို့ တွန့်ဆုတ်သော ခြေလှမ်းများဖြင့် လှမ်းလာခဲ့ချိန်တွင် ခြေလှမ်းတစ်လှမ်းချင်းသည် မွှေးရနံ့ဆီသို့ ပို၍ ပို၍နီးလာစေခဲ့ပြီဟု သေချာသွားသည်။ ကျွန်မ အခန်းထဲသို့ ဝင်လိုက်လျှင် ဘာကို တွေ့ရမလဲဆိုတာ ကြိုတင်သိပြီးပါပြီ။

စေ့ထားသော အခန်းတံခါးကို အသာတွန်းဖွင့်လိုက်သည်။ မွှေးရနံ့က တကယ်ပင် ကျွန်မအခန်းထဲမှ လာနေခဲ့ခြင်းဖြစ်သည်။

မြင်ရသမျှမှာ အခန်းသည် ညနေက ကျွန်မထားရစ်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဘာမှမပြောင်းလဲ။ စာရေးစားပွဲပေါ်တွင် ရေးလက်စ မှတ်စု စာအုပ်နှင့် ဘောလ်ပွိုင့်ပင်၊ ဖတ်လက်စ ပြင်သစ်ခေတ်ပေါ် စာရေးဆရာများ စာအုပ်၊ ထပ်ထားသော ပြင်သစ်အင်္ဂလိပ်အဘိဓာန်နှင့် သဒ္ဒါစာအုပ်များ။ အားလုံးကို လှမ်းမြင်နေရသည်။ ကျွန်မသည် ခုတင်ဆီသို့ သတိထားသော ခြေလှမ်းများဖြင့် လှမ်းလာခဲ့မိ၏။

ခုတင်ခေါင်းရင်းသို့ရောက်သောအခါ ကျွန်မ ရင်တလှပ်လှပ်ခုန်လျက် မွေ့ရာပေါ်သို့ ငုံ့ကြည့်လိုက်သည်။

ကျွန်မ မျှော်လင့်မှန်းဆထားခဲ့ပြီးသော မြင်ကွင်းဖြစ်ပေမယ့် တကယ် မြင်လိုက်ရသည့်အခါ မိုက်ခနဲပြာဝေကာ ယိုင်သွားလေသည်။

ဘုရား ဘုရား။

ကျွန်မ၏ခေါင်းအုံးပေါ်တွင် ရှည်သွယ်သောပွင့်ချပ်တွေ အထပ်ထပ်ဖြင့် ဖြူဆွတ်ကြွရွသော စံကားဖြူပန်းတစ်ပွင့်။

ကြယ်စံကားဖြူ...

ကျွန်မသည် ခုတင်ဘေးမှာ ယိမ်းယိုင်စွာ မတ်တတ်ရပ်လျက်က ပန်းကလေးကို ကြောင်အစွာ စိုက်ကြည့်နေမိသည်။

'မင်းခေါင်းအုံးပေါ်မှာ တစ်ယောက်ယောက်က ဒီပန်းလေးကို လာတင်ထားစေချင်သလား'

ကိုခွန်သာ...

မဖြစ်နိုင်ဘူး။ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ကိုခွန်သာဟာ တကယ့်လူမဟုတ်ဘူးတဲ့။ ဝိညာဉ်တစ်ခုက ကျွန်မ ခေါင်းအုံးပေါ်မှာ ပန်းတစ်ပွင့် လာမထားနိုင်။ အဲဒါ လုံးဝသေချာသည်။

ဒါဖြင့် ဒီပန်းပွင့်က ဘာကြောင့် ကျွန်မ ခေါင်းအုံးပေါ် ရောက်နေရတာလဲ။





ကျွန်မ အာရုံတွေ နောက်ကျိပြီး ထင်ယောင်ထင်မှားတွေ လျှောက်မြင်နေတာလား။ ကျွန်မသည် ပန်းပွင့်ကို လက်ညှိုးဖြင့် မထိရဲထိရဲ ထိတို့ကြည့်လိုက်သည်။ လန်းဆန်းသော ပန်းပွင့်လေး၏ ပွင့်ချပ်သည် နူးညံ့ချောမွတ်လျက် ရှိလေသည်၊ ကျွန်မ ပန်းပွင့်ကိုအသာ ကောက်ကိုင်လိုက်၏။ ထို့နောက်ဘယ်လိုမှ ထိန်းချုပ်လို့မရဘဲ နမ်းရှိုက်လိုက်မိသည်။ စံကားဖြူပွင့်လေး၏ မွှေးရနံ့သည် ကျွန်မ၏ရင်ထဲသို့ နက်ရှိုင်းစွာ ထိုးဖောက် ဝင်ရောက်သွားသည်။

သူ ဘယ်မှာလဲ။ ပန်းပွင့်လေး၏ပိုင်ရှင်...။

ကျွန်မ တဒိတ်ဒိတ် မြန်ဆန်စွာ ခုန်သောရင်ဖြင့် အခန်းပတ်ပတ်လည်ကို မျက်စိဝေ့ဝဲ ရှာဖွေကြည့်မိသည်။ အင်္ကျီချိတ်မှာ ချိတ်ထားသော အပေါ်ဝတ်အနွေးထည်၊ အဖြူရောင်ဘလောက်စ်အင်္ကျီကြိုးတန်းမှာလွှားထားသော မျက်နှာသုတ်ပဝါ၊ စာအုပ်ဘီရိုများ၊ ဝိုက်ကွေးသော ပန်းခက်တို့ဖြင့် အပွင့်ဖော်ထားသော ခေါက်လို့ရသည့် ကြိမ်ကန့်လန့်ကာ၊ အဲဒီ ဟိုဘက်မှာ ဘာမှမရှိ။

ကျွန်မသည် လူစိမ်းတစ်ယောက်ယောက် ကျွန်မ မသိဘဲ အခန်းထဲခိုးဝင်နေကောင်း နေနိုင်သည်ဟု တစ်ကြိမ်တော့ အတွေးပေါ်လာမိသေး၏။ သို့သော် ကိုခွန်သာကိုတွေ့မြင်ဖို့ မျှော်လင့်စိတ်က လွှမ်းမိုးချုပ်ကိုင်ထားသဖြင့် ထိုအတွေးကို ချက်ချင်းပင် ပယ်ဖျက် ပစ်လိုက်သည်။

ကိုခွန်သာ... တိုးတိုး ခေါ်ကြည့်ဖို့ကောင်းသော်လည်း ကျွန်မ၏ နှုတ်ခမ်းတို့ကို တစ်ခုခုက ထိန်းချုပ်ထားသည်။ ကိုခွန်သာသာ ဝိညာဉ်မဟုတ်ခဲ့ဘူးဆိုရင် ဘာဖြစ်လို့ အခုလို ပျောက်ကွယ်သွားခဲ့ရတာလဲ။

ဒါပေမယ့် သူ့ အကြောင်းတစ်ခုခုနဲ့ တစ်နေရာရာကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားရတာဖြစ်ပြီး အခုမှပြန်ရောက်လာတာဆိုရင်...

ဒါပေမယ့် ကြယ်စံကားဖြူပွင့်ကိုမှ ဘာဖြစ်လို့ ခေါင်းအုံးပေါ် လာတင် ထားရသလဲ။

သူ ကျွန်မကို...

ကျွန်မနောက်မှ တိုးတိတ်သော အသံတစ်ခု..

နောက်သို့ ဖြုန်းခနဲလှည့်ကြည့်သောအခါ တဖျတ်ဖျတ်လွင့်နေသော ပျော့ပြောင်းပါးလျားသည့် ခန်းဆီးစ...။ ပြတင်းပေါက် ပွင့်နေခဲ့ပြန်ပြီ။

ကျွန်မသည် ပန်းပွင့်လေးကို မွေ့ရာပေါ် ရွရွလေးတင်လိုက်ပြီး နောက် ပြတင်းဆီသို့ လျှောက်လာခဲ့သည်။ ပြတင်းတံခါးရွက်တစ်ချပ်က ပိတ်လျက်၊ နောက်တစ်ချပ်က ပွင့်လျက်။

ပြတင်းဝမှာ မတ်တပ်ရပ်မိသောအခါ အခန်းမှဖြာထွက်သည့် အလင်းဖြင့် ခြံထဲက စံကားပင်တန်းအချို့ကို ကွက်တိကွက်ကြားမြင်နေရသည်။ ကျွန်ရှိသမျှ စံကားပင်တို့ကတော့ မှောင်မဲသော ကောင်းကင်အောက်မှာ ငြိမ်သက်စွာ...။

ထိုစံကားပင်တန်းများဆီသို့ တစ်ယောက်ယောက်ကို ရှာဖွေသောအကြည့်ဖြင့် လှမ်းမျှော်ကြည့်မိသည်။ နှုတ်ဆက်ရုံပါပဲ။ ပြန်တော့မည့်အကြောင်းကို အသိပေးရုံပါပဲ။ သူသာ လူတစ်ယောက် ဖြစ်ခဲ့လျှင်ပေါ့။ ကျွန်မ သူ့ကို သည်အတိုင်း ပဟေဠိဖြင့် ခွဲခွာမထားရစ်ခဲ့လို။

သို့သော် သူကတော့ ကျွန်မကို ခွဲခွာထားရစ်ခဲ့ဖို့ ဆုံးဖြတ်ပြီး ခဲ့လေပြီ၊ ကြယ်စံကားဖြူတစ်ပွင့်သည် သူနှင့်ကျွန်မအတွက် ခွဲခွာခြင်း၏ သင်္ကေတ ဖြစ်သည်။ ဒါကို သူရောကျွန်မရော သိကြသည်။

ဒါ့ကြောင့်များလားမသိ။ ကျွန်မ၏ မြင်လွှာအောက်မှာ အရာရာ





သည် ချုပ်တည်းမှုဖြင့် အေးစက်လျက်ရှိသည်။

အောက်နားဆီက အသံတစ်ခုကြားရသဖြင့် ပြတင်းဘောင်ပေါ်မှာ ကျွန်မလက်ကိုတင်ပြီး ကိုယ်ကိုကိုင်းငုံ့ကာ အိမ်၏ တစ်ဘက်တစ်ချက်သို့ ကဲကြည့်လိုက်မိသည်။ ခပ်လှမ်းလှမ်းက စံကားပင်ကြီး၏ အကိုင်းတစ်ခုသည် အိမ်နံရံသို့ ထိလိုက်မထိလိုက် ယိမ်းနွဲ့နေသည်။

ကျူးလစ်စံကားဝါ...။

အိမ်ဘက်သို့ ဖြာထွက်နေသည့် အကိုင်းပေါ်မှာ ကျူးလစ်ပန်းနှင့် ခပ်ဆင်ဆင် ပန်းပွင့်လေးတွေ အများကြီးပွင့်နေသည်။ မီးရောင်အောက်မှာမို့ ခပ်ဖြူဖြူပါပဲ၊ ဒါပေမယ့် တကယ်က အဝါနုရောင်တဲ့။

ကြည့်လေရာရာမှာ သစ်ပင်၊ သစ်ရွက်နှင့် ပန်းပွင့်များသာပါပဲ။ လူအရိပ်အရောင်ကို မတွေ့ရ။ ကိုခွန်သာ...။ ပန်းပွင့်လေးကို ကျွန်မ မသိလိုက်ရဘဲ လျှို့ဝှက်စွာ ဘယ်လိုများ လာထားလိုက်ပါလိမ့်။ ကျွန်မ အခန်းထဲသို့ သူဘယ်လိုနည်းနဲ့ ဝင်ခဲ့ပါလိမ့်။

မြ၏အိပ်ရာပေါ်မှာ စံကားပွင့်တွေ ခင်းကျင်းပေးသွားစဉ်က ဥယျာဉ်မှူးသည် အခန်းထဲသို့ မြမသိအောင် ဘယ်လိုဝင်နိုင်ခဲ့သလဲ။ ခြံထဲမှ အိမ်ပေါ်သို့ရောက်အောင်တက်နိုင်သော လျှို့ဝှက်သည့် နည်းလမ်း တစ်ခုခုများ ရှိနေသလား။

'သူ့နေရာမှာ ကိုယ်ဆိုရင်တော့ တမ်းတနေတဲ့ ချစ်သူဆီကို တက်သွားလိုက်မှာပဲ'

ဟုတ်ပါ့မလားဟင်။

မင်းအတွက် သက်သက်ပွင့်ပေးတဲ့ပန်းလေ...မေ

ဟင့်အင်း မဟုတ်ပါဘူး။

မွေးကြည့်။ သူ့အကြောင်းကို ကိုယ်ပြောပြမလို့။ အိပ်ပျော်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အလှမယ်လေး မက်ဂ်နိုလီယာ ကိုးဘတ်စ်...

ကျွန်မ၏ပါးပြင်သို့ တစ်စုံတစ်ယောက်က မထိတထိမွှေးလိုက်သော အိပ်မက်တစ်ခု...၊ မင်းညိုစင်...၊

ပန်းတွေကြွေတာ အရေးကြီးသလား။ လူတွေကို အသိပညာပေးဖို့က အရေးကြီးသလား။

ကျွန်မ နာကျင်စွာပြုံးလိုက်မိသည်။

လူတစ်ယောက်ရဲ့ဘဝမှာ ပန်းတွေကြွေတဲ့အဖြစ်က တစ်ကြိမ်တစ်ခါလောက်တောင် ပိုအရေးကြီးမနေရဘူးလား။

ကျွန်မ ဘယ်လောက်ကြာအောင် မတ်တတ် ရပ်နေမိသလဲ မသိ။ မိနစ်ပေါင်းများစွာလား။ နာရီတွေဖြစ်တဲ့အထိလား။ ကျွန်မ မသိ။

လေပြင်းတစ်ချက်တိုက်လိုက်လို့ ကျူးလစ်စံကားဝါပင်၏ အကိုင်းတစ်ခု အိမ်နံရံကို ဝုန်းခနဲ လာထိလိုက်ချိန်မှာ လန့်ပြီး ရင်ကိုလက်နှင့်ဖိမိတော့ လည်ပင်းအောက်ခြေက အေးစက်နေခဲ့သည်။ ကျွန်မ အိပ်သင့်နေပါပြီ။ ပြတင်းကိုလည်း ပိတ်သင့်နေပါပြီ။

သို့သော် ကျွန်မ နေရာမှာ မြဲမြဲရပ်နေမိဆဲ။

'မင်းမှာ ချစ်သူ ရှိနေတယ်'

ကျွန်မ ချစ်သူက ဘယ်မှာလဲ။

ကျွန်တော် ဖတ်ဖူးတဲ့ ကဗျာတစ်ပုဒ်ထဲမှာတော့ ဌွမ်းထိုးကောင်ဆိုတာ ပိုးလောက်လမ်းပဲ။

မင်းညို...။

ကျွန်မ၏ တွယ်တာမှုကို သိသိကြီးနှင့် လစ်လျူရှုရက်လောက်အောင်ပဲ ကျွန်မက သူ့အတွက် အရေးမပါခဲ့တာလား။

ကျွန်မမျက်ဝန်းမှာ ရုတ်တရက်ပြည့်လျှံလာသော မျက်ရည်တို့က





ပါးပြင်ပေါ်သို့ လိမ့်ဆင်းသွားခဲ့သည်။ ထိုအချိန်မှာပင် ကျွန်မ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီးဖြစ်သွား၏။ ထိုဆုံးဖြတ်ချက်ကို ပြန်မပြင်မိခင် ကျွန်မ အခန်းထဲမှ တိတ်တိတ်လေး ထွက်လာခဲ့သည်။

လေကားသည် အလယ်တည့်တည့်မှနင်းမိလျှင် အသံမြည်တတ်၏။ ကျွန်မသည် ဘေးနားမှ သတိထားပြီး ဖွဖွလေးနင်းလျက် ဆင်းလာခဲ့ပါသည်။

အောက်ထပ်ဧည့်ခန်းမှာ မီးမှိတ်ထားပြီးပြီ။ သို့သော် ဆယ်ရက်ကျော်ကျော်နေလာခဲ့သည့်အိမ်မို့ ဘယ်နေရာမှာဘာရှိသည်ဆိုတာ ကျွန်မ အလွတ်ရနေပြီ။ ဘာကိုမှ ခလုတ်မတိုက်မိအောင် အမှောင်ထဲမှာ ကျွန်မ လျှောက်တတ်ပါသည်။

ခြေဖွဖွနင်းလျှောက်လာရင်း အိပ်ခန်းတွေဘက်သို့ မျက်လုံးဝေ့လျက် အကဲခတ်ကြည့်မိသည်။ ကိုသီဟရှိရာ အဘိုးအိပ်ခန်းက ဧည့်ခန်းနှင့် ကပ်လျက်၊ ထိုအခန်း၏ တံခါးအောက်ခြေ နေရာလွတ်သေးသေးလေးမှ မီးရောင်ကို မြင်နေရသည်။ သူ့ဟိုဘက်က အခန်းကိုတော့ မမြင်ရ။ အဲသည် အခန်းမှာ မင်းညို နေပါသည်။

ကျွန်မ ဧည့်ခန်းဆက်တိ ကျွန်းကုလားထိုင်များကို လက်ဖြင့် အသာထိကိုင်လျက် တံခါးပေါက်ဆီ လျှောက်လာခဲ့သည်၊ အမှောင်ကို ကျင့်သားရလာသောအခါ ဧည့်ခန်းကို အတော်အသင့် သဲကွဲစွာ မြင်နိုင်သွားပါသည်။

မြာထဲတစ်နေရာရာမှ ခွေးတစ်ကောင် ဆွဲဆွဲငင်ငင်အူလိုက်သော အသံကို ကြားရသည့်အချိန်တွင် ကျွန်မလက်က တံခါးရှက်ကို ထိမိနေပြီ၊ ကျွန်မတစ်ချက်တော့ ကျောထဲက စိမ့်သွား၏။ သို့သော် ကျွန်မ၏ ခေါင်းအုံးပေါ်မှာ လာချပေးသော စံကားပန်းတစ်ပွင့်အတွက် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဘက်က တုန့်ပြန်ဖို့ မလိုဘူးလား။ ကျွန်မအပေါ်မှာ ဂရုတစိုက် နွေးထွေးကြင်နာသော၊ ကျွန်မအတွက်ဆို ဘာမဆို ပေးဖို့အဆင်သင့် ဖြစ်နေသော... တစ်စုံတစ်ယောက်။

ကျွန်မ ခြေဖျားထောက်လျက် တံခါးမင်းတုတ်ကို ဖြည်းဖြည်း ချင်း ဆွဲလှည့်လိုက်သည်။ ဘယ်လောက်ပဲ ထိန်းထိန်း ချောက်ချနဲ့မြည်သံ သည် ကျွန်မကို ရင်တစ်ချက် ဆောင့်ခုန်သွားစေလောက်အောင်တော့ ကျယ်တာပဲ။

ကျွန်မ အသက်အောင့်၍ မင်းတုတ်ကို အောက်သို့ဆွဲချလိုက်၏။ နောက်ဆုံးမှာ တံခါးရွက်နှစ်ချပ်ကို အငြင်သာဆုံး ဆွဲဟဖွင့်လိုက် နိုင် သည်။ အပြင်မှ အေးမြလန်းဆန်းသောလေနှင့်အတူ မွှေးရနံ့က ကျွန်မ ကို နှုတ်ဆက်လေသည်။ ကျွန်မအသက်ကို ဝရှိုက်ရှူလိုက်၏။ အနီးဆုံး စံကားပင်မှာ အိမ်ခေါင်းရင်းက ကျူးလစ်စံကားဝါ...

အပြင်ဘက် အမှောင်ထုထဲသို့ ကျွန်မ ခြေတစ်လှမ်းချတော့မည့် ဆဲဆဲတွင် နောက်ဘက်မှ တစ်စုံတစ်ခု ထိခိုက်ပြိုလဲသံ။

"မေဇော်"

ဘုရားရေ...။

ကျွန်မ နှလုံးက လည်ပင်းဆီသို့ ဆောင့်တက်သွားသည်။ တံခါး ရွက်ကို ကိုင်ထားသော လက်တို့ ပြေလျော့သွားသည်။

"ဘယ်လဲ"

မင်းညို ကျွန်မနောက်သို့ ရောက်လာခဲ့သည်ကို အသံဖြင့်သိ လိုက်ရ၏။

ကျွန်မ အားတင်းကာ သူ့ဘက်သို့ ပြန်လှည့်ရပ်ကြည့်မိသည်။ အမှောင်ထဲတွင် သူ ကျွန်မဆီသို့ လျင်မြန်စွာ တိုးကပ်လာသည်ကို





မြင်ရသည်။

"မေဇော်၊ ဘာလုပ်မလို့လဲ"

စိုးရိမ်တကြီး မေးသံ။

"ဘာမှမလုပ်ဘူး၊ ငါ လမ်းလျှောက်သွားမလို့"

"ဘာ... ညကြီးအချိန်မတော်မှာ ဘယ်ဖြစ်မလဲ"

တံခါးကိုကျောပေး၍ ရပ်နေမိသော ကျွန်မ၏ပခုံးပေါ်မှ ကျော်ကာ သူ့တံခါးကို လှမ်းပိတ်သည်။ တံခါးရွက်နှစ်ချပ် စေ့ပိတ်သံ သည်ပင် ကျွန်မကို တစ်ချက်တုန်သွားစေသည်၊ အဲဒါ ကြောက်လန့်မှု တွေ မဟုတ်ဘူး၊ အဲဒါ ဒေါသတွေပါ။

"မင်းညို..."

အမှောင်ထဲမှာ ကျွန်မသူ့ကို စေ့စေ့ကြည့်ဖို့ ကြိုးစားမိ၏။ သူဘာမှ မပြောဘဲ တံခါးမင်းတုတ်ကို ဆွဲတင်လိုက်သည်။

"လမ်းလျှောက်ချင်ရင် မနက်ကျမှလျှောက်...နော်၊ အခု ည သန်းခေါင်ဖြစ်နေပြီ၊ နင်အိပ်မပျော်ဘူးလား။ စကားတွေ ထိုင်ပြောကြ မလား"

ကျွန်မ တွေတွေကြီးရပ်နေခိုက် သူက ညှော်ခန်းမီးကို သွား ဖွင့် ပါသည်။ လင်းထိန်သွားသော မီးရောင်ကြောင့် ကျွန်မ မျက်ခုံးတွေ ကို ကျုံ့ပစ်လိုက်ရသည်။

"နင် ငါ့ကို တံခါးပြန်ဖွင့်ပေး မင်းညို၊ ငါ သွားမှဖြစ်မယ်"

"ဘယ်ကိုလဲ"

"ခြံထဲကို"

"ဘာကိစ္စရှိလို့ သွားရမှာလဲ၊ မသွားရပါဘူး။ မေဇော် နင် နေကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခပ်မဲ့မဲ့ပြုံးမိသွား၏။

"ငါ့ခေါင်းအုံးပေါ်မှာ စံကားဖြူပွင့်တစ်ပွင့်တွေ့တယ်။ အဲဒါ ဘယ်သူလာတင်ထားမယ်လို့ နင်ထင်လဲ"

ကျွန်မ ဘာမှ အစပျိုးမနေဘဲ ပြောရမည့်စကားကို တိုက်ရိုက် ပြောချပစ်လိုက်သည်။ ကျွန်မစကားကြောင့် သူကြောင်သွားသည်။ မျက်နှာချင်းဆိုင် မတ်တတ်ရပ်လျက် ကျွန်မကို ငေးနေလေသည်။

"အဲဒါ ကိုခွန်သာမဟုတ်လို့ ဘယ်သူဖြစ်မှာလဲ။ ဒီတော့ ငါက သူ့ကို နှုတ်ဆက်မှဖြစ်မှာပေါ့။ ငါ အခုမသွားရင် သူ့ကိုဘယ်တော့မှ တွေ့ရတော့မှာမဟုတ်ဘူး။ သူ ဒီကနေ ထွက်သွားတော့မှာ၊ ငါသိတယ်"

"မဖော်"

"မပြောနဲ့။ ငါပြောတာကိုပဲ နားထောင်၊ ငါ ရန်ကုန်ကို ပြန်လိုက်မယ်။ နင်ဖြေစေချင်တဲ့စာမေးပွဲကို ဖြေမယ်။ နင်သွားစေချင်တဲ့ နိုင်ငံကို သွားမယ်။ နင်လုပ်စေချင်တဲ့အလုပ်ကို လုပ်မယ်။ ဒါပေမယ့် အဲဒါတွေကို ငါ ဘာအတွက်လုပ်ရမှာလဲ။ နင့်ဆီက ငါသိချင်တာ ဒီတစ်ခုတည်းပါ။ ငါ့ကို အဲဒါတော့ပြောပါ။ တခြားဘာမှ နင့်ကို မမေးဘူး။ ငါ အဲဒါတွေကို ဘာအတွက်လုပ်ရမှာလဲ။ ပြောစမ်းပါ မင်းညိုစင်ရဲ့၊ ငါ ဘာအတွက်..."

ပြောရင်းကျွန်မ အသံတုန်လာသဖြင့် ဖြုန်းခနဲ ရပ်ထားလိုက်ရသည်။ မျက်လုံးမှာ မျက်ရည်တွေ ရစ်ဝဲလာသည့်အခါ မြင်ကွင်းက ဝေဝါးသွားလေသည်။

"မဖော်...ခဏလေး။ ခဏလောက် ထိုင်လိုက်ပါအုံး။ ရေ တစ်ခွက်လောက် သောက်မလား"

"မသောက်ဘူး"

နာကျင်မှုနှင့်ဒေါသတို့ ပေါင်းစပ်လျက် သူ့ကို အော်ပစ်လိုက်





သည်။

"ဂျူး... တိုးတိုး၊ ကိုသီဟ နိုးသွားလိမ့်မယ်လေ၊ အားနာစရာ။ ဒီမှာ ခဏထိုင်ပါအုံးနော်"

သူက စိတ်ရှည်ရှည် အပြုံးဖြင့် ကျွန်မအား တောင်းပန်သလို ကြည့်လေသည်။ ကျွန်မ သူညွှန်ပြရာ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင် လိုက်သည်။

"ညအမှောင်ဆိုတာ ဘယ်သူ့အတွက်မှ ဘာအတွက်မှ မကောင်း ဘူး မဖော်။ စိတ်တိမ်းပွေ့တတ်တယ်။ ကြောက်လန့် တတ်တယ်"

သူက ကျွန်မ ရှေ့သို့ ကုလားထိုင်တစ်ခုကို ဆွဲယူလာကာ ထိုင်ပြီး ချော့မော့ဖျောင်းဖျသည့် လေသံဖြင့် တိုးတိုးပြောလိုက်ပါသည်။

"နေ့အလင်းရောင်လာမှ နင်လုပ်ချင်တာတွေကိုလုပ်၊ နင်သွား ချင်သမျှနေရာတွေကို ငါလိုက်ပို့ပေးနိုင်ပါတယ်"

"ငါသွားရမယ့်နေရာကို နင်လိုက်စရာမလိုပါဘူး"

သူစိတ်ဆိုးအောင် ပြောပစ်လိုက်ပေမယ့် သူစိတ်ဆိုးမသွားပါ။ ကျွန်မကို မျက်မှောင်ကြုတ်လျက် ပြုံးကြည့်၏။

"အေးပါ ငါလိုက်စရာမလိုရင် ငါမလိုက်ဘူး၊ လိုရင်လိုက်မယ်။ ဟုတ်ပလား။ နင်ငါ့ကို စိတ်ဆိုးနေတယ်လို့ ငါသိတယ်၊ ငါမသိတာက ဘာအတွက် စိတ်ဆိုးနေတယ်ဆိုတာပဲ"

ကျွန်မသူ့ကို ဆတ်ခနဲမော့ကြည့်လိုက်မိသည်။ သူ ကျွန်မ မျက်လုံးတွေကို အဖြေရှာသလို ကြည့်နေ၏။ သူတကယ်မသိတာ ဖြစ်မှာ။

"စောစောတုန်းက နင် ငါ့ကိုမေးဖို့ မေးခွန်းတစ်ခုရှိတယ်နဲ့ မမေးဘူး။ ဒါ နင်ငါ့ကို စိတ်ဆိုးနေလို့ပဲ မဟုတ်လား။"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မဖြေပါ။

"ငါက နင်မေးမယ်ထင်လို့ ဖြေဖို့ စောင့်နေတယ်။ နင် မမေး ဘူး"

ကျွန်မ ခေါင်းငုံ့ပစ်လိုက်မိသည်။

"အခုမေးလေ မေဇော်"

ကျွန်မ လက်ဖျားတွေအေးစက်လာ၏။ မင်းညိုကို ကျွန်မ တစ်ခါမှ မကြောက်ဖူးဘူးဟုထင်ခဲ့သည်။ အခုတော့ ကျွန်မ သူ့ကို ကြောက်နေပါသည်။

"ဘာ ... ဘာမေး ရ မှာလဲ"

ကျွန်မအသံက အင်အားချည့်နဲ့စွာ တိုးတိမ်နေသည်။

"အစ်မ အေးအေးထွန်းဆီက ငါတစ်ခုခုရနိုင်မယ်ဆိုရင် ငါဘာ လိုချင်သလဲဆိုတဲ့ မေးခွန်း"

ဟင့်အင်း။

သူ့စကားသည် ကျွန်မရင်ထဲသို့ ကျယ်လောင်စွာ ထိုးဖောက် ဝင်ရောက်သွား၏။ ရင်ထဲမှာ လှိုက်ဟာ နာကျင်လာသည်အထိဖြစ် သည်။

"မမေးချင်ဘူး"

"နင်မမေးပေမယ့် ငါဖြေမယ်"

"ဟင့်အင်း မဖြေနဲ့"

ကျွန်မ သူ့ကို သွေးရူးသွေးတန်း မော့ကြည့်လိုက်မိသည်။ သူ ကျွန်မကို ခပ်တည်တည်ကြည့်နေပါသည်။

"မင်းညို"

အဲသည်အဖြေကို ကျွန်မ မကြားချင်ပါ။ သို့သော် သူဖြေသည်။





ကျွန်မ မမေးဘဲနှင့် သူဖြေပါသည်။

"အစ်မအေးအေးထွန်းကို ငါ အစ်မလိုလည်းချစ်တယ်။ အမေ လိုလည်းချစ်တယ်။ အခက်အခဲတွေကို အတူရင်ဆိုင်ဖြေရှင်းရတဲ့ အခါတွေမှာ ရဲဘော်ရဲဘက်တစ်ယောက်လိုလည်းချစ်တယ် မေဇော်"

မပြောပါနဲ့။ သူ့ကို ချစ်တဲ့အကြောင်းတွေကို ငါ့လာမပြောပါနဲ့။ သို့သော် ကျွန်မ မကြားရဲသောစကားများကို တကယ်ပင် ကြားလို စိတ်ဖြင့် ကျွန်မ နားထောင်နေခဲ့မိပြီ ဖြစ်သည်။

"ဒါပေမယ့် အစ်မဆီက ငါဘာမှမလိုချင်ဘူး။ ဘာဆိုဘာမှ မလိုချင်ဘူး။ အစ်မလိုတာတွေကို ဘေးကနေ ဖြည့်ပေးနေရရင် ငါ ကျေနပ်တယ် နင်ယုံလား"

ယုံလားတဲ့။ ကျွန်မယုံတော့ ဘာဖြစ်မှာလဲ။ မယုံတော့ရော ဘာဖြစ်မှာလဲ။ ကျွန်မ ယုံခြင်းမယုံခြင်းက ဘယ်နေရာမှာ အရေး ပါမှာမို့လဲ။

"အစ်မမှ မဟုတ်ဘူး။ ငါချစ်တဲ့လူတွေဆီက ငါဘာမှ မလိုချင် ဘူး။ ဘယ်တော့မှလည်း ဘာမှ တောင်းဆိုမှာမဟုတ်ဘူး"

သည်လောက်ဆို ကျွန်မသိပါပြီ။

ကျွန်မ ရင်တလှပ်လှပ်ခုန်နေသည်၊ ကြည်နူးစွာ ခုန်ခြင်းတော့ မဟုတ်၊ ကျွန်မ ပြောချင်သည့်စကားတွေကိုပြောပစ်လိုက်ဖို့ သတ္တိ အတွက် အားတင်းရင်း ရင်ဆိုင်ဖို့ ကြိုတင်တွေးလျက် ရင်ခုန်နေခြင်း ဖြစ်ပါသည်။

"ငါက ငါချစ်ခင်တဲ့သူတွေကို တတ်နိုင်သမျှ ကူညီသွားချင်တာ၊ သူတို့တွေရဲ့ ပြည့်စုံပျော်ရွှင်ခြင်းက ငါ့ရဲ့ ပြည့်စုံပျော်ရွှင်ခြင်းပဲ။ ဒါပဲ။ သူတို့လိုတာတွေကို ဖြည့်ပေးသွားမယ်။ သူတို့ဆီက ငါဘာမှမလိုချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဘာမှမတောင်းဆိုဘူး။ ဘယ်တော့မှ မယူဘူး။ ငါကပဲ ပေးမယ်။ အဲဒါငါ့ဘဝပဲ''

ကျွန်မ မငြင်းပါ။ မငြင်းသည့်အကြောင်းကိုလည်း သူ့ကို ဖွင့်ပြောချင်သည်။ ပြောသင့်သလား၊ မပြောသင့်ဘူးလား ကျွန်မမသိ။ စဉ်းလည်း မစဉ်းစားလို။

''ငါ့ အလုပ်တွေမှန်သမျှပစ်ထားခဲ့ပြီး ဒီကိုလိုက်လာတာရော ဘာအတွက်လို့ နင်ထင်လဲ''

''နင့်ကို ဘယ်သူကခေါ်လို့လဲ''

ကျွန်မ၏ ရန်စကားကြောင့် မင်းညို စိတ်တိုသွားဟန်ရှိသည်။

''ငါ့ကို အနိုင်ယူချင်ရုံသက်သက်နဲ့ စကားတစ်ခွန်းကို စိတ်ထဲက မပါဘဲ မပြောပါနဲ့မေဇော်''

ထိုစကားအဆုံးမှာတော့ ကျွန်မ ပြောချင်ရာပြောဖို့ သတ္တိတွေကို ရလိုက်ပြီ။ ကျွန်မ သူ့ကို မျက်လုံးချင်းဆိုင်လျက်ကြည့်လိုက်သည်။

''မင်းညို ငါကလေ၊ စကားတစ်ခွန်းကို စိတ်ထဲကမပါဘဲလည်း မပြောတတ်ဘူး။ စိတ်ထဲမှာရှိတာတစ်ခုကိုလည်း ဘာကြောင့် ညာကြောင့် အကြောင်းပြချက်တွေနဲ့ လှည့်ပတ်ကွေ့ရှောင်ပြီး မဖုံးကွယ်တတ်ဘူးနော် မေဇော်နဲ့ကို နင်သိပါတယ်''

ကျွန်မ အနှစ်နှစ်အလလက မြှုံသိပ်ထားခဲ့သမျှတွေကို အခု တစ်ညအတွင်း အပြီးပြောပစ်လိုက်တော့မည့် ခံစားချက်မျိုးဖြင့် သူ့ကို ပြောပစ်လိုက်မိပါသည်။

''နင့်ကိုယ်နင် နင်ချစ်တဲ့သူတွေဆီက ဘာမှမလိုချင်ဘူးလေ။ ဘာလေးနဲ့ နာမည်ကောင်းယူချင်နေတယ်။ ဒါကိုနင်က စွန့်လွှတ် အနစ်နာခံခြင်းလို့ ယူဆနေတယ်။ အမှန်က အဲဒါ နင်အတ္တကြီးနေတာ





သိလား။ အဲဒီလူတွေက နင့်ကို ဘာပေးချင်နေသလဲဆိုတာတော့ နင်သိအောင် မကြိုးစားဘူး။ လောကကြီးမှာ ပေးရတဲ့အရသာကို ကျေနပ်နှစ်သက်နေတဲ့သူဆိုလို့ နင်တစ်ယောက်တည်း ရှိတယ် လို့ ထင်သလား။ ပြောစမ်းပါ မင်းညိုရဲ့။ နင်တစ်ယောက်တည်းရှိတယ် ထင်သလား''

ကျွန်မ မျက်ရည်ပေါက်ပေါက်ကျလျက် ဘာကိုမှ စဉ်းစား ဆင်ခြင်မှု မရှိ၊ ပကတိ ခံစားစိတ်သက်သက်ဖြင့် ဖွင့်ဟ ပြောပစ်လိုက်ပြီးသောအခါ သူ့ကို မော့ကြည့်လိုက်သည်။ သူ ကျွန်မစကားတွေကို မျှော်လင့်မထားခဲ့မှန်းသိသာ၏။ ထိုစကားများအတွက် သူ တော်တော် အံ့သြသွားဟန် ရှိပါသည်။ ကျွန်မကိုငေးလျက် ဘာစကားမှ မပြော တော့ဘဲ ငြိမ်သက်သွားသည်။ ကျွန်မမှာတော့ ပြောစရာ စကားတွေ အများကြီး ကျန်ပါသေးသည်။

''ငါက နင့်လိုရည်မှန်းချက်တွေလည်း မကြီးပါဘူး။ လောကကို အများကြီးလည်း မပေးနိုင်ပါဘူး။ လောကဆီကလည်း အများကြီးမယူ ချင်ပါဘူး။ ကိုယ်ချစ်တဲ့လူကိုတော့ ပျော်ရွှင်စေချင်တယ်။ စိတ်ချမ်းသာ စေချင်တယ်။ သူစိတ်ချမ်းသာမယ်ဆိုရင် ငါဘာပဲလုပ်ရလုပ်ရ လုပ်မယ်။ ဘယ်ကိုပဲ သွားရသွားရ သွားမယ်။ ငါ့ဘဝတစ်ခုလုံး သူ့ကို ပေးချင် တယ်။ ခက်တာက ပေးချင်တိုင်းပေးခွင့်မရှိသူကို မိန်းမလို့ခေါ်တယ်''

ကျွန်မ စကားရပ်သွားသည်အထိ သူဘာမှ ဝင်မပြောပါ။ ကျွန်မ ကိုလည်း တည့်တည့်မကြည့်တော့ပါ။ ပိတ်ထားသောတံခါးကိုသာ မျက်စိရောက်လျက် အာရုံရောက်ဟန်တော့လည်း မတူပါ။

သူ ကျွန်မ၏ စကားတွေကို မငြင်းဘူး။

ရှေ့ဆက်ပြောစရာတွေ ရှိနေသေးသော်လည်း နည်းနည်း လွန်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဟု ကျွန်မသိသည်။ စိတ်လိုက်မာန်ပါ ပြောတုန်းက ပြောခဲ့ပြီးပြီ။ အခုအခါ သူ့ရှေ့မှာ ကျွန်မ ရှိမနေသင့်တော့ပါ။

တိုင်ကပ်နာရီအိုကြီးမှ ဆယ့်နှစ်ချက်ထိုးသံ ကြားရသည်။ ကျွန်မ ထိုင်ရာမှ ထရပ်လိုက်ပါသည်။

သူလိုက်လိုခါမှ လိုက်လာစေတော့ ကျွန်မကတော့ ဥယျာဉ်ထဲသို့ ဆင်းသွားရပါလိမ့်မည်။ ကျွန်မ၏ခေါင်းအုံးပေါ်သို့ စံကားပန်းတစ်ပွင့်ကို လာတင်ပေးသူသည် ကိုခွန်သာအစစ်ပဲ ဖြစ်ဖြစ်၊ အတုပဲဖြစ်ဖြစ် အရေးမကြီးပါ။ အရေးကြီးသည်က သူသည် ကျွန်မအား လောကကြီးတွင် ပေးရခြင်းသက်သက်၏ အရသာကို နားလည်လာအောင် ကူညီပေးလိုက်သူဖြစ်သည်။

ကျွန်မ တံခါးဆီလှည့်ထွက်လိုက်တော့မှ မင်းညိုက ထိုင်ရာမှ ကမန်းကတန်း ထရပ်လိုက်၏။

"မေဇော်"

ကျွန်မ သူ့ကိုလှည့်မကြည့်။ သည်တစ်ခါတော့ သူ ကျွန်မကို တားလို့ မရတော့ပါ။

"သူက ငါ့ဆီလာမှာမဟုတ်ဘူး။ ဘယ်တော့မှလည်း လာမှာမဟုတ်တော့ဘူး။ ပန်းပွင့်လေးလာထားတာက သူသွားတော့မယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ"

"ပန်းကလေးတစ်ပွင့်က နှင့်အတွက် အဲဒီလောက်တောင် အရေးကြီးနေသလား မေဇော်၊ ညသန်းခေါင်ကြီးမှာ လူလား၊ တစ္ဆေလား၊ လူကောင်းလား၊ လူဆိုးလား မသိတဲ့လူတစ်ယောက်ကို ရှိမှန်းမရှိမှန်းမသိဘဲ သွားရှာဝံ့ရလောက်အောင် အရေးကြီးသလား"

မင်းညို၏အသံက ခါးသီးမှုဖြင့် အနည်းငယ်မာနေသည်။ ကျွန်မ





တံခါးကို လက်ဖြင့်ထိကိုင်လိုက်သည်။

"ကြီးတယ်။ တစ်ခါတစ်ခါကျတော့ ပန်းတစ်ပွင့်ဟာ ပန်းတစ်ပွင့်သာမကတော့ဘူး။ ဆုံးဖြတ်ချက်တစ်ခုလည်း ဟုတ်တယ်။ ဝေဒနာတစ်ခုလည်း ဟုတ်တယ် မင်းညို။ အဲဒီဝေဒနာကို ငါက အသိအမှတ်ပြုမှဖြစ်မှာပေါ့။"

ထို့နောက် ခြေဖျားထောက်လျက် တံခါးမင်းတုတ်ကို လက်လှမ်းလိုက်သည်။

"ဒါပေမယ့် အဲဒီပန်းကို လာတင်ထားတဲ့သူက ငါဖြစ်နေရင်ကော"

ကျွန်မ လက်သည် တံခါးနှင့်မထိလိုက်။

မင်းညို ဘာပြောလိုက်ပါလိမ့်။ ကျွန်မ နောက်သို့ ပြန်လှည့်ကြည့်မိသွားသည်။ မင်းညိုစင်သည် စောစောကနေရာမှ မတ်တတ်ရပ်နေဆဲ။

"နှင် သွားစရာလိုသေးလား"

ကျွန်မ အံ့ဩတကြီး သူ့ကို ကြောင်ကြည့်နေမိသည်။

"မင်းညို..."

ကျွန်မ၏ထိန်းချုပ်ထားသော တမ်းတမွတ်သိပ်မှုများပြန်လည်လွတ်ထွက်သွားတော့မည်။ ကျွန်မ သိနေပါသည်။

"အဲဒီပန်းကို နှင့်ခေါင်းအုံးပေါ်မှာ ငါလာတင်ထားတာ"

မဖြစ်နိုင်ဘူး။ သူလိမ်နေတာ၊ မယုံနဲ့၊ သို့သော် ကျွန်မရင်တလှပ်လှပ်ခုန်လာသည်။ တံခါးကို ကျောမှီထားလိုက်မိ၏။

"ဟိုဘက်မှာက လူတစ်ယောက်ရဲ့ဆုံးဖြတ်ချက်နော် မင်းညို၊ နှင် မလိမ်ကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



မင်းညို၏မျက်နှာထားက အပြုံးအရယ်မရှိ၊ တည်နေသည်။

"ငါ့ကိုယ်ငါ လိမ်ရင်းနဲ့ နှင့်ကိုပါ ရောလိမ်မိသွားတဲ့ ကိစ္စမျိုးက လွဲရင် နှင့်ကို ငါတစ်ခါမှ မလိမ်ဖူးဘူးလေ မေဇော်"

ကျွန်မ သူ့ကို သတိလက်လွတ် ငေးကြည့်နေမိတော့သည်။

မင်းညိုစင်က ကျွန်မ ခေါင်းအုံးပေါ်မှာ စံကားဖြူပန်းတစ်ပွင့် လာတင်ထားတယ်၊ အဲဒါ တကယ်ပဲလား။ ဘယ်တုန်းကမှ နှလုံးသားနဲ့ စကားမပြောဘူးတဲ့ မင်းညိုကလေ။

"ဘာလို့လဲ။ ဘာလို့... တင်ထားတာလဲ"

ကျွန်မ အသံက တိမ်ဝင်သွားသည်။

"နှင်က စံကားဖြူကို သိပ်ကြိုက်တယ်ဆိုတော့ မမျှော်လင့်ဘဲ ပန်းကလေးကို နှင်တွေ့လိုက်ရင် နှင် ပျော်သွားမလားလို့"

ကျွန်မ ပျော်သွားမလားလို့။

"ပျော်သွားမလားလို့ ဟုတ်လား"

ကျွန်မ ရုတ်တရက် သူ့ဆီပြေးသွားလိုက်မိပြီး သူ့ကို စိတ်ရှိ လက်ရှိ ထုရိုက်ပစ်လိုက်မိသည်။

"နှင့်စိတ်ခံစားမှုကို ငါသိချင်တာ သိရဲ့လား။ ငါ့စိတ်ကို မေးနေ တာမဟုတ်ဘူး။ ဒီပန်းကို ငါမြင်လိုက်ရလို့ ဘာဖြစ်သွားတယ်ဆိုတာ ငါပဲ သိတယ်။ နှင်မသိဘူး။ နှင်ဘာမှ မသိပါဘူး"

မျက်ရည်ကျ ငိုရှိုက်မိရင်း သူ့ကို ရန်တွေ့မိသောအခါ သူက ကျွန်မ၏လက်များကို ဆွဲယူထိန်းချုပ်ထားလေသည်။

"မေဇော်"

တိုးတိတ်သော သူ့အသံသည် တစ်ခွန်းဆို ဆိုသလောက် ကျွန်မအပေါ် လွှမ်းမိုးနိုင်စွမ်းရှိပါသည်။





"မေဇော် တော်ပြီ"

ကျွန်မ အနည်းငယ် ငြိမ်ကျသွားသည့်အခါ ကျွန်မ တစ်ကိုယ်လုံး ချွေးညှတ်ကာ တုန်ယင်နေသည်ကို ခံစားမိ၏။

"ငါ့စကားကို နားထောင်မယ် မဟုတ်လား"

မင်းညို၏အသံက တိုးတိုးဖျော့ဖျော့၊ သို့သော် စိုးမိုးမှုအပြည့် ပါသည်။ ကျွန်မ ခေါင်းညိတ်ပြလိုက်ပါသည်။

သူက ကျွန်မ ပါးပြင်မှ မျက်ရည်စများကို လက်မဖြင့် သုတ်ပေး ရင်းက ပြုံးသည်။

"နှင်ပြောသလိုပဲလေ မေဇော်၊ ပန်းတစ်ပွင့်ဟာ တစ်ခါတစ်ခါ ကျတော့ ပန်းတစ်ပွင့်သာ မကတော့ဘူးလေ"

ကျွန်မ တစ်ချက်ရှိုက်လိုက်မိရင်း ပြုံးမိသွားသည်။ သူက ကျွန်မ ၏ ပေါက်ကွဲမှုကိုထိန်းချုပ်ဖို့ သူ့လက်ဖြင့် ဖမ်းဆွဲဆုပ်ကိုင်ထားသော ကျွန်မ လက်များကို ဖြေလျှော့ပေးလိုက်၏။

"ကဲ နှင့်ကို လေ့ကားထိပ်ထိ လိုက်ပို့ပေးမယ်။ နှင်အိပ်တော့ နော်။ မနက်ဖြန်ကျတော့ ပင်ပန်းမှာ။ နားတော့"

ကျွန်မ ဘာစကားမှ မပြောမိ။ ပြောစရာလည်း မလိုတော့ပါ။

ကျွန်မတို့ ဘဝမှာ စကားတစ်ခွန်းမှ ပြောစရာမလိုသော အချိန် တွေရှိသည်ဆိုလျှင် အခုတစ်ခဏသည် အဲသည်ကာလလေး ဖြစ်သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

နောက်ဆံတင်းရမည့် အရာတစ်ခုကို ခွဲခွာခါနီးတွင် ဘယ်တော့မှ ပြန်လှည့်မကြည့်ရဟု ကျွန်မ ကြားဖူးပါသည်။ သို့သော် ကျွန်မ အဲသည်အတိုင်း မလိုက်နာနိုင်ပါ။

အုံ့မှိုင်းညို့မှောင်သော မိုးကောင်းကင်အောက်မှာ တိတ်ဆိတ်ကြေကွဲစွာ ကျန်ရစ်ခဲ့သော စံကားပင်များကို လှည့်ကြည့်မိသည်။

သူတို့၏အရိပ်အောက်မှာ လူသားတွေရောက်လာလိုက်၊ ပျောက်သွားလိုက်။ ရယ်မောလိုက်၊ ငိုကြွေးလိုက်ရှိသည်။ သူတို့ကတော့ ဘာမှ မပြောင်းမလဲ။ နှစ်ပေါင်းများစွာ ကျန်ရစ်မည်။ တစ်နှစ်တစ်ခါ ရော်ရွက်ဝါအဖြစ် ကြွေသူက ကြွေမည်။ စိမ်းမှောင်စွာ ကြွေသူက ကြွေမည်။ ထိုစံကားပင်များကို နောက်နှစ်ပေါင်းများစွာ ကြာလာသည့်အခါ မြတ်နိုးစွာ ယုယမည့်သူတွေ ရောက်လာပြီးတော့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားကြဦးမည်။ သေချာသည်ကတော့ အဲသည်မှာ မြတ်နိုးအား လုံး၏ အရိပ်အငွေ့များ လွှမ်းခြုံ ကျန်ရစ်မည်။

"မေဇော် ငါ့ကိုပေး"

မင်းညိုစင်က ကျွန်မ ကိုင်ထားသော လက်ဆွဲအိတ် အသေး ကိုပါ ကျွန်မဆီက တောင်းယူသည်။ ကျွန်မ မပေးပါ။

"မေဇော်"

"ဟင့်အင်း မပေးဘူး။ ကားဆီကိုပဲ သွားတော့"

ကျွန်မက များပြားလှစွာသော စံကားပင်များအား နောက်ဆုံး အကြိမ် နှုတ်ဆက်ချင်သေးသည်။ အဲသည် စံကားပင်များတွင် သုပခမ်းနားသောစံကားပွင့်များ ထာဝရပွင့်လျက် ကျန်ရစ်နေခဲ့မည်။

မြ ချစ်သော စံကားဖြူများ...၊ ကျွန်မ ချစ်သော စံကားဖြူများ...

ဂျပန်စံကားဖြူ၊ တောင်ပေါ်စံကားဖြူ၊ ငွေစံကားဖြူ၊ ပြီးတော့ ကြယ်စံကားဖြူ...

ကျွန်မ၏ လက်ဆွဲအိတ်ထဲမှာ ညတုန်းက စံကားဖြူပွင့်လေး ပါ လာခဲ့သည်။ ကြယ်စံကားဖြူပွင့်... နေစမ်းပါဦး မင်းညိုက ဥယျာဉ်ထဲ က ရှိရှိသမျှ စံကားပင်တွေ၏ ပွင့်ကြကုန်သမျှပန်းတွေထဲက ဘာဖြစ်လို့ ကြယ်စံကားဖြူကိုမှ တိုက်တိုက်ဆိုင်ဆိုင် ခူးခဲ့တာလဲ။

"မင်းညို"

"ပြော၊ ဘာမေ့ကျန်လို့လဲ"

"နင် ဘာဖြစ်လို့ အဲဒီစံကားပွင့်ကိုမှ ခူးခဲ့တာလဲဟင်"

သူ အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။ သူ့အာရုံမှာ ညက စံကားဖြူပွင့်လေး မရှိတော့ဘူး။ ကျွန်မ ရိပ်မိသည်။

"ညတုန်းက စံကားပွင့်လေ"





"အော်...၊ လှလို့လေ"

"ဟင် လှတာတွေက အများကြီး၊ ဘာလို့ သူ့ကိုမှ..."

"သူက ပိုလှလို့ပေါ့ဟာ နင်ကလဲ"

မင်းညို မျက်မှောင်ကြုတ်လျက် ပြုံးပြီဆိုလျှင် သူစိတ်မရှည် တော့ဘူး။ ကျွန်မ သိသည်။ သို့သော် ကျွန်မအတွက် အလွန်အရေးပါ သည့် ပန်းတစ်ပွင့်၏ အလှကိစ္စမှာ သူ့ကို ဒါ့ထက်ပို၍ စိတ်ရှည်တတ် စေချင်သေးသည်။

"ဘယ်လိုပိုလှတာလဲ၊ ပွင့်ချပ်ဘယ်နှခုဆိုရင် လှတာလဲ၊ နည်း တာလှသလား များတာလှသလား"

"နည်းတာကလှတာပေါ့၊ များရင်ဘယ်လှပါ့မလဲ။ ရှုပ်ကုန် မှာပေါ့"

ပြောရင်း သူ အနည်းငယ် မျက်နှာညိုလာသည်။

"မေဇော် ကိုသိဟာ စောင့်နေရတာကြာပြီနော်"

ကျွန်မ သူ့အဖြေကြောင့် စိတ်ထင့်သွားသည်။ ကျွန်မ၏ ခေါင်းအုံးပေါ်က စံကားဖြူသည် ဟောဟိုဥယျာဉ်ထဲက စံကားဖြူ ပင်တွေအားလုံးတွင် ပွင့်ချပ်အများဆုံး ပန်းပွင့်လေ။

"မင်းညို"

"ကဲ မေဇော်..."

"နင် ဘာပန်းပွင့်ကို ခူးခဲ့တာလဲ"

မင်းညို စိတ်ရှုပ်သွားသည်။

"မသိဘူး မေဇော်၊ ငါ့မျက်စိထဲ လှတယ်ထင်တာ ခူးလိုက် တာပဲ"

သူ စိတ်ရှည်ဖို့ ကြိုးစား အားတင်းထားသော အပြုံးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ အိတ်ကို ဖွင့်ဆွဲယူသည်။

"လာတော့"

"ပွင့်ချပ်နည်းတဲ့ပန်းက လှတယ်ဆို"

"အေးလေ...ငါ..."

ထို့နောက် မင်းညို ပြောရင်း စကားရပ်သွားသည်။ သူ ကျွန်မကို ကြည့်သော မျက်ဝန်းများတွင် အရိပ်တစ်ခုခုပိုနေသည်။ ချက်ချင်းပင် ကားဆီသို့ လှည့်ထွက်မည့်ဟန်ပြင်ပါသည်။ ကျွန်မသည် ယခုမှပင် ဖြစ်နိုင်ချေ တစ်ခုကို တွေးမိသွားကာ တစ်ကိုယ်လုံး အေးစက်နွမ်းဖျော့ လာခဲ့သည်။

"အဲဒါ နင့်ပန်း မဟုတ်ဘဲနဲ့"

သူ ခြေလှမ်းရပ်သွား၏။ ကျွန်မကို လုံးဝပြန်လှည့်မကြည့်ဘဲ ကျောခိုင်းလျက် မတ်တတ်ရပ်နေခဲ့သည်။

"နင် ငါ့ကို လိမ်တာမဟုတ်လား"

သူတစ်ခဏငြိမ်နေပြီးမှ ကျွန်မဘက်သို့ ပြန်လှည့်ကြည့်သည်။ သူ့မျက်နှာထားက ခပ်တည်တည်။

"မဖော် ပန်းတစ်ပွင့်က ငါ့အတွက် ပန်းတစ်ပွင့်ထက်ပိုတဲ့ တစ်ခဏရှိတယ်။ ငါ ဝန်မခံချင်ပေမယ့် ဘယ်လိုမှ မတတ်သာတော့လို့ ဝန်ခံလိုက်ပြီးပြီလေ။ ဒါပေမယ့် အဲဒီပန်းကို ငါဘယ်လိုလုပ်ပြီး စေ့စေ့ စပ်စပ်သိနိုင်မလဲ။ အဲဒီအတွက် ငါ့ကို နင်အပြစ်တင်ချင်သေးသလား"

သူ ကျွန်မမျက်လုံးတွေထဲသို့ စိုက်ကြည့်လျက် တည်ငြိမ်စွာ မေးလိုက်သည့်အခါမှာတော့ စောစောက ကျွန်မ၏ သေချာမှုတွေက ဝေဝေဝါ ဖြစ်သွားသည်။ သူ့ကိုမော့ကြည့်လျက် ချက်ချင်းပင် ခေါင်းရမ်း ခါပစ်လိုက်မိ၏။





"ဟင့်အင်း မတင်ပါဘူး"

သူ စိတ်ချလက်ချ ပြုံးလိုက်ကာ ကျွန်မအား လက်ကမ်းပေး သည်။

"ဒါဖြင့် လာ"

သူကမ်းပေးသောလက်ကို ကျွန်မ ဆုပ်ကိုင်လျက် ကုန်းမြင့်ကို အားယူတက်လိုက်သည်။

နွေးထွေးခိုင်မြဲသော သူ့လက်ကို ပထမဆုံးအကြိမ် ဆုပ်ကိုင်ခွင့် ရခဲ့လျှင် ကျွန်မ မျက်ရည်ရစ်ဝဲမိလောက်အောင် ကြည်နူးရလိမ့်မည် ဟု ဘယ်တုန်းကမှ မထင်ခဲ့ဘူးချေ။ ။

ဂျူး

၁၇.၁၂.၂၀၀၂



www.burmeseclassic.com